http://www.dhammadownload.com



ဓာတိကာစတုကထာပန်းကုံး

အရှင်ကုမာရ

ပြုစုသည်


(အဋ္ဌမအကြိမ်)

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၁

http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပဇ္ဇောတာရုံစာသင်တိုက်
မော်ဘီမြို့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏
ပမာနနာယက
အရှင်ကုမာရ
၏

မာတိကာဓာတုကထာပန်းကုံး



(အဋ္ဌမအကြိမ်)

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၁

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်	□	၆၀၀၉၁၈၁၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	□	၆၀၀၀၆၃၀၀၁၂
ထုတ်ဝေသည့်အကြိမ်	□	အဋ္ဌမအကြိမ်၊ (ဒီဇင်ဘာလ၊ ၂၀၁၁)
အုပ်ရေ	□	၃၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ	□	ဦးထွန်းအောင် ထွန်းမိသားစုပုံနှိပ်တိုက် အမှတ် (၈၉)၊ ၃၂-လမ်း၊ (၉)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ	□	ဦးကြည်တွဲ ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့ သာသနာ့ဝန်ဆောင်ကျောင်းတိုက် မော်ဘီမြို့နယ်။
စာအုပ်ချုပ်	□	ဦးအောင်မြင့်
တန်ဖိုး	□	၃၅၀၀

၂၉၄.၃

ကုမာရ/ အရှင်

မာတိကာမာတုကထာပန်းကုံး

အရှင်ကုမာရ

သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မော်ဘီမြို့

ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့

သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မော်ဘီမြို့

၂၈၀ - စာ၊ ၁၇.၅ × ၂၄.၅ စင်တီ

(၁) မာတိကာမာတုကထာပန်းကုံး

http://www.dhammadownload.com

မာတိကာဓာတုကထာပန်းကုံး

အမှာစကား

စာရှုသူတို့ ရှေ့မှောက်သို့ ယခုရောက်လာသော ကျမ်းငယ်ကား "မာတိကာဓာတုကထာအရကောက်" ကျမ်းငယ်–တစ်မျိုးတည်း၊ မာတိကာဓာတုကထာအရကောက် ကျမ်းများကား ပထမပြန်စာမေးပွဲဝင် စာသင်သားတိုင်းနှင့် အဘိဓမ္မာလေ့လာသူတိုင်း ထိတွေ့ရင်းနှီးပြီးသော ကျမ်းစာများပင် ဖြစ်ပေသည်။

မာတိကာဟူသည်–

ထိုနှစ်မျိုးတို့တွင် မာတိကာဟူသည်မှာ အဘိဓမ္မာ–ခုနစ်ကျမ်းတွင် အစဆုံးဖြစ်သော ဓမ္မသင်္ဂဏီကျမ်း၏ အကျဉ်းချုပ် ဥဒ္ဒေသမျှသာတည်း၊ ယင်းမာတိကာကို ပဒဘာဇနီအဖွင့်နှင့် အဋ္ဌသာလိနီအဋ္ဌကထာ ရှင်းလင်းချက်များကို မူတည်၍ အနက်ပြန်ကာ အရကောက်လာကြသည်မှာ နှစ်ပေါင်း ၃၀၀–ထက် မနည်းတော့ချေ၊ မြန်မာသက္ကရာဇ် ၁၀၀၀–ပတ်ဝန်းကျင် အင်းဝခေတ်မှစ၍ မာတိကာအရကောက်နှင့် ဓာတုကထာနိဿယ(အရကောက်လည်းပါ)များ ပေါ်လာခဲ့ကြ၏။

မာတိကာအရကောက်များ–

ယခု ကျွန်ုပ်တို့ခေတ်တွင် ညဝါများအနေဖြင့် သင်ယူကြရသော မာတိကာအရကောက်မှာ (၁၁၀၀+၁၁၆၂) "ရှင်ဓမ္မာဘိနန္ဒ"မည်သော ပထမဗားကရာဆရာတော်၏ တပည့် "အရှင်ဝရတေဇော" ရေးမှတ်ထားသောမူ ဖြစ်သည်၊ ထိုမူအပြင် အောက်ပါမာတိကာအရကောက်များလည်း ထင်ရှားခဲ့ပေသည်။

(၁) စလင်းမြို့ဇာတိ (၉၄၀+၁၀၁၃) "မုနိန္ဒဃောသ, တိပိဋကာလင်္ကာရ" ဘွဲ့နှစ်မျိုးရ ပထမတောင်ဘီလာဆရာတော်မူ,

(၂) အင်းဝမြို့ အနောက်ဘက်လွန်မင်းတရား (၉၄၀+၉၉၁) လက်ထက် "အဂ္ဂမဟာလင်္ကာရ မဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ (မြောက်)နန်းကျောင်းဆရာတော်မူ,

(၃) အင်းဝမြို့ ဝမ်းဘဲအင်းစံမင်း (၁၀၃၄+၁၀၇၃) လက်ထက် "အနန္တဓဇ မဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ တောင်ဘီလူးဆရာတော်မူ,

(၄) ငစဉ့်ကူမင်းလက်ထက် "နန္ဒမေဓာဘိ သိရိပရမ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ ထန်းတစ်ပင်ဆရာတော်မူ,

http://www.dhammadownload.com

(၅) အမရပူရ ပထမမြို့တည် မင်းတရားကြီးလက်ထက် "ရှင်ဓမ္မာဘိနန္ဒ" မည်သော ပထမဗားကရာဆရာတော်မူ,

[ဤမူမှ ဆက်ပွားရေးမှတ်ထားချက်များကို "ရှင်ဝရတေဇော" စုဆောင်းမှတ်တမ်းတင်၍ ယခု ကျွန်ုပ်တို့ ပုံနှိပ်မူအတိုင်း ချပို့စဉ်လာ ပြုကြဟန်ရှိသည်။]

(၆) ညောင်ကန်ဆရာတော် "ဦးပိုး, ဦးပုတ်"တို့၏ ဆွေမျိုး ဘွဲ့မည်-မထင်ရှားသော ညောင်ကန်ဆက်ဆရာတော်မူ-ဟူ၍ ၆-မျိုး ရှိခဲ့လေသည်။

ဓာတုကထာအရကောက်များ-

ဓာတုကထာနိဿယ-ဟူ၍လည်း ခေါ်သော အရကောက်ကျမ်းများတွင် ယခုကျွန်ုပ်တို့ လက်ရှိပုံနှိပ်မူမှာ အမရပူရမြို့ သဲအင်းသာသနာပိုင်ဆရာတော်၏တပည့် "ဇမ္ဗုဒီပဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု"ဟူ၍လည်းကောင်း, "ဇမ္ဗုဒီပဓဇမုနိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူ၍လည်းကောင်း ဘွဲ့နှစ်ထပ်ရဆရာတော် စီရင်သောမူဖြစ်သည်။

အခြား ဓာတုကထာမူများမှာ အထက်ပါ မာတိကာအရကောက်ဆရာတော်များဖြစ်ကြသော. . . .

(၁) ပထမတောင်ဘီလာဆရာတော်မူ,

(၂) နန်းကျောင်းဆရာတော်မူ,

(၃) တောင်ဘီလူးဆရာတော်မူ,

(၄) ထန်းတစ်ပင်ဆရာတော်မူ,

(၅) ၆-နံပါတ် အမည်မသိဆရာတော်မူ-ဟူ၍ ငါးမျိုးရှိကြောင်း သိရ၏။

အထက်ပါ အရကောက်များအပြင် မာတိကာ ဓာတုကထာ သင်ယူသူများ ဆောင်မှတ်လွယ်ရန် ရတနာပူရအင်းဝမြို့ အနောက်တောင်ဘက် တုတ်လှမ်းကျောင်းတွင် သီတင်းသုံးသော တုတ်လှမ်းဆရာတော် "အရှင်စန္ဒမာလာ"သည် မာတိကာဓာတုကထာ တုတ်လှမ်းချိုးများကို ရေးသားတော်မူခဲ့ပေသည်။

မာတိကာနှင့် ဓာတုကထာ ဆက်သွယ်ပုံ-

မာတိကာနှင့် ဓာတုကထာသည် အချင်းချင်း သရုပ်သကန်အားဖြင့်လည်းကောင်း, သဘောအနက် အခြင်းအရာအားဖြင့်လည်းကောင်း ဆက်နွယ်နေသည့်ပြင် အယူအဆ အရကောက်လည်း ရှုပ်ထွေးလှသည်ဖြစ်၍ မာတိကာအရကောက်ဆရာတော်များသည် ဓာတုကထာ၌ အသုံးဝင် ကျေးဇူးများစေခြင်းငှာ တိက်ဝိုင်း ဒုက်တိုင်း၌ ခန္ဓာ အာယတန ဓာတ် သစ္စာ-ဖွဲ့၍ ဆိုရိုးပြုသွားတော်မူခဲ့ကြပေသည်။

http://www.dhammadownload.com

မြန်မာပြည်နှင့် အဘိဓမ္မာ–

မြန်မာပြည်သည် ထေရဝါဒနိုင်ငံများနှင့်တကွ ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုက်စားကြသူများအတွင်း၌ အဘိဓမ္မာအရာတွင် အလွန်နာမည်ကြီးခဲ့ပေသည်၊ ကြီးလည်းကြီးထိုက်ပေသည်၊ မြန်မာပြည်၌ အဘိဓမ္မာသင်ယူနည်းသည် အလွန်အသေးစိတ်၍ ထောင့်(ဒေါင့်)စေ့ခဲ့သည်၊ အဘိဓမ္မာခုနစ်ကျမ်း၏ အကျဉ်းချုပ် လက်စွဲသင်္ဂြိဟ်ကျမ်းကို အောက်ထက်ပြောင်းပြန် မွေလှန်ခွဲစိတ်၍ သရုပ်ခွဲ အရကောက်လာခဲ့ကြရာမှ အရကောက်ကျမ်းပေါင်း မြောက်မြားစွာ ပေါက်ပွားပေါ်ထွက် လာခဲ့ရပေသည်၊ ကျွန်ုပ်တို့၌ အဘိဓမ္မာစိတ်ဓာတ် (ခေတ်အပြောနှင့်ပြောရလျှင် ဖီလော်ဆိုဖီစိတ်ဓာတ်)သည် ပုဂံခေတ်လောက်ကပင် စတင်ကွန့်မြူးခဲ့ပေသည်၊ မူလတွင် မြန်မာပြည်သည် သီဟိုဠ်ကျွန်းမှ လက်ဝေခံ၍ အဘိဓမ္မာမျိုးစေ့ကို ရယူခဲ့သော်လည်း ယင်းသီဟိုဠ်ကျွန်း၌ အဘိဓမ္မာနှင့် ပတ်သက်၍ ပါဠိဘာသာရေး ကျမ်းစာပေါင်း ၂၆–ကျမ်းမျှကိုသာ တွေ့ရ၍ မြန်မာပြည်၌ကား ပါဠိဘာသာရေး ကျမ်းစာပေါင်း ၄၂–ကျမ်းမျှ စာရင်းပေါက်ခဲ့ပေသည်၊ ထို့ပြင် နိဿယ ဘာသာပြန်ကျမ်းပေါင်း ၁၁၂–ကျမ်း, အရကောက်နှင့် အထွေထွေ အဘိဓမ္မာဆိုင်ရာကျမ်းပေါင်း ၁၇၀–ကျော်တို့ကို တွေ့ရပေသည်။

မြန်မာ့နည်းမြန်မာ့ဟန်–

အထက်ပါ အကျဉ်းချုပ်စာရင်းမှ နန်းကျောင်းဆရာတော်၏ သင်္ဂြိဟ်ကျမ်းရိုးကြီးနှင့် ဗားကရာသင်္ဂြိဟ်အရကောက်များသည်လည်းကောင်း, "ဉာဏာလင်္ကာရ မဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ တောင်တွင်းဆရာတော်၏ ဝိထိလက်ရိုး, "ဂုဏာဘိပရမ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ရွှေတောင်ဆရာတော်၏ ဝိထိလက်ရိုး, သဲအင်းဆရာတော်၏ ဝိထိလက်ရိုးကျမ်းများသည်လည်းကောင်း သင်္ဂြိဟ်ကျမ်းမှစ၍ အဘိဓမ္မာပါဠိတော် အဋ္ဌကထာ ဋီကာကြီးများမှ အဆီထုတ်၍ အစီအစဉ်တကျ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ဖွင့်ဖော်အသုံးပြုလာကြသော အရကောက်ကျမ်းများအဖြစ် ထင်ရှားခဲ့လေသည်။

ဖြည့်စွက်ဖွယ်မလို–

ယင်းသို့ ဖြစ်သောကြောင့် မာတိကာ ဓာတုကထာအရကောက်ကျမ်းနှင့်တကွ ယမိုက်အရကောက်, ပဋ္ဌာန်းအရကောက်ကျမ်းများမှာ အသစ်ဖြည့်စွက်ဖွယ်ရာ နောက်ထပ်ပြင်ဆင်ဖွယ်ရာမရှိ ဖြစ်ခဲ့သည်၊ သို့ရာတွင် တပည့်တို့အား သင်ပြရာ၌ ခေတ်နှင့်ယှဉ်၍ ခေတ်အမြင်နှင့်ကြည့်ကာ လွယ်ကူရှင်းလင်းသော နည်းများကို တည်ထွင်ကြံဆခဲ့ကြသည်။

http://www.dhammadownload.com

ရှေးရိုးဟောင်းတွင် ဆင့်ကာထွင်–

မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ ပရမတ္ထသရူပဘေဒနီသည် ရှေးဆရာကြီးများ၏ ရှေးရိုးဟောင်းတွင် ဆင့်ကာထွင်လျက် ဇယားအကွက်တို့ဖြင့် အမြင်ရှင်း၍ သရုပ်ကွဲလွယ်အောင် စီမံကာ ထွက်ပေါ်လာခဲ့သည်၊ မရွေးမနှောင်းပင် တောင်မြို့ဆရာကြီးဦးအုန်း၏ ယမိုက်ပဋ္ဌာန်း မှတ်ပုံကျမ်းဖြစ်သော အဘိဓမ္မာတံခွန်ကျမ်းသည် အကျယ်အရှုပ်ကို အလွယ်လုပ်ရန် အပိုင်းအပုံများခွဲဝေပိုင်းခြားလျက် ပေါ်လာပြန်သည်၊ ထို့နောက် မစိုးရိမ်ဆရာတော် အရှင်သူရိယ၏ ပဋ္ဌာန်းသင်နည်းများမှ သီးပွင့်လာကြသော အကောက်အကျဉ်းချုပ်စာအုပ်များသည် ယခုခေတ် ကျွန်ုပ်တို့စာသင်သားများ လက်လှမ်းအမီ ရောက်ရှိလာခဲ့ပေသည်။

ပဒ္ဓောတာရုံ စာသင်နည်း–

မြောင်းမြမြို့ ပဒ္ဓောတာရုံစာသင်တိုက်ကြီး၌ (ယခု မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥ္ဈာဌ ဖြစ်တော်မူသော) ပဒ္ဓောတာရုံဆရာတော်ဘုရားကြီး၏ ခေတ်မီသော အသင်အပြ နည်းနာနယများကို အခြေခံ၍ စာချ–ဂဏ၀ါစက နာယက ဆရာတော်များ၏ တီထွင်မှုဖြင့် နေ့၀ါ–ည၀ါတို့သည် စံချိန်မီ အဆင့်မြင့်စွာဖြင့် ခရီးတွင်လျက် ရှိပေသည်၊ ထိုည၀ါ(မာတိကာ ဓာတုကထာ ယမိုက် ပဋ္ဌာန်း)ကျမ်းများကို အကွက်ဇယား ဘောပေါ်၌ ရေးသားလျက် ဆိုစေရာ စာသင်သားများ လွယ်ကူစွာ သိနားလည်ကြသည်၊ ထိုအရကောက်ဇယားများသည် စာအုပ်အဖြစ် ရှိလျှင် ရေးကူးရ သက်သာပြီး ပိုမိုလျင်မြန်စွာ အကျိုးရှိမည်ဖြစ်၍ စာအုပ်ထုတ်ပါမည့် အကြောင်း တောင်းပန်ကြသည်၊ ထို့ကြောင့် စာသင်သားလောကတွင် အသင်အပြ နာမည်ကျော်ကြားသော စာချနာယက **အရှင်ကုမာရ**–အား ဤ"မာတိကာ ဓာတုကထာ ပန်းကုံး"ကို ရေးသားစေ၍ စာသင်သားတို့ဆန္ဒကို ဖြည့်လိုက်ရပေသည်။

ဥုးဥာနိုက
ပဒ္ဓောတာရုံတိုက်
မြောင်းမြမြို့။

http://www.dhammadownload.com

စကားဦး

အခြေခံမူဝါဒ–

အခြေခံအုတ်မြစ်–ဟူသည် တိုက်တာအဆောက်အအုံတို့၏ အသက်ဖြစ်၏၊ အခြေခံအုတ်မြစ် ခိုင်ခန့်လေလေ တိုက်တာအဆောက်အအုံများ တည်တံ့လေလေ ဖြစ်၏၊ သို့ဖြစ်၍ ခေတ်သစ်အင်ဂျင်နီယာပုဂ္ဂိုလ်များသည် အခြေခံအုတ်မြစ်ကို အရေးတကြီး ပြုလုပ်ကြ၏၊ သိပ္ပံနည်းစနစ်အရ တီထွင်ကြံဆကြ၏၊ အုတ်အစား သံကူကွန်ကရိုနှင့် ကျောက်များကို အသုံးပြုလာကြ၏၊ ယင်းသို့ အခြေခံအုတ်မြစ်ကို စနစ်တကျ ပြုလုပ်ပြီးမှ အလိုရှိသော တိုက်တာအဆောက်အအုံကို တည်ဆောက်ကြ၏၊ သဲ, အုတ်, သစ်–စသော အဆောက်အဦတို့ကို သင့်တော်ရာ၌ အသုံးချသွားကြ၏၊ အလိုရှိသလို မွမ်းမံပြင်ဆင်ကြ၏၊ အသွင်အပြင် ကြွကြွရွရွနှင့် အမြင်ပသာဒ လှပအောင် ခေတ်မီတိုက်တာအဆောက်အအုံများကို ဖန်တီးကြ၏။

အခြေခံမူဝါဒ–ဟူသည်မှာလည်း စာပေ၏ အသက်သွေးကြော ဖြစ်၏၊ အခြေခံမူဝါဒ ကောင်းလေလေ စာပေတည်တံ့လေလေ ဖြစ်၏၊ သို့ဖြစ်၍ ဤကျမ်းစာရှင်သည်လည်း အခြေခံမူဝါဒကို အလေးပြု၏၊ အရေးတကြီး ရှာဖွေ၏၊ စစ်ဆေး၏၊ အကောင်းဆုံးသော မူဝါဒကို ရွေးချယ်၏၊ သံကူကွန်ကရိသဖွယ်ဖြစ်သော **မြောင်းမြဆရာတော်ဘုရားကြီး**–၏ မူဝါဒကို အခြေခံထား၏၊ ပါဠိတော်နည်း, အဋ္ဌကထာနည်း, ဋီကာနည်း–စသည်တို့ကိုလည်း သင့်တော်ရာ၌ ထည့်သွင်းအသုံးပြု၏၊ အလိုရှိသော ပုံစံရအောင် ကြံဆောင်၏၊ တီထွင်၏၊ မွမ်းမံပြင်ဆင်၏၊ အသွင်အပြင် ကြွကြွရွရွနှင့် အမြင်ပသာဒ လှပအောင် ခေတ်မီနည်းစနစ်ဖြင့် မာတိကာ ဓာတုကထာပန်းကုံး–ကျမ်းကို ဖန်တီးလိုက်၏၊ ကြည့်လွယ်, သိလွယ်, မှတ်လွယ်အောင် အထူးတလည် စီစဉ်ထား၏၊ အချိန်ကုန်ခန်း လူပင်ပန်းမှုမှ သက်သာခွင့်ရရန် ရည်ရွယ်၏။

ခေတ်မီပါဓေ–

ခေတ်သစ်ကမ္ဘာသည် တဖြည်းဖြည်းနှင့် ကျဉ်း၍ကျဉ်း၍ လာ၏၊ ရှေးခေတ်ကနှစ်–ပိုင်း လ–ပိုင်းတို့ဖြင့် သွားရောက်ရသော ခရီးမျိုးကို ယခု ခေတ်သစ်ဝယ် ရက်ပိုင်းနာရီပိုင်း မိနစ်ပိုင်းအတွင်း အရောက်သွားနိုင်၏၊ လပေါ်သို့ပင် လူသားများ တက်ရောက် ခြေချနိုင်သော ခေတ်ကာလမျိုးပေတည်း။

အို–စာရှာသူ ! သင်သည် ဘယ်သို့ ထင်မြင်ပါသနည်း ?၊ ဘယ်လို သဘောရပါသနည်း ?၊ သင်သည် ရှေးခေတ်ကကဲ့သို့ပင် ညဝါများကို နှစ်–ပိုင်း လ–ပိုင်းဖြင့်

http://www.dhammadownload.com

ခဲယဉ်းပင်းပန်းစွာ သင်ယူလိုပါသလား ?၊ သို့မဟုတ် ရက်ပိုင်း နာရီပိုင်း မိနစ်ပိုင်း အတွင်း သက်သာလွယ်ကူစွာဖြင့် တတ်မြောက်အောင် သင်ယူလိုပါသလား ?၊ လမ်းနှစ်သွယ်အနက် တစ်ခုခုကို ရွေးချယ်ရန်မှာ သင့်တာဝန်သာတည်း၊ ရက်ပိုင်း နာရီပိုင်း မိနစ်ပိုင်းအတွင်း ကျွမ်းကျင်တတ်မြောက်အောင် အတွေးသစ် အမြင်သစ် အကြံသစ် ဉာဏ်သစ်များကို တကယ်ပင် ပေးစွမ်းနိုင်သော **"မာတိကာ မာတုကထာ ပန်းကုံး"**ကျမ်းကား သင့်ရှေ့မှောက်သို့ ဆိုက်ရောက်လာခဲ့ပါပြီ၊ ခေတ်နှင့်အမီလိုက်မှု မလိုက်မှုမှာ သင့်တာဝန်သာ ဖြစ်တော့သည်။

ပန်ကြားချက်–

ဆိုခဲ့ပြီးသည့်အတိုင်း သံကူကွန်ကရိသဖွယ် ခိုင်ခံ့သော မြောင်းမြဆရာတော် ဘုရားကြီး၏ မူဝါဒကို အခြေခံထား၍ ခေတ်နှင့်လျော်ညီစွာ ဤမာတိကာ မာတုကထာပန်းကုံးကျမ်းကို ပါဠိတော်နည်း, အဋ္ဌကထာနည်း, ဋီကာနည်း–စသည် တို့ဖြင့် အစွမ်းကုန် မွမ်းမံထားစေကာမူ သတိကင်းလွတ် ယွင်းချွတ်သော အချက် အလက်များ ပါကောင်းပါရှိပေလိမ့်မည်၊ ထိုယွင်းချွတ်သော အချက်အလက်များကို မေတ္တာသက်ဝင် ပြင်ဆင်ကြည့်ရှုကြရန်ကိုလည်း ပန်ကြားအပ်ပါသည်။

အရှင်ကုမာရ
တိုက်သစ် ပဇ္ဇောတာရုံ
နေရှင်နယ်ကုန်း
မြောင်းမြမြို့။

http://www.dhammadownload.com

ပဏာမာဒီမင်္ဂလာ

အနန္တညာဏသမုဒ္ဒံ , နတ္ဝာ ဓမ္မံ ဝရံ ဂဏံ၊
ကရိသဲ့ မာတိကာမာတု–ကထာမာလျံ အနာကုလံ။

ပိုင်းခြားမရ
ကြီးမားလှသည့် ဉာဏသဓင်
ဘုရားရှင်နှင့် သန့်စင်အေးမြ
ကြောင်းလမ်းပြမို့ တောင့်တဖို့ရန်
လွန်ထိုက်တန်သည့် ဆယ်တန်တရား
ရှစ်ပါးရိယာ မြတ်သံဃာကို
သဒ္ဓါရှေ့ထား ဦးညွတ်တွား၍
ဉာဏ်အားမကြွယ် စာသင်ငယ်တို့
မှတ်လွယ်စေရေး နည်းစုံပေးလျက်
ရှုပ်ထွေးကင်းကွာ မာတိကာနှင့်
မာတုကထာပန်းကုံး ရေးသီကုံးသည်
ရွှင်ပြုံး အောင်ပန်း ပန်စေဖို့။

http://www.dhammadownload.com

မာတိကာမာတုကထာပန်းကုံး

မာတိကာ

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
၁။	အမှာစကား	က
၂။	စကားဦး	ဂ
၃။	ပဏ္ဍာမာဒိမဂ််လာ	ဆ
	နိဒါန်း	၁
	တိကမာတိကာ	
၁။	ကုသလတိက်	၈
၂။	ဝေဒနာတိက်	၁၇
၃။	ဝိပါကတိက်	၂၃
၄။	ဥပါဒိန္နတိက်	၂၄
၅။	သံကိလိဋ္ဌတိက်	၂၈
၆။	ဝိတက္ကတိက်	၃၀
၇။	ပီတိတိက်	၃၄
၈။	ဒဿနတိက်	၃၅
၉။	ဒဿနဟေတုတိက်	၃၉
၁၀။	အာစယဂါမိတိက်	၄၀
၁၁။	သေက္ခတိက်	၄၂
၁၂။	ပရိတ္တတိက်	၄၄
၁၃။	ပရိတ္တာရမ္မဏတိက်	၄၅
၁၄။	ဟီနတိက်	၄၈
၁၅။	မိစ္ဆတ္တတိက်	၄၉
၁၆။	မဂ္ဂါရမ္မဏတိက်	၅၄
၁၇။	ဥပ္ပန္နတိက်	၆၁
၁၈။	အတီတတိက်	၆၃

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ			စာမျက်နှာ
၁၉။	အတီတာရမဏတိက်	....	....	၆၄
၂၀။	အဇ္ဈတ္တတိက်	....	....	၆၆
၂၁။	အဇ္ဈတ္တာရမဏတိက်	....	....	၆၇
၂၂။	သနိဒဿနတိက်	....	....	၆၈
၂၃။	တိကမာတိကာလေ့ကျင့်ခန်းမေးခွန်း	....	....	၇၂
၂၄။	တိက်များကို ပြန်လည်စိစစ်ချက်	....	....	၈၀
	ဒုကမာတိကာ			
၁။	ဟေတုဂေါ်ဆက	....	....	၈၃
၂။	စူဠန္တိရဒုက်	....	....	၉၁
၃။	အာသဝဂေါ်ဆက	....	....	၁၀၁
၄။	သညောဇနဂေါ်ဆက	....	....	၁၀၇
၅။	ဂန္ထဂေါ်ဆက	....	....	၁၁၁
၆။	ဩဃဂေါ်ဆက	....	....	၁၁၄
၇။	ယောဂဂေါ်ဆက	....	....	၁၁၅
၈။	နီဝရဏဂေါ်ဆက	....	....	၁၁၅
၉။	ပရာမာသဂေါ်ဆက	....	....	၁၁၇
၁၀။	မဟန္တရဒုက်	....	....	၁၂၀
၁၁။	ဥပါဒါနဂေါ်ဆက	....	....	၁၂၅
၁၂။	ကိလေသဂေါ်ဆက	....	....	၁၂၇
၁၃။	ပိဋ္ဌိဒုက်	....	....	၁၃၀
၁၄။	ဒုကမာတိကာလေ့ကျင့်ခန်းမေးခွန်း	....	....	၁၄၁
	သုတ္တန္တိကမာတိကာ	....	....	၁၃၇
၁။	သုတ္တန္တိကမာတိကာလေ့ကျင့်ခန်းမေးခွန်း	....	....	၁၇၈
	မာတုကထာ			
	ဥဒ္ဒေသ			
၁။	နယမာတိကာ	....	....	၁၈၄
၂။	အဇ္ဈတ္တရမာတိကာ	....	....	၁၈၉
၃။	နယမုခမာတိကာ	....	....	၁၉၀
၄။	လက္ခဏမာတိကာ	....	....	၁၉၀
၅။	ဗာဟိယမာတိကာ	....	....	၁၉၁
၆။	အဇ္ဈတ္တရမာတိကာဆိုရိုး	....	....	၁၉၂

http://www.dhammadownload.com

နံပါတ်	အကြောင်းအရာ			စာမျက်နှာ
	နိဒ္ဒေသ	....	....	၂၀၂
၁။	ပထမနယနိဒ္ဒေသ	....	....	၂၀၇
၂။	ဒုတိယနယနိဒ္ဒေသ	....	....	၂၁၀
၃။	တတိယနယနိဒ္ဒေသ	....	....	၂၁၆
၄။	စတုတ္ထနယနိဒ္ဒေသ	....	....	၂၁၉
၅။	ပဉ္စမနယနိဒ္ဒေသ	....	....	၂၂၂
၆။	ဆဋ္ဌနယနိဒ္ဒေသ	....	....	၂၂၈
၇။	သတ္တမနယနိဒ္ဒေသ	....	....	၂၃၉
၈။	အဋ္ဌမနယနိဒ္ဒေသ	....	....	၂၄၃
၉။	နဝမနယနိဒ္ဒေသ	....	....	၂၄၈
၁၀။	ဒသမနယနိဒ္ဒေသ	....	....	၂၅၂
၁၁။	ဧကာဒသမနယနိဒ္ဒေသ	....	....	၂၅၇
၁၂။	ဒွါဒသမနယနိဒ္ဒေသ	....	....	၂၅၈
၁၃။	တေရသမနယနိဒ္ဒေသ	....	....	၂၆၀
၁၄။	စုဒ္ဒသမနယနိဒ္ဒေသ	....	....	၂၆၂
၁၅။	မာတုကထာလေ့ကျင့်ခန်းမေးခွန်း		....	၂၆၅

မာတိကာ ပြီးပါပြီ။

http://www.dhammadownload.com

မာတိကာပန်းကုံး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နိဒါန်း

မာတရံ ပမုခံ ကတွာ , တဿာ ပညာယ တေဧသော၊
အဘိဓမ္မကထာမဂ္ဂံ , ဒေဝါနံ သမ္ပဝတ္တယိ။

အတုမရှိသော သဗ္ဗညုအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကိုသာ ဆောင်တော်မူလျက် ဘုရားဖြစ်တော်မူ၍ ခုနစ်ဝါမြောက် ရောက်သောကာလ သာဝတ္ထိပြည်၏အနီး ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်အပ်သော သရက်ပင်အရင်း၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ရေမီးအစုံအစုံ အစရှိသော တန်ခိုးပြာဋိဟာကို ပြတော်မူသောအဆုံး၌ သုံးဖဝါးသာ နင်းသဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပင်၏အရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်နေရာထက်၌ နေမင်းကဲ့သို့

နိဒါန်း [နိဒဒါတိ အဝိဒိတံ ဝိဒိတံ ကတွာ နိဒဿေတီတိ–နိဒါနံ၊] မထင်ရှားသော ကာလ, ဒေသ, ဒေသက, ပရိသတ်တို့ကို ထင်ရှားအောင်ပြတတ်သော စကားရပ်ကို နိဒါန်းဟု ခေါ်သည်။

သုံးဖဝါးသာ လူ့ပြည်၌ လက်ဝဲဘက်တစ်ဖဝါး, ယုဂန္ဓရ်တောင်ထိပ်၌ လက်ယာဘက်တစ်ဖဝါး, မြင်းမိုရ်တောင်ထိပ်(တာဝတိံသာနတ်ပြည်)၌ လက်ဝဲဘက်တစ်ဖဝါး နင်း၍ နှစ်လှမ်းဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူသည်။ [ဇာတက–၄–၄၊ ၂၆၅။]

ပင်လယ်ကသစ်ပင် တာဝတိံသာနတ်တို့၏ လူ့ပြည်၌ဖြစ်ခဲ့စဉ်က ပင်လယ်ကသစ်ပင်ကို စိုက်ပျိုးခဲ့ဖူးသော ကုသိုလ်ကောင်းမှုကြောင့် ပေါပေါက်လာရသည်၊ ထက်ဝန်းကျင် ယူဇနာတစ်ရာ ကျယ်ပြန့်သည်၊ အလွန်ပင် တင့်တယ်လှပသည်၊ ထိုအပင် ပွင့်ချိန်၌ နတ်တစ်ပြည်လုံး သင်းပျံ့မွှေးကြိုင်နေသည်။ [ဗုဒ္ဓဝံသ–၄၊ ၅၃။]

ပဏ္ဍုကမ္ဗလာ ကျောက်နေရာ ကျောက်နေရာ–ဆိုစေကာမူ မာမာခက်ခက် မဟုတ်ပါချေ၊ နူးညံ့ပျော့ပျောင်း၏၊ လယ်ခေါင်ရန်းပွင့်အသွေး နီတွေးသော အဆင်းရှိ၏။ [ပဏ္ဍု–ဖျော့တော့ဝင်းဝါသော၊ ကမ္ဗလ–ကမ္ဗလာနှင့်တူသော၊ သိလာ–ကျောက်နေရာ။ ဓမ္မပဒ–၄၊ ၁၁။]

http://www.dhammadownload.com

တင့်တယ်စွာ နေတော်မူလျက် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အကြီး အမှူးပြု၍ တစ်သောင်းသော စကြဝဠာတိုက်မှ တညီတညွတ်တည်း စည်းဝေးလာကြ ကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား အစွမ်းသုံးပါးနှင့်ပြည့်စုံသော သဗ္ဗညုတ ဉာဏ်တော်ဖြင့် လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ပေးတတ်စွာသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူ၏။

ထိုဝါတွင်းသုံးလပတ်လုံး ဟောတော်မူအပ်သော အဘိဓမ္မာဒေသနာတော် သည်လည်း ဝိတ္ထာရနယ, သခေ်ပနယ, နာတိဝိတ္ထာရနာတိသခေ်ပနယအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် တာဝတိ်သာနတ်ပြည်၌ နတ်အပေါင်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် ကျယ်လွန်းသောကြောင့် **ဝိတ္ထာရနယ** မည်၏၊ စန္ဒကူးတော၌ နေတော်မူသောအခါ အရှင်သာရိပုတ္တရာအား ဟောတော်မူ အပ်သော ဒေသနာတော်သည် အလွန်ကျဉ်းလွန်းသောကြောင့် **သခေ်ပနယ**မည်၏၊ အရှင်သာရိပုတ္တရာသည် လင်းနို့သားဖြစ်ဖူးသော ငါးရာသော ရဟန်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် မကျဉ်းမကျယ်လွန်းသောကြောင့် **နာတိ ဝိတ္ထာရနာတိသခေ်ပနယ**မည်၏။

ကသစ်အောက်ရင်း, ခင်းလျက်တည်ထား, အလျားခြောက်ဆယ်, ငါးဆယ် ထုတ်လာ, ပဉ္စာဒသ, အထုပြ၏၊ ယူဇနာ့စတေ, ပွင့်ရွှေခေါင်ရန်း, ရဲရောင် ရွှန်းသား, ပန်းအဆင်းထက်, နူးညံ့သက်၍, ထက်ဝက်ကိုယ်နစ်, နတ်စစ် နေရာ, ကမ္မလာ–ဟူသည်တည်း။

သန္တုသိတနတ်သား မယ်တော်မာယာသည် ဘုရားလောင်းကို ဖွားသန့်စင်ပြီးသည့်နောက် ခုနစ်ရက်မြောက်သောနေ့မှာ စုတေ၍ တုသိတာနတ်ပြည်၌ **သန္တုသိတ**နတ်သားဖြစ်သည်၊ ထိုသို့ လူဘဝမယ်တော် ဖြစ်ခဲ့ဖူးသည်ကို ရည်ရွယ်၍ မယ်တော် ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား–ဟု ဆိုထားပေသည်။

အစွမ်းသုံးပါး (၁) သိဖွယ်ဟူသမျှ, မကျန်ရအောင်, မုချဇကန်, အမှန်အတိုင်း သိနိုင်ခြင်း၊ (၂) သိသည့်အလိုက်, ဟောထိုက်သောအပြား, တရားဆင်နည်း အမျိုး မျိုးကို သိစွမ်းနိုင်ခြင်း၊ (၃) ဝေနေယျတို့၏ အဇ္ဈာသယနှင့် စွဲလမ်းမှု–စသည်တို့ကို ခွဲခြမ်း၍ သိနိုင်ခြင်းအားဖြင့် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါး ဖြစ်သတည်း။

အဘိဓမ္မာ [အဘိ အတိရေကော ဓမ္မော–အဘိဓမ္မော၊ အဘိ ဝိသိဋ္ဌော ဓမ္မော–အဘိ ဓမ္မော၊] သုတ္တန်ပါဠိတော်ထက် သာလွန်ရှည်လျားသည်၏ အဖြစ်, (သုတ္တန္တ ဘာဇနီယနည်း–စသည်တို့၏ အစွမ်းအားဖြင့်) သာလွန်ထူးဆန်းသည်၏ အဖြစ်ကြောင့် **အဘိဓမ္မာ**မည်၏၊ အကျယ်ကို သိလိုက အဋ္ဌသာလိနီအဋ္ဌကထာ နိဒါနကထာ၌ရှု။

http://www.dhammadownload.com

ပါရမီသုံးဆယ်, စွန့်ခြင်းကြီးငါးပါး, စရိယသုံးပါး–တည်းဟူသော အဓိဂမ နိဒါန်း, ဒေသနာနိဒါန်း–နှစ်ပါးနှင့် ပြည့်စုံ၏။

ဒူရေနိဒါန်း, အဝိဒူရေနိဒါန်း, သန္တိကေနိဒါန်း–သုံးပါးနှင့်လည်း ပြည့်စုံ၏။

အဓိဂမနိဒါန်း အဘိဓမ္မာတရားတော်ကို ထိုးထွင်းသိကြောင်း သဗ္ဗညုတဉာဏ်တော်၏ အခြေခံအကြောင်းရင်းဖြစ်သော ပါရမီ, စာဂ, စရိယတို့သည် အဓိဂမနိဒါန်း မည်၏၊ [အဓိဂစ္ဆတိ ဧတေနာတိ–အဓိဂမော၊ နိဒေတီတိ–(သဗ္ဗညုတဉာဏ်တော်ကို အပ်နှင်းသကဲ့သို့ ဖြစ်တတ်သောကြောင့်၊) နိဒါန်၊ အဓိဂမဿ နိဒါနံ–အဓိဂမနိဒါနံ။]

ထိုအဓိဂမနိဒါန်းကို ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်မှစ၍ ဗောဓိပလ္လင်တိုင်အောင် ဖြည့်ကျင့်ဆည်းပူးလာရသည်။

ဒေသနာနိဒါန်း အဘိဓမ္မာတရားတော်ကို ဟောရခြင်း၏အကြောင်းဖြစ်သော (ပါရမီ, စာဂ, စရိယနှင့်) ဒေသ, ကာလ, ဒေသက, ပရိသတ်တို့သည် **ဒေသနာနိဒါန်း** မည်၏။

ထိုဒေသနာနိဒါန်းကိုလည်း (ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်မှစ၍) ဓမ္မစက္က ပဝတ္တနတိုင်အောင် ဖြည့်ကျင့်အားထုတ် ဆည်းပူးလာရသည်။ [၄၊ ၃၂။]

နိဒါန်းအတွက် သိစေချက် ထိုနိဒါန်းနှစ်ပါးနှင့်ပြည့်စုံသော အဘိဓမ္မာဒေသနာတော်၏ နိဒါန်းကို သိမြင်နားလည်ဖို့ရန်–

(၁) ဤအဘိဓမ္မာတရားတော်ကို အဘယ်တရားကစ၍ ဖြစ်စေအပ်ပါသနည်း ?၊
(၂) အဘယ်၌ ရင့်ကျက်စေအပ်, ဆည်းပူးအပ်ပါသနည်း ?၊
(၃) အဘယ်၌ ရအပ်ပါသနည်း ?၊
(၄) အဘယ်အခါ၌ ရအပ်ပါသနည်း ?၊
(၅) အဘယ်ပုဂ္ဂိုလ်သည် ရအပ်ခဲ့ပါသနည်း ?၊
(၆) အဘယ်၌ ဆင်ခြင်စိစစ်အပ်ပါသနည်း ?၊
(၇) အဘယ်အခါ၌ ဆင်ခြင်စိစစ်အပ်ပါသနည်း ?၊
(၈) အဘယ်သူသည် ဆင်ခြင်စိစစ်အပ်ပါသနည်း ?၊
(၉) အဘယ်၌ ဟောအပ်ပါသနည်း ?၊
(၁၀) အဘယ်သူ၏အကျိုးငှာ ဟောအပ်ပါသနည်း ?၊
(၁၁) အဘယ်အကျိုးငှာ ဟောတော်မူအပ်ပါသနည်း ?၊
(၁၂) အဘယ်သူတို့သည် နာခံအပ်ပါသနည်း ?၊
(၁၃) အဘယ်သူတို့သည် ကျင့်ဆဲဖြစ်ပါကုန်သနည်း ?၊
(၁၄) အဘယ်သူတို့သည် ကျင့်ပြီး ဖြစ်ပါကုန်သနည်း ?၊
(၁၅) အဘယ်သူတို့သည် ဆောင်ရွက်မှတ်သားအပ်ပါကုန်သနည်း ?၊

http://www.dhammadownload.com

ထိုနိဒါန်းသုံးပါးနှင့်ပြည့်စုံသော အဘိဓမ္မာဒေသနာတော်သည် ပကရဏပရိစ္ဆေဒ အားဖြင့် ဓမ္မသင်္ဂဏိကျမ်း, ဝိဘင်းကျမ်း, ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း, ပဋ္ဌာန်းကျမ်း–ဟူ၍ ခုနစ်ပါးအပြားရှိ၏။

---

(၁၆) အဘယ်သူ၏စကား ဖြစ်ပါသနည်း ?၊

(၁၇) အဘယ်သူတို့သည် ဆောင်ရွက်မှတ်သားခဲ့ပါသနည်း ?။

ဤပုစ္ဆာများကို ဖြေကြည့်ပါ၊ အသင် ဘယ်လောက်နားလည်ထားပြီး ဖြစ်ပါသနည်း ?၊ ကျေနပ်အားရမှု မရှိပါက အဖြေများကို ဆက်လက်ရှုစားပါဦး။

(၁) ဤအဘိဓမ္မာတရားတော်ကို အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်သို့ ရှေးရှု ဆောင်ကြောင်းဖြစ်သော သဒ္ဓါတရားကစ၍ ဖြစ်စေခဲ့ပါသည်၊

(၂) ငါးရာ့ငါးဆယ်သော ဇာတ်(ဘဝ)တို့၌ ရင့်ကျက်စေအပ်, ဆည်းပူးအပ်ပါသည်၊ အကြောင်းဝတ္ထု ဖြစ်ပေါ်လာသည်အားလျော်စွာ ငါးရာ့ငါးဆယ်သောဇာတ်တော်ကို ဘုရားရှင် ဟောတော်မူခဲ့သောကြောင့်သာ ဤစကားကို ဆိုရသည်၊ အမှန်မှာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း အတွင်းဝယ် မရေတွက်နိုင်သောဘဝတို့၌ ဖြည့်ကျင့်တော်မူခဲ့ရပါသည်၊

(၃) ဗောဓိပင်၏အနီး(အောက်)၌ ရအပ်ပါသည်၊

(၄) ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သော ကဆုန်လပြည့်နေ့၌ ရအပ်ပါသည်၊

(၅) သဗ္ဗညုဘုရားရှင်က ရအပ်ခဲ့ပါသည်၊

(၆) ဗောဓိမဏ္ဍိုင်၌ ဆင်ခြင်စိစစ်အပ်ပါသည်၊

(၇) ရတနဃရသတ္တာဟ၌ သီတင်းသုံးတော်မူရာအခါ ဆင်ခြင်စိစစ်အပ်ပါသည်၊

(၈) သဗ္ဗညုဘုရားရှင်က ဆင်ခြင်စိစစ်အပ်ပါသည်၊

(၉) တာဝတိံသာနတ်ပြည်၌ ဟောတော်မူအပ်ပါသည်၊

(၁၀) နတ်ဗြဟ္မာတို့အကျိုးငှာ ဟောတော်မူအပ်ပါသည်၊

(၁၁) သြဃလေးဖြာ သံသရာမှ ထုတ်ဆောင်ကယ်တင်ရန်အလို့ငှာ ဟောတော်မူအပ်ပါသည်၊

(၁၂) နတ်ဗြဟ္မာတို့က နာခံအပ်ပါသည်၊

(၁၃) သေက္ခပုဂ္ဂိုလ်များနှင့် ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ကျင့်ဆဲဖြစ်ကြပါသည်၊

(၁၄) အာသဝေါကင်းစင် ရဟန္တာအရှင်မြတ်တို့သည် ကျင့်ပြီးဖြစ်ကြပါသည်၊

(၁၅) စိတ်ပါဝင်စား သင်ယူထားသော ပုဂ္ဂိုလ်တို့သည် ဆောင်ရွက်မှတ်သားကြပါသည်၊

(၁၆) အစိန္တေယျ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား၏ စကားတော်ဖြစ်ပါသည်၊

(၁၇) ဆရာအဆက်ဆက် ဆောင်ရွက်မှတ်သားခဲ့ကြပါသည်။ [၄၊ ၃၂။]

နိဒါန်းနှစ်ပါးဖြစ်စဉ် ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးသင်္ချေထက်၌ **သုမေဓာရသေ့**ဖြစ်၍ ဒီပင်္ကရာမြတ်စွာဘုရား

http://www.dhammadownload.com

ထိုခုနစ်ပါးတို့တွင် ဓမ္မသင်္ဂဏိကျမ်းကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုဓမ္မသင်္ဂဏိကျမ်း၌လည်း ကဏ္ဍအားဖြင့် စိတ္တုပ္ပာဒကဏ္ဍ, ရူပကဏ္ဍ, နိက္ခေပကဏ္ဍ, အဋ္ဌကထာကဏ္ဍ–ဟူ၍ လေးပါးအပြားရှိ၏။

ခြေတော်ရင်း၌ ကိုယ်တော်အထီးတည်း နိဗ္ဗာန်ဆုကို ယူသည်ရှိသော် ရအပ်သောအားအစွမ်းကို မြင်တော်မူသော ယောကျ်ားမြတ်ဖြစ်လျက် တစ်ယောက်ထီးတည်း ကူးသဖြင့် အဘယ်အကျိုး ရှိအံ့နည်း ?၊ ဝေနေယျသတ္တဝါ အပေါင်းတို့ကို သံသရာတည်းဟူသော ရေအလျဉ်မှထုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့တင်အံ့–ဟု ကြံတော်မူသဖြင့် ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ–တည်းဟူသော ဩဃလေးပါး၌ နစ်မွန်းမျောပါကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့ကို သနားကြင်နာတော်မူသည်ဖြစ်၍ လက်တော်သို့ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကို စွန့်သဖြင့် သုမေဓာရသေ့အဖြစ်မှ သည်ဝေဿန္တရာမင်း အဖြစ်တိုင်အောင် မရေတွက်နိုင်သောဘဝတို့၌ ရွှေ, ငွေ, ဆင်, မြင်း–အစရှိသော အပဝတ္ထုကို လှူခြင်းတည်းဟူသော ဒါနပါရမီ၊ ခြေ, လက်, နား, နှာခေါင်း–အစရှိသည်တို့ကို လှူခြင်းတည်းဟူသော ဒါနဥပပါရမီ၊ ကိုယ်အသက်ကို လှူခြင်းတည်းဟူသော ဒါနပရမတ္ထပါရမီ–အစရှိသော ပါရမီသုံးဆယ်တို့ကိုလည်းကောင်း။ အလွန်ပြုခဲစွာသော ပဒေသရာဇ်, ဧကရာဇ်, စက္ကြာမင်းတို့၏ စည်းစိမ်ဥစ္စာ ရတနာတို့ကို စွန့်ခြင်းတည်းဟူသော ဓနပရိစ္စာဂ၊ သားသမီးကို စွန့်ခြင်းတည်းဟူသော ပုတ္တပရိစ္စာဂ၊ မယားကိုစွန့်ခြင်းတည်းဟူသော ဘရိယပရိစ္စာဂ၊ ခြေ, လက်, နား, နှာခေါင်းအစရှိသော အင်္ဂါကြီးငယ်ကို စွန့်ခြင်းတည်းဟူသော အင်္ဂပရိစ္စာဂ၊ ကိုယ်အသက်ကို စွန့်ခြင်းတည်းဟူသော ဇီဝိတပရိစ္စာဂ၊ ဤစွန့်ခြင်းကြီးငါးပါးတို့ကိုလည်းကောင်း။ ဖြည့်စွန့်တော်မူပြီး၍ တုသိတာနတ်ပြည်၌ သေတကေတုအမည်ရှိသော နတ်သားဖြစ်၍ နတ်တကာတို့ထက် အသက်ရှည်ခြင်း, အဆင်းလှခြင်း–အစရှိသော အကြောင်းတို့ဖြင့် လွန်မြတ်လျက် တုသိတာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်လေးထောင်, ယာမာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်ရှစ်ထောင်, တာဝတိံသာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်တစ်သောင်းခြောက်ထောင်, စတုမဟာရာဇ်နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်သုံးသောင်းနှစ်ထောင်, လူတို့၏ အရေအတွက်အားဖြင့် ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်းကာလပတ်လုံး နတ်တို့၏စည်းစိမ်ကို ခံစားတော်မူပြီး၍ နတ်တို့၏စည်းစိမ်ကို ခံစားပြီးသောအခါ၌ "အလောင်းတော်မင်း ! ဘုရားဖြစ်အံ့သောအခါတိုင်ပါပြီ၊ လောကသုံးပါး၌ လူနတ်ဗြဟ္မာ သတ္တဝါတို့၏အကျိုးငှာ လှူပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါ" ဟု တစ်သောင်းသော စက္ကဝဠာတိုက်မှ လာ၍ နတ်ဗြဟ္မာအပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ "ကာလ, ဒီပ, ဒေသ, ကုလ, မာတုအာယုပရိစ္ဆေဒ" တည်းဟူသော ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်တော်မူပြီး၍ ဝါဆိုလပြည့်နေ့ အာသဠှိနက္ခတ်နှင့် ယှဉ်လျက် မဟာသမ္မတမင်းမှစ၍ အသမ္ဘိန္နခတ္တိယမင်းမျိုး၌ ကပိလဝတ်ပြည်ကြီးရှင်

http://www.dhammadownload.com

ထိုလေးပါးတို့တွင် စိတ္တဇုပ္ပာဒကဏ္ဍကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုစိတ္တဇုပ္ပာဒကဏ္ဍသည်လည်း မာတိကာ, ပဒဘာဇနီအားဖြင့် နှစ်ပါးအပြားရှိ၏။

ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မင်္ဂလာမဟာဒေဝီ မယ်တော်မာယာဝမ်းထဲ၌ ပဋိသန္ဓေနေပြီး၍ ဆယ်လစေ့သဖြင့် ကဆုန်လပြည့်နေ့ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဖွားတော်မူပြီး၍ တစ်ဆယ့်ခြောက်နှစ်မြောက်သောအခါ မင်းဆက်တကာ မစံရဘူးသော ရမ္မ, သုဘ, သုရမ္မ–တည်းဟူသော ရွှေနန်းသုံးဆောင်၌ ယသောဓရာအမှူးရှိသော၁ ရွှေအဆင်းနှင့် တူသော မောင်းမအပေါင်း လေးသောင်းခြံရံလျက် မင်းစည်းစိမ်ကို စံစားစဉ် သူအို, သူနာ, သူသေ, ရဟန်း–တည်းဟူသော နိမိတ်လေးပါးထင်သဖြင့် ထိုစည်းစိမ်ကို စွန့်၍ ရဟန်းပြုတော်မူလျက် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူပြီး၍ အဇပါလ ညောင်ပင်ရင်း၌ သုဇာတာအမည်ရှိသော သူဌေးသမီးသည် လှူအပ်သော နို့ဃနာဆွမ်းကို ခံလျက် နေရွှေရာ မြစ်သာကမ်းနား၌ လေးဆယ့်ကိုးလုတ် မယုတ်လွေးလွေး ဘဉ်းပေးတော်မူပြီး၍ ညချမ်းသောအခါ နတ်တို့သည် စီရင်အပ်သောလမ်းဖြင့် မဟာဗောဓိမဏ္ဍိုင်သို့ ကြွတော်မူ၍ တောင်အရပ်က ဝင်အုံ–ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင်ရှိသောကြောင့် မဝင်မူ၍, အနောက်အရပ်က ဝင်အုံ–ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင်ရှိသောကြောင့် မဝင်မူ၍, မြောက်အရပ်က ဝင်အုံ–ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင်ရှိသောကြောင့် မဝင်မူ၍, အရှေ့မြောက်ထောင့်က ရပ်လျက် (တစ်နည်းလည်း အရှေ့က ရပ်လျက်) သုဒ္ဓါယင်စင်သည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ကြဲဖြန့်သောအခါ ရတနာ ၇–ပါးဖြင့်ပြီးသော အပရာဇိတပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူစဉ် နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်တော်မူလျက် ပုရိမယာမ်၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ်၌ အာသဝက္ခယဉာဏ် (သဗ္ဗညုတဉာဏ်)ကို ထိုးထွင်းသိမြင်တော်မူလျက်သာလျှင် ဤအဘိဓမ္မာတည်းဟူသော နယသမုဒ္ဒရာကို ရတော်မူခဲ့လေပြီ၊ ဤသို့ အဘိဓမ္မာဒေသနာတော်၏ အဓိဂမနိဒါန်းကို သိသင့်, မှတ်သင့်, နားလည်သင့်၏။

ဤသို့ အဘိဓမ္မာ ဒေသနာတော်ကို ရတော်မူ, သိတော်မူပြီးသည့်နောက် ပလ္လင်္ကသတ္တာဟ(တစ်ကြိမ်တည်းသော ထက်ဝယ်ပလ္လင်ဖြင့် ထိုင်နေတော်မူရာသတ္တာဟ), အနိမိသသတ္တာဟ(ဗောဓိပင်ကို မမှိတ်သော မျက်လုံးတော်ဖြင့် ကြည့်ရှုတော်မူရာ သတ္တာဟ), စင်္ကမနသတ္တာဟ(ဗောဓိပင်အနီးဝယ် ခေါက်တုံ့ခေါက်ပြန် စင်္ကြံ ကြွတော်မူရာသတ္တာဟ) တို့ကိုလွန်၍ လေးခုမြောက်သော ရတနဃရသတ္တာဟ၌ သဗ္ဗညုတဉာဏ်တော်ကို ရသဖြင့် ရအပ်ပြီးသော အဘိဓမ္မာတရားတော်ကို စူးစမ်းဆင်ခြင်တော်မူ၍ အဇပါလသတ္တာဟ, မုစလိန္ဒသတ္တာဟ, ရာဇာယတနသတ္တာဟ–ဟု ဆိုအပ်သော သတ္တာဟသုံးခုတို့ကို လွန်စေပြီးလျှင် ရှစ်ခုမြောက်သတ္တာဟဖြစ်သော အဇပါလညောင်ပင်အောက်၌ ထိုင်တော်မူစဉ်

http://www.dhammadownload.com

ထိုနှစ်ပါးတို့တွင် မာတိကာကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုမာတိကာသည်လည်း တိကမာတိကာ, ဒုကမာတိကာအားဖြင့် နှစ်ပါးအပြားရှိ၏။

တရားဟောဖို့ရန် သဟမွတိဗြဟ္မာမင်း၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ ဝါဆိုလပြည့်နေ့ ဣသိပတနမိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီရသေ့တို့အား ဓမ္မစက္ကာ ဒေသနာတော်ကို ဟောကြားလျက် အညာသိကောဏ္ဍညထေရ် အမှူးရှိကုန်သော တစ်ဆယ့်ရှစ်ကုဋေသော လူနတ်ဗြဟ္မာတို့ကို နိဗ္ဗာန်သိကြောင်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်တည်းဟူသော တရားကို ရစေတော်မူ၏၊ ဤသို့ ဓမ္မစက္ကာ ဒေသနာတော်ကို ဟောတော်မူရာ ကာလတိုင်အောင် ဒေသနာနိဒါန်း (ဖြည့်ကျင့်ပုံအစဉ်)ကို သိသင့် မှတ်သင့် နားလည်သင့်၏။ [၄၊ ၇၇။]

[ဤကား ဒေသနာအကုန်နှင့် သက်ဆိုင်သော သာမညနိဒါန်းမျှသာဖြစ်သည်၊ အဘိဓမ္မာဒေသနာတော်၏ နိဒါန်းကိုမူ တာဝတိံသာနတ်ပြည်ဝယ် အဘိဓမ္မာဒေသနာကို ဟောတော်မူရာ ကာလတိုင်အောင် ပိုင်းခြား၍ ယူသင့်မည် ထင်ပေသည်။]

စရိယသုံးပါး စရိယသုံးပါး-ဟူသည် လောကတ္ထစရိယ, ဉာတတ္ထစရိယ, ဗုဒ္ဓတ္ထစရိယတို့ပင် ဖြစ်သည်။ [မဇ္ဈိမဋ္ဌ-၄၊ ၃။]

ဒူရေနိဒါန်း ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှစ၍ (တုသိတာနတ်ပြည်မရောက်မီ) ဝေဿန္တရာမင်းအဖြစ်တိုင်အောင် ဖြည့်ကျင့်အပ်သော ပါရမီ(စာဂ, စရိယ) တို့သည် **ဒူရေနိဒါန်း**မည်၏။ (ဝေးသောအကြောင်း။)

အဝိဒူရေနိဒါန်း တုသိတာနတ်ပြည်မှစ၍ ဗောဓိမဏ္ဍိုင်အတွင်း ဖြည့်ကျင့်ဆည်းပူးအပ်သော အကျင့်များသည် **အဝိဒူရေနိဒါန်း**မည်၏။ (မနီးမဝေးသောအကြောင်း။)

သန္တိကေနိဒါန်း ခြောက်ဝါအလွန် ခုနစ်ဝါမြောက်၌ တာဝတိံသာနတ်ပြည် ပဉ်လယ်ကသစ်ပင်ရင်း ခင်းကျင်းထားအပ်သော ပဏ္ဍုကမွေလာ ကျောက်နေရာ၌ နေတော်မူ၍ မယ်တော်မိနတ် အမှူးရှိသော နတ်ဗြဟ္မာတို့အား အဘိဓမ္မာဒေသနာကို ဟောတော်မူခြင်းသည် **သန္တိကေနိဒါန်း**မည်၏။ (နီးသောအကြောင်း။)

တစ်နည်းအားဖြင့် အဇ္ဇတ္တရနိဒါန်း, ဗာဟိယနိဒါန်း-ဟု နိဒါန်းနှစ်ပါး ဖြစ်သင့်သေး၏။

အဇ္ဇတ္တရနိဒါန်း (ဒေသကပုဂ္ဂိုလ်၏ အတွင်းသန္တာန်၌ ဖြစ်သောကြောင့်)ကရဏာတော်သည် **အဇ္ဇတ္တရနိဒါန်း**မည်၏၊ [အဇ္ဇတ္တ ရ-ခန္ဓာကိုယ်၏အတွင်း၌ဖြစ်သော+ နိဒါန-အဘိဓမ္မာဒေသနာတော်၏ အကြောင်း။]

ဗာဟိယနိဒါန်း ကာလ, ဒေသ, ပရိသတ်သည် **ဗာဟိယနိဒါန်း**မည်၏၊ အဘယ့်ကြောင့်နည်း ?၊ ဟောရာကာလ, ဟောရာအရပ်, နာကြားမည့်ပရိသတ် မရှိပါက အဘိဓမ္မာဒေသနာတော်ပင် မဖြစ်ပေါ်နိုင်ချေ၊ ထို့ကြောင့် ကာလ-စသည်ကို ဗာဟိယနိဒါန်း-ဟု ခေါ်သည်၊ (ဗာဟိယ-ခန္ဓာကိုယ်၏ပြင်ပ၌ဖြစ်သော+ နိဒါန-။)

စိတ္တုပ္ပာဒကဏ္ဍ စိတ်, စေတသိက်တို့ကို ဝေဖန်ပြရာ ပါဠိရပ်သည် **စိတ္တုပ္ပာဒကဏ္ဍ** မည်၏၊ စိတ္တဝိဘတ္တိလည်း ခေါ်သည်။

A)

http://www.dhammadownload.com

တိကမာတိကာ

ထိုနှစ်ပါးတို့တွင် တိကမာတိကာကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုတိကမာတိကာသည်လည်း ကုသလတိက်, ဝေဒနာတိက်-အစရှိသောအားဖြင့် နှစ်ဆယ့်နှစ်ပါးအပြားရှိ၏။

[တိကမာတိကာအချီး။ ။ကု ဝေမှာ-ဝိ ဥဖက်လို့၊ သံ တက်နှင့် ပိ ဒ ဟော၊
အာ သေက်တွင် ပ နှစ်ခု၊ ဟောမှုမသွေ။
ဟီ မိ မ ဥပ္ပန္နေ၊ တီနှစ်ထွေ အဇ္ဈေး၊
သ တစ်တန် ဗာဝိတိက်ကို ခဲကြိတ်လို့တွေး။

ကုသလတိက်, ဝေဒနာတိက်, ဝိပါကတိက်, ဥပါဒိန္နတိက်, သံကိလိဋ္ဌတိက်, ဝိတက္ကတိက်, ပီတိတိက်, ဒဿနတိက်, ဒဿနဟေတုတိက်, အာစယဂါမိတိက်, သေက္ခတိက်, ပရိတ္တတိက်, ပရိတ္တာရမ္မဏတိက်, ဟီနတိက်, မိစ္ဆတ္တတိက်, မဂ္ဂါရမ္မဏတိက်, ဥပ္ပန္နတိက်, အတီတတိက်, အတီတာရမ္မဏတိက်, အဇ္ဈတ္တတိက်, အဇ္ဈတ္တာရမ္မဏတိက်, သနိဒဿနတိက်-အားဖြင့် နှစ်ဆယ့်နှစ်ပါး အပြားရှိ၏-ဟု ရေတွက်ပါလေ။]

ရူပကဏ္ဍ ဧကဝိဓ-စသောနည်းဖြင့် မာတိကာထား၍ ရုပ်ကို အကျယ်ဝေဖန်ပြရာ ပါဠိရုပ်သည် ရူပကဏ္ဍမည်၏၊ ရူပဝိဘတ္တိလည်း ခေါ်သည်။

နိက္ခေပကဏ္ဍ မူလ, ခန္ဓာ, ဒွါရ, ဘုံ-စသောအားဖြင့် အကျဉ်းချုံး၍ ဟောကြားအပ်သော ပါဠိရုပ်သည် နိက္ခေပကဏ္ဍမည်၏၊ နိက္ခေပရာသိလည်း ခေါ်သည်။

အဋ္ဌကထာကဏ္ဍ ပိဋကတ်သုံးပုံ-တည်းဟူသော ဘုရားဟောပါဠိတော်၏အနက်ကို ထုတ်ပြရာပါဠိရုပ်သည် အဋ္ဌကထာကဏ္ဍမည်၏၊ အတ္ထုဒ္ဓါရလည်း ခေါ်သည်။

မာတိကာ [မာတာဝိယာတိ-မာတိကာ၊] အမိနှင့် တူသောကြောင့် မာတိကာမည်၏၊ အဘယ်သို့တူသနည်း ?၊ အမိက သားကို ဖြစ်စေတတ်သည်၊ မာတိကာလည်း နိဒ္ဒေသကို ဖြစ်စေတတ်သည်၊ ဤသို့ ဖြစ်စေတတ်သော သဘောအားဖြင့် တူ၏။

[မာတိကာဝိယာတိ-မာတိကာ၊] ရေမြောင်းနှင့် တူသောကြောင့် မာတိကာမည်၏၊ အသို့တူသနည်း ?၊ ရေမြောင်းသည် လယ်, ကန်, ချောင်း-စသည်သို့ သက်ဝင်တတ်သည်၊ မာတိကာလည်း နိဒ္ဒေသသို့ အနက်အားဖြင့် သက်ဝင်တတ်သည်၊ ဤသို့ သက်ဝင်ပုံသဘောအားဖြင့် တူ၏။

တစ်နည်းကား= မြောင်းသည် လယ်, ကန်, ချောင်း-စသည်တို့နှင့် စပ်၍ ဖြစ်သည်၊ မာတိကာလည်း နိဒ္ဒေသနှင့် အနက်အားဖြင့်စပ်၍ ဖြစ်သည်၊ ဤသို့ စပ်၍ဖြစ်ပုံ သဘောအားဖြင့် တူမျှကြ၏။

http://www.dhammadownload.com

ထိုနှစ်ဆယ့်နှစ်ပါးတို့တွင် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုကုသလတိက်သည်လည်း ပထမပဒ, ဒုတိယပဒ, တတိယပဒအားဖြင့် သုံးပါး အပြားရှိ၏။

၁-ကုသလတိက်

ပထမပဒ- ကုသလာ ဓမ္မာ၊
ဒုတိယပဒ- အကုသလာ ဓမ္မာ၊
တတိယပဒ- အဗျာကတာ ဓမ္မာ။

အရကောက်ဇယား

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	က-၂၁၊ စေ-၃၈	၄	၂	၂	၂
ဒု	အက-၁၂၊ စေ-၂၇	၄	၂	၂	၂
တ	ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ နိ	၅	၁၂	၁၈	၂

ဟောရိုးဆက် ထိုတရားသုံးပါးတို့တွင် ပထမပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား- ကုသလာ ဓမ္မာ-ဟူသည်တည်း။ ထို့နောင် ဒုတိယ

ပဒဘာဇနီ မာတိကာ၌လာသော ပုဒ်တို့ကို အကျယ်ဝေဖန်ပြရာ ပါဠိရပ်သည် ပဒဘာဇနီ မည်၏။

တိကမာတိကာ ပရမတ္ထတရားတို့ကို သုံးစုပြု၍ (သုံးပဒဖြင့်) ဟောရာဟောကြောင်း ဖြစ်သော သဒ္ဒါအစဉ်ကို တိက်-ဟု ခေါ်သည်၊ ထိုသို့ ပရမတ္ထတရားတို့ကို သုံးပုံ သုံးစုပြု၍ သုံးပုဒ်, သုံးပဒဖြင့် ဟောထားသော မာတိကာကိုလည်း တိကမာတိကာ-ဟုပင် ခေါ်ပါသည်။

ဒုကမာတိကာ ပရမတ္ထတရားတို့ကို နှစ်ဖို့နှစ်စုပြု၍ ဟောရာဟောကြောင်းဖြစ်သော သဒ္ဒါအစဉ်ကို ဒုက၊ ထိုနှစ်ပုဒ် နှစ်ပဒဖြင့် ဟော်တော်မူအပ်သော မာတိကာကို ဒုကမာတိကာ-ဟု ခေါ်သည်။

သင်္ကေတ ခ=ခန္ဓာ၊ အ=အာယတန၊ ဓ=ဓာတ်၊ သ=သစ္စာ၊ က=ကုသိုလ်၊ အက=အကုသိုလ်၊ ဝိ=ဝိပါက်၊ ကြိ=ကြိယာ၊ နိ=နိဗ္ဗာန် အစရှိသော အကျဉ်းသင်္ကေတများကို အရာဌာနအားလျော်စွာ ဤကျမ်း၌ အသုံးပြုသွားရပေလိမ့်မည်။

ခန္ဓာ-စသည်ဖွဲ့ပုံ ဆိုရိုး

တိက, ဒုကမာတိကာ၌ ဟောတော်မူအပ်သော ပရမတ္ထတရားလေးပါးတို့သည် ခန္ဓာ-

http://www.dhammadownload.com

ပဒကို ဟောတော်မူ၏၊ ဟောဟန်ကား– အကုသလာ ဓမ္မာ–ဟူသည်တည်း။ ထို့နောင် တတိယပဒကို ဟောတော်မူ၏၊ ဟောဟန်ကား– အဗျာကတာ ဓမ္မာ–ဟူသည်တည်း။

ကုသလာ(အနဝဇ္ဇသုခဝိပါကလက္ခဏာ)–အပြစ်မရှိခြင်း, ကောင်းသော အကျိုး ကိုပေးခြင်းလက္ခဏာရှိကုန်သော၊ ဓမ္မာ(နိဿတ္တာနိဇ္ဇီဝသဘာဝါ)–သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ –ရှိကုန်၏။

အကုသလာ(သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ)–အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်း သောအကျိုးကိုပေးခြင်း လက္ခဏာရှိကုန်သော၊ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

အဗျာကတာ(ကုသလာကုသလဘာဝေန အကထိတာ, အညဘာဝေန ကထိတာ)–ကုသိုလ် အကုသိုလ်တို့၏ အဖြစ်အားဖြင့်ကား မဟောကြားအပ်ကုန်, တစ်ပါးသော အဖြစ်အားဖြင့်သာ ဟောကြားအပ်ကုန်သော၊ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

အားဖြင့် ငါးပါး, အာယတနအားဖြင့် တစ်ဆယ့်နှစ်ပါး, ဓာတ်အားဖြင့် တစ်ဆယ့်ရှစ်ပါး, သစ္စာအားဖြင့် လေးပါးဖြစ်ကုန်၏။

ခန္ဓာအားဖြင့် ငါးပါးဟူသော်ကား– ရုပ်အဋ္ဌဝိသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက် ဒွေပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၊ ဝေဒနာ, သညာမှကြွင်းသော စေတသိက်ပညာသသည် သင်္ခါရက္ခန္ဓာမည်၏၊ စိတ်တစ်ခု ယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာမည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသောအရေအတွက်မှ လွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ငါးပါးဖြစ်သတည်း။

အာယတနအားဖြင့် တစ်ဆယ့်နှစ်ပါးဟူသော်ကား– ရုပ်အဋ္ဌဝိသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏ ။ပ။ ကာယပသာဒသည် ကာယာယတနမည်၏။

ရူပါရုံသည် ရူပါယတနမည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော–ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။

စိတ်တစ်ခုယုတ်ကိုးဆယ်သည် မနာယတနမည်၏။

စေတသိက်ဒွေပညာသ, အာပေါ ကျွတ္ထိန္ဒြေ ပုရိသိန္ဒြေ ဟဒယရုပ် ဇီဝိတရုပ် အာဟာရရုပ် ပရိစ္ဆေဒရုပ် ကာယဝိညတ် ဝစီဝိညတ် ရူပသလဟုတာ မုဒုတာ ကမ္မညတာ ဥပစယ သန္တတိ ဇရတာ အနိစ္စတာ–အားဖြင့် သုခုမရုပ်သောဋ္ဌသ, နိဗ္ဗာန်သည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် တစ်ဆယ့်နှစ်ပါး ဖြစ်သတည်း။

ဓာတ်အားဖြင့် တစ်ဆယ့်ရှစ်ပါးဟူသော်ကား– ရုပ်အဋ္ဌဝိသတို့တွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏ ။ပ။ ကာယပသာဒသည် ကာယဓာတ်မည်၏။

ရူပါရုံသည် ရူပဓာတ်မည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော–ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။

http://www.dhammadownload.com

ကုသလာဓမ္မာဟူသော ပထမပုဒ်၏ အရကား- ကုသိုလ်စိတ် ၈ကဝိသ, စေတသိက် အဋ္ဌတ္တိ်သ ရှိ၏၊ ထိုတရားတို့သည် ခန္ဓာအားဖြင့်လေးပါး, အာယတန အားဖြင့်နှစ်ပါး, ဓာတ်အားဖြင့်နှစ်ပါး, သစ္စာအားဖြင့်နှစ်ပါး ဖြစ်ကုန်၏။

ခန္ဓာအားဖြင့် လေးပါးဟူသော်ကား စေတသိက်အဋ္ဌတ္တိ်သတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက်ဆတ္တိ်သသည် သင်္ခါရက္ခန္ဓာမည်၏၊ ကုသိုလ်စိတ်၈ကဝိသသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် လေးပါးဖြစ်သတည်း။

စက္ခုဝိညာဉ်ဒွေးသည် စက္ခုဝိညာဏဓာတ် မည်၏ ။ပ။ ကာယဝိညာဉ်ဒွေးသည် ကာယဝိညာဏဓာတ် မည်၏၊ ပဉ္စဒ္ဝါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေးသည် မနောဓာတ် မည်၏၊ ကြွင်းသောစိတ် ၇၆-ခုသည် မနောဝိညာဏဓာတ် မည်၏။

စေတသိက်ဒွေပညာသ, အာပေါ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဟဒယရုပ် ဇီဝိတရုပ် အာဟာရရုပ် ပရိစ္ဆေဒရုပ် ကာယဝိညတ် ဝစီဝိညတ် ရူပသဒ္ဒလဟုတာ မုဒုတာ ကမ္မညတာ ဥပစယ သန္တ တိ ဇရတာ အနိစ္စတာ-အားဖြင့် သုခုမရုပ်သောဋ္ဌသ, နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် တစ်ဆယ့်ရှစ်ပါး ဖြစ်သတည်း။

သစ္စာအားဖြင့်လေးပါးဟူသော်ကား- လောကီစိတ် ၈ကာသီတိ, လောဘကြွဉ်သော စေတသိက် ၈ကပညာသ, ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏။

လောဘသည် သမုဒယသစ္စာမည်၏။

နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

မဂ်စိတ်လေးခုဋ္ဌရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟုဆိုအပ်သော သောတာပတ္တိမဂ် ရှစ်ပါးခုနစ်ပါး၊ သကဒါဂါမိမဂ် ရှစ်ပါးခုနစ်ပါး၊ အနာဂါမိမဂ် ရှစ်ပါးခုနစ်ပါး၊ အရဟတ္တမဂ် ရှစ်ပါးခုနစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ကြွင်းသောမဂ်စိတ္တုပ္ပာဒ် ၂၉-ခု, ဖိုလ်စိတ္တုပ္ပာဒ်၃၇-ခုသည် သစ္စာဟူသော အရေ အတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် လေးပါးဖြစ်သတည်း။

မဂ်စိတ္တုပ္ပာဒ်, ဖိုလ်စိတ္တုပ္ပာဒ်ယူပုံ

စိတ္တုပ္ပာဒ်ဟူသည် "စိတ္တုပ္ပာဒေသု ပစ္စေကံ၊ သမ္မယောဂေါ ပဝုစ္စတိ"စသော နေရာ တို့၌ (စိတ္တမေဝ ဥပ္ပာဒေါ-စိတ္တုပ္ပာဒေါဟူသော ဝိဂ္ဂဟအရ) စိတ်မျှကိုသာ စိတ္တုပ္ပာဒ်ဟု ခေါ်၏၊ "စိတ္တုပ္ပာဒနမိစ္ဆေဝံ၊ ကတ္တာ သင်္ဂဟမုတ္တရံ"စသော နေရာတို့၌ (သသမ္မယုတ္တံ စိတ္တံ-စိတ္တုပ္ပာဒေါဟူသော ပရိဘာသာအရ) စိတ် စေတသိက် နှစ်ပါးလုံးကို စိတ္တုပ္ပာဒ်ဟု ခေါ်၏၊ ဤနေရာ၌ကား စိတ် စေတသိက် နှစ်ပါးလုံးကိုပင် စိတ္တုပ္ပာဒ်ဟု ခေါ်သည်။

http://www.dhammadownload.com

အာယတနအားဖြင့် နှစ်ပါးဟူသော်ကား– ကုသိုလ်စိတ်ဇကဝီသသည် မနာယတနမည်၏၊ စေတသိက်၌တို့သသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် နှစ်ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် နှစ်ပါးဟူသော်ကား–ကုသိုလ်စိတ်ဇကဝီသသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက်အင်္ဂတို့သသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင်ဓာတ်အားဖြင့် နှစ်ပါးဖြစ်သတည်း။

ဤသို့လျှင် မဂ်စိတ် ၄–ခု၌ စေတသိက် ၃၆–ပါး ယှဉ်၏၊ ယင်း ၃၆–ပါးတို့တွင် သမ္မာဒိဋ္ဌိ–စသော စေတသိက် ၈–ပါးကို မဂ္ဂသစ္စာဖွဲ့ပြီး ဖြစ်သောကြောင့် ၃၆–ပါးထဲမှ နုတ်သော် ၂၈–ပါးကျန်၏၊ အာရမဏဝိဇာနန လက္ခဏာအားဖြင့် တစ်ခုတည်းသာဖြစ်သော မဂ်စိတ် ၄–ပါးကို တစ်ပါးသာ ယူ၍ ၂၈–ပါးထဲ၌ ထည့်သော် မဂ်စိတ္တုပ္ပာဒ် ၂၉–ပါး ဖြစ်၏။

ဖိုလ်စိတ် ၄–ခု၌လည်း စေတသိက် ၃၆–ပါးပင် ယှဉ်သည်၊ ၄င်းဖိုလ်စိတ်၌ရှိသော မဂ္ဂင်တရားကိုယ် ၈–ပါးကို မဂ္ဂသစ္စာမဖွဲ့ရသောကြောင့် နုတ်ဖွယ်မလိုတော့ပါ၊ ဖိုလ်စိတ်ကို အလားတူ တစ်ခုတည်းပြု၍ ထည့်ပါက ဖိုလ်စိတ္တုပ္ပာဒ် ၃၇–ပါးဖြစ်၏။

ပြခဲ့သည့် အထက်ပါနည်းကို မူသေမှတ်သား၍ သက်ဆိုင်ရာတိုက် ဒုက်တို့၌ အရ ကောက်ထားသည့် တရားအားလျော်စွာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာဖွဲ့ပါ၊ မဂ်စိတ္တုပ္ပာဒ် ဖိုလ်စိတ္တုပ္ပာဒ် သစ္စဝိမုတ်ထုတ်ပါ၊ စိတ်ယှဉ် စေတသိက်ယှဉ် နားလည်က ခက်ခဲဖွယ်ရာ မရှိ။

ကုသလာ [ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္မေန္တိ ဝိဒ္ဓံသေန္တီတိ–ကုသလာ၊] စက်ဆုပ်အပ်စွာ ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို လှုပ်ရှားစေတတ်, ဖျက်ဆီးတတ်ကုန်သည်၏ အဖြစ်ကြောင့် ကုသိုလ်မည်၏။ [အကျယ်ကို အလိုရှိက ၌–၈၁–၌ ရှုပါ။]

အနဝဇ္ဇ န+အဝဇ္ဇ–ဟု ပုဒ်ခွဲ၊ [ဝဇ္ဇီတဗ္ဗန္တိ–ဝဇ္ဇံ၊ ဝဇ္ဇမေဝ–အဝဇ္ဇံ၊ နတ္ထိ အဝဇ္ဇံ ယေသန္တိ–အနဝဇ္ဇာ၊] ပြောဆိုကဲ့ရဲ့ထိုက်သောကြောင့် ကိလေသာတရားတို့ကို ဝဇ္ဇ(အဝဇ္ဇ)ဟု ခေါ်သည်၊ ကိလေသာအပြစ် မရှိသော ကုသိုလ်, ဝိပါက်, ကြိယာ(ကုသိုလ်အဗျာကတတရား)တို့ကို အနဝဇ္ဇ–ဟု ခေါ်သည်။

သုခ ဤ၌ သုခသဒ္ဒါသည် သုခဝေဒနာဟူသောအနက်ကို မဟောပါချေ၊ ဣဋ္ဌသဒ္ဒါ၏ ပရိယာယ်မျှသာ ဖြစ်ပေသည်၊ ထို့ကြောင့် ထိုသုခသဒ္ဒါကို ကောင်းသောဟု အနက်မြန်မာ ပြန်ဆိုထားရပါသည်။

သုခဝိပါက ဝိပါကသဒ္ဒါသည် ဝိပါကာ ဓမ္မာ–ကဲ့သို့ မုချအကျိုးဖြစ်သော နာမ်ဝိပါက်, နာမ်ခန္ဓာလေးပါးကို ဟောသည်–ဟု ယူရသောနည်း၊ ဖလသဒ္ဒါ၏ပရိယာယ်ဟု

http://www.dhammadownload.com

သစ္စာအားဖြင့် နှစ်ပါးဟူသော်ကား-လောကီကုသိုလ်သတ္တရသ, စေတသိက်အဋ္ဌတ္တိ်သသည် ဒုက္ခသစ္စာမည်၏၊ မဂ်စိတ်လေးခုဥ်ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟုဆိုအပ်သော သောတာပတ္တိမဂ် ရှစ်ပါးခုနစ်ပါး၊ သကဒါဂါမိမဂ် ရှစ်ပါးခုနစ်ပါး၊ အနာဂါမိမဂ် ရှစ်ပါးခုနစ်ပါး၊ အရဟတ္တမဂ် ရှစ်ပါးခုနစ်ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပာဒ် ၂၉-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် နှစ်ပါးဖြစ်သတည်း။

ယူ၍ နာမ်အကျိုး, ရုပ်အကျိုး ခန္ဓာငါးပါးကို ဟောသည်-ဟု ယူရသောနည်းအားဖြင့် နည်းနှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးလုံးပါဝင်အောင် ကောင်းသောအကျိုး-ဟု အနက်မြန်မာပြန်ဆိုထားသည်။

ထို့ကြောင့် သုခဝိပါကအရ အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု, ဖိုလ်လေးခုအားဖြင့် နှစ်ဆယ့်ကိုးပါးသောနာမ်ဝိပါက်, စေတသိက်အဋ္ဌတ္တိ်သ, ကမ္မဇရုပ်ဝိသကို ယူသင့်၏။

အနဝဇ္ဇ+သုခဝိပါက အနဝဇ္ဇသဒ္ဒါဖြင့် ကုသိုလ်တရားတို့၏ ပဝတ္တိသုခတာ(ဖြစ်နေခိုက်မှာ ချမ်းသာခြင်း)ဟူသော အနက်ကိုပြ၏၊ သုခဝိပါကသဒ္ဒါဖြင့် ဝိပါက သုခတာ(ချမ်းသာသောအကျိုးကိုပေးခြင်း)ဟူသော အနက်ကိုပြ၏၊ ဤသို့ အနက်အဓိပ္ပာယ် နှစ်မျိုး ပါဝင်စေလိုသောကြောင့် တစ်ပုဒ်မျှကိုသာ မဆိုမူ၍ အနဝဇ္ဇ+သုခဝိပါက- ဟူသော နှစ်ပုဒ်ကို ဆိုရပါသည်၊ အခြားနည်းများကို အလိုရှိမူ ဋီကာ၌ ရှုပါ။ [မူ-ဋီ၊ ၃၁။]

အနဝဇ္ဇသုခဝိပါကလက္ခဏာ-အပြစ်မရှိကုန်, ကောင်းသောအကျိုး ရှိကုန်သော, မှတ်သားကြောင်းလက္ခဏာရှိကုန်သော၊ ဝါ-အပြစ်မရှိကုန် ကောင်းသောအကျိုးရှိကုန်သည်ဖြစ်၍, မှတ်သားအပ်ကုန်သော၊ ဝါ-အပြစ်မရှိသည်၏အဖြစ်, ကောင်းသောအကျိုးရှိသည်၏အဖြစ်ဟူသော မှတ်သားကြောင်းသဘော ရှိကုန်သော-ဟု မူလဋီကာဆရာအလိုကျ အနက်ပေးသင့်၏။

အကုသလာ [န ကုသလာ-အကုသလာ၊] ကုသလာ-ကုသိုလ်တို့သည်၊ န-မဟုတ်ကုန်၊ ကုသိုလ်မဟုတ်-ဟု ဆိုရစေကာမူ ကုသိုလ်၏ဆန့်ကျင်ဘက်ဟူသော အနက်ကိုသာ ယူရပါသည်၊ အဘယ်ကြောင့်နည်း ?၊ န=(အ)သဒ္ဒါက ဝိရုဒ္ဓဟူသော ပဋိပက္ခအနက်ကိုသာ ဟောသောကြောင့်တည်း။

သာဝဇ္ဇ သဟ+အဝဇ္ဇ-ပြောဆိုကဲ့ရဲ့ထိုက်သော ကိလေသာနှင့်တကွဖြစ်သော အကုသိုလ်တရားများသည် သာဝဇ္ဇမည်၏။

ဒုက္ခဝိပါက အကုသလဝိပါက် ၇-ခု, စေတသိက်-၁၀, ကမ္မဇရုပ်ဝိသတို့သည် ဒုက္ခဝိပါကတရားတို့ မည်၏။

http://www.dhammadownload.com

အကုသလာ ဓမ္မာဟူသော ဒုတိယပုဒ်၏ အရကား– အကုသိုလ်စိတ်ဒွါဒသ, စေတသိက် သတ္တဝီသ ရှ၏၊ ထိုတရားတို့သည် ခန္ဓာအားဖြင့်လေးပါး, အာယတန အားဖြင့်နှစ်ပါး, ဓာတ်အားဖြင့်နှစ်ပါး, သစ္စာအားဖြင့် နှစ်ပါးဖြစ်ကုန်၏၊ ခန္ဓာအားဖြင့် လေးပါးဟူသော်ကား–စေတသိက် သတ္တဝီသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက် ပဉ္စဝီသသည် သင်္ခါရက္ခန္ဓာမည်၏၊ အကုသိုလ်စိတ် ဒွါဒသသည် ဝိညာဏက္ခန္ဓာ မည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် လေးပါး ဖြစ်သတည်း။

အာယတနအားဖြင့် နှစ်ပါးဟူသော်ကား– အကုသိုလ်စိတ် ဒွါဒသသည် မနာ ယတနမည်၏၊ စေတသိက်သတ္တဝီသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယ တနအားဖြင့် နှစ်ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် နှစ်ပါးဟူသော်ကား– အကုသိုလ်စိတ် ဒွါဒသသည် မနောဝိညာ ဏဓာတ်မည်၏၊ စေတသိက် သတ္တဝီသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ် အားဖြင့် နှစ်ပါးဖြစ်သတည်း။

သစ္စာအားဖြင့် နှစ်ပါးဟူသော်ကား– အကုသိုလ်စိတ် ဒွါဒသ, လောဘကြွင်းသော စေတသိက် ဆဇ္ဇိသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် နှစ်ပါးဖြစ်သတည်း။

အဗျာကတာ ဓမ္မာ–ဟူသော တတိယပုဒ်၏ အရကား–ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတ္တိံသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန် ရှ၏၊ ထိုတရားတို့သည် ခန္ဓာအားဖြင့် ငါးပါး, အာယတန–အားဖြင့် တစ်ဆယ့်နှစ်ပါး, ဓာတ်–အားဖြင့် တစ်ဆယ့်ရှစ်ပါး, သစ္စာ–အားဖြင့် နှစ်ပါးဖြစ်ကုန်၏။

သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ–အပြစ်နှင့်တကွဖြစ်ကုန်, မကောင်းသော အကျိုး ရှိကုန်သော မှတ်သားကြောင်းလက္ခဏာရှိကုန်သော၊ ဝါ–အပြစ်နှင့်တကွဖြစ်ကုန်, မကောင်း သောအကျိုး ရှိကုန်သော, မှတ်သားအပ်ကုန်သော၊ ဝါ–အပြစ်နှင့်တကွ ဖြစ်ကုန်သည်၏ အဖြစ်, မကောင်းသောအကျိုး ရှိကုန်သည်၏အဖြစ်ဟူသော မှတ်သားကြောင်းသဘော ရှိကုန်သော (မှတ်သားအပ်ကုန်သော။)

အဗျာကတာ [န ဗျာကတာတိ–အဗျာကတာ၊] ဟောအပ်ပြီးသောတရား မဟုတ်သော ကြောင့် အဗျာကတမည်၏၊ ဤတိုက်၌ ဟောအပ်ပြီးသော တရားတို့ကား ကုသိုလ် အကုသိုလ်တို့သာတည်း၊ ထို့ကြောင့်ပင် အဋ္ဌကထာရှင်က "ကုသလာကုသလ ဘာဝေန အကထိတာတိ အတ္ထော"ဟု ထပ်ဆင့် အနုသံဝဏ္ဏနာ ပြုပြန်သည်၊ ကုသိုလ်

http://www.dhammadownload.com

ခန္ဓာအားဖြင့် ငါးပါးဟူသော်ကား- ရုပ်အင်္ဂဝိသသည် ရူပက္ခန္ဓာမည်၏၊ စေတသိက်အင်္ဂတို့သတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ သညာမှကြွင်းသော စေတသိက်ဆတို့သသည် သင်္ခါရက္ခန္ဓာမည်၏၊ ဝိပါက်စိတ် ဆတို့သ, ကြိယာစိတ်ဝိသသည် ဝိညာဏက္ခန္ဓာမည်၏၊ နိဗ္ဗာန်သည် ခန္ဓာဟူသောအရေအတွက်မှလွတ်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ငါးပါး ဖြစ်သတည်း။

အာယတနအားဖြင့် တစ်ဆယ့်နှစ်ပါးဟူသော်ကား- ရုပ်အင်္ဂဝိသတို့တွင် စက္ခုပသာဒသည် စက္ခာယတနမည်၏၊ သောတပသာဒသည် သောတာယတနမည်၏၊ ဃာနပသာဒသည် ဃာနာယတနမည်၏၊ ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏၊ ကာယပသာဒသည် ကာယာယတနမည်၏၊ ရူပါရုံသည် ရူပါယတနမည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏၊ ရသာရုံသည် ရသာယတနမည်၏၊ ပထဝီ, တေဇော, ဝါယော-ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ ဝိပါက်စိတ်ဆတို့သ, ကြိယာစိတ်ဝိသသည် မနာယတန မည်၏၊ စေတသိက်အင်္ဂတို့သ, အာပေါ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဟဒယရုပ် ဇီဝိတရုပ် အာဟာရရုပ် ပရိစ္ဆေဒရုပ် ကာယဝိညတ် ဝစီဝိညတ် ရူပသဒ္ဒလဟုတာ မုဒုတာ ကမ္မညတာ ဥပစယ သန္တတိ ဇရတာ အနိစ္စတာ-အားဖြင့် သုခုမရုပ်သောဋ္ဌသ, နိဗ္ဗာန်သည် မမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် တစ်ဆယ့်နှစ်ပါး ဖြစ်သတည်း။

အကုသိုလ်တို့၏အဖြစ်ဖြင့် မဟောကြားအပ်ပါက အသို့ဟောကြားအပ်ပါသနည်း ?- ဟု မေးဖွယ်ရှိ၍ "အညဘာဝေန ကထိတာ"ဟု အရကောက်ဆရာ ထပ်ဆင့်ဖွင့်ဆိုပြန်သည်။

ဤစကားကို ထောက်ဆ၍ အဗျာကတာဒ်ပါသော "အ"သဒ္ဒါသည် အညအနက်ကို ဟောသည်ဟု ယူဆသင့်၏၊ ရှေးဒ်ဟောအပ်ပြီး၍ ဗျာကတမည်သော ကုသိုလ် အကုသိုလ် တို့မှတစ်ပါး တစ်ခြားဖြစ်သော သဘာဝတရားများဟု ဆိုလိုသည်။

မဂ်ရှစ်ပါး ခုနစ်ပါး ပထမစျာန်၌ ဝိတက်ဟူသော သမ္မာသင်္ကပ္ပမဂ္ဂင် ယှဉ်နိုင်သည်၊ ဒုတိယစျာန်-စသည်တို့၌ မယှဉ်နိုင်ချေ၊ ထို့ကြောင့် ပထမစျာန်ကိုရည်၍ ရှစ်ပါး, ဒုတိယစျာန်-စသည်ကိုရည်၍ ခုနစ်ပါးဟု ဆိုရသည်။

မဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ကိုး မဂ်စိတ်လေးခုတို့၌ စေတသိက် ၃၆-ပါး ယှဉ်၏၊ ထိုစေတသိက် ၃၆-ပါးထဲမှ မဂ္ဂင်သစ္စာထိုက်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးကို နုတ် စေတသိက် နှစ်ဆယ့်ရှစ်ပါးကျန်၏၊ ထိုတွင် မဂ်စိတ်လေးခုကို (အာရမဏဝိဇာနနလက္ခဏာအားဖြင့် တူသောကြောင့်) တစ်ခုတည်းပြု၍ထည့်၊ မဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ကိုးခု ဖြစ်၏။

http://www.dhammadownload.com

မာတ်အားဖြင့် တစ်ဆယ့်ရှစ်ပါးဟူသော်ကား– ရုပ်အင္ဒဝိသတို့တွင် စက္ခုပသာဒသည် စက္ခုမာတ်မည်၏ ။ပ။ ပထဝီ, တေဇော, ဝါယော–ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗမာတ် မည်၏ ။

စက္ခုဝိညာဉ်ဒွေးသည် စက္ခုဝိညာဏမာတ်မည်၏၊ သောတဝိညာဉ်ဒွေးသည် သောတဝိညာဏမာတ်မည်၏၊ ဃာနဝိညာဉ်ဒွေးသည် ဃာနဝိညာဏမာတ်မည်၏၊ ဇိဝှါဝိညာဉ်ဒွေးသည် ဇိဝှါဝိညာဏမာတ်မည်၏၊ ကာယဝိညာဉ်ဒွေးသည် ကာယဝိညာဏမာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေးသည် မနောမာတ်မည်၏၊ ကြွင်းသောဝိပါက်စိတ် စတုဝီသ, ကြိယာစိတ် ဇကူနဝီသသည် မနောဝိညာဏမာတ်မည်၏၊ စေတသိက်အင္ဒတ္တိ်သ, အာပေါ ။ပ။ အနိစ္စတာ–အားဖြင့် သုခုမရုပ်သောဋ္ဌသ, နိဗ္ဗာန်သည် ဓမ္မမာတ် မည်၏၊ ဤသို့လျှင် မာတ်အားဖြင့် တစ်ဆယ့်ရှစ်ပါးဖြစ်သတည်း။

သစ္စာအားဖြင့် နှစ်ပါးဟူသော်ကား လောကီဝိပါက်ဗာတ္တိ်သ, ကြိယာစိတ်ဝီသ, စေတသိက်ပဉ္စတ္တိ်သ, ရုပ်အင္ဒဝီသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ ဖိုလ်စိတ္တုပ္ပာဒ် သုံးဆယ့်ခုနစ်ခုသည် သစ္စာဟူသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် နှစ်ပါးဖြစ်သတည်း။

ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာ–ဟူ၍ ဟောတော်မူအပ်သော ဤသဒ္ဒါအစဉ်သည် ပရမတ္ထတရားကို သုံးစုပြု၍ ဟောရာဟောကြောင်းဖြစ်ခြင်းကြောင့် တိက်မည်၏၊ ထိုတိက်သည် အာဒိလဒ္ဓနာမတိက်, သဗ္ဗလဒ္ဓနာမတိက်အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် အစဦးတည်သော ကုသလသဒ္ဒါဖြင့် ကုသလတိက်ဟူ၍ ရအပ်သောအမည် ရှိသည်၏အဖြစ်ကြောင့် အာဒိလဒ္ဓနာမတိက် မည်၏ ။

နိဗ္ဗာန်သည် ခန္ဓာမှလွတ် "ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ခါနိဿဋံ"ဟူသော အဘိဓမ္မတ္ထသင်္ဂဟစကားအရ အတိတ် အနာဂတ်–စသောအားဖြင့် ကွဲပြားမှုမရှိသောကြောင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရ၊ ထို့ကြောင့် "နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏"ဟု ဆိုရပေသည်။

စေတသိက် ပဉ္စတ္တိ်သ ဝိပါက်စိတ် ဆတ္တိ်သ, ကြိယာစိတ် ဝီသ အပြည့်အစုံကောက်ရာ၌ ဖိုလ်စိတ်လေးခု ပါဝင်နေ၍ ဝိရတိသုံးပါး ယှဉ်နိုင်ခွင့် ရှိသည်၊ ထို့ကြောင့် "စေတသိက် အင္ဒတ္တိ်သ"ဟု ဆိုရသည်၊ လောကီဝိပါက် ဗာတ္တိ်သ, ကြိယာစိတ်ဝီသ–ဟု ဒုက္ခသစ္စာဖွဲ့ရာ၌ ဖိုလ်စိတ်လေးခု မပါဝင်၍ ဝိရတိလည်း ယှဉ်ခွင့်မရှိတော့ချေ၊ ထို့ကြောင့် "စေတသိက် ပဉ္စတ္တိ်သ"ဟု ဆိုရလေသည်။

http://www.dhammadownload.com

သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့်လည်း နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ကြွင်းသောပရမတ္ထတရား မရှိသည်၏အဖြစ်ကြောင့် နိပ္ပဒေသတိက်မည်၏။

၂-ဝေဒနာတိက်

ပထမပဒ- သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ၊
ဒုတိယပဒ- ဒုက္ခာယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ၊
တတိယပဒ- အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	သုခသဟဂုတ်စိတ်-၆၃၊ စေ-၄၆၊	၃	၂	၃	၃
ဒု	ဒုက္ခသဟဂုတ်စိတ်-၂၊ စေ-၂၁၊	၃	၂	၃	၁
တ	ဥပေက္ခာသဟဂုတ်စိတ်-၅၅၊ စေ-၄၆၊	၃	၂	၇	၃
မှတ်	သုဝေ-၆၃၊ ဒုဝေ-၃၊ ဥဝေ-၅၅၊ ရုပ်၊ နိ၊				

ဟောရိုးဆက် ကုသလတိက်ကို ဟောတော်မူသည်၏အခြားမဲ့၌ ဝေဒနာတိက်ကို ဟောတော်မူ၏၊ ထိုဝေဒနာတိက်၌လည်း ပထမပဒ, ဒုတိယပဒ,

---

ဖိုလ်စိတ္တုပ္ပာဒ် သုံးဆယ့်ခုနစ် ဖိုလ်စိတ်လေးခု၌ စေတသိက် သုံးဆယ့်ခြောက်ပါးယှဉ်၏၊ ထိုတွင် ဖိုလ်စိတ်လေးခုကို (အာရမဏဝိဇာနနလက္ခဏာအားဖြင့် တူသောကြောင့်) တစ်ခုတည်းပြု၍ထည့်၊ ၃၇-ဖြစ်၏၊ ၄င်းကိုပင် "ဖိုလ်စိတ္တုပ္ပာဒ် သုံးဆယ့်ခုနစ်"ဟု ခေါ်သည်။

အာဒိလဒ္ဓနာမ အစပုဒ်၌ တည်နေသော သဒ္ဒါကို အစွဲပြု၍ ရအပ်သောအမည်ရှိသောတိက်ကို **"အာဒိလဒ္ဓနာမတိက်"**ဟု ခေါ်သည်၊ [အာဒိ-အစ+လဒ္ဓ-ရအပ်သည်+နာမ-အမည်။]

သဗ္ဗလဒ္ဓနာမတိက် သုံးပုဒ်လုံး၌ တည်နေသော သဒ္ဒါကို အစွဲပြု၍ ရအပ်သောအမည်ရှိသောတိက်ကို**"သဗ္ဗလဒ္ဓနာမတိက်"**ဟုခေါ်သည်၊[သဗ္ဗ-အကုန်+လဒ္ဓ +နာမ။]

သပ္ပဒေသ တိက်ပုဒ်သုံးခုတို့၌ မပါဝင်ဘဲ ပရမတ္ထတရား အကြွင်းအကျန် ရှိနေသောတိက်မျိုးသည် **"သပ္ပဒေသ"**မည်၏၊ [သ-ရှိ+ပဒေသ-အကြွင်းအကျန်။]

ထိုသို့ တိက်ပုဒ်သုံးခုတို့၌ မပါဝင်မူ၍ ကြွင်းကျန်နေသော တရားမျိုးကို တိက်၌ မပါဝင်မူ၍ တိက်မှလွတ်နေသော တရားများ ဖြစ်သောကြောင့် **"တိက်မှတ်"**ဟုလည်း ခေါ်သေးသည်၊ ဇယား၌ "မှတ်"ဟု ပြသွားရပေလိမ့်မည်။

နိပ္ပဒေသ တိက်ပုဒ်သုံးခုထဲ၌ အကုန်ပါဝင်သွား၍ ပရမတ္ထတရား အကြွင်းအကျန် မရှိသော တိက်မျိုးသည် **"နိပ္ပဒေသတိက်"** မည်၏။

သုခါယ [သုခယတီတိ-သုခါ၊] သမ္မယုတ္တမ္မကရဇကာယကို ချမ်းသာစေတတ်(သာယာစေတတ်, တက်ကြွစေတတ်)သောကြောင့် ဝေဒနာ ၆၃-ခုသည် သုခမည်၏၊

http://www.dhammadownload.com

တတိယပဒအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ပထမပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား– သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ–ဟူသည်တည်း၊ ထို့နောင် ဒုတိယပဒကို ဟောတော်မူ၏၊ ဟောဟန်ကား– ဒုက္ခာယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ–ဟူသည်တည်း၊ ထို့နောင် တတိယပဒကို ဟောတော်မူ၏၊ ဟောဟန်ကား– အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ–ဟူသည်တည်း။

သုခါယ–သုခဖြစ်သော၊ ဝေဒနာယ–ဝေဒနာနှင့်၊ သမ္မယုတ္တာ–အညီအညွတ် ဧကုပ္ပာဒတာအစရှိသော အပြားတို့ဖြင့်ယှဉ်ကုန်သော၊ ဓမ္မာ၊ သဝိဇ္ဇန္တိ။ ဒုက္ခာယ–ဒုက္ခဖြစ်သော၊ ဝေဒနာယ–နှင့်၊ သမ္မယုတ္တာ–ကုန်သော၊ ဓမ္မာ၊ သဝိဇ္ဇန္တိ။ အဒုက္ခမသုခါယ–ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော၊ ဝါ–ဒုက္ခမှလည်းတစ်ပါး, သုခမှလည်းတစ်ပါးသော၊ ဝေဒနာယ–နှင့်၊ သမ္မယုတ္တာ–ကုန်သော၊ ဓမ္မာ၊ သဝိဇ္ဇန္တိ။

သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာဟူသော ပထမပုဒ်၏အရကား–သုခ သဟဂုတ်စိတ်ခြောက်ဆယ့်သုံးခု, ဝေဒနာ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစတ္တာလီသရ၏၊ ထိုတရားတို့သည် ခန္ဓာအားဖြင့် သုံးပါး, အာယတနအားဖြင့်နှစ်ပါး, ဓာတ်အားဖြင့်သုံးပါး, သစ္စာအားဖြင့်သုံးပါး ဖြစ်ကုန်၏။

ခန္ဓာအားဖြင့်သုံးပါးဟူသော်ကား စေတသိက်ဆစတ္တာလီသတို့တွင် သညာသည် သညာက္ခန္ဓာမည်၏၊ သညာမှကြွင်းသော စေတသိက်ပဉ္စစတ္တာလီသသည် သင်္ခါရက္ခန္ဓာမည်၏၊ သုခသဟဂုတ်စိတ် ခြောက်ဆယ့်သုံးခုသည် ဝိညာဏက္ခန္ဓာမည်၊ ဤသို့လျှင် ခန္ဓာအားဖြင့် သုံးပါးဖြစ်သတည်း။

ဝေဒနာ၏ ဝိသေသနဖြစ်သောကြောင့် "သုခါယ"ဟု ဣတ္ထိလိင်ဖြင့် ဟောထားသည်၊ သမ္မယုတ္တဓမ္မဟူသည်မှာ သုခဝေဒနာနှင့်တကွ ဖြစ်ဖော်ဖြစ်ဖက်ဖြစ်သော စိတ် စေတသိက်တို့ပင်တည်း၊ ကရဏကာယဟူသည်မှာ ဤကိုယ်ခန္ဓာပင်တည်း။

ဝေဒနာယ [အာရမဏရသံ ဝေဒယတိ အနုဘဝတီတိ–ဝေဒနာ၊] အာရုံ၏အရသာကို ခံစားတတ်သောကြောင့် ဝေဒနာမည်၏။

သမ္မယုတ္တာ [သမံ ပကာရေဟိ ယုတ္တာတိ–သမ္မယုတ္တာ၊] ယှဉ်ဖက်စိတ် စေတသိက်များနှင့် တစ်ခုတည်းထင်ရလောက်အောင် အဖြစ်တူ, အချုပ်တူ, အာရုံတူ, မှီရာတူ အားဖြင့် အညီအမျှ (အတူတကွ)ယှဉ်သော တရားများဟု ဆိုလိုသည်၊ ထို့ကြောင့်ပင် "အညီအညွတ် ဧကုပ္ပာဒတာအစရှိသော အပြားတို့ဖြင့်ယှဉ်ကုန်သော"ဟု အနက်ယောဇနာရသည်။

http://www.dhammadownload.com

အာယတနအားဖြင့် နှစ်ပါးဟူသော်ကား သုခသဟဂုတ်စိတ် ခြောက်ဆယ့်သုံးခုသည် မနာယတနမည်၏၊ စေတသိက်ဆစတ္တာလီသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် နှစ်ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် သုံးပါးဟူသော်ကား သုခသဟဂုတ်ကာယဝိညာဉ်သည် ကာယဝိညာဏဓာတ်မည်၏၊ ကြွင်းသောသုခသဟဂုတ်စိတ် ခြောက်ဆယ့်နှစ်ခုသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ဆစတ္တာလီသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် သုံးပါးဖြစ်သတည်း။

သစ္စာအားဖြင့် သုံးပါးဟူသော်ကား လောကီသုခသဟဂုတ်စိတ် သုံးဆယ့်တစ်ခု, လောဘကြဉ်သော စေတသိက်ပဉ္စစတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ မဂ်သုခသဟဂုတ်စိတ် တစ်ဆယ့်ခြောက်ခုဠ်ရှိသော သမ္မာဒိဋ္ဌိ ။ပ။ အရဟတ္တမဂ် ရှစ်ပါးခုနစ်ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသောမဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ရှစ်ခု, ဖိုလ်စိတ္တုပ္ပာဒ် သုံးဆယ့်ခြောက်ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် သုံးပါးဖြစ်သတည်း။

ဒုက္ခာယ [ဒုက္ခယတီတိ–ဒုက္ခာ၊] သမ္ပယုတ္တဓမ္မ ကရဏကာယကို ဆင်းရဲစေတတ်သော ကြောင့် (ဝေဒနာသုံးခုသည်) ဒုက္ခမည်၏။

အဒုက္ခမသုခါယ [နာ ဒုက္ခာ–အဒုက္ခာ၊ နာ သုခါ–အသုခါ၊ အဒုက္ခာစ သာ အသုခါစာတိ–အဒုက္ခမသုခါ၊ မ–ကား အာဂုံမျှသာ၊] ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော (ဒုက္ခမှ လည်းတစ်ပါး, သုခမှလည်းတစ်ပါးသော) ဝေဒနာ ၅၅–ခုသည် အဒုက္ခမသုခါမည်၏။

လောကီသုခသဟဂုတ်စိတ် သုခသဟဂုတ်ကာယဝိညာဉ်တစ်ပါး, ကာမာဝစရသောမနသ တစ်ဆယ့်ရှစ်ပါး, မဟဂ္ဂုတ်သောမနသ တစ်ဆယ့်နှစ်ပါး အားဖြင့် လောကီသုခသဟဂုတ်စိတ် သုံးဆယ့်တစ်ပါးဖြစ်၏။

မဂ်သုခသဟဂုတ်စိတ် မဂ်စိတ်တစ်ခုတစ်ခုဠ် ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်အားဖြင့် သောမနသလေးပါးစီ ရှိရကား မဂ်စိတ်လေးခုဠ် သောမနသသဟဂုတ်ပေါင်း(၄x၄=၁၆၊) တစ်ဆယ့်ခြောက်ပါးဖြစ်၏။

မဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ရှစ် မဂ်သုခသဟဂုတ်စိတ် တစ်ဆယ့်ခြောက်ခုဠ် (ဝေဒနာကြဉ်) စေတသိက် ၃၅–ပါးယှဉ်၏၊ မဂ္ဂသစ္စာထိုက်သော မဂ္ဂင်တရား ကိုယ်ရှစ်ပါးကိုနှတ်၊ ၂၇–ပါးကျန်၏၊ မဂ်သုခသဟဂုတ်စိတ် ၁၆–ခုကို တစ်ခုတည်းပြု၍ ထည့်၊ မဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ရှစ်ခုဖြစ်၏။

ဖိုလ်စိတ္တုပ္ပာဒ် သုံးဆယ့်ခြောက် ဖိုလ်သုခသဟဂုတ်စိတ် ၁၆–ခုဠ်လည်း စေတသိက် ၃၅–ပါးပင်ယှဉ်၏၊ ၄င်းဖိုလ်စိတ်ဠ်ရှိသော မဂ္ဂင်တရား

http://www.dhammadownload.com

ဒုက္ခာယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာဟူသော ဒုတိယပုဒ်၏ အရကား ဒုက္ခ သဟဂုတ်စိတ်သုံးခု, ဝေဒနာ ပီတိ လောဘ ဒိဋ္ဌိ မာန ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဧကဝီသရ၏၊ ထိုတရားတို့သည် ခန္ဓာအားဖြင့်သုံးပါး, အာယတနအားဖြင့်နှစ်ပါး, ဓာတ်အားဖြင့်သုံးပါး, သစ္စာအားဖြင့်တစ်ပါးဖြစ်ကုန်၏။

ခန္ဓာအားဖြင့်သုံးပါးဟူသော်ကား စေတသိက်ဧကဝီသတို့တွင် သညာသည် သညာက္ခန္ဓာမည်၏၊ သညာမှကြွင်းသော စေတသိက်ဝီသသည် သင်္ခါရက္ခန္ဓာမည်၏၊ ဒုက္ခသဟဂုတ်စိတ်သုံးခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် သုံးပါးဖြစ်သတည်း။

အာယတနအားဖြင့် နှစ်ပါးဟူသော်ကား ဒုက္ခသဟဂုတ်စိတ်သုံးခုသည် မနာယတနမည်၏၊ စေတသိက်ဧကဝီသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် နှစ်ပါးဖြစ်သတည်း။

ဓာတ်အားဖြင့်သုံးပါးဟူသော်ကား ဒုက္ခသဟဂုတ်ကာယဝိညာဉ်သည် ကာယဝိညာဏဓာတ်မည်၏၊ ဒေါသမူဒ္ဓေးသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ဧကဝီသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် သုံးပါးဖြစ်သတည်း။

သစ္စာအားဖြင့်တစ်ပါးဟူသော်ကား ဒုက္ခသဟဂုတ်စိတ်သုံးခု, စေတသိက်ဧကဝီသသည် ဒုက္ခသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့်တစ်ပါးဖြစ်သတည်း။

အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာဟူသော တတိယပုဒ်၏ အရကား ဥပေက္ခာသဟဂုတ်စိတ် ငါးဆယ့်ငါးခု, ဝေဒနာ ပီတိ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စကြဉ်သော စေတသိက် ဆစတ္တာလီသရ၏၊ ထိုတရားတို့သည် ခန္ဓာအားဖြင့် သုံးပါး, အာယတနအားဖြင့်နှစ်ပါး, ဓာတ်အားဖြင့်ခုနစ်ပါး, သစ္စာအားဖြင့်သုံးပါး ဖြစ်ကုန်၏။

ခန္ဓာအားဖြင့် သုံးပါးဟူသော်ကား စေတသိက်ဆစတ္တာလီသတို့တွင် သညာသည် သညာက္ခန္ဓာမည်၏၊ သညာမှကြွင်းသော စေတသိက်ပဉ္စစတ္တာလီသသည် သင်္ခါရက္ခန္ဓာမည်၏၊ ဥပေက္ခာသဟဂုတ်စိတ် ငါးဆယ့်ငါးခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် သုံးပါးဖြစ်သတည်း။

ကိုယ်ရှစ်ပါးကို မဂ္ဂသစ္စာမဖွဲ့ရသောကြောင့် နုတ်ဖွယ်မလို၊ ဖိုလ်စိတ်ကို အလားတူ တစ်ခုပြု၍ထည့်၊ ဖိုလ်စိတ္တုပ္ပာဒ် ၃၆-ခုဖြစ်၏။

စေတသိက်ကြဉ်ပုံ ပထမပဒဋ္ဌ ဝေဒနာတစ်ပါးတည်းသာဖြစ်၍ ဝေဒနာနှင့်ယှဉ်သော ဝေဒနာတစ်ခု မရကောင်းသောကြောင့် ဝေဒနာကိုကြဉ်ရသည်၊ မိမိတို့၏ ယှဉ်ရာစိတ်များ မပါရှိသောကြောင့် ဒေါသ-စသည်တို့ကို ကြဉ်ရသည်၊ ကြွင်းသော ပုဒ်တို့၌လည်း ဤနည်းအတိုင်းပင် မှတ်ပါလေ။

http://www.dhammadownload.com

အာယတနအားဖြင့် နှစ်ပါးဟူသော်ကား ဥပေက္ခာသဟဂုတ်စိတ် ငါးဆယ့်ငါးခုသည် မနာယတနမည်၏၊ စေတသိက်ဆစတ္တာလီသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် နှစ်ပါးဖြစ်သတည်း။

ဓာတ်အားဖြင့်ခုနစ်ပါးဟူသော်ကား စက္ခုဝိညာဉ်ဒွေးသည် စက္ခုဝိညာဏဓာတ်မည်၏ ။ပ။ ဇိဝှါဝိညာဏဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေးသည် မနောဓာတ်မည်၏၊ ကြွင်းသော ဥပေက္ခာသဟဂုတ်စိတ် လေးဆယ့်လေးခုသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက် ဆစတ္တာလီသသည် ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ခုနစ်ပါးဖြစ်သတည်း။

သစ္စာအားဖြင့်သုံးပါးဟူသော်ကား လောကီဥပေက္ခာသဟဂုတ်စိတ် လေးဆယ့်ခုနစ်ခု, လောဘကြဉ်သော စေတသိက် ပဉ္စစတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ မဂ်ဥပေက္ခာသဟဂုတ်စိတ်လေးခုဌိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟုဆိုအပ်သော သောတာပတ္တိမဂ် ခုနစ်ပါး ။ပ။ အရဟတ္တ မဂ်ခုနစ်ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသောမဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ခြောက်ခု, ဖိုလ်စိတ္တုပ္ပာဒ် သုံးဆယ့်သုံးခုသည် သစ္စာဟူသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် သုံးပါးဖြစ်သတည်း။

သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ, ဒုက္ခာယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ, အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာဟူ၍ ဟောတော်မူအပ်သော ဤသဒ္ဒါ

လောကီဥပေက္ခာသဟဂုတ်စိတ် ကာမာဝစရဥပေက္ခာသဟဂုတ်စိတ် ၃၂-ပါး, မဟဂ္ဂုတ် ဥပေက္ခာသဟဂုတ်စိတ် ၁၅-ပါးအားဖြင့် လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇-ပါးဖြစ်သတည်း။

မဂ်ဥပေက္ခာသဟဂုတ်စိတ် သောတာပတ္တိမဂ်ပဋိပဒါမဂ်, သကဒါဂါမိမဂ်ပဋိပဒါမဂ်, အနာဂါမိမဂ်ပဋိပဒါမဂ်, အရဟတ္တမဂ်ပဋိပဒါမဂ်အားဖြင့် မဂ်ဥပေက္ခာသဟဂုတ်စိတ်လေးပါးဖြစ်၏။

မဂ်ခုနစ်ပါး ဤတိကပုဒ်၏အရဖြစ်သော မဂ်ဥပေက္ခာသဟဂုတ်စိတ်လေးခုဌိ (ဝေဒနာ, ဝိတက်, ဝိစာရ, ပီတိကြဉ်)စေတသိက် ၃၂-ပါးသာ ယှဉ်၏၊ ဝေဒနာ, ဝိတက်, ဝိစာရ, ပီတိတို့ မူကား မယှဉ်နိုင်ကြချေ၊ ထိုတွင် ဝိတက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်ထိုက်သောတရားဖြစ်၏၊ ထိုသို့ သမ္မာသင်္ကပ္ပမဂ္ဂင်ထိုက်သော ဝိတက်မပါသောကြောင့် သောတာပတ္တိမဂ်ခုနစ်ပါး ။ပ။ အရဟတ္တမဂ်ခုနစ်ပါးသည် မဂ္ဂသစ္စာမည်၏-ဟု ဆိုရပေသည်။

http://www.dhammadownload.com

အစဉ်သည် ပရမတ္ထတရားကို သုံးစွဲပြု၍ ဟောရာဟောကြောင်းဖြစ်ခြင်းကြောင့် တိက်မည်၏။

ထိုတိက်သည် အာဒိလဒ္ဓနာမတိက်, သဗ္ဗလဒ္ဓနာမတိက်အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သုံးပုဒ်လုံးခံ့တည်သော ဝေဒနာသဒ္ဒါဖြင့် ဝေဒနာတိက်ဟူ၍ ရအပ်သောအမည် ရှိသည်၏ အဖြစ်ကြောင့် သဗ္ဗလဒ္ဓနာမတိက်မည်၏။

သပ္ပဒေသတိက်, နိပ္ပဒေသတိက်အားဖြင့် နှစ်ပါးတို့တွင် သုခဝေဒနာခြောက်ဆယ့်သုံးခု, ဒုက္ခဝေဒနာသုံးခု, ဥပေက္ခာဝေဒနာငါးဆယ့်ငါးခု, ရုပ်အင္ဒဝိသ, နိဗ္ဗာန်ဟုဆိုအပ်သော ကြွင်းသောပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသတိက်မည်၏။

သောတာပတ္တိမဂ်ခုနစ်ပါး အစရှိသောအားဖြင့် ဆိုထားပါသော်လည်း မဂ်နှင့်မဂ္ဂင်တို့ကို အပြားမရှိသော(အဘေဒူပစာရ)နည်းအားဖြင့် ဆိုလိုသောကြောင့် သောတာပတ္တိမဂ္ဂင် (သောတာပတ္တိမဂ်နှင့်ယှဉ်သောမဂ္ဂင်) ခုနစ်ပါးဟူသော အနက်ကိုသာ ယူသင့် မှတ်သားသင့်၏။

မဂ်စိတ္တုပ္ပာဒ်-၂၆ ဤတတိယပဒလာ မဂ်ဥပေက္ခာသဟဂုတ်စိတ်လေးခုခံ့ (ဝေဒနာ, ဝိတက်, ဝိစာရ, ပီတိကြဉ်)စေတသိက် ၃၂-ပါး ယှဉ်၏၊ ထိုတွင် သမ္မာသင်္ကပ္ပ မဂ္ဂင်မှတစ်ပါး မဂ္ဂင်တရားကိုယ် ခုနစ်ခုကိုနုတ်၊ စေတသိက် ၂၅-ခု ကျန်၏၊ မဂ်ဥပေက္ခာ သဟဂုတ်စိတ်လေးခုကို တစ်ခုတည်းပြု၍ထည့်၊ မဂ်စိတ္တုပ္ပာဒ် ၂၆-ခုဖြစ်၏။

ဖိုလ်စိတ္တုပ္ပာဒ်-၃၃ ဖိုလ်ဥပေက္ခာသဟဂုတ်စိတ် လေးခုခံ့လည်း (ဝေဒနာ, ဝိတက်, ဝိစာရ, ပီတိကြဉ်)စေတသိက် ၃၂-ပါးပင်ယှဉ်၏၊ ထိုတွင် ဖိုလ်စိတ်လေးခုကို တစ်ခုတည်းပြု၍ ပေါင်းထည့်က ဖိုလ်စိတ္တုပ္ပာဒ် ၃၃-ခုဖြစ်၏။

သဗ္ဗလဒ္ဓနာမ သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ, ဒုက္ခာယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ, အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာဟူသော ဝါကျသုံးခုတို့ခံ့ ဝေဒနာသဒ္ဒါ ပါရှိမှုကြောင့် ထိုဝေဒနာသဒ္ဒါဖြင့် ရအပ်သောအမည်ရှိသောတိက်သည် **သဗ္ဗလဒ္ဓနာမတိက်**မည်၏။

အကွရသမူဟပုဒ်, ပဒသမူဟပုဒ်အားဖြင့် နှစ်ပါးတို့တွင် ဤအရာခံ့ ပဒသမူဟပုဒ်ကိုသာ ယူရသည်၊ အကွရသမူဟပုဒ်ကို မယူရ၊ မယူသင့်။

ဝေဒနာ ဝေဒနာစေတသိက်သည် စိတ်အကျဉ်းတစ်ခုယုတ်ကိုးဆယ်, အကျယ်တစ်ရာနှစ်ဆယ့်တစ်ပါးတို့ခံ့ ယှဉ်၏၊ သို့ဖြစ်၍ "စိတ္တေန သမမုဒ္ဒိသေ"ဟူသော အဘိဓမ္မတ္ထသင်္ဂဟဆရာ၏ မိန့်ဆိုချက်အရ ဝေဒနာလည်း ၁၂၁-ပါးပင် ရှိ၏-ဟု ဆိုနိုင်သည်၊ ထို့ကြောင့် သုခဝေဒနာခြောက်ဆယ့်သုံးခု စသည်ဖြင့် ဆိုရပေသည်။

http://www.dhammadownload.com

၃-ဝိပါကတိက်

ပထမပဒ- ဝိပါကာ ဓမ္မာ၊
ဒုတိယပဒ- ဝိပါကဓမ္မဓမ္မာ၊
တတိယပဒ- နေဝဝိပါက နဝိပါကဓမ္မဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	ဝိ- ၃၆၊ စေ- ၃၈၊	၄	၂	၈	၁
ဒု	ကု- ၂၁၊ အကု- ၁၂၊ စေ- ၅၂၊	၄	၂	၂	၃
တ	ကြိ- ၂၀၊ စေ- ၃၅၊ ရုပ်၊ နိ၊	၅	၁၂	၁၃	၂

မှာထားချက် အရကောက်ဆိုရိုး ပြည့်စုံအောင် ဟောရွတ်ပါလေ၊ ထူးရာမျှကိုသာ ရေးတော့မည်။

ဝိပါကာ-အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော၊ ဓမ္မာ-။

ဝိပါကဓမ္မဓမ္မာ-အကျိုးကိုဖြစ်စေခြင်းသဘောရှိကုန်သော သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ-။

နေဝဝိပါက နဝိပါကဓမ္မဓမ္မာ-အချင်းချင်းထူးကုန်သောကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်, အကျိုးကိုဖြစ်စေခြင်းသဘော ရှိသည်လည်း မဟုတ်ကုန်သော

ဝိပါက ဝိ-သဒ္ဒါသည် မတူထူးခြား ကွဲပြားခြားနားသော ကုသိုလ် အကုသိုလ်ဟူသော (ဝိသိဋ္ဌ)အနက်ကို ဟော၏၊ အဘယ်သို့ မတူထူးခြား ကွဲပြားခြားနားကြသနည်း ?၊ ကုသိုလ်သည် အပြစ်မရှိခြင်း ကောင်းသောအကျိုးကိုပေးခြင်း (ဖြူစင်သော-သုက္က) သဘော ရှိ၏၊ အကုသိုလ်မူကား အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်းသောအကျိုးကို ပေးခြင်း (မည်းညစ်သော-ကဏှ)သဘောရှိသည်၊ ဤသို့ မတူထူးခြား ကွဲပြားခြားနားကြ၏။

ထိုသို့ မတူထူးခြား ကွဲပြားခြားနားကြသော ကုသိုလ်အကုသိုလ်တို့၏ အကျိုးကို ဝိပါကဟု ခေါ်သည်။ [အညမညဝိသိဋ္ဌာနံ ကုသလာကုသလာနံ ပါကာတိ-ဝိပါကာ၊ ၅။]

ထိုဝိပါကသဒ္ဒါသည် ကုသိုလ် အကုသိုလ်တို့ကြောင့်ဖြစ်သော ဝိပါက်နာမက္ခန္ဓာဟူသော နာမ်အကျိုး, ကမ္မဇရုပ်ဟူသော ရုပ်အကျိုးတို့ကို အချို့နေရာ၌ ဟောပါသော်လည်း ဤနေရာ၌မူကား အထင်ရှင်နည်း, အပေါင်းကိုဆိုစေကာမူ အစိတ်ကို ယူရခြင်း(ဧကဒေသုူပစာရ)အားဖြင့် ဝိပါက်နာမက္ခန္ဓာဟူသော နာမ်အကျိုးမျှကိုသာ ဟောသည်၊ ကမ္မဇရုပ်ဟူသော ရုပ်အကျိုးကိုမူကား မဟောပါချေ၊ ထို့ကြောင့် "ဝိပက္ကဘာဝမာပန္နာနံ အရူပဓမ္မာန မေတံ အဓိဝစနံ" ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားပေသည်။

ဝိပါကဓမ္မဓမ္မာ ဤပဒ၌ ဓမ္မသဒ္ဒါနှစ်ခုတို့တွင် ရှေ့ဓမ္မသဒ္ဒါသည် သဘာဝအနက်ကို ဟော၏၊ နောက်ဓမ္မသဒ္ဒါမူကား ကုသလာဓမ္မာစသည်တို့၌ပါသော ဓမ္မ

http://www.dhammadownload.com

သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ။

သစ္စာအားဖြင့်တစ်ပါးဟူသော်ကား လောကီဝိပါက်ဗာတ္တိ်သ, စေတသိက်ပဋ္ဌတ္တိ်သသည် ဒုက္ခသစ္စာမည်၏၊ ဖိုလ်စိတ္တုပ္ပာဒ် သုံးဆယ့်ခုနစ်ခုသည် သစ္စာဟူသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် တစ်ပါးဖြစ်သတည်း။ [အာဒိလဒ္ဓနာမတိက်, နိပ္ပဒေသတိက်။] အကြွင်းသိလွယ်ပြီ။

၄-ဥပါဒိန္နတိက်

ပထမပဒ- ဥပါဒိန္နုပါဒါနိယာ ဓမ္မာ၊
ဒုတိယပဒ- အနုပါဒိန္နုပါဒါနိယာ ဓမ္မာ၊
တတိယပဒ- အနုပါဒိန္နအနုပါဒါနိယာ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	ကီဝိ- ၃၂၊ စေ- ၃၅၊ ကမ္မဇရုပ်- ၂၀၊	၅	၁၁	၁၇	၁
ဒု	အကု-၁၂၊ ကီကု-၁၇၊ ကြို-၂၀၊ စေ-၅၂၊ တိဇရုပ်၊	၅	၇	၈	၂
တ	လောကုတ်- ၈၊ စေ- ၃၆၊ နိ၊	၄	၂	၂	၂

ဥပါဒိန္နုပါဒါနိယာ-အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏အစီးအပွားဖြစ်ကုန်သော။

သဒ္ဒါကဲ့သို့ နိဿတ္တ နိဇ္ဇီဝအနက်ကိုပင် ဟောသည်၊ ထို့ကြောင့် "ဝိပါကသဘာဝမ္မာ"ဟု အဋ္ဌကထာဆရာက ဖွင့်ဆိုထားပေသည်။

သို့ဖြစ်၍ အဋ္ဌကထာအလိုကျ "ဝိပါကမ္မမ္မာ-မှည့်ရင့်ခြင်းသဘော ရှိသော သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်သော သဘောတရားတို့သည်"ဟု အနက်ပေးသင့်၏။

မှည့်ရင့်ခြင်းသဘောရှိသော ဟူသည်မှာလည်း ထိုမှည့်ရင့်ခြင်းအကျိုးရှိသော (ထိုမှည့်ရင့်ခြင်းတည်းဟူသော အကျိုးကို ဖြစ်စေတတ်သော) အကြောင်းကုသိုလ် အကုသိုလ်တို့ပေတည်း၊ ထို့ကြောင့် ဝိပါကမ္မမ္မာအရ ကုသိုလ်စိတ်ဇကဝီသ, အကုသိုလ်စိတ် ဒွါဒသ, စေတသိက်ဒွေပညာသတို့ကို ကောက်ရသည်။

စေတသိက် ပဋ္ဌတ္တိ်သ လောကီလောကုတ္တရာ ဝိပါက်နှစ်မျိုး ပါရှိသော ဝိပါက်စိတ် ဆတ္တိ်သ-စသည်ဖြင့် အရကောက်ရာ၌ ဝိရတိယှဉ်နိုင်ခွင့်ရှိသည်၊ ထို့ကြောင့် စေတသိက်အဋ္ဌတ္တိ်သ-ဟု ဆိုရသည်၊ လောကီဝိပါက်ဗာတ္တိ်သ -စသည်ဖြင့် လာသော ဒုက္ခသစ္စာဖွဲ့ခန်း၌ လောကုတ္တရာဝိပါက်မပါ၍ ဝိရတိ ယှဉ်နိုင်ခွင့်မရှိတော့ချေ၊ ထို့ကြောင့် စေတသိက်ပဋ္ဌတ္တိ်သဟု ဆိုရသည်။

ဥပါဒိန္နုပါဒါနိယာ ဥပ+အာဒိန္န+ဥပါဒါန+ဏ္ဍယ=ဟု ပုဒ်ခွဲထားပါ၊ (က) ဥပမည်သော တရား၊ (ခ) ဥပါဒိန္နမည်သောတရား၊ (ဂ) ဥပါဒါနမည်သောတရား၊

http://www.dhammadownload.com

အနုပါဒိန္နုပါဒါနိယာ–အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သောကဲသည် အကျိုး၏ အဖြစ်ဖြင့်မယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွားသာဖြစ်ကုန်သော၊

အနုပါဒိန္နအနုပါဒါနိယာ–အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သောကဲသည် အကျိုး၏ အဖြစ်ဖြင့်ယူအပ်ကုန်သည်လည်းမဟုတ်, ဥပါဒါန်တို့၏ အစီးအပွားလည်း မဟုတ်ကုန်သော၊ ဓမ္မာ၊ သဲဝိဇ္ဇန္တိ။

(ဃ) ဥပါဒါနိယမည်သောတရား၊ (င) ဥပါဒိန္နုပါဒါနိယမည်သောတရား–ဟု တရားငါးမျိုးပေါ်ထွက်လာ၏။

(က) ဥပ ဥပသဒ္ဒါသည် ဥပေတအနက်ကို ဟော၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကဲသည် ဥပ(ဥပေတ)မည်၏၊ ထို့ကြောင့် အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌိဟိ ဥပေတေန ကမ္မုနာ–ဟု အဋ္ဌကထာ ဖွင့်ဆိုထားသည်။

အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကဲဟူသည်မှာလည်း တဏှာဒိဋ္ဌိတို့က အာရုံပြုအပ်သော လောကီကုသိုလ်ကံ ၁၇–ခု၊ အကုသိုလ်ကံ ၁၂–ခုတို့ပင်ဖြစ်ပေသည်။

ငါးဆယ့်နှစ်ခု, စေတသိက်စုတွင်, အကုသလာ, လောကီသာတည်းဟူသော ဆရာမြတ်တို့အဆိုအမိန့်အရ အကုသိုလ်စေတသိက်တို့က လောကီကိုသာ အာရုံပြုနိုင်ကြသည်၊ သို့ဖြစ်၍ အကုသိုလ်စေတသိက်များ၏ အစိတ်အပိုင်းမျှသာဖြစ်သော တဏှာဒိဋ္ဌိတို့က လောကီကိုသာ အာရုံပြုနိုင်ကြောင်းမှာလည်း သိသာထင်ရှားလှပါတော့သည်။

(ခ) ဥပါဒိန္န [အာဒိယန္တေ တိ–အာဒိန္နာ၊] အကျိုး၏ အဖြစ်ဖြင့်(အကျိုးအနေအားဖြင့်) ယူအပ်သော တရားသည် အာဒိန္နမည်၏၊ ထို့ကြောင့် အဋ္ဌကထာဆရာက “ဖလဘာဝေန ဂဟိတာ”ဟု ထပ်ဆင့်ဖွင့်ဆိုထားသည်။

[ဥပေတေန အာဒိန္နာ–ဥပါဒိန္နာ၊] အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကဲက အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောတရားများသည် “ဥပါဒိန္န”မည်၏။

အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကဲက အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောတရားဟူသည်မှာလည်း တဏှာဒိဋ္ဌိတို့၏ အာရုံအပြုခံရသော (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော) လောကီကုသိုလ် အကုသိုလ်ကံ၏ အကျိုးဖြစ်သော လောကီဝိပါက်ဗာတ္တိ်သ, စေတသိက်ပဉ္စတ္တိ်သ, ကမ္မဇရုပ်ဝီသတို့ပင်တည်း။

(ဂ) ဥပါဒါန [ဘုသံ အာဒိယန္တီ တိ–ဥပါဒါနာ၊] မလွတ်နိုင်ဘဲ ခိုင်မြဲပြင်းထန်စွာ အာရုံကို ယူတတ်သော လောဘဒိဋ္ဌိတို့သည် “ဥပါဒါန”မည်၏။

http://www.dhammadownload.com

အာယတနအားဖြင့် တစ်ဆယ့်တစ်ပါးဟူသော်ကား ကမ္မဇရုပ်ဝိသတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏ ။ပ။ ရူပါရုံသည် ရူပါယတန မည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏ ။ပ။ လောကီဝိပါက်ဗာတွင်သသည် မနာယတန မည်၏၊ စေတသိက်ပဉ္စတ္တိသ, အာပေါ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဟဒယရုပ် ဇီဝိတရုပ် အာဟာရရုပ် ပရိစ္ဆေဒရုပ် ဥပစယ သန္တတိအားဖြင့် တစ်နည်းကား ဇရတာ အနိစ္စတာအားဖြင့် သုခုမရုပ်ကိုးခု တစ်ဆယ့်တစ်ခုသည် ဓမ္မာယတန မည်၏၊ ဤသို့လျှင် အာယတန အားဖြင့် တစ်ဆယ့်တစ်ပါး ဖြစ်သတည်း။

အနုပါဒိန္နုပါဒါနိယာ ဓမ္မာဟူသော ဒုတိယပုဒ်၏ အရကား– အကုသိလ်စိတ် ဒွါဒသ, လောကီကုသိလ် သတ္တရသ, ကြိယာစိတ် ဝီသ စေတသိက် ဒွေးပညာသ, စိတ္တဇရုပ်သတ္တရသ, ဥတုဇရုပ်ပန္နရသ, အာဟာရဇရုပ်စုဒ္ဒသ ရ၏။

(ဃ) ဥပါဒါနိယ [ဥပါဒါနာနံ ဟိတာ–ဥပါဒါနိယာ၊] ဥပါဒါန်တို့၏ အစီးအပွားဖြစ်သော တရားတို့သည် "ဥပါဒါနိယ"မည်၏၊ ဥပါဒါန်တို့၏ အစီးအပွားဟူ သည်မှာလည်း ဥပါဒါန်တို့၏ အာရုံအပြုခံရခြင်းပင် ဖြစ်သည်၊ ထို့ကြောင့် လောဘ ဒိဋ္ဌ–ဟု ဆိုအပ်သော ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော လောကီစိတ်–၈၁၊ စေတသိက် ၅၂–ခု, ရုပ် ၂၈–ခုသည် ဥပါဒါနိယမည်၏–ဟု ဆိုလိုသည်။

(င) ဥပါဒိန္နုပါဒါနိယာ [ဥပါဒိန္နာစ တေ ဥပါဒါနိယာစာတိ–ဥပါဒိန္နုပါဒါနိယာ၊] ဥပါဒိန္နလည်းမည် ဥပါဒါနိယလည်းမည်သော လောကီဝိပါက်ဗာတွင်သ, စေတသိက်ပဉ္စတ္တိသ, ကမ္မဇရုပ်ဝိသတို့သည် "ဥပါဒိန္နုပါဒါနိယ"မည်ကြသည်၊ ထို့ကြောင့် ပထမပုဒ်အရ ၄င်းတို့ကို ကောက်ရသည်။

အနုပါဒိန္နုပါဒါနိယ ဥပါဒိန္နမမည်မူ၍ ဥပါဒါနိယသာမည်သော အကုသိလ်စိတ်ဒွါဒသ, လောကီကုသိလ်သတ္တရသ, ကြိယာစိတ်ဝီသ, စေတသိက်ဒွေပညာသ, တိဇရုပ်တို့သည် "အနုပါဒိန္နုပါဒါနိယ"မည်သော တရားများ ဖြစ်ကြသည်။

အနုပါဒိန္နအနုပါဒါနိယ ဥပါဒိန္နလည်းမမည် ဥပါဒါနိယလည်းမမည်သော လောကုတ္တရာစိတ်ရှစ်ခု, စေတသိက်ဆတ္တိသ, နိဗ္ဗာန်တို့သည် "အနုပါဒိန္နအနုပါဒါနိယ"မည်သောတရားများ ဖြစ်ကြသည်။

ဥပါဒိန္နအနုပါဒါနိယ ဥပါဒိန္နသာမည်၍ ဥပါဒါနိယမမည်သော တရားမျိုးကား မရှိနိုင်၊ ထို့ကြောင့် ဤတိုက်၌ တိုက်မုတ်မထွက်။

ကမ္မဇရုပ်ဝိသ အဘိဓမ္မတ္ထသင်္ဂဟ၌ မုချရကောင်းသည်မျှကိုသာ ရည်ရွယ်၍ ဇကန်ကိုးပါး, အနေကန်ကိုးပါးအားဖြင့် ကမ္မဇရုပ် ၁၈–ပါး–ဟု ဆိုထားသည်၊ ဤ၌ကား

http://www.dhammadownload.com

အာယတနအားဖြင့် ခုနစ်ပါးဟူသော်ကား တိဇရုပ်တို့တွင် ရှုပါရုံသည် ရှုပါယတနမည်၏ ။ပ။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ အကုသိုလ်ဒွါဒသ, လောကီကုသိုလ် သတ္တရသ, ကြိယာစိတ် ဝီသသည် မနာယတနမည်၏၊ ဧတသိက် ဒွေးပညာသ, အာပေါ အာဟာရရုပ် ပရိစ္ဆေဒရုပ် ကာယဝိညတ် ဝစီဝိညတ် ရူပဿ လဟုတာ မုဒုတာ ကမ္မညတာ ဥပစယ သန္တ တိအားဖြင့် တစ်နည်းကား= ဇရတာ အနိစ္စတာ–အားဖြင့် သုခုမရုပ် ဆယ်ခု တစ်ဆယ့်နှစ်ခုသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ခုနစ်ပါးဖြစ်သတည်း၊ အာဒိလဒ္ဓနာမတိက်၊ နိပ္ပဒေသတိက်။

ရုပ်ကိုဖြစ်စေတတ်သော ကံ–စသောအကြောင်းတရားတို့၏ သတ္တိဗျာပါရမငြိမ်းမီ နိပ္ပန္နရုပ် အဋ္ဌာရသတို့၏ ဖြစ်မှုဥပါဒ်ဖြစ်သောကြောင့် ဥပစယနှင့်သန္တ တိကို ပရိယာယ်အားဖြင့် အကြောင်းလေးပါးကြောင့် ဖြစ်သည်–ဟု ယူ၍ ထိုဥပစယနှင့်သန္တ တိကို ထည့်သွင်းပြီးလျှင် ကမ္မဇရုပ်ဝီသ–ဟု ဆိုထားသည်၊ စိတ္တဇရုပ်သတ္တရသ, ဥတုဇရုပ်ပန္နရသ, အာဟာရဇရုပ် စုဒ္ဒသ–ဟု ဆိုထားရာ၌လည်း နည်းတူပင် မှတ်ပါလေ။

သုခုမရုပ်ကိုးခု တစ်ဆယ့်တစ်ခု သုခုမရုပ် ၁၆–ခုရှိသည့်အနက် "ဝိညတ္တိဒွယံ စိတ္တဇမေဝ၊ လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ" ဟု ဆိုထားသောကြောင့် ကာယဝိညတ်, ဝစီဝိညတ်, ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ အားဖြင့် ငါးပါးကို မရနိုင်၊ ထို့ပြင် ကမ္မဇရုပ် ၂၀–ထဲ၌ ဇရတာ, အနိစ္စတာတို့လည်း မပါရှိချေ၊ သို့ဖြစ်၍ ကောက်ထားသည့်အတိုင်းဖွဲ့က သုခုမရုပ်ကိုးခုမျှသာ ဖြစ်၏၊ တစ်နည်း အားဖြင့် ကမ္မဇရုပ်တို့၏ ဌိ, ဘင်ဖြစ်၍ မကင်းသင့်သောကြောင့် ဇရတာနှင့် အနိစ္စတာ တို့ကို ထည့်သွင်း၍ဖွဲ့က သုခုမရုပ် တစ်ဆယ့်တစ်ခု ဖြစ်၏၊ ထို့ကြောင့် "အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ဥပစယ, သန္တ တိအားဖြင့် တစ်နည်းကား= ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ်ကိုးခု, တစ်ဆယ့်တစ်ခုသည် ဓမ္မာယ တနမည်၏"ဟု ဆိုရပေသည်။

သုခုမရုပ်ဆယ်ခု တစ်ဆယ့်နှစ်ခု "ဟဒယဣန္ဒြိယရူပါနိ ကမ္မဇာနေဝ" ဟု ဆိုထား သောကြောင့် သုခုမရုပ်ထဲမှ "ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်"အားဖြင့် ကမ္မဇကလ်းပါးတို့ကိုမရ၊ ဇရတာ, အနိစ္စတာတို့လည်း တိဇရုပ်ထဲ၌ မပါဝင်ခဲ့၊ တိဇရုပ်တို့၏ ဌိ, ဘင်ဖြစ်၍ ကင်းလည်းမကင်းသင့်ချေ၊ ထို့ကြောင့် ထိုဇရတာ, အနိစ္စတာတို့ကို နှတ်ပယ်ထည့်သွင်းလျက် "အာပေါ, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တ တိ အားဖြင့် တစ်နည်းကား= ဇရတာ, အနိစ္စတာအားဖြင့် သုခုမရုပ်ဆယ်ခု တစ်ဆယ့်နှစ်ခုသည် ဓမ္မာယတနမည်၏"ဟု ဆိုထားရပေသည်။

http://www.dhammadownload.com

၅-သံကိလိဋ္ဌတိက်

ပထမပဒ- သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ၊
ဒုတိယပဒ- အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ၊
တတိယပဒ- အသံကိလိဋ္ဌအသံကိလေသိကာ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	အကု-၁၂၊ စေ-၂၇၊	၄	၂	၂	၂
ဒု	ကိကု-၁၇၊ကိဝိ-၃၂၊ကြို-၂၀၊စေ-၃၈၊ရုပ်-၂၈၊	၅	၁၂	၁၈	၁
တ	လောကုတ်-၈၊ စေ-၃၆၊ နှိ၊	၄	၂	၂	၂

သံကိလိဋ္ဌသံကိလေသိကာ-ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ်နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှာ ထိုက်ကုန်သော၊

သံကိလိဋ္ဌ [သံကိလိသန္တေ တိ-သံကိလိဋ္ဌာ၊] ပူလောင်တတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူလောင်အပ် နှိပ်စက်အပ်ကုန်သော (ကိလေသာတို့နှင့် ယှဉ်ကုန်သော) အကုသိုလ်စိတ္တုပ္ပာဒ်သည် "သံကိလိဋ္ဌ"မည်၏။

သံကိလေသ [သံကိလိသတိ တိ-သံကိလေသော၊] ပြင်းစွာပူလောင်တတ် ပြင်းစွာနှိပ်စက်တတ်သော ကိလေသာတရားဆယ်ပါးသည် "သံကိလေသ"မည်၏။

(က) သံကိလိဋ္ဌသာမည်၍ သံကိလေသမမည်သောတရားများမှာ အကုသိုလ်စိတ် ၁၂-ခု, ကိလေသာတရားကိုယ် ၁၀-ပါးကြဉ်သော စေတသိက် ၁၇-ခုတို့ ဖြစ်ပေသည်။

(ခ) သံကိလိဋ္ဌမမည်မူ၍ သံကိလေသသာမည်သောတရားကား မရှိ။

(ဂ) သံကိလိဋ္ဌလည်းမည် သံကိလေသလည်းမည်သော တရားကား ကိလေသာဆယ်ပါးတည်း။

(ဃ) သံကိလိဋ္ဌလည်းမမည် သံကိလေသလည်းမမည်သော တရားကား ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပာဒ်နှင့်ရုပ်, နိဗ္ဗာန်တို့တည်း၊ ဤသို့ တရားလေးချက် ခွဲပါ။

http://www.dhammadownload.com

အသံကိလိဋ္ဌသံကိလေသိကာ-ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ်နှိပ်စက်အပ်သည် မဟုတ်ကုန်သည်ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှာသာ ထိုက်ကုန်သော၊

အသံကိလိဋ္ဌအသံကိလေသိကာ-ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်လည်းမဟုတ် ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှာ ထိုက်သည်လည်း မဟုတ်ကုန်သော၊

အာဒိလဒ္ဓနာမတိက်၊ နိပ္ပဒေသတိက်။

သံကိလေသိက [သံကိလေသံ အရဟန္တီ တိ-သံကိလေသိကာ၊] ပူလောင်တတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာ ထိုက်ကုန်သော (ကိလေသာ၏ အာရုံဖြစ်ကုန်သော) လောကီစိတ်ဧကာသီတိ, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသတို့သည် "သံကိလေသိက" မည်ကုန်၏။

သံကိလိဋ္ဌသံကိလေသိကာ [သံကိလိဋ္ဌာစ တေ သံကိလေသိကာစာတိ-သံကိလိဋ္ဌသံကိလေသိကာ၊] သံကိလိဋ္ဌလည်းမည် သံကိလေသိကလည်းမည်သော တရားများ-ဟု ဆိုလိုသည်၊ ထိုတရားများမှာ အကုသိုလ်စိတ်ဒွါဒသ, စေတသိက်သတ္တဝီသတို့ပင် ဖြစ်ပေသည်။

အသံကိလိဋ္ဌသံကိလေသိကာ သံကိလိဋ္ဌမမည်မူ၍ သံကိလေသိကသာမည်သော တရားများကို " အသံကိလိဋ္ဌသံကိလေသိက "ဟု ခေါ်သည်၊ ထိုတရားများမှာ လောကီကုသိုလ်သတ္တရသ, လောကီဝိပါက်ဗာတ္တိံသ, ကြိယာစိတ်ဝီသ, ရုပ်အဋ္ဌဝီသတို့ ဖြစ်ကြသည်။

အသံကိလိဋ္ဌအသံကိလေသိကာ သံကိလိဋ္ဌလည်းမမည် သံကိလေသိကလည်းမမည်သော တရားများသည် "အသံကိလိဋ္ဌ အသံကိလေသိက" မည်၏၊ ထိုတရာများမှာ လောကုတ္တရာစိတ်ရှစ်ခု, စေတသိက်ဆတ္တိံသ, နိဗ္ဗာန်တို့ ဖြစ်ကြသည်။

သံကိလိဋ္ဌအသံကိလေသိက သံကိလိဋ္ဌသာမည်၍ သံကိလေသိကမမည်သော တရားမျိုးကား မရှိပေ၊ ထို့ကြောင့် ဤတိက်ဋ္ဌလည်း တိက်မုတ်မထွက်။

"သံကိလိဋ္ဌသံကိလေသိကာ-ပူလောင်တတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူလောင်အပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူလောင်တတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာ ထိုက်ကုန်သော"စသည်ဖြင့် အနက်ပေးသင့်၏။

http://www.dhammadownload.com

၆-ဝိတက္ကတိက်

ပထမပဒ- သဝိတက္ကသဝိစာရာ ဓမ္မာ၊
ဒုတိယပဒ- အဝိတက္ကဝိစာရမတ္တာ ဓမ္မာ၊
တတိယပဒ- အဝိတက္ကအဝိစာရာ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	သဝိတက္ကသဝိစာရစိတ်-၅၅၊ စေ-၅၀၊	၄	၂	၃	၃
ဒု	ဒုတိယစျာန်-၁၁၊ စေ-၃၆၊ ဝိတက်-၅၅၊	၄	၂	၂	၂
တ	အဝိစိတ်-၅၅၊ စေ-၃၆၊ ဝိစာရ-၁၁၊ ရုပ်၊ နိ၊	၅	၁၂	၁၇	၃
မှတ်	ဝိစာရ-၅၅၊				

သဝိတက္ကသဝိစာရာ-ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွဖြစ်ကုန်သော၊
အဝိတက္ကဝိစာရမတ္တာ-ဝိတက်ကားမရှိ ဝိစာရမျှသာရှိကုန်သော၊

သဝိတက္က [သဟ ဝိတက္ကေန ယေ ဝတ္တာန္တီတိ-သဝိတက္ကာ၊] ဝိတက်နှင့်တကွဖြစ်သောကြောင့် သဝိတက္က မည်၏၊ သို့ပင်ဆိုစေကာမူ သဟဇာတ(တကွဖြစ်ဖော်ဖြစ်ဖက်) အနေ အားဖြင့် ဖြစ်သောတရားမျိုးကို မယူရ၊ သမ္မယောဂ(အညီအမျှ ဧကုပ္ပာဒတာအစရှိသော အပြားတို့ဖြင့် ယှဉ်ခြင်း)အနေအားဖြင့် ဖြစ်သောတရားမျိုးကိုသာ ယူရသည်။ [သမ္မယောဂဝသေန ပဝတ္တမာနေန သဟ ဝိတက္ကေန-သဝိတက္ကာ၊ ၌။]

ထို့ကြောင့်ဝိတက်နှင့်ယှဉ်သော ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော ကာမစိတ် လေးဆယ့်လေးပါး, ပထမစျာန်တစ်ဆယ့်တစ်ပါးအားဖြင့်= သဝိတက္ကစိတ် ၅၅-ပါး, ဝိတက်ကြဉ်သော စေတသိက် ၅၁-ပါးသည် "သဝိတက္က"တရားတို့ မည်၏။

သဝိစာရ [သဟ ဝိစာရေန ယေ ဝတ္တာန္တီတိ-သဝိစာရာ၊] ဝိစာရနှင့် သမ္မယောဂအနေအားဖြင့် တကွဖြစ်သော ဒွေးပဉ္စဝိညာဉ် တစ်ဆယ်ကြဉ်သော ကာမစိတ် ၄၄-ပါး, ပထမစျာန် ၁၁-ပါး, ဒုတိယစျာန် ၁၁-ပါးအားဖြင့် သဝိစာရစိတ် ၆၆-ပါး၊ ဝိစာရကြဉ်သော စေတသိက် ၅၁-ပါးတို့သည် "သဝိစာရ"(ဝိစာရရှိသော) တရားတို့ မည်၏။

အဝိတက္က [နတ္ထိ ဝိတက္ကော ဧတေသန္တိ-အဝိတက္ကာ၊] ဝိတက်မရှိသော ဒွေးပဉ္စဝိညာဉ် တစ်ဆယ်, ဒုတိယစျာန်တစ်ဆယ့်တစ်ပါး, တတိယစျာန်တစ်ဆယ့်တစ်ပါး, စတုတ္ထစျာန် တစ်ဆယ့်တစ်ပါး, ပဉ္စမစျာန် နှစ်ဆယ့်သုံးပါးအားဖြင့် အဝိတက္ကစိတ်

http://www.dhammadownload.com

အဝိတက္ကအဝိစာရာ-ဝိတက်လည်းမရှိ ဝိစာရလည်း မရှိကုန်သော၊

သစ္စာအားဖြင့်သုံးပါးဟူသော်ကား လောကီသဝိတက္ကသဝိစာရစိတ် လေးဆယ့်ခုနစ်ခု, လောဘကြွင်သော စေတသိက်ဧကူနပညာသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ မဂ်သဝိတက္ကသဝိစာရစိတ် လေးခုဥ်ရှိသော သမ္မာဒိဋ္ဌိ သမ္မာဝါစာ ။ပ။ သမ္မာသမာဓိ-ဟုဆိုအပ်သော သောတာ ပတ္တိမဂ်ခုနစ်ပါး ။ပ။ အရဟတ္တမဂ်ခုနစ်ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပာဒ်နှစ်ဆယ့်ရှစ်ခု, ဖိုလ်စိတ္တုပ္ပာဒ်သုံးဆယ့်ငါးခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် သုံးပါးဖြစ်သတည်း။

ဖဖ-ပါး, ဝိတက်ကြွင်သောစေတသိက် ၃၇-ပါး, ဝိတက် ၅၅-ပါး, ရုပ်, နိဗ္ဗာန်တို့သည် "အဝိတက္က"တရားတို့ မည်၏။

အဝိစာရ [နတ္ထိ ဝိစာရော ဧတေသန္တိ-အဝိစာရာ၊] ဝိစာရမဖြစ်သော အဝိစာရစိတ် ၅၅-ခု, ဝိတက်ဝိစာရကြွင် စေတသိက် ၃ဖ-ခု, ဝိစာရ ဖဖ-ခု, ရုပ်, နိဗ္ဗာန်တို့သည် "အဝိစာရ"တရားတို့ မည်၏။

ဤသို့ အခြေခံလေးချက်ကို ဦးစွာမှတ်သားထားပြီးလျှင်-

(က) သဝိတက္ကသဝိစာရ [သဝိတက္ကာစ တေ သဝိစာရာစာတိ-သဝိတက္ကသဝိစာရာ၊] ဝိတက်နှင့်လည်းယှဉ်, ဝိစာရနှင့်လည်းယှဉ်သော သဝိတက္က သဝိစာရစိတ် ၅၅-ခု, ဝိတက်ဝိစာရကြွင်သောစေတသိက် ပညာသတို့သည် "သဝိတက္က သဝိစာရ"တရားတို့ မည်၏။

(ခ) အဝိတက္ကဝိစာရမတ္တ [ဝိစာရော၀ မတ္တာ ပမာဏံ ဧတေသန္တိ-ဝိစာရမတ္တာ၊ အဝိတက္ကာစ တေ ဝိစာရမတ္တာစာတိ-အဝိတက္ကဝိစာရမတ္တာ၊] ဝိတက်နှင့်မယှဉ်မူ၍ ဝိစာရနှင့်သာယှဉ်သော ဒုတိယဈာန်စိတ်ဧကာဒသ, ဝိတက်ဝိစာရကြွင်သော စေတသိက်ဆတ္တိ်သ, သဝိတက္ကသဝိစာရစိတ် ငါးဆယ့်ငါးခုဥ်ရှိသော ဝိတက် စေတသိက် ၅၅-ခုတို့သည် "အဝိတက္ကဝိစာရမတ္တ"တရားတို့မည်၏။

"အဝိတက္ကဝိစာရမတ္တာ-ဝိတက်ကားမရှိ ဝိစာရသာ အတိုင်းအရှည်ရှိကုန်သော"ဟု အဋ္ဌကထာအလိုကျ အနက်ပေးသင့်၏၊ အရကောက်၌ ဦကာနက်ပေးထားသည်။

(ဂ) ဝိတက္ကမတ္တအဝိစာရ ဝိတက်နှင့်သာယှဉ်၍ ဝိစာရနှင့်မယှဉ်သော သဝိတက္ကသဝိစာရစိတ် ၅၅-ခုဥ်ရှိသော ဝိစာရစေတသိက် ၅၅-ခုသည် "ဝိတက္ကမတ္တအဝိစာရ"တရားတို့ ဖြစ်ကြသည်။ (တိက်မုတ်။)

(ဃ) အဝိတက္ကအဝိစာရ ဝိတက်နှင့်လည်းမယှဉ်, ဝိစာရနှင့်လည်းမယှဉ်သော အဝိတက္က အဝိစာရစိတ် ငါးဆယ့်ငါးခု, ဝိတက်ဝိစာရကြွင်သော စေတသိက်

http://www.dhammadownload.com

ဒုတိယပုဒ်၏အရကား= ဒုတိယစျာန်စိတ် ဧကာဒသ,ဝိတက်ဝိစာရကြဉ်သော စေတသိက်ဆတ္တိ ံသ, သဝိတက္ကသဝိစာရစိတ် ငါးဆယ့်ငါးခုဌ်ရှိသော ဝိတက်စေတသိက် ၅၅-ခုရ၏။

သစ္စာအားဖြင့်နှစ်ပါးဟူသော်ကား- လောကီဒုတိယစျာန်စိတ်သုံးခု, စေတသိက်တေတ္တိ ံသ, လောကီဝိတက် လေးဆယ့်ခုနစ်ခုသည် ဒုက္ခသစ္စာမည်၏၊ မဂ်ဒုတိယစျာန်စိတ်လေးခုဌ်ရှိသော သမ္မာဒိဋ္ဌိ သမ္မာဝါစာ ။ပ။ သမ္မာသမာဓိ-ဟုဆိုအပ်သော သောတာပတ္တိမဂ်ခုနစ်ပါး ။ပ။ အရဟတ္တမဂ်ခုနစ်ပါးသည်လည်းကောင်း, မဂ်ပထမစျာန်စိတ်လေးခုဌ်ရှိသော ဝိတက်စေတသိက်တည်းဟူသော သမ္မာသင်္ကပ္ပမဂ္ဂင်ဟုဆိုအပ်သော သောတာပတ္တိမဂ်တစ်ပါး ။ပ။ အရဟတ္တမဂ်တစ်ပါးသည်လည်းကောင်း မဂ္ဂသစ္စာမည်၏၊ ကြွင်းသောမဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ရှစ်ခု, ဖိုလ်စိတ္တုပ္ပာဒ်သုံးဆယ့်ငါးခုသည်လည်းကောင်း, ဖိုလ်ပထမစျာန်စိတ်လေးခုဌ်ရှိသော ဝိတက်စေတသိက်လေးခုသည်လည်းကောင်း သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် နှစ်ပါးဖြစ်သတည်း။

ဆတ္တိ ံသ, ဒုတိယစျာန်စိတ်ဧကာဒသဌ်ရှိသော ဝိစာရစေတသိက် တစ်ဆယ့်တစ်ခု, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တို့သည် "အဝိတက္ကအဝိစာရ"တရားတို့မည်၏။

ဤသို့ တရားလေးချက်ပေါ်ထွက်လာအောင် ခွဲစိတ်ဝေဖန်ကြည့်ရှုပါ၊ ကြဲစည်လေ့လာပါ၊ ဝိတက်တိက်၏ အရကောက်နှင့်တကွ တိက်မှတ်ပါ အပြည့်အစုံ ပေါ်ထွက်လာသည်ကို တွေ့ရှိရပေလိမ့်မည်။

လောကီသဝိတက္ကသဝိစာရစိတ် ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော ကာမစိတ်လေးဆယ့်လေးခု, ရူပပထမစျာန်စိတ်သုံးခုအားဖြင့် ၄၇-ခုသော စိတ်တို့သည် လောကီသဝိတက္က သဝိစာရစိတ်တို့ မည်၏။

မဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ရှစ်ခု ဤဝိတက်တိက် သုံးပုဒ်လုံး၏ အရကောက်မှာ ဝိတက်ဝိစာရကို ကြဉ်ထားသည်၊ သို့ဖြစ်၍ မဂ်စိတ်ဌ်ယှဉ်သော စေတသိက် ၃၄-ပါးမျှသာ ကျန်၏၊ ထိုတွင် ဝိတက်မပါ၍ မဂ္ဂင်တရားကိုယ် ခုနစ်ပါးသာရသည်၊ မဂ်စိတ်ဌ်ယှဉ်သော စေတသိက် ၃၄-ပါးထဲမှ ၄င်းမဂ္ဂင်တရားကိုယ်ခုနစ်ပါးကိုနုတ်နှစ်ဆယ့်ခုနစ်ပါး ကျန်၏၊ မဂ်စိတ်တို့ကို တစ်ခုတည်းပြု၍ထည့်၊ မဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ရှစ်ခု ဖြစ်၏။

ဖိုလ်စိတ္တုပ္ပာဒ် သုံးဆယ့်ငါးခု ဖိုလ်စိတ်များဌ်လည်း ဝိတက်ဝိစာရကြဉ်သော စေတသိက် ၃၄-ပါးမျှသာ ယှဉ်သည်၊ ဖိုလ်စိတ်တို့ကို တစ်ခုတည်းပြု၍ ပေါင်းထည့်၊ ဖိုလ်စိတ္တုပ္ပာဒ် ၃၅-ခု ဖြစ်၏။

http://www.dhammadownload.com

တတိယပုဒ်၏အရကား= အဝိတက္ကအဝိစာရစိတ် ငါးဆယ့်ငါးခု, ဝိတက်ဝိစာရ ကြဉ်သော စေတသိက်ဆတ္တိ်သ, ဒုတိယဈာန်စိတ် ဧကာဒသင်္ဂရှိသော ဝိစာရစေ တသိက် တစ်ဆယ့်တစ်ခု, ရုပ်အဋ္ဌဝိသ, နိဗ္ဗာန်ရ၏။

သစ္စာအားဖြင့် သုံးပါးဟူသော်ကား– လောကီအဝိတက္ကအဝိစာရစိတ် သုံးဆယ့် တစ်ခု, စေတသိက် တေတ္တိ်သ, လောကီဝိစာရသုံးခု, ရုပ်အဋ္ဌဝိသသည် ဒုက္ခသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်အဝိတက္ကအဝိစာရစိတ် တစ်ဆယ့် နှစ်ခုဂ်ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ ။ပ။ သမ္မာသမာဓိ–ဟုဆိုအပ်သော ။ပ။ အရ ဟတ္တမဂ်ခုနစ်ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသောမဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ရှစ်ခု ဖိုလ်စိတ္တုပ္ပာဒ် သုံးဆယ့်ငါးခုသည်လည်းကောင်း, လောကုတ္တရာဒုတိယဈာန်စိတ် ရှစ်ခုဂ်ရှိသော ဝိစာရစေတသိက်ရှစ်ခုသည်လည်းကောင်း သစ္စာဟူသော အရေ အတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် သုံးပါးဖြစ်သတည်း။

ဝိတက်နှင့်သစ္စာ လောကီသဝိတက္ကသဝိစာရစိတ် လေးဆယ့်ခုနစ်ခုဂ်ရှိသော ဝိတက် လေးဆယ့်ခုနစ်ခုသည် ဒုက္ခသစ္စာမည်၏၊ မဂ်ပထမဈာန်စိတ်လေးခုဂ် ရှိသော ဝိတက်လေးခုသည် မဂ္ဂသစ္စာမည်၏၊ ထို့ကြောင့် "မဂ်ပထမဈာန်စိတ်လေးခုဂ် ရှိသော ဝိတက်စေတသိက် တည်းဟူသော သမ္မာသင်္ကပ္ပမဂ္ဂင်–ဟုဆိုအပ်သော ။ပ။ အရ ဟတ္တမဂ်တစ်ပါးသည်လည်းကောင်း မဂ္ဂသစ္စာမည်၏"ဟု ဆိုထားရပေသည်၊ ဖိုလ်ပထမ ဈာန်စိတ်လေးခုဂ်ရှိသော ဝိတက်စေတသိက်လေးခုသည် သစ္စဝိမုတ်, သစ္စာမှလွတ်၏၊ ထို့ကြောင့် "ဖိုလ်ပထမဈာန်စိတ် လေးခုဂ်ရှိသော ဝိတက်စေတသိက် လေးခုသည် လည်းကောင်း သစ္စာဟူသော အရေအတွက်မှလွတ်၏"ဟု ဆိုထားရပေသည်။

လောကီအဝိတက္ကအဝိစာရစိတ် ဒွေးပဉ္စဝိညာဉ်တစ်ဆယ်, ရူပါဝစရတတိယဈာန်သုံးခု, စတုတ္ထဈာန် သုံးခု, ပဉ္စမဈာန် သုံးခု, အရူပါဝစရစိတ် တစ်ဆယ့်နှစ်ခုအားဖြင့် ၃၁–ပါးသောစိတ်တို့သည် လောကီအဝိတက္ကအဝိစာရစိတ်မည်၏။

စေတသိက် တေတ္တိ်သ လောကီဒုတိယဈာန်–စသည်တို့ဂ် ဝိရတိမယှဉ်နိုင်သောကြောင့် စေတသိက် တေတ္တိ်သမျှသာ ယှဉ်ရတော့သည်၊ ဝိတက်ဝိစာရ တို့ကို ကြဉ်ထားပြီးဖြစ်သည်ကိုလည်း သတိပြုပါ။

လောကီဝိစာရသုံးခုဟူသည်မှာ ရူပါဝစရဒုတိယဈာန်သုံးခုတို့ဂ်ရှိသော ဝိစာရစေတ သိက်ပင် ဖြစ်သည်။

ဝိစာရနှင့်သစ္စာ လောကီဒုတိယဈာန်စိတ်သုံးခုဂ်ရှိသော ဝိစာရစေတသိက်သုံးခုသည် ဒုက္ခသစ္စာမည်၏၊ လောကုတ္တရာဒုတိယဈာန်စိတ် ရှစ်ခုဂ်ရှိသော ဝိစာရ စေတသိက် ရှစ်ခုသည် သစ္စဝိမုတ်၊ အရကောက်ဆိုရိုးနှင့် တိုက်ဆိုင်ကြည့်ရှုပါ။

http://www.dhammadownload.com

၇-ပိတိတိက်

ပထမပဒ- ပိတိသဟဂတာ ဓမ္မာ၊
ဒုတိယပဒ- သုခသဟဂတာ ဓမ္မာ၊
တတိယပဒ- ဥပေက္ခာသဟဂတာ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	ပိတိသဟဂုတ်စိတ်-၅၁၊ စေ-၄၆၊	၄	၂	၂	၃
ဒု	သုခသဟဂုတ်စိတ်-၆၃၊ စေ-၄၆၊	၃	၂	၃	၃
တ	ဥပေက္ခာသဟဂုတ်စိတ်-၅၅၊ စေ-၄၆၊	၃	၂	၇	၃
မှတ်	သု-ကာဝိညာဉ်၊ စတုတ္ထဈာန်ဧကာဒသဉ်ရှိသော သုဝေ-၁၂၊ ဥ-ဝေ-၅၅၊ ဒုက္ခသဟဂုတ်စိတ်-၃-ခု၊ စေ-၂၂၊ ရုပ်၊ နိ၊				

ပိတိသဟဂတာ-ပိတိနှင့်တကွဖြစ်ကုန်သော၊ ဝါ-ပိတိနှင့်တကွ ဧကုပ္ပာဒအစရှိသော အစွမ်းဖြင့် နီးနှောကုန်သော၊ ဝါ-ပိတိနှင့်တကွ ဧကုပ္ပာဒအစရှိသော အဖြစ်သို့ ရောက်ကုန်သော၊

သုခသဟဂတာ-သုခဝေဒနာနှင့်တကွဖြစ်ကုန်သော၊ ဝါ-ကုန်သော၊ ဝါ-ကုန်သော၊

ဥပေက္ခာသဟဂတာ-ဥပေက္ခာဝေဒနာနှင့်တကွဖြစ်ကုန်သော၊ ဝါ-ကုန်သော၊ ဝါ-ကုန်သော၊

ပထမပုဒ်၏အရကား= ပိတိသဟဂုတ်စိတ် ငါးဆယ့်တစ်ခု, ပိတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစတ္တာလီသရ၏။

ပိတိသဟဂတာ [ပီတိယာ သဟ ဧကုပ္ပာဒါဒိဘာဝံ ဂတာတိ-ပိတိသဟဂတာ၊] ပိတိနှင့်တကွ ဧကုပ္ပာဒအစရှိသော အဖြစ်သို့ရောက်ကုန် (ပိတိနှင့်ယှဉ်ကုန်)သော တရားတို့သည် "ပိတိသဟဂတ"တို့ မည်ကုန်၏၊ ကြွင်းသော ပုဒ်တို့၌လည်း ဤနည်းအတိုင်းပင်။

ဥပေက္ခာ [သုခဒုက္ခာကာရပဝတ္တိ' ဥပေက္ခတိတိ-ဥပေက္ခာ၊] ဣဋ္ဌအခြင်းအရာ, အနိဋ္ဌအခြင်းအရာအားဖြင့် ဖြစ်ခြင်းကို အသင့်အားဖြင့်ရှုတတ်(လျစ်လျူရှုတတ်), ဣဋ္ဌအနိဋ္ဌ နှစ်ပါး၏အလယ်၌ တည်သောအခြင်းအရာကို အာရုံပြုတတ်သော အဒုက္ခမသုခါဝေဒနာသည်ပင် "ဥပေက္ခာ"မည်၏။

ဤတိက်ကို ဟောရခြင်း ဤတိက်၌ ပထမပုဒ်မျှသာ ထူးသည်၊ ဒုတိယပုဒ်, တတိယပုဒ်တို့ကို ဝေဒနာတိက်မှယူ၍ ဟောထားသည်၊ ထိုသို့ ဝေဒနာတိက်မှ နှစ်ပုဒ်ကိုယူ၍ အဘယ်ကြောင့် ဟောတော်မူရပါသနည်း ?။

စတုတ္ထဈာန် ဧကာဒသ, သုခသဟဂုတ်ကာယဝိညာဉ်၌ရှိသော သုခသည် ပီတိကင်း (ပီတိနှင့် မယှဉ်)သောကြောင့် နိပ္ပီတိကသုခ မည်၏၊ ပီတိသဟဂုတ် ၅၁-ခု၌ရှိသော

http://www.dhammadownload.com

သစ္စာအားဖြင့် သုံးပါးဟူသော်ကား- လောကီပဋိသဟဂုတ်စိတ် နှစ်ဆယ့်ခုနစ်ခု, လောဘကြွင်သော စေတသိက် ပဉ္စစတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ မဂ်ပဋိသဟဂုတ်စိတ် တစ်ဆယ့်နှစ်ခုဌ်ရှိသော ။ပ။ အရဟတ္တမဂ် ရှစ်ပါး ခုနစ်ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသောမဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ရှစ်ခု, ဖိုလ်စိတ္တုပ္ပာဒ် သုံးဆယ့်ခြောက်ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် သုံးပါးဖြစ်သတည်း။

၈-ဒဿနတိက်

ပထမပဒ- ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊
ဒုတိယပဒ- ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ၊
တတိယပဒ- နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	သောမဂ် (အကြွင်းမဲ့ပယ်) ဒိဿ-၄၊ ဝိစိ-၁၊ စေ-၂၂၊ (တနုပယ်)အပါယဂမနီယ ဒိဝိပ်-၄၊ ဒေါ-၂၊ စေ-၂၅၊	၄	၂	၂	၂
ဒု	(သ-တနုပယ်) ရာဂ်၊ ရင်းသောဒိဝိပ်-၄၊ ဒေါ-၂၊ (နာ-အကြွင်းမဲ့ပယ်) ကာသမ်ဒိဝိပ်-၄၊ ဒေါ-၂၊ စေ-၂၅၊ (အ-အကြွင်းမဲ့ပယ်) ရူအရူသမ်ဒိဝိပ်-၄၊ ဥဒ်-၁၊ စေ-၂၁၊	၄	၂	၂	၂
တ	ကု-၂၁၊ ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်၊ နိ၊	၅	၁၂	၁၈	၃

ဒဿနေန ပဟာတဗ္ဗာ-သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော၊
ဘာဝနာယ ပဟာတဗ္ဗာ-အထက်မဂ်သုံးခုသည် ပယ်အပ်ကုန်သော၊

သုခသည် ပီတိနှင့် ယှဉ်သောကြောင့် သပ္ပီတိကသုခ မည်၏၊ ဤသို့ နိပ္ပီတိကသုခ, သပ္ပီတိကသုခ နှစ်ပါးတို့၏ အထူးကိုပြတော်မူသော အနေအားဖြင့် (ပြတော်မူလိုသောကြောင့်) ဝေဒနာတိက်မှ နှစ်ပုဒ်ကိုယူ၍ ဤတိက်ကို ဟောတော်မူရပါသည်။

ဆောင်။ ။ နိပ္ပီ သပ္ပီ, နှစ်လီသုခ, အထူးပြ, ဟောရပိတိတိက်။

ပီတိကြဉ် ပီတိကား တစ်ပါးတည်းသာ၊ အခြားသမ္မယုတ်ပီတိ မရကောင်း၊ ထို့ကြောင့် ပီတိသဟဂတာဌ် ပီတိကိုကြဉ်၍ ကောက်ရသည်၊ သူတို့၏ယှဉ်ရာစိတ်များမပါသောကြောင့် ဒေါသ-စသည်တို့ကို ကြဉ်ရသည်။

ဒဿန [နိဗ္ဗာနံ ပဿတီတိ-ဒဿနံ၊] နိဗ္ဗာန်ကိုမြင်တတ်သောကြောင့် သောတာပတ္တိမဂ်သည် ဒဿနမည်၏၊ သောတာပတ္တိမဂ်က နိဗ္ဗာန်ကို မြင်သည်-ဟု ဆိုစေ

http://www.dhammadownload.com

နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗာ–သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သည်လည်းမဟုတ်, အထက်မဂ်သုံးခုသည် ပယ်အပ်ကုန်သည်လည်း မဟုတ်ကုန်သော၊

ပထမပုဒ်၏အရကား– သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့်ပယ်အပ်သော ဒိဋ္ဌဂတသမ္မယုတ်စိတ်လေးခု, ဝိစိကိစ္ဆာသဟဂုတ်စိတ်တစ်ခု, မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စကြဉ်သော စေတသိက်ဗာဝီသ, သောတာပတ္တိမဂ်သည် တနုကရအားဖြင့်ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခု, ဒေါသမူဒွေး, ဒိဋ္ဌ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပဉ္စဝီသရ၏၊ [နှစ်ရပ်ပေါင်းအကုသိုလ် ၁၁–ခု၊ စေတသိက်သတ္တဝီသ ဖြစ်၏၊ ခန္ဓာ–စသည်ဖွဲ့လေ။]

ကာမူ အာရုံပြုသောအားဖြင့် မြင်သောအမြင်မျိုးသာ ဖြစ်ပေသည်၊ ထိုးထွင်းသိမြင်သောအမြင်မျိုးကား မဟုတ်ပါချေ။

မဂ္ဂဝီထိ၌ ဂေါတြဘူက နိဗ္ဗာန်ကို ရှုးဦးစွာမြင်ပေသည်၊ သို့ပင်မြင်စေကာမူ ကိလေသာကိုပယ်မှုကိစ္စ မရှိခြင်းကြောင့် "ဒဿန"ဟူသော အမည်ကို မရထိုက်ချေ၊ သောတာပတ္တိမဂ်ကသာ ကိလေသာကို ပယ်ခြင်းကိစ္စနှင့်တကွ နိဗ္ဗာန်ကို မြင်ခြင်းကြောင့် (အထင်ရှင်ဖြစ်အတိသယနည်းအားဖြင့်) "ဒဿန"ဟူသော အမည်ကို ရထိုက်ပေသည်။

ဘာဝနာ [ဘာဝေတီတိ–ဘာဝနာ၊] အထက်မဂ်သုံးခုသည် သောတာပတ္တိမဂ် မြင်အပ်ပြီးသော သစ္စာလေးပါးတရားတို့ကို တိုးပွားစေတတ်၏၊ သောတာပတ္တိမဂ် မြင်ပုံထက် ရှင်းရှင်းလင်းလင်း သိမြင်တတ်၏၊ ထို့ကြောင့် ဘာဝနာမည်၏။

အကုသိုလ်ကို ပယ်ပုံ

ပယ်အပ်သောတရားသည်–

(၁) ဒိဋ္ဌဂတသမ္မယုတ်လေးခု, ဝိစိကိစ္ဆာအားဖြင့် ငါးပါးတစ်စု၊ (၄င်းတို့ကိုပယ်က ဒိဋ္ဌ ဝိစိကိစ္ဆာ ကိလေသာနှစ်ပါး ပါသွား၏။)

(၂) ဒိဋ္ဌဂတဝိပ္ပယုတ်လေးခု, ဒေါသမူဒွေးအားဖြင့် ၆–ပါးတစ်စု၊ (၄င်းတို့ကို ပယ်ရာ၌ မာန လောဘ ဒေါသ ထိနအားဖြင့် ကိလေသာလေးပါး ပါသွား၏။)

(၃) ဥဒ္ဓစ္စသဟဂုတ်တစ်ခု၊ (၄င်းကိုပယ်ရာ၌ မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ အားဖြင့် ကိလေသာလေးပါး ပါသွား၏၊) ဤသို့ သုံးစုကွဲ၏။

ထိုတွင်–

(၁) ဒိဋ္ဌဂတသမ္မယုတ်လေးခုနှင့် ဝိစိကိစ္ဆာတို့ကို သောတာပတ္တိမဂ်က အကြွင်းမဲ့ ပယ်၏။

(၂) ဒိဋ္ဌဂတဝိပ္ပယုတ်နှင့် ဒေါသမူဒွေးတို့သည်–

http://www.dhammadownload.com

ဒုတိယပုဒ်၏ အရကား- သကဒါဂါမိမဂ်သည် တနုကရအားဖြင့်ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခု, ဒေါသမူဌေး၊ အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့်ပယ်အပ်သော ကာမရာဂနှင့်သမ္ပယုတ်ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခု, ဒေါသမူဌေး၊ ဒိဋ္ဌဝိစိကိစ္ဆာကြဉ်သော စေတသိက်ပဉ္စဝီသ၊ အရဟတ္တ

(က) အပါယဂမနီယဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခု, ဒေါသမူဌေး၊

(ခ) ရုန့်ရင်းကြမ်းတမ်းသော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခု, ဒေါသမူဌေး၊

(ဂ) ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခုနှင့် ကြွင်းသမျှသော ဒေါသမူဌေး၊

(ဃ) ရူပရာဂ အရူပရာဂနှင့်သမ္ပယုတ်ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခုအားဖြင့် လေးမျိုးပြားပြန်၏။

ထိုတွင်-

(၂-က) အပါယဂမနီယဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခု, ဒေါသမူဌေးတို့ကို သောတာပတ္တိမဂ်က တနုကရအားဖြင့် ပယ်၏။ [သောတာပတ္တိမဂ်ံ ဘာဝေတွာ ဒိဋ္ဌဝိစိကိစ္ဆာပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နောနာမ ဟောတိ။]

(၂-ခ) ရုန့်ရင်းကြမ်းတမ်းသော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခုနှင့် ဒေါသမူဌေးတို့ကို သကဒါဂါမိမဂ်က တနုကရအားဖြင့်ပယ်၏။ [သကဒါဂါမိမဂ်ံ ဘာဝေတွာ ရာဂဒေါသမောဟာနံ တနုကရတ္တာ သကဒါဂါမီနာမ ဟောတိ။]

(၂-ဂ) ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခုနှင့် ကြွင်းသော ဒေါသမူဌေးတို့ကို အနာဂါမိမဂ်က အကြွင်းမဲ့ပယ်၏။ [အနာဂါမိမဂ်ံ ဘာဝေတွာ ကာမရာဂဗျာပါဒါနံ အနဝသေသပ္ပဟာနေန အနာဂါမီနာမ ဟောတိ။]

(၂-ဃ) ရူပရာဂ အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခုတို့ကို အရဟတ္တမဂ်က အကြွင်းမဲ့ပယ်၏။

(၃) ဥဒ္ဓစ္စသဟဂုတ်စိတ်ကိုလည်း အရဟတ္တမဂ်က အကြွင်းမဲ့ပယ်သည်၊ [အရဟတ္တမဂ်ံ ဘာဝေတွာ အနဝသေသကိလေသပ္ပဟာနေန အရဟာနာမ ဟောတိ ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော။]

ပဟာတဗ္ဗနှင့် ပဟာယက

(က) ဒိဋ္ဌဂတသမ္ပယုတ်စိတ်လေးခုနှင့် ဝိစိကိစ္ဆာသဟဂုတ်တို့ကို သောတာပတ္တိမဂ်က ပယ်သည်။

http://www.dhammadownload.com

မဂ်သည် အကြွင်းမရှိသောအားဖြင့်ပယ်အပ်သော ရူပရာဂအရူပရာဂနှင့်သမ္မယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု, ဥဒ္ဓစ္စသဟဂုတ်စိတ်တစ်ခု, ဒိဋ္ဌိ ဒေါသ ကျသာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဧကဝီသ ရှိ၏။ [နှစ်ရပ်ပေါင်း အကုသိုလ်စိတ် ၇-ခု၊ စေတသိက် ပဉ္စဝီသဖြစ်၏၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာလျော့သည်၊ ခန္ဓာ-စသည်ဖွဲ့.ပါ။]

(ခ) ဒေါသမူဌေးကို အောက်မဂ်သုံးခုကပယ်သည်၊ အဘယ်သို့ ပယ်သနည်း ?၊ အပါယဂမနီယဖြစ်သော ဒေါသမူဌေးကို သောတာပတ္တိမဂ်က ပယ်သည်၊ ရုန့်ရင်းသော ဒေါသမူဌေးကို သကဒါဂါမိမဂ်က ပယ်သည်၊ ထိုမှကြွင်းသော ဒေါသမူဌေးကို အနာဂါမိမဂ်က ပယ်သည်၊ ဤသို့ပယ်ကြပါသည်။

(ဂ) ဥဒ္ဓစ္စသဟဂုတ်ကို အရဟတ္တမဂ်က ပယ်သည်။

(ဃ) ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခုကို မဂ်လေးခုတို့က အဆင့်ဆင့် ပယ်သည်၊ အဘယ်သို့ ပယ်သနည်း ?၊ အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခုကို သောတာပတ္တိမဂ်က ပယ်သည်၊ ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခုကို သကဒါဂါမိမဂ်က ပယ်သည်၊ ကာမရာဂနှင့်သမ္မယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခုကို အနာဂါမိမဂ်က ပယ်သည်၊ ရူပရာဂ အရူပရာဂနှင့်သမ္မယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခုကို အရဟတ္တမဂ်က ပယ်သည်၊ ဤသို့ မဂ်လေးပါးက အဆင့်ဆင့် ပယ်ကြပါသည်။

နေဝနှင့် န [တတိယပဒံ ဥဘယပဒိကေ္ခပေန ဝုတ္တံ၊] တတိယပုဒ်ကို နှစ်ပါးစုံကို ပယ်မြစ်ခြင်း၏အစွမ်းဖြင့် ဘုရားဟောထားသည်-ဟု အဋ္ဌကထာဆရာ မိန့်ဆိုထား၏၊ သို့ပင် သာမည-အားဖြင့် မိန့်ဆိုထားစေကာမူ "နေဝနှင့် န" တို့ဖြင့် (၁) သောတာပတ္တိမဂ်၊ (၂) အထက်မဂ်သုံးခု-ဟု ဆိုအပ်သော ပဟာယက(ပယ်တတ်သော) တရားနှစ်မျိုးကို ပယ်မြစ်သည် မဟုတ်ချေ၊ ရှေ့နှစ်ပုဒ်တို့ဖြင့် ဟောထားအပ်သော ပဟာတဗ္ဗတရား နှစ်မျိုးတို့ကိုသာ ပယ်မြစ်ပေသည်၊ သို့ဖြစ်၍ နှစ်ပုဒ်အရတရားတို့မှ ကြွင်းကျန်သမျှသော တရားတို့ကို တတိယပုဒ်၏အရ ကောက်ယူရပေသည်။

ထို့ကြောင့် "ဒဿနေန-သောတာပတ္တိမဂ်သည်၊ နေဝပဟာတဗ္ဗာ-ပယ်အပ်သည်လည်းမဟုတ်ကုန်သော၊ ဘာဝနာယ-အထက်မဂ်သုံးခုသည်၊ န ပဟာတဗ္ဗာ-ပယ်အပ်သည်လည်းမဟုတ်ကုန်သော" စသည်ဖြင့်သာ အနက်ပေးသင့်၏။

http://www.dhammadownload.com

၉-ဒဿနဟေတုတိက်

ပထမပဒ- ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊
ဒုတိယပဒ- ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ၊
တတိယပဒ- နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။

ဒဿနေန ပဟာတဗ္ဗဟေတုကာ-သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ် ရှိကုန်သော၊

ဘာဝနာယ ပဟာတဗ္ဗဟေတုကာ-အထက်မဂ်သုံးခုသည် ပယ်အပ်သောဟိတ် ရှိကုန်သော၊

နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုကာ-သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ် ရှိသည်လည်းမဟုတ်၊ အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်သော၊

"နေဝဒဿနေန-သောတာပတ္တိမဂ်မဟုတ်သောတရားသည်၊ နဘာဝနာယ-အထက်မဂ်မဟုတ်သောတရားသည်၊ ပဟာတဗ္ဗာ" စသည်ဖြင့် အနက်မပေးသင့်၊ အရကောက်၌ တစ်ပုဒ်တည်းအနေဖြင့် အနက်ပေးထားသော်လည်း သမာသ်မဟုတ်ချေ၊ ဝါကျသာ ဖြစ်ပေသည်။

ဒဿနေန ပဟာတဗ္ဗဟေတုက [ဒဿနေန ပဟာတဗ္ဗော ဟေတု ဧတေသန္တိ-ဒဿနေန ပဟာတဗ္ဗဟေတုကာ၊] သောတာပတ္တိမဂ် ပယ်အပ်သော တရားဖြစ်ခြင်း, ယှဉ်ဖက်သမ္မယုတ်ဟိတ်ရှိခြင်း-ဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော တရားများသည် "ဒဿနေန ပဟာတဗ္ဗဟေတုက" မည်၏။

ဘာဝနာယပဟာတဗ္ဗဟေတုက အထက်မဂ်သုံးပါးပယ်အပ်သော တရားဖြစ်ခြင်း, ယှဉ်ဖက် သမ္မယုတ်ဟိတ်ရှိခြင်း-ဟူသော အင်္ဂါ ၂-ပါးနှင့်ပြည့်စုံသော တရားများသည် "ဘာဝနာယ ပဟာတဗ္ဗဟေတုက" မည်၏။

နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုက [နေဝဒဿနေန ပဟာတဗ္ဗော ဟေတု ဧတေသံ အတ္ထိတိ-နေဝဒဿနေန ပဟာတဗ္ဗဟေတုကာ၊ နဘာဝနာယ ပဟာတဗ္ဗော ဟေတု ဧတေသံ အတ္ထိတိ-နဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊ နေဝဒဿနေန ပဟာတဗ္ဗဟေတုကာစ တေ နဘာဝနာယ ပဟာတဗ္ဗဟေတုကာစာတိ-နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊ ရွေ့ပဟာတဗ္ဗဟေတုကပုဒ်ကိုချေ၊] သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ်ရှိသည်လည်းမဟုတ်, (ဤစကားရပ်ဖြင့် ပထမပဒအရ တရားများကို ပယ်၏၊) အထက်မဂ်သုံးခုသည် ပယ်အပ်သောဟိတ် ရှိသည်လည်းမဟုတ်(ဤစကားရပ်ဖြင့် ဒုတိယပဒအရ

http://www.dhammadownload.com

အရကောက် ဒဿနတိုက်၏ အရကောက်နှင့် အနည်းငယ်မျှသာ ထူး၏၊ ပထမပုဒ်၏ အရကို ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော မောဟကိုကြဉ်ကောက်၊ စေတသိက်အရေအတွက်မလျော့၊ ဒုတိယပုဒ်၏ အရကိုလည်း ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟကိုကြဉ်ကောက်၊ စေတသိက်အရေအတွက်မလျော့၊ ဧကဝိသပင်၊ ထိုဝိစိကိစ္ဆာသဟဂုတ်စိတ်၌မောဟနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌မောဟကို တတိယပုဒ်၏ အရ စေတသိက်အဋ္ဌတ္တိံသနောက်မှာ "မောဟမူဒွေးဒ်ဓမောဟ"ဟု ထည့်သွင်းကောက်ပါ၊ ဤမျှသာထူး၏။

၁၀-အာစယဂါမိတိုက်

ပထမပဒ- အာစယဂါမိနော ဓမ္မာ၊
ဒုတိယပဒ- အပစယဂါမိနော ဓမ္မာ၊
တတိယပဒ- နေဝါစယဂါမိ နာပစယဂါမိနော ဓမ္မာ။

တရားများကို ပယ်၏၊)သော တရားတို့သည် "နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗ ဟေတုက"တရားတို့မည်၏၊ ထို့ကြောင့် ပထမပဒ ဒုတိယပဒတို့၌ မကောက်ဘဲ ကြွင်းကျန်နေသမျှသော တရားတို့ကို ဤတတိယပဒအတွက် ကောက်ယူရမည်-ဟု မှတ်ပါလေ။

အာစယ [အာစီယတေတိ-အာစယော၊] ကံ ကိလေသာတို့က စီအပ်, ဖြစ်စေအပ်သောကြောင့် ပဋိသန္ဓေ, စုတိ, ဂတိဟူသော လောကီဝိပါက်နာမက္ခန္ဓာတရားတို့သည် "အာစယ"မည်၏။ [ဝိပါက်စိတ်တို့၏ ပဋိသန္ဓေအနေအားဖြင့်ဖြစ်ခြင်း, ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ ဝီထိစိတ်တို့၏ အကြားအကြား၌ ဆက်ကာဆက်ကာ စီလျက် စဉ်လျက် ဖြစ်နေခြင်း, အဆုံး၌ စုတိအနေအားဖြင့် ဖြစ်ခြင်း-စသည်တို့ကို "စီသည်"ဟု ခေါ်ရသည်။]

စုတိနောက် ရောက်ရမည့်ဘဝကို ဂတိ-ဟု ခေါ်သည်၊ ထိုဘဝ(ဂတိ)၌လည်း ဝိပါက်တရားတို့ ပဋိသန္ဓေမှစ၍ အဆက်မပြတ် ဖြစ်ရလေဦးမည်၊ ထိုသို့ အဆက်မပြတ်ဖြစ်တတ်သောကြောင့် ပဋိသန္ဓေ, စုတိ, ဂတိဟူသော လောကီဝိပါက် နာမက္ခန္ဓာတို့ကို "ပဝတ္တိ"ဟုလည်း ခေါ်သေးသည်။

ထိုတရားအားလုံးတို့သည် ကံကိလေသာတို့ စီအပ်သော အကျိုးတရားများ ဖြစ်သောကြောင့် "အာစယ"ဟူသော အမည်ကိုရကြသည်-ဟု ဆိုလိုသည်။

အာစယဂါမိနော [ဂစ္ဆန္တီ တိ-ဂါမိနော၊ အာစယံ ဂါမိနော-အာစယဂါမိနော၊] ပဋိသန္ဓေ, စုတိ, ဂတိ-ဟူသော လောကီဝိပါက်နာမက္ခန္ဓာ-ဟု ဆိုအပ်သော အာစယသို့ (ထိုဝိပါက် နာမက္ခန္ဓာ-တည်းဟူသော အကျိုးကို ဖြစ်စေသောအားဖြင့်)

http://www.dhammadownload.com

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	အက္ခ-၁၂၊ ကိက္ခ-၁၇၊ စေ-၅၂၊	၄	၂	၂	၂
ဒု	မင်္ဂ-၄၊ စေ-၃၆၊	၄	၂	၂	၁
တ	ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်၊ နိ၊	၅	၁၂	၁၈	၂

အာစယဂါမိနော-စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်ကုန်သော၊

အပစယဂါမိနော-နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်ကုန်သော၊

နေဝါစယဂါမိနာပစယဂါမိနော-စုတိပဋိသန္ဓေသို့ရောက်ကြောင်းလည်းမဟုတ်, နိဗ္ဗာန်သို့ရောက်ကြောင်းလည်းမဟုတ်ကုန်သော၊

ရောက်တတ်သောကြောင့် လောကီကုသိုလ် အကုသိုလ်တို့ကို "အာစယ ဂါမိ" ဟု ခေါ်သည်။

"အာစယဂါမိနော-ပဋိသန္ဓေ, စုတိ, ဂတိသို့ ဖြစ်စေတတ်သောအားဖြင့် ရောက်တတ်ကုန်သော" ဟု အနက်ပေးသင့်၏။

တစ်နည်း [ဂမေန္တီတိ-ဂါမိနော၊ အာစယဲ ဂါမိနော-အာစယဂါမိနော၊] မိမိဖြစ်ရာသတ္တဝါကို ပဋိသန္ဓေ, စုတိ, ဂတိဟူသော အာစယသို့ ရောက်စေတတ်သောကြောင့် လောကီကုသိုလ် အကုသိုလ်တို့သည် "အာစယဂါမိ" မည်ကြသည်။

ဤနည်းအလို "အာစယဂါမိနော-ပဋိသန္ဓေ, စုတိ, ဂတိဟူသော အာစယသို့ ရောက်စေတတ်ကုန်သော" ဟု အနက်ပေးသင့်၏။

စယ စယသဒ္ဒါသည် အာစယသဒ္ဒါနှင့် အရတူ၏၊ "အာ"ဥပသာရ ပါ, မပါမျှသာထူးသည်၊ [စီယတေတိ-စယော၊] ကံ ကိလေသာတို့သည် စီအပ်သော ပဋိသန္ဓေ, စုတိ, ဂတိ(လောကီဝိပါက်နာမက္ခန္ဓာ)တို့ကိုပင် "စယ"ဟု ခေါ်သည်။

အပစယ [အပေတံ စယာ-အပစယံ၊] နိဗ္ဗာန်သည် ကံ ကိလေသာတို့က စီအပ်ဖြစ်စေအပ်သော ပဋိသန္ဓေ, စုတိ, ဂတိတို့မှ ကင်း၏၊ ထို့ကြောင့် "အပစယ" ဟူသော အမည်ကို ရသည်။

အပစယဂါမိ အရိယမဂ်တို့သည် ကံ ကိလေသာတို့က စီအပ် ဖြစ်စေအပ်သော ပဋိသန္ဓေ, စုတိ, ဂတိတို့မှကင်းသော နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်တတ်၏၊ ထို့ကြောင့် "အပစယဂါမိ"ဟူသော အမည်ကို ရကြသည်။

http://www.dhammadownload.com

၁၁-သေက္ခတိက်

ပထမပဒ- သေက္ခာ ဓမ္မာ၊
ဒုတိယပဒ- အသေက္ခာ ဓမ္မာ၊
တတိယပဒ- နေဝသေက္ခနာသေက္ခာ ဓမ္မာ။

ဤ၌လည်း "အပစယဂါမိနော-ကဲ့ ကိလေသာတို့သည် စီအပ်သော ပဋိသန္ဓေ, စုတိ, ဂတိမှကင်းသော နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်တတ်ကုန်သော"ဟု အနက်ပေးသင့်၏၊ အဋ္ဌကထာ၌ တစ်နည်းဖွင့်ပြထားသေး၏၊ အလိုရှိက ရှုတော့။

သိက္ခာ [သိက္ခိတဗ္ဗာတိ-သိက္ခာယော၊] သီလ, သမာဓိ, ပညာတို့သည် ကျင့်သင့်ကျင့်ထိုက်သောတရားများ ဖြစ်ကြ၏၊ ထို့ကြောင့် "သိက္ခာ"ဟူသောအမည်ကို ရကြသည်။

သေက္ခာ [သိက္ခာသု ဇာတာတိ-သေက္ခာ၊] သိက္ခာသုံးပါးတို့၌ဖြစ်သော တရားတို့သည် "သေက္ခ"မည်၏၊ ဖြစ်ခြင်းဟူသည်မှာလည်း ပါဝင်ခြင်းပင် ဖြစ်သည်၊ အဓိပညာသိက္ခာ၌ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပမဂ္ဂင်တို့ ပါဝင်၏၊ အဓိသီလသိက္ခာ၌ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝမဂ္ဂင်တို့ ပါဝင်၏၊ အဓိစိတ္တ(သမာဓိ)သိက္ခာ၌ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိမဂ္ဂင်တို့ ပါဝင်ကြ၏၊ ထိုသို့ မဂ္ဂင်တရားကိုယ်ရုစ်ပါးတို့ သိက္ခာသုံးပါး၌ ထိုက်သည်အားလျော်စွာ ပါဝင်ကြသောကြောင့် ထိုမဂ္ဂင်ရုစ်ပါးနှင့်ယှဉ်သော မဂ်စိတ္တုပ္ပာဒ်, အောက်ဖိုလ်စိတ္တုပ္ပာဒ်တို့သည်လည်း ထိုသိက္ခာ၌ ပါဝင်ကြရသည်။

ဤပထမနည်းအရ "သေက္ခာ-သိက္ခာသုံးပါး၌ ဖြစ်တတ်ကုန်သော"ဟု အနက်ပေးပါ။

တစ်နည်း [သိက္ခနံ သီလံ ဧတေသန္တိ -သေက္ခာ၊] သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် ကျင့်လေ့ကျင့်ထ ရှိကြ၏၊ ကျင့်ဆဲဖြစ်ကြကုန်၏၊ ထို့ကြောင့် ထိုသေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့ကို "သေက္ခ"ဟု ခေါ်သည်။

[သေက္ခာနံ ဧတေတိ-သေက္ခာ၊] မဂ်စိတ်လေးခု, အောက်ဖိုလ်သုံးခုတို့သည် သေက္ခပုဂ္ဂိုလ်တို့၏ သီးခြား ကိုယ်ပိုင်ဥစ္စာ ဖြစ်ကြ၏၊ ထို့ကြောင့် ထိုမဂ်စိတ်လေးပါးနှင့် အောက်ဖိုလ်တရားတို့ကို "သေက္ခ"ဟု ခေါ်ရသည်၊ [လောကုတ္တရဧဝနာနိစ ယထာသက် အရိယာနမေဝ သမုပ္ပဇ္ဇန္တိ၊] အရကောက်၌ ဤနည်းကို ယူ၍ အနက်ပေးထားသည်။

တစ်နည်း [သိက္ခာ ဧတေသံ သီလန္တိ -သေက္ခာ၊] မဂ်လေးပါးနှင့် အောက်ဖိုလ်တရားတို့သည် မပြီးဆုံးသေးသောသိက္ခာ ဖြစ်ကြရကား မိမိကိုယ်တိုင်ပင် ကျင့်လေ့ရှိကြ၏၊ ကျင့်တတ်ကြ၏၊ ထို့ကြောင့် "သေက္ခ"ဟူသော အမည်ကို ရကြသည်။

ဤတတိယနည်းအလို "သေက္ခာ-မိမိတို့ကိုယ်တိုင် ကျင့်လေ့ရှိကြကုန်သော"ဟု အနက်ပေးသင့်၏။

http://www.dhammadownload.com

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	(အရဟတ္တဖိုလ်ကြဉ်) လောကုတ်-၇၊ စေ-၃၆၊	၄	၂	၂	၁
ဒု	အရဟတ္တဖိုလ်-၁၊ စေ-၃၆၊	၄	၂	၂	x
တ	ကီ-၈၁၊ စေ-၅၂၊ ရုပ်၊ နိ၊	၅	၁၂	၁၈	၃

သေက္ခာ-သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ဥစ္စာဖြစ်ကုန်သော၊

အသေက္ခာ-ရဟန္တာပုဂ္ဂိုလ်တို့၏ဥစ္စာဖြစ်ကုန်သော၊

နေဝသေက္ခနာသေက္ခာ-သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ဥစ္စာလည်းမဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ဥစ္စာလည်းမဟုတ်ကုန်သော၊

အသေက္ခ [န သေက္ခာတိ-အသေက္ခာ၊] သေက္ခမဟုတ်သောတရားတို့သည် "အသေက္ခ" မည်၏၊ "အသေက္ခာ-သေက္ခမဟုတ်ကုန်သော"ဟု အနက်ပေးသင့်၏၊ အရကောက်၌ ပေးထားသော အနက်မှာ အဓိပ္ပာယ်ရစေကာမူ အဋ္ဌကထာဖွင့်, ဋီကာဖွင့်တို့နှင့်မညီ။

သေက္ခမမည်သော တရားများကား လောကီတရား, အရဟတ္တဖိုလ်, နိဗ္ဗာန်အားဖြင့် သုံးမျိုးရှိ၏၊ ထိုသုံးမျိုးလုံးကိုပင် ယူရမည်လော၊ အဘယ်တရားများကို ယူပါမည်နည်း ?။

"ယတ္ထ အာသင်္ကာ တတ္ထ ပဋိသေဓော ကာတဗ္ဗော-ယုံမှားဖွယ်ရှိရာ၌သာ အ(န) ပဋိသေဓဖြင့် တားမြစ်မှုကို ပြုသင့်၏"ဟူသည်နှင့်အညီ အရဟတ္တဖိုလ် သေက္ခတို့ကသာ သိက္ခာသုံးပါး၌ ဖြစ်သောတရား, ကျင့်လေ့ကျင့်ထရှိသော ပုဂ္ဂိုလ်၏ဥစ္စာ, ကိုယ်တိုင်ကျင့်တတ်သော တရားဟူသော အနက်အဓိပ္ပာယ်တို့နှင့် ညီညွတ်နေသောကြောင့် "သေက္ခဟူသော အမည်ကို ရများရလေရော့သလား"ဟု တွေးတောယုံမှားဖွယ် ရှိရကား၊ "နသေက္ခာ-အသေက္ခာ"ဟုပဋိသေဓပြုရန် သင့်တင့်လျော်ကန်၏၊ ထို့ကြောင့်အသေက္ခ-အရအရဟတ္တဖိုလ်တရားကိုသာ ယူရမည်၊ လောကီတရား, နိဗ္ဗာန်တရားတို့ကို မယူရချေ၊ အကျယ်ကို ဋီကာ၌ ရှုပါ။

တစ်နည်း တိုးပွားခြင်းသို့ ရောက်ကုန်ပြီးသော သေက္ခတရားတို့သည် "အသေက္ခ" မည်၏၊ "အ"သဒ္ဒါ ဝုဒိအနက်ဟော။

"အသေက္ခာ-တိုးပွားခြင်းသို့ ရောက်ပြီးသည်ဖြစ်၍ သိက္ခာသုံးပါး၌ ဖြစ်တတ်ကုန်သော၊ ဝါ-တိုးပွားခြင်းသို့ ရောက်ကုန်ပြီးသည်ဖြစ်၍ ကျင့်လေ့ကျင့်ထရှိသော ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်သော၊ ဝါ-တိုးပွားခြင်းသို့ ရောက်ကုန်ပြီးသည်ဖြစ်၍ မိမိကိုယ်တိုင်ကျင့်လေ့ကျင့်ထရှိကုန်သော"ဟု အနက်ပေးသင့်၏။

http://www.dhammadownload.com

၁၂-ပရိတ္တတိက်

ပထမပဒ- ပရိတ္တာ ဓမ္မာ၊
ဒုတိယပဒ- မဟဂ္ဂတာ ဓမ္မာ၊
တတိယပဒ- အပ္ပမာဏာ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	ကာမစိတ်-၅၄၊ စေ-၅၂၊ ရုပ်၊	၅	၁၂	၁၈	၂
ဒု	မဟဂ္ဂုတ်-၂၇၊ စေ-၃၅၊	၄	၂	၂	၁
တ	လောကုတ်-၈၊ စေ-၃၆၊ နိ၊	၄	၂	၂	၂

ပရိတ္တာ-နည်းသောအာနုဘော်ရှိကုန်သော၊

သေက္ခတရားခုနစ်ပါးတို့တွင် အကြီးဆုံးဖြစ်သော အရဟတ္တမဂ်သည် "အသေက္ခ" မည်၏၊ သို့ပင်ဖြစ်စေကာမူ ထိုအရဟတ္တမဂ်နှင့် စျာန်အင်္ဂါယှဉ်ပုံ-စသည်အားဖြင့် တူသောကြောင့် (သဒိသူပစာရ်အားဖြင့်) အရဟတ္တဖိုလ်ကသာ "အသေက္ခ"မည်ရလေတော့သည်၊ အကျယ်ကို ဋီကာ၌ ရှုပါ။

ပရိတ္တ [အာဒီယတေ ခဏ္ဍီယတေတိ-အတ္တံ၊ သမန္တ တော အတ္တံ-ပရိတ္တံ၊] သေးငယ်သော အရာဝတ္ထုဟူသည် ပိုင်းခြား၍ မရနိုင်သည်မဟုတ်၊ ဝန်းကျင်ပတ်လည်၌ အပိုင်းအခြား ရှိ၏၊ ထက်ဝန်းကျင်မှ ပိုင်းခြားအပ်၏၊ ထို့ကြောင့် "ပရိတ္တ"ဟူသော အမည်ကို ရရှိလေသည်။

[ပရိတ္တံဝိယာတိ-ပရိတ္တာ၊] ကာမတရားတို့သည် မဟဂ္ဂုတ်တရားတို့ကဲ့သို့ ကိလေသာကို မပယ်ခွာနိုင်ခြင်း, ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးကို မပေးနိုင်ခြင်း, (စျာနသမာပတ္တိဇော အစဉ်ကဲ့သို့)ကြာရှည်လေးမြင့် မတည်နိုင်ခြင်းကြောင့် တန်ခိုးပါဝါ နည်းပါးရကား သေးငယ်သော အရာဝတ္ထုနှင့် တူကြ၏၊ ထို့ကြောင့် "ပရိတ္တ"ဟူသော အမည်ကို ရရှိကြလေသည်။

"ပရိတ္တာ-(နည်းသောအာနုဘော် ရှိကုန်သည်၏ အဖြစ်ကြောင့်) ထက်ဝန်းကျင်မှ ပိုင်းခြားအပ်သော သေးငယ်သော အရာဝတ္ထုနှင့် တူကုန်သော"ဟု အနက်ပေးသင့်၏။

မဟဂ္ဂတ [မဟတ္တံ ဂတာ-မဟဂ္ဂတာ၊] ရှုပ, အရှုပတရားတို့သည် ကိလေသာကို ပယ်ခွာနိုင်ခြင်း, ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးရှိခြင်း, ရှည်သောအစဉ် ရှိခြင်းကြောင့် ကြီးကျယ်ခမ်းနားသည်၏ အဖြစ်သို့ရောက်သော တရားများ ဖြစ်ကြ၏၊ ထို့ကြောင့် "မဟဂ္ဂတ"ဟူသော အမည်ကို ရကြလေသည်။

http://www.dhammadownload.com

မဟဂ္ဂတာ-မြတ်သည်၏အဖြစ်သို့ ရောက်ကုန်သော၊ ဝါ-မြတ်ကုန်သော စျာန လာဘီပုဂ္ဂိုလ်တို့သည် ရောက်အပ်ကုန်သော၊

အပ္ပမာဏာ-နှိုင်းယှဉ်ခြင်းကို ပြုတတ်ကုန်သော ရာဂအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော၊

၁၃-ပရိတ္တာရမဏတိက်

ပထမပဒ- ပရိတ္တာရမဏာ ဓမ္မာ၊
ဒုတိယပဒ- မဟဂ္ဂတာရမဏာ ဓမ္မာ၊
တတိယပဒ- အပ္ပမာဏာရမဏာ ဓမ္မာ။

တစ်နည်း [မဟန္တေ ဟိ ဂတာ-မဟဂ္ဂတာ၊] ထိုရူပ, အရူပတရားတို့သည် မြင့်မြတ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ပညာ(ကျွဒ္ဓိပါဒ်)တို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့ ရောက်အပ်, ရအပ်သော တရားမျိုးဖြစ်ခြင်းကြောင့်လည်း "မဟဂ္ဂတ" မည်ကြလေသည်။

ပမာဏ [ပမီနန္တီ တိ-ပမာဏာ၊] ရာဂ-စသောတရားတို့သည် ဤသူကား ဂုဏ်အားဖြင့် ဤအဆင့်အတန်းမှာသာ ရှိသေးသည်-ဟု နှိုင်းယှဉ်တိုင်းတာတတ်၏၊ ထို့ကြောင့် "ပမာဏ" မည်ကြလေသည်။

ဥပမာအားဖြင့် မိမိကို ရဟန္တာ-ဟုထင်နေသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှာ ဝိသဘာဂအာရုံကို မြင်တွေ့၍ ရာဂတရား ဖြစ်ပွားခဲ့သည်ရှိသော် ထိုရာဂတရားက "သင် ရဟန္တာမဟုတ်သေး၊ ပုထုဇဉ်-စသော အဆင့်အတန်းမှာသာ ရှိသေးသည်" စသည်ဖြင့် တိုင်းတာပေးသကဲ့သို့ ဖြစ်ပေသည်၊ ဒေါသ-စသည်တို့နှင့် စပ်၍လည်း နည်းမှီကြံစည်စဉ်းစားပါ၊ ထို့ကြောင့် "ရာဂ-စသော တရားတို့သည် ဤသူကား ။ပ။ ပမာဏ မည်ကြလေသည်"ဟု ဆိုခဲ့ရပေသည်။

အပ္ပမာဏ [နတ္ထိ ပမာဏံ ဧတေသန္တိ-အပ္ပမာဏာ၊] လောကုတ္တရာတရားတို့ကို ရာဂ-စသော တရားတို့က အာရုံလည်းမပြုနိုင်၊ ယှဉ်လည်း မယှဉ်နိုင်ကြချေ၊ ထို့ကြောင့် ထိုလောကုတ္တရာတရားတို့သည် "အပ္ပမာဏ"ဟူသော အမည်ကို ရကြလေသည်။ ("အ" သဒ္ဒါ အဘာဝအနက်ဟော။)

တစ်နည်း [နာ ပမာဏာ-အပ္ပမာဏာ၊] လောကုတ္တရာ တရားတို့သည် ပမာဏ မည်သော ရာဂ-စသည်တို့၏ ပြောင်းပြန်ဆန့်ကျင်ဘက် ဖြစ်ကြ၏၊ ထို့ကြောင့်လည်း "အပ္ပမာဏ"ဟူသော အမည်ကို ရကြလေသည်၊ ("အ"သဒ္ဒါ ဝိရဒ္ဓအနက်ဟော၊) ဋီကာဌ အဋ္ဌကထာနည်းနှင့် မတူသောဖွင့်ဆိုချက် ပါသေး၏၊ အလိုရှိက ရှုတော့။

ပရိတ္တာရမဏ [ပရိတ္တံ အာရမဏံ ဧတေသန္တိ-ပရိတ္တာရမဏာ၊] ပရိတ္တတရားလျှင် အာရုံရှိကုန်သော-ဟု အနက်ပေးထားသော ပထမနည်း၌ "လျှင်"ဟူသော

http://www.dhammadownload.com

ပဒ	တရားကိုယ်အရကောက်	သင်္ဂီတ			
		ခ	အ	ဓ	သ
ပ	(မြဲ)ဒွေ-၁၀၊နောဓတ်-၃၊တီ-၃၊မဟာဝိ-၈၊ဟသိ၊ စေ-၃၃၊ (ခိုက်)အကု-၁၂၊နောဒွါ၊မဟာကု-၈၊ကြိ-၈၊ဘိ်ဒွေ၊စေ-၅၀၊	၄	၂	၈	၂
ဒု	(မြဲ)ဝိညာ-၃၊ နေ၀-၃၊ စေ-၃၀၊ (ခိုက်)အကု-၁၂၊နောဒွါ၊မဟာကု-၈၊ကြိ-၈၊ဘိ်ဒွေ၊ စေ-၄၇၊	၄	၂	၂	၂
တ	(မြဲ) လောကုတ်-၈၊ စေ-၃၆၊ (ခိုက်) နောဒွါ၊မဟာကုသံ-၄၊ကြိသံ-၄၊ဘိ်ဒွေ၊စေ-၃၃၊	၄	၂	၂	၂
မုတ်	ပညတ်ဧ-၂၁၊ စေ-၃၅၊ အနေ-၃၁၊ စေ-၄၉၊ ရုပ်၊ နိ၊				

ပရိတ္တာရမဏာ-ပရိတ္တတရားလျှင်အာရုံရှိကုန်သော၊ ဝါ-ပရိတ္တတရားကို အာရုံပြုကုန်သော၊

မဟဂ္ဂတာရမဏာ-မဟဂ္ဂုတ်တရားလျှင် အာရုံရှိကုန်သော၊ ဝါ-မဟဂ္ဂုတ် တရားကို အာရုံပြုကုန်သော၊

အပ္ပမာဏာရမဏာ-အပ္ပမာဏတရားလျှင် အာရုံရှိကုန်သော၊ ဝါ-အပ္ပမာဏ တရားကို အာရုံပြုကုန်သော၊

ပထမပုဒ်၏အရကား- ပရိတ္တတရားကို မြဲသောအားဖြင့်အာရုံပြုသော ဒွေးပဉ္စ ဝိညာဉ်တစ်ဆယ်, မနောဓာတ်သုံးခု, သန္တီရဏသုံးခု, မဟာဝိပါက်ရှစ်ခု, ဟသိ တုပ္ပဒ်စိတ်တစ်ခု, စေတသိက် တေတ္တိ်သ၊ ပရိတ္တတရားကို အာရုံပြုခိုက် အကုသိလ် ဒွါဒသ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာစိတ် ရှစ်ခု, အဘိညာဉ်ဒွေး, အပ္ပမညာကြဉ်သော စေတသိက်ပညာသ ရ၏။ [ပရိတ္တာရမဏာစိတ် ၅၆-ခု၊ စေတသိက်ပညာသတို့ကို အခြေခံထား၍ ခန္ဓာ-စသည် ဖွဲ့လေ။]

သဒ္ဒါသည် "ဧ၀"သဒ္ဒါ၏ ပရိယာယ်သဒ္ဒါ မဟုတ်ချေ၊ ပရိတ္တနှင့် အာရမဏာတို့ အရတူ ကြောင်းကို ပြသော ဝိသေသနဧေတကသဒ္ဒါမျိုးသာ ဖြစ်ပေသည်၊ ပရိတ္တတရားဟူသော အာရုံရှိကုန်သော-ဟု ဆိုလိုပါသည်၊ ထို့ကြောင့် ပရိတ္တတရားကို အာရုံပြုကုန်သော-ဟူသော အနက်နှင့် တစ်စုံတစ်ရာ အဓိပ္ပာယ်သဘောသွား ထူးခြားကွဲပြားမှု မရှိပါချေ၊ ပထမအနက်ကား သဒ္ဒတ္ထဖြစ်၍ ဒုတိယအနက်ကား ဝေါဟာရတ္ထမျှသာ ဖြစ်ပေသည်။

မှတ်ချက် မြဲသောအားဖြင့်အာရုံပြုသောဟူသည်ကား "ဧကန်အာရုံပြုသော"ဟုဆိုလိုသည်၊ အာရုံပြုခိုက်ဟူသည်ကား "အနေကန်အားဖြင့်အာရုံပြုသော"ဟု ဆိုလိုသည်။

အပ္ပမညာစေတသိက်သည် သတ္တ၀ါပညတ်ကိုသာ အာရုံပြု၏၊ ကာမကို အာရုံမပြုနိုင်၊ ထိုသို့ အာရုံပြားသောကြောင့် ပထမပုဒ်၌ အပ္ပမညာကို ကြဉ်ရသည်။

http://www.dhammadownload.com

ဒုတိယပုဒ်၏အရကား- မဟဂ္ဂုတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ်သုံးခု, နေဝသညာနာသညာယတနစိတ်သုံးခု, စေတသိက် တိ သ၊ မဟဂ္ဂုတ်တရားကို အာရုံပြုခိုက် အကုသိုလ်စိတ်ဒွါဒသ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာစိတ်ရှစ်ခု, အဘိညာဉ်ဒွေး, ဝိရတိ အပွမညာကြဉ်သော စေတသိက်သတ္တစတ္တာလီသ ရ၏။ [ဧကန် ၆-ခု, အနေကန် ၃၁-ခု ပေါင်းက မဟဂ္ဂတာရမဏစိတ် ၃၇-ခုဖြစ်၏၊ စေတသိက်မှာ ၄၇-ခုပင်၊ ခန္ဓာ-စသည် ဖွဲ့ပါလေ။]

တတိယပုဒ်၏အရကား- အပွမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ္တရာစိတ်ရှစ်ခု, စေတသိက်ဆတ္တိ သ၊ အပွမာဏတရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခု, မဟာကြိယာဉာဏသမ္ပယုတ်လေးခု, အဘိညာဉ်ဒွေး, ဝိရတိ အပွမညာကြဉ်သော စေတသိက်တေတ္တိ သ ရ၏။ [ဧကန်၈-ပါး, အနေကန် ၁၁-ပါး နှစ်ရပ်ပေါင်းက အပွမာဏာရမဏစိတ် ၁၉-ပါး ဖြစ်၏၊ စေတသိက်မှာ ၃၆-ပါးပင်ဖြစ်သည်၊ ခန္ဓာ-စသည် ဖွဲ့ပါလေ။]

ဧကန် ၂၅-ပါး, အနေကန် ၃၁-ကိုပေါင်းက ပရိတ္တာရမဏစိတ် ၅၆-ပါး ဖြစ်၏၊ ကာမစိတ် ၅၄-ပါးနှင့် အဘိညာဉ်ဒွေးတို့ပင်တည်း။

မဟဂ္ဂတာရမဏ [မဟဂ္ဂတံ အာရမဏံ ဧတေသန္တိ -မဟဂ္ဂတာရမဏာ၊] "မဟဂ္ဂုတ်-ဟု ဆိုအပ်သော အာရုံရှိသောတရား= မဟဂ္ဂုတ်ကို အာရုံပြုသောတရား" ဟု ဆိုလိုသည်။

ဝိရတိ လောကီဝိရတိသည် "လောကဖြစ်ဘိ, ဝိရတိမူ, ဝိတိက္ကမိတဗ္ဗ, သမုတ်ရသည့်, ကာမနာမ်ရုပ်, ပစ္စုပ်မြဲမှတ်"ဟူသော ဆရာမြတ်တို့၏ မိန့်ဆိုချက်အရ ဝိတိက္ကမိတဗ္ဗဝတ္ထု-ဟု ဆိုအပ်သော ပစ္စုပ္ပန်ဖြစ်သော ကာမစိတ်, စေတသိက်, ရုပ်တရားများကိုသာ အာရုံပြု၏၊ အပွမညာမူ သတ္တဝါပညတ်ကိုသာ အာရုံပြုသည်၊ ထို့ကြောင့် ဝိရတိ, အပွမညာ နှစ်မျိုးလုံးပင် မဟဂ္ဂုတ်ကို အာရုံမပြုနိုင်ကြချေ၊ သို့ဖြစ်၍ ဒုတိယပုဒ်၌ ဝိရတိ အပွမညာတို့ကို ကြဉ်ကောက်ရသည်။

အပွမာဏာရမဏ [အပွမာဏံ အာရမဏံ ဧတေသန္တိ -အပွမာဏာရမဏာ၊] "အပွမာဏ-ဟု ဆိုအပ်သော အာရုံရှိသောတရား, အပွမာဏကို အာရုံပြုသောတရား"ဟု ဆိုလိုသည်။

စေတသိက်ကြဉ်ရပုံ ဤတတိယပုဒ်အရ အနေကန်ကို ကောက်ရာ၌ အပွမညာမျှကိုသာ ကြဉ်ကြ၏၊ ဝိရတိ အပွမညာ နှစ်မျိုးလုံးကိုပင် ကြဉ်သင့်သည်၊ အဘယ်ကြောင့်နည်း ?၊ ဆိုခဲ့ပြီးသည့်အတိုင်း လောကီဝိရတိက ကာမကိုသာ အာရုံပြု၍ အပွမညာက သတ္တဝါပညတ်ကိုသာ အာရုံပြုသောကြောင့်တည်း။

http://www.dhammadownload.com

တိက်မုတ် ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော အာကာသာနဉ္စာယတနစိတ်သုံးခု, အာကိဉ္စညာယတနစိတ်သုံးခု,အဘိညာဉ်ဒွေးမှတစ်ပါး ရူပစိတ်တစ်ဆယ့်ငါးခု, စေတသိက်ပဉ္စတ္တိံသ၊ ပညတ်တရားကို အာရုံပြုခိုက် အကုသိုလ်ဒွါဒသ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ရှစ်ခု, မဟာကြိယာရှစ်ခု, အဘိညာဉ်ဒွေး, ဝိရတိကြဉ်သော စေတသိက်ဧကူနပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်–ဟုဆိုအပ်သော ကြွင်းသောပရမတ္ထတရား ရှိသည်၏အဖြစ်ကြောင့် သပွဒေသတိက် မည်၏။

၁၄–ဟီနတိက်

ပထမပဒ–ဟီနာ ဓမ္မာ၊
ဒုတိယပဒ– မဇ္ဈိမာ ဓမ္မာ၊
တတိယပဒ– ပဏီတာ ဓမ္မာ။

တိက်မုတ် စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်, ပညတ်တို့ကိုပင် အာရုံခြောက်ပါး–ဟု ခေါ်သည်၊ထိုအာရုံခြောက်ပါးကို ကာမ, မဟဂ္ဂုတ်, အပ္ပမာဏ, ပညတ်–ဟု လေးမျိုးခွဲက အကုန်ပါဝင်သွား၏၊ ဤတိက်ပုဒ်သုံးခု၏ အရဏ် ပညတ်ဧကန် အနေကန်တို့ မပါဝင်ခဲ့ချေ၊ ကြွင်းကျန်နေပေသည်၊ ထိုကြောင့် ထိုပညတ်ဧကန် အနေကန်နှင့် အနာရမဏဖြစ်သော ရုပ်, နိဗ္ဗာန်တို့ကို တိက်မုတ် ထုတ်ရပေသည်။

အဘိညာဉ်ဒွေးမှတစ်ပါး ရူပစိတ်တစ်ဆယ့်ငါးခုဆိုရာ၌ အဘိညာဉ်အဆင့်အတန်းသို့ မရောက်သော(အဘိညာဉ်ကိစ္စမတပ်သော) ရူပပဉ္စမစျာန်များလည်း ရှိသေးရကား အဘိညာဉ်ကို ကြဉ်စေကာမူ စိတ်အရေအတွက် မလျော့တော့ချေ။

တိက်ဝင်, တိက်မုတ်နှစ်ပါးဖြစ်သော တရားများ အကုသိုလ်ဒွါဒသ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာစိတ်ရှစ်ခု, အဘိညာဉ်ဒွေး ဤသုံးဆယ့်တစ်ပါးသော စိတ်တို့သည် အာရုံအလိုက် ထိုက်သည်အားလျော်စွာ တိက်ပုဒ်များ၏အရဏ်လည်း ပါဝင် ကြ၏၊ တိက်မုတ်ထဲ၌လည်း ပါဝင်ကြ၏၊ ထို့ကြောင့် ၄၄းတို့ကို တိက်ဝင်, တိက်မုတ် နှစ်ပါးဖြစ်သောတရားများ–ဟု ခေါ်ဝေါ်သင့်ပေသည်၊ ကြွင်းသောအာရမဏတိက်များ၌လည်း ဖြစ်သင့်သည်အားလျော်စွာ ခွဲခြမ်းစိတ်ဖြာကြပါလေ။

ထင်ရှားစေပါဦးမည်– နွားတစ်ကောင်တည်းကိုပင် ထိုထိုအခိုက်အတန့်အားလျော်စွာ ဝစ္ဆ–(နွားကလေး), ဒမ္မ–(နွားပေါက်နွားသိုး), ဗလိဗဒ္ဒ–(နွားကြီး), ဇရဂ္ဂဝ–(နွားအို) စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ခေါ်ဝေါ်ရသကဲ့သို့တည်း။

ဟီန [ဟီယန္တေ တိ–ဟီနာ၊] အကုသိုလ်တရားတို့သည် စွန့်ပယ်အပ် စွန့်ပယ်ထိုက်သော တရားမျိုးဖြစ်ကြ၏၊ ယုတ်ညံ့အောက်ကျကုန်၏၊ ထို့ကြောင့် "ဟီန" မည်ကြသည်။ [ဟီနာတိ–လာမကာ အကုသလာ ဓမ္မာ၊ ၎။]

http://www.dhammadownload.com

ပဒ	တရားကိုယ်အရကောက်	သင်္ကေတ			
		ခ	အ	ဝ	သ
ပ	အကု-၁၂၊ စေ-၂၇၊	၄	၂	၂	၂
ဒု	ကိကု-၁၇၊ ကိဝိ-၃၂၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်၊	၅	၁၂	၁၈	၁
တ	လောကုတ်-၈၊ စေ-၃၆၊ နိ၊	၄	၂	၂	၂

ဟီနာ-ယုတ်ကုန်သော၊

မဇ္ဈိမာ-အလတ်ဖြစ်ကုန်သော၊ ဝါ-အယုတ်အမြတ်တို့၏ အလယ်၌ ဖြစ်ကုန်သော၊

ပဏီတာ-မြတ်ကုန်သော၊

၁၅-မိစ္ဆတ္တတိက်

ပထမပဒ-မိစ္ဆတ္တနိယတာ ဓမ္မာ၊
ဒုတိယပဒ- သမ္မတ္တနိယတာ ဓမ္မာ၊
တတိယပဒ- အနိယတာ ဓမ္မာ။

မဇ္ဈိမ [မဇ္ဈေ ဘဝါ-မဇ္ဈိမာ၊] လောကီကုသိုလ်, လောကီဝိပါက်, ကြိယာနာမကွန္ဓာ, ရုပ်တရားတို့သည် ယုတ်ညံ့သော အကုသိုလ်နှင့် မြင့်မြတ်သော လောကုတ္တရာ တရားတို့၏အလယ်၌ ဖြစ်ကြ၏၊ ထို့ကြောင့် (ထိုလောကီကုသိုလ်, လောကီဝိပါက်, ကြိယာနာမကွန္ဓာ, ရုပ်တရားတို့ကို) "မဇ္ဈိမ"ဟူသော အမည်ဖြင့် ဟောကြားတော်မူသည်။

ပဏီတာ [ပကဋ္ဌံ နီတာ-ပဏီတာ၊] မြင့်မြတ်သည်၏အဖြစ်သို့ ဆောင်အပ်သောကြောင့် "ပဏီတ"မည်၏။

မဂ်ဖိုလ်နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာတရားတို့သည် အမြင့်မြတ်ဆုံး အထက်တန်းအကျဆုံး ဖြစ်သောကြောင့်လည်းကောင်း, ပစ္စဝေက္ခဏာဝိထိဖြင့် ကစ်နေကုန် ဆင်ခြင်ကြည့်သော်လည်း တင်းတိမ်အားရမှုကို မဖြစ်စေတတ်သောကြောင့်လည်းကောင်း, ထို့ပြင် ဖိုလ်တရားတို့သည် တစ်နေကုန် ဖလသမာပတ်ဝင်စားနေပါသော်လည်း တင်းတိမ်အားရမှုကို မဖြစ်စေတတ်သောကြောင့်လည်းကောင်း "ပဏီတ" ဟူသော အမည်ကို ရကြသည်။ [ဥတ္တမတ္ထေန အတပ္ပကဋ္ဌေနစ ပဏီတာ လောကုတ္တရာ ဓမ္မာ၊ ၌။]

မိစ္ဆတ္တ [မိစ္ဆာ အတ္တာ ယေသန္တိ-မိစ္ဆတ္တာ၊] အာနန္တရိယကံ ငါးပါး, နိယတမိစ္ဆာဒိဋ္ဌိ တရားတို့သည် မှားယွင်းဖောက်ပြန်သော သဘော ရှိသောကြောင့် "မိစ္ဆတ္တ"မည်ကြ၏။ ["အတ္တ"သဒ္ဒါ သဘာဝအနက်ဟော။]

http://www.dhammadownload.com

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	နိယတမိစ္ဆာ-ပ-ဖြစ်သော ဒိ-သံ-၄ သတ္တမဏော၊ စေ-၂၁၊ ပဋ္ဌာနန္တ ရိယ-ပ-သော ဒေါဒွေး သတ္တမဏော၊ စေ-၂၂၊	၄	၂	၂	၂
ဒု	မဂ်စိတ်-၄၊ စေ-၃၆၊	၄	၂	၂	၁
တ	နိယတမိစ္ဆာ-ပ-ဖြစ်သော ဒိသံ-၄ သတ္တမဏော၊ ပဋ္ဌာနန္တ ရိယ-ပ-သော ဒေါဒွေးသတ္တမဏောမှတစ်ပါး အကု-၁၂၊ ကိကု-၁၇၊ ဝိ-၃၆၊ ကြို-၂၀၊ စေ-၅၂၊ ရုပ်၊ နိ၊	၅	၁၂	၁၈	၃

မိစ္ဆတ္တနိယတာ-ဖောက်ပြန်သော သဘောရှိကုန်သည်ဖြစ်၍ စုတိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော၊

မာတုဃာတက ပိတုဃာတက-စသော ပဋ္ဌာနန္တ ရိယက် ပြုသူတို့သည် "ဤအမေ အဖေသေပါမှ သူတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာကို ရ၍ ငါ့မှာ စီးပွားချမ်းသာတိုးတက်မည်" စသည်ဖြင့် မျှော်မှန်းချက် ရှိသောကြောင့်သာ အမေသတ်မှု အဖေသတ်မှု-စသော ပဋ္ဌာနန္တ ရိယက်ကို ပြုကြ၏၊ ထိုသို့ပင် ပြုကြသော်လည်း ကံပြုပြီးသည့်နောက် အဖမ်းအဆီး အချုပ်အနှောင် ခံရခြင်း, နောင်တတစ်ဖန် ပူပန်ရခြင်း, သေစားသေရခြင်း, သေပြီးသည့်နောက် အဝီစိသို့ ကျရောက်ရခြင်း-စသည်တို့ကြောင့် မျှော်မှန်းချက်မကိုက်ဘဲ ရှိကြရကား ထို အမေသတ်မှု အဖေသတ်မှု-စသော ပဋ္ဌာနန္တ ရိယက်တို့သည် မှားယွင်းသော သဘော ရှိကြလေသည်။

မိစ္ဆာအယူကို ယူသူတို့သည်လည်း "ဤအယူမျိုးကို ယူမှသာ ငါ့မှာ စီးပွားချမ်းသာတိုးတက်မည်" စသည်ဖြင့် မျှော်မှန်းချက် ရှိကြသောကြောင့်ပင် မိစ္ဆာအယူကို ယူကြ၏၊ သို့ပင်ဖြစ်စေကာမူ ထိုအယူကို ယူပြီးသောအခါ၌ကား ပစ္စက္ခဘဝဝယ် မသိသာ မထင်ရှားသေးသော်လည်း သေပြီးသည့်နောက် အဝီစိသို့ ကျရောက်ရခြင်း-စသည်တို့ကြောင့် မျှော်မှန်းချက်မကိုက်ဘဲ ရှိရကား ထိုမိစ္ဆာအယူတို့လည်း မှားယွင်းသောသဘော ရှိကြလေသည်။

ထို့ပြင် အသုဘ-စသည်ဖြစ်သော ခန္ဓာငါးပါးအပေါ်၌ သုဘ-စသောစွဲလမ်းမှု, အထင် လွဲမှားမှု အားကြီးခြင်းကြောင့်လည်း ပဋ္ဌာနန္တ ရိယက်ကို ပြုလုပ်ကြ, နိယတမိစ္ဆာအယူကို ယူကြ၏၊ သို့ရာတွင် ထင်မှတ်စွဲလမ်းသည့်အတိုင်း သုဘ-စသည်မဟုတ်ဘဲ အသုဘ-စသည်အစစ် ပြောင်းပြန်ဖြစ်နေရကား ထိုပဋ္ဌာနန္တ ရိယက်နှင့် နိယတမိစ္ဆာအယူတို့သည် မှားယွင်းဖောက်ပြန်သော သဘော ရှိကြလေသည်။

ဆိုခဲ့ပြီးသည့်အတိုင်း မှားယွင်းဖောက်ပြန်သော သဘောရှိသောကြောင့် ထိုပဋ္ဌာနန္တ ရိယက်နှင့် နိယတမိစ္ဆာအယူတို့ကို "မိစ္ဆတ္တ"ဟု ခေါ်ရသည်။ ["ဟိတသုခါဝဟာ မေ

http://www.dhammadownload.com

သမ္မတ္တနိယတာ-မဖောက်ပြန်သော သဘောရှိကုန်သည်ဖြစ်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော၊

အနိယတာ-နှစ်ပါးသောအခြင်းအရာတို့ဖြင့် မမြဲကုန်သော၊

ဘဝိဿန္တိ"တိ ဧဝံ အာသီသိတာပိ တထာ အဘာဝတော, အသုဘာဒီသုယေဝ "သုဘ"န္တိ အာဒိဝိပရီတပ္ပဝတ္တိတော စ မိစ္ဆာသဘာဝါတိ-မိစ္ဆတ္တာ၊ ၌။]

နိယတာ [နိယမန္တီတိ-နိယတာ၊] ပဋိသန္ဓေ ရိယက်နှင့် နိယတမိစ္ဆာဒိဋ္ဌိတရားတို့သည်ပင် အကျိုးပေးခဲ့ပါလျှင် စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲဖြစ်သောကြောင့် "နိယတ" လည်း မည်ကြပြန်သည်။

အမေကိုသတ်မှု-စသော ပဋိသန္ဓေ ရိယက် နှစ်ခု သုံးခု-စသည် အများပြုမိပါလျှင် အားကြီးသောက် တစ်ခုက အဝီစိ၌ အကျိုးပေး၏၊ အခြားက်များကား ထိုအကျိုးပေးသောက်၏ အကူအညီ အထောက်အပံ့မျှသာ ဖြစ်၍ ပဋိသန္ဓေအကျိုးကို မပေးတော့ချေ၊ ဤသို့ အားကြီးသောက်တစ်ခုက အကျိုးပေးသောအခါ အခြားက်များအတွက် အကျိုးပေးခွင့် မရှိတော့ရကား "အကျိုးပေးခဲ့ပါလျှင်" စသော ပရိကပ္ပစကားကို ဆိုခဲ့ရပေသည်။

"သို့ဖြစ်ခဲ့လျှင်" အကျိုးပေးခွင့်မရှိသောက်မှာ နိယတသဘော, အာနန္တရိယသဘော ရှိနိုင်ပါဦးမည်လော-ဟူမူ မိမိထက်အားကြီးသော အခြားအာနန္တရိယက် ရှိနေသောကြောင့်သာ အကျိုးမပေးဘဲ နေရသည်၊ အကယ်၍ မိမိထက် အားကြီးသော အခြားအာနန္တရိယက် မရှိခဲ့ပါလျှင် စုတိ၏ အခြားမဲ့၌ ဧကန်ပင် အကျိုးပေးရပေလိမ့်မည်၊ ထို့ကြောင့် နိယတသဘော, အာနန္တရိယသဘော တကယ်ပင် ရှိနိုင်ပေသည် ဟူလို။

မိစ္ဆတ္တနိယတာ [မိစ္ဆတ္တာစ တေ နိယတာစာတိ-မိစ္ဆတ္တနိယတာ၊] မှားယွင်းဖောက်ပြန်သော သဘောရှိခြင်း, စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲခြင်းဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပဋိသန္ဓေ ရိယက်နှင့် နိယတမိစ္ဆာဒိဋ္ဌိတရားတို့သည် "မိစ္ဆတ္တနိယတ"ဟူသော အမည်ကို ရကြလေသည်။

နိယတမိစ္ဆာဒိဋ္ဌိ [မိစ္ဆာ ပသတီတိ-မိစ္ဆာဒိဋ္ဌိ၊] အမှန်သဘောအတိုင်း မမြင်မူ၍ မှားယွင်းဖောက်ပြန်သောအားဖြင့် မြင်တတ်သော ဒိဋ္ဌိစေတသိက်သည်ပင် "မိစ္ဆာဒိဋ္ဌိ"မည်၏၊ [နိယတာစ သာ မိစ္ဆာဒိဋ္ဌိစာတိ-နိယတမိစ္ဆာဒိဋ္ဌိ၊] စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိ သုံးမျိုးတို့သာ "နိယတမိစ္ဆာဒိဋ္ဌိ"မည်ကြသည်။

နတ္ထိကဒိဋ္ဌိ နောက်နောက်သောဘဝ၌ အကျိုးမရှိဟု အကျိုးဝိပါက်ကို တားမြစ်သော အယူသည် "နတ္ထိကဒိဋ္ဌိ"မည်၏၊ အကျိုးကိုပယ်က အကြောင်းက်ကိုလည်း ပယ်ပြီးပင် ဖြစ်တော့သည်။ [ဝိပါကံ ပတိဗာဟေန္တေ နာဝိ ကမ္မံ ပတိဗာဟိတံ ဟောတိ၊ သီ-၌။]

http://www.dhammadownload.com

ပထမပုဒ်၏အရကား– နိယတမိစ္ဆာဒိဋ္ဌိကံ၏အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌဂတသမ္မယုတ်စိတ်လေးခုသတ္တမဧော, မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဧကဝီသ၊ မာတုဃာတက ပိတုဃာတက အရဟန္တဃာတက လောဟိတုပ္ပာဒက သံဃဘေဒကတည်းဟူသော ပဉ္စာနန္တရိယကံ၏အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေးသတ္တမဧော, ပီတိ လောဘ ဒိဋ္ဌိ မာန ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဗာဝီသ ရ၏။ [နှစ်ရပ်ပေါင်း အကုသိုလ်စိတ် ၆–ခု, စေတသိက်ပဉ္စဝီသ၊ ခန္ဓာ–စသည် ဖွဲ့.ပါ။]

အဟေတုကဒိဋ္ဌိ အကြောင်းလည်းမရှိ, အကျိုးလည်းမရှိဟု အကြောင်းအကျိုးနှစ်ပါးကို ပယ်သောအယူသည် "အဟေတုကဒိဋ္ဌိ"မည်၏၊ အဟေတုက အကြောင်းမရှိဟု ဆိုသဖြင့် အကြောင်းနှင့်ဆက်သွယ်၍ဖြစ်ရသော အကျိုးလည်းမရှိ–ဟု ဆိုရာရောက်၏၊ ထို့ကြောင့် အကြောင်းအကျိုး နှစ်ပါးကို ပယ်သည် မည်တော့၏။ ["နတ္ထိ ဟေတူ"တိ ဝဒန္တော ဥဘယံ ပတိဗာဟတိ၊ သီ–ဋ။]

အကြိယဒိဋ္ဌိ ကောင်းမှု, မကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်၊ ပြုရာမရောက်–ဟု အကြောင်းကံကို တားမြစ်သော အယူသည် "အကြိယဒိဋ္ဌိ" မည်၏၊ အကြောင်းကံကို တားမြစ်လျှင် ထိုကံ၏အကျိုးကိုလည်း တားမြစ်ရာရောက်၏။ [ကမ္မံ ပတိဗာဟေန္တေ နာပိ ဝိပါကော ပတိဗာဟိတော ဟောတိ၊ သီ–ဋ။]

ဤသို့ မိစ္ဆာအယူ ၃–မျိုးပင် ကံနှင့်ကံ၏အကျိုးကို တားမြစ်ကြသည်။

ပဉ္စာနန္တရိယ [အနန္တရေ နိယုတ္တံ–အာနန္တရိယံ၊] စုတိ၏အခြားမဲ့(ဒုတိယဘဝ)၌ အကျိုးပေးသောကံသည် "အာနန္တရိယ"မည်၏။

ထိုကံတို့သည် ၁။ မာတုဃာတက–အမိကိုသတ်ခြင်း၊ ၂။ ပိတုဃာတက–အဘကိုသတ်ခြင်း၊ ၃။ အရဟန္တဃာတက–ရဟန္တာကို သတ်ခြင်း၊ ၄။ လောဟိတုပ္ပာဒက–သက်တော်ထင်ရှား ဘုရားရှင်၌ သွေးခြည်ဉာဏ်အောင် ပြုလုပ်ခြင်း၊ ၅။ သံဃဘေဒက–သံဃာအချင်းချင်း ဂိုဏ်းကွဲအောင် (အုပ်စုကွဲအောင်) ပြုလုပ်ခြင်းအားဖြင့် ငါးပါးရှိ၏၊ ထို့ကြောင့် ပဉ္စာနန္တရိယကံ–ဟု ဆိုရသည်။ [ဤကံများနှင့်စပ်လျဉ်း၍ အကျယ်ဖွင့်ဆိုချက်ကို တတိယပါရာဇိက အဋ္ဌကထာ–စသည်မှာ ရှုပါ။]

အားကြီးသောကံ ဤကံငါးမျိုးတို့တွင် နောက်နောက်သောကံသည် ရှေ့ရှေ့သောကံထက် အားကြီးသည်၊ သို့ပင်ဖြစ်စေကာမူ ရှေ့ကံနှစ်ပါးတို့တွင် မိဘနှစ်ဦး အကျင့်သီလရှိချင်း တူပါလျှင် အမိကျေးဇူးက ပိုများသောကြောင့် မာတုဃာတကကံက အားကြီး၏၊ အကယ်၍ အဘက အမိထက် အကျင့်သီလသာလွန်လျှင် ပိတုဃာတကကံက အားကြီး၏–ဟု ခြွင်းချက်ဖြင့် မှတ်သားသင့်၏။

http://www.dhammadownload.com

တတိယပုဒ်၏ အရကား- နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္မယုတ်စိတ်လေးခုသတ္တမဏော, မာတုဃာတက ပိတုဃာတက အရဟန္တဃာတက လောဟိတုပ္ပာဒက သံဃဘေဒကတည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေးသတ္တမဏောမှတစ်ပါး အကုသိုလ်ဒွါဒသ, လောကီ ကုသိုလ်သတ္တရသ, ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

သတ္တမဏော ဏောခုနစ်ချက်တို့တွင် ပထမဏောသည် ဒိဋ္ဌမမ္မဝေဒနီယကံမည်၏၊ အကြောင်းညီညွတ်လျှင် ပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးနိုင်၏၊ အလယ်ဏော ငါးချက်သည် အပရာပရိယဝေဒနီယကံမည်၏၊ တတိယဘဝမှ စ၍ နိဗ္ဗာန်မရမချင်း အခွင့်သာလျှင် အကျိုးပေးနိုင်သည်၊ သတ္တမဏောကား ဥပပဇ္ဇဝေဒနီယကံမည်၏၊ စုတိ၏ အနန္တရ(ဒုတိယဘဝ)၌ အကျိုးပေးနိုင်သည်၊ ထို့ကြောင့် သတ္တမဏောကိုသာ ကောက်ရသည်၊ ပထမဏောနှင့် အလယ်ဏောငါးချက်တို့ကား တတိယပုဒ်၌ ဝင်ကုန်၏၊ ထို့ကြောင့် တတိယပုဒ်အရကို "နိယတ ။ပ။ သတ္တမဏောမှတစ်ပါး"ဟု ဝိသေသန ကူမ၍ ကောက်ရသည်။

သမ္မတ္တ [သမ္မာ အတ္တာ ဧတေသန္တိ-သမ္မတ္တာ၊] မဂ်လေးခုတို့သည် မဖောက်မပြန် မှန်ကန်သောသဘော ရှိကြ၏၊ ထို့ကြောင့် "သမ္မတ္တ"မည်ကြသည်။

ယောဂီပုဂ္ဂိုလ်တို့သည် ဤမဂ်ကို ဖြစ်ပွားစေသည်ရှိသော် ချမ်းသာသုခကို ဧကန်ပင် ရရှိပေလိမ့်မည်-ဟု မျှော်မှန်းချက်ထားလျက် မဂ်ရအောင် ကြိုးစားအားထုတ်ကြ၏၊ မဂ်ရပြီးသည်နှင့် တစ်ပြိုင်နက် ဖိုလ်တည်းဟူသောအကျိုး, ထို့နောက် ဖလသမာပတ္တိသုခတည်းဟူသောအကျိုး, ဒုဂ္ဂတိဘုံဘဝမှ ကင်းဝေးရခြင်း-စသော အကျိုးတို့ကို ရခြင်းကြောင့် မျှော်မှန်းချက်နှင့် ကိုက်ညီရကား ထိုမဂ်တရားတို့သည် မဖောက်မပြန် မှန်ကန်သောသဘော ရှိကြလေသည်။

ထိုပြင် မဂ်ကိုဖြစ်ပွားစေသော ပုဂ္ဂိုလ်တို့သည် အသုဘ, အနိစ္စ-စသည်ဖြစ်သော ခန္ဓာငါးပါးအပေါ် သုဘ, နိစ္စ-စသည်ဖြင့် ထင်မြင်လွဲမှားမှု ကင်းကွာ၍ အသုဘ, အနိစ္စ-စသည်ဖြင့် အမြင်မှန် ရရှိမှုကြောင့်လည်း မဂ်တရားတို့သည် မဖောက်မပြန် မှန်ကန်သော သဘော ရှိကြသည်၊ ထို့ကြောင့် ထိုမဂ်လေးပါးကို "သမ္မတ္တ"ဟု ခေါ်ရသည်။

သမ္မတ္တနိယတာ [သမ္မတ္တာစ တေ နိယတာစာတိ-သမ္မတ္တနိယတာ၊] မဖောက်မပြန် မှန်ကန်သော သဘောရှိခြင်း, မိမိ၏ အခြားမဲ့၌ (ကာလမခြားဘဲ) အကျိုးပေးမြဲခြင်း အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော မဂ်လေးပါးကိုပင် "သမ္မတ္တနိယတ" ခေါ်သည်။

အနိယတာ [ဥဘယထာပိ န နိယတာတိ-အနိယတာ၊] မိစ္ဆတ္တ, သမ္မတ္တ နှစ်မျိုးစုံသော အခြင်းအရာဖြင့် မမြဲသောတရားတို့သည် "အနိယတ"တို့ မည်၏။

http://www.dhammadownload.com

၁၆-မဂ္ဂါရမဏတိက်

ပထမပဒ-မဂ္ဂါရမဏာ ဓမ္မာ၊
ဒုတိယပဒ- မဂ္ဂဟေတုကာ ဓမ္မာ၊
တတိယပဒ- မဂ္ဂါဓိပတိနော ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂီတ			
		ခ	အ	ဓ	သ
ပ	သောမင်္ဂကို အာရုံပြု သော၏ မနော၊ ကုသံ-၄၊ ကုဘိ˙ သော,သမင်္ဂကို အာရုံပြု သ၏ ။ သော,သ,နာမင်္ဂကို အာရုံပြု နာ၏ ။ မင် ၄·ပါးကို အာရုံပြု ရဟန္တာ၏ မနော၊ကြိသံ-၄၊ ကြိဘိ˙၊စေ-၃၃၊	၄	၂	၂	၁
ဒု	[ပ] မင်-၄၊ စေ-၂၈၊ [ဒု] မင်-၄၊ *စေ-၃၄၊ [၃၆] [တ] မင်-၄၊ စေ-၃၅၊	၄	၂	၂	၁
တ	[ပ] သော-မင်္ဂကို အလေးပြု သော-၏ မဟာကုသံ-၄၊ သ-မင်္ဂကို ။ သ-၏ ။ နာ-မင်္ဂကို ။ နာ-၏ ။ အ-မင်္ဂကို ။ ရဟန္တာ၏ ကြိသံ-၄၊စေ-၃၃၊ [ဒု]မင်-၄၊ဝိရိတပ်-ဝိရိကြဉ်စေ-၃၅၊ဝိမံတပ်-ဝိမံကြဉ်စေ-၃၅၊ [တ] အဓိပတိတပ်ခိုက် ဝိရိယ၊ ဝိမံသ၊	၄	၂	၂	၂
မှတ်	မင်္ဂကိုအာရုံမပြုနေ အကု-၁၂၊ အဟိတ်-၁၇၊ကုဝိပ်-၄၊ မဟာဝိ-၈၊ကြိဝိပ်-၄၊ [ဘိ˙ဒွေးမှတစ်ပါး] ရူ-၁၅၊ အရူ-၁၂၊ ဖိုလ်-၄၊ စေ-၅၂၊ မင်္ဂကိုအာရုံမပြုခိုက် မနော၊ကုသံ-၄၊ကြိသံ-၄၊ ဘိ˙ဒွေး၊ စေ-၃၈၊ ရုပ်၊ နိ၊				

မဂ္ဂါရမဏာ-မင်္ဂလျှင်အာရုံရှိကုန်သော၊ ဝါ-မင်္ဂကို အာရုံပြုကုန်သော၊

မဂ္ဂ [နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီတိ-မဂ္ဂေါ၊] သောတာပတ္တိ-စသော မင်္ဂလေးပါးသည် နိဗ္ဗာန်ကို ရှာဖွေတတ်, အာရုံပြုတတ်၏၊ ထို့ကြောင့် "မဂ္ဂ"မည်၏။ [မဂ္ဂဓာတ်၊ ဂဝေသနတ္ထော၊ အ-ပစ္စည်း။]

တစ်နည်း [ကိလေသေ မာရေန္တော ဂစ္ဆတီတိ-မဂ္ဂေါ၊] သောတာပတ္တိမင်္ဂ-စသော မင်္ဂလေးပါးသည်ပင် ကိလေသာတို့ကို သတ်လျက် နိဗ္ဗာန်သို့ အာရုံပြု

http://www.dhammadownload.com

မဂ္ဂဟေတုကာ-မဂ်ဟုဆိုအပ်သောအကြောင်းရှိကုန်သော၊
တစ်နည်းကား= *မဂ္ဂဟေတုကာ-မဂ်နှင့်ယှဉ်သောဟိတ်ရှိကုန်သော၊
တစ်နည်းကား= *မဂ္ဂဟေတုကာ-မဂ်၌တည်သောဟိတ်ရှိကုန်သော၊

မဂ္ဂါဓိပတိနော-မဂ်ဟုဆိုအပ်သော အာရုံမဏာဓိပတိပစ္စည်း ရှိကုန်သော၊
တစ်နည်းကား= မဂ္ဂါဓိပတိနော-မဂ်ဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း ရှိကုန်သော၊
တစ်နည်းကား= မဂ္ဂါဓိပတိနော-မဂ်လျှင်သဟဇာတာဓိပတိပစ္စည်း ဖြစ်ကုန်သော၊

*[ပါဠိတော်နည်း, အဋ္ဌကထာဋီကာနည်းတို့နှင့်အညီ ပြုပြင်ထားသော ဒုတိယပဒ ဒုတိယနည်း, တတိယနည်း အနက်များကို အောက်အဓိပ္ပာယ်မှတ်ချက်၌ ရှုပါ။]

သောအားဖြင့် သွားရောက်တတ်၏၊ ထို့ကြောင့် "မဂ္ဂ"မည်၏။ [မာရေန္တ သဒ္ဒါပဒ, ဂမု-ဓာတ်၊ ကွိ-ပစ္စည်း။]

မဂ္ဂါရမဏာ [မဂ္ဂေါ အာရမဏံ ဧတေသန္တိ-မဂ္ဂါရမဏာ၊] မဂ်ဟူသောအာရုံရှိကုန်, မဂ်ကိုအာရုံပြုကုန်သော သဘောတရားတို့သည် "မဂ္ဂါရမဏာ" မည်ကြ၏။

မဂ်ကိုအာရုံပြုသောစိတ်တို့မှာ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု, အဘိညာဉ်ဒွေးအားဖြင့် တစ်ဆယ့်တစ်ပါးတို့ ဖြစ်ကြပေသည်၊ အာရုံပြုနိုင်သော ပုဂ္ဂိုလ်ကား ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့သာ ဖြစ်ကြပေသည်။

ထိုတွင် အောက်အောက်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည် ရဖူး, ဖြစ်ဖူးသော မဂ်များကိုသာ အာရုံပြုနိုင်ကြ၏၊ မရဘူးသေး, မိမိသန္တာန်၌ မဖြစ်ဘူးသေးသော အထက်အထက်မဂ်များကို အာရုံမပြုနိုင်ကြချေ။

ဒေါက်အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သော်မှ အထက်အထက်မဂ်များကို အာရုံမပြုနိုင်ကြပါလျှင် ပုထုဇဉ်ပုဂ္ဂိုလ်များ မဂ်ကို အာရုံပြုနိုင်လေရော့သလား-ဟု တွေးတောယုံမှားဖွယ်ပင် မရှိတော့ချေ၊ တကယ်ပင် မပြုနိုင်ကြတော့သည်သာ၊ ထို့ပြင် မဂ္ဂါရမဏာစိတ် မရှိသောကြောင့် မဂ်ပုဂ္ဂိုလ်များလည်း မဂ်ကို အာရုံမပြုနိုင်ကြချေ၊ ထို့ကြောင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့ကသာ မဂ်ကို အာရုံပြုနိုင်ကြောင်းမှာ သိသာထင်ရှားလှပါပြီ။

မဂ်ကို အာရုံပြုနိုင်သော စိတ်တို့မှာ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာ ဉာဏသမ္မယုတ်စိတ် လေးခု, အဘိညာဉ်ဒွေးအားဖြင့် ၁၁-ပါးသော စိတ်တို့ပင် ဖြစ်ကြသည်။ [ဉာဏသမ္မယုတ္တ ကာမာဝစရကုသလာနိစေဝ ။ပ။ ဝေါဋ္ဌဗ္ဗနဥ္စေတိ သဗ္ဗထာပိ သဗ္ဗာရမဏာနိ။]

A)

http://www.dhammadownload.com

ပထမပုဒ်၏ အရကား– သောတာပတ္တိမဂ်ကို အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု, ကုသိုလ်အဘိညာဉ်၊ သောတာပတ္တိမဂ် သကဒါဂါမိမဂ်နှစ်ပါးကို အာရုံပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု, ကုသိုလ်အဘိညာဉ်၊ သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ်သုံးပါးကို အာရုံပြုသော အနာဂါမ်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု, ကုသိုလ်အဘိညာဉ်၊ မဂ်လေးပါးကို အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခု, ကြိယာအဘိညာဉ်, ဝိရတိအပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ရ၏။ [မဂ္ဂါရမဏစိတ် တစ်ဆယ့်တစ်ခု။]

ထိုတွင် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု, ကုသိုလ်အဘိညာဉ်အားဖြင့် ငါးပါးသောစိတ်တို့သည် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်နိုင်ကြ၏၊ ရဟန္တာတို့၏ သန္တာန်၌မူ မဖြစ်နိုင်ကြချေ။

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်လေးခု, ကြိယာဘိညာဉ်အားဖြင့် ငါးပါးသောစိတ်တို့မူကား ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်နိုင်ကြ၏၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ မဖြစ်နိုင်ကြချေ။

မနောဒွါရာဝဇ္ဇန်းမူကား ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့၏ သန္တာန်၌ပင် ဖြစ်နိုင်ပေသည်၊ ထို့ကြောင့် "သောတာပတ္တိမဂ်ကို အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု, ကုသိုလ်အဘိညာဉ် ။ပ။ မဂ်လေးပါးကို အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း, မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခု, ကြိယာအဘိညာဉ်"ဟု ဆိုထားရပေသည်။

ထို့ပြင် လောကီဝိရတိသည် ကာမကိုသာ အာရုံပြု၏၊ အပ္ပမညာတို့လည်း သတ္တဝါပညတ်ကိုသာ အာရုံပြုကြသည်၊ မဂ်ကို အာရုံမပြုနိုင်ကြချေ၊ ထိုသို့ အာရုံပြားသောကြောင့် ဝိရတိနှင့် အပ္ပမညာတို့ မယှဉ်ထိုက်ရကား "ဝိရတိ အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ရ၏"ဟု ဆိုထားပေသည်။

မဂ်ကို ဧကန်အာရုံပြုသောတရား မရှိ၊ အနေကန်အာရုံပြုသောတရားသာ ရှိသည်၊ သို့ဖြစ်၍ "မြဲသောအားဖြင့် အာရုံပြုသော, အာရုံပြုခိုက်"ဟူ၍ အထူးမဆိုစေကာမူ အရကောက်၌ ကောက်ပြထားသော တရားများကား အနေကန်အာရုံပြုသော တရားများသာတည်း။

မဂ္ဂဟေတုကာ [မဂ္ဂေါ ဟေတု ဧတေသန္တိ–မဂ္ဂဟေတုကာ။] ဤပဒ၌ မဂ္ဂ–အရသောတာပတ္တိမဂ်–စသည်၌ပါသော အင်္ဂဂိကမဂ်ကို ယူရသည်။ [အင်္ဂဂိကောပိ မဂ္ဂေါ၊ ၌။]

http://www.dhammadownload.com

ပထမယောဇနာနည်း၌ မဂ္ဂဟေတုကာ ဓမ္မာဟူသော ဒုတိယပုဒ်၏ အရကား- မဂ်စိတ်လေးခု, မဂ္ဂင်တရားကိုယ်ရှစ်ပါးကြဉ်သော စေတသိက်အဋ္ဌဝိသ ရှု၏။

ဒုတိယယောဇနာနည်း၌ မဂ္ဂဟေတုကာ ဓမ္မာဟူသော ဒုတိယပုဒ်၏ အရကား- မဂ်စိတ်လေးခု *အလောဘ အဒေါသကြဉ်သော စေတသိက်စတုတ္ထိသ ရှု၏။ [ပြင်ထားသော အရကောက်ကို အောက်အဓိပ္ပာယ်မှတ်ချက်၌ ရှုပါ။]

ဟေတုအရ ဟိတ်ခြောက်ပါးကို မယူရ၊ မဂ္ဂပစ္စည်းတည်းဟူသော အကြောင်းကို ယူရသည်။ [ပစ္စယဋ္ဌေန ဇတေသံ ဟေတူတိ၊ ၌။]

သို့ဖြစ်၍ "အဋ္ဌင်္ဂိကမဂ်တည်းဟူသော အကြောင်းရှိသောတရား (အဋ္ဌင်္ဂိကမဂ်နှင့် ယှဉ်သောတရား)တို့ကို "မဂ္ဂဟေတုကမည်၏"ဟု ဆိုလိုသည်။

မဂ္ဂင်ရှစ်ပါးကား အကြောင်းသာဖြစ်သည်၊ အကြောင်းရှိသောတရား မဟုတ်၊ ထို့ကြောင့် "မဂ်စိတ်လေးခု, မဂ္ဂင်တရားကိုယ် ရှစ်ပါးကြဉ်သော စေတသိက်အဋ္ဌဝိသ"ဟု မဂ္ဂင်တရားကိုယ်ရှစ်ပါးကို ကြဉ်၍ ကောက်ရသည်။

ဤပထမနည်းသည် "အရိယမဂ္ဂသမင်္ဂိဿ မဂ္ဂင်္ဂါနိ ထပေတွာ တံ သမ္မယုတ္တော ဝေဒနာက္ခန္ဓော ။ပ။ ဝိညာဏက္ခန္ဓော၊ ဣမေ ဓမ္မာ မဂ္ဂဟေတုကာ"ဟူသော နိက္ခေပကဏ္ဍ ပါဠိတော်နှင့် ညီ၏။

တစ်နည်း [မဂ္ဂေန သမ္မယုတ္တာ ဟေတူ-မဂ္ဂဟေတူ၊] မဂ္ဂင်ရှစ်ပါးနှင့် ယှဉ်သော အလောဘ အဒေါသဟိတ် နှစ်ပါးသည် "မဂ္ဂဟေတု" မည်၏။

[မဂ္ဂေ ဟေတူ-မဂ္ဂဟေတူ၊] မဂ္ဂင်ရှစ်ပါးတည်းဟူသော မဂ်၌ပါဝင်သော သမ္မာဒိဋ္ဌိ မဂ္ဂင်တည်းဟူသော အမောဟဟိတ်သည်လည်း "မဂ္ဂဟေတု" မည်၏။

[မဂ္ဂဟေတူ စ မဂ္ဂဟေတူ စ-မဂ္ဂဟေတူ၊] မဂ်နှင့်ယှဉ်သော အလောဘ အဒေါသ, မဂ်၌ပါဝင်သော အမောဟဟိတ်တို့သည် "မဂ္ဂဟေတု" မည်၏၊ ထို့ကြောင့် မဂ္ဂဟေတုအရ မဂ်စိတ်နှင့်ယှဉ်သော အလောဘ, အဒေါသ, မဂ်၌ပါဝင်သော အမောဟဟိတ်သုံးပါးကို ကောက်ယူရကြောင်း သတိပြုပါ။

[မဂ္ဂဟေတူ ဟေတူ ဇတေသင်္ခိ-မဂ္ဂဟေတုကာ၊] မဂ်နှင့်ယှဉ်သောဟိတ်, မဂ်၌ပါဝင်သော ဟိတ်ရှိသော တရားတို့သည် "မဂ္ဂဟေတုက" မည်၏။

ဤနည်းအလိုအားဖြင့် "မဂ္ဂဟေတုကာ-မဂ်နှင့်ယှဉ်သောဟိတ်, မဂ်၌ပါဝင်သော ဟိတ်-ဟု ဆိုအပ်သော ဟိတ်ရှိကုန်သော"ဟု အနက်ပေး၍ "မဂ်စိတ်လေးခု, စေတသိက် ဆတ္တိသရှု၏"ဟု ကောက်သင့်၏။

ထိုသို့ ကောက်ယူမှသာ "အရိယမဂ္ဂသမင်္ဂိဿ အလောဘော, အဒေါသော, အမောဟော၊ ဣမေ ဓမ္မာ မဂ္ဂဟေတူ၊ တံသမ္မယုတ္တော ဝေဒနာက္ခန္ဓော ။ပ။ ဝိညာဏက္ခန္ဓော၊

http://www.dhammadownload.com

တတိယယောဇနာနည်း၌ မဂ္ဂဟေတုကာ ဓမ္မာဟူသော ဒုတိယပုဒ်၏ အရကား– မဂ်စိတ်လေးခု, အမောဟကြဉ်သော စေတသိက်ပဉ္စတ္တိ်သ ရ၏။ [သုံးနည်းအရ ပေါင်းက မဂ်စိတ်လေးခု, စေတသိက် ဆတ္တိ်သဖြစ်၏၊ ခန္ဓာ–စသည်ဖွဲ့ပါ။]

ပထမယောဇနာနည်း၌ မဂ္ဂါဓိပတိနော ဓမ္မာဟူသော တတိယပုဒ်၏ အရကား– သောတာပတ္တိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏

ဣမေ ဓမ္မာ မဂ္ဂဟေတုကာ”ဟူသော နိက္ခေပကဏ္ဍပါဠိတော်, “မဂ္ဂသမ္မယုတ္တာ ဝါ ဟေတူ, မဂ္ဂေ ဝါ ဟေတူတိ–မဂ္ဂဟေတူ၊ တေ ဧတေသံ ဟေတူတိပိ–မဂ္ဂဟေတုကာ” ဟူသော ဤတိကပဒအဖွင့် အဋ္ဌကထာနှင့် ညီညွတ်မည်။

အရကောက်၌ကား အဋ္ဌကထာလာ ဒုတိယနည်းကိုပင် နှစ်မျိုးခွဲလျက် “မဂ္ဂဟေတုကာ–မဂ်နှင့်ယှဉ်သောဟိတ်ရှိကုန်သော”ဟု အနက်ပေး၍ မဂ်စိတ်လေးခု, အလောဘ, အဒေါသကြဉ် စေတသိက်စတုတ္တိ်သ ရ၏ဟူ၍လည်းကောင်း, “မဂ္ဂဟေတုကာ–မဂ်၌ တည်သောဟိတ်ရှိကုန်သော”ဟု တတိယနည်း ယောဇနာ၍ မဂ်စိတ်လေးခု, အမောဟကြဉ် စေတသိက်ပဉ္စတ္တိ်သ ရ၏ဟူ၍လည်းကောင်း အရကောက်ထားသည်၊ ပါဠိတော်နှင့်လည်း မညီ, အဋ္ဌကထာနည်းလည်းမကျ, သဘာဝယုတ္တိလည်း မရှိလှသောကြောင့် ဆရာမြတ်တို့က ထိုနည်းကို အနှစ်သာရရှိသည်ဟု မယူဆကြချေ။

တစ်နည်း [မဂ္ဂေါ ဟေတု ဧတေသန္တိ–မဂ္ဂဟေတုကာ၊] သမ္မာဒိဋ္ဌိသည် မဂ္ဂင်တရားတွင် ပါဝင်သောကြောင့် မဂ်လည်းမည်၏၊ ဟိတ်ခြောက်ပါးတွင် အမောဟဟိတ် အနေဖြင့် ပါဝင်ပြန်သောကြောင့် ဟိတ်လည်းမည်၏။ [သမ္မာဒိဋ္ဌိ သယံ မဂ္ဂေါစေဝ ဟေတုစ၊ ဌ။]

ဤသို့ မဂ်လည်းမည်, ဟိတ်လည်းမည်သော သမ္မာဒိဋ္ဌိမဂ္ဂင်ရှိသောတရား (သမ္မာဒိဋ္ဌိ မဂ္ဂင်နှင့်ယှဉ်သောတရား)တို့သည် “မဂ္ဂဟေတုက”မည်၏။

ဤနည်းအလို “မဂ္ဂဟေတုကာ–မဂ်တည်းဟူသောဟိတ်ရှိကုန်သော”ဟု အနက်ပေး၍ “မဂ်စိတ်လေးခု, အမောဟကြဉ်သော စေတသိက်ပဉ္စတ္တိ်သ ရ၏”ဟုပင် ကောက်သင့်၏၊ (မဂ်တည်းဟူသော တစ်ခြားယှဉ်ဖက်ဟိတ် မရှိသောကြောင့် အမောဟကို ကြဉ်ရသည်။)

ဤနည်းသည် “အရိယမဂ္ဂသမင်္ဂိသ သမ္မာဒိဋ္ဌိ မဂ္ဂေါစေဝ ဟေတုစ၊ သမ္မာဒိဋ္ဌိ ထပေတွာ တံသမ္ပယုတ္တေ ဝေဒနာက္ခန္ဓော ။ပ။ ဝိညာဏက္ခန္ဓော၊ ဣမေ ဓမ္မာ မဂ္ဂဟေတုကာ”ဟူသော နိက္ခေပကဏ္ဍပါဠိတော်နှင့် ညီ၏။

အဓိပတိ [အဓိနာနံ ပတိ–အဓိပတိ၊] မိမိနှင့်စပ်သော (မိမိ၏ယှဉ်ဖက်ဖြစ်သော) တရားတို့၏ အရှင်သခင်ဖြစ်သော တရားမျိုးသည် “အဓိပတိ”မည်၏၊ မိမိနှင့်စပ်သောတရားများအပေါ်၌ လွှမ်းမိုးနိုင်သော တရားများ–ဟု ဆိုလိုသည်။

http://www.dhammadownload.com

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု, သကဒါဂါမိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု, အနာဂါမိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု, အရဟတ္တမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခု, ဝိရတိ အပွမညာကြဉ်သော စေတသိက် တေတ္တိံသ ရှိ၏။

ဒုတိယယောဇနာနည်း၌ မဂ္ဂါဓိပတိနော ဓမ္မာဟူသော တတိယပုဒ်၏ အရကား- မဂ်စိတ်လေးခု, ဝီရိယတပ်ခိုက် ဝီရိယကြဉ်သော စေတသိက်ပဉ္စတ္တိံသ၊ ဝီမံသတပ်ခိုက် ဝီမံသကြဉ်သော စေတသိက်ပဉ္စတ္တိံသ ရှိ၏။

မဂ္ဂါဓိပတိ [မဂ္ဂေါ အဓိပတိ ဧတေသန္တိ-မဂ္ဂါဓိပတိနော၊] မဂ်-ဟု ဆိုအပ်သော အာရမဏာဓိပတိပစ္စည်းရှိသောတရား (မဂ်ကို အလေးအမြတ် အာရုံပြုတတ်သောတရား)တို့သည် "မဂ္ဂါဓိပတိ" မည်ကြ၏၊ [အဋ္ဌကထာ၌ သာမန်မျှသာ ဖွင့်ဆိုထားသည်၊ အာရမဏာဓိပတိ, သဟဇာတာဓိပတိ ခွဲခြားချက် မထင်ရှား၊ ဋီကာ၌မူကား ထင်ရှားစွာပင် ခွဲခြားပြဆိုထားသည်၊ ထို့ကြောင့် ဆရာမြတ်တို့လည်း နှစ်မျိုးခွဲယူကြသည်။] "မဂ္ဂါဓိပတိနော-မဂ်ဟုဆိုအပ်သော အာရမဏာဓိပတိပစ္စည်း ရှိကုန်သော" ဟု အနက်ပေးကြသည်။

"ရှစ်မှတ်သမုတ်, သမ္မယုတ်လည်း လောကုတ်နဝံ, သသင်္ကို, ခြေငံစွဲမှိတ်"ဟူသော ဆရာမြတ်တို့၏ အဆိုအမိန့်အရ မဂ်ကို အလေးအမြတ် အာရုံပြုတတ်သောစိတ်ကား မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခုနှင့် မဟာကြိယာဉာဏသမ္ပယုတ်စိတ် လေးခုတို့တည်း။

မဂ်ကို အာရုံပြုနိုင်သော ပုဂ္ဂိုလ်များကား ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့သာတည်း၊ ထိုဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့၏မဂ်ကိုသာ အလေးအမြတ် အာရုံပြုကြသည်၊ သူတစ်ပါးတို့၏မဂ်ကို အလေးအမြတ် အာရုံမပြုကြချေ။

အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့၏ သန္တာန်၌ဖြစ်သော အလေးအမြတ်ပြုတတ်သောစိတ်ကား မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးပါးတို့သာတည်း၊ ရဟန္တာတို့သန္တာန်၌ဖြစ်သော အလေးအမြတ်အာရုံပြုတတ်သော စိတ်တို့ကား မဟာကြိယာဉာဏသမ္ပယုတ် လေးပါးတို့သာတည်း။

ထို့ကြောင့် "သောတာပတ္တိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု," စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ကောက်

http://www.dhammadownload.com

တတိယယောဇနာနည်း၌ မဂ္ဂါဓိပတိနော ဓမ္မာဟူသော တတိယပုဒ်၏ အရကား– အဓိပတိတပ်ခိုက် ဝိရိယ ဝိမံသလည်း ရ၏။ [မဂ္ဂါဓိပတိစိတ် တစ်ဆယ့် နှစ်ခု, စေတသိက်ဆတ္တိ်သ ဖြစ်၏၊ ခန္ဓာ–စသည် ဖွဲ့လေ။]

ရသည်၊ ဝိရတိနှင့်အပွမညာတို့ကို အာရုံပြုးသောကြောင့် ကြဉ်ရသည်၊ ဤနည်းဖြင့် အာရမဏာဓိပတိပစ္စယုပ္ပန်ကို ပြ၏။

တစ်နည်း မဂ်ဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း ရှိသောတရား (မဂ်တည်း ဟူသော သဟဇာတာဓိပတိပစ္စည်းတို့၏ ပစ္စယုပ္ပန်ဖြစ်သောတရား)တို့သည် "မဂ္ဂါဓိပတိ" မည်၏။

စတ္တာရော အဓိပတီ ဆန္ဒာဓိပတိ ဝိရိယာဓိပတိ စိတ္တာဓိပတိ ဝိမံသာဓိပတိဟူသည် နှင့်အညီ ဆန္ဒ ဝိရိယ စိတ္တ ဝိမံသ–ဟု သဟဇာတာဓိပတိပစ္စည်းဖြစ်သောတရား လေးပါး ရှိ၏၊ သို့ရာတွင် ထိုလေးပါးလုံး မဂ်မည်ကြသည်ကား မဟုတ်ပါချေ၊ ဝိရိယသည် မဂ္ဂင်ထဲ၌ သမ္မာဝါယာမမဂ္ဂင်အနေဖြင့် ပါဝင်၏၊ ဝိမံသလည်း သမ္မာဒိဋ္ဌိမဂ္ဂင်အနေဖြင့် ပါဝင်၏၊ ထို့ကြောင့် ဝိရိယနှင့် ဝိမံသတို့သာ မဂ်လည်းမည် အဓိပတိလည်း မည်ကြသည်၊ မဂ်တည်း ဟူသော သဟဇာတာဓိပတိပစ္စည်း ဖြစ်ကြသည်။

ထို့ပြင် အဓိပတိတို့မည်သည်မှာ တစ်ပါးတည်းသာ ဖြစ်ရိုးရှိသည်၊ နှစ်ပါး–စသည် တွဲဖက်ဖြစ်ရိုး မရှိချေ၊ သို့ဖြစ်ရကား ဤဒုတိယနည်း၌ "မဂ်စိတ်လေးခု, ဝိရိယတပ်ခိုက် ဝိရိယကြဉ်သော စေတသိက်ပဉ္စတ္တိ်သ၊ ဝိမံသတပ်ခိုက် ဝိမံသကြဉ်သော စေတသိက် ပဉ္စတ္တိ်သ ရ၏"ဟု အရကောက်သည်၊ [ဤနည်းဖြင့် သဟဇာတာဓိပတိပစ္စယုပ္ပန်ကို ပြ၏။]

တစ်နည်း [မဂ္ဂေါ အဓိပတိ–မဂ္ဂါဓိပတိ၊] မဂ်တည်းဟူသော သဟဇာတာဓိပတိ ပစ္စည်းဖြစ်သော တရားတို့သည် "မဂ္ဂါဓိပတိ"မည်၏၊ မဂ်လည်းမည် အဓိပတိပစ္စည်းလည်းမည်သော တရားတို့သည် မဂ္ဂါဓိပတိဟူသောအမည်ကို ရကြသည် –ဟု ဆိုလိုသည်။

ထိုမဂ်လည်းမည် အဓိပတိပစ္စည်းလည်းမည်သော တရားတို့ကား ပြဆိုခဲ့ပြီးသော ဝိရိယနှင့် ဝိမံသတို့ပင် ဖြစ်ကြသည်၊ ထိုတရားနှစ်ပါးတို့သည် အဓိပတိအနေဖြင့် ပြိုင်တူ မဖြစ်နိုင်ကြ၊ ဝိရိယ–က အဓိပတိတပ်ခိုက် ဝိမံသ–က နောက်လိုက်အနေဖြင့်သာ ဖြစ်ရသည်၊ ဝိမံသ–က အဓိပတိတပ်ခိုက်မှာလည်း ဝိရိယ–က နောက်လိုက်အနေဖြင့်သာ ဖြစ်သည်၊ ထို့ကြောင့် "မဂ္ဂါဓိပတိနော–မဂ်လျှင်သဟဇာတာဓိပတိပစ္စည်း ဖြစ်ကုန်သော"ဟု အနက် ပေး၍ အဓိပတိတပ်ခိုက် ဝိရိယ, ဝိမံသလည်း ရ၏–ဟု အရကောက်ရသည်၊ [ဤနည်းဖြင့် သဟဇာတာဓိပတိပစ္စည်းတရားကို ပြ၏။]

http://www.dhammadownload.com

တိက်မုတ် မဂ်ကိုအာရုံမပြုနေ အကုသိုလ်စိတ်ဖွါဒသ, မနောဒွါရာဝဇ္ဇန်းမှတစ်ပါး အဟိတ်စိတ်သတ္တရသ, မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်လေးခု, မဟာဝိပါက်စိတ် ရှစ်ခု, မဟာကြိယာဉာဏဝိပ္ပယုတ်စိတ်လေးခု, အဘိညာဉ်ဒွေးမှတစ်ပါး ရူပစိတ် တစ်ဆယ့်ငါးခု, အရူပစိတ် တစ်ဆယ့်နှစ်ခု, ဖိုလ်စိတ် လေးခု, စေတသိက်ဒွေးပညာသ။

မဂ်ကိုအာရုံမပြုခိုက် မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္မယုတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်လေးခု, အဘိညာဉ်ဒွေး, စေတသိက် အဋ္ဌတ္တိံသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်-ဟုဆိုအပ်သော ကြွင်းသောပရမတ္ထတရား ရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသတိက် မည်၏။

၁၇-ဥပ္ပန္နတိက်

ပထမပဒ- ဥပ္ပန္နာ ဓမ္မာ၊
ဒုတိယပဒ- အနုပ္ပန္နာ ဓမ္မာ၊
တတိယပဒ- ဥပ္ပာဒိနော ဓမ္မာ။

တိက်မုတ် မဂ်ကိုအာရုံမပြုနေဟူသည် မဂ်ကို လုံးဝအာရုံမပြုနိုင်သော-ဟု ဆိုလိုသည်၊ မဂ်စိတ်လေးခုတို့လည်း မဂ်ကို လုံးဝအာရုံမပြုနိုင်သောတရားများ ဖြစ်ကြ၏၊ သို့ပင်ဖြစ်သော်လည်း ဒုတိယပဒအရ, တတိယပဒအရတို့၌ ပါဝင်ပြီးဖြစ်ရကား ထိုမဂ်စိတ်လေးခုတို့ကို တိက်မုတ်ထုတ်ဖွယ် မလိုတော့ချေ၊ ထို့ကြောင့် မဂ်ကိုအာရုံမပြုနေ-အရ မဂ်စိတ်လေးခုတို့ကို ချန်ထားခဲ့ရပေသည်။

မဂ်ကို အာရုံမပြုခိုက်-ဟူသည် မဂ်ကိုပင် အာရုံပြုနိုင်ကြသော်လည်း မဂ်ကို အာရုံပြုခိုက် မဟုတ်မူ၍ အခြားသော ကာမ မဟဂ္ဂုတ်-စသည်တို့ကို အာရုံပြုနေသော အခိုက် အတန့်မျှသာဖြစ်သော-ဟု ဆိုလိုသည်။

ဥပ္ပန္နာ [ဥဒ္ဒံ ပန္နာ ဂတာ ပဝတ္တာတိ-ဥပ္ပန္နာ၊] ပစ္စုပ္ပန်ဖြစ်သော စိတ် စေတသိက်ရုပ်တရားတို့သည် ဥပါဒ်, ဌိ, ဘင်ဟူသော ခဏတ္တယအခိုက်အတန့်၌ ဖြစ်ဆဲဖြစ်သောကြောင့် "ဥပ္ပန္နာ" မည်ကြ၏။ [ဥပ္ပန္နာ-ဥပါဒ်, ဌိ, ဘင်ဟူသော ခဏတ္တယအခိုက်၌ ဖြစ်ဆဲဖြစ်ကုန်သော-ဟု အနက်ပေးသင့်၏။]

ဤပထမပုဒ်ကို "သန္တ တိ ခဏ, အဒ္ဓါန, သုံးဝပစ္စုပ္ပန်"ဟူသော ပစ္စုပ္ပန်သုံးမျိုးတို့တွင် ခဏပစ္စုပ္ပန်၏အစွမ်းအားဖြင့် ဟောကြားတော်မူသည်၊ "အဒ္ဓါ သန္တ, သမယ, ခဏပစ္စုပ္ပန်" ဟူ၍လည်း ပစ္စုပ္ပန်လေးမျိုး ခွဲကြသေး၏။

အနုပ္ပန္နာ [န ဥပ္ပန္နာတိ-အနုပ္ပန္နာ၊] ဥပ္ပန္န-မဟုတ်သော အနာဂတ်တရားများသည် "အနုပ္ပန္န"မည်၏။

http://www.dhammadownload.com

ပဒ	တရားကိုယ်အရကောက်	သင်္ဂီတ			
		ခ	အ	ဓ	သ
ပ	ပန်–စိတ်–၈၉၊ စေ–၅၂၊ ရုပ်၊	၅	၁၂	၁၈	၃
ဒု	နာ–အကု–၁၂၊ ကု–၂၁၊ ကြို–၂၀၊ စေ–၅၂၊ တိဇရုပ်၊	၅	၇	၈	၃
တ	နာ–ဝိ–၃၆၊ စေ–၃၈၊ ကမ္မဇရုပ်–၂၀၊	၅	၁၁	၁၇	၁
မုတ်	နိဗ္ဗာန်၊				

ဥပ္ပန္နာ–ဥပါဒ်, ဌီ, ဘင်ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်သော၊

အနုပ္ပန္နာ–ဥပါဒ်, ဌီ, ဘင်ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲလည်းမဟုတ် ရောက်ပြီးလည်းမဟုတ်ကုန်သော၊

ဥပ္ပာဒိနော–ပြီးပြီးသောအကြောင်းတစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ် ဖြစ်လတ္တံ့ကုန်သော၊

ပစ္စုပ္ပန်တရားမျှကိုသာ ဥပ္ပန္နခေါ်သည် မဟုတ်သေး၊ စင်စစ်မှာ "ဥပ္ပဇ္ဇိ သူတိ–ဥပ္ပန္နာ"ဟူသော ဝိဂ္ဂဟအားလျော်စွာ အတိတ်တရားများကိုလည်း ဥပ္ပန္နခေါ်သေး၏၊ အနုပ္ပန္နာ၌ "နု"သဒ္ဒါဖြင့် ဥပ္ပန္နအမည်ရသော ထိုအတိတ် ပစ္စုပ္ပန်တရား နှစ်မျိုးလုံးကိုပင် တားမြစ်သည်၊ ရှေ့ပုဒ်အရ ပစ္စုပ္ပန်မျှကိုသာ တားမြစ်သည်မဟုတ်၊ ထို့ကြောင့် အနုပ္ပန္နာ အရ အနာဂတ်တရားမျှကိုသာ ယူရတော့သည် အတိတ်တရာများကိုမူ မယူရတော့ချေ။

သို့ပင်ဖြစ်စေကာမူ (ဂေါဇလိဗဒ္ဓနည်း, ပုညဉာဏသမ္ဘာရနည်းအားဖြင့်) တတိယ ပုဒ်၏ အရဖြစ်သော ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့ကို ချန်လှပ်၍ ကုသိုလ်, အကုသိုလ်, ကြိယာစိတ္တုပ္ပာဒ်နှင့် တိဇရုပ်တို့ကိုသာ ကောက်ရသည်၊ ထို့ကြောင့် ဋီကာဆရာက "အနုပ္ပန္နာတိ ဧတေန သဗ္ဗော ဥပ္ပန္နဘာဝေါ ပဋိသိဒ္ဓေါ"ဟု မိန့်ဆိုထားပေသည်။

အနုပ္ပန္နာ–ဥပါဒ်, ဌီ, ဘင်–ဟု ဆိုအပ်သော ခဏတ္တယအခိုက်၌ ဖြစ်ပြီးလည်းမဟုတ်, ဖြစ်ဆဲလည်း မဟုတ်ကုန်သော–ဟု အနက်ပေးသင့်၏။

ဥပ္ပာဒိနော [အဝိပက္ကဝိပါကာနံ ကုသလာကုသလာနံ ဖလဘာဝေန ဥပ္ပဇ္ဇိဿန္တီ တိ–ဥပ္ပာဒိနော၊] အကျိုးမပေးရသေးသော ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးအနေဖြင့် ဖြစ်လတ္တံ့သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့သည် "ဥပ္ပာဒိ"မည်၏။

တိက်မုတ် အတိတ်ဖြစ်သော စိတ်–၈၉၊ စေတသိက်–၅၂၊ ရုပ်–၂၈တို့ကို ဤတိက်၏ တိက်ပုဒ်သုံးခုအရှည်ပင် မပါဝင်စေကာမူ တိက်မုတ်မထုတ်သင့်၊ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်မျှကိုသာ တိက်မုတ်ထုတ်ရသည်၊ အဘယ့်ကြောင့်နည်း၊ ဤတိက်ကို

http://www.dhammadownload.com

၁၈-အတီတတိက်

ပထမပဒ- အတီတာ ဓမ္မာ၊
ဒုတိယပဒ- အနာဂတာ ဓမ္မာ၊
တတိယပဒ- ပစ္စုပ္ပန္နာ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	အတိတ်ဖြစ်သော စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈၊	၅	၁၂	၁၈	၃
ဒု	အနာဂတ်ဖြစ်သော စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈၊	၅	၁၂	၁၈	၃
တ	ပစ္စုပ္ပန်ဖြစ်သော စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈၊	၅	၁၂	၁၈	၃
မုတ်	နိဗ္ဗာန်				

အတီတာ-အတိတ်ဖြစ်ကုန်သော-စသည်ဖြင့် အနက်ပေးပါ။

ပစ္စုပ္ပန် အနာဂတ်ဟူသော ကာလနှစ်ပါးနှင့် စပ်လျဉ်းသဖြင့် အပြည့်အစုံပြု၍ ဟောထားသောကြောင့်တည်း။ [နိဗ္ဗာန်-နှ ဝတ္တမ္မံ "ဥပ္ပန္နံ"န္တိပိ "ဥပ္ပာဒီ"တိပိ၊ အဋ္ဌကထာကဏ္ဍ ပါဠိတော်၊ အယံ ပန တိကော ဒွိန္နံ အဒ္ဓါနံ ဝသေန ပူရေတွာ ဒဿိတော၊ နိက္ခေပကဏ္ဍ အဋ္ဌကထာ။]

အတီတာ [အတိက္ကမိတွာ ဣတာ ဂတာ ပဝတ္တာတိ-အတီတာ၊] မိမိတို့၏ ကကွဋ္ဌ, ဖုသန-စသောသဘော ဥပါဒ်, ဌိ, ဘင်ဟူသော ခဏတ္တယကို လွန်၍ဖြစ်သော တရားများသည် "အတီတ"မည်၏။

အနာဂတာ [န အာဂတာ-အနာဂတာ၊] ကကွဋ္ဌ, ဖုသန-စသော သဘောသို့ မရောက်သေးသော ဥပါဒ်, ဌိ, ဘင်ဟူသော ခဏတ္တယသို့ မရောက်သေးသော တရားများသည် "အနာဂတ" မည်၏။

ပစ္စုပ္ပန္နာ [ပဋိစ္စ ဥပ္ပန္နာတိ-ပစ္စုပ္ပန္နာ၊] ယောနိသောမနသိကာရ-စသော ထိုထို အကြောင်းကိုစွဲ၍ ဥပါဒ်, ဌိ, ဘင်ဟူသော ခဏတ္တယအခိုက်အတန့်၌ ဖြစ်ဆဲတရားများသည် "ပစ္စုပ္ပန္နံ"မည်၏။

တိက်မုတ် နိဗ္ဗာန်သည် ကာလသုံးပါး၌ မပါဝင်၊ ကာလသုံးပါးမှလွတ်သော ကာလဝိမုတ်တရား ဖြစ်၏၊ ထို့ကြောင့် ၄င်းကို ကာလသုံးပါးဖြင့် ဝေဖန်ဟောကြားထားသော ဤတိက်၌ တိက်မုတ်ထုတ်ရတော့သည်။

http://www.dhammadownload.com

၁၉-အတီတာရမဏာတိက်

ပထမပဒ- အတီတာရမဏာ ဓမ္မာ၊
ဒုတိယပဒ- အနာဂတာရမဏာ ဓမ္မာ၊
တတိယပဒ- ပစ္စုပ္ပန္နာရမဏာ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	[မြ] ဝိညာ-၃၊ နေဝ-၃၊ ဧစေ-၃၀၊ [ခိုက်] မနောဒွါ၊ကာဓော-၂၉၊တဒါ-၁၁၊ဘိ်ဒွေး၊ဧစေ-၄၇၊	၄	၂	၂	၂
ဒု	[ခိုက်] မနောဒွါ၊ကာဓော-၂၉၊တဒါ-၁၁၊ဘိ်ဒွေး၊ဧစေ-၄၇၊	၄	၂	၂	၂
တ	[မြ] ဒွေးပဉ္စဝိညာဉ်-၁၀၊ မနောဓာတ်-၃၊ ဧစေ-၁၀၊ [ခိုက်] မနောဒွါ၊ကာဓော-၂၉၊တဒါ-၁၁၊ဘိ်ဒွေး၊ဧစေ-၅၀၊	၄	၂	၈	၂
မှတ်	ပညတ်ဓကေန်၊ အနေကန်၊ အပွဓာဏဓကေန်၊ အနေကန်၊ ရုပ်၊ နိဗ္ဗာန်၊				

အတီတာရမဏာ-အတိတ်တရားလျှင် အာရုံရှိကုန်သော၊ ဝါ-အတိတ်တရားကို အာရုံပြုကုန်သော၊

အနာဂတာရမဏာ-အနာဂတ်တရားလျှင် အာရုံရှိကုန်သော၊ ဝါ-အနာဂတ်တရားကို အာရုံပြုကုန်သော၊

ပစ္စုပ္ပန္နာရမဏာ-ပစ္စုပ္ပန်တရားလျှင် အာရုံရှိကုန်သော၊ ဝါ-ပစ္စုပ္ပန်တရားကို အာရုံပြုကုန်သော၊

အတီတာရမဏာ [အတီတံ အာရမဏံ ဧတေသန္တိ -အတီတာရမဏာ၊] အတိတ်=(နာမကွန္ဓာရုပ်)တရားတို့ကို အာရုံပြုသောတရားများသည် "အတီတာရမဏာ" မည်၏။ [ကြွင်းသောပုဒ်များမှာ သိသာထင်ရှားပါပြီ။]

အပွမညာ အပွမညာသည် ကာလဝိမုတ်ဖြစ်သော သတ္တဝါပညတ်ကိုသာ အာရုံပြု၏၊ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော ရုပ်နာမ်တရားတို့ကို အာရုံမပြုနိုင်ချေ၊ ထို့ကြောင့် သုံးပုဒ်လုံး၌ အပွမညာကိုကြဉ်၍ ကောက်ရသည်။

ဝိရတိ လောကီဝိရတိသည် ဝိတိက္ကမိတပ္ပဝတ္ထု-ဟု ဆိုအပ်သော ပစ္စုပ္ပန်ဖြစ်သည့် ကာမနာမကွန္ဓာ ရုပ်တရားတို့ကို ကေန်အာရုံပြု၏၊ ထို့ကြောင့် ပထမပဒ ဒုတိယပဒတို့၌ ဝိရတိကို ကြဉ်ကောက်ရမည်၊ တတိယပုဒ်၌ ကြဉ်ဖွယ်မလို၊ အရကောက်စာအုပ်များ၌မူ ဒုတိယပုဒ်အရမှာ ဝိရတိကို ထည့်သွင်းကောက်ထား၏၊ စဉ်းစားကြပါ။

http://www.dhammadownload.com

ပထမပုဒ်၏အရကား– အတိတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏ်ဆွဲငြာယတနစိတ်သုံးခု, နေဝသညာနာသညာယတနစိတ်သုံးခု, စေတသိက်တိ ံသ၊ အတိတ်တရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း, ကာမဇောတစ်ခုယုတ်သုံးဆယ်, တဒါရုံဇကာဒသ, အဘိညာဉ်ဒွေး, ဝိရတိအပွမညာကြဉ်သော စေတသိက် သတ္တစတ္တာလီသ ရ၏။ [အတီတာရမဏစိတ် ၄၉–ခု၊ စေတသိက် သတ္တစတ္တာလီသ။]

ဒုတိယပုဒ်၏အရကား– အနာဂတ်တရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း, ကာမဇော တစ်ခုယုတ်သုံးဆယ်, တဒါရုံဇကာဒသ, အဘိညာဉ်ဒွေး, ဝိရတိအပွမညာကြဉ်သော စေတသိက် သတ္တစတ္တာလီသရ၏။ [အနာဂတာရမဏစိတ်–၄၃၊ စေ–၄၇။]

တတိယပုဒ်၏အရကား– ပစ္စုပ္ပန်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေးပဉ္စဝိညာဉ်တစ်ဆယ်, မနောဓာတ်သုံးခု ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်း စေတသိက်တစ်ဆယ်၊ ပစ္စုပ္ပန်တရားကို အာရုံပြုခိုက် မနော ။ပ။ ဒွေး, အပွမညာကြဉ်သော စေတသိက် ပညာသရ၏။ [ပစ္စုပ္ပန္နာရမဏစိတ်–၅၆၊ စေ–ပညာသ။]

တိက်မုတ် ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော ။ပ။ ဝိရတိကြဉ်သော စေတသိက်ဇကုနပညာသ၊ အပွမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသော လောကုတ္တရာစိတ်၅စ်ခု, စေတသိက်ဆတ္တိ ံသ၊ အပွမာဏတရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမွယုတ်စိတ် လေးခု, မဟာကြိယာဉာဏသမွယုတ်စိတ် လေးခု, အဘိညာဉ်ဒွေး, ဝိရတိအပွညာကြဉ်သော စေတသိက် တေတ္တိ ံသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်။

တိက်မုတ် ဤတိက်၌ ကာလဝိမုတ်ဖြစ်သော ပညတ်ဇကန် အနေကန်, နိဗ္ဗာန်ဇကန် အနေကန်နှင့် အနာရမဏဖြစ်သော ရုပ်နိဗ္ဗာန်တို့ကို တိက်မုတ်ထုတ်ရသည်၊ အရကောက်၌ နိဗ္ဗာန်ကိုပင် အပွမာဏဟူသော အမည်ဖြင့် သုံးစွဲထားသည်၊ သိသာထင်ရှားအောင် "နိဗ္ဗာန်ကို မြဲသောအားဖြင့် အာရုံပြုသော" စသည်ဖြင့်သာ ဆိုသင့်၏။

အပွမာဏအနေကန်ဝယ် မဟာကုသိုလ်ဉာဏသမွယုတ် မဟာကြိယာဉာဏသမွယုတ်စိတ်တို့၌ ဝိရတိအပွမညာတို့ ယထာရဟ ယှဉ်နိုင်ကြ၏၊ သို့ပင်ယှဉ်စေကာမူ မဟာကုသိုလ်ဉာဏသမွယုတ်စိတ်၌ရှိသော ဝိရတိသည် လောကီဝိရတိသာတည်း၊ လောကီဝိရတိမှန်က ပစ္စုပ္ပန်ဖြစ်သော ကာမနာမ်ရုပ်တို့ကိုသာ အာရုံပြုသည်၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ကို အာရုံမပြုနိုင်၊ မဟာကုသိုလ် ကြိယာတို့၌ရှိသော အပွမညာသည်လည်း သတ္တဝါပညတ်မျှကိုသာ အာရုံပြုနိုင်သည်၊ ပရမတ်ဖြစ်သော နိဗ္ဗာန်ကို အာရုံမပြုနိုင်၊ ထို့ကြောင့် ဝိရတိအပွမညာတို့ကို ကြဉ်ဖယ်ရလေသည်။

http://www.dhammadownload.com

၂၀–အဇ္ဈတ္တတိက်

ပထမပဒ– အဇ္ဈတ္တာ ဓမ္မာ၊
ဒုတိယပဒ– ဗဟိဒ္ဓါ ဓမ္မာ၊
တတိယပဒ– အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ကိတ			
		ခ	အ	ဓ	သ
ပ	အဓ်–သန္တာန်၌ဖြစ်သောစိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊	၅	၁၂	၁၈	၃
ဒု	ဗ–သန္တာန်၌ဖြစ်သောစိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊ နိ၊	၅	၁၂	၁၈	၄
တ	အဓ်ဗ–သန္တာန် ၂–ပါး၌ဖြစ်သောစိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊	၅	၁၂	၁၈	၃

အဇ္ဈတ္တာ–အဇ္ဈတ္တသန္တာန်၌ဖြစ်ကုန်သော၊

ဗဟိဒ္ဓါ–ဗဟိဒ္ဓသန္တာန်၌ဖြစ်ကုန်သော၊

အဇ္ဈတ္တဗဟိဒ္ဓါ–အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော၊

အဇ္ဈတ္တ အဓိ+အတ္တ–ဟု ပုဒ်ဖြတ်၊ [အတ္တာနံ အဓိကိစ္စ ပဝတ္တာတိ–အဇ္ဈတ္တာ၊] အတ္တ–ဟု အစွဲခံရမှုကို ရည်စူးသကဲ့သို့ ခန္ဓာကိုယ်တွင် ပါဝင်ဖြစ်နေကြသော ရုပ်နာမ် တရားတို့သည် "အဇ္ဈတ္တ"မည်၏။

ထိုအဇ္ဈတ္တသည်–

(၁) ဂေါစရဇ္ဈတ္တ= အာရုံဟူသောအဇ္ဈတ္တ အာရုံခြောက်ပါး၊

(၂) နိယကဇ္ဈတ္တ= မိမိသန္တာန်၌ဖြစ်သော ရုပ်နာမ်တရား၊

(၃) အဇ္ဈတ္တဇ္ဈတ္တ= အဇ္ဈတ္တိကာယတနခြောက်ပါး၊

(၄) ဝိသယဇ္ဈတ္တ= (စိတ်ကို အထူးအားဖြင့်ဖွဲ့တတ်သော ကုသိုလ်ရှိယဉ်ကျေးသော အဇ္ဈတ္တ) ဖလသမာပတ်အားဖြင့် လေးပါးရှိ၏၊ ထိုလေးပါးတို့တွင် ဤ၌ နိယကဇ္ဈတ္တကိုသာ အလိုရှိအပ်၏၊ ထို့ကြောင့် စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ တို့ကို ကောက်ရသည်။

ဆောင်။ ။ဂေါ–နိ–အဇ္ဈ, ဝိသယ, လေးဝအဇ္ဈတ္တာ၊
ဤတိက်၌ဖြစ်, နိယကဓ်, စိစစ်မှတ်လေပါ၊
အဇ္ဈတ္တဇ္ဈတ္တ, ယူလေရ, ဒုကမာတိကာ။

ဗဟိဒ္ဓ [တတော ဗာဟိရာဘူတာ ပန ဣန္ဒြိယဗဒ္ဓါ ဝါ အနိန္ဒြိယဗဒ္ဓါ ဝါ ဗဟိဒ္ဓါနာမ၊ ၌၊] ထိုအဇ္ဈတ္တတရားမှအပ ဖြစ်ကြသည့် ဣန္ဒြေနှင့်စပ်,မစပ်သောတရားတို့သည် "ဗဟိဒ္ဓ"မည်၏၊ ဤဒုတိယပုဒ်၌ နိဗ္ဗာန်ကိုပါ ထည့်ကောက်ရသည်။ [အနိန္ဒြိယဗဒ္ဓရူပဉ္စ နိဗ္ဗာနဉ္စ ဗဟိဒ္ဓါ၊ အဋ္ဌကထာကဏ္ဍပါဠိတော်။]

http://www.dhammadownload.com

၂၁-အဇ္ဈတ္တာရမဏာတိက်

ပထမပဒ- အဇ္ဈတ္တာရမဏာ ဓမ္မာ၊
ဒုတိယပဒ- ဗဟိဒ္ဓါရမဏာ ဓမ္မာ၊
တတိယပဒ- အဇ္ဈတ္တဗဟိဒ္ဓါရမဏာ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဝ	သ
ပ	[မြဲ] ဝိညာ-၃၊ နေဝ-၃၊ စေ-၃၀၊ [ခိုက်] ကာ-၅၄၊ ဘိ်ဒွေး၊ စေ-၄၉၊	၄	၂	၈	၂
ဒု	[မြဲ] ဘိ်မှတစ်ပါး ရူ-၁၅၊ အာ-၃၊ လောကုတ်-၈၊ စေ-၃၈၊ [ခိုက်] ကာ-၅၄၊ ဘိ်ဒွေး၊ *စေ-၅၁၊	၄	၂	၈	၃
တ	[ခိုက်] ကာ-၅၄၊ ဘိ်ဒွေး စေ-၄၈၊	၄	၂	၈	၂
မှတ်	အာကိ်-၃၊ စေ-၃၀၊ထိုအာကိ်၏အာရုံဖြစ်သော နတ္ထိဘောပညတ်ကို အာရုံပြုခိုက် အကု-၁၂၊ မနောဒွါ၊ မဟာကု-၈၊ မဟာကြို-၈၊ ဘိ်ဒွေး၊ စေ-၄၅၊ ရုပ်၊ နိ၊				

အဇ္ဈတ္တာရမဏာ-အဇ္ဈတ္တတရားလျှင် အာရုံရှိကုန်သော၊ ဝါ-အဇ္ဈတ္တတရားကို အာရုံပြုကုန်သော၊

ဗဟိဒ္ဓါရမဏာ-ဗဟိဒ္ဓတရားလျှင် အာရုံရှိကုန်သော၊ ဝါ-ဗဟိဒ္ဓတရားကို အာရုံပြုကုန်သော၊

အဇ္ဈတ္တဗဟိဒ္ဓါရမဏာ-အဇ္ဈတ္တဗဟိဒ္ဓတရားနှစ်ပါးလျှင် အာရုံရှိကုန်သော၊ ဝါ-အဇ္ဈတ္တဗဟိဒ္ဓတရားနှစ်ပါးကို အာရုံပြုကုန်သော၊

ပထမပုဒ်၏အရကား- အဇ္ဈတ္တတရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏ္စာယတနစိတ်သုံးခု, နေဝသညာနာသညာယတနစိတ်သုံးခု, စေတသိက်တို်သ၊ အဇ္ဈတ္တတရားကို အာရုံပြုခိုက် ကာမစိတ်စတုပညာသ, အဘိညာဉ်ဒွေး *ကြသော

အဇ္ဈတ္တဗဟိဒ္ဓါ [အဇ္ဈတ္တာစ တေ ဗဟိဒ္ဓါစာတိ-အဇ္ဈတ္တဗဟိဒ္ဓါ၊] အဇ္ဈတ္တဗဟိဒ္ဓနှစ်မည် ရသောတရားများ-ဟု ဆိုလိုသည်။

အဇ္ဈတ္တာရမဏာ [အဇ္ဈတ္တံ အာရမဏံ ဧတေသန္တိ-အဇ္ဈတ္တာရမဏာ၊] အဇ္ဈတ္တဓမ္မကို အာရုံပြုသောတရားတို့သည် "အဇ္ဈတ္တာရမဏာ" မည်၏၊ ကျန်ပုဒ်များလည်း သိလွယ်ပါပြီ။

စေတသိက်ကြဉ် ကြသာသည် သူတစ်ပါးစည်းစိမ်တည်းဟူသော ဗဟိဒ္ဓကို အာရုံပြု၏၊ အပွမညာလည်း သတ္တဝါပညတ်တည်းဟူသော ဗဟိဒ္ဓကိုပင် အာရုံ

B)

http://www.dhammadownload.com

အပ္ပမညာကြဉ်သော စေတသိက်ဧကူနပညာသ ရဏ်၊ [အဋ္ဌတ္တာရမဏာစိတ်–၆၂၊ စေတသိက်–ဧကူနပညာသ။ ဒုတိယပဒအရဉ် ဗဟိဒ္ဓါရမဏာစိတ်–၈၀၊ စေတသိက် ဧကပညာသ။]

၂၂–သနိဒဿနတိက်

ပထမပဒ– သနိဒဿနသပ္ပဋိဃာ ဓမ္မာ၊
ဒုတိယပဒ– အနိဒဿနသပ္ပဋိဃာ ဓမ္မာ၊
တတိယပဒ– အနိဿနအပ္ပဋိဃာ ဓမ္မာ။

ပဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ			
		ခ	အ	ဓ	သ
ပ	ရူပါရုံ	၁	၁	၁	၁
ဒု	ရူပါရုံကြဉ်–သြဠာရိကရုပ်–၁၁၊	၁	၉	၉	၁
တ	စိတ်–၈၉၊ စေ–၅၂၊ သုခုမရုပ်–၁၆၊ နိ၊	၅	၂	၈	၄

သနိဒဿနသပ္ပဋိဃာ–မြင်ခြင်းနှင့်လည်းတကွ ထိပါးခြင်းနှင့်လည်းတကွ ဖြစ်ကုန်သော၊ ဝါ–မြင်အပ်သည်၏အဖြစ်နှင့်လည်းတကွ ထိပါးတတ်သည်၏အဖြစ်

ပြုသည်၊ ထို့ကြောင့် ဣသာနှင့် အပ္ပမညာတို့ကို ပထမပဒအရ တတိယပဒအရတို့၌ ကြဉ်ရသည်၊ ထို့ကြောင့်ပင် ဆရာမြတ်တို့က "ဣသာပမဉ်, ပယ်ကြဉ်အဋ္ဌ"ဟု မိန့်ဆို ထားကြပေသည်။

မစ္ဆရိယမူကား–

(၁) အာဝါသမစ္ဆရိယ= ကျောင်းကန်တိုက်တာ နေရာထိုင်ခင်းတို့၌ ဝန်တိုမှု၊

(၂) ကုလမစ္ဆရိယ= ဆွေမျိုးမိတ်သင်္ဃာ ဒကာ ဒကာမတို့၌ ဝန်တိုမှု၊

(၃) လာဘမစ္ဆရိယ= ပစ္စည်းလာဘ်လာဘတို့၌ ဝန်တိုမှု၊

(၄) ဝဏ္ဏမစ္ဆရိယ= မိမိအဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုမှု၊

(၅) ဓမ္မမစ္ဆရိယ= မိမိတတ်ထားသော အတတ်ပညာတို့၌ ဝန်တိုမှု–ဟူ၍ ငါးပါး ရှိ၏၊ သို့ဖြစ်၍ မစ္ဆရိယသည် အာဝါသ–စသည်ကိုပင် အာရုံပြုရကား အဋ္ဌတ္တာဗဟိဒ္ဓနှစ်ပါး ကိုပင် အာရုံပြုနိုင်သည်၊ ထို့ကြောင့် ဤတိက်၌ မည်သည့်ပဒ၏အရမှာမှ မစ္ဆရိယကို မကြဉ်သင့်၊ အရကောက်စာအုပ်များ၌ ဒုတိယပဒ၏အရ တတိယပဒ၏အရတို့မှာ မစ္ဆရိ ယကို ကြဉ်ကောက်ထားသည်၊ စဉ်းစားပါ။

ဆောင်။ ။ အာ–ကု–လာဘ, ဝဏ်–ဓမ္မ, ပဉ္စမစ္ဆရိယာ။

သနိဒဿန [နိဒဿီယတေတိ–နိဒဿနံ။] မြင်အပ်သော ရူပါရုံသည် "နိဒဿန" မည်၏၊ [သဟ နိဒဿနေန ယေ ဝတ္တန္တီတိ–သနိဒဿနာ။] မြင်အပ် သည်၏အဖြစ်ဟူသော အာရမဏသတ္တိရှိသော ရူပါရုံသည်ပင် "သနိဒဿန"မည်၏။

http://www.dhammadownload.com

နှင့်လည်းတကွဖြစ်ကုန်သော၊ ဝါ-မြင်အပ်သည်နှင့်လည်းတကွ ထိပါးတတ်သည်နှင့်လည်းတကွဖြစ်ကုန်သော၊

နိဒဿနဟူသော သမာသ်ပုဒ်တစ်စိတ် အရလည်း ရူပါရုံ, သနိဒဿနဟူသော သမာသ်ပုဒ်လုံးအရလည်း ရူပါရုံပင်ဖြစ်ရကား သမာသ်ပုဒ်တစ်စိတ်နှင့် သမာသ်ပုဒ်တို့ အရကောက် မကွဲပြားသောကြောင့် ကွဲပြားအောင် "နိဒဿန"ဟူသော သမာသ်ပုဒ်တစ်စိတ်ကို ဘာဝပွဓာန ဘာဝလောပကြံ၍ မြင်အပ်သောရူပါရုံ၏ ဖြစ်ကြောင်း,ဖြစ်ရာ အာရုံမဏ္ဍသတ္တိကို ယူရသည်၊ ထို့ကြောင့် အဋ္ဌကထာဆရာက "ဒဋ္ဌဗ္ဗဘာဝသင်္ခါတေန နိဒဿနေန"ဟု ဖွင့်ဆိုထားပေသည်။

ထိုအာရုံမဏ္ဍသတ္တိနှင့် ရူပါရုံတို့သည်လည်း စင်စစ်အားဖြင့် ကွဲပြားခြားနားကြသည်ကား မဟုတ်ပါပေ၊ သို့ရာတွင် "သိလာပုတ္တကဿ သရီရံ"ဟု ဆိုသကဲ့သို့ အဘေဒဘေဒူပစာရ်အားဖြင့် နှစ်မျိုးကွဲပြားသကဲ့သို့ ဆိုနိုင်ခွင့် ရှိပြန်သည်။

အနိဒဿန [နတ္ထိ နိဒဿနံ ဧတေသန္တိ-အနိဒဿနာ၊] မြင်အပ်သည်၏အဖြစ်ဟူသော အာရုံမဏ္ဍသတ္တိ မရှိသော ရူပါရုံကြဉ်သော ရုပ်သတ္တဝိသ- နာမက္ခန္ဓာလေးပါးနှင့် နိဗ္ဗာန်တို့သည် "အနိဒဿန"မည်၏။

သပ္ပဋိဃ [ပဋိဟညတီတိ-ပဋိဃော၊] ထိခိုက်တတ်သော ပဋ္ဌပသာဒ ပဋ္ဌာရုံ (သြဒ္ဓာရိကရုပ် ဒွါဒသ)တို့သည် "ပဋိဃ"မည်၏၊ [သဟ ပဋိဃေန ယော ဝတ္တတ္တီ တိ-သပ္ပဋိဃာ၊] ထိခိုက်တိုက်ဆိုင်ခြင်းနှင့်တကွဖြစ်(ထိခိုက်တိုက်ဆိုင်ခြင်းရှိ)သော, ပဋ္ဌပသာဒ, ပဋ္ဌာရုံသည်ပင် "သပ္ပဋိဃ" မည်၏။

အပ္ပဋိဃ [နတ္ထိ ပဋိဃော ဧတေသန္တိ-အပ္ပဋိဃာ၊] ထိခိုက်တတ်သည်၏အဖြစ် မရှိသော သုခုမရုပ်သောဋ္ဌသ, *နာမက္ခန္ဓာလေးပါးနှင့် နိဗ္ဗာန်တို့သည် "အပ္ပဋိဃ" မည်၏၊ "ရူပါယတနံ သနိဒဿနရူပံ၊ ဣတရံ အနိဒဿနရူပံ၊ ပသာဒဝိသယ သင်္ခါတံ ဒွါဒသဝိဓမ္မိ သြဒ္ဓာရိကရူပံ သန္တိကေ ရူပံ သပ္ပဋိဃရူပဋ္ဌ၊ ဣတရံ သုခုမရူပံ ဒူရေရူပံ အပ္ပဋိဃရူပဋ္ဌ"ဟူသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ စကားမှာ ရုပ်တရားမျှကိုသာ သနိဒဿန အနိဒဿန သပ္ပဋိဃ အပ္ပဋိဃ ခွဲပြသော စကားရုပ်ဖြစ်သည်၊ ပရမတ္ထတရားလေးပါးလုံးကို ခွဲပြသောစကားရုပ်ကား မဟုတ်ပါပေ။

သနိဒဿနသပ္ပဋိဃ [သနိဒဿနာစ တေ သပ္ပဋိဃာစာတိ-သနိဒဿနသပ္ပဋိဃာ၊] သနိဒဿနလည်းမည် သပ္ပဋိဃလည်းမည်သောတရား၊ အရကား ရူပါရုံသာတည်း။

အနိဒဿနသပ္ပဋိဃ [အနိဒဿနာစ တေ သပ္ပဋိဃာစာတိ-အနိဒဿနသပ္ပဋိဃာ၊] သနိဒဿန မမည်မူ၍ သပ္ပဋိဃသာမည်သောတရား၊ အရကား ရူပါရုံကြဉ် သြဒ္ဓာရိကရုပ် ကောဒသတည်း။

A)

http://www.dhammadownload.com

အနိဒဿနသပ္ပဋိဃာ–မြင်ခြင်းမရှိ ထိပါးခြင်းနှင့်တကွ ဖြစ်ကုန်သော၊ ဝါ–မြင်အပ်သည်၏အဖြစ်မရှိ ထိပါးတတ်သည်၏အဖြစ်နှင့်တကွဖြစ်ကုန်သော၊ ဝါ–မြင်အပ်သည်မရှိ ထိပါးတတ်သည်နှင့်တကွဖြစ်ကုန်သော၊

အနိဒဿနအပ္ပဋိဃ [အနိဒဿနာစ တေ အပ္ပဋိဃာစာတိ–အနိဒဿနအပ္ပဋိဃာ၊] သနိဒဿနသပ္ပဋိဃ နှစ်ပါးစုံမမည်သောတရား၊ အရကား စိတ် တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, သုခုမရုပ်သောဥသ, နိဗ္ဗာန်တို့တည်း။

အာဒိလဒ္ဓနာမတိက်,သဗ္ဗလဒ္ဓနာမတိက် တိက်နှစ်ဆယ့်နှစ်ပါးတို့တွင် ဝေဒနာတိက်မှ တစ်ပါး ၂၁–ပါးသောတိက်တို့သည် **အာဒိလဒ္ဓနာမတိက်**တို့ မည်၏၊ ဝေဒနာတိက်မူကား **သဗ္ဗလဒ္ဓနာမတိက်**မည်၏။

ဆောင်။ ။ သဗ္ဗလဒ္ဓါ, ဝေဒနာ, ကြွင်းမှာအာဒိလဒ်။

သပ္ပဒေသတိက် [ပဒိဿန္တိ အပဒိဿန္တိ ယေဟိတိ–ပဒေသာ၊] တိက်ဒုက်တို့ကို "အကြွင်းအကျန်ရှိသော တိက်ဒုက်တို့"ဟူ၍ ညွှန်ပြကြောင်း ဖြစ်သော မသိမ်းယူအပ်သော တရားတို့သည် **ပဒေသ** မည်၏။

[သံဝိဇ္ဇန္တိ ပဒေသာ ယေသန္တိ–သပ္ပဒေသာ၊] "အကြွင်းအကျန်ရှိသော တိက်ဒုက်တို့" ဟူ၍ ညွှန်ပြကြောင်းဖြစ်သော မသိမ်းယူအပ်သောတရားရှိသော တိက်ဒုက်တို့သည် **သပ္ပဒေသ** မည်၏၊ ဤနည်းအလို "ပဒေသ"သဒ္ဒါ အစိတ်အပိုင်းဟော မဟုတ်၊ အနဒ္ဓိကာဒ္ဒ် အစိတ်အပိုင်းဟော ကြ၍ ပြဆိုထားသေး၏။

နိပ္ပဒေသတိက် [နတ္ထိ ပဒေသာ ယေသန္တိ–နိပ္ပဒေသာ၊] "အကြွင်းအကျန်ရှိသော တိက်ဒုက်တို့"ဟူ၍ ညွှန်ပြကြောင်း မသိမ်းယူအပ်သော တရားမရှိသော တိက်ဒုက်တို့သည် **နိပ္ပဒေသ** မည်၏။

သပ္ပဒေသ= အကြွင်းအကျန်ရှိသော တိက်ဒုက်၊ နိပ္ပဒေသ= အကြွင်းအကျန်မရှိသော တိက်ဒုက်–ဟု ဆိုလိုသည်၊ ရှေ့ကလည်း ဆိုခဲ့ပြီးပါပြီ။

ဤတိကမာတိကာဒ္ဒ် သပ္ပဒေသတိက် ၉–ပါးရှိ၏၊ ကိုးပါးဟူသော်ကား–

(၁) ဝေဒနာတိက်၊ (၂) ဝိတက္ကတိက်၊ (၃) ပီတိတိက်၊
(၄) ဥပ္ပန္နတိက်၊ (၅) အတီတတိက်၊ (၆) ပရိတ္တာရမ္မဏတိက်၊
(၇) မဂ္ဂါရမ္မဏတိက်၊ (၈) အတီတာရမ္မဏတိက်၊ (၉) အဇ္ဈတ္တာရမ္မဏတိက်၊ (အာရမ္မဏလေးတိက်)တို့ပင်တည်း။

ထိုမှကြွင်းသော–

(၁) ကုသလတိက်၊ (၂) ဝိပါကတိက်၊ (၃) ဥပါဒိန္နတိက်၊
(၄) သံကိလိဋ္ဌတိက်၊ (၅) ဒဿနတိက်၊ (၆) ဒဿနဟေတုတိက်၊

http://www.dhammadownload.com

အနိဒဿနအပွဋိဃာ-မြင်ခြင်းလည်းမရှိ ထိပါးခြင်းလည်းမရှိကုန်သော၊ ဝါ-မြင်အပ်သည်၏ အဖြစ်လည်းမရှိ ထိပါးတတ်သည်၏ အဖြစ်လည်း မရှိကုန်သော၊ ဝါ-မြင်အပ်သည်လည်းမရှိ ထိပါးတတ်သည်လည်း မရှိကုန်သော၊

[အာဒိလဒ္ဓနာမတိက်၊ နိပ္ပဒေသတိက်။]

---

(၇) အာစယဂါမိတိက်၊ (၈) သေက္ခတိက်၊ (၉) ပရိတ္တတိက်၊
(၁၀) ဟီနတိက်၊ (၁၁) မိစ္ဆတ္တတိက်၊ (၁၂) အဗျတ္တတိက်၊
(၁၃) သနိဒဿနတိက်အားဖြင့်-
၁၃-ပါးသောတိက်တို့သည် နိပ္ပဒေသတိက်တို့ မည်၏။

ဆောင်။ ။ဝေနှင့်ဝိ-ပိတိရယ်တဲ့ ဥပွန္နေ၊
အတီတာ-အာရမ်လေးကို, စစ်ဆေးရှာဖွေ၊
သပွဒေ-မှတ်လေကြ ကိုးပါး၊
ကြွင်းတိက်တွေ-နိပ္ပဒေအမည်ရှိတယ်, နှိုင်းညီစဉ်းစား။

တစ်နည်း။ ။ဝေ-ဝိနှင့်ပိ, ဥပ်အတီ၊ လေးအာရမ်-ဟု, ရှာကြံပေါင်းရုံး၊
ဤကိုးဖြာ, မည်သည်ာ သပွဒေတဲ့, နိပ္ပဒေ မှန်မယွင်းတယ်,
ကြွင်း တစ်ဆယ့်သုံး။

http://www.dhammadownload.com

တိကမာတိကာ
လေ့ကျင့်ခန်းမေးခွန်း

နိဒါန်း

၁။ အဘယ်ပုဂ္ဂိုလ်က အဘယ်နေရာ၌ အဘယ်အလို့ငှာ တန်ခိုးပြာဋိဟာကို ပြတော်မူပါသနည်း ?။

၂။ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်သို့ အဘယ်ပုံကြွ၍ အဘယ်မှာ ထိုင်နေတော်မူပါသနည်း ?။

၃။ မြတ်စွာဘုရားသည် အဘယ်နေရာမှာ အဘယ်ပုဂ္ဂိုလ်တို့အား အဘယ်မျှကြာအောင် အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူပါသနည်း ?။

၄။ သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါးနှင့် အဘိဓမ္မာဒေသနာတော်၏ နယသုံးပါးတို့ကို သိသာထင်ရှားအောင်ပြပါ ?။

၅။ အဘိဓမ္မာဒေသနာတော်ကို ပကရဏပရိစ္ဆေဒအားဖြင့် ပိုင်းခြားရေတွက်ပြပါ ?။

၆။ အဘယ်ကို ဒါနပါရမီ, ဒါနဥပပါရမီ, ဒါနပရမတ္ထပါရမီဟု ခေါ်ပါသနည်း ?။

၇။ စွန့်ခြင်းကြီးငါးပါးကို စွန့်အပ်သောအရာဝတ္ထုနှင့် ယှဉ်တွဲစပ်ဟပ်ပြပါ ?။

၈။ သေတကေတုနတ်သား နတ်စည်းစိမ်ခံစားရာကာလကို တုသိတာ, ယာမာ, တာဝတိံသာ, စတုမဟာရာဇ်, လူတို့၏ အရေအတွက်အားဖြင့် အသီးအသီး ရေတွက်ပြပါ ?။

၉။ သေတကေတုနတ်သားအား အဘယ်သူတွေက အဘယ်မှလာ၍ ဘုရားဖြစ်ရန် တောင်းပန်ကြောင်းကို ပြ၍, ကြည့်ခြင်းကြီးငါးပါးကိုလည်း ပြပါ ?။

၁၀။ အလောင်းတော်သည် အဘယ်နေ့, အဘယ်မှာပဋိသန္ဓေတည်နေ၍, အဘယ်နေ့မှာ ဖွားမြင်တော်မူပါသနည်း ?။

၁၁။ အလောင်းတော် မင်းစည်းစိမ်ကို ခံစားနေသော ဈေးနန်းသုံးဆောင်နှင့် ထင်လာသော နိမိတ်ကြီးလေးပါးတို့ကို ပြပါ ?။

၁၂။ နို့ဃနာဆွမ်းကို ခံယူရာဌာန, ပေးလှူသူ, ဘုဉ်းပေးရာဌာန, ဘုဉ်းပေးသည့်လုတ်ရေတို့ကို တိကျစွာပြပါ ?။

၁၃။ အလောင်းတော် ဗောဓိမဏ္ဍိုင်သို့ ဝင်တော်မူပုံကို ပြ၍ အပရာဇိတပလ္လင်ပေါက်လာပုံကိုလည်း ပြပါ ?။

၁၄။ ဒေဝပုတ္တမာရ်ကို အောင်တော်မူပြီးသည့်နောက် ပုရိမယာမ်, ပစ္ဆိမယာမ်တို့၌ ထိုးထွင်းသိမြင်သော ဉာဏ်တော်များကို ပြပါ ?။

၁၅။ သတ္တသတ္တာဟတို့ကို ရေတွက်ပြ၍ ရှစ်ခုမြောက်သတ္တာဟ၌ ဖြစ်ပေါ်လာသော အကြောင်းအရာကိုလည်း ပြပါ ?။

၁၆။ ဒူရေနိဒါန်း, အဝိဒူရေနိဒါန်း, သန္တိကေနိဒါန်းတို့ကို ကန့်သတ်ပိုင်းခြားပြပါ ?။

၁၇။ မာတိကာ၏သဘောအဓိပ္ပာယ်ကို သိသာထင်ရှားအောင်ပြပါ ?။

http://www.dhammadownload.com

၁-ကုသလတိက်

၁။ တိကမာတိကာ, ဒုကမာတိကာတို့၏ သဘောအဓိပ္ပာယ်ကို သိသာရုံမျှပြပါ ?။

၂။ အနဝဇ္ဇသုခဝိပါကလက္ခဏာဒ္ဒ၁ဇ္ဈ, အဝဇ္ဇ, အနဝဇ္ဇ, သုခဝိပါက-အရာတို့ကို ပိုင်းခြားဝေဖန်ပြပါ ?။

၃။ အနဝဇ္ဇ, သုခဝိပါက-ဟူသော နှစ်ပုဒ်ကို ဆိုရခြင်း၏အကြောင်းကို ပြပါ ?။

၄။ အ-သဒ္ဒါ၏အနက်ကို ပေါ်လွင်စေလျက် အကုသလာဟူသောပုဒ်၏ အဓိပ္ပာယ်ကို ပြပါ ?။

၅။ သာဝဇ္ဇတရား, ဒုက္ခဝိပါကတရားတို့ကို အသီအသီး ကောက်ပြပါ ?။

၆။ ဗျာကတတရား, အဗျာကတတရားတို့ကို ခွဲခြားဝေဖန်ပြပါ ?။

၇။ သောတာပတ္တိမဂ်ရှစ်ပါး, ခုနစ်ပါး-စသော စကားကို အဘယ်ကိုရည်၍ ဆိုရပါသနည်း ?။

၈။ မဂ်စိတ္တုပ္ပာဒ် ၂၉-ပါးဖြစ်ပုံကို ရေတွက်ပြပါ ?။

၉။ နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏ဟု အဘယ့်ကြောင့် ဆိုရပါသနည်း ?။

၁၀။ ဖိုလ်စိတ္တုပ္ပာဒ် ၃၇-ပါးဖြစ်ပုံကို စိစစ်ရေတွက်ပြပါ ?။

၁၁။ အာဒိလဒ္ဓနာမတိက်, သဗ္ဗလဒ္ဓနာမတိက်, သပ္ပဒေသတိက်, နိပ္ပဒေသတိက်တို့၏ သဘောကို ပြပါ ?။

၂-ဝေဒနာတိက်

၁၂။ ဝေဒနာ, သုခ, ဒုက္ခ, အဒုက္ခမသုခဟု အဘယ်တရားတို့ကို အဘယ်ကြောင့် ခေါ်ရပါသနည်း ?။

၁၃။ လောကီသုခသဟဂုတ်စိတ်, မဂ်သုခသဟဂုတ်စိတ်တို့ကို ရေတွက်ပြပါ ?။

၁၄။ ဝေဒနာတိက် ပထမပုဒ်အရဝယ် မဂ်စိတ္တုပ္ပာဒ်-၂၈၊ ဖိုလ်စိတ္တုပ္ပာဒ်-၃၆ ဖြစ်ပုံကို ပြပါ ?။

၁၅။ လောကီဥပေက္ခာသဟဂုတ်စိတ်, မဂ်ဥပေက္ခာသဟဂုတ်စိတ်တို့ကို ရေတွက်ပြပါ ?။

၁၆။ ဝေဒနာတိက် တတိယပဒကို သစ္စာဖွဲ့ရာ၌ သောတာပတ္တိမဂ်ခုနစ်ပါး-စသော စကားမျှကိုသာ ဆိုရပုံကို ရှင်းပြပါ ?။

၁၇။ ဝေဒနာတိက် တတိယပဒအရ၌ မဂ်စိတ္တုပ္ပာဒ်-၂၆၊ ဖိုလ်စိတ္တုပ္ပာဒ်-၃၃ ဖြစ်ပုံကို ရှင်းပြပါ ?။

၁၈။ ဝေဒနာတိက်၏ သဗ္ဗလဒ္ဓနာမတိက် အမည်ရပုံကို ရှင်းပြပါ ?။

၁၉။ အဘယ့်ကြောင့် သုခဝေဒနာ ၆၃-ခုစသည်ဖြင့် ဆိုရပါသနည်း ?။

၂၀။ ဝေဒနာတိက်၏ တိက်ပုဒ်သုံးခုအရ၌ မပါဝင်သောတရားများကို ပြည့်စုံအောင် ရေတွက်ပြပါ ?။

http://www.dhammadownload.com

၃-ဝိပါကတိက်

၂၁။ ဝိပါကာ ဓမ္မာဒ္ဒ ဝိ-သဒ္ဒါ၏ အနက်ကို ထင်ရှားစေလျက် အဘယ်ကို ဝိပါက ခေါ်ရကြောင်းကိုလည်း ရှင်းပြပါ ?။

၂၂။ နာမ်အကျိုး, ရုပ်အကျိုး နှစ်မျိုးအနက် ဝိပါကာ ဓမ္မာအရ ယူသင့်သောအကျိုးကို အကြောင်းထည့်သွင်း ရှင်လင်းပြပါ ?။

၂၃။ ဝိပါကာ ဓမ္မာ၏အရ စေတသိက်အဋ္ဌတ္တိ သ ကောက်ထားပါလျက် ဒုက္ခသစ္စာ ဖွဲ့ရာဒ္ဒ စေတသိက်ပဋ္ဌတ္တိ သ-ဟု ဆိုရကြောင်းကို ပြ၍, ဝိပါကဓမ္မဓမ္မာဒ္ဒပါသော ဓမ္မ-သဒ္ဒါနှစ်ခုတို့၏ ထူးခြားပုံကိုလည်း ပြပါ ?။

၄-ဥပါဒိန္နတိက်

၂၄။ ဥပါဒိန္နုပါဒါနိယာဒ္ဒ ဥပ, ဥပါဒိန္န, ဥပါဒါန, ဥပါဒါနိယတို့၏အရကို အသီးအသီး ကောက်ပြပါ ?။

၂၅။ ဥပါဒိန္နလည်းမည် ဥပါဒါနိယလည်းမည်သောတရား, ဥပါဒိန္နမမည်မူ၍ ဥပါဒါနိယသာမည်သောတရား, ဥပါဒိန္နသာမည်၍ ဥပါဒါနိယမမည်သောတရား, ဥပါဒိန္နလည်းမမည် ဥပါဒါနိယလည်းမမည်သောတရားတို့ကို ပြပါ ?။

၂၆။ အဘိဓမ္မတ္ထသင်္ဂဟဒ္ဒ ကမ္မဇရုပ်အဋ္ဌာရသ-ဟု ဆိုထားပါလျက် ဤဒ္ဒ ကမ္မဇရုပ်ဝီသ-ဟု အဘယ်နည်းဖြင့် ဆိုထားရပါသနည်း ?။

၂၇။ သုခုမရုပ်ကိုးခုဆယ့်တစ်ခုဟု ဆိုရပုံနှင့် သုခုမရုပ်ဆယ်ခု တစ်ဆယ့်နှစ်ခုဟု ဆိုရပုံ တို့ကို ရှင်းပြပါ ?။

၅-သဲ့ကိဉ္စတိက်

၂၈။ သဲ့ကိလိဋ္ဌ, သဲ့ကိလေသ, သဲ့ကိလေသိကမည်သော တရားတို့ကို အသီးအသီး ကောက်ပြပါ ?။

၂၉။ သဲ့ကိလိဋ္ဌသာမည်၍ သဲ့ကိလေသမမည်သော တရား, သဲ့ကိလိဋ္ဌမမည်မူ၍ သဲ့ကိလေသမည်သောတရား, သဲ့ကိလိဋ္ဌလည်းမည် သဲ့ကိလေသလည်းမည်သော တရား, သဲ့ကိလိဋ္ဌလည်းမမည် သဲ့ကိလေသလည်းမမည်သောတရားတို့ကို ပြပါ ?။

၃၀။ သဲ့ကိလိဋ္ဌလည်းမည် သဲ့ကိလေသိကလည်းမည်သောတရား, သဲ့ကိလိဋ္ဌမမည်မူ၍ သဲ့ကိလေသိကသာ မည်သောတရား, သဲ့ကိလိဋ္ဌသာ မည်၍ သဲ့ကိလေသိက မမည်သော တရား, သဲ့ကိလိဋ္ဌလည်းမမည် သဲ့ကိလေသိကလည်း မမည်သော တရား တို့ကို ပြပါ ?။

၆-ဝိတက္ကတိက်

၃၁။ သဝိတက္ကတရား, သဝိစာရတရား, အဝိတက္ကတရား, အဝိစာရတရားတို့ကို အသီး အသီး ရေတွက်ပြပါ ?။

http://www.dhammadownload.com

၃၂။ သဝိတက္ကသဝိစာရ, အဝိတက္ကဝိစာရမတ္တ, ဝိတက္ကမတ္တအဝိစာရ, အဝိတက္ကအဝိစာရတရားတို့ကို အသီးအသီး ပြပါ ?။

၃၃။ လောကီသဝိတက္ကသဝိစာရစိတ်တို့ကို ရေတွက်ပြ၍, ဝိတက္ကတိက်၌ မဂ်စိတ္တုပ္ပာဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပာဒ် ၃၅-ခုဖြစ်ရပုံကိုလည်း ရှင်းပြပါ ?။

၃၄။ ဝိတက် ၅၅-ခုကို သစ္စာဖွဲ့ပြ၍, ဝိတက်တိက်ပုဒ် သုံးပုဒ်လုံးမှာ မပါဝင်သောတရားတို့ကို ပြပါ ?။

၃၅။ လောကီအဝိတက္ကအဝိစာရစိတ်များကို ရေတွက်ပြ၍, ဒုတိယစျာန်စိတ်ကောဒသ၌ ရှိသော ဝိစာရ ၁၁-ခုကို သစ္စာဖွဲ့ပြပါ ?။

၇-ပီတိတိက်

၃၆။ ပီတိသဟဂတာ၌ သမ္မယောဂအနေဖြင့် တကွဖြစ်မှု သဟဇာတအနေဖြင့် တကွဖြစ်မှုတို့တွင် အဘယ်ကိုယူသင့်ကြောင်း ပြ၍, အဘယ်ကို ဥပေက္ခာ-ဟု ခေါ်ရကြောင်းကိုလည်း ပြပါ ?။

၃၇။ ပီတိတိက်၌ ပထမပဒမျှသာ ထူးသည်၊ ဒုတိယနှင့်တတိယပဒတို့ကို ဝေဒနာတိက်မှ ယူ၍ အဘယ့်ကြောင့် ဟောရပါသနည်း ?။

၃၈။ ပီတိတိက်၌ မဂ်စိတ္တုပ္ပာဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပာဒ် ၃၆-ခုဖြစ်ရပုံကို ရှင်းလင်းပြ၍, တိက်မှတ်ကိုလည်း အပြည့်အစုံ ပြပါ ?။

၃၉။ သပ္ပီတိကသုခ, နိပ္ပီတိကသုခတို့ကို အသီးအသီး ရေတွက်ပြပါ ?။

၈, ၉-ဒဿနတိက်နှင့်ဒဿနဟေတုတိက်

၄၀။ ဒဿနမည်သောတရားကို အကြောင်းထည့်သွင်း ရှင်းလင်းပြ၍, ဂေါတြဘူက ဒဿနအမည် မရထိုက်ကြောင်းကိုလည်း ရှင်းပြပါ ?။

၄၁။ အဘယ်ကို ဘာဝနာဟု ခေါ်ပါသနည်း၊ အကြောင်းနှင့်တကွ ပြပါ ?။

၄၂။ ပယ်အပ်သောတရားတို့ကို အုပ်စုအလိုက် ခွဲခြားပြ၍, အုပ်စုတစ်စုတစ်စုခွဲ ပါဝင်သောကိလေသာများကိုလည်း ယှဉ်တွဲစပ်ဟပ်ပြပါ ?။

၄၃။ ပယ်အပ်သောတရားနှင့် ပယ်တတ်သောတရားတို့ကို ဖြစ်ထိုက်သည်အားလျော်စွာ ယှဉ်တွဲစပ်ဟပ်ပြပါ ?။

၄၄။ သောတာပတ္တိမဂ်ကသာ ပယ်အပ်သောတရား, အရဟတ္တမဂ်ကသာ ပယ်အပ်သောတရား, အောက်မဂ်သုံးခုက ပယ်အပ်သောတရား, မဂ်လေးခုက ပယ်အပ်သောတရားတို့ကို ပြပါ ?။

၄၅။ နေဝဒဿနေန နာ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ-အရ ရှေ့နှစ်ပုဒ်အရ တရားတို့မှ ကြွင်းကျန်သမျှသော တရားတို့ကို အဘယ့်ကြောင့် ကောက်ယူရပါသနည်း ?။

၄၆။ ဒဿနေန ပဟာတဗ္ဗဟေတုက, ဘာဝနာယ ပဟာတဗ္ဗဟေတုက-ဟု အဘယ်တရားမျိုးကို ခေါ်ပါသနည်း၊ အသီးအသီး ပြပါ ?။

http://www.dhammadownload.com

၁၀-အာစယဂါမိတိက်

၄၇။ အာစယမည်သောတရားတို့ကို အကြောင်းနှင့်တကွပြ၍, အဘယ်ကို စီသည်-ဟု ဆိုရကြောင်းကိုလည်း ပြပါ ?။

၄၈။ လောကီကုသိုလ်, အကုသိုလ်တို့ကို အာစယဂါမိ ခေါ်ရပုံကို သိသာရုံမျှ ပြပါ ?။

၄၉။ စယမည်သောတရား, အပစယမည်သောတရား, အပစယဂါမိမည်သောတရားတို့ကို အကြောင်းနှင့်တကွ ပြပါ ?။

၁၁-သေက္ခတိက်

၅၀။ သိက္ခာမည်သောတရားတို့ကို ပြ၍, အဘယ်ကို သေက္ခာ-ဟု ခေါ်ရကြောင်းကိုလည်း အကြောင်းထည့်သွင်း ရှင်းလင်းပြပါ ?။

၅၁။ အသေက္ခမည်ပုံ အဖုံဖုံကို အကြောင်းစုံထည့်သွင်း ရှင်းလင်းပြပါ ?။

၅၂။ သေက္ခတရား ၇-ပါးတို့တွင် အကြီးဆုံးဖြစ်သော အရဟတ္တမဂ်သည် အသေက္ခ အမည်ကို ရသင့်ပါလျက် အဘယ့်ကြောင့် အရဟတ္တဖိုလ်ကိုသာ အသေက္ခအရ ကောက်ယူရပါသနည်း ?။

၁၂-ပရိတ္တတိက်

၅၃။ အဘယ်တရားတို့ကို အဘယ့်ကြောင့် ပရိတ္တ, မဟဂ္ဂတ-ဟု ခေါ်ရပါသနည်း၊ သိသာထင်ရှားအောင် ရှင်းလင်းပြပါ ?။

၅၄။ ပမာဏမည်သောတရား, အပွမာဏမည်သောတရားတို့ကို အကြောင်းစုံသွင်း သိသာ ရှင်းလင်းအောင် ပြပါ ?။

၁၃-ပရိတ္တာရမဏတိက်

၅၅။ ပရိတ္တတရားလျှင်အာရုံရှိကုန်သော-ဟူသော စကားရပ်၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ပြပါ ?။

၅၆။ မြဲသောအားဖြင့်အာရုံပြုသော, အာရုံပြုခိုက်-ဟူသော ဝိသေသန-စကားရပ်များ၏ အဓိပ္ပာယ်ကို ပြပါ ?။

၅၇။ ပရိတ္တာရမဏတိက် ပထမပုဒ်၏အရ၌ အပွမညာ, ဒုတိယပုဒ်၏အရ၌ ဝိရတိ အပွမညာတို့ကို အဘယ့်ကြောင့် ကြဉ်ရပါသနည်း ?။

၅၈။ ပရိတ္တာရမဏတိက် တတိယပုဒ်၏အရ၌ ဝိရတိကို ကြဉ်သင့်,မကြဉ်သင့် အကြောင်း ထည့်သွင်း ရှင်းလင်းဆုံးဖြတ်ပြပါ ?။

၅၉။ ပရိတ္တာရမဏတိက်၌ အဘယ်တရားများကို တိက်မှတ်ထုတ်သင့်ပါသနည်း၊ အကြောင်း ထည့်သွင်း ရှင်းလင်းပြပါ ?။

၆၀။ ရူပါဝစရစိတ်၌ အဘိညာဉ်ဒွေးကို ကြဉ်ထားပါလျက် စိတ်အရေအတွက်မလျော့ ရခြင်း၏အကြောင်းကို ပြပါ ?။

http://www.dhammadownload.com

၆၁။ ပရိတ္တာရမဏာတိက်၌ အာရုံအားလျော်စွာ တိက်ဝင်, တိက်မုတ် ၂-ပါးစုံဖြစ်နိုင်သော တရားများကို ပြပါ ?။

၁၄-ဟီနတိက်

၆၂။ အဘယ်တရားများကို ဟီန, မဇ္ဈိမ, ပဏီတ-ဟု ခေါ်ပါသနည်း၊ အကြောင်းထည့်သွင်း ရှင်းလင်းပြပါ ?။

၆၃။ မဂ်, ဖိုလ်, နိဗ္ဗာန်တို့ ပဏီတအမည်ရပုံကို သိသာရုံမျှ ရှင်းလင်းပြပါ ?။

၁၅-မိစ္ဆတ္တတိက်

၆၄။ ပဋ္ဌာနန္တ ရိယက်နှင့် နိယတမိစ္ဆာဒိဋ္ဌိတရားတို့၏ မိစ္ဆတ္တမည်ပုံ, နိယတမည်ပုံကို သိသာရုံမျှ ပြပါ ?။

၆၅။ ပဋ္ဌာနန္တ ရိယက်အများ ပြုမှားမိလျှင် အဘယ်ကဲ့က အကျိုးပေးပါသနည်း၊ အားလုံး ကပင် ပဋိသန္ဓေကျိုးကို ပေးနိုင်ပါသလား၊ အကျိုးပေးခွင့် မရသောကံမျိုးမှာ အာနန္တ ရိယသဘော, နိယတသဘော ရှိနိုင်ပါဦးမည်လား၊ ရှင်းလင်းဆုံးဖြတ်ပါ ?။

၆၆။ နိယတမိစ္ဆာဒိဋ္ဌိ၏သဘောကို သရုပ် အဓိပ္ပာယ်နှင့်တကွ ထင်ရှားအောင် ပြပါ ?။

၆၇။ အာနန္တ ရိယ, ပဋ္ဌာနန္တ ရိယတို့၏သဘောကို သိသာရုံမျှ ရှင်းလင်းပြပါ ?။

၆၈။ ပဋ္ဌာနန္တ ရိယက် ၅-မျိုးလုံးပင် စွမ်းအင်သတ္တိ တူမျှကြပါသလား၊ အဘယ်ကံ အဘယ်ကံက အားကြီးပါသနည်း ?။

၆၉။ မိစ္ဆတ္တတိက် ပထမပုဒ်အရ ဒိဋ္ဌိဂတသမ္မယုတ်စိတ်လေးခုသတ္တမဏော, ဒေါသမူဒွေး သတ္တမဏောတို့ကိုသာ ကောက်ရခြင်း၏အကြောင်းကို ပြ၍, ကြွင်းသောဏောများမှာ အဘယ်ပုဒ်၌ ပါဝင်ကြောင်းကိုလည်း ပြပါ ?။

၇၀။ မဂ်လေးခုတို့၏ သမ္မတ္တမည်ပုံ, သမ္မတ္တနိယတမည်ပုံတို့ကို သိသာရုံမျှ ပြပါ ?။

၁၆-မဂ္ဂါရမဏာတိက်

၇၁။ မဂ်-ဟု ခေါ်ရခြင်း၏အကြောင်းကို ပြ၍, မဂ်ကို အာရုံပြုနိုင်သောစိတ်နှင့် အာရုံ ပြုနိုင်သော ပုဂ္ဂိုလ်တို့ကိုလည်း ပြပါ ?။

၇၂။ အောက်အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့က အထက်အထက်မဂ်များကို အဘယ့်ကြောင့် အာရုံမပြုနိုင်ကြပါသနည်း ?။

၇၃။ ပုထုဇဉ်ပုဂ္ဂိုလ်များနှင့် မဂ်ပုဂ္ဂိုလ်လေးယောက်တို့ မဂ်ကိုအာရုံပြုနိုင်,မပြုနိုင် အကြောင်း အသီးအသီးပြ၍ ဆုံးဖြတ်ပါ ?။

၇၄။ မဂ်ကိုအာရုံပြုနိုင်သော ပုဂ္ဂိုလ်တို့၏ အာရုံပြုတတ်သောစိတ်နှင့် အာရုံပြုအပ်သော မဂ်တို့ကို အသီးအသီး ယှဉ်စပ်ဟပ်ပြပါ ?။

၇၅။ မဂ္ဂါရမဏာတိက်ပထမပုဒ်ကို အရကောကဲရာ၌ ဝိရတိနှင့် အပ္ပမညာတို့ကို အဘယ့်ကြောင့် ကြဉ်ရပါသနည်း၊ အကြောင်းထည့်သွင်း ရှင်းပြပါ ?။

http://www.dhammadownload.com

၇၆။ မဂ်ကိုအာရုံပြုသော စိတ်များသည် ဧကန်အာရုံပြုကြသလား, အနေကန်အာရုံပြုကြသလား၊ ရှင်းလင်းဖြေဆိုပါ ?။

၇၇။ မဂ္ဂဟေတုကာ ဓမ္မာ၌ ပထမနည်းအလို မဂ္ဂဟေတု, မဂ္ဂဟေတုက–အရတို့ကို အသီးအသီး ကောက်ပြပါ ?။

၇၈။ ဒုတိယနည်း တတိယနည်းအလို မဂ္ဂဟေတု, မဂ္ဂဟေတုက–အရတို့ကို အသီအသီး ကောက်ပြပါ ?။

၇၉။ အဓိပတိအဓိပ္ပာယ်ကို သိသာရုံမျှ ပြ၍, မဂ္ဂါဓိပတိနော–ဟူသောပုဒ်၏ အဓိပ္ပာယ်ကိုလည်း ပြည့်စုံအောင် ရှင်းလင်းပြပါ ?။

၈၀။ မဂ်ကို အလေးအမြတ် အာရုံပြုတတ်သောစိတ်, အလေးအမြတ် အာရုံပြုနိုင်သော ပုဂ္ဂိုလ်တို့ကို ပြပါ ?။

၈၁။ မဂ်ကို အလေးအမြတ်အာရုံပြုနိုင်သောပုဂ္ဂိုလ်, အာရုံပြုတတ်သောစိတ်နှင့် အလေးအမြတ်အာရုံပြုအပ်သော မဂ်တို့ကို အသီးအသီး ယှဉ်တွဲစပ်ဟပ်ပြပါ ?။

၈၂။ သဟဇာတာဓိပတိတရားတို့ကို အကိုးသာဓကနှင့်တကွ ပြ၍ မဂ်လည်းမည် အဓိပတိလည်းမည်သောတရားတို့ကို ပြပါ ?။

၈၃။ မဂ္ဂါဓိပတိနော ဓမ္မာ၏– ဒုတိယနည်းအရကောက်၌ ဝိရိယတပ်ခိုက် ဝိရိယကြဉ်သော စေတသိက် ပဉ္စတ္တိံသ ဝိမံသတပ်ခိုက် ဝိမံသကြဉ်သော စေတသိက် ပဉ္စတ္တိံသ–ဟု အဘယ့်ကြောင့် အရကောက်ရပါသနည်း ?။

၈၄။ မဂ်လည်းမည် အဓိပတိလည်းမည်သောတရားများကို ပြ၍, တတိယပဒ တတိယနည်းအရကောက်၌ အဓိပတိတပ်ခိုက် ဝိရိယ ဝိမံသလည်း ရ၏–ဟု ဆိုရခြင်း၏ အကြောင်းကိုလည်း ပြပါ ?။

၈၅။ မဂ်ကို လုံးဝအာရုံမပြုနိုင်သော တရားစုကို ပြည့်စုံအောင် ရေတွက်ပြပါ ?။

၈၆။ မဂ်စိတ်လေးခုတို့သည်လည်း မဂ်ကို အာရုံမပြုနိုင်သောတရားများ ဖြစ်ကြသည် မဟုတ်ပါလား၊ သို့ဖြစ်ပါလျက် အဘယ့်ကြောင့် မဂ်ကို အာရုံမပြုနေအရ မဂ်စိတ်လေးခုတို့ကို ချန်ထားရပါသနည်း ?။

၈၇။ မဂ္ဂါရမဏာတိက်မုတ်၌ မဂ်ကိုအာရုံမပြုနေ, မဂ်ကိုအာရုံမပြုခိုက်–ဟူသော စကားတို့၏ လိုရင်းအဓိပ္ပာယ်ကို ရှင်းပြပါ ?။

၁၇–ဥပ္ပန္နတိက်

၈၈။ ဥပ္ပန္နမည်သောတရားတို့ကို အကြောင်းနှင့်တကွ ပြ၍, ပစ္စုပ္ပန် ၃–မျိုး, ၄–မျိုးတို့ကို ရေတွက်ပြလျက် ဥပ္ပန္နာ ဓမ္မာ၌ အလိုရှိအပ်သော ပစ္စုပ္ပန်ကိုလည်း ပြပါ ?။

၈၉။ အနုပ္ပန္နာ ဓမ္မာ၌ ဥပ္ပန္နမည်သောတရား, အနုပ္ပန္နမည်သောတရား, အနုပ္ပန္နာ ဓမ္မာ–အရ ယူရမည့်တရားတို့ကို ပိုင်းခြားဝေဖန်ပြပါ ?။

၉၀။ ဥပ္ပာဒီမည်သောတရားတို့ကို ပြ၍, ဥပ္ပန္နတိက်၌ အတိတ်ဖြစ်သော စိတ်, စေတသိက်, ရုပ်တရားတို့ကို တိက်မုတ်မထုတ်ရခြင်း၏ အကြောင်းကိုလည်း ပြပါ ?။

http://www.dhammadownload.com

၁၈, ၁၉-အတီတ်နှင့် အတီတာရမဏတိက်

၉၁။ အတီတ, အနာဂတ, ပစ္စုပ္ပန္နတို့၏ သဘောအဓိပ္ပာယ်ကို သိသာထင်ရှားအောင် ပြပါ ?။

၉၂။ အတီတတိက်၌ အဘယ့်ကြောင့် နိဗ္ဗာန်ကို တိက်မုတ်ထုတ်ရပါသနည်း ?။

၉၃။ အတီတာရမဏတိက်၏ တိက်ပုဒ် သုံးခုလုံး၌ အဘယ့်ကြောင့် အပွမညာကိုကြဉ်၍ ကောက်ရပါသနည်း ?။

၉၄။ အနာဂတာရမဏာ၌ ဝိရတိကို ကြဉ်သင့်, မကြဉ်သင့် အကြောင်းလုံလောက်အောင် ပြ၍ ဆုံးဖြတ်ပါ ?။

၉၅။ အတီတာရမဏတိက် တိက်မုတ်ဝယ် အပွမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသော စသည်ဖြင့် ဆိုထားရာ အဘယ်တရားကို အပွမာဏခေါ်သင့်ကြောင်း ပြပါ ?။

၉၆။ အပွမာဏကို အာရုံပြုခိုက်စသော စကားရပ်၌ ဝိရတိ အပွမညာတို့ကို ကြဉ်ရပုံကို ကြောင်းကျိုးဆက်စပ် ဆုံးဖြတ်ပါ ?။

၂၀, ၂၁-အဇ္ဈတ္တတိက်နှင့် အဇ္ဈတ္တာရမဏတိက်

၉၇။ အဇ္ဈတ္တ, ဗဟိဒ္ဓတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၉၈။ အဇ္ဈတ္တာ ဓမ္မာ၌ အဇ္ဈတ္တသရုပ်ကို အဓိပ္ပာယ်အရကောက်နှင့်တကွ ယှဉ်တွဲစပ်ဟပ် ပြ၍, ဤ၌ လိုအပ်သော အဇ္ဈတ္တကိုလည်း ပြပါ ?။

၉၉။ အဇ္ဈတ္တာရမဏာ ဓမ္မာ၌ အဘယ့်ကြောင့် ဣသာ အပွမညာတို့ကို ကြဉ်ကောက်ရပါသနည်း ?။

၁၀၀။ အဇ္ဈတ္တာရမဏတိက် ၃-ပုဒ်လုံး၌ မဆွရိယကိုကြဉ်၍ ကောက်သင့်, မကောက်သင့် အကြောင်းလုံလောက်အောင်ပြ၍ ဆုံးဖြတ်ပါ ?။

၂၂-သနိဒဿနတိက်

၁၀၁။ နိဒဿန, သနိဒဿနတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၁၀၂။ သနိဒဿန, အနိဒဿန, သပ္ပဋိဃ, အပ္ပဋိဃမည်သော တရားတို့ကို အသီးအသီး ကောက်ပြပါ ?။

၁၀၃။ သနိဒဿနလည်းမည် သပ္ပဋိဃလည်းမည်သောတရား,
သနိဒဿန မမည်မူ၍ သပ္ပဋိဃသာ မည်သောတရား,
သနိဒဿနသာမည်၍ သပ္ပဋိဃမမည်သောတရား,
သနိဒဿန သပ္ပဋိဃ ၂-ပါးစုံမမည်သောတရားတို့ကို ပြပါ ?။

၁၀၄။ အာဒိလဒ္ဓနာမတိက်, သဗ္ဗလဒ္ဓနာမတိက်တို့ကို ရေတွက်ပြပါ ?။

၁၀၅။ သပ္ပဒေသတိက်, နိပ္ပဒေသတိက်တို့ကို ရေတွက်ပြပါ ?။

http://www.dhammadownload.com

တိက်များကို ပြန်လည်စိစစ်ချက်

တိကမာတိကာ, ဒုကမာတိကာ နှစ်ပါးတို့တွင် အဘယ့်ကြောင့် တိကမာတိကာကို ရှေးဦးစွာ ဟောတော်မူရပါသနည်း ?။

မှတ်ယူလွယ်သောကြောင့် လည်းကောင်း, နည်းသောအပြားရှိသောကြောင့် လည်းကောင်း တိကမာတိကာကို ရှေးဦးစွာ ဟောတော်မူရပါသည်။

ဆောင်။ ။ မှတ်လွယ်နည်းပြား, ကြောင်းနှစ်ပါး, ရှေ့ဖျားတိုက်ကိုဟော။

တိက်နှစ်ဆယ့်နှစ်ပါးတို့တွင် အဘယ့်ကြောင့် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူရပါသနည်း ?။

အလုံးစုံသော ပရမတ္ထတရားတို့ကို သိမ်းသွင်းမိခြင်း, ရောနှောယှက်တင်ခြင်းမှကင်းခြင်း (ကုသိုလ်ဟူသော) အစကောင်းခြင်းနှင့် ယှဉ်ခြင်းဟူသော အကြောင်းများကြောင့် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူရပါသည်။

ဆောင်။ ။ လုံးစုံသိမ်းသွင်း, ရောယှက်ကင်းသား, ကောင်းခြင်းစစွာ, ကြောင်းသုံးဖြာ, ဦးစွာ "ကု"ကိုဟော။

ကုသလတိက်တွင် အဘယ့်ကြောင့် ကုသိုလ်ကို ရှေးဦးစွာ ဟောတော်မူရပါသနည်း ?။

မြင့်မြတ်သည်၏အဖြစ်, ချီးမွမ်းအပ်သည်၏အဖြစ် (ပစ္စုပ္ပန် တဏှလွန်-ဟူသော) နှစ်ပါးသောဘဝတို့၌ အကျိုးစီးပွားကို ဆောင်တတ်သည်၏အဖြစ်ကြောင့် ကုသိုလ်ကို ရှေးဦးစွာ ဟောတော်မူရပါသည်။

ဆောင်။ ။ မြတ်-ချီးမွမ်းအပ်, နှစ်ရပ်ဘဝါ, ကျိုးဆောင်ပါ, ဦးစွာ "ကု"ကိုဟော။

ကုသိုလ်၏အခြားမဲ့၌ အဘယ့်ကြောင့် အကုသိုလ်ကို ဟောရပါသနည်း ?။

ကုသိုလ်၏ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဟောရပါသည်။

ဆောင်။ ။ ကုသိုလ်နှင့်ပင်, လွန်ဆန့်ကျင်, နောက်တွင် "အကု"ဟော။

အကုသိုလ်၏အခြားမဲ့၌ အဘယ့်ကြောင့် အဗျာကတကို ဟောရပါသနည်း ?။

ကုသိုလ်, အကုသိုလ်နှစ်ပါးမှ ပြန်သောသဘောရှိသောကြောင့် ဟောရပါသည်။

ဆောင်။ ။ ရှေးမှပြန်သော, ရှိသဘော, နောက်ဟော "ဗျာကတာ"။

ကုသလတိက်၏အခြားမဲ့၌ အဘယ့်ကြောင့် ဝေဒနာတိက်ကို ဟောတော်မူရပါသနည်း ?။

ကုသလတိက်ဖြင့် ပေါင်းယူရေတွက်အပ်ကုန်သော ကုသိုလ်, အကုသိုလ်, အဗျာကတတို့၏ ဖြစ်သင့်သည်အားလျော်စွာ သုခသမယုတ္တ, ဒုက္ခသမယုတ္တ, အဒုက္ခမသုခသမယုတ္တ အပြားကို ပြတော်မူလိုသောကြောင့် ဟောရပါသည်။ [တစ်တိက်နှင့်တစ်တိက်, တစ်ဒုက်နှင့် တစ်ဒုက်အကြားကို ဤနည်းချည်း ယူပါလေ။]

http://www.dhammadownload.com

ဆောင်။ ။ ရှေ့တိုက်မှာပါ, ကု-အ-ဗျာ၏, သုခါသမ္မ, စသည်အပြား, ပြလိုငြား, ဟောကြား "ဝေဒနာ"။
တိုက်-ဒုက်အကြား, သဘောသွား, မှတ်သားနည်းတူသာ။

ရူပက္ခန္ဓာတစ်ပါးသာရသော
တိုက်ပုဒ်- ၂

သနိဒဿနတိုက်	ပ, ဒု

နာမက္ခန္ဓာသုံးပါးသာရသော
တိုက်ပုဒ်- ၅

ဝေဒနာတိုက်	ပ, ဒု, တ
ပီတိတိုက်	ဒု, တ

နာမက္ခန္ဓာလေးပါးသာရသော
တိုက်ပုဒ်- ၃၂

ကုသလတိုက်	ပ, ဒု
ဝိပါကတိုက်	ပ, ဒု
သံကိလိဋ္ဌတိုက်	ပ
ဝိတက်တိုက်	ပ, ဒု
ပီတိတိုက်	ပ
ဒဿနတိုက်	ပ, ဒု
ဒဿနဟေတုတိုက်	ပ, ဒု
အာစယဂါမိတိုက်	ပ, ဒု
သေက္ခတိုက်	ပ, ဒု
ပရိတ္တတိုက်	ဒု
ပရိတ္တာရမ္မဏတိုက်	ပ, ဒု, တ
ဟီနတိုက်	ပ
မိစ္ဆတ္တတိုက်	ပ, ဒု
မဂ္ဂါရမ္မဏတိုက်	ပ, ဒု, တ
အတီတာရမ္မဏတိုက်	ပ, ဒု, တ
အဇ္ဈတ္တာရမ္မဏတိုက်	ပ, ဒု, တ

ခန္ဓာငါးပါးလုံးရသော
တိုက်ပုဒ်- ၂၃

ကုသလတိုက်	တ
ဝိပါကတိုက်	တ
ဥပါဒိန္နတိုက်	ပ, ဒု
သံကိလိဋ္ဌတိုက်	ဒု
ဝိတက်တိုက်	တ
ဒဿနတိုက်	တ
ဒဿနဟေတုတိုက်	တ
အာစယဂါမိတိုက်	တ
သေက္ခတိုက်	တ
ပရိတ္တတိုက်	ပ
ဟီနတိုက်	ဒု
မိစ္ဆတ္တတိုက်	တ
ဥပဋ္ဌန္နတိုက်	ပ, ဒု, တ
အတီတတိုက်	ပ, ဒု, တ
အဇ္ဈတ္တတိုက်	ပ, ဒု, တ
သနိဒဿနတိုက်	တ

နာမက္ခန္ဓာနှင့်နိဗ္ဗာန်ရသော
တိုက်ပုဒ်- ၄

ဥပါဒိန္နတိုက်	တ
သံကိလိဋ္ဌတိုက်	တ
ပရိတ္တတိုက်	တ
ဟီနတိုက်	တ

နာမက္ခန္ဓာနှင့် ရုပ်တစ်စိတ်ရသော
တိုက်ပုဒ်- ၄

ဥပါဒိန္နတိုက်	ပ, ဒု
ဥပဋ္ဌန္နတိုက်	ဒု, တ

ရုပ်တစ်စိတ်သာရသော
တိုက်ပုဒ်- ၂

သနိဒဿနတိုက်	ပ, ဒု

http://www.dhammadownload.com

လောကီကိုသာ ကောက်ရသော
တိက်ပုဒ်- ၂၇

ကုသလတိက်	ဒု
ဝေဒနာတိက်	ဒု
ဥပါဒိန္နတိက်	ပ, ဒု
သံကိလိဋ္ဌတိက်	ပ, ဒု
ဒဿနတိက်	ပ, ဒု
ဒဿနဟေတုတိက်	ပ, ဒု
အာစယဂါမိတိက်	ပ, ဒု
ပရိတ္တတိက်	ပ, ဒု
ပရိတ္တာရမ္မဏတိက်	ပ, ဒု
ဟီနတိက်	ပ, ဒု
မိစ္ဆတ္တတိက်	ပ
မဂ္ဂါရမ္မဏတိက်	ပ
အတီတာရမ္မဏတိက်	ပ, ဒု, တ
အနာဂတာရမ္မဏတိက်	ပ, တ
သနိဒဿနတိက်	ပ, ဒု

လောကုတ္တရာကိုသာ ကောက်ရသော
တိက်ပုဒ်- ၉

ဥပါဒိန္နတိက်	တ
သံကိလိဋ္ဌတိက်	တ
အာစယဂါမိတိက်	ဒု
သေက္ခတိက်	ပ, ဒု
ပရိတ္တတိက်	တ
ဟီနတိက်	တ
မိစ္ဆတ္တတိက်	ဒု
မဂ္ဂါရမ္မဏတိက်	ဒု

ခန်, အာ, ဓာ အကုန်ရသော
တိက်ပုဒ်- ၁၆

ကုသလတိက်	တ
သံကိလိဋ္ဌတိက်	ဒု
ဒဿနတိက်	တ
ဒဿနဟေတုတိက်	တ
အာစယဂါမိတိက်	တ
သေက္ခတိက်	တ
ပရိတ္တတိက်	ပ
ဟီနတိက်	ဒု
မိစ္ဆတ္တတိက်	တ
ဥပဓိန္န	ပ
အတီတတိက်	ပ, ဒု, တ
အနာဂတတိက်	ပ, ဒု, တ

နိဗ္ဗာန်ကိုသာ တိက်မုတ်ထုတ်ရသော
တိက်- ၂

(၁) ဥပဓိန္နတိက် (၂) အတီတတိက်

စေတသိက်ကိုသာ တိက်မုတ်ထုတ်ရသော
တိက်- ၁

ဝိတက္ကတိက်

စေတသိက်, ရုပ်, နိဗ္ဗာန်တို့ကိုသာ
တိက်မုတ်ထုတ်ရသော တိက်- ၁

ဝေဒနာတိက်

နာမက္ခန္ဓာလေးပါး, ရုပ်, နိဗ္ဗာန်ကို
တိက်မုတ်ထုတ်ရသော တိက်- ၅

(၁) ဝိတိတိက် (၂) ပရိတ္တာရမ္မဏတိက် (၃) မဂ္ဂါရမ္မဏတိက် (၄) အတီတာရမ္မဏတိက် (၅) အနာဂတာရမ္မဏတိက်

တိကမာတိကာ
ပြီးပါပြီ။

http://www.dhammadownload.com

ဒုကမာတိကာ

တိကမာတိကာကို ဟောတော်မူသည်၏အခြားမဲ့၌ ဒုကမာတိကာကို ဟောတော်မူ၏၊ ထိုဒုကမာတိကာသည်လည်း ဟေတုဂေါစ္ဆက, စူဠန္တရဒုက်, အာသဝဂေါစ္ဆက, သညောဇနဂေါစ္ဆက, ဂန္ထဂေါစ္ဆက, ဩဃဂေါစ္ဆက, ယောဂဂေါစ္ဆက, နီဝရဏဂေါစ္ဆက, ပရာမာသဂေါစ္ဆက, မဟန္တရဒုက်, ဥပါဒါနဂေါစ္ဆက, ကိလေသဂေါစ္ဆက, ပိဋ္ဌဒုက် အားဖြင့် တစ်ဆယ့်သုံးပါး အပြားရှိ၏။

၁-ဟေတုဂေါစ္ဆက

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ဂဟိတ			
			ခ	အ	ဓ	သ
မူဒုက်	ဟေတူဓမ္မာ	လော ။ပ။ အမောဟ [ဟိတ် ၆-ပါး]	၁	၁	၁	၃
	နဟေတူဓမ္မာ	စိတ်-၈၉၊ စေ-၄၆၊ ရုပ်။ နိ	၅	၁၂	၁၈	၃
သဟေတုကဒုက်	သဟေတုကာဓမ္မာ	သဟိတ်စိတ်-၇၁၊မောဠ်မောကြွဉ်စေ-၅၂	၄	၂	၂	၃
	အဟေတုကာဓမ္မာ	အဟိတ်စိတ်-၁၈၊စေ-၁၂၊မောဠ်မော၊ရုပ်၊နိ	၅	၁၂	၁၈	၂
နဟေတုဒုက်	ဟေတုသမ္မယုတ္တာဓမ္မာ	သဟိတ်စိတ်-၇၁၊မောဠ်မောကြွဉ်စေ-၅၂	၄	၂	၂	၃
	ဟေတုဝိပ္ပယုတ္တာဓမ္မာ	အဟိတ်စိတ်-၁၈၊စေ-၁၂၊မောဠ်မော၊ရုပ်၊နိ	၅	၁၂	၁၈	၂
ဟေတုသဟေတုကဒုက်	ဟေတူစေဝဓမ္မာ သဟေတုကာစ	မောဠ်မောကြွဉ် ဟိတ် ၆-ပါး	၁	၁	၁	၃
	သဟေတုကာစေဝ ဓမ္မာ နစ ဟေတူ	သဟိတ်စိတ်-၇၁၊ စေ-၄၆	၄	၂	၂	၂
	ဒုက်မုတ်	အဟေတုကာအရ				
ဟေတုနဟေတုသဟေတုကဒုက်	ဟေတူစေဝ ဓမ္မာ ဟေတုသမ္မယုတ္တာစ	မောဠ်မောကြွဉ်ဟိတ် ၆-ပါး	၁	၁	၁	၃
	ဟေတုသမ္မယုတ္တာ စေဝ ဓမ္မာ နစ ဟေတူ	သဟိတ်စိတ်-၇၁၊ စေ-၄၆	၄	၂	၂	၂
	ဒုက်မုတ်	ဟေတုဝိပ္ပယုတ္တာအရ				
နဟေတုသဟေတုကဒုက်	နဟေတူခေါပနဓမ္မာ သဟေတုကာပိ	သဟိတ်စိတ်-၇၁၊ စေ-၄၆	၄	၂	၂	၂
	နဟေတူခေါပနဓမ္မာ အဟေတုကာပိ	အဟိတ်-၁၈၊စေ-၁၂၊ရုပ်၊နိ	၅	၁၂	၁၈	၂
	ဒုက်မုတ်	ဟေတူအရ-[ဟိတ်-၆-ပါး]				

http://www.dhammadownload.com

[**အချီးဆောင်။** ။ ဟေ စူဠဒွာ, အာသဝနှင့်, သံယောဇ ဂန္ထာ၊
သြဃ-ယောဂါနှင့်, နီ-ပရာ-မဟန်နှော, ဟောတဲ့ဥပါ။
ကိလေသာ-နောက်မှာပိဋ္ဌိ၊
ဆယ့်သုံးသန်ခြေနှင့်, ဒုက်စဉ်ရေ မှန်မလွဲအောင် ခဲပါ့သတိ။]

ထိုတစ်ဆယ့်သုံးပါးတို့တွင် ဟေတုဂေါစ္ဆကကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုဟေတုဂေါစ္ဆကသည်လည်း ဟေတုဒုက်, သဟေတုကဒုက်, ဟေတုသမ္မယုတ္တဒုက်, ဟေတုသဟေတုကဒုက်, ဟေတုဟေတုသမ္မယုတ္တဒုက်, နဟေတုသဟေတုကဒုက်-အားဖြင့် ခြောက်ပါးအပြားရှိ၏၊ [ဇယားဥ် အစပထမကွက်ကို ထက်+အောက် ကြည့်ဆိုပါ။]

ဟေတုဒုက်

ထိုခြောက်ပါးတို့တွင် ဟေတုဒုက်ကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုဟေတုဒုက်ဥလည်း ပထမပဒ, ဒုတိယပဒအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ပထမပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား ဟေတူ ဓမ္မာ-ဟူသည်တည်း၊ ထို့နောင် ဒုတိယပဒကို ဟောတော်မူ၏၊ ဟောဟန်ကား နဟေတူ ဓမ္မာ-ဟူသည်တည်း။ [ဒုတိယဇယားကွက်ကို ကြည့်ဆိုပါ။]

ဟေတူ-ဟိတ်မည်ကုန်သော၊ ဓမ္မာ- ။

နဟေတူ-ဟိတ်မမည်ကုန်သော၊ ဝါ-ဟိတ်မှ တစ်ပါးဖြစ်ကုန်သော၊ ဓမ္မာ-။

ဟေတူ ဓမ္မာ-ဟူသော ပထမပုဒ်၏အရကား လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ-ဟု ဆိုအပ်သော ဟိတ်ခြောက်ပါးရ၏၊ [တတိယဇယားကွက်ကိုရှု။] ထိုဟိတ်ခြောက်ပါးသည် သခ်ါရက္ခန္ဓာ, ဓမ္မာယတန, ဓမ္မဓာတ်, သစ္စာအားဖြင့် သုံးပါးဖြစ်ကုန်၏၊ [အဆုံးသင်္ဂဟိတဇယားကွက်ကို ရှုပါ။]

ဂေါစ္ဆက [ဂုပ္ပတီတိ-ဂေါစ္ဆကော] တစ်ပွင့်နှင့်တစ်ပွင့် ထွေးယှက်ပွေရှုပ်နေသော ပန်းခိုင် ပန်းကုံး ပန်းခွေ ပန်းစည်းသည် "ဂေါစ္ဆက" မည်၏၊ [ဂုပေါ ဘူ ဂေါပနိန္ဒာသု , ဒိ ဗျာကုလေ စု ဒိတ္တိယံ၊ ဓာတွတ္ထသင်္ဂဟ။]

ထိုပန်းခိုင် ပန်းကုံး ပန်းခွေ ပန်းစည်းကဲ့သို့ ဟေတု, သဟေတုက-စသည်ဖြင့် တစ်ဒုက်နှင့်တစ်ဒုက် ဆက်သွယ်ပေါင်းစုနေသော ဒုက်အပေါင်းသည်လည်း သဒိသူပစာရ်အားဖြင့် "ဂေါစ္ဆက"မည်၏။

ပန်းခိုင်တစ်ခုမှာ အပွင့်အငုံတို့သည် စုဆုံရောပြွတ်ပါရှိနေကြ၏၊ ပန်ကုံးများမှာလည်း အောက်အောက်ပန်းပွင့်များနှင့် အထက်အထက်သော ပန်းပွင့်များ၏ အညာတို့သည် ဆက်သွယ် ပေါင်းစုနေကြ၏၊ ပန်းခွေများမှာလည်း ပန်းတစ်ပွင့်၏ ရိုးတံနှင့် အခြား

http://www.dhammadownload.com

သစ္စာအားဖြင့် သုံးပါးဟူသော်ကား လောကီသဟိတ်စိတ် ခြောက်ဆယ့်သုံးခုဥ္စ ရှိသော လောဘကြဉ်သော ဟိတ်ငါးပါးသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ မဂ်စိတ်လေးခုဥ္စရှိသော အမောဟစေတသိက်တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်-ဟုဆိုအပ်သော သောတာပတ္တိမဂ်တစ်ပါး ။ပ။ အရဟတ္တမဂ်တစ်ပါး သည် မဂ္ဂသစ္စာမည်၏၊ မဂ်စိတ်လေးခုဥ္စရှိသော အလော, အဒေါသ၊ ဖိုလ်စိတ်လေးခုဥ္စ ရှိသော အလောဘ, အဒေါသ, အမောဟသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် သုံးပါးဖြစ်သတည်း။

ပန်းပွင့်များ၏ ရိုးတံတို့သည် ဆက်သွယ်ပေါင်းစုနေကြ၏၊ ပန်းစည်းများမှာလည်း ရိုးတံချင်း ဆက်သွယ်ပေါင်းစုနေကြ၏။

ထို့အတူ ဟေတုဒုက်နှင့် သဟေတုက-စသော ဒုက်တို့မှာလည်း ဟေတုသဒ္ဒါတို့သည် အချင်းချင်း သဒ္ဒါအနက်အားဖြင့် ဆက်သွယ်ပေါင်းစုနေကြ၏၊ ထို့ကြောင့် ထိုဒုက်တို့၏ အပေါင်းအစုကို "ဟေတုဂေါစ္ဆက"ဟု ခေါ်ရသည်၊ "အာသဝဂေါစ္ဆက"မည်ပုံ-စသည် တို့ကိုလည်း နည်းမှီ၍ ကြံပါလေ။

[ပန်းခိုင် ပန်းကုံးကဲ့သို့ သဒ္ဒါအနက်အားဖြင့် ဆက်သွယ်ပေါင်းစုနေသော ဒုက် အပေါင်းသည် "ဂေါစ္ဆက"မည်၏-ဟု အကျဉ်းမှတ်။]

ဆောင်။ ။အနက်သဒ္ဒါ, ဆက်စပ်ကာဖြင့်, စုလာပေါင်းနေ, ဒုက်ထွေထွေ, မည်လေ ဂေါစ္ဆက။

ဟေတု [ဟိနောတိ ပတိဋ္ဌာတိ ဇတ္ထာတိ-ဟေတု။] သဟိတ်နာမက္ခန္ဓာ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်-ဟူသော အကျိုး(ပစ္စယုပ္ပန်)တရား၏ တည်တံ့ခိုင်မြဲရာ ခိုင်မြဲကြောင်းဖြစ်သော ရသောက်မြစ်သဖွယ်ဖြစ်သော လောဘ-စသော ဟိတ် ခြောက်ပါးသည် "ဟေတု"မည်၏။

ထိုဟေတုသည်-

(၁) ဟေတုဟေတု= ဟိတ်ခြောက်ပါး၊

(၂) ဥတ္တမဟေတု= ကုသိုလ်အကုသိုလ်၊

(၃) ပစ္စယဟေတု= ပဋ္ဌာန်းပစ္စည်း-တည်းဟူသော အကြောင်းတရား၊

(၄) သာဓာရဏဟေတု= အဝိဇ္ဇာ-စသော ပဋိစ္စသမုပ္ပာဒ်အကြောင်းတရားအားဖြင့် လေးပါး အပြားရှိ၏၊ ထိုလေးပါးတို့တွင် ဤ၌ ဟေတုဟေတုကိုသာ အလိုရှိအပ်၏၊ ထို့ကြောင့် ဟေတု-အရ ဟိတ်ခြောက်ပါးကိုသာ ယူရသည်။ [မူလဋ္ဌေ၊ ဟေတုသခ်္ဂါတာ ဓမ္မာ။ ဋ္ဌ။]

ဆောင်။ ။ဟေ ဥတ္တမာ, ပစ္စယာ, သာဓာ ဟေတုမှတ်၊
ယင်းလေးပါးမှာ, ဤအရာ, ဟေသာလိုရှိအပ်။

http://www.dhammadownload.com

ဒုတိယပုဒ်၏အရကား စိတ်တစ်ခုယုတ်ကိုးဆယ်, ဟိတ်ခြောက်ပါးကြဉ်သော စေတသိက် ဆစတ္တာလီသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

သစ္စာအားဖြင့် သုံးပါးဟူသော်ကား လောကီစိတ်၈၁သိတိ, စေတသိက် ဆစတ္တာလီသ, ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်စိတ်လေးခုဥ်ရှိသော သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ–ဟု ဆိုအပ်သော သောတာပတ္တိမဂ်ခုနစ်ပါးခြောက်ပါး ။ပ။ အရဟတ္တမဂ်ခုနစ်ပါးခြောက်ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပာဒ်နှစ်ဆယ့်ခုနစ်ခု, ဖိုလ်စိတ္တုပ္ပာဒ်သုံးဆယ့်လေးခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် သုံးပါးဖြစ်သတည်း။

သဟေတုကာ [သဟ ဟေတုနာ ယေ ဝတ္တန္တီတိ–သဟေတုကာ။] ဟိတ်နှင့်တကွဖြစ်သော (ဟိတ်နှင့်ယှဉ်သော) တရားတို့သည် "သဟေတုက"မည်၏၊ ဤဥ်လည်း ဧနကဟိတ် သမ္မယောဂဟိတ် နှစ်ပါးတို့တွင် ဧနကဟိတ်ကို မယူရ၊ သမ္မယောဂဟိတ်ကိုသာ ယူရသည်။ [သမ္မယောဂတော ပဝတ္တေန သဟဟေတုနာတိ–သဟေတုကာ၊ ၌။]

အဟေတုက [နတ္ထိ ဟေတူ ဧတေသန္တိ–အဟေတုကာ။] သမ္မယုတ်ဟိတ် မရှိသော တရားတို့သည် "အဟေတုက"မည်၏။

ဟေတုသမ္မယုတ္တ [ဟေတုနာ သမ္မယုတ္တာတိ–ဟေတုသမ္မယုတ္တာ။] ဟိတ်နှင့်အညီအညွတ် ဧကုပ္ပာဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်သော တရားတို့သည် "ဟေတုသမ္မယုတ္တ"မည်၏။

ဟေတုဝိပ္ပယုတ္တ [ဟေတုနာ ဝိပ္ပယုတ္တာတိ–ဟေတုဝိပ္ပယုတ္တာ။] ဟိတ်ခြောက်ပါးနှင့် ဧကုပ္ပာဒတာ အစရှိသော အပြားတို့ဖြင့် မယှဉ်သော တရားတို့သည် "ဟေတုဝိပ္ပယုတ္တ"မည်၏။

မဂ်စိတ္တုပ္ပာဒ်နှစ်ဆယ့်ခုနစ်ခု နဟေတူဓမ္မာ–ဟူသောပုဒ်၏အရ၌ မဂ်စိတ်လေးခုမှာ အလောဘ, အဒေါသ, အမောဟကြဉ် စေတသိက် ၃၃–ပါး ယှဉ်၏၊ ထိုတွင် သစ္စာဖွဲ့ထားသော မဂ္ဂင်တရားကိုယ်ခုနစ်ပါးကိုနုတ် ၂၆–ပါး ကျန်၏၊ မဂ်စိတ်များကို တစ်ခုတည်းပြု၍ ပေါင်းထည့်, မဂ်စိတ္တုပ္ပာဒ် ၂၇–ပါးဖြစ်၏။

ဖိုလ်စိတ္တုပ္ပာဒ်သုံးဆယ့်လေး ဖိုလ်စိတ်လေးခုဥ်လည်း ဟိတ်သုံးပါးကြဉ် စေတသိက် ၃၃–ပါးပင် ယှဉ်၏၊ ထိုတွင် ဖိုလ်စိတ်တို့ကို တစ်ခုတည်းပြု၍ထည့်, ဖိုလ်စိတ္တုပ္ပာဒ် ၃၄–ပါးဖြစ်၏။

http://www.dhammadownload.com

သရုပ်ခွဲ

ဟေတု-ဟိတ်မည်သောတရားများမှာ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟအားဖြင့် ဟိတ်ခြောက်ပါးတို့ဖြစ်ကြသည်၊ [ကြွင်းသောပရမတ္ထတရားများကား နဟေတူ-ဟိတ်မမည်သောတရားများ ဖြစ်ကြသည်။]

သဟေတုက(ဟေတုသမ္မယုတ္တ) ဟိတ်နှင့်ယှဉ်သောတရားများကား သဟိတ်စိတ် ၇၁-ပါး, မောဟမူဒွေးဒ္ဒ်မောဟကြဉ်သော စေတသိက် ၅၂-ပါးတို့တည်း။ [ကြွင်းသော ပရမတ္ထတရားများသည် အဟေတုက-ဟေတုဝိပ္ပယုတ္တ ဟိတ်နှင့်မယှဉ်သောတရားတို့မည်၏။]

မောဟမူဒွေးဒ္ဒ်မောဟမှာ အခြားယှဉ်ဖက်သမ္မယုတ်ဟိတ် မရှိ၍ သဟေတုက ဟေတုသမ္မယုတ္တ မမည်နိုင်ချေ၊ အဟေတုက ဟေတုဝိပ္ပယုတ္တမျှသာ ဖြစ်ပေသည်။ ထို့ကြောင့် ၄င်းကို သဟေတုကအရ ဟေတုသမ္မယုတ္တအရတို့ဒ်ဲ ကြဉ်၍, အဟေတုကအရ ဟေတုဝိပ္ပယုတ္တအရတို့ဒ်ဲ ထည့်သွင်းကောက်ရသည်။

ထိုမောဟမူဒွေးဒ္ဒ်မောဟကို ကြဉ်သော်လည်း လောဘမူဒေါသမူတို့ဒ်ဲယှဉ်သော မောဟ ကျန်ရှိနေသေးသောကြောင့် စေတသိက်အရေအတွက် မလျော့တော့ချေ၊ ၅၂-ပါးပင် ကျန်ရှိနေပေသည်။

သဟေတုကဒုက်

သဟေတုကာ-သမ္မယုတ်ဟိတ်ရှိကုန်သော၊ အဟေတုကာ-သမ္မယုတ်ဟိတ်မရှိကုန်သော။

ပထမပုဒ်၏အရကား သဟိတ်စိတ်၈၊ကသတ္တတိ, မောဟမူဒွေးဒ္ဒ်မောဟကြဉ်သော စေတသိက်ဒွေပညာသရ၏။

ဒုတိယပုဒ်၏အရကား အဟိတ်စိတ်အဋ္ဌာရသ, ဆန္ဒကြဉ်သော အညသမာန်းစေတသိက်ဒွါဒသ, မောဟမူဒွေးဒ္ဒ်မောဟ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

ဟေတုသမ္မယုတ္တဒုက်

ဟေတုသမ္မယုတ္တာ-ဟိတ်နှင့်ယှဉ်ကုန်သော၊ ဟေတုဝိပ္ပယုတ္တာ-ဟိတ်နှင့်မယှဉ်ကုန်သော၊ ဤဟေတုသမ္မယုတ္တဒုက်သည် သဟေတုကဒုက်နှင့် သဒ္ဒါမျှသာ ထူးသည်၊ အနက်အားဖြင့် အထူးမရှိချေ၊ သဟေတုကဒုက်အတိုင်းပင် ကောက်ပါလေ။

သဒ္ဒါကွဲ အနက်တူ ဒုက်များကို ထပ်ဟောရခြင်း သဟေတုကဒုက်နှင့် ဟေတုသမ္မယုတ္တဒုက်တို့သည် သဒ္ဒါမျှသာ ကွဲ၍ အနက်အရကောက်အားဖြင့် ထူးခြားကွဲပြားမှု မရှိစေကာမူ ဒေသနာဝိလာသ-ဒေသနာတော်ကို သဟေတုက, ဟေတုသမ္မယုတ္တ-စသည်ဖြင့် ဝေဝေဆာဆာ ဖြစ်စေလျက် တင့်တယ်စေတတ်သော-(သဗ္ဗညုတဉာဏ်တော်)အားဖြင့်လည်းကောင်း, ပဂ္ဂလဇ္ဈာသယ-(သဟေ

(A)

http://www.dhammadownload.com

ဟေတု သဟေတုကဒုက်

ဟေတူစေပ–ဟိတ်လည်းမည်ကုန်သော၊ သဟေတုကာစ–သမ္မယုတ်ဟိတ်လည်း ရှိကုန်သော၊ ဓမ္မာ–။

သဟေတုကာစေဝ–သမ္မယုတ်ဟိတ်လည်းရှိကုန်သော၊ နစဟေတူ–ဟိတ်လည်း မမည်ကုန်သော၊ ဓမ္မာ–။

ပထမပုဒ်၏အရကား မောဟမူဒွေးဒ်မောဟကြဉ်သော ဟိတ်ခြောက်ပါးရ၏။

ဒုတိယပုဒ်၏အရကား သဟိတ်စိတ်ဧကသတ္တိ, ဟိတ်ခြောက်ပါးကြဉ်သော စေတသိက် ဆစတ္တာလီသ ရ၏။

သစ္စာအားဖြင့်နှစ်ပါးဟူသော်ကား လောကီသဟိတ်စိတ် ၆၃–ခု, စေတသိက် ဆစတ္တာလီသသည် ဒုက္ခသစ္စာမည်၏၊ မဂ်စိတ်လေးခုဒ်ရှိသော သမ္မာသင်္ပ ။ပ။ သမ္မာသမာဓိ–ဟုဆိုအပ်သော သောတာပတ္တိမဂ်ခုနစ်ပါးခြောက်ပါး ။ပ။ အရဟတ္တမဂ် ခုနစ်ပါးခြောက်ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသောမဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ခုနစ်ခု, ဖိုလ်စိတ္တုပ္ပာဒ် သုံးဆယ့်လေးခုသည် သစ္စာဟူသောအရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် နှစ်ပါးဖြစ်သတည်း။ [ဒုက်မုတ်လွယ်ပြီ။]

ဟေတုဟေတုသမ္မယုတ္တဒုက်

ဟေတူစေဝ–ဟိတ်လည်းမည်ကုန်သော၊ ဟေတုသမ္မယုတ္တာစ–ဟိတ်နှင့်လည်း ယှဉ်ကုန်သော၊ ဓမ္မာ–။

ဟေတုသမ္မယုတ္တာစေဝ–ဟိတ်နှင့်လည်းယှဉ်ကုန်သော၊ နစဟေတူ–ဟိတ်လည်း မမည်ကုန်သော၊ ဓမ္မာ–။

[ဟေတုသဟေတုကဒုက်နှင့် အတူကောက်ပါ၊ ခန္ဓာ–စသည်ဖွဲ့ပါ။]

နဟေတုကသဟေတုကဒုက်

နဟေတူခေါပန–ဟိတ်မမည်ကုန်သော၊ သဟေတုကာပိ–သမ္မယုတ်ဟိတ်လည်း ရှိကုန်သော၊ ဓမ္မာ–။

တုက ဟေတုသမ္မယုတ္တ–စသည်ဖြင့် ဟောတော်မူမှ တရားတော်ကို သိနားလည်နိုင်မည့် ပုဂ္ဂိုလ်တို့၏အလိုသို့ လိုက်ခြင်း)အားဖြင့်လည်းကောင်း သဒ္ဒါကွဲ အနက်တူ သဟေတုက ဟေတုသမ္မယုတ္တ–စသော ဒုက်တို့ကို ဟောတော်မူထားရပေသည်။

ဆောင်။ ။မြတ်ဒေသနာ, ဆင်တန်ဆာနှင့်, ကြားနာသည့်သူ, စိတ်ကြိုက်ယူ, အတူထပ်ကာဟော။

http://www.dhammadownload.com

မှတ်ချက်	ပ-ဒုက		ဒု-ဒုက		တ-ဒုက		တရားကိုယ်အရကောက်
	ဥပ္ပန္နဝတ္တမာန	ဥပ္ပဇ္ဇမာန	ဥပ္ပဇ္ဇမာနဇာတ	ဥပ္ပဇ္ဇမာနအတီတ	ဥပ္ပဇ္ဇမာနဇာတ	ဥပ္ပဇ္ဇမာနဝိဂတ	
ပါ	*		x				မောဠ္ဍမောကြဉ် ဟိတ်-၆
		x	*				သဟိတ်စိတ်-၇၁၊ စေ-၄၆
။	*				x		မောဠ္ဍမောကြဉ် ဟိတ်-၆
		x			*		သဟိတ်စိတ်-၇၁၊ စေ-၄၆
။		*	x				သဟိတ်စိတ်-၇၁၊ စေ-၄၆
		*		x			အဟိတ်စိတ်-၁၈၊ စေ-၁၂၊ ရုပ်၊ နိ
သမ္ဘဝ-၄	*			x			မော-ဠ္ဍမော
		x		*			အဟိတ်စိတ်-၁၈၊ စေ-၁၂၊ ရုပ်၊ နိ
။	*					x	မော-ဠ္ဍမော
		x				*	အဟိတ်စိတ်-၁၈၊ စေ-၁၂၊ ရုပ်၊ နိ
အတိ-၄		*			x		သဟိတ်စိတ်-၇၁၊ စေ-၄၆
		*				x	အဟိတ်စိတ်-၁၈၊ စေ-၁၂၊ ရုပ်၊ နိ
။	*		x				မော-ဠ္ဍမောကြဉ် ဟိတ်-၆
	*			x			မော-ဠ္ဍမော
အတိ-မူဒို	*				x		မော-ဠ္ဍမောကြဉ် ဟိတ်-၆
	*					x	မော-ဠ္ဍမော
အတိ-နံဒို	x		*				မော-ဠ္ဍမောကြဉ် ဟိတ်-၆
		x	*				သဟိတ်စိတ်-၇၁၊ စေ-၄၆
။	x			*			မော-ဠ္ဍမော
		x		*			အဟိတ်စိတ်-၁၈၊ စေ-၁၂၊ ရုပ်၊ နိ
။	x				*		မော-ဠ္ဍမောကြဉ် ဟိတ်-၆
		x			*		သဟိတ်စိတ်-၇၁၊ စေ-၄၆
။	x					*	မော-ဠ္ဍမော
		x				*	အဟိတ်စိတ်-၁၈၊ စေ-၁၂၊ ရုပ်၊ နိ

http://www.dhammadownload.com

နဟေတူခေါပန–ဟိတ်မမည်ကုန်သော၊ အဟေတုကာပိ–သမ္မယုတ်ဟိတ်လည်း မရှိကုန်သော၊ ဓမ္မာ–။

ပထမပုဒ်၏ အရကား သဟိတ်စိတ်ဧကသတ္တတိ, ဟိတ်ခြောက်ပါးကြဉ်သော စေတသိက်ဆစတ္တာလီသ ရှိ၏။

ဒုတိယပုဒ်၏ အရကား အဟိတ်စိတ်အဋ္ဌာရသ, ဆန္ဒကြဉ်သော အညသမာန်း စေတသိက်ဒွါဒသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန် ရှိ၏။ [ဒုက်မုတ်မှာ သိသာပြီ။]

သမ္ဘဝဒုက် အများနှင့်ဆက်ဆံ၍ သာမညဖြစ်နေသောအနက်ကို သဒ္ဒါဆရာများက "သမ္ဘဝ"ဟု ခေါ်ကြသည်၊ ထိုသို့ သမ္ဘဝဖြစ်နေ၍ ဒီအနက်,ဟိုအနက်–စသောအားဖြင့် အနက်အများအပြား ပါဝင်လာခြင်းကို "ဗျဘိစာရ"ဟု ဆို၏။

ဤဒွိလည်း အခြားဒုက်တို့ကို ယူနိုင်ခြင်း (အခြားဒုက်တို့ ပါဝင်လာခြင်း၏ အကြောင်း)ကို "သမ္ဘဝ"ဟု ဆိုသည်။ [သမ္ဘဝေါတိ ဂဟဏသ ကာရဏံ၊ ဋီ။]

သို့ဖြစ်၍ ပါဠိတော်၌ တိုက်ရိုက်မလာဘဲ အဋ္ဌကထာဆရာတို့ ဆောင်ယူပြ အပ်သော ဒုက်များကို "သမ္ဘဝဒုက်" ခေါ်သည်–ဟု မှတ်ပါ။

အတိရေကဒုက် နဟေတူ ဓမ္မာ သဟေတုကာပိ၊ အဟေတုကာပိ–ဟု ဟောတော်မူက ပြီးကောင်းလျက် သဒ္ဒါဓိကာ အတ္ထာဓိကော ဟောတိ–ဟူသော ပရိဘာသာနှင့်အညီ အနက်လွန်ကို ပြရခြင်းအကျိုးငှာ "ခေါပန"ဟူသော သဒ္ဒါပိုကို ထည့်သွင်း ဟောတော်မူ၏၊ ထို"ခေါပန"ဟူသော သဒ္ဒါပိုဖြင့် ပြအပ်သော ဒုက်များသည် "အတိရေကဒုက်"မည်၏။

ထိုသမ္ဘဝဒုက်, အတိရေကဒုက်များကို အမှတ်ရလွယ်ကူစေရန် ဇယားထဲ၌ ပါဠိတော်လာ မိဿကဒုက်များကိုပါ ဖြည့်စွက်ပြထားသည်။

ဇယားအတွက် ညွှန်ကြားချက် [* x] ဤအမှတ်တစ်စုံသည် ဒုက်ပုဒ်တစ်ခု ဖြစ်၏၊ [*] ဤအမှတ်မှ–စ၍ ဆိုပါ။

ဥပမာအားဖြင့်–

{ * x / x * } ဤသို့–စသည်ဖြင့် တွေ့ရှိရသော ဒုက်များကို " ဟေတူစေဝ ဓမ္မာ သဟေတုကာစ၊ သဟေတုကာစေဝ ဓမ္မာ နစ ဟေတူ"ဟု ရှေ့မှာ "စေဝ" နောက်မှာ"စ"ထည့်၍ ဆိုပါ။

{ * x / * x } ဤသို့–စသည်ဖြင့် တွေ့ရှိရသော ဒုက်များကို ပါဠိတော်ဖြစ်က နဟေတူ ခေါပန ဓမ္မာ သဟေတုကာပိ၊ နဟေတူ ခေါပန ဓမ္မာ

http://www.dhammadownload.com

အဟေတုကာပိ"ဟု "ခေါပန"သဒ္ဒါပို ထည့်ဆိုရမည်၊ အတိရေကဒုက် ဖြစ်ပါက "နဟေတူ ဓမ္မာ ဟေတုသမ္မယုတ္တာပိ၊ နဟေတူ ဓမ္မာ ဟေတုဝိပ္ပယုတ္တာပိ"စသည်ဖြင့် "ပိ"သဒ္ဒါ မျှသာ ထည့်ဆိုရမည်။

x * ⎫ ဤသို့လည်း တွေ့ရတတ်သေးသည်၊ ဆိုခဲ့ပြီးသည်နှင့် မထူးလှပါ၊
x * ⎭ နောက်ဘက်မှ ပြန်ဆိုရုံမျှသာ ဖြစ်သည်။

ဒုက်မုတ်အတွက် ညွှန်ကြားချက် မိဿကဒုက်(သမ္ဘဝဒုက်, အတိရေကဒုက်)တို့ ဟူသည်မှာ ပါဠိတော်လာ သုဒ္ဓဒုက် နှစ်ခုတို့၏ ပဒမျှားကို ဖြစ်သင့်သည်အားလျော်စွာ ရောနှောသောအားဖြင့် ဖြစ်ပေါ်လာရသော ဒုက်များဖြစ်ကြ၏၊ ထိုရောနှောသော ဒုက်နှစ်ခုတို့၏ ပဒပေါင်းလေးခုတို့တွင် သုံးပဒ မျှသာ ရောနှောရာ၌ ပါဝင်၏၊ တစ်ပဒမှာ ကြွင်းကျန်မြဲဖြစ်၏၊ ထိုကြွင်းကျန်နေသော ဒုက်ပုဒ်၏အရသည်ပင် သက်ဆိုင်ရာမိဿကဒုက် အသီးသီးတို့၏ ဒုက်မုတ်ဖြစ်ရ တော့သည်၊ ပရာမာသဂေါစ္ဆကမုတစ်ပါး မည်သည့်ဂေါစ္ဆကမှာမဆို ဤသဘောကို ရနိုင်သည်။

ဆောင်။ ။ရောနှောပေါင်းစု, ဒုက်နှစ်ခု၏, တစ်ခုပုဒ်မှာ, ကျန်မြဲသာ, ယင်းမှာ ဒုက်မုတ်ဖြစ်သတည်း။

၂။ စူဠန္တရဒုက်

ဟေတုဂေါစ္ဆကကို ဟောတော်မူသည်၏အခြားမဲ့၌ စူဠန္တရဒုက်ကို ဟောတော်မူ၏၊ ထိုစူဠန္တရဒုက်သည်လည်း [အချိုးဆောင်ပုဒ်ကို ကျက်၍ ဇယားကိုကြည့်လျက် ဟောပါ။]

အချိုးဆောင်။ ။သပ္ပစ်မှာ–သခ်ိဖက်လို့, သနိစွက်ပဋိဃေ၊
ရူပိငယ်လောကိယ, ဟောကြမသွေ။
ကေနစိဝိညေယျ, မုတ်ပါလေမလွဲ၊
သတ်သခ်ျာ, ဒုက်စူဠာစဉ်မပျက်အောင်, သိုင်းကွက်ရှုနဲ့။

စူဠန္တရဒုက် စူဠ+အန္တ+ရ+ဒုက–ဟု ပုဒ်ခွဲ ၊ အန္တရေ ထပိတာ ဒုက္ကာ–အန္တရဒုက္ကာ၊ စူဠာစ တေ အန္တရဒုက္ကာစာတိ–စူဠန္တရဒုက္ကာ။ ဂေါစ္ဆကတို့၏အကြားခံ ထားအပ်သောကြောင့် "အန္တရဒုက"မည်၏၊ မဟန္တရဒုက်တို့အောက် ငယ်ကုန် နည်းကုန် သောကြောင့် "စူဠ"လည်း မည်၏၊ ထိုအမည်နှစ်ပါးကို ပေါင်းစပ်၍ "စူဠန္တရဒုက်"ဟု ခေါ်သည်။

http://www.dhammadownload.com

စူဠနန္ဒ ရဒုက်

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ဂီတ			
			ခ	အ	ဓ	သ
သပ္ပစ္ဆ	သပ္ပစ္ဆယာ ဓမ္မာ	စိတ်-၈၉၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၃
	အပ္ပစ္ဆယာ ။	နိ	x	၁	၁	၁
သန်္တ	သန်္တာ ။	စိတ်-၈၉၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၃
	အသန်္တာ ။	နိ	x	၁	၁	၁
သနိဒဿန	သနိဒဿနာ ။	ရူပါရုံ	၁	၁	၁	၁
	အနိဒဿနာ ။	စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၇၊ နိ	၅	၁၁	၁၇	၄
သပ္ပဋိဃ	သပ္ပဋိဃာ ။	ဩဇဋ္ဌမကရုပ်-၁၂	၁	၁၀	၁၀	၁
	အပ္ပဋိဃာ ။	စိတ်-၈၉၊ စေ-၅၂၊ သုခ-၁၆၊ နိ	၅	၂	၈	၄
ရူပိ	ရူပိနော ။	ရုပ်-၂၈	၁	၁၁	၁၁	၁
	အရူပိနော ။	စိတ်-၈၉၊ စေ-၅၂၊ နိ	၄	၂	၈	၄
လောကိယ	လောကိယာ ။	လောကီ-၈၁၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၂
	လောကုတ္တရာ ။	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
ကေနစိ	ကေနစိဝိညေယျာ ။	သိအပ်-စိတ်-၈၉၊ စေ-၅၂၊ ရုပ်၊ နိ	၅	၁၂	၁၈	၄
	နကေနစိဝိညေယျာ ။	မသိအပ်- ။	၅	၁၂	၁၈	၄

သပ္ပစ္ဆယာ-ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါး တို့နှင့်တကွ ဖြစ်ကုန်သော။

အပစ္ဆယာ-ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါး မရှိကုန်သော။

သန်္တာ-ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါး တို့သည် ပေါင်း၍ပြုပြင်အပ်ကုန်သော။

တစ်ဒုက်နှင့်တစ်ဒုက် ဆက်စပ်မှု မရှိဘဲ ဒုကသဘာဝအားဖြင့် တူမျှသောကြောင့် အသီအခြား ရွေးချယ်၍ ဂေါစ္ဆကတို့၏အကြားဌ ထားအပ်သောကြောင့်လည်းကောင်း, မဟန္တ ရဒုက်တို့အောက် ငယ်ကုန်(နည်းကုန်)သောကြောင့်လည်းကောင်း "စူဠန္တ ရဒုက်" မည်၏-ဟု ဆိုလိုပါသည်။

http://www.dhammadownload.com

အသခ်ံတာ–ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါး တို့သည် ပေါင်း၍ မပြုပြင်အပ်ကုန်သော။

သနိဒဿနာ–မြင်ခြင်းနှင့်တကွဖြစ်ကုန်သော၊ ဝါ–မြင်အပ်သည်၏ အဖြစ်နှင့် တကွဖြစ်ကုန်သော၊ ဝါ–မြင်အပ်သည်နှင့်တကွဖြစ်ကုန်သော။

အနိဒဿနာ–မြင်ခြင်းမရှိကုန်သော၊ ဝါ–မြင်အပ်သည်၏ အဖြစ် မရှိကုန်သော၊ ဝါ–မြင်အပ်သည်မရှိကုန်သော။

ဂေါစ္ဆကနှင့်ဒုက်တို့၏ထူးခြားချက် ဂေါစ္ဆကၨ် ပါဝင်သမျှသော ဒုက်တို့သည် သဒ္ဒါအနက်အားဖြင့် အချင်းချင်းဆက်သွယ်မှု ရှိကြ၏၊ စူဠန္တရဒုက်–စသည်၌ ပါဝင်သော ဒုက်တို့မူကား ထိုကဲ့သို့ အချင်းချင်းဆက်သွယ်မှု မရှိကြချေ၊ အသီးအခြားသာ ဖြစ်ကြ၏၊ ဤသို့ ဂေါစ္ဆကနှင့်ဒုက်တို့ ထူးခြားကြပါသည်။

ဆောင်။ ။ဂေါစ္ဆကလာ, ဒုက်တို့မှာကား, သဒ္ဒါနက်အား, ဆက်သွယ်ထား၏၊ ဒုက်များၨဝ်ယ်, မဆက်သွယ်သည်, မှတ်ဖွယ်နှစ်မျိုးအထူးတည်း။

သပ္ပစ္ဆယာ [သဟ ပစ္ဆယေန ယေ ဝတ္တန္တီ တိ–သပ္ပစ္ဆယာ။] သမာနကာလ(တူမျှသော ကာလရှိသော ဟေတုသဟဇာတ–စသော) အကြောင်းပစ္စည်း, အသမာနကာလ(မတူမျှသော ကာလရှိသော အနန္တရ–စသော) အကြောင်းပစ္စည်း, ကာလဝိမုတ္တ (ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်,ပညတ်–ဟူသော အာရမဏအစရှိသော) အကြောင်းပစ္စည်းတို့နှင့်တကွဖြစ်ကြသော တရားတို့သည် "သပ္ပစ္ဆယ" မည်၏၊ အကြောင်းပစ္စည်းတို့ကြောင့် ဖြစ်ရသော အကျိုးပစ္စယုပ္ပန်တရားတို့သည် "သပ္ပစ္ဆယ"မည်၏ဟု ဆိုလိုပါသည်။

သပ္ပစ္ဆယာ–အကြောင်းပစ္စည်းနှင့်တကွဖြစ်ကုန်သော၊ ဝါ–ဟေတု သဟဇာတ–စသော တူမျှသောကာလရှိသည့်အကြောင်း, အနန္တရ သမနန္တရ–စသော မတူမျှသောကာလရှိသည့်အကြောင်း, အာရမဏ–စသော ကာလဝိမုတ်ဖြစ်သည့် အကြောင်းတို့နှင့်တကွဖြစ်ကုန်သော၊–ဟု အနက်ပေးသင့်၏။ [သမာနကာလေန အသမာနကာလေန ကာလဝိမုတ္တေနစ ပစ္စယေန။ ဋီ။]

အပ္ပစ္ဆယာ [နတ္ထိ ပစ္စယော ဧတေသန္တိ–အပ္ပစ္ဆယာ။] ဥပါဒ်အခိုက် ဌီအခိုက်တို့၌ အကြောင်းပစ္စည်းမရှိသော တရားတို့သည် "အပ္ပစ္ဆယ"မည်၏။ အကျိုးပစ္စယုပ္ပန်အနေဖြင့် မဖြစ်သော နိဗ္ဗာန်သည် "အပ္ပစ္ဆယ"မည်၏–ဟု ဆိုလိုပါသည်။

အပ္ပစ္ဆယာ–အကြောင်းပစ္စည်းမရှိကုန်သော၊–စသည်ဖြင့် အနက်ပေးသင့်၏။

သခ်ံတာ [ပစ္စယေဟိ သမာဂန္ဓာ ကတာတိ–သခ်ံတာ။] အကြောင်းပစ္စည်းတို့သည် ကောင်းစွာရောက်၍ပြုပြင်အပ်သော တရားတို့သည် "သခ်ံတ"မည်၏။

http://www.dhammadownload.com

သပ္ပဋိဃာ–ထိပါးခြင်းနှင့်တကွဖြစ်ကုန်သော၊ ဝါ–ထိပါးတတ်သည်၏အဖြစ်နှင့် တကွဖြစ်ကုန်သော၊ ဝါ–ထိပါးတတ်သည်နှင့်တကွဖြစ်ကုန်သော။

အပ္ပဋိဃာ–ထိပါးခြင်း မရှိကုန်သော၊ ဝါ–ထိပါးတတ်သည်၏အဖြစ် မရှိကုန်သော၊ ဝါ–ထိပါးတတ်သည် မရှိကုန်သော။

အသန်တာ [နသန်တာ–အသန်တာ။] အကြောင်းပစ္စည်းတို့သည် ကောင်းစွာရောက်၍ ပြုပြင်အပ်သောတရားမှတစ်ပါးသော တရားတို့သည် "အသန်တ"မည်၏။

ဗဟုဝုစ်ဖြင့်ဆိုရခြင်း အပ္ပစ္စယာ, အသန်တာပုဒ်တို့၌ နိဗ္ဗာန်တစ်ပါးတည်း ရစေကာမူ မည်သည့်တရား–ဟု မဆုံးဖြတ်ရသေးသော အနက်ဖြစ်၍ အနည်းအများ မပိုင်းခြားသောအားဖြင့် မာတိကာခေါင်းစဉ်ရုံသာ ပြသောအရာ ဖြစ်သောကြောင့် ဗဟုဝုစ်ဖြင့် ဟောထားပါသည်။ ဒီ။

[သနိဒဿန–စသည်တို့၏ အနက်သဘောကို တိက(၆၉)၌ ပြဆိုခဲ့ပါပြီ။]

ရူပိနော [ရူပံ ဇတေသဲ အတ္ထိတိ–ရူပိနော။] ရူပါယတနရှိသောတရားတို့သည် "ရူပိ" မည်၏၊ တစ်နည်းအားဖြင့် ပထဝီ–စသောရုပ်တို့ (ခွဲစိတ်မရလောက်အောင်) ပါရှိနေသော တရားတို့သည် "ရူပိ"မည်၏။ [ဤနည်းအလို ရူပ–အရ ရူပါရုံ, တစ်နည်းအားဖြင့် ပထဝီ–စသော ရုပ်တို့ကို ယူရသည်။]

တစ်နည်း= ဖောက်ပြန်ခြင်းသဘောရှိသော တရားတို့သည် "ရူပိ"မည်၏၊ [ဤနည်းအလို ရူပ–အရ ရုပ္ပနလက္ခဏာကို ယူရသည်။]

လောကိယာ [လုဒ္ဓေတိ ပလုဒ္ဓေတီတိ–လောကော။] ပျက်တတ်, အမျိုးမျိုး အဖုံဖုံ ပျက်တတ်သော တေဘူမကဝဋ်တရား (လောကီစိတ်, စေတသိက်, ရုပ်)တို့သည် "လောက"မည်၏။

ပျက်တတ်သောကြောင့် လောက–ဟု ခေါ်ရပါလျှင် လောကုတ္တရာ(စိတ်, စေတသိက်) တရားများလည်း ဘင်ခဏ၌ပျက်တတ်ရကား လောက–ဟုခေါ်သင့်သည် မဟုတ်ပါလော။

ပုထုဇဉ်ပုဂ္ဂိုလ်များက တေဘူမကဝဋ်တရားတို့ကို နိစ္စ(မပျက်မစဲ မြဲ၏)ဟု ယူတတ်ကြ၏၊ ထိုအယူကို တားမြစ်ဖို့ရန် တေဘူမကဝဋ်တရားကိုသာ လောက(ပျက်တတ်သော တရား)ဟု ခေါ်သင့်သည်။

လောကုတ္တရာတရားများကား ပုထုဇဉ်တို့၏အရာမဟုတ်၊ အရိယာတို့၏အရာမျှသာ ဖြစ်သည်၊ ထိုလောကုတ္တရာတရားများကို ပုထုဇဉ်တို့ အာရုံမပြုနိုင်၊ အရိယာတို့သာ အာရုံပြုနိုင်သည်၊ အရိယာမှန်က မည်သည့်သန်ါရတရားကိုမှ နိစ္စ(မပျက်မစဲ မြဲ၏)ဟု မစွဲလမ်းတော့ချေ၊ ထို့ကြောင့် လောကုတ္တရာတရားတို့ကို လောက–ဟု ပြောဖွယ်မရှိရကား ထိုလောကုတ္တရာတရားများကို လောက–ဟု မခေါ်သင့်တော့ချေ။

ပုထုဇဉ်ပုဂ္ဂိုလ်တို့က မပျက်မစဲ မြဲ၏–ဟု မှောက်မှောက်မှားမှား ယူထားအပ်သော ထိုတေဘူမကတရားသည်လည်း မပျက်မစီးသည် မဟုတ်၊ ပျက်စီးရတော့သည်သာ၊

http://www.dhammadownload.com

ရူပိနော–ဖောက်ပြန်ခြင်းရှိကုန်သော။

အရူပိနော–ဖောက်ပြန်ခြင်းမရှိကုန်သော။

လောကိယာ–ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲ–ဟု ဆိုအပ်သော သခ်ါရလောကဋ္ဌ အကျုံးဝင်သည်၏အဖြစ်ဖြင့် ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲ–ဟု ဆိုအပ်သော သခ်ါရလောကဋ္ဌ ယှဉ်ကုန်သော။

လောကုတ္တရာ–ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲ–ဟု ဆိုအပ်သော သခ်ါရလောကဋ္ဌ အကျုံးမဝင်သည်၏အဖြစ်ဖြင့် ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲ–ဟု ဆိုအပ်သော သခ်ါရလောကမှ ထွက်မြောက်တတ်ကုန်သော။

[နလုဒ္ဓတိ နပလုဒ္ဓတိတိ ယော ဂဟိတော တထာ န ဟောတိ၊ သော လောကောတိ တံ ဂဟဏရဟိတာနံ လောကုတ္တရာနံ နတ္ထိ လောကတာ။ ဒီ။]

[တသ္မိ· ပရိယာပန္နဘာဝေန လောကေ နိယုတ္တာ–လောကိယာ။] တေဘူမကဝဋ်တရား၌ ပါဝင်သောအနေအားဖြင့် (ထိုတေဘူမကဝဋ်တရား၌) ယှဉ်သောတရားတို့သည် "လောကိယ"မည်၏။

လောကိယာ–ပျက်တတ် အပြားအားဖြင့်ပျက်တတ်သော တေဘူမကဝဋ်တရား၌ အကျုံးဝင်သည်၏အဖြစ်ဖြင့် ပျက်တတ် အပြားအားဖြင့် ပျက်တတ်သော တေဘူမကဝဋ်တရား၌ ယှဉ်ကုန်သော–ဟု အနက်ပေးပါ။

အရကောက်၌ ပျက်တတ်ဖြစ်တတ်–စသည်ဖြင့် ပေးထားသောအနက်မှာ လုစသဒ္ဒါဟိ ဧကော သာမညနိဒ္ဒေသော ဘိဇ္ဇနနိဗ္ဗတ္တနတ္ထော ဟောတိ၊ လောကော–၌ လုစသဒ္ဒါသည် တစ်ခုတည်းပင် ဖြစ်စေကာမူ သာမည နိဒ္ဒေသနည်းအားဖြင့် ပျက်ခြင်းဖြစ်ခြင်း အနက်နှစ်မျိုးကို ဟောအံ့၏–ဟူသော မဓုဋီကာကို အထောက်အထားပြု၍ ပေးထားသောအနက် ဖြစ်သည်။ [လုဒ္ဓန–ပျက်ခြင်း၊ ပလုဒ္ဓန–ဖြစ်ခြင်း–ဟူ၏။]

ထိုအနက်ကို ပလုဒ္ဓနတာယာတိ ဗျာဓိအာဒိပကာရေဟိ ဘိဇ္ဇနတော ဝိနဿနတော–ဟူသော ဝိသုဒ္ဓိမဂ် မဟာဋီကာကို အထောက်အထားပြု၍ ဆရာမြတ်တို့ ပယ်ဖျက်ပြီး ဖြစ်သည်။

တစ်နည်း [လောကေ ဝိဒိတာ–လောကိယာ။] ဒုက္ခသစ္စာ–ဟူသော လောကဋ္ဌ ဒုက္ခသဘောအားဖြင့်ပင် ထင်ရှားသောတရားတို့သည် "လောကိယ" မည်၏။

ဤနည်းအလို လောကိယာ–ဒုက္ခသစ္စာ–ဟူသော လောကဋ္ဌ (ဒုက္ခဖြစ်သော သဘောအားဖြင့်ပင်) ထင်ရှားကုန်သော–ဟု အနက်ပေးပါ။

http://www.dhammadownload.com

ကေနစိ ဝိညေယျာ–စက္ခုဝိညာဉ်စသော တစ်စုံတစ်ခုသောစိတ်သည် သိအပ်ကုန်သော။

နကေနစိ ဝိညေယျာ–စက္ခုဝိညာဉ်စသော တစ်စုံတစ်ခုသောစိတ်သည် မသိအပ်ကုန်သော။

[ဟောရိုးစစ်နှင့်အရကောက်တို့ကို အချိုးဆောင်ပုဒ်နှင့် ဇယားတို့ဖြင့်ပင် သိနားလည်အောင် ကြည့်ရှုလေ့လာပါလေ။]

လောကုတ္တရာ လောက+ဥတ္တရ–ဟု ပုဒ်ခွဲ၊ [ဥတ္တိဏ္ဏာတိ–ဥတ္တရာ။] လွန်မြောက်တတ်သော တရားများသည် "ဥတ္တရ"မည်၏။

[လောကေ အပရိယာပန္နဘာဝေန လောကတော ဥတ္တရာတိ–လောကုတ္တရာ။] တေဘူမကဝဋ်တရား၌ အကျုံးမဝင်သည်၏ အဖြစ်ဖြင့် တေဘူမကဝဋ်တရားမှ လွန်မြောက်တတ်သော တရားတို့သည် "လောကုတ္တရာ"တို့မည်၏။

လောကုတ္တရာ–ပျက်တတ် အပြားအားဖြင့် ပျက်တတ်သော တေဘူမကဝဋ်တရား၌ အကျုံးမဝင်သည်၏ အဖြစ်ဖြင့် ပျက်တတ် အပြားအားဖြင့် ပျက်တတ်သော တေဘူမကဝဋ်တရား–ဟု ဆိုအပ်သော လောကမှ လွန်မြောက်တတ်ကုန်သော၊ ဝါ–ဒုက္ခသစ္စာ–ဟူသော လောက၌ အကျုံးမဝင်သည်၏ အဖြစ်ဖြင့် ဒုက္ခသစ္စာ–ဟူသော လောကမှ လွန်မြောက်တတ်ကုန်သော–ဟု အနက်ပေးသင့်၏။

ကေနစိဝိညေယျာ ဤ၌ ကေနစိ–ဟူသော သဒ္ဒါသည် မည်သည့်တရား–ဟု တိုက်ရိုက်မပြသော သဒ္ဒါမျိုး ဖြစ်ပေသည်၊ သို့ပင်ဖြစ်စေကာမူ ဝိညေယျာ–ဟူသော ယှဉ်ဖက်ကြိယာကို ထောက်ဆ၍ သိတတ်သည့် စက္ခုဝိညာဉ်အစရှိသော ဝိညာဉ်တစ်ပါးပါးကို ဟောရသည်။ [စက္ခုဝိညာဏာဒီသု ကေနစိ ဧကေန စက္ခုဝိညာဏေန ဝါ သောတဝိညာဏေနဝါ ဝိဇာနိတဗ္ဗာ။ ၌။]

န ကေနစိ ဝိညေယျာ ကေနစိ–အရ စက္ခုဝိညာဉ်ကိုယူခိုက် န ကေနစိ–အရလည်း စက္ခုဝိညာဉ်ကိုပင် ယူရသည်၊ ကေနစိ, နကေနစိ–ဟူကုန်သော ကတ္တားတို့၏အရဖြစ်သော အာရမဏိကစိတ်များ အရတူကြသည်–ဟု ဆိုလိုသည်၊ ဤကိုရည်၍ နောက်၌ကတ္တား–(အာရမဏိက)တူ–ဟူသော စကားကို ဆိုရပေလိမ့်မည်။ [တေနေဝ စက္ခုဝိညာဏေန ဝါ သောတဝိညာဏေနဝါ န ဝိဇာနိတဗ္ဗာ။ ၌။]

ထို့ကြောင့် ကေနစိဝိညေယျာ ဓမ္မာ–ဟူသော ပထမပုဒ်၏ အရကား–စက္ခုဝိညာဉ်သည် သိအပ်သော ရူပါရုံရ၏၊ နကေနစိဝိညေယျာ ဓမ္မာ–ဟူသော ဒုတိယပုဒ်၏အရကား "စက္ခုဝိညာဉ်သည် မသိအပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရူပါရုံကြဉ်သော ရုပ်သတ္တဝီသ, နိဗ္ဗာန် ရ၏" စသည်ဖြင့် ကောက်ရမည်၊ ဤသို့ကောက်

http://www.dhammadownload.com

အဋ္ဌကထာနည်း ကေနစိဝိညေယျဒုက် အရကောက်

ပဒ	ကတ္တာ[အာရမဏိက]ဝိ	က်[အာရုံ]အရကောက်	သင်္ကိတ			
			ခ	အ	ခ	သ
ပ	စက္ခုဝိ သိအပ်သော	ရူပါရုံ	၁	၁	၁	၁
ဒု	။ မသိ	စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၇၊ နိ	၅	၁၁	၁၇	၄
ပ	သောတဝိ သိ	သဒ္ဒါရုံ	၁	၁	၁	၁
ဒု	။ မသိ	စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၇၊ နိ	၅	၁၁	၁၇	၄
ပ	ဃာနဝိ သိ	ဂန္ဓာရုံ	၁	၁	၁	၁
ဒု	။ မသိ	စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၇၊ နိ	၅	၁၁	၁၇	၄
ပ	ဇိဝှါဝိ သိ	ရသာရုံ	၁	၁	၁	၁
ဒု	။ မသိ	စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၇၊ နိ	၅	၁၁	၁၇	၄
ပ	ကာယဝိ သိ	ဖောဋ္ဌဗ္ဗာရုံ	၁	၁	၁	၁
ဒု	။ မသိ	စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၅၊ နိ	၅	၁၁	၁၇	၄
ပ	မနောဓာတ်-၃ သိ	ပဉ္စဒ္ဓာရုံ	၁	၅	၅	၁
ဒု	။ မသိ	စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၁၊ နိ	၅	၇	၁၃	၄
ပ	တဒါ-၁၁၊ ဟသိ သိ	ကာ-၅၄၊ စေ-၅၂၊ ရုပ်-၂၈	၅	၁၂	၁၈	၂
ဒု	။ မသိ	မဟဂ်္ဂလော-၃၅၊ စေ-၃၈၊နိ	၄	၂	၂	၃
ပ	အကု,ကုဝိပ်ဉ,ကြိဝိပ်ဉ သိ	ကီ-၈၁၊ စေ-၅၂၊ ရုပ်-၂၈	၅	၁၂	၁၈	၂
ဒု	။ မသိ	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
ပ	မဟာကုသ်ဉ, ကုဘိ သိ	စိတ်-၈၇၊ စေ-၅၂၊ ရုပ်၊နိ	၅	၁၂	၁၈	၄
ဒု	။ မသိ	အရဟတ္တမဂ်,ဖိုလ်၊ စေ-၃၆	၄	၂	၂	၁
ပ	ဝိညာ-၃ သိ	အာကာကု,ကြို၊ စေ-၃၀	၄	၂	၂	၁
ဒု	။ မသိ	စိတ်-၈၇၊ စေ-၅၂၊ ရုပ်၊နိ	၅	၁၂	၁၈	၄
ပ	နေဝ-၃ သိ	အာကိ ကု,ကြို၊ စေ-၃၀	၄	၂	၂	၁
ဒု	။ မသိ	စိတ်-၈၇၊ စေ-၅၂၊ ရုပ်၊နိ	၅	၁၂	၁၈	၄
ပ	လောကုတ်-၈ သိ	နိ	x	၁	၁	၁
ဒု	။ မသိ	စိတ်-၈၉၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၃

(B)

http://www.dhammadownload.com

ဋီကာနည်း ကေနစိဝိညေယျဒုက် အရကောက်

ပဒ	ကတ္တာ-အာရမဏိက-ဝိသေ	က်-အာရုံ-အရကောက်	သင်္ကိတ			
			ခ	အ	ဓ	သ
ပ	စက္ခုဝိညာဉ်ဒွေး သိ	ရူပါရုံ	၁	၁	၁	၁
ဒု	သောတ-စသောစိတ် မသိ	။	၁	၁	၁	၁
ပဒု	သော၊ဃာ၊ဇိတို့ကိုလည်းဆိုပါ	သဒ်၊ဂန်၊ရသ-တို့ကိုကောက်ပါ	၁	၁	၁	၁
ပ	ကာ သိ	ဖောဋ္ဌဗ္ဗာရုံ	၁	၁	၁	၁
ဒု	စက်-သောစိတ် မသိ	။	၁	၁	၁	၁
ပ	မနောဓာတ် ၃-ခု သိ	ပဉ္စဒ္ဓာရုံ	၁	၅	၅	၁
ဒု	ပစ္စာန်-စသည် မသိ	။	၁	၅	၅	၁
ပ	တဒါရုံ၊ ဟသိ သိ	ကာ၅၄၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၂
ဒု	ပစ္စာန်-စသည် မသိ	။	၅	၁၂	၁၈	၂
ပ	အကု,ကု-ဝိပ်-၄၊ကြိဝိပ်-၄ သိ	ကီ-၈၁၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၂
ဒု	ပစ္စာန်-စသည် မသိ	။	၅	၁၂	၁၈	၂
ပ	မဟာကုသ်-၄၊ ကုဘိ သိ	စိတ်-၈၇၊ စေ-၅၂၊ ရုပ်၊ နိ	၅	၁၂	၁၈	၄
ဒု	ပစ္စာန်-စသည် မသိ	။	၅	၁၂	၁၈	၄
ပ	မနော၊ကြိသ်-၄၊ ကြိဘိ သိ	စိတ်-၈၉၊ စေ-၅၂၊ ရုပ်၊ နိ	၅	၁၂	၁၈	၄
ဒု	ပစ္စာန်-စသည် မသိ	။	၅	၁၂	၁၈	၄
ပ	ဝိညာ ကု-ဝိ သိ	အာကု၊ စေ-၃၀	၄	၂	၂	၁
ဒု	စက်-စသည် မသိ	။	၄	၂	၂	၁
ပ	ဝိညာကြိ သိ	အာကု-ကြိ၊ စေ-၃၀	၄	၂	၂	၁
ဒု	စက်-စသည် မသိ	။	၄	၂	၂	၁
ပ	နေဝ ကု-ဝိ သိ	အာကိ ကု၊ စေ-၃၀	၄	၂	၂	၁
ဒု	စက်-စသည် မသိ	။	၄	၂	၂	၁
ပ	နေဝ-ကြိ သိ	အာကိ ကု-ကြိ၊ စေ-၃၀	၄	၂	၂	၁
ဒု	စက်-စသည် မသိ	။	၄	၂	၂	၁
ပ	လောကုတ်-၈ သိ	နိ	x	၁	၁	၁
ဒု	အကုစိတ်-စသည် မသိ	။	x	၁	၁	၁

http://www.dhammadownload.com

မှသာ ပထမပုဒ်၏အရကောက်နှင့် ဒုတိယပုဒ်၏အရကောက် ကွဲပြားသောကြောင့် ဒုက်ဖြစ်နိုင်သည်။ [ဧဝံ သန္တေ ဒွိန္နံပိ ပဒါနံ အတ္ထနာနတ္တတော ဒုကော ဟောတိ။ ဌ။]

သတိပြုဖွယ် သဗ္ဗာရမဏစိတ်များကို ဒုတိယပုဒ်၏အရ မရနိုင်ရကား ဒုက်ပျက်ဖွယ် ရှိသောကြောင့် ကတ္တားထား၍ မကောက်ရ။

ပညတ်ဧကန်များကိုလည်း ပရမတ္ထတရားကိုသာ ကောက်ယူရသော အရာဖြစ်သောကြောင့် ကတ္တားအနေဖြင့် မယူရ။ [အာရမဏသင်္ဂဟကို နှလုံးသွင်း၍ ကောက်ပါ။]

သာမညအရကောက် ပထမပုဒ်၏အရကား စက္ခုဝိညာဉ်အစရှိသော တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန် ရ၏။

ဒုတိယပုဒ်၏အရကား စက္ခုဝိညာဉ်အစရှိသော တစ်စုံတစ်ခုသောစိတ်သည် မသိအပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန် ရ၏။ [အဋ္ဌကထာအလိုကျ ကောက်ပြထားသောနည်း။]

သို့ပင်ဖြစ်စေကာမူ "ယေ တေ ဓမ္မာ စက္ခုဝိညေယျာ၊ နေ တေ ဓမ္မာ သောတဝိညေယျာ"ဟူသော နိက္ခေပကဏ္ဍ ပါဠိတော်ကို ထောက်ဆ၍ ပထမပုဒ်အရကို ပြဆိုခဲ့ပြီးသည့်အတိုင်း ကောက်ပြီးလျှင် နေ ကေနစိဝိညေယျာ ဓမ္မာ–ဟူသော ဒုတိယပုဒ်၏အရကား သောတဝိညာဉ်အစရှိသော တစ်စုံတစ်ခုသောစိတ်သည် မသိအပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန် ရ၏–ဟု ကောက်မှသာ သာလွန်ကောင်းမြတ်ပေလိမ့်မည်။

အဆိုပါနည်းမှာ "သဗ္ဗေ ဓမ္မာ ကေနစိ ဝိညေယျာ ကေနစိ နဝိညေယျာ"ဟူသော အဋ္ဌကထာ ကဏ္ဍပါဠိတော်အားလျော်စွာ မန္ဒပညပုဂ္ဂိုလ်တို့အတွက် သာမညအားဖြင့် ကောက်ပြထားသော ပါဠိတော်နည်းပင် ဖြစ်ပေသည်။

အဋ္ဌကထာနည်းနှင့်ဋီကာနည်း ဧယောများဖြင့် အသီးအသီး ပြဆိုခဲ့ပြီးသော အဋ္ဌကထာနည်းနှင့် ဋီကာနည်းတို့၏ ကွဲပြားခြားနားပုံကို မှီရာ ပါဠိတော်ကို ထုတ်နုတ်ရှင်းလင်း ပြဆိုပါဦးမည်။

ယေ တေ ဓမ္မာ စက္ခုဝိညေယျာ၊ နေ တေ ဓမ္မာ သောတဝိညေယျာ။
ယေ ဝါ ပန တေ ဓမ္မာ သောတဝိညေယျာ၊ နေ တေ ဓမ္မာ စက္ခုဝိညေယျာ။

ဤသို့ ဟောတော်မူအပ်သော နိက္ခေပကဏ္ဍပါဠိတော်ဝယ် "ယေ တေ ဓမ္မာ စက္ခုဝိညေယျာ၊ နေ တေ ဓမ္မာ သောတဝိညေယျာ"ဟူသော အနုလောမသည် "ကေနစိ ဝိညေယျာ ဓမ္မာ"ဟူသော ပထမပုဒ်၏အဖွင့် ဖြစ်၏၊ "ယေ ဝါ ပန တေ ဓမ္မာ သောတဝိညေယျာ၊ နေ တေ ဓမ္မာ စက္ခုဝိညေယျာ"ဟူသော ပဋိလောမမူကား "နေ ကေနစိ ဝိညေယျာ ဓမ္မာ"ဟူသော ဒုတိယပုဒ်၏အဖွင့် ဖြစ်၏၊ ဤသို့ အနုလောမ–

(B)

http://www.dhammadownload.com

ပဋိလောမ တစ်စုံမှ ဒုက်ဖြစ်သည်၊ ထိုအနုလောမ-ပဋိလောမတို့၌ အသီးအသီး ပါရှိသော အနိယမ-နိယမ တစ်စုံမျှဖြင့် ဒုက်ဖြစ်သည် မဟုတ်-ဟု အဋ္ဌကထာဆရာ ယူဆ၏။

ထို့ကြောင့် အဋ္ဌကထာဆရာအလိုအားဖြင့် (ကေနစိ၊ နကေနစိ-ဟူသော ကတ္တား (အာရမဏိက) တူ, (ဝိညေယျာ-ဟူသော) ကံ(အာရုံ) ပြား-ကောက်ရသည်။

မူလဋီကာဆရာမူကား အနုလော-ပဋိလောမတစ်စုံမှ ဒုက်ဖြစ်သည်မဟုတ်၊ အဆိုပါ နိက္ခေပကဏ္ဍပါဠိတော်ဝယ် "ယေ တေ ဓမ္မာ စက္ခုဝိညေယျာ၊ နေ တေ ဓမ္မာ သောတဝိညေယျာ"ဟူသော အနုလောမ၌ "ယေ တေ ဓမ္မာ စက္ခုဝိညေယျာ"ဟူသော အနိယမသည် "ကေနစိ ဝိညေယျာ ဓမ္မာ"ဟူသောဘ ပထမပုဒ်၏အဖွင့်ဖြစ်၏။

"နေ တေ ဓမ္မာ သောတဝိညေယျာ"ဟူသော နိယမမူကား "နေ ကေနစိ ဝိညေယျာ ဓမ္မာ"ဟူသော ဒုတိယပုဒ်၏အဖွင့်ဖြစ်၏၊ ဤသို့ အနုလောမ၌ အနိယမ-နိယမ တစ်စုံမျှဖြင့်ပင် ဒုက်ဖြစ်နိုင်သည်၊ ပဋိလောမ၌လည်း ထို့အတူ အနိယမ-နိယမ တစ်စုံဖြင့်ပင် ဒုက်ဖြစ်နိုင်သည်-ဟု ယူ၏။

ထို့ကြောင့် မူလဋီကာဆရာ၏ အလိုအားဖြင့် (ကေနစိ၊ နကေနစိ-ဟူသော) ကတ္တား (အာရမဏိက)-ပြား, (ဝိညေယျာ-ဟူသော) ကံ(အာရုံ)-တူ ကောက်ရသည်၊ အနုဋီကာ ဆရာမူကား အဋ္ဌကထာဆရာဝါဒကို ထောက်ခံဖွင့်ဆိုထားသည်။

စိစစ်ချက် ထို(အဋ္ဌကထာဝါဒ, ဋီကာဝါဒ)နှစ်မျိုးတို့တွင် "ယေ တေ ဓမ္မာ စက္ခု ဝိညေယျာ၊ နေ တေ ဓမ္မာ သောတဝိညေယျာ"ဟူသော အနိယမ-နိယမ နှစ်ဝါကျတည်းဖြင့်ပင် ဒုက်တစ်ခုကို ပြနိုင်သောကြောင့်လည်းကောင်း-

(စက္ခု သောတ-ဟူသော) ကတ္တား(အာရမဏိက) ကွဲပြားမှုကို သိသာထင်ရှားစွာ ဟောပြထားသောကြောင့်လည်းကောင်း-

အဋ္ဌကထာ ကဏ္ဍပါဠိတော်၌လည်း သဗ္ဗေ ဓမ္မာ ကေနစိ ဝိညေယျာ၊ နေ ကေနစိ ဝိညေယျာ- (စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-ဟု ဆိုအပ်သော အလုံးစုံသောတရားတို့သည် ကေနစိ ဝိညေယျ-အရလည်း ဖြစ်၏၊ နေ ကေနစိ ဝိညေယျ-အရလည်း ဖြစ်၏၊)ဟူသော (ဝိညေယျာ-ဟူသော) ကံ(အာရုံ)မပြား တစ်သားတည်း ဟောထားတော်မူသောကြောင့်လည်းကောင်း-

မူလဋီကာဝါဒသည်သာ ပါဠိတော်နှင့်လည်းညီညွတ်, သဘာဝယုတ္တိလည်း မလွတ်ရကား အဋ္ဌကထာဝါဒထက် ပိုလွန်သင့်မြတ်သည်-ဟု ထင်မြင်သဘောရရှိပေသည်။

http://www.dhammadownload.com

၃-အာသဝဂေါစ္ဆက

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ဂီတ			
			ခ	အ	ဓ	သ
ဝဂ္ဂန္တ	အာသဝါ ဓမ္မာ	လော၊ဒိ၊မောတရားကိုယ် ၃-ပါး	၁	၁	၁	၂
	နောအာသဝါ ဓမ္မာ	စိတ်-၈၉၊ စေ-၄၉၊ ရုပ်၊ နိ	၅	၁၂	၁၈	၃
ဝဂ္ဂန္တ	သာသဝါ ဓမ္မာ	ကီ-၈၁၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၂
	အနာသဝါ ဓမ္မာ	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
နိဿဋ္ဌ	အာသဝသမ္မယုတ္တာ ဓမ္မာ	အကု-၁၂၊ ဒေါ-မောကြဉ် စေ-၂၇	၄	၂	၂	၂
	အာသဝဝိပ္ပယုတ္တာ ဓမ္မာ	ကု-ဝိ-ကြို၊ စေ-၃၈၊ မော၊ရုပ်၊နိ	၅	၁၂	၁၈	၃
ဝဂ္ဂဝဂ္ဂန္တ	အာသဝါစေဝ ဓမ္မာ သာသဝါစ	တရားကိုယ် ၃-ပါး	၁	၁	၁	၂
	သာသဝါစေဝ ဓမ္မာ နောစ အာသဝါ	ကီ-၈၁၊ စေ-၄၉၊ ရုပ်	၅	၁၂	၁၈	၁
	ဒုက်မုတ်	အနာသဝါအရ				
ဝိသံယုတ္တဝဂ္ဂဝဂ္ဂန္တ	အာသဝါစေဝ ဓမ္မာ အာသဝသမ္မယုတ္တာစ	လောဘမူစိတ် ၈-ခုဥ္စ်ရှိသော လော၊ဒိ၊မောတရားကိုယ် ၃	၁	၁	၁	၂
	အာသဝသမ္မယုတ္တာစေဝ ဓမ္မာ နောစ အာသဝါ	အကု-၁၂၊ စေ-၂၄	၄	၂	၂	၁
	ဒုက်မုတ်	အာသဝဝိပ္ပယုတ္တာ-အရ				
ဝဂ္ဂဝဂ္ဂဝိသံယုတ္တဝဂ္ဂန္တ	အာသဝဝိပ္ပယုတ္တာ ခေါပန ဓမ္မာ သာသဝါပိ	ကီကု-၁၇၊ကီဝိ-၃၂၊ကြို-၂၀ စေ-၃၈၊ ဒေါမောဥ္စ်မော၊ ရုပ်	၅	၁၂	၁၈	၁
	အာသဝဝိပ္ပယုတ္တာ ခေါပန ဓမ္မာ အနာသဝါပိ	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
	ဒုက်မုတ်	အာသဝါသမ္မယုတ္တာဓမ္မာ-အရ				

အာသဝါ-အာသဝမည်ကုန်သော၊ ဝါ-ဘုံအားဖြင့် ဘဝဂ်တိုင်အောင်, ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင်ယိုစီးတတ်ကုန်သော၊ ဝါ-ကြာမြင့်စွာထုံအပ်သော အရက်နှင့် တူကုန်သော။

အာသဝ [အာသဝန္တီတိ-အာသဝါ။] ဒွါရခြောက်ပါးမှ ယိုစီးတတ်သောကြောင့် လောဘ, ဒိဋ္ဌိ, မောဟ-တို့သည် "အာသဝ"မည်ကြ၏။

http://www.dhammadownload.com

နော အာသဝါ–အာသဝမမည်ကုန်သော၊ ဝါ–ဘုံအားဖြင့်ဘဝဂ်တိုင်အောင်, ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် မယိုစီးတတ်ကုန်သော၊ ဝါ–ကြာမြင့်စွာထုံအပ်သော အရက်နှင့် မတူကုန်သော။

စက္ခု–စသော ဒွါရခြောက်ပါးမှ လောဘ, ဒိဋ္ဌိ, မောဟ–တို့သာ စီးကြဖြစ်ကြသည် မဟုတ်၊ ကုသိုလ်–စသော အခြားတရားများလည်း စီးကြဖြစ်ကြကုန်သည် မဟုတ်ပါလော၊ ထိုသို့ဖြစ်ကြပါလျက် လောဘ, ဒိဋ္ဌိ, မောဟ–တို့ကိုသာ အဘယ့်ကြောင့် "အာသဝ"ဟု ခေါ်ရပါသနည်း ?။

လောဘ, ဒိဋ္ဌိ, မောဟတို့သည် အနာမှ အရိအရွဲ(သင်္ခန်ရည်)များ စီးလာဘိသကဲ့သို့ ဒွါရခြောက်ပါးမှ ရွှံစရာအနေဖြင့် စီးလာကြ, ဖြစ်လာကြပေ၏၊ အာသဝသဒ္ဒါသည်လည်း ထိုသို့ မစင်မကြယ် စီးတတ်ဖြစ်တတ်သော တရားတို့ကိုဟောသော အထင်ရှင်သဒ္ဒါမျိုး ဖြစ်ပေသည်၊ ထို့ကြောင့် လောဘ, ဒိဋ္ဌိ, မောဟတို့ကိုသာ "အာသဝ"ဟု ခေါ်ရသည်။

တစ်နည်း [အာဂေါတြဘုမှာ အာဘဝဂ္ဂါ သဝန္တီ တိ–အာသဝါ။] အာရုံပြုသောဓမ္မ အားဖြင့် ဂေါတြဘူတိုင်အောင်, ဖြစ်ရာဘုံအားဖြင့် ဘဝဂ်တိုင်အောင် သွားတတ်, ဖြစ်တတ်သောကြောင့် "အာသဝ"မည်၏။

တစ်နည်း [စိရပါရိဝါသိယဋ္ဌေန မဒိရာဒယော အာသဝါ၊ အာသဝါဝိယာတိ–အာသဝါ။] ကြာမြင့်စွာထုံအပ်, တည်နေစေအပ်, စိမ်ထားအပ်ကုန်သော စပျစ်ရည်အစရှိသည်တို့သည် "အာသဝ"မည်၏၊ ကြာမြင့်စွာစိမ်ထားအပ်သော စပျစ်ရည် စိမ်ရည် အရက်နှင့် တူသောကြောင့် လောဘ, ဒိဋ္ဌိ, မောဟတို့ကိုလည်း "အာသဝ"ဟုပင် ခေါ်ရသည်။

တစ်နည်း [အာယတံ သံသာရဒုက္ခံ သဝန္တီ တိ–အာသဝါ။] ရှည်လျားသော သံသရာဆင်းရဲကို သီးတတ် ဖြစ်စေတတ်သော လောဘ, ဒိဋ္ဌိ, မောဟတို့သည် "အာသဝ"မည်၏။ [အာယတသဝ–ဟု ဆိုလိုလျက် ယတ–ကို ချေ၍ အာသဝ–ဟု ပုဒ်ပြီးသည်။]

အာသဝါ–အာသဝမည်ကုန်သော၊ ဝါ–ဒွါရခြောက်ပါးမှ စီးတတ်ဖြစ်တတ်ကုန်သော၊ ဝါ–ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင်, ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဖြစ်တတ်ကုန်သော၊ ဝါ–ကြာမြင့်စွာထုံအပ်သော စိမ်ရည်အရက်နှင့်တူကုန်သော၊ ဝါ–ရှည်လျားသော သံသရာဆင်းရဲကို သီးတတ် ဖြစ်စေတတ်ကုန်သော။ [ဤသို့ ဝိဂ္ဂဟအားလျော်စွာ အနက်ပေးပါလေ။ နောက်လည်း ဤနည်းချည်း မှတ်ပါ။]

http://www.dhammadownload.com

သာသဝါ-အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော။

အနာသဝါ-အာသဝေါတရားတို့၏ အာရုံမဟုတ်ကုန်သော။

[ကြွင်းသောပုဒ်တို့၏ အနက်ကို ဟေတုဂေါစ္ဆကဌ် ဆိုခဲ့သော နည်းဖြင့်ပင် သိမြင်နားလည်နိုင်လောက်ပါပြီ၊ ကြွင်းသောဂေါစ္ဆကများဌ်လည်း ထူးရာမျှကိုသာ ပြသွားပါမည်။]

သာသဝါ [သဟ အာသဝေဟိ ယေ ဝတ္တန္တီ တိ-သာသဝါ။] မိမိကို အာရုံပြု၍ဖြစ်သော အာသဝေါတရားတို့နှင့်တကွဖြစ်သော (အာသဝေါတရားတို့၏ အာရုံဖြစ်သော) လောကီတရားများသည် "သာသဝ"မည်၏။ [အတ္ထာနံ အာရမဏံ ကတွာ ပဝတ္တေဟိ သဟ အာသဝေဟီတိ-သာသဝါ။ ဌ။]

အနာသဝါ [နတ္ထိ အာသဝါ ယေသန္တီ-အနာသဝါ။] မိမိကို အာရုံပြု၍ဖြစ်သော အာသဝေါတရားမရှိကုန်သော (အာသဝေါတရားတို့၏ အာရုံ မဟုတ်ကုန်သော) လောကုတ္တရာတရားများသည် "အနာသဝ"မည်၏။ [အကြွင်းကို ဟေတုဂေါစ္ဆကဌ် ပြဆိုခဲ့ပြီးသော နည်းဖြင့်ပင် သိမြင်နားလည်နိုင်လောက်ပါပြီ။]

အာသဝဝိပ္ပယုတ္တာ ခေါပန ဓမ္မာ ဟေတုဂေါစ္ဆက၏အဆုံးဒုက်ကို ကဲ့သို့ မဟောမူ၍ အာသဝဂေါစ္ဆကအဆုံးဒုက်ကို "အာသဝဝိပ္ပယုတ္တာ ခေါပန ဓမ္မာ သာသဝါပိ၊ အနာသဝါပိ"ဟု အဘယ်အကျိုးငှာ ဟောတော်မူရပါသနည်း ?။

ဟေတုဂေါစ္ဆကအဆုံးဒုက်ကို "န ဟေတု ခေါပန ဓမ္မာ သဟေတုကာပိ၊ အဟေတုကာပိ"ဟု ပထမဒုက်၏ ဒုတိယပဒကို ဝိသေသနထား၍ ဟောတော်မူသကဲ့သို့ အာသဝဂေါစ္ဆကအဆုံးဒုက်ကိုလည်း "နော အာသဝါ ခေါပန ဓမ္မာ သာသဝါပိ၊ အနာသဝါပိ"ဟု ပထမဒုက်၏ ဒုတိယပဒကိုပင် ဝိသေသနထား၍ ဟောသင့်သည် မဟုတ်ပါလော၊ အဘယ်အကျိုးငှာ တတိယဒုက်၏ ဒုတိယပဒကိုသာ ဝိသေသနထား၍ "အာသဝဝိပ္ပယုတ္တာ ခေါပန ဓမ္မာ သာသဝါပိ၊ အနာသဝါပိ"ဟု ဟောတော်မူရပါသနည်း ?-ဟု ဆိုလိုပါသည်။

သမ္မယုတ်ဟိတ်နှင့်တကွဖြစ် (ဟိတ်နှင့်ယှဉ်)သည်ကို သဟေတုက-ဟု ဆိုရသကဲ့သို့ သမ္မယုတ်ဖြစ်သော အာသဝေါတရားနှင့်တကွဖြစ် (အာသဝတို့နှင့်ယှဉ်)သည်ကို သာသဝဟု ဆိုရသည် မဟုတ်ချေ၊ အာသဝတို့နှင့်မယှဉ်ဘဲ အာရမဏ်ကအာရုံအားဖြင့် တကွဖြစ်သည်ကိုသာ သာသဝ-ဟု ဆိုရသည်-ဟူသော အနက်ထူးကို ပြရခြင်းအကျိုးငှာ အာသဝဂေါစ္ဆကအဆုံးဒုက်ကို "အာသဝဝိပ္ပယုတ္တာ ခေါပန ဓမ္မာ သာသဝါပိ၊ အနာသဝါပိ"ဟု ဟောတော်မူရပါသည်။

ကြွင်းသော သညောဇနဂေါစ္ဆက-စသည်တို့ဌ်လည်း ဝိပ္ပယုတ္တပဒကို ဝိသေသနထား၍ အဆုံးဒုက်ကို ဟောရခြင်း၏ အကျိုးကို ဖြစ်သင့်သည်အားလျော်စွာ သိမှတ်ကြပါလေ။

http://www.dhammadownload.com

သရုပ်ခွဲ

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-ဟု ဆိုအပ်သော ပရမတ္ထတရား လေးပါး တို့တွင်–

(၁) လောဘ, ဒိဋ္ဌိ, မောဟ-ဟု ဆိုအပ်သော အာသဝတရားကိုယ် ၃-ပါး တို့သည် အာသဝ-မည်သောတရားများ ဖြစ်ကြသည်။ [စတ္တာရော အာသဝါ ကာမာသဝေါ ဘဝါသဝေါ ဒိဋ္ဌာသဝေါ အဝိဇ္ဇာသဝေါ။ အဋ္ဌကထာကတ္တာ-ပါ။]

(၂) ထိုမှ ကြွင်းကျန်သမျှသော တရားတို့သည် နော အာသဝ-မည်သော တရားများ ဖြစ်ကြသည်။

(၃) လောကီစိတ်ဧကာသီတိ, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသတို့သည် သာသဝ-မည်သော တရားများ ဖြစ်ကြသည်။ [သံယောဇဉ်တို့၏ အာရုံ၊ ဂန္ထ အာရုံ၊ ဩဃအာရုံ၊ ယောဂအာရုံ၊ နီဝရဏအာရုံ၊ ပရာမာသအာရုံ၊ ဥပါဒါန်တို့၏ အာရုံ၊ ကိလေသာတို့၏ အာရုံဖြစ်သော တရားများသည်လည်း ဤတရားများပင်ဖြစ်သည်၊ "ငါးဆယ့်နှစ်ခု, စေတသိက်စုတွင်, အကုသလာ, လောကီသာတည်း" ဟူသော ဆရာမြတ်တို့၏ မိန့်ဆိုချက်ကိုလည်း သတိပြုပါ။]

[ဩသာနဒုကေ နော အာသဝါ ခေါပနာတိ အဝတွာ အာသဝဝိပ္ပယုတ္တာ ခေါပနာတိ ဝစနံ သာသဝါနံ သဟေတုကာနံဝိယ သမ္ပယုတ္တေဟိ တံ သဟိတတာ နာ ဟောတီတိ ဒဿနတ္ထံ။ မူလ-ဋီ၊ ၁၊ ၅၃။]

သို့ဖြစ်ခဲ့ပါလျှင် ဟေတုဂေါစ္ဆကဒ္ဒ ဟေတုဝိပ္ပယုတ္တပဒကို ဝိသေသနပြု၍ မဟောဘဲ အဘယ့်ကြောင့် နဟေတုကပဒကိုသာ ဝိသေသနပြု၍ အဆုံးဒုက်ကို ဟောတော်မူရပါသနည်း ?။

ဟေတုဂေါစ္ဆကဒ္ဒ ဟေတုဝိပ္ပယုတ္တတရားတို့မှာ သဟေတုကသဘော မရှိရကား ဟေတုဝိပ္ပယုတ္တပဒကို ဝိသေသနထား၍ ဟောရန်မဖြစ်နိုင်သောကြောင့် နဟေတုကပဒကိုသာ ဝိသေသနထား၍ ဟောရပါသည်။ [ဟေတုဂေါစ္ဆကေ ပန ဟေတုဝိပ္ပယုတ္တာနံ သဟေတုကတာ နတ္ထိတိ တေ ဂဟေတွာ ဒုကယောဇနာယ အသက္ကုဏေယျတ္တာ နဟေတုပဒံ ဂဟေတွာ ဩသာနဒုကယောဇနာ ကတာ။ မူလ-ဋီ၊ ၁၊ ၅၃။]

http://www.dhammadownload.com

အာသဝဂေါစ္ဆက-မိဿကဒုက်များ

မှတ်ချက်	ပ-ဒုက		ဒု-ဒုက		တ-ဒုက		တရားကိုယ်အရကောက်
	အာသဝါ မရှိ	အာသဝါ ရှိ	သာသဝါ	အနာသဝါ	အာသဝ အာသဝ	အာသဝ မဟုတ်	
ပါ	*		x				တရားကိုယ် ၃
		x	*				ကီ-၈၁၊ စေ-၄၉၊ ရုပ်
"	*				x		လောဘရှိတရားကိုယ် ၃
		x			*		အကု-၁၂၊ စေ-၂၄
"			x			*	ကီ-ကု-ဝိ-ကြီ၊ စေ-၃၈၊ ဒေါမောဘမော
				x		*	လောကုတ်-၈၊ စေ-၃၆၊ နိ
သမ္ဘဝ	*					x	ဒေါ,မောဘမော
		x				*	ကု-ဝိ-ကြီ၊ စေ-၃၈၊ ရုပ်၊ နိ
အတီရေက		*	x				ကီ-၈၁၊ စေ-၄၉၊ ရုပ်
		*		x			လောကုတ်-၈၊ စေ-၃၆၊ နိ
"	*				x		လောဘအာသဝတရားကိုယ် ၃
	*					x	ဒေါ-မောဘမော
"		*			x		အကု-၁၂၊ စေ-၂၄
		*				x	ကု-ဝိ-ကြီ၊ စေ-၃၈၊ ရုပ်၊ နိ
"			*		x		အကု-၁၂၊ ဒေါ-မောဘမောကြဉ် စေ-၂၇
			*			x	ကီ-ကု-ဝိ-ကြီ၊ စေ-၃၈၊ မော၊ ရုပ်
"	x		*				တရားကိုယ်-၃
		x	*				ကီ-၈၁၊ စေ-၄၉၊ ရုပ်
"	x				*		လောဘတရားကိုယ်-၃
		x			*		အကု-၁၂၊ စေ-၂၄
"	x					*	ဒေါ-မောဘမော
		x				*	ကု-ဝိ-ကြီ၊ စေ-၃၈၊ ရုပ်၊ နိ

http://www.dhammadownload.com

(၄) ကြွင်းကျန်သော လောကုတ္တရာစိတ်ရှစ်ခု, စေတသိက်ဆယ့်တစ်သ, နိဗ္ဗာန် တို့သည် အနာသဝ–မည်သောတရားများ ဖြစ်ကြသည်။

(၅) အကုသိုလ်စိတ်ဒွါဒသ, ဒေါသမူဒွေး, မောဟမူဒွေး၌မောဟကြွင်သော စေတသိက်သတ္တဝီသတို့သည် အာသဝသမွယုတ္တ–မည်သောတရားများ ဖြစ်ကြသည်။

(၆) ကုသိုလ်စိတ်ဧကဝီသ, ဝိပါက်စိတ်ဆယ့်သ, ကြိယာစိတ်ဝီသ, စေတသိက် အဋ္ဌယ့်သ, ဒေါသမူဒွေးမောဟမူဒွေး၌မောဟ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တို့သည် အာသဝ ဝိပွယုတ္တ–မည်သောတရားများ ဖြစ်ကြသည်။

ဤခြောက်ချက်ကို ပိုင်နိုင်က အာသဝဂေါစ္ဆကအရကောက်အတွက် ကိစ္စပြီးနိုင်သည်သာ။

တရားကိုယ်တို့၏ သမွယုတ်–ဝိပွယုတ်သဘော လောဘမူစိတ်တွင် ဒိဋ္ဌဂတသမွယုတ်စိတ်လေးခု၌ လောဘ, ဒိဋ္ဌ, မောဟ– အာသဝတရားကိုယ်သုံးပါး ပါရှိ၏၊ ထိုတွင် လောဘသည် ဒိဋ္ဌ မောဟတို့နှင့် ယှဉ်၏၊ ဒိဋ္ဌသည် လောဘ, မောဟတို့နှင့် ယှဉ်၏၊ မောဟသည် လောဘ, ဒိဋ္ဌတို့နှင့် ယှဉ်၏။

ဒိဋ္ဌဂတဝိပွယုတ်စိတ်လေးခု၌မူကား လောဘ, မောဟ အာသဝတရားကိုယ်နှစ်ပါး ပါရှိ၏၊ ထိုတွင် လောဘသည် မောဟနှင့်ယှဉ်၍ မောဟသည် လောဘနှင့် ယှဉ်၏၊ ဤသို့ အပြန်အလှန်ယှဉ်ဖက် သမွယုတ်အာသဝတရားများ ရှိသောကြောင့် လောဘမူစိတ်၌ရှိသော အာသဝတရားကိုယ်များသည် အာသဝသမွယုတ္တတရားများ ဖြစ်ကြသည်။

ဒေါသမူဒွေး, မောဟမူဒွေးတို့၌မူကား မောဟတည်းဟူသော အာသဝတရားကိုယ် တစ်ပါးတည်းသာ ပါရှိသည်၊ ထိုမောဟဟူသော အာသဝတရားမှာ အခြားယှဉ်ဖက် အာသဝတရား မရှိနိုင်တော့ချေ၊ ထို့ကြောင့် အဆိုပါ ဒေါသမူဒွေး, မောဟမူဒွေး၌ရှိသော မောဟသည် အာသဝဝိပွယုတ္တတရားသာ ဖြစ်ရလေတော့သည်။

ဆိုခဲ့ပြီးသော သဘောတရားများကို ထောက်ထား၍ ထိုထိုသက်ဆိုင်ရာ ဒုကပဒတို့၌ အာသဝတရားကိုယ်တို့၏ ယှဉ်နိုင်ပုံ–မယှဉ်နိုင်ပုံကို သိမြင်နားလည်ပြီးလျှင် ကြဉ်သင့်ရာပဒ၌ ကြဉ်၍ ထည့်သွင်းသင့်ရာပဒ၌ ထည့်သွင်းကောက်ယူရပုံကို သဘောကျ နားလည်နိုင်ကြပါစေ။

http://www.dhammadownload.com

၄-သညောဇနဂေါစ္ဆက

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ဂဟိတ			
			ဧ	အ	ဝ	သ
သညောဇန	သညောဇနာ ဓမ္မာ	တရားကိုယ်-၈	၁	၁	၁	၂
	နောသညောဇနာ ဓမ္မာ	စိတ်-၈၉၊ စေ-၄၄၊ ရုပ်၊ နိ	၅	၁၂	၁၈	၃
သညောဇနိယ	သညောဇနိယာ ဓမ္မာ	ကာ-၈၁၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၂
	အသညောဇနိယာ ဓမ္မာ	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
သညောဇနသမ္မယုတ္တ	သညောဇနသမ္မယုတ္တာဓမ္မာ	အကု-၁၂၊ဥဒ်ဒ္ဓမောကြဉ်စေ-၂၇	၄	၂	၂	၂
	သညောဇနဝိပ္ပယုတ္တာ ဓမ္မာ	ကု-ဝိ-ကြီ၊ စေ-၃၈၊ ဥဒ်ဒ္ဓမော၊ ရုပ်၊ နိ	၅	၁၂	၁၈	၃
သညောဇနသညောဇနိယ	သညောဇနာစေဝ ဓမ္မာ သညောဇနိယာစ	တရားကိုယ်-၈	၁	၁	၁	၂
	သညောဇနိယာစေဝ ဓမ္မာ နောစသညောဇနာ	ကာ-၈၁၊ စေ-၄၄၊ ရုပ်	၅	၁၂	၁၈	၁
	ဒုက်မုတ်	အသညောဇနိယာ-အရ				
သညောဇနသညောဇနသမ္မယုတ္တ	သညောဇနာစေဝ ဓမ္မာ သညောဇနသမ္မယုတ္တာစ	ဥဒ်ဒ္ဓမောကြဉ် တရားကိုယ်-၈	၁	၁	၁	၂
	သညောဇနသမ္မယုတ္တာစေဝ ဓမ္မာ နောစသညောဇနာ	အကု-၁၂၊ စေ-၁၉	၄	၂	၂	၁
	ဒုက်မုတ်	သညောဇနဝိပ္ပယုတ္တာ-အရ				
သညောဇနဝိပ္ပယုတ္တ-သညောဇနိယ	သညောဇနဝိပ္ပယုတ္တာခေါပန ဓမ္မာ သညောဇနိယာပိ	ကာ-ကု-ဝိ-ကြီ၊ စေ-၃၈ ဥဒ်ဒ္ဓမော၊ ရုပ်-၂၈	၅	၁၂	၁၈	၁
	သညောဇနဝိပ္ပယုတ္တာခေါပန ဓမ္မာ အသညောဇနိယာပိ	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
	ဒုက်မုတ်	သညောဇနသမ္မယုတ္တာ-အရ				

သညောဇနာ [သံယောဇေန္တီ ဗန္ဓန္တီတိ-သံယောဇနာနိ။] သံယောဇဉ်မကင်းသေးသော ပုဂ္ဂိုလ်ကို (ကိလေသ, ကမ္မ, ဝိပါက-ဟူသော) ဝဋ်သုံးပါး၌ ယှဉ်စေတတ် ဖွဲ့တပ်ထားတတ်သော တရားများသည် "သံယောဇဉ်"မည်၏။

http://www.dhammadownload.com

သညောဇနာ–သံယောဇဉ်မည်ကုန်သော။

သညောဇနိယာ–သံယောဇဉ်တရားတို့၏ အာရုံဖြစ်ကုန်သော–စသည်ပေးပါ။

သရုပ်ခွဲ

ဒသသံယောဇနာနိ ကာမရာဂသံယောဇနံ ပဋိဃသံယောဇနံ မာနသံယောဇနံ ဒိဋ္ဌိသံယောဇနံ ဝိစိကိစ္ဆာသံယောဇနံ သီလဗ္ဗတပရာမာသသံယောဇနံ ဘဝရာဂ သံယောဇနံ ဣဿာသံယောဇနံ မစ္ဆရိယသံယောဇနံ အဝိဇ္ဇာသံယောဇနံ။ [အဋ္ဌကထာ ကဏ္ဍပါဠိတော်။]

သံယောဇဉ်မကင်းသေးသော ပုဂ္ဂိုလ်တို့သည် ကံပြုသောအခါ နောင်အကျိုးပေးဖို့ အတွက် ကံ၏အကျိုးသတ္တိ ကျန်ရှိစေရစ်ကြသည်၊ ထိုသို့ ကံ၏သတ္တိ ကျန်ရှိခြင်းသည်ပင် သံယောဇဉ်က သံယောဇဉ်မကင်းသေးသော ပုဂ္ဂိုလ်ကို ကမ္မဝင်္ဍ၌ ဖွဲ့တပ်ထားရာရောက်၏၊ ထိုကံ၏အကျိုးကို ရရှိစေခြင်းသည် ဝိပါကဝင်္ဍ၌ ဖွဲ့တပ်ထားရာ ရောက်၏၊ ရှေးရှေးသော သံယောဇဉ်ကိလေသာများ ရှိနေသောကြောင့်သာ နောက်နောက်သော ကိလေသာများ ဖြစ်ပွားလာရကား ကိလေသဝင်္ဍလည်း ဖွဲ့တပ်ထားရာရောက်၏။

ဝင်္ဍသုံးပါး၏အကြောင်းဖြစ်သော တရားသည် သံယောဇဉ်မည်၏–ဟု ဆိုလိုသည်။ [ကိလေသကမ္မဝိပါကဝဋ္ဋာနံ ပစ္စယဘာဝေန တတ္ထ သံယောဇနန္တိ။ မူလ–ဋီ၊ ၁၊ ၅၃။]

သံယောဇနိယာ [သံယောဇနာနံ ဟိတာ–သံယောဇနိယာ။] သံယောဇဉ်တို့၏ အစီးအပွားဖြစ်ကုန် (သံယောဇဉ်တို့၏အာရုံဖြစ်ကုန်)သော တရားများသည် "သံယောဇနိယ"မည်၏။

တစ်နည်း [သံယောဇေတဗ္ဗာတိ–သံယောဇနိယာ။] ယှဉ်စေအပ်ကုန်သောတရားတို့သည် "သံယောဇနိယ"မည်၏။ ဋီ။

တစ်နည်း [သံယောဇနေ နိယုတ္တာ–သံယောဇနိယာ။] သံယောဇဉ်၌ယှဉ်သောတရားများသည် "သံယောဇနိယ"မည်၏။ ဋီ။

အသံယောဇနိယာ [န သံယောဇနိယာ–အသံယောဇနိယာ။] သံယောဇဉ်တို့၏အစီးအပွား မဟုတ်ကုန်သော (သံယောဇဉ်တို့၏အာရုံမဟုတ်ကုန်သော) တရားများသည် "အသံယောဇနိယ"မည်၏။

ကြွင်းကျန်သောပုဒ်တို့၏ အနက်အဓိပ္ပာယ်များကို ဆိုခဲ့ပြီးသည်ကို နည်းမှီ၍ သိနိုင်လောက်ပါပြီ။

http://www.dhammadownload.com

(၁) လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ကျဿာ, မစ္ဆရိယ, မောဟ အားဖြင့် တရားကိုယ်ရှစ်ပါး ဖြစ်၏၊ လောဘနှင့်ဒိဋ္ဌိ တရားနှစ်ပါးစီ ပါရှိသည်၊ ဆိုခဲ့ပြီးသော သာသဝတရားများသည်ပင် သညောဇနိယ-အရ ဖြစ်သည်။

(၂) အကုသိုလ်စိတ် ၁၂-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌မောဟကြဉ်သော စေတသိက် ၂၇-ပါးသည် သညောဇနသမ္မယုတ္တမည်သောတရားများ ဖြစ်ကြသည်။

(၃) ကုသိုလ်စိတ်-၂၁၊ ဝိပါက်စိတ်-၃၆၊ ကြိယာစိတ်-၂၀၊ စေတသိက် ၃၈-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌မောဟ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်တို့သည် သံယောဇန ဝိပ္ပယုတ္တမည်သောတရားများ ဖြစ်ကြသည်။

တရားကိုယ်များ၏ သမ္မယုတ် ဝိပ္ပယုတ်သဘော သံယောဇဉ် တရားကိုယ် ရှစ်ပါးသည် အကုသိုလ်စိတ် ၁၂-ပါး၌ ယထာရဟ ယှဉ်နေကြ၏၊ ထိုတွင် ဒိဋ္ဌိဂတသမ္မယုတ်စိတ်လေးခု၌ လောဘ, ဒိဋ္ဌိ, မောဟ-သံယောဇဉ်တရားကိုယ်သုံးပါး ယှဉ်၏။

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု၌လည်း လောဘ, မာန, မောဟ-သံယောဇဉ် တရားကိုယ်သုံးပါးပင် ယှဉ်၏။

ဒေါသမူဒွေး၌မူကား ဒေါသ, ကျဿာ, မစ္ဆရိယ, မောဟ-သံယောဇဉ် တရားကိုယ်လေးပါး ယှဉ်၏။

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌မူ ဝိစိကိစ္ဆာ, မောဟ-သံယောဇဉ်တရားကိုယ်နှစ်ပါး ယှဉ်၏။

ထို့ကြောင့် အဆိုပါစိတ်တို့၌ရှိသော သံယောဇဉ်တရားကိုယ်များမှာ အသီးအသီး ယှဉ်ဖက် သံယောဇဉ်တရားကိုယ်များ ရှိကြရကား သံယောဇနသမ္မယုတ္တတရားများ ဖြစ်ကြသည်။

ဥဒ္ဓစ္စသဟဂုတ်စိတ်၌မူကား မောဟ-ဟူသော သံယောဇဉ်တရားကိုယ် တစ်ပါးတည်းသာ ယှဉ်၏၊ အခြားယှဉ်ဖက်သံယောဇဉ် မရှိ၊ ထို့ကြောင့် ထိုဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသောမောဟသည် သံယောဇနဝိပ္ပယုတ္တ ဖြစ်ရတော့သည်။

ဒုက်မုတ် ခန္ဓာ-စသည်ဖွဲ့ပါ၊ ဟေတုဂေါစ္ဆကဉ် ပြဆိုခဲ့ပြီးသော ညွှန်ကြားချက်များကို နှလုံးသွင်း၍ ရသင့်သည်အားလျော်စွာ ဒုက်မုတ်ထုတ်ပါ။

http://www.dhammadownload.com

သညောဇနေဂါဒ္ဓက-မိဿကဒုက်များ

မှတ်ချက်	ပ-ဒုက		ဒု-ဒုက		တ-ဒုက		တရားကိုယ်အရကောက်
	သဏ္ဌာန်ပညတ်	ဓာတ်ပညတ်	သဏ္ဌာန်ပညတ်	ဆန္ဒာဒိပညတ်	သဏ္ဌာန်ပညတ်	ပုဂ္ဂိုလ်ပညတ်	
ပါ	*		x				တရားကိုယ်-၈
		x	*				ကိ-၈၁၊ စေ-၄၄၊ ရုပ်-၂၈
″	*				x		ဥဒ်ဒ္ဒေသကြဉ် တရားကိုယ်-၈
		x			*		အကု-၁၂၊ စေ-၁၉
″			x			*	ကိ-ကု-ဝိ-ကြိ၊စေ-၃၈၊ဥဒ်ဒ္ဒေသ၊ရုပ်
				x		*	လောကုတ်-၈၊ စေ-၃၆၊ နိ
သမ္ဘဝ	*					x	ဥဒ်ဒ္ဒေသ
		x				*	ကု-ဝိ-ကြိ၊ စေ-၃၈၊ ရုပ်၊ နိ
အတိရေက		*	x				ကိ-၈၁၊ စေ-၄၄၊ ရုပ်
		*		x			လောကုတ်-၈၊ စေ-၃၆၊ နိ
″	*				x		ဥဒ်ဒ္ဒေသကြဉ် တရားကိုယ်-၈
	*					x	ဥဒ်ဒ္ဒေသ
″		*			x		အကု-၁၂၊ စေ-၁၉
		*				x	ကု-ဝိ-ကြိ၊ စေ-၃၈၊ ရုပ်၊ နိ
″			*		x		အကု-၁၂၊ ဥဒ်ဒ္ဒေသကြဉ် စေ-၂၇
			*			x	ကိ-ကု-ဝိ-ကြိ၊စေ-၃၈၊ဥဒ်ဒ္ဒေသ၊ရုပ်
	x		*				တရားကိုယ်-၈
		x	*				ကိ-၈၁၊ စေ-၄၄၊ ရုပ်
″	x				*		ဥဒ်ဒ္ဒေသကြဉ် တရားကိုယ်-၈
		x			*		အကု-၁၂၊ စေ-၁၉
	x					*	ဥဒ်ဒ္ဒေသ
		x				*	ကု-ဝိ-ကြိ၊ စေ-၃၈၊ ရုပ်၊ နိ

http://www.dhammadownload.com

၅-ဂန္ထ ဂေါစ္ဆက

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ကိတ			
			ဓ	အ	ဓ	သ
ဣတ္ထိ	ဂန္ထာ ဓမ္မာ	လော-ဒေါ-ဒိ တရားကိုယ်-၃	၁	၁	၁	၂
	နောဂန္ထာ ဓမ္မာ	စိတ်-ဓ၉၊ စေ-၄၉၊ ရုပ်၊ နိ	၅	၁၂	၁၈	၃
ဣတ္ထိ	ဂန္ထ နိယာ ဓမ္မာ	ကိ-ဓ၁၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၂
	အဂန္ထ နိယာ ဓမ္မာ	လောကုတ်-ဓ၊ စေ-၃၆၊ နိ	၄	၂	၂	၂
ပုမ် သဗ္ဗနာမ်	ဂန္ထ သမ္မယုတ္တာ ဓမ္မာ	လော-ဓ၊ ဒေါ-၂၊ ဝိပ်ဒ်္ဓလော ဒေါဒ်္ဓ ဒေါဝိစိကြဉ် စေ-၂၅	၄	၂	၂	၂
	ဂန္ထ ဝိပ္ပယုတ္တာ ဓမ္မာ	မော-၂၊ ကု-ဝိ-ကြိ၊ စေ-၄၃၊ လော၊ ဒေါ၊ ရုပ်၊ နိ	၅	၁၂	၁၈	၄
ဣတ္ထိ ဣတ္ထိလိင်	ဂန္ထာစေဝ ဓမ္မာ ဂန္ထ နိယာစ	တရားကိုယ်-၃	၁	၁	၁	၂
	ဂန္ထ နိယာစေဝ ဓမ္မာ နောစဂန္ထာ	ကိ-ဓ၁၊ စေ-၄၉၊ ရုပ်	၅	၁၂	၁၈	၁
	ဒုက်မုတ်	အဂန္ထ နိယာ-အရ				
ပုမ် သဗ္ဗနာမ်	ဂန္ထာစေဝ ဓမ္မာ ဂန္ထ သမ္မယုတ္တာစ	ဒိသမ်လေးဠ် လောဒိ-ဟု ဆိုအပ်သော တရားကိုယ်-၂	၁	၁	၁	၂
	ဂန္ထ သမ္မယုတ္တာစေဝ ဓမ္မာ နောစဂန္ထာ	လော-ဓ၊ ဒေါ-၂၊ စေ-၂၃	၄	၂	၂	၁
	ဒုက်မုတ်	ဂန္ထ ဝိပ္ပယုတ္တာ-အရ				
ဣတ္ထိ ဣတ္ထိလိင်	ဂန္ထ ဝိပ္ပယုတ္တာခေါပန ဓမ္မာ ဂန္ထ နိယာပိ	မော-၂၊ ကိ-ကု-ဝိ-ကြိ၊ စေ-၄၃၊ လော၊ ဒေါ၊ ရုပ်	၅	၁၂	၁၈	၂
	ဂန္ထ ဝိပ္ပယုတ္တာခေါပန ဓမ္မာ အဂန္ထ နိယာပိ	လောကုတ်-ဓ၊ စေ-၃၆၊ နိ	၄	၂	၂	၂
	ဒုက်မုတ်	ဂန္ထ သမ္မယုတ္တာ-အရ				

အနက်လွယ်၏၊ အထူးမရှိ၊ ဆိုခဲ့ပြီးသည်အားလျော်စွာ ပေးပါ။

ဂန္ထာ [ဂန္ထေန္တီ ဃဋေန္တီတိ-ဂန္ထာ။] ဂန္ထ ရှိသော သတ္တဝါတို့၏ နာမကာယ ရူပကာယကို သံသရာမှ မလွတ်ရအောင် စုတိပြီးလျှင်ပဋိသန္ဓေ, ပဋိသန္ဓေပြီးလျှင်စုတိ-ဟု သံကွင်းချင်း ယှက်သကဲ့သို့ ဖွဲ့ဆက်ပေးတတ်သော တရားများသည် "ဂန္ထ"မည်၏။

http://www.dhammadownload.com

ဂန္ဆ ဂေါစ္ဆက-မိဿကဒုက်များ

မှတ်ချက်	ပ-ဒုက		ဒု-ဒုက		တ-ဒုက		တရားကိုယ်အရကောက်
	ဂန္ဆ ဂစ္ဆ	ဂန္ဆ ဂစ္ဆေ	ဂန္ဆ ဂန္ဆိ	ဂန္ဆ ဂန္ဆိံ	ဂန္ဆ ဂန္ဆိံသု	ဂန္ဆ ဂန္ဆိံသု	
ပါ	*		x				တရားကိုယ်-၃
		x	*				ကိ-၈၁၊ စေ-၄၉၊ ရုပ်
။	*				x		ဒိသမ်-၄-၌ရှိသော လောဒိတရားကိုယ်-၂
		x			*		လော-၈၊ ဒေါ-၂၊ စေ-၂၃
။			x			*	မော-၂၊ကိကု-ဝိ-ကြို၊စေ-၄၃၊လောဒေါ၊ရုပ်
				x		*	လောကုတ်-၈၊ စေ-၃၆၊ နိ
သမ္ဘဝ	*					x	ဒိဝိပ်၌လော၊ ဒေါ၌ဒေါ
		x				*	မော-၂၊ ကု-ဝိ-ကြို၊ စေ-၄၃၊ ရုပ်၊ နိ
အတိရေက		*	x				ကိ-၈၁၊ စေ-၄၉၊ ရုပ်
		*		x			လောကုတ်-၈၊ စေ-၃၆၊ နိ
။	*				x		ဒိသမ်-၄-၌ရှိသော လောဒိတရားကိုယ်-၂
	*					x	ဒိဝိပ်၌လော၊ ဒေါ၌ဒေါ
။		*			x		လော-၈၊ ဒေါ-၂၊ စေ-၂၃
		*				x	မော-၂၊ ကု-ဝိ-ကြို၊ စေ-၄၃၊ ရုပ်၊ နိ
။			*		x		လော-၈၊ဒေါ-၂၊ဝိပ်၌လော,ဒေါ၌ဒေါဝိစိကြွေစေ-၂၅
			*			x	မော၊ကိကု-ဝိ-ကြို၊စေ-၄၃၊လောဒေါ၊ရုပ်
။	x		*				တရားကိုယ်-၃
		x	*				ကိ-၈၁၊ စေ-၄၉၊ ရုပ်
။	x				*		ဒိသမ်-၄-၌ရှိသော လောဒိတရားကိုယ်-၂
		x			*		လော-၈၊ ဒေါ-၂၊ စေ-၂၃
။	x					*	ဒိဝိပ်၌လော၊ ဒေါ၌ဒေါ
		x				*	မော-၂၊ ကု-ဝိ-ကြို၊ စေ-၄၃၊ ရုပ်၊ နိ

http://www.dhammadownload.com

သရုပ်ခွဲ

စတ္တာရော ဂန္ထာ အဘိဇ္ဈာကာယဂန္ထော ဗျာပါဒေါ ကာယဂန္ထော သီလဗ္ဗတ ပရာမာသော ကာယဂန္ထော ဣဒံသစ္စာဘိနိဝေသော ကာယဂန္ထော။ [အဋ္ဌကထာ ကဏ္ဍပါဠိတော်။]

(၁) လောဘ, ဒေါသ, ဒိဋ္ဌ–ဟု ဆိုအပ်သော ဂန္ထ တရားကိုယ်သုံးပါးတို့သည် ဂန္ထ –မည်သောတရားများ ဖြစ်ကြသည်။

(၂) လောဘမူစိတ်ရှစ်ခု၊ ဒေါသမူဒွေး, ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခု၌လောဘ, ဒေါသမူဒွေး၌ဒေါသ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၅–ခုတို့သည် ဂန္ထ သမ္မယုတ္တ မည်သောတရားများ ဖြစ်ကြသည်။

(၃) မောဟမူဒွေး, ကုသိုလ်စိတ်ဧကဝီသ, ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ် ဝီသ, လောဘ ဒိဋ္ဌ မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ထိနမိဒ္ဓကြဉ်သော စေတသိက်တေစတ္တာလီသ, ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခု၌လောဘ, ဒေါသမူဒွေး၌ ဒေါသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်၊ ဤတရားများသည် ဂန္ထ ဝိပ္ပယုတ္တတရားများ ဖြစ်ကြသည်။

တရားကိုယ်တို့၏ သမ္မယုတ်–ဝိပ္ပယုတ်သဘော ဂန္ထ တရားကိုယ်သုံးပါးသည် လောဘမူစိတ်ရှစ်ပါး, ဒေါသမူဒွေးတို့၌ ယထာရဟ ယှဉ်နိုင်ကြ၏၊ ဒိဋ္ဌဂတသမ္မယုတ်စိတ်လေးခု၌လောဘ, ဒိဋ္ဌ–ဟု ဆိုအပ်သော ဂန္ထ တရားကိုယ်နှစ်ပါး ပါရှိ၏၊ ယှဉ်၏၊ ထိုနှစ်ပါးတို့တွင် လောဘမှာ ဒိဋ္ဌဟူသော ယှဉ်ဖက်ဂန္ထ တရားကိုယ်တစ်ပါး ရှိ၏၊ ဒိဋ္ဌမှာလည်း လောဘ–ဟု ဆိုအပ်သော ဂန္ထ တရားကိုယ်တစ်ပါး ရှိ၏၊ ထိုသို့ အပြန်အလှန် ယှဉ်ဖက်ဂန္ထ တရားကိုယ် တစ်ပါးစီ အသီးအသီး ရှိကြသောကြောင့် ထိုဒိဋ္ဌဂတ သမ္မယုတ်လေးခု၌ရှိသော လောဘနှင့်ဒိဋ္ဌတို့သည် ဂန္ထ သမ္မယုတ္တ–မည်ကြသည်။

ဒိဋ္ဌဂတဝိပ္ပယုတ်လေးခု၌ လောဘ–ဟု ဆိုအပ်သော ဂန္ထ တရားကိုယ်တစ်ပါး, ဒေါသမူဒွေး၌လည်း ဒေါသ–ဟု ဆိုအပ်သော ဂန္ထ တရားကိုယ် တစ်ပါးစီမျှသာ

ဂန္ထနိယ [ဂန္ထေ ဟိ ဂန္ထိ တဗ္ဗာတိ–ဂန္ထ နိယာ။] ဂန္ထ တရားတို့က ဖွဲ့အပ်(အာရုံပြုအပ်)သော တရားတို့သည် "ဂန္ထ နိယ"မည်၏။ ၄။

[ဂန္ထိ ယတေ–ဂန္ထ နံ၊ ဂန္ထ နေ နိယုတ္တာ–ဂန္ထ နိယာ၊ ဂန္ထ နံ အရဟန္တိ တိဝါ–ဂန္ထ နိယာ။ ထုံးဖွဲ့ခြင်းနှင့်ယှဉ်သော တရားတို့သည် "ဂန္ထ နိယ"မည်၏၊ တစ်နည်း= ထုံးဖွဲ့ခြင်းငှာ ထိုက်သောတရားတို့သည် "ဂန္ထ နိယ"မည်၏။ ဋီ။]

http://www.dhammadownload.com

အသီးအသီး ပါရှိ၏၊ သို့ဖြစ်၍ ထိုဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခုဌ်လောဘ, ဒေါသမူ ဒွေးဌ်ဒေါသတို့သည် အခြားယှဉ်ဖက် ဂန္ဆ တရားကိုယ် မရှိရကား ဂန္ဆ ဝိပ္ပယုတ္တ ဖြစ်ကြ ရသည်။

ထို့ကြောင့် ထိုဒိဋ္ဌိဂတဝိပ္ပယုတ်လေးခုဌ်လောဘ, ဒေါသမူဒွေးဌ်ဒေါသတို့ကို ဂန္ဆ သမ္မယုတ်ဌ်ကြဉ်၍ ဂန္ဆ ဝိပ္ပယုတ်ဌ် ထည့်ကောက်သည်။

စေတသိက်ပဉ္စဝီသ ဒိဋ္ဌိဂတဝိပ္ပယုတ်ဌ် လောဘကိုကြဉ်သော်လည်း အရေအတွက်မလျော့၊ ဒိဋ္ဌိဂတသမ္မယုတ်စိတ်လေးခုဌ်လောဘ ကျန်နေသေးသည်၊ ဒေါသမူဒွေးဌ်ဒေါသကို ကြဉ်လိုက်က အခြားဒေါသ မရှိတော့ သည့်အတွက် စေတသိက်အရေအတွက် လျော့သွားသည်၊ ဝိစိကိစ္ဆာကိုမူ ကား လောဘမူ ဒေါသမူတို့ဌ် မယှဉ်နိုင်သောကြောင့် လုံးဝကြဉ်ဖယ်ထားရသည်၊ ထို့ကြောင့် "လောဘမူစိတ်ရှစ်ခု ။ပ။ ဝိစိကိစ္ဆာကြဉ်သောစေတသိက် ၂၅-ခုတို့သည် ဂန္ဆ သမ္မ ယုတ္တမည်သောတရားများ ဖြစ်ကြသည်" ဟု ဆိုခဲ့ရပေသည်။

စေတသိက်တေစတ္တာလီသ မောဟမူဒွေး, ကုသိုလ်စိတ်ဧကဝီသ, ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ်ဝီသတို့ဌ် အကုသလရာသိ, အညသမာန်းရာသိ, သောဘနရာသိစေတသိက်တို့ ယထာရဟ ပါဝင်ကြသည်၊ လောဘမူစိတ် မပါ၍ ထိုလောဘမူစိတ်ဌ်သာယှဉ်သော လောဘ ဒိဋ္ဌ မာနတို့ကို ကြဉ်ရသည်၊ ထို့ပြင် ဒေါသမူဒွေးလည်း မပါသောကြောင့် ထိုဒေါသမူဒွေးဌ်သာ ယှဉ်သော ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ကို ကြဉ်ရပြန်သည်၊ ထို့ပြင် လောဘမူ ဒေါသမူ နှစ်ပါးတို့ဌ်သာ ယှဉ်သော ထိနမိဒ္ဓကိုလည်း ကြဉ်ရပြန်သည်၊ ထို့ကြောင့် "လောဘ ဒိဋ္ဌ မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ထိနမိဒ္ဓကြဉ်သော စေတသိက်တေစတ္တာလီသ" ဟု ဆိုခဲ့ရပေသည်။

၆-ဩဃဂေါ္ဌက

စတ္တာရော ဩဃာ ကာမောဃော ဘဝေါဃော ဒိဋ္ဌောဃော အဝိဇ္ဇောဃော၊ လောဘ, ဒိဋ္ဌ, မောဟ-ဟု ဆိုအပ်သော ဩဃတရားကိုယ်သုံးပါးသည် "ဩဃ" မည်၏၊ အာသဝတရားကိုယ်များနှင့် မထူး၊ ထို့ကြောင့် အာသဝဂေါ္ဌက အတိုင်းပင် ဟောပါ။

ဩဃ [ဩဟန္တီ ဩသီဒါပေန္တီ တိ-ဩဃာ။] မိမိဖြစ်ရာ သတ္တဝါကို ဝဋ်သုံးပါး၌ နှစ်မြှုပ်ညှဉ်းဆဲတတ်သော တရားတို့သည် "ဩဃ"မည်၏။

ဩဃနီယ ဩယေဟိ အတိက္ကမိတမ္ဘာ-ဩဃနီယာ၊ ဩဃလေးပါးတို့က အာရုံ ပြုသောအားဖြင့် ကျော်လွန်အပ်သော (ဩဃတရားတို့၏ အာရုံဖြစ်သော) တရားတို့သည် "ဩဃနီယ"မည်ကြ၏။

http://www.dhammadownload.com

၇-ယောဂကေါ့ဆက

စတ္တာရော ယောဂါ ကာမယောဂေါ ဘဝယောဂေါ ဒိဋ္ဌိယောဂေါ အဝိဇ္ဇာယောဂေါ၊ လောဘ ဒိဋ္ဌိ မောဟ-ဟု ဆိုအပ်သော တရားကိုယ် သုံးပါးသည် "ယောဂ"မည်၏။

၈-နိဝရဏကေါ့ဆက

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ဂဟိတ			
			ခ	အ	ဓ	သ
နိဝရဏ	နိဝရဏာ ဓမ္မာ	တရားကိုယ်-၈	၁	၁	၁	၂
	နောနိဝရဏာ ဓမ္မာ	စိတ်-၈၉၊ စေ-၄၄၊ ရုပ်၊ နိ	၅	၁၂	၁၈	၃
နိဝရဏိယ	နိဝရဏိယာ ဓမ္မာ	ကိ-၈၁၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၂
	အနိဝရဏိယာ ဓမ္မာ	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
နိဝရဏသမ္ပယုတ္တ	နိဝရဏသမ္ပယုတ္တာ ဓမ္မာ	အကု-၁၂၊ စေ-၂၇	၄	၂	၂	၂
	နိဝရဏဝိပ္ပယုတ္တာ ဓမ္မာ	ကု-ဝိ-ကြိ၊ စေ-၃၈၊ ရုပ်၊ နိ	၅	၁၂	၁၈	၃
နိဝရဏနိဝရဏိယ	နိဝရဏာ-နိဝရဏိယာစ	တရားကိုယ်-၈	၁	၁	၁	၂
	နိဝရဏိယာ-နောစနိဝရဏာ	ကိ-၈၁၊ စေ-၄၄၊ ရုပ်	၅	၁၂	၁၈	၁
	ဒုက်မုတ်	အနိဝရဏိယာ-အရ				
နိဝရဏနိဝရဏသမ္ပယုတ္တ	နိဝရဏာ-နိဝရဏသမ္ပယုတ္တာစ	တရားကိုယ်-၈	၁	၁	၁	၂
	နိဝရဏသမ္ပ-နောစနိဝရဏာ	အကု-၁၂၊ စေ-၁၉	၄	၂	၂	၁
	ဒုက်မုတ်	နိဝရဏဝိပ္ပယုတ္တာ-အရ				
နိဝရဏနိဝရဏိယ	နိဝရဏဝိပ္ပယုတ္တာခေါပန ဓမ္မာ နိဝရဏိယာပိ	ကိကု-ဝိ-ကြိ၊ စေ-၃၈၊ ရုပ်	၅	၁၂	၁၈	၁
	.... အနိဝရဏိယာပိ	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
	ဒုက်မုတ်	နိဝရဏသမ္ပယုတ္တာ-အရ				

[အနုက်ပေး အထူးမရှိ၊ သိသာထင်ရှားပြီ။]

ယောဂ [ဝဋ္ဋသို့ ယောဇေန္တိ-ယောဂါ။] သတ္တဝါများကို ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ပေးတတ်သောတရားများသည် "ယောဂ"မည်၏။

http://www.dhammadownload.com

နိဝရဏဂေါစ္ဆက-မိဿကဒုက်များ

မှတ်ချက်	ပ-ဒုက		ဒု-ဒုက		တ-ဒုက		တရားကိုယ်အရကောက်
	နိဝရဏမဟို	မဟာနိဝရဏ-	နိဝရဏိသဟ-	အနိဝရဏိသဟ-	နိဝရဏသဟ-	နိဝရဏဝိပ္ပယုတ်-	
ပါ	*		x				တရားကိုယ်-၈
		x	*				ကီ-၈၁၊ စေ-၄၄၊ ရုပ်
။	*				x		တရားကိုယ်-၈
		x			*		အကု-၁၂၊ စေ-၁၉
။			x			*	ကီကု-ဝိ-ကြို၊ စေ-၃၈၊ ရုပ်
				x		*	လောကုတ်-၈၊ စေ-၃၆၊ နိ
အတိရေက		*	x				ကီ-၈၁၊ စေ-၄၄၊ ရုပ်
		*		x			လောကုတ်-၈၊ စေ-၃၆၊ နိ
။		*			x		အကု-၁၂၊ စေ-၁၉
		*				x	ကု-ဝိ-ကြို၊ စေ-၃၈၊ ရုပ်၊ နိ
။			*		x		အကု-၁၂၊ စေ-၂၇
			*			x	ကီကု-ဝိ-ကြို၊ စေ-၃၈၊ ရုပ်
။	x		*				တရားကိုယ်-၈
		x	*				ကီ-၈၁၊ စေ-၄၄၊ ရုပ်
။	x				*		တရားကိုယ်-၈
		x			*		အကု-၁၂၊ စေ-၁၉

ယောဂနိယာ [ယောဂေဟိ အတိက္ကမိတဗ္ဗာ-ယောဂနိယာ။] ယောဂတရားတို့က အာရုံပြုသောအားဖြင့် ကျော်လွန်အပ်သော တရားများသည် "ယောဂနိယ"မည်၏။

နိဝရဏ [စိတ္တံ နိဝရန္တိ ပရိယောနန္ဒန္တီတိ-နိဝရဏာ။] ကုသိုလ်တရားများ မယှဉ်နိုင်မကပ်နိုင် မဖြစ်နိုင်အောင် စိတ်ကို ကာကွယ်မြေးယှက် ဖုံးကာထားတတ်သော တရားများသည် "နိဝရဏ"မည်၏။

နိဝရဏိယ [နိဝရဏာနံ ဟိတာ-နိဝရဏိယာ။] နိဝရဏတို့၏အစီးအပွား နိဝရဏတို့၏အာရုံဖြစ်သော တရားများသည် "နိဝရဏိယ"မည်၏။

http://www.dhammadownload.com

သရုပ်ခွဲ

ဆနိဝရဏာ ကာမစ္ဆန္ဒနိဝရဏ် ဗျာပါဒနိဝရဏ် ထိနမိဒ္ဓနိဝရဏ် ဥဒ္ဓစ္စကုက္ကုစ္စ နိဝရဏ် ဝိစိကိစ္ဆာနိဝရဏ် အဝိဇ္ဇာနိဝရဏ်။ [အဋ္ဌကထာကဏ္ဍပါဠိတော်။]

(၁) တရားကိုယ်အားဖြင့် လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ–ဟု ဆိုအပ်သော ၈–ပါး‌တို့တည်း။

(၂) နိဝရဏသမ္မယုတ္တတရား‌များကား အကုသိုလ်စိတ်ဒွါဒသ, စေတသိက်သတ္တဝီသတို့တည်း။ [တရားကိုယ်ထဲ၌ သဗ္ဗာကုသလသာမာရဏာဖြစ်သော ဥဒ္ဓစ္စနှင့် မောဟတို့ ပါရှိသည်၊ ထို‌ကြောင့် ယှဉ်ဖက်မရှိသော နိဝရဏတရားကိုယ်–ဟူ၍ မရှိ၊ နိဝရဏမှန်က နိဝရဏသမ္မယုတ္တ ဖြစ်တော့သည်သာ။]

(၃) နိဝရဏဝိပ္ပယုတ္တတရား‌များကား ကုသိုလ်စိတ်ဧကဝီသ, ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတ္တိံသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တို့တည်း။

၉–ပရာမာသဂေါစ္ဆက

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ဂဟိတ			
			ခ	အ	ဓ	သ
ထေရဝါဒ	ပရာမာသာ ဓမ္မာ	ဒိဋ္ဌိတရားကိုယ်–၁	၁	၁	၁	၁
	နောပရာမာသာ ဓမ္မာ	စိတ်–၈၉၊ စေ–၅၁၊ ရုပ်၊ နိ	၅	၁၂	၁၈	၄
ဗာဟိရဝါဒ	ပရာမဋ္ဌာ ဓမ္မာ	ကီ–၈၁၊ စေ–၅၂၊ ရုပ်	၅	၁၂	၁၈	၂
	အပရာမဋ္ဌာ ဓမ္မာ	လောကုတ်–၈၊ စေ–၃၆၊ နိ	၄	၂	၂	၂
ဓမ္မသင်္ဂဏိဝါဒ	ပရာမာသသမ္မယုတ္တာ ဓမ္မာ	ဒိသမ်–၄၊ စေ–၂၀	၄	၂	၂	၂
	ပရာမာသဝိပ္ပယုတ္တာ ဓမ္မာ	ဒိဝိပ်–၄၊ ဒေါမောကုဝိကြို၊ စေ–၅၁၊ ရုပ် နိ	၅	၁၂	၁၈	၄
	ဒုက်မုတ်	ဒိဋ္ဌိ				
ဝိဘဇ္ဇဝါဒ	ပရာမာသာစေဝ ဓမ္မာ ပရာမဋ္ဌာစ	ဒိဋ္ဌိတရားကိုယ်–၁	၁	၁	၁	၁
	ပရာမဋ္ဌာစေဝ ဓမ္မာ နောစ ပရာမဋ္ဌာ	ကီ–၈၁၊ စေ–၅၁၊ ရုပ်	၅	၁၂	၁၈	၂
	ဒုက်မုတ်	အပရာမဋ္ဌာ–အရ				
ဝိဘဇ္ဇဝါဒ–သီဟဠဝါဒ	ပရာမာသဝိပ္ပယုတ္တာ ခေါပန ဓမ္မာ ပရာမဋ္ဌာပိ	ဒိဝိပ်–၄၊ ဒေါဒွေး၊ မောဒွေး၊ ကီကု–ဝိ–ကြို၊ စေ–၅၁၊ ရုပ်	၅	၁၂	၁၈	၂
	ပရာမာသဝိပ္ပ–အပရာမဋ္ဌာပိ	လောကုတ်–၈၊ စေ–၃၆၊ နိ	၄	၂	၂	၂
	ဒုက်မုတ်	ဒိသမ်–၄[မာန,ဒေါသ,ကုသာ,မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်] စေ–၂၁				

http://www.dhammadownload.com

ပရာမာသာ–ပရာမာသမည်ကုန်သော၊ ဝါ–မှားသောအားဖြင့် သုံးသပ်တတ်ကုန်သော။

ပရာမဋ္ဌာ–ပရာမာသ၏အာရုံဖြစ်ကုန်သော၊ ဝါ–မှားသောအားဖြင့် သုံးသပ်တတ်ကုန်သော တရားတို့သည် မှားသောအားဖြင့် သုံးသပ်အပ်ကုန်သော။

အပရာမဋ္ဌာ–ပရာမာသ၏အာရုံမဟုတ်ကုန်သော၊ ဝါ–မှားသောအားဖြင့် သုံးသပ်တတ်ကုန်သော တရားတို့သည် မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော။

[ကြွင်းသော ဒုက်ပုဒ်တို့၏ အနက်ကိုလည်း ဆိုခဲ့ပြီးသည်ကို နည်းမှီ၍ ပေးပါလေ၊ သိလွယ်ပါပြီ။]

ပရာမာသဂေါစ္ဆက–မိဿကဒုက်များ

မှတ်ချက်	ပ–ဒုက		ဒု–ဒုက		တ–ဒုက		တရားကိုယ်အရကောက်
	ဒိဋ္ဌိ ထားသည်ဝဲ	ဒိဋ္ဌိ ကြားသည်ဝဲ	ဒိဋ္ဌိ သိသည်ဝဲ	ဒိဋ္ဌိ သိသည်အား	ဒိဋ္ဌိ ကိုထားသည်ဝဲ	ဒိဋ္ဌိ ကိုတွေးသည်ဝဲ	
ပါ	*		x				တရားကိုယ်–၁
		x	*				ကြီ–၈၁၊ စေ–၅၁၊ ရုပ်
″			x			*	ဒိဝိပ်–၄၊ဒေါ၊ မော၊ကိကု–ဝိ–ကြို၊စေ–၅၁၊ရုပ်
				x		*	လောကုတ်–၈၊ စေ–၃၆၊ နိ
အတိရေက		*	x				ကြီ–၈၁၊ စေ–၅၁၊ ရုပ်
		*		x			လောကုတ်–၈၊ စေ–၃၆၊ နိ
″		*			x		ဒိသမ်–၄၊ ဒိကြဉ်စေ–၂၀
		*				x	ဒိဝိပ်–၄၊ဒေါ၊ မော၊ကု–ဝိ–ကြို၊စေ–၅၁၊ရုပ်၊နိ
″			*		x		ဒိသမ်–၄၊ ဒိကြဉ်စေ–၂၀
			*			x	ဒိဝိပ်–၄၊ဒေါ၊ မော၊ကိကု–ဝိ–ကြို၊စေ–၅၁၊ရုပ်
″	x		*				တရားကိုယ်–၁
		x	*				ကြီ–၈၁၊ စေ–၅၁၊ ရုပ်–

ပရာမာသ ပရ+အာမာသ–ဟု ပုဒ်ခွဲ။ [အာမသန္တီတိ–အာမာသာ၊ ပရတော အာမာသာ–ပရာမာသာ။] အနိစ္စ–စသော အမှန်သဘောမှတပါး နိစ္စ–စသော သဘောအားဖြင့် ပြောင်းပြန်ဖြစ်ကုန်လျက် မှားသောအားဖြင့် သုံးသပ်တတ်သော တရားတို့သည် “ပရာမာသ”မည်၏။

http://www.dhammadownload.com

သရုပ်ခွဲ

ကတမေ ပရာမာသာ၊ ဒိဋ္ဌိပရာမာသော။ [နိက္ခေပကဏ္ဍပါဠိတော်။]

(၁) တရားကိုယ်လည်း ဒိဋ္ဌိပင် ဖြစ်သည်။

(၂) ဒိဋ္ဌိဂတသမ္မယုတ်စိတ်လေးခု, ဒိဋ္ဌိ မာန ဒေါသ ကြသာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဝိသ၊ ဤတရားတို့သည် ပရာမာသသမ္မယုတ် တရားများ ဖြစ်ကြသည်။

ဒိဋ္ဌိကို အခြားယှဉ်ဖက်ပရာမာသ မရှိသောကြောင့် ကြဉ်ရသည်၊ ထိုဒိဋ္ဌိသည် အာသဝ-စသည်တို့ကဲ့သို့ တရားကိုယ်မများ၊ အချင်းခပ်သိမ်း တစ်ပါးတည်းသာ ဖြစ်၏၊ ထို့ကြောင့် ပရာမာသသမ္မယုတ်, ပရာမာသဝိပ္ပယုတ် နှစ်ပါးလုံးပင် မဆိုသင့်ရကား ပရာမာသသမ္မယုတ်ဒုက်၏ ဒုက်မုတ်မျှသာ ဖြစ်ရလေတော့သည်။

ပရာမာသော နု ဝတ္တဗ္ဗော ပရာမာသသမ္မယုတ္တောတိပိ ပရာမာသဝိပ္ပယုတ္တောတိပိ။ [အဋ္ဌကထာကဏ္ဍပါဠိတော်။]

မာန-စသည်တို့ကို ၄င်းတို့၏ ယှဉ်ရာစိတ်များ မပါရှိသောကြောင့် ကြဉ်ရသည်။

(၃) ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု, ဒေါသမူဒွေး, မောဟမူဒွေး, ကုသိုလ်စိတ်၈ကဝိသ, ဝိပါက်စိတ်ဆတ္တိ်သ, ကြိယာစိတ်ဝိသ, ဒိဋ္ဌိကြဉ်သောစေတသိက်၈ကပညာသ၊ ဤတရားတို့သည် ပရာမာသဝိပ္ပယုတ္တတရားများ ဖြစ်ကြသည်။ [ဒိဋ္ဌိကို ၄င်း၏ ယှဉ်ရာ ဒိဋ္ဌိဂတသမ္မယုတ်စိတ် မပါသောကြောင့် ကြဉ်ရသည်။]

ရှေ့ရှေ့ဂေါစ္ဆကများ၌ကဲ့သို့ ပရာမာသပရာမာသသမ္မယုတ္တဒုက်ကို အဘယ့်ကြောင့် မဟောပါသနည်း ?။

ပရာမာသသမ္မယုတ္တာစေဝ ဓမ္မာ နောစ ပရာမာသာ-ဟူသော ဒုတိယပုဒ်၏ အရကား ရှိသင့်ပါ၏၊ ပရာမာသာစေဝ ဓမ္မာ ပရာမာသသမ္မယုတ္တာစ-ဟူသော ပထမပုဒ်၏အရကား ပရာမာသတရားကိုယ်တစ်ပါးတည်းသာဖြစ်၍ အခြားယှဉ်ဖက် ပရာမာသမရှိသောကြောင့် မရှိနိုင်တော့ချေ၊ သို့ဖြစ်၍ တစ်ပုဒ်တည်းဖြင့် ဒုက်မဖြစ်သင့်ရကား ပရာမာသပရာမာသသမ္မယုတ္တဒုက်ကို ဟောတော်မမူတော့ချေ။

ပရာမဋ္ဌ ပရ+အာမဋ္ဌ-ဟု ပုဒ်ခွဲထားပါ၊ [အာမသီယန္တေ တိ-အာမဋ္ဌာ၊ ပရတော အာမဋ္ဌာ-ပရာမဋ္ဌာ။] အာရုံပြုခြင်းနှင့်စပ်သဖြင့် ပရာမာသတို့က အမှန်မှတစ်ပါး အမှားအားဖြင့် သုံးသပ်အပ်သော တရားတို့သည် "ပရာမဋ္ဌ"မည်၏။

http://www.dhammadownload.com

၁၀-မဟန္တရဒုက်

အချိုးဆောင်။ ။ရမ်-စိ-စေ-သမ္မနှင့်, သံသဋ္ဌ-သမုဋ္ဌာ၊
သဟဘူ-နုပရိ, ရောလေဘိစဉ်သင့်သာ။
သံသဋ္ဌ-သမုဋ္ဌာ, ဘူ-နုပါထည့်ပေး၊
အဏ္ဏတ်ငယ် ဥပါနှင့်, ပါဒိန္နာ ဒုက် မဟတ်ဝယ်
ဟောမှတ်ဆယ့်လေး။

တစ်နည်း။ ။ရမ်-စိ-စေ-သမ်နှစ်ခု, သဒွေးပြုနယှဉ်ကာ, ဟောလိုက်ကြပါ၊
နာ-ဘု-တိ စဉ်အလာ, အဏ္ဏ-ပါဒိန္နော၊
စုဒ္ဒသ ဒုက်မဟာငယ်, တွေးဆကာ ဉာဏ်ရောနှင့်ဟော။(ရွှေး)

[သာရမဏဒုက်, စိတ္တဒုက်, စေတသိကဒုက်, စိတ္တသမ္မယုတ္တဒုက်, စိတ္တသံသဋ္ဌဒုက်, စိတ္တသမုဋ္ဌာနဒုက်, စိတ္တသဟဘုဒုက်, စိတ္တာနုပရိဝတ္တိဒုက်, စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်, စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်, စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်, အဏ္ဏတ္တိကဒုက်, ဥပါဒါနဒုက်, ဥပါဒိန္နဒုက်-အားဖြင့် တစ်ဆယ့်လေးပါး အပြားရှိ၏။]

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ဂဟိတ			
			ခ	အ	ဓ	သ
သာရမဏ	သာရမဏာ ဓမ္မာ	စိတ်-၈၉၊ စေ-၅၂	၄	၂	၈	၃
	အနာရမဏာ ဓမ္မာ	ရုပ်၊ နိဗ္ဗာန်	၁	၁၁	၁၁	၂
စိတ္တ	စိတ္တာ ဓမ္မာ	စိတ်-၈၉	၁	၁	၇	၁
	နော စိတ္တာ ဓမ္မာ	စေတသိက်-၅၂၊ ရုပ်၊ နိဗ္ဗာန်	၄	၁၁	၁၁	၄
စေတသိက	စေတသိကာ ဓမ္မာ	စေတသိက်-၅၂	၃	၁	၁	၃
	အစေတသိကာ ဓမ္မာ	စိတ်-၈၉၊ ရုပ်၊ နိဗ္ဗာန်	၂	၁၂	၁၈	၂
စိတ္တသမ္မယုတ္တ	စိတ္တသမ္မယုတ္တာ ဓမ္မာ	စေတသိက်-၅၂	၃	၁	၁	၃
	စိတ္တဝိပ္ပယုတ္တာ ဓမ္မာ	ရုပ်၊ နိဗ္ဗာန်	၁	၁၁	၁၁	၂
	ဒုက်မုတ်	စိတ်-၈၉				
စိတ္တသံသဋ္ဌ	စိတ္တသံသဋ္ဌာ ဓမ္မာ	စေတသိက်-၅၂	၃	၁	၁	၃
	နော စိတ္တသံသဋ္ဌာ ဓမ္မာ	ရုပ်၊ နိဗ္ဗာန်	၁	၁၁	၁၁	၂
	ဒုက်မုတ်	စိတ်-၈၉				

http://www.dhammadownload.com

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ဂဟိတ			
			ခ	အ	ဓ	သ
နာနာသံသီလဝိပတ္တိ	စိတ္တသမုဋ္ဌာနာ ဓမ္မာ	စေတသိက်–၅၂၊ စိတ္တဇရုပ်–၁၇	၄	၆	၆	၃
	နောစိတ္တသမုဋ္ဌာနာ ဓမ္မာ	စိတ်–၈၉၊ တိဇရုပ်၊ နိ	၂	၁၂	၁၈	၂
ဒိဋ္ဌိဝိပတ္တိ	စိတ္တသဟဘုနော ဓမ္မာ	စေတသိက်–၅၂၊ ဝိညတ်–၂	၄	၁	၁	၃
	နောစိတ္တသဟဘုနော ဓမ္မာ	စိတ်–၈၉၊ ရုပ်–၂၆၊ နိ	၂	၁၂	၁၈	၂
အာစာရဝိပတ္တိ	စိတ္တာနုပရိဝတ္တိနော ဓမ္မာ	စေတသိက်–၅၂၊ ဝိညတ်–၂	၄	၁	၁	၃
	နောစိတ္တာနုပရိဝတ္တိနော ဓမ္မာ	စိတ်–၈၉၊ ရုပ်–၂၆၊ နိ	၂	၁၂	၁၈	၂
အာဇီဝဝိပတ္တိ	စိတ္တသံသဋ္ဌသမုဋ္ဌာနာ–	စေတသိက်–၅၂	၃	၁	၁	၃
	နောစိတ္တသံသဋ္ဌသမုဋ္ဌာနာ–	စိတ်၊ ရုပ်၊ နိ	၂	၁၂	၁၈	၂
ဥတုသံသဋ္ဌဝိပတ္တိ	စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော–	စေတသိက်–၅၂	၃	၁	၁	၃
	နောစိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော–	စိတ်၊ ရုပ်၊ နိ	၃	၁၂	၁၈	၂
ဥတုသံသဋ္ဌဝိပတ္တိ	စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော–	စေတသိက်–၅၂	၃	၁	၁	၃
	နောစိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော–	စိတ်၊ ရုပ်၊ နိ	၂	၁၂	၁၈	၂
ပဋိသန္ဓိ	အဇ္ဈတ္တိကာ ဓမ္မာ	စိတ်–၈၉၊ ပသာဒရုပ်–၅	၂	၆	၁၂	၁
	ဗာဟိယာ ဓမ္မာ	စေတသိက်–၅၂၊ ရုပ်–၂၃၊ နိ	၄	၆	၆	၄
ဥပါဒါ	ဥပါဒါ ဓမ္မာ	ဥပါဒါရုပ်–၂၄	၁	၁၀	၁၀	၁
	နောဥပါဒါ ဓမ္မာ	စိတ်၊ စေတသိက်၊ မဟာဘူတ်–၄၊ နိ	၅	၃	၉	၄
ဥပါဒိန္နာ	ဥပါဒိန္နာ ဓမ္မာ	ကိဝိ–၃၂၊ စေ–၃၅၊ ကမ္မဇ–၂၀	၅	၁၁	၁၇	၁
	အနုပါဒိန္နာ ဓမ္မာ	အကု၊ ကု၊ ကြိ၊ ဖိုလ်၊ တိဇရုပ်၊ နိ	၅	၇	၈	၄

သာရမဏာ–အာရုံပြုခြင်းရှိကုန်သော။ အနာရမဏာ–အာရုံပြုခြင်းမရှိကုန်သော။

သာရမဏာ [သဟ အာရမဏေန ယေ ဝတ္တန္တီတိ–သာရမဏာ။] အာရုံမရှိလျှင် မဖြစ်နိုင်ခြင်းကြောင့် အာရုံနှင့်တကွ ဖြစ်ကြရသောတရားတို့သည် "သာရမဏ" မည်၏၊ အာရုံပြုတတ်သော အာရမဏိကတရားများသည် သာရမဏမည်၏–ဟု ဆိုလိုသည်။

အနာရမဏာ [နတ္ထိ အာရမဏံ ဧတေသန္တိ–အနာရမဏာ။] အာရုံမရှိ အာရုံမပြုတတ်သော တရားများသည် "အနာရမဏ" မည်၏။

http://www.dhammadownload.com

စိတ္တာ–စိတ်မည်ကုန်သော။ နောစိတ္တာ–စိတ်မမည်ကုန်သော။ စိတ္တသံသဋ္ဌာ–စိတ်နှင့်နှီးနှောကုန်သော။ နောစိတ္တသံသဋ္ဌာ–စိတ်နှင့်မနှီးနှောကုန်သော။ စိတ္တသမုဋ္ဌာနာ–စိတ်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ဝါ–စိတ်ကြောင့် ဖြစ်ကုန်သော။ စိတ္တသဟဘုနော–စိတ်နှင့်တကွဖြစ်ကုန်သော။ နောစိတ္တသဟဘုနော–စိတ်နှင့်တကွ

စိတ္တာ [အာရမဏံ စိန္တေ တီတိ–စိတ္တံ။] အာရုံကိုသိတတ်(အာရုံတစ်ခုခုကို ရအောင်ယူတတ်)သော တရားသည် "စိတ်"မည်၏၊ တစ်နည်း= စိတ္တသဒ္ဒါသည် ဝိစိတ္တနှင့်အနက်တူသော အနိပ္ပန္နပါဠိပဒိကပုဒ်တည်း၊ ဆန်းကြယ်သော အနက်သဘောကြောင့် "စိတ်"မည်၏–ဟု ဆိုလိုသည်။

စေတသိကာ [စေတသိ နိယုတ္တာ–စေတသိကာ။] စိတ်နှင့်ယှဉ်သောတရားသည် "စေတသိက"မည်၏၊ [စေတသာ သံသဋ္ဌာ–စေတသိကာ။] စိတ်နှင့်နှီးနှောသော တရားသည် "စေတသိက"မည်၏။ ဋီ။

စိတ္တသံသဋ္ဌာ [စိတ္တေန သံသဋ္ဌာ–စိတ္တသံသဋ္ဌာ။] ဤသဘောကား–ဖဿ, ဤသဘောကား–ဝေဒနာ, ဤသဘောကား–စိတ်ဟု သဘောအထူးကို ခွဲခြား၍ မရနိုင်လောက်အောင် စိတ်နှင့်ရောနှောကြ (တပေါင်းတည်းဖြစ်သွားကြ)သော တရားများသည် "စိတ္တသံသဋ္ဌ"မည်၏။

စိတ္တဇရုပ်တို့သည် စိတ်နှင့်အတူတကွ ဖြစ်ကြစေကာမူ စိတ်နှင့်ခွဲခြား၍ မရနိုင်လောက်အောင် ရောနှောကြသည် မဟုတ်ချေ၊ မိမိဆိုင်ရာ သဘောအားဖြင့် ကွဲပြားခြားနားကြသည်သာ၊ ထို့ကြောင့် စိတ္တဇရုပ်များကို "စိတ္တသံသဋ္ဌ"ဟု မခေါ်ဆိုရပေ။

စိတ္တသမုဋ္ဌာန [သမုဋ္ဌဟန္တိ ဧတေနာတိ–သမုဋ္ဌာနံ၊ စိတ္တံ သမုဋ္ဌာနံ ဧတေသန္တိ–စိတ္တသမုဋ္ဌာနာ။] စိတ်–ဟု ဆိုအပ်သော ဖြစ်ကြောင်းရှိသော (စိတ်ကြောင့်ဖြစ်သော) တရားများသည် "စိတ္တသမုဋ္ဌာန"မည်၏။

စိတ္တသဟဘု [သဟ ဘဝန္တီတိ–သဟဘုနော၊ စိတ္တေန သဟဘုနော–စိတ္တသဟဘုနော။] စိတ်နှင့်တကွဖြစ်သော တရားတို့သည် "စိတ္တသဟဘု"မည်၏။

စိတ္တာနုပရိဝတ္တိ [အနုပရိဝတ္တန္တီတိ–အနုပရိဝတ္တိနော၊ စိတ္တဿ အနုပရိဝတ္တိနော–စိတ္တာနုပရိဝတ္တိနော။] စိတ်သို့အစဉ်လိုက်၍ဖြစ်တတ်သော တရားတို့သည် "စိတ္တာနုပရိဝတ္တိ"မည်၏။

http://www.dhammadownload.com

မဖြစ်ကုန်သော၊ ဝါ-စိတ်နှင့်တကွဖြစ်သည်မဟုတ်ကုန်သော။ စိတ္တာနုပရိဝတ္တိနော-စိတ်သို့အစဉ်လိုက်၍ဖြစ်ကုန်သော။ စိတ္တသံသဋ္ဌသမုဋ္ဌာနာ-စိတ်နှင့်လည်းနှီးနှော စိတ်ကြောင့်လည်း ဖြစ်ကုန်သော။

စိတ္တသံသဋ္ဌသမုဋ္ဌာန [စိတ္တသံသဋ္ဌစ တေ စိတ္တသမုဋ္ဌာနာစာတိ-စိတ္တသံသဋ္ဌသမုဋ္ဌာနာ။] စိတ်နှင့်လည်းနှီးနှော စိတ်ကြောင့်လည်းဖြစ်သောတရားတို့သည် "စိတ္တသံသဋ္ဌသမုဋ္ဌာန"မည်၏။ [နောက်ပုဒ်၌ စိတ္တကိုချေထားသည်၊ ကြွင်းအလားတူ ပုဒ်တို့၌လည်း ဤနည်းအတိုင်းပင် မှတ်ပါ။]

စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘု [စိတ္တသံသဋ္ဌစ တေ စိတ္တသမုဋ္ဌာနာစ စိတ္တသဟဘုနော ဧဝစာတိ-စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော။] စိတ်နှင့်လည်းနှီးနှော, စိတ်ကြောင့်လည်းဖြစ်, စိတ်နှင့်လည်း တကွဖြစ်သော တရားတို့သည် "စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘု"မည်၏။

စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိ [စိတ္တသံသဋ္ဌစ တေ စိတ္တသမုဋ္ဌာနာစ စိတ္တာနုပရိဝတ္တိနော ဧဝစာတိ-စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော။] စိတ်နှင့်လည်းနှီးနှော, စိတ်ကြောင့်လည်းဖြစ်, စိတ်သို့လည်းအစဉ်လိုက်၍ဖြစ်သော တရားတို့သည် "စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိ"မည်၏။

အဏ္ဏတ္တိက [အဏ္ဏတ္တေ ဘဝါ-အဏ္ဏတ္တိကာ။] အဏ္ဏတ္တသန္တာန်၌ဖြစ်သော (အဏ္ဏတ္တသန္တာန်၌ ပါဝင်သော) တရားများသည် "အဏ္ဏတ္တိက"မည်၏။

တိကမာတိကာ ၆၆-၌ ပြဆိုခဲ့သော-

(၁) ဂေါစရဏ္ဏတ္တ၊ (၂) နိယကဏ္ဏတ္တ၊ (၃) အဏ္ဏတ္တဏ္ဏတ္တ၊ (၄) ဝိသယဏ္ဏတ္တ-ဟူသော အဏ္ဏတ္တလေးမျိုးတို့တွင် ဤဒုကမာတိကာ-အရာ၌ အဏ္ဏတ္တဏ္ဏတ္တကို အလိုရှိအပ်၏။

ထို့ကြောင့်-

"ဂေါ-နိ-အဏ္ဏ, ဝိသယ, လေးဝအဏ္ဏတ္တာ၊
ဤတိက်၌ဖြစ်, နိယကဇ်, စိစစ်မှတ်လေပါ၊
အဏ္ဏတ္တဏ္ဏတ္တ, ယူလေရ, ဒုကမာတိကာ"ဟု ဆိုခဲ့ရပေသည်။

နိက္ခေပကဏ္ဍပါဠိတော်၌လည်း "ကတမေ ဓမ္မာ အဏ္ဏတ္တိကာ၊ စက္ခာယတနံ ။ပ။ မနာယတနံ၊ ဣမေ ဓမ္မာ အဏ္ဏတ္တိကာ"ဟု ဟောထားတော်မူပေသည်။

http://www.dhammadownload.com

ဗာဟိယာ–အပသန္တာန်၌ဖြစ်ကုန်သော။ ဥပါဒါ–မှီ၍သာဖြစ်ကုန်သော။ ဥပါဒိန္နာ–အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်ယူအပ်ကုန်သော။

ဗာဟိယာ [ဗဟိ ဘူတာ–ဗာဟိယာ။] အစ္ဆတ္တိကာယတနခြောက်ပါးမှ အပဖြစ်သော တရားတို့သည် "ဗာဟိယာ"မည်၏။

ထို့ကြောင့် နိက္ခေပကဏ္ဍပါဠိတော်၌ "ကတမေ ဓမ္မာ ဗာဟိယာ၊ ရူပါယတနံ ။ပ။ ဓမ္မာယတနံ၊ ဣမေ ဓမ္မာ ဗာဟိယာ"ဟု ဟောတော်မူထားပေသည်။

ဆိုခဲ့ပြီးသော စကားရပ်များကို အထောက်အထားပြု၍ အစ္ဆတ္တာ ဓမ္မာ–ဟူသော တိကပဒ၏အရနှင့် အစ္ဆတ္တိကာ ဓမ္မာ–ဟူသော ဒုကပဒ၏အရတို့ ကွဲပြားခြားနားပုံကို လည်းကောင်း, ဗဟိဒ္ဓါ ဓမ္မာ–ဟူသော တိကပဒ၏အရနှင့် ဗာဟိယာ ဓမ္မာ–ဟူသော ဒုကပဒ၏အရတို့ ကွဲပြားခြားနားပုံကိုလည်းကောင်း နားလည်နိုင်လောက်ပါပြီ။

ဥပါဒါ [ဥပါဒိယန္တီတိ–ဥပါဒါ။] မဟာဘုတ်တို့ကို မှီရုံသာမှီတတ်သော တရားများသည် "ဥပါဒါ"မည်၏။

မဟာဘုတ်တို့လည်း သုံးပါးက တစ်ပါးကို, တစ်ပါးက သုံးပါးကို, နှစ်ပါးက နှစ်ပါးကို မှီကြပါ၏၊ သုံးပါးက မှီတတ်ဖြစ်လျှင် တစ်ပါးက မှီအပ်ဖြစ်သည်၊ တစ်ပါးက မှီတတ်ဖြစ်လျှင် သုံးပါးက မှီအပ်ဖြစ်သည်၊ နှစ်ပါးက မှီတတ်ဖြစ်လျှင် နှစ်ပါးက မှီအပ်ဖြစ်သည်ဟု ဆိုလိုသည်၊ သို့ဖြစ်၍ မဟာဘုတ်တို့သည် မှီရုံသာမှီတတ်သော တရားများမဟုတ်ကြ၊ မှီလည်းမှီတတ်, မှီလည်းမှီအပ်သော တရားများ ဖြစ်ကြသည်၊ ထို့ကြောင့် မဟာဘုတ်တို့ကို "ဥပါဒါ"ဟု မခေါ်ရတော့ပေ။ [ဥပါဒိန္နာ–စသည်တို့၏ အဖွင့်ကို တိကမာတိကာ (၂၄)၌ ဆိုခဲ့ပြီးပါပြီ။]

မဟန္တရဒုက် မဟန္တ +အန္တရ+ဒုက–ဟု ပုဒ်ခွဲ၊ [အန္တရေ ထပိတာ ဒုကာ–အန္တရဒုကာ၊ မဟန္တာစ တေ အန္တရဒုကာစာတိ–မဟန္တရဒုကာ။] တစ်ဒုက်နှင့် တစ်ဒုက်တို့ အနက်သဒ္ဒါအားဖြင့် ဆက်စပ်မှုမရှိဘဲ ဒုကသဘာဝအားဖြင့် တူမျှသောကြောင့် အသီးအခြား ရွေးချယ်ထုတ်နုတ်၍ ဂေါစ္ဆကတို့၏ အကြားဌ၌ ထားအပ်သောကြောင့်လည်းကောင်း, စူဠန္တရဒုက်တို့ထက် ကြီးကုန်(များကုန်)သောကြောင့်လည်းကောင်း "မဟန္တရဒုက်"ဟု ခေါ်ရသည်။

http://www.dhammadownload.com

၁၁-ဥပါဒါနကေါ္ဌက

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ဂီတ			
			ခ	အ	ဓ	သ
ဥပါဒါန်	ဥပါဒါနာ ဓမ္မာ	တရားကိုယ်-၂	၁	၁	၁	၂
	နော ဥပါဒါနာ ဓမ္မာ	စိတ်-၈၉၊ စေ-၅၀၊ ရုပ်၊ နိ	၅	၁၂	၁၈	၃
ဥပါဒါနိယ	ဥပါဒါနိယာ ဓမ္မာ	ကာ-၈၁၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၂
	အနုပါဒါနိယာ ဓမ္မာ	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
ဥပါဒါနသမ္မှ	ဥပါဒါနသမ္မယုတ္တာ ဓမ္မာ	လောဘမူ-၈၊ *စေ-၂၂	၄	၂	၂	၂
	ဥပါဒါနဝိပ္ပယုတ္တာ ဓမ္မာ	ဒေါ,မော,ကု,ဝိ,ကြော် စေ-၄၉၊လော၊ရုပ်၊နိ	၅	၁၂	၁၈	၄
ဥပါဒါနဥပါဒါနိယ	ဥပါဒါနာ-ဥပါဒါနိယာစ	တရားကိုယ်-၂	၁	၁	၁	၂
	ဥပါဒါနိယာ-နောစဥပါဒါနာ	ကာ-၈၁၊ စေ-၅၀၊ ရုပ်	၅	၁၂	၁၈	၁
	ဒုက်မုတ်	အနုပါဒါနိယာ-အရ				
ဥပါဒါနဥပါဒါနသမ္မှ	ဥပါဒါနာ-ဥပါဒါနသမ္မယုတ္တာစ	ဒိသမ်-၄၌ တရားကိုယ်-၂	၁	၁	၁	၂
	ဥပါဒါနသမ္မ-နောစဥပါဒါနာ	လောဘမူ-၈၊ စေ-၂၀	၄	၂	၂	၁
	ဒုက်မုတ်	ဥပါဒါနဝိပ္ပယုတ္တာ-အရ				
ဥပါဒါနဥပါဒါနိယဥပါဒါနသမ္မှ	ဥပါဒါနဝိပ္ပယုတ္တာခေါပန မ္မာ ဥပါဒါနိယာပိ	ဒေါ၊မော၊ကိုကု-ဝိ-ကြော်၊စေ၄၉၊ ဒိဝိပ်-၄၌လောဘ၊ ရုပ်	၅	၁၂	၁၈	၂
	....အနုပါနိယာပိ	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
	ဒုက်မုတ်	ဥပါဒါနသမ္မယုတ္တာ-အရ				

ဥပါဒါနာ-ဥပါဒါန်မည်ကုန်သော၊ ဝါ-ပြင်းစွာစွဲလမ်းတတ်ကုန်သော။

သရုပ်ခွဲ

စတ္တာရိ ဥပါဒါနာနိ ကာမုပါဒါနံ ဒိဋ္ဌုပါဒါနံ သီလဗ္ဗတုပါဒါနံ အတ္တဝါဒုပါဒါနံ။ [ပါ-နိ။]

(၁) တရားကိုယ်အားဖြင့် လောဘ, ဒိဋ္ဌိ-နှစ်ပါးသာတည်း။

(၂) လောဘမူစိတ်ရှစ်ခု၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌လောဘ, ဒေါသ, ကြွသာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဟာဝိသ၊ ဤတရားတို့သည် ဥပါဒါနသမ္မယုတ္တတရားများ ဖြစ်ကြသည်။

(၃) ဒေါသမူဒွေး, မောဟမူဒွေး, ကုသိုလ်စိတ်၈ကဝိသ, ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝိသ၊ လောဘ, ဒိဋ္ဌိ, မာနကြဉ်သော စေတသိက်၈ကူနပညာသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု၌ရှိသောလောဘ၊ရုပ်အဋ္ဌဝိသ၊ နိဗ္ဗာန်တို့သည် ဥပါဒါနဝိပ္ပယုတ္တတရားများ ဖြစ်ကြသည်။

ဥပါဒါန [ဥပါဒိယန္တီ တိ-ဥပါဒါနာ။] ပြင်းစွာ(မလွှတ်နိုင်ဘဲ စွဲမြဲစွာ) အာရုံကို ယူတတ်သော တရားတို့သည် "ဥပါဒါန"မည်၏။

http://www.dhammadownload.com

မှတ်ချက်	ပ-ဒုက		ဒု-ဒုက		တ-ဒုက		တရားကိုယ်အရကောက်
	ဥပါဒါနက္ခန္ဓာ မဟုတ်	ဥပါဒါနက္ခန္ဓာ	ဥပါဒါယ-	အဆဉ်ဒါနိယာ-	ဥပါဒါနသမ္ပယုတ်	ဥပါဒါနဝိပ္ပယုတ်	
ပါ	*		x				တရားကိုယ်-၂
		x	*				ကိ-၈၁၊ စေ-၅၀၊ ရုပ်
။	*				x		ဒိသမ်၌တရားကိုယ်-၂
		x			*		လောဘမူ-၈၊ စေ-၂၀
။			x			*	ဒေါ၊မောဟကိကု၊ဝိ၊ကြောက်စေ-၄၉၊လော၊ရုပ်
				x		*	လောကုတ်-၈၊ စေ-၃၆၊ နိ
သမ္ဘဝ	*					x	ဒိဝိပ်၌လောဘ
		x				*	ဒေါ၊မောဟကု၊ဝိ၊ကြောက်စေ-၄၉၊ရုပ်၊နိ
အတိရေက		*	x				ကိ-၈၁၊ စေ-၅၀၊ ရုပ်
		*		x			လောကုတ်-၈၊ စေ-၃၆၊ နိ
။	*				x		ဒိသမ်၌တရားကိုယ်-၂
	*					x	ဒိဝိပ်၌လောဘတရားကိုယ်-၁
။		*			x		လောဘမူ-၈၊ စေ-၂၀
		*				x	ဒေါ၊မောဟကု၊ဝိ၊ကြောက်စေ-၄၉၊ရုပ်၊နိ
။			*		x		လောဘမူ-၈၊ စေ-၂၂
			*			x	ဒေါ၊မောဟကိကု၊ဝိ၊ကြောက်စေ-၄၉၊*လောဘ၊ရုပ်
။	x		*				တရားကိုယ်-၂
		x	*				ကိ-၈၁၊ စေ-၅၀၊ ရုပ်
။	x				*		ဒိသမ်၌တရားကိုယ်-၂
		x			*		လောဘမူ-၈၊ စေ-၂၀
။	x					*	ဒိဝိပ်၌လောဘ
		x				*	ဒေါ၊မောဟကု၊ဝိ၊ကြောက်စေ-၄၉၊ရုပ်၊နိ

တရားကိုယ်များ၏ သမ္ပယုတ်-ဝိပ္ပယုတ်သဘော ဒိဋ္ဌဂတသမ္ပယုတ်စိတ်လေးခု၌ ရှိသော လောဘဒိဋ္ဌ-ဟူသော ဥပါဒါန်တရားကိုယ် နှစ်ပါးတို့သည် ဥပါဒါနသမ္ပယုတ္တ-မည်၏၊ ဒိဋ္ဌဂတဝိပ္ပယုတ်လေးခု၌ရှိသော လောဘသည် ဥပါဒါနဝိပ္ပယုတ္တ-မည်၏။

http://www.dhammadownload.com

၁၂-ကိလေသဂေါစ္ဆက

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ဂဟိတ			
			ခ	အ	ဓ	သ
ကိလေသ	ကိလေသာ ဓမ္မာ	တရားကိုယ်-၁၀	၁	၁	၁	၂
	နော ကိလေသာ ဓမ္မာ	စိတ်-၈၉၊ စေ-၄၂၊ ရုပ်၊ နိ	၅	၁၂	၁၈	၃
သံကိလိဿ	သံကိလေသိကာ ဓမ္မာ	ကာ-၈၁၊ စေ-၅၂၊ ရုပ်	၅	၁၂	၁၈	၂
	အသံကိလေသိကာ ဓမ္မာ	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
သံကိလိဋ္ဌ	သံကိလိဋ္ဌာ ဓမ္မာ	အကု-၁၂၊ စေ-၂၇	၄	၂	၂	၂
	အသံကိလိဋ္ဌာ ဓမ္မာ	ကု-ဝိ-ကြို၊ စေ-၃၈၊ရုပ်၊နိ	၅	၁၂	၁၈	၃
ကိလေသသမ္မ	ကိလေသသမ္မယုတ္တာ ဓမ္မာ	အကု-၁၂၊ စေ-၂၇	၄	၂	၂	၂
	ကိလေသဝိပ္ပယုတ္တာ ဓမ္မာ	ကု-ဝိ-ကြို၊ စေ-၃၈၊ရုပ်၊နိ	၅	၁၂	၁၈	၃
ကိလေသံကိလေသိက	ကိလေသာစေဝ ဓမ္မာ သံကိလေသိကာစ	တရားကိုယ်-၁၀	၁	၁	၁	၂
	သံကိလေသိကာစေဝ ဓမ္မာ နောစ ကိလေသာ	ကာ-၈၁၊ စေ-၄၂၊ ရုပ်	၅	၁၂	၁၈	၁
	ဒုက်မုတ်	အသံကိလေသိကာ-အရ				
ကိလေသံကိလိဋ္ဌ	ကိလေသာစေဝ ဓမ္မာ သံကိလိဋ္ဌာစ	တရားကိုယ်-၁၀	၁	၁	၁	၂
	သံကိလိဋ္ဌာစေဝ ဓမ္မာ နောစ ကိလေသာ	အကု-၁၂၊ စေ-၁၇	၄	၂	၂	၁
	ဒုက်မုတ်	အသံကိလိဋ္ဌ-အရ				
ကိလေသကိလေသသမ္မ	ကိလေသာစေဝ ဓမ္မာ ကိလေသမ္မယုတ္တာစ	တရားကိုယ်-၁၀	၁	၁	၁	၂
	ကိလေသသမ္မ-နောစ ကိလေသာ	အကု-၁၂၊ စေ-၁၇	၄	၂	၂	၁
	ဒုက်မုတ်	ကိလေသဝိပ္ပယုတ္တာ-အရ				
ကိလေသံသံကိလေသိက	ကိလေသဝိပ္ပယုတ္တာခေါပန ဓမ္မာ သံကိလေသိကာပိ	ကာ-ကုဝိကြို၊ စေ-၃၈၊ ရုပ်	၅	၁၂	၁၈	၁
	....အသံကိလေသိကာပိ	လောကုတ်-၈၊ စေ-၃၆၊ နိ	၄	၂	၂	၂
	ဒုက်မုတ်	ကိလေသသမ္မယုတ္တာ-အရ				

ကိလေသာ [ကိလေသေန္တီ ဥပတာပေန္တီတိ-ကိလေသာ။] ယုဉ်ဖက်တရားနှင့် မိမိ ဖြစ်ရာ သတ္တဝါကို ပူလောင်စေတတ် နှိပ်စက်တတ်သော တရားမျိုးကို "ကိလေသာ"ဟု ခေါ်သည်။

တစ်နည်း [သံကိလိဿတိ ဧတေဟီတိ-ကိလေသာ။] စိတ်ညစ်ညူးကြောင်း လောဘ -စသော တရားများကို "ကိလေသာ"ဟု ခေါ်သည်။ [သံကိလေသိက-စသည်တို့၏အဖွင့်ကို သံကိလိဋ္ဌတိက် (၂၉)၌ ရှုပါ။]

http://www.dhammadownload.com

ကိလေသဓါတ်စက-မိဿကဒုက်များ

မှတ်ချက်	ပ-ဒုက်		ဒု-ဒုက်		တ-ဒုက်		စ-ဒုက်		တရားကိုယ်အရကောက်
	ထိလေသမ္မွေ	မထိလေသမ္မွေ	သံကိလေသိကာ	အသံကိလေသိကာ	သံကိလိဋ္ဌ-ကိလေသိကာ	အသံကိလိဋ္ဌ-ကိလေသိကာ	ကိလေသမ္မွေ	ထိလေသမ္မွေ	
ပါ	*		x						တရားကိုယ်-၁၀
		x	*						ကီ-၈၁၊ စေ-၄၂၊ ရုပ်
"	*				x				တရားကိုယ်-၁၀
		x			*				အကု-၁၂၊ စေ-၁၇
"	*						x		တရားကိုယ်-၁၀
		x					*		အကု-၁၂၊ စေ-၁၇
"			x					*	ကီ-ကု ဝိ ကြီ၊ စေ-၃၈၊ ရုပ်
				x				*	လောကုတ်-၈၊ စေ-၃၆၊ နိ
အတိရေက		*	x						ကီ-၈၁၊ စေ-၄၂၊ ရုပ်
		*		x					လောကုတ်-၈၊ စေ-၃၆၊ နိ
"		*			x				အကု-၁၂၊ စေ-၁၇
		*				x			ကု-ဝိ-ကြီ၊ စေ-၃၈၊ ရုပ်၊ နိ
"		*					x		အကု-၁၂၊ စေ-၁၇
		*						x	ကုဝိကြီ၊ စေ-၃၈၊ ရုပ်၊ နိ
"			*		x				အကု-၁၂၊ စေ-၂၇
			*			x			ကီ-ကုဝိကြီ၊ စေ-၃၈၊ ရုပ်
"			*				x		အကု-၁၂၊ စေ-၂၇
			*					x	ကီ-ကုဝိကြီ၊ စေ-၃၈၊ ရုပ်
"	x		*						တရားကိုယ်-၁၀
		x	*						ကီ-၈၁၊ စေ-၄၂၊ ရုပ်
"	x				*				တရားကိုယ်-၁၀
		x			*				အကု-၁၂၊ စေ-၁၇
"	x						*		တရားကိုယ်-၁၀
		x					*		အကု-၁၂၊ စေ-၁၇

http://www.dhammadownload.com

ကိလေသဂေါစ္ဆက

ကိလေသာ-ကိလေသာမည်ကုန်သော၊ ဝါ-ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော။

နောကိလေသာ-ကိလေသာမမည်ကုန်သော၊ ဝါ-ပူပန်စေတတ် နှိပ်စက်တတ်သည် မဟုတ်ကုန်သော။

သံကိလေသိကာ-ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာတို့ကိုရခြင်းငှာ ထိုက်ကုန်သော။

အသံကိလေသိကာ-ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့ကို ရခြင်းငှာ မထိုက်ကုန်သော။

သံကိလိဋ္ဌာ-ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သော။

အသံကိလိဋ္ဌာ-ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည် မဟုတ်ကုန်သော။

ကိလေသသမ္မယုတ္တာ-ကိလေသာနှင့်ယှဉ်ကုန်သော။

သရုပ်ခွဲ

ကတမေ ဓမ္မာ ကိလေသာ၊ ဒသကိလေသဝတ္ထူနိ လောဘော ဒေါသော မောဟော မာနော ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိနံ ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပံ။ [နိက္ခေပ-ပါဠိ။]

(၁) တရားကိုယ်အားဖြင့်လည်း လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ-အားဖြင့် ဆယ်ပါးပင်တည်း။

(၂) အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသတို့သည် သံကိလိဋ္ဌမည်သော တရား, ကိလေသသမ္မယုတ္တမည်သောတရားတို့ ဖြစ်ကြသည်။

(၃) ကုသိုလ်စိတ်ဧကဝီသ, ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတ္တိံသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်-တို့သည် အသံကိလိဋ္ဌမည်သောတရား, ကိလေသဝိပ္ပယုတ္တမည်သော တရားများဖြစ်ကြသည်။

ကိလေသာတရားကိုယ်ထဲ၌ မောဟ, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ-ဟူသော သဗ္ဗာကုသလသာဓာရဏစေတသိက် လေးပါးလုံးပင် ပါဝင်နေသောကြောင့် ဝိပ္ပယုတ်တရားကိုယ်-ဟူ၍ မရှိတော့ချေ။

သံကိလိဋ္ဌကို ထည့်သွင်းထားသောကြောင့် သုဒ္ဓ-တစ်ဒုက်, မိဿက-တစ်ဒုက် တိုးလာရကား ဤဂေါစ္ဆက၌ ရှစ်ဒုက် ဖြစ်လာရသည်။

http://www.dhammadownload.com

၁၃-ပိဋ္ဌဒုက်

အချိုးဆောင်။ ။ဒဿနေ-ဘာဝနာယရဟယ်နှင့်, နောက်နှစ်ထွေ-ဟေတုကသာပ, ဝိတက္က, ဝိစာရာ။ ပီနှစ်ခု သု-ဥမှာ ကာ ရှုနှင့်, နောက်အရှု ဒုက်ပရိငယ်, နိယျာနိကာ။ နိယတ-ဥတ္တရရဟယ်တဲ့ သရဏာ, ဆယ့်ရှစ်ဖြာလာရှိ။ မာတိကာ နောက်ဆွယ်ထားပါလို့၊ စောဘုန်းကြွယ် မြတ်ဘုရားငယ်, ဟောကြားပိဋ္ဌိ။

တစ်နည်း။ ။ဒဿနေ-ဘာဝနာယ၊ ဟေတုကနှစ်ဖြာ၊ သဝိတက် ဝိစာရာငယ်, ပီနှစ်ဖြာသုခ။ နောက်ဥပေက်-ကာမာ-၊ ဝစရာ ဆက်ထည့်လေကြ။ ရှုပနှင့်အရှုပါ၊ ပရိယာပန္နာ။ နိယျာနာ-နိယတရယ်နှင့်၊ ဥတ္တရသရဏာ၊ ပိဋ္ဌိလာ ဆယ့်ရှစ်ပါး၊ စဥ်မမှား-ဟောကြားရန်သာ။ အခြေပြု သောတုဇာငယ်၊ ဤကဗျာ-ကောင်းစွာကျက်လို့၊ သွက်သွက်လက် ချက်ချက်ချာ စစ်ကြည့်စမ်းပါ၊ ထပ်မနား ကြိုးစားပါလျှင်၊ တိုးပွားမှာ ကျိန်းသေကွဲ့လေး။

တစ်နည်း။ ။ဒဿနဘာဝနာ-ဟေတုမှာ နှစ်ဖြာယှက်ပါလို့၊ သဝိတက် ဝိစာရာ၊ ဟောပြမှန်စွာ။ ဒွေပိတိငယ်နှင့်, သတိငယ်ဉာဏ်ကူလို, သုပေက္ခာ ကာမာရကို, နည်းကျစဥ်လာ။ ရှုပနှင့်အရှုပါ, ပရိယာ နိယျာနိကို, တွေးသိသေချာ, နိယတာမလွဲ။ ဥတ္တရငယ်နှင့်, သရဏာသည်နှစ်ဖြာ၊ ဆုံးသတ်ခါ နောက်မှာချိတ်ပါလို့, ဒုက်ပိဋ္ဌိဌာရသာ၊ သောတုဇာ လူယဉ်လှငယ်တို့, စဥ်ကမာ နေရာကျအောင် တွေးဆစမြဲ။- (ရှေး။)

ဒဿနေန ပဟာတဗ္ဗဒုက်, ဘာဝနာယ ပဟာတဗ္ဗဒုက်, ဒဿနေန ပဟာတဗ္ဗဟေတုဒုက်, ဘာဝနာယ ပဟာတဗ္ဗဟေတုဒုက်, သဝိတက္ကဒုက်, သဝိစာရဒုက်, သပ္ပီတိကဒုက်, ပီတိသဟဂတဒုက်, သုခသဟဂတဒုက်, ဥပေက္ခာသဟဂတဒုက်, ကာမာဝစရဒုက်, ရှုပါဝစရဒုက်, အရှုပါဝစရဒုက်, ပရိယာပန္နဒုက်, နိယျာနိကဒုက်, နိယတဒုက်, သဥတ္တရဒုက်, သရဏဒုက်-အားဖြင့် တစ်ဆယ့်ရှစ်ပါး အပြားရှိ၏။

ထိုတစ်ဆယ့်ရှစ်ပါးတို့တွင် ဒဿနေန ပဟာတဗ္ဗဒုက်ကို ရှေးဦးစွာ ဟောတော်မူ၏-စသည်ဖြင့် ဟောရိုးဆက်၍ ဟောပါလေ။

http://www.dhammadownload.com

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ကိတ			
			ခ	အ	ဓ	သ
ဒိဋ္ဌဓမ္မဝေဒနီယဒုက်	ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ	သောမဂ်-အကြွင်းမရှိပယ်-ဒိဋ္ဌသမ်-၄၊ ဝိစိ-၁၊ စေ-၂၂ --တနုကရုပ်-အပါယဂမနိယ-ဒိဝိပ်-၄၊ ဒေါ-၂၊ စေ-၂၅	၄	၂	၂	၂
	နဒဿနေန ပဟာတဗ္ဗာ ဓမ္မာ	--မှတစ်ပါး: အပါယဂမနိယမဟုတ်-ဒိဝိပ်-၄၊ ဒေါ-၂ --စင်စစ်မပယ်-ဥဒ်,ကု,ဝိ,ကြောင်း-၅၀၊ ရုပ်၊ နိ	၅	၁၂	၁၈	၄
ဒိဋ္ဌဓမ္မဝေဒနီယဒုက်	ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ	သော-တနုကရုပ်-ရုန့်ရင်းသောဒိဝိပ်-၄၊ ဒေါ-၂ နာ-အကြွင်းမရှိပယ် ကာမရာဂသမ္မ ဒိဝိပ်-၄၊ဒေါ-၂၊စေ-၂၅ အ-အကြွင်းမရှိပယ် ရူပအရူပရာဂသမ္မ ဒိဝိပ်-၄၊ဥဒ်-၁၊စေ-၂၁	၄	၂	၂	၂
	နဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ	--မှတစ်ပါး: အပါယဂမနိယဖြစ်သော ဒိဝိပ်-၄၊ ဒေါ-၂ --စင်စစ်မပယ်ဒိဿမ္မ-၄,ဝိစိ-၁၊ကု-ဝိ-ကြောင်း၊စေ-၅၂၊ ရုပ်၊နိ	၅	၁၂	၁၈	၄
ဒိဋ္ဌဓမ္မဝေဒနီယဒုက်	ဒဿနေန ဟာတဗ္ဗဓောတုကာ ဓမ္မာ	သော-အကြွင်းမရှိပယ် ဒိဿမ်-၄,ဝိစိ-၁၊ဝိစိဠ်ဓောဟကြွင်းစေ-၂၂ --တနုကရုပ်ပယ် အပါယဂမနိယ ဒိဝိပ်-၄၊ ဒေါ-၂၊ စေ-၂၅	၄	၂	၂	၂
	နဒဿနေန ဟာတဗ္ဗဓောတုကာ ဓမ္မာ	--ပယ်အပ်သောဟိတ်ရှိသည်မှတစ်ပါး: အပါယဂမနိယဟုတ်ဒိဝိပ်-၄၊ဒေါ-၂ --စင်စစ်မပယ် ဥဒ်,ကု,ဝိ,ကြောင်း-၅၀၊ဝိစိဠ်ဓောဟ၊ရုပ်၊နိ	၅	၁၂	၁၈	၄
ဒိဋ္ဌဓမ္မဝေဒနီယဒုက်	ဘာဝနာယ ဟာတဗ္ဗဓောတုကာ ဓမ္မာ	သ-တနုကရုဏာဖြင့်ပယ်အပ် ရုန့်ရင်းသော ဒိဝိပ်-၄၊ ဒေါ-၂ နာ-အကြွင်းမရှိပယ် ကာမရာဂသမ္မ ဒိဝိပ်-၄၊ ဒေါ-၂၊ စေ-၂၅ အ-အကြွင်းမရှိပယ် ရူပအရူပရာဂသမ္မ ဒိဝိပ်-၄၊ဥဒ်-၁၊ဥဒ်ဠ်ဓောကြွင်းစေ-၂၁	၄	၂	၂	၂
	နဘာဝနာယ ဟာတဗ္ဗဓောတုကာ ဓမ္မာ	အထက်မဂ်-ပယ် ဟိတ်ရှိသည်မှတစ်ပါး: အပါယဂမနိယဒိဝိပ်-၄၊ဒေါ-၂ --စင်စစ်မပယ် ဒိဿမ်-၄၊ ဝိစိ-၁၊ ကု-ဝိ-ကြောင်း၊စေ-၅၂ ဥဒ္ဓစ္စသဟဂုတ်ဠ်ဓော၊ ရုပ်၊ နိ	၅	၁၂	၁၈	၄
ဒုက္ခဝေဒနီယဒုက်	သဝိတက္ကာ ဓမ္မာ	သဝိတက္ကစိတ်-၅၅၊ ဝိတက်ကြောင်း-စေ-၅၁	၄	၂	၃	၃
	အဝိတက္ကာ ဓမ္မာ	အဝိတက္ကစိတ်-၆၆၊စေ-၃၇၊ဝိတက်-၅၅၊ရုပ်၊နိ	၅	၁၂	၁၇	၃
ဒုက္ခဝေဒနီယဒုက်	သဝိစာရာ ဓမ္မာ	သဝိစာရစိတ်-၆၆၊ဝိစာရကြောင်းစေ-၅၁	၄	၂	၃	၃
	အဝိစာရာ ဓမ္မာ	အဝိစာရစိတ်-၅၅၊ စေ-၃၆၊ ဝိစာရ-၆၆၊ရုပ်၊နိ	၅	၁၂	၁၇	၃
ဒုက္ခဝေဒနီယဒုက်	သပ္ပီတိကာ ဓမ္မာ	ပီတိသဟဂုတ်စိတ်-၅၁၊ စေ-၄၆	၄	၂	၂	၃
	အပ္ပီတိကာ ဓမ္မာ	အပ္ပီတိကစိတ်-၇၀၊ စေ-၅၁၊ ပီတိ-၅၁၊ရုပ်၊နိ	၅	၁၂	၁၈	၄
ဒုက္ခဝေဒနီယဒုက်	ပီတိသဟဂတာ ဓမ္မာ	ပီတိသဟဂုတ်စိတ်-၅၁၊ စေ-၄၆	၄	၂	၂	၃
	နပီတိသဟဂတာ ဓမ္မာ	အပ္ပီတိကစိတ်-၇၀၊ စေ-၅၁၊ ပီတိ-၅၁၊ရုပ်၊နိ	၅	၁၂	၁၈	၄

[အနက်နှင့် အရကောက်တို့ကို အမြွက်မျှ ပြဆိုပါဦးမည်။]

ဒဿနေန ပဟာတဗ္ဗဒုက် နဒဿနေန ပဟာတဗ္ဗာ–သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်သော။ [ပထမပုဒ်မှာ ဒဿနတိက် ပထမပုဒ်နှင့် တူ၏။]

B)

http://www.dhammadownload.com

ဒုက်	ပါဠိတော်	တရားကိုယ်အရကောက်	သင်္ကိတ			
			ခ	အ	ဓ	သ
သုခသညာ	သုခသညာဟကတာ ဓမ္မာ	သုခသဟဂုတ်စိတ်–၆၃၊ စေ–၄၆	၃	၂	၃	၃
	နံ သုခသဟဂတာ ဓမ္မာ	ဒု–၃၊ ဥ–၅၅၊ ဝိတိက္ကြဉ်စေ–၅၁၊ သု–၆၃၊ ရုပ်၊ နိ	၅	၁၂	၁၈	၄
ဥပေက္ခာသညာ	ဥပေက္ခာသဟဂတာ ဓမ္မာ	ဥပေက္ခာသဟဂုတ်စိတ်–၅၅၊ စေ–၄၆	၃	၂	၇	၃
	နံ ဥပေက္ခာသဟဂတာ ဓမ္မာ	သု–၆၃၊ ဒု–၃၊ ဝိစိက္ကြဉ်စေ–၅၁၊ ဥ–၅၅၊ ရုပ်၊ နိ	၅	၁၂	၁၃	၃
ကာမာဝစရ	ကာမာဝစရာ ဓမ္မာ	ကာမစိတ်–၅၄၊ စေ–၅၂၊ ရုပ်	၅	၁၂	၁၈	၂
	နံ ကာမာဝစရာ ဓမ္မာ	မဟဂ္ဂုတ်လောကုတ္တရာစိတ်–၃၅၊ စေ–၃၈၊ နိ	၄	၂	၂	၃
ရူပါဝစရ	ရူပါဝစရာ ဓမ္မာ	ရူပစိတ်–၁၅၊ စေ–၃၅	၄	၂	၂	၁
	နံ ရူပါဝစရာ ဓမ္မာ	ကာမ–၅၄၊ အရူပ–၁၂၊ လောကုတ်–၈၊ စေ–၅၂၊ ရုပ်၊ နိ	၅	၁၂	၁၈	၄
အရူပါဝစရ	အရူပါဝစရာ ဓမ္မာ	အရူ–၁၂၊ စေ–၃၀	၄	၂	၂	၁
	နံ အရူပါဝစရာ ဓမ္မာ	ကာမ–၅၄၊ ရူပ–၁၅၊ လောကုတ်–၈၊ စေ–၅၂၊ ရုပ်၊ နိ	၅	၁၂	၁၈	၄
ပရိယာပန္နာ	ပရိယာပန္နာ ဓမ္မာ	ကီ–၈၁၊ စေ–၅၂၊ ရုပ်	၅	၁၂	၁၈	၂
	အပရိယာပန္နာ ဓမ္မာ	လောကုတ်–၈၊ စေ–၃၆၊ နိ	၄	၂	၂	၂
နိယျာနိကာ	နိယျာနိကာ ဓမ္မာ	မဂ်စိတ်–၄၊ စေ–၃၆၊	၄	၂	၂	၁
	နံ နိယျာနိကာ ဓမ္မာ	ကီ–၈၁၊ ဖိုလ်–၄၊ စေ–၅၂၊ ရုပ်၊ နိ	၅	၁၂	၁၈	၃
ဓမ္မ	နိယတာ ဓမ္မာ	[နံ–ဒိဋ္ဌိ] ဒိသမ်–၄ သတ္တမဇော၊ စေ–၂၁ [ပဋ္ဌာနနံ] ဒေါ–၂ သတ္တမဇော၊ စေ–၂၂ မဂ်–၄၊ စေ–၃၆	၄	၂	၂	၃
	အနိယတာ ဓမ္မာ	[နံ–ဒိဋ္ဌိ] ဒိသမ်–၄၊ သတ္တမဇော [ပဋ္ဌာနနံ] ဒေါ–၂ သတ္တမဇော } မှတစ်ပါး: အကု–၁၂၊ ကီ–ကု၊ ဝိကြို၊ စေ–၅၂၊ ရုပ်၊ နိ	၅	၁၂	၁၈	၃
သဥတ္တရ	သဥတ္တရာ ဓမ္မာ	ကီ–၈၁၊ စေ–၅၂၊ ရုပ်	၅	၁၂	၁၈	၂
	အနုတ္တရာ ဓမ္မာ	လောကုတ်–၈၊ စေ–၃၆၊ နိ	၄	၂	၂	၂
ဃဋ္ဌ	သရဏာ ဓမ္မာ	အကု–၁၂၊ စေ–၂၇	၄	၂	၂	၂
	အရဏာ ဓမ္မာ	ကု–ဝိ–ကြို၊ စေ–၃၈၊ ရုပ်–၊ နိ	၅	၁၂	၁၈	၃

ဒု–ကား သောတာပတ္တိမဂ်သည် ပယ်အပ်သည်မှတစ်ပါး အပါယဂမနီယ မဟုတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု, ဒေါသမူဒွေး၊ သောတာပတ္တိမဂ်သည် စင်စစ် မပယ်အပ်သော ဥဒ္ဓစ္စသဟဂုတ်စိတ်တစ်ခု ကုသိုလ်စိတ်၈ကဝိသ, ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ်ဝိသ, ဒိဋ္ဌိဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသ, ရုပ်အဋ္ဌ ဝိသ, နိဗ္ဗာန်ရဇ္ဈ၏။

http://www.dhammadownload.com

ဘာဝနာယ ပဟာတဗ္ဗဒုက် နှ ဘာဝနာယ ပဟာတဗ္ဗာ-အထက်မဂ်သုံးခုသည် မပယ်အပ်ကုန်သော။ [ပထမပုဒ်ကား ဒဿနတိက် ဒုတိယပုဒ်နှင့် တူ၏။]

ဒု-ကား အထက်မဂ်သုံးခုသည် ပယ်အပ်သည်မှတစ်ပါး အပါယဂမနီယ ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်လေးခု, ဒေါသမူဒွေး၊ အထက်မဂ်သုံးခုသည် စင်စစ် မပယ်အပ်သော ဒိဋ္ဌဂတသမ္မယုတ်လေးခု, ဝိစိကိစ္ဆာသဟဂုတ်စိတ်တစ်ခု, ကုသိုလ် ဧကဝီသ, ဝိပါက်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

ဒဿနေန ပဟာတဗ္ဗဟေတုကဒုက် နှ ဒဿနေန ပဟာတဗ္ဗဟေတုကာ-သောတာပတ္တိမဂ်သည်ပယ်အပ်သော ဟိတ်ရှိသည်မဟုတ်ကုန်သော။ [ပထမပုဒ်ကား ဒဿနဟေတုတိက် ပထမပုဒ်နှင့် တူ၏။]

ဒု-ကား သောတာပတ္တိမဂ်သည်ပယ်အပ်သောဟိတ်ရှိသည်မှတစ်ပါး အပါယဂမနီယမဟုတ်သော ဒိဋ္ဌဂတဝိပ္ပယုတ်လေးခု, ဒေါသမူဒွေး၊ သောတာပတ္တိမဂ်သည် စင်စစ်မပယ်အပ်သော ဥဒ္ဓစ္စသဟဂုတ်စိတ်တစ်ခု, ကုသိုလ်စိတ်ဧကဝီသ, ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ်ဝီသ, ဒိဋ္ဌဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသ, ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌မောဟ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက် နှ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ-အထက်မဂ်သုံးခုသည်ပယ်အပ်သော ဟိတ်ရှိသည် မဟုတ်ကုန်သော။ [ပထမပုဒ်ကား ဒဿနဟေတုတိက် ဒုတိယပုဒ်နှင့် တူ၏။]

ဒု-ကား အထက်မဂ်သုံးခုသည်ပယ်အပ်သောဟိတ်ရှိသည်မှတစ်ပါး အပါယဂမနီယဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်လေးခု, ဒေါသမူဒွေး၊ အထက်မဂ်သုံးခုသည် စင်စစ် မပယ်အပ်သော ဒိဋ္ဌဂတသမ္မယုတ်လေးခု, ဝိစိကိစ္ဆာသဟဂုတ်စိတ်တစ်ခု, ကုသိုလ်စိတ် ဧကဝီသ, ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်ဒွေပညာသ, ဥဒ္ဓစ္စသဟဂုတ်စိတ်၌မောဟ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

သဝိတက္ကဒုက် သဝိတက္ကာ-ဝိတက်နှင့်တကွဖြစ်ကုန်သော၊ ဝါ-ဝိတက်ရှိကုန်သော။ အဝိတက္ကာ-ဝိတက်မရှိကုန်သော။

http://www.dhammadownload.com

ပ–ကား သဝိတက္ကစိတ် ၅၅–ခု, ဝိတက်ကြဉ်သော စေတသိက်ဧကပညာသ ရ၏။ [သဝိတက္ကသဝိစာရကို နည်းမှီ၍ ခန္ဓာ–စသည်ဖွဲ့.ပါလေ။]

ဒု–ကား အဝိတက္ကစိတ် ၆၆–ခု, ဝိတက်ကြဉ်သော စေတသိက်သတ္တတ္တိ.သ, သဝိတက္ကစိတ် ၅၅–ခုဥ်ရှိသော ဝိတက် ၅၅–ခု, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။ [အဝိတက္ကအဝိစာရာကို နည်းမှီ၍ ခန္ဓာ–စသည် ဖွဲ့.ပါလေ။]

သဝိစာရဒုက် ပ–ကား သဝိစာရစိတ် ၆၆–ခု, ဝိစာရကြဉ်သော စေတသိက် ဧကပညာသရ၏၊ ခန္ဓာ–စသည် ဖွဲ့.ပါလေ၊ သောတာပတ္တိမဂ် ရုစ်ပါး–စသည်ဆို၊ မဂ်စိတ္တုပ္ပာဒ်–၂၈၊ ဖိုလ်စိတ္တုပ္ပာဒ်–၃၆။

ဒု–ကား အဝိစာရစိတ် ၅၅–ခု, ဝိတက်ဝိစာရကြဉ်သော စေတသိက်ဆတ္တိ.သ, သဝိစာရစိတ် ၆၆–ခုဥ်ရှိသောဝိစာရ ၆၆–ခု, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏၊ ခန္ဓာ–စသည် ဖွဲ့.လေ၊ ကြွင်းသောမဂ်စိတ္တုပ္ပာဒ် ၂၈–ခု, ဖိုလ်စိတ္တုပ္ပာဒ် ၃၅–ခုသည်လည်းကောင်း၊ လောကုတ္တရာသဝိစာရစိတ် ၁၆–ခုဥ်ရှိသော ဝိစာရ ၁၆–ခုသည်လည်းကောင်း သစ္စာ–ဟူသော အရေအတွက်မှလွတ်၏။

သပ္ပိတိကဒုက်–စသည် ပီတိသဟဂတာ–ပီတိနှင့်တကွဖြစ်ကုန်သော၊ ဝါ–ပီတိနှင့် ဧကုပ္ပာဒအစရှိသော အစွမ်းဖြင့် နှီးနှော ကုန်သော၊ ဝါ–ပီတိနှင့်တကွ ဧကုပ္ပာဒအစရှိသောအဖြစ်သို့ ရောက်ကုန်သော။ နပ္ပိတိသဟဂတာ–မဖြစ်ကုန်သော၊ ဝါ–မနှီးနှောကုန်သော၊ ဝါ–မရောက်ကုန်သော။ ကာမာဝစရာ–ကာမာဝစရမည်ကုန်သော။ န ကာမာဝစရာ–ကာမာဝရမမည် ကုန်သော။ ပရိယာပန္နာ–ဝဋ်တရားဥ်အကျုံးဝင်ကုန်သော။ နိယျာနိကာ–ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်ကုန်သော။ [၄င်းတို့၏အရကောက်ကို ဇယားဖြင့်ပင် သိမြင်နားလည်လောက်ပါပြီ။]

ကာမာဝစရာ [ကာမေ အဝစရန္တီ–ကာမာဝစရာ။] ကာမဘုံဥ်သက်ဝင်၍ဖြစ်တတ် ကုန်သော တရားတို့သည် "ကာမာဝစရ"မည်၏၊ ဦကာဥ် တစ်မျိုး ဖွင့်ပြထားသေး၏။

ရူပါဝစရာ [ရူပေ အဝစရန္တီ–ရူပါဝစရာ။] ရူပဘုံဥ်သက်ဝင်၍ ဖြစ်တတ်သော တရား တို့သည် "ရူပါဝစရ"မည်၏။

အရူပါဝစရာ [အရူပေ အဝစရန္တီ–အရူပါဝစရာ။] အရူပဘုံဥ် သက်ဝင်၍ ဖြစ်တတ် သော တရားများသည် "အရူပါဝစရ"မည်၏။

http://www.dhammadownload.com

နိယတဒုက် နိယတာ-စုတိ၏ အခြားမဲ့၌လည်းကောင်း, မိမိ၏ အခြားမဲ့၌လည်းကောင်း အကျိုးပေးသည်၏ အစွမ်းဖြင့်မြဲကုန်သော။

ပ-ကား နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌဂတသမ္မယုတ်လေးခု သတ္တမဇော, မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သောစေတသိက် ဧကဝီသ၊ မာတုဃာတက ပိတုဃာတက အရဟန္တဃာတက လောဟိတုပ္ပာဒက သံဃဘေဒက-တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေး သတ္တမဇော, ပိတိ လောဘ ဒိဋ္ဌိ မာန ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဗာဝီသ၊ မဂ်စိတ်လေးခု, စေတသိက်ဆတ္တိံသရ၏။

ဒု-ကား နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌဂတသမ္မယုတ်စိတ်လေးခု သတ္တမဇော, မာတုဃာတက ။ပ။ သံဃဘေဒက-တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေး သတ္တမဇောမှတစ်ပါး အကုသိုလ်ဒွါဒသ, လောကီကုသိုလ်သတ္တရသ, ဝိပါက်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

ပရိယာပန္နာ [ပရိစ္ဆိန္နေ အာပန္နာတိ-ပရိယာပန္နာ။] တဏှာက ပိုင်းခြား၍ယူအပ်သော တေဘူမကတရားတို့သည် "ပရိယာပန္နေ"မည်၏။ (ဝိသုဒ္ဓိမဂ်မဟာဋီ။) တစ်နည်း= တေဘူမကဝဋ်၌ အကျုံးဝင်သောတရားတို့သည် ပရိယာပန္နေ-မည်၏။

အပရိယာပန္နာ [န ပရိယာပန္နာတိ-အပရိယာပန္နာ။] တဏှာက ပိုင်းခြား၍မယူအပ်သော တရားတို့သည် "အပရိယာပန္နေ"မည်၏၊ တစ်နည်း= တေဘူမကဝဋ်၌ အကျုံးမဝင်သော တရားတို့သည် အပရိယာပန္နေ-မည်၏။

နိယျာနိကာ [ဝဋ္ဋတော နိယျန္တီတိ-နိယျာနိကာ။] အဝိဇ္ဇာ-တည်းဟူသော ဝဋ်ဆင်းမြစ်ကို ဖြတ်လျက် နိဗ္ဗာန်ကိုအာရုံပြု၍ ဝဋ်-တည်းဟူသော နှောင်အိမ်မှ ထွက်မြောက်တတ်သော တရားများသည် "နိယျာနိက"မည်၏။

အနိယျာနိကာ [န နိယျာနိကာ-အနိယျာနိကာ။] ဝဋ်မြစ်ကို ဖြတ်တောက်လျက် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ဝဋ်-တည်းဟူသော နှောင်အိမ်မှ မထွက်မြောက်တတ်သော တရားများသည် "အနိယျာနိက"မည်၏။

နိယတာ [နိယမန္တီတိ-နိယတာ။] စုတိ၏ အခြားမဲ့, မိမိ(ဟူသောမဂ်)၏ အခြားမဲ့၌ အကျိုးပေးတတ်သောသဘောအားဖြင့် မြဲသောတရားတို့သည် "နိယတ"မည်၏။

အနိယတာ [န နိယတာ-အနိယတာ။] ဆိုခဲ့ပြီးသော အခြင်းအရာအားဖြင့် အကျိုးပေးမမြဲသောတရားတို့သည် "အနိယတ"မည်၏။

(A)

http://www.dhammadownload.com

သဉ္ဇာရဒုက် သဉ္ဇာရာ–မိမိထက် လွန်မြတ်သောတရား ရှိကုန်သော။ အနုဇ္ဇာရာ–မိမိထက်လွန်မြတ်သောတရား မရှိကုန်သော။ [အကြွင်း သိလွယ်ပြီ။]

သရဏဒုက် သရဏာ–ငိုကြွေးကြောင်းဖြစ်သော ရာဂအစရှိသော ကိလေသာနှင့် တကွဖြစ်ကုန်သော။ အရဏာ–ငိုကြွေးကြောင်းဖြစ်သော ရာဂ အစရှိသော ကိလေသာ မရှိကုန်သော။

သဉ္ဇာရာ [ဥတ္တရ နှစ်တိ–ဥတ္တရာ၊ သဟ ဥတ္တရေဟိတိ–သဉ္ဇာရာ။] မိမိတို့မှတစ်ပါးသော လောကီတရားတို့ကို လွန်မြောက်နိုင် (ပယ်စွန့်နိုင်)သော လောကုတ္တရာတရားတို့သည် "ဥတ္တရ"မည်၏၊ လွန်မြောက်တတ်သောတရားတို့နှင့် တကွဖြစ်သော (မိမိကို လွန်မြောက်တတ်သောတရားရှိသော) လောကီတရားများသည် "သဉ္ဇာရ"မည်၏၊ လွန်မြောက်ခံရသော တရားများသည် "သဉ္ဇာရ"မည်၏–ဟုဆိုလိုသည်။

အနုဇ္ဇာရာ [နတ္ထိ ဥတ္တရာ ဧတေသန္တိ–အနုဇ္ဇာရာ။] မိမိကိုလွန်မြောက်တတ်သော မိမိကို ပယ်နိုင်သောတရား မရှိသော လောကုတ္တရာတရားများသည် "အနုဇ္ဇာရ" မည်၏၊ မလွန်မြောက်အပ်, မပယ်စွန့်အပ်သော တရားများသည် "အနုဇ္ဇာရ" မည်၏–ဟု ဆိုလိုသည်။

သရဏာ [ရဏန္တိ ဧတေဟီတိ–ရဏာ၊ သဟ ရဏေဟိ ယေ ဝတ္တန္တိ တိ–သရဏာ။] ငိုကြွေးကြောင်း ရာဂ, ဒေါသ, မောဟတို့သည် (တစ်နည်းအားဖြင့် ရာဂ–စသော ကိလေသာဆယ်ပါးတို့သည်) "ရဏ"မည်၏၊ ငိုကြွေးကြောင်းဖြစ်သော ရာဂစသော ကိလေသာတို့နှင့်တကွဖြစ်သော အကုသိုလ်တရားတို့သည် "သရဏ"မည်၏။

အရဏာ [နတ္ထိ ရဏာ ဧတေသန္တိ–အရဏာ။] ငိုကြွေးကြောင်းဖြစ်သော ရာဂ–စသော ကိလေသာ မရှိသော ကုသိုလ်–စသည်တို့သည် "အရဏ"မည်၏။

ပိဋ္ဌဒုက် [ပိဋ္ဌယံ ထပိတာ ဒုက္ခာ–ပိဋ္ဌဒုက္ခာ။] အဘိဓမ္မာ မာတိကာ၏ (ကျောကုန်းသဖွယ် ဖြစ်သော) အဆုံးဌာနအပ်သော ဒုက်အပေါင်းကို "ပိဋ္ဌဒုက်"ဟု ခေါ်သည်၊ ထို့ကြောင့်ပင် "မာတိကာ နောက်ဆွယ်ထားပါလို့, စောဘုန်းကြွယ် မြတ်ဘုရားငယ်, ဟောကြားပိဋ္ဌ"ဟု အချိုးဆောင်ပုဒ်၌ ဆိုထားခဲ့ရပေသည်။

သပ္ပဒေသ နိပ္ပဒေသအစွဲ ဆိုခဲ့ပြီးသော တစ်ရာသောဒုက်တို့တွင် ဟေတုဂေါစ္ဆက, အာသဝဂေါစ္ဆက, သံယောဇနဂေါစ္ဆက, ဂန္ထဂေါစ္ဆက, ဩဃဂေါစ္ဆက, ယောဂဂေါစ္ဆက, နီဝရဏဂေါစ္ဆက, ပရာမာသဂေါစ္ဆက, ဥပါဒါန ဂေါစ္ဆက–ဟု ဆိုအပ်ကုန်သော ဂေါစ္ဆက–ကိုးခုတို့၏အဆုံးဌာ–

http://www.dhammadownload.com

သုံးဒုက် သုံးဒုက်စီအားဖြင့်--- --- ---၂၇-ဒုက်
ကိလေသဂေါစ္ဆက၏အဆုံး၌ --- --- ၄-ဒုက်
မဟန္တ ရမ္မ စိတ္တသမ္မယုတ္တ, စိတ္တသံသဋ္ဌအားဖြင့် -- --- ၂-ဒုက်
စုစုပေါင်း --- --- ၃၃-ပါးသော ဒုက်တို့
သည် "သပ္ပဒေသဒုက်"တို့ မည်၏။

ကြွင်းကျန်သော ၆၇-ပါးသော ဒုက်အပေါင်းသည် "နိပ္ပဒေသဒုက်" မည်၏။

ဆောင်။ ။ကိလေမှာ-လေးသာမှတ်ပါလို့ ကြွင်းကိုးရပ် ဂေါစ္ဆကာ၊
နောက်ဆုံးဝယ် သုံးစီပ, ထုံးညီမျှ ယူပါ။
မဟန္တ-သမ္မနှင့်သံသဋ္ဌာ, ယူကြရာနှစ်ပါး၊
သပ္ပဒေ တေတ္တိံရှိတာမို့, နိပ္ပဒေ သတ်သဋ္ဌိကို, မှတ်သိအများ။

ဒုကမာတိကာ
လေ့ကျင့်ခန်းမေးခွန်း

၁-ဟေတုဂေါစ္ဆက

၁။ တိကမာတိကာကို ဟောတော်မူသည်၏ အခြားမဲ့၌ ။ပ။ တစ်ဆယ့်သုံးပါး အပြားရှိ၏၊-ဟူသော စကားရပ်၌ ပေယျာလကို ဖော်ပြပါ ?။
၂။ ဂေါစ္ဆက၏အဓိပ္ပာယ်ကို သိသာရုံမျှ ပြပါ ?။
၃။ ဟေတူ ဓမ္မာ-၌ပါသော ဟေတု၏အဓိပ္ပာယ်ကို ပြပါ ?။
၄။ ဟေတုအပြားကိုပြ၍ ဟေတူ ဓမ္မာ-၌ အလိုရှိအပ်သော ဟေတုကိုလည်း ပြပါ ?။
၅။ အဘယ်တရားမျိုးကို "သဟေတုက, အဟေတုက"ဟု ခေါ်ပါသနည်း ?။
၆။ ဟိတ်လည်းမည် ဟိတ်နှင့်လည်းယှဉ်သောတရား, ဟိတ်သာ မည်၍ ဟိတ်နှင့် မယှဉ်သော တရားတို့ကို ပြပါ ?။
၇။ နှ ဟေတူ ဓမ္မာ-ဟူသော ပုဒ်၏အရကို သစ္စာဖွဲ့ပြ၍ မဂ်စိတ္တုပ္ပာဒ် ၂၇-ခု၊ ဖိုလ်စိတ္တုပ္ပာဒ် ၃၄-ခု ဖြစ်ရပုံကိုလည်း စိစစ်ပြပါ ?။
၈။ သဟေတုကဒုက်နှင့် အနက်အရကောက် မထူးခြားပါဘဲလျက် ဟေတုသမ္မယုတ္တဒုက်ကို အဘယ်သဘောကြောင့် ထပ်၍ ဟောထားရပါသနည်း ?။
၉။ ဟိတ် ၆-ပါးတို့၏ သမ္မယုတ်, ဝိပ္ပယုတ်သဘောကို စိစစ်ဝေဖန်ပြပါ ?။
၁၀။ အဘယ်ဒုက်မျိုးကို "သမ္ဘဝဒုက်, အတိရေကဒုက်"ဟု ခေါ်ပါသနည်း ?။
၁၁။ ဂေါစ္ဆကလာ မိဿကဒုက်များ၌ အဘယ်တရားမျိုးကို ဒုက်မှတ်ထုတ်သင့်ကြောင်း ရှင်းပြပါ ?။

http://www.dhammadownload.com

စူဠန္တရဒုက်

၁။ စူဠန္တရဒုက်မည်ပုံကို သိသာရုံမျှ ပြပါ ?။
၂။ ဂေါစ္ဆကနှင့်ဒုက်တို့၏ ထူးခြားချက်ကို ပြပါ ?။
၃။ သပ္ပစ္ဆယာဒ္ဒ် ပစ္ဆယ–အရ အဘယ်အကြောင်းမျိုးကို ယူရပါမည်နည်း၊ ဋီကာဆရာ အလိုကျ ပြပါ ?။
၄။ နိဗ္ဗာန်တစ်ပါးတည်းသာ ရပါလျက် အပ္ပစ္ဆယာ, အသခ််တာတို့ကို အဘယ့်ကြောင့် ဗဟုဝုစ်ဖြင့် ဟောတော်မူပါသနည်း ?။
၅။ ရူပိနော ဓမ္မာဒ္ဒ် ရူပ၏အရကို ပြပါ ?။
၆။ လောကိယာ ဓမ္မာဒ္ဒ် အဘယ်တရားများသည် လောကမည်ပါသနည်း ?။
၇။ ဘင်ခဏာဒ္ဒ် ပျက်စီးတတ်သော လောကုတ္တရာစိတ် စေတသိက်တို့ကို အဘယ့်ကြောင့် "လောက"ဟု မခေါ်ရပါသနည်း ?။
၈။ လောကိယာ, လောကုတ္တရာ–ဟူသော ပုဒ်တို့၏အဓိပ္ပာယ်ကို ပြပါ ?။
၉။ ကေနစိ ဝိညေယျာ ဓမ္မာဒ္ဒ် ကေနစိ–အရ မည်သည့်တရားများကို ယူသင့်ကြောင်း ရှင်းပြပါ ?။
၁၀။ ကေနစိ ဝိညေယျဒုက်အရကောက်၌ အဋ္ဌကထာဝါဒ–ဋီကာဝါဒ နှစ်မျိုးကွဲပြားရပုံကို ပြ၍ အဘယ်ဝါဒက သင့်မြတ်ကြောင်း စိစစ်ပြပါ ?။

အာသဝဂေါစ္ဆက

၁။ လောဘ, ဒိဋ္ဌိ, မောဟတို့ အာသဝမည်ပုံကို စေ့စုံအောင် ပြပါ ?။
၂။ သာသဝါ, အနာသဝါတို့၏ အဓိပ္ပာယ်ကို ပြပါ ?။
၃။ ဟေတုဂေါစ္ဆက–အဆုံးဒုက်ကိုကဲ့သို့ မဟောမူ၍ အာသဝဂေါစ္ဆက–အဆုံးဒုက်ကို အာသဝဝိပ္ပယုတ္တာခေါပန ဓမ္မာ–စသည်ဖြင့် အဘယ်အလို့ငှာ ဟောတော်မူရပါသနည်း ?။
၄။ ဟေတုဝိပ္ပယုတ္တပဒကို ဝိသေသနမပြုမူ၍ နဟေတုပဒကိုသာ ဝိသေသနပြု၍ အဘယ့်ကြောင့် ဟေတုဂေါစ္ဆက၏ အဆုံးဒုက်ကို ဟောတော်မူရပါသနည်း ?။
၅။ အာသဝလည်းမည် အာသဝနှင့်လည်းယှဉ်သော တရား, အာသဝသာ မည်၍ အာသဝနှင့် မယှဉ်သော တရားတို့ကို ပြပါ ?။
၆။ အာသဝတရားကိုယ် ၃–ပါးတို့၏ သမ္မယုတ်ဖြစ်ပုံ, ဝိပ္ပယုတ်ဖြစ်ပုံ သဘောကို စေ့စုံအောင် သေချာကျန စိစစ်ပြပါ ?။

သညောဇနဂေါစ္ဆက

၁။ အဘယ်တရားမျိုးသည် သံယောဇဉ်မည်ပါသနည်း ?။
၂။ သံယောဇဉ်က သံယောဇဉ်မကင်းသော ပုဂ္ဂိုလ်များကို ဝဋ်သုံးပါး၌ ဖွဲ့တပ်ထားပုံကို ပြပါ ?။
၃။ သံယောဇနိယ, အသံယောဇနိယတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

http://www.dhammadownload.com

၄။ သံယောဇဉ်လည်းမည် သံယောဇဉ်နှင့်လည်း ယှဉ်သောတရား, သံယောဇဉ်သာမည်၍ သံယောဇဉ်နှင့်မယှဉ်သော တရားတို့ကို ပြပါ ?။

၅။ သံယောဇဉ်နှင့် ယှဉ်သောတရား, မယှဉ်သောတရားတို့ကို ပြ၍ သံယောဇဉ်တရား ကိုယ်တို့၏ သမ္မယုတ်ဖြစ်ပုံ, ဝိပ္ပယုတ်ဖြစ်ပုံကိုလည်း စိစစ်ပြပါ။

ဂန္ထ ကေါ့စ္ဆကာဒိ

၁။ ဂန္ထာ, ဂန္ထ နိယာတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၂။ ဂန္ထ လည်းမည် ဂန္ထ နှင့်လည်းယှဉ်သောတရား, ဂန္ထ သာမည်၍ ဂန္ထ နှင့်မယှဉ်သော တရားတို့ကို ပြပါ ?။

၃။ ဂန္ထ သမ္မယုတ္တတရား, ဂန္ထ ဝိပ္ပယုတ္တတရားတို့ကို ကောက်ပြ၍ ဂန္ထ တရားတို့၏ သမ္မ ယုတ်ဖြစ်ပုံ, ဝိပ္ပယုတ်ဖြစ်ပုံကိုလည်း စေ့စုံအောင် စိစစ်ပြပါ ?။

၄။ ဩဃနှင့် ဩဃနိယာတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၅။ ယောဂါနှင့် ယောဂနိယာတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၆။ နီဝရဏာနှင့် နီဝရဏိယာတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၇။ နီဝရဏာသာမည်၍ နီဝရဏာနှင့်မယှဉ်သော တရားမျိုး ရှိသင့်–မရှိသင့် အကြောင်းပြ ဆုံးဖြတ်ပါ ?။

၈။ ပရာမာသာ, ပရာမဋ္ဌာတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၉။ ပရာမာသလည်းမည် ပရာမာသနှင့်လည်း ယှဉ်သောတရား, ပရာမာသမည်၍ ပရာ မာသနှင့်မယှဉ်သော တရားမျိုး ရှိသင့်–မရှိသင့် အကြောင်းပြ ဆုံးဖြတ်ပါ ?။

၁၀။ ပရာမာသ ပရာမာသသမ္မယုတ္တဒုက်ကို မဟောရခြင်း၏ အကြောင်းကို ပြပါ ?။

၁၁။ ပရာမာသနှင့် ယှဉ်သော တရား, မယှဉ်သောတရား ကို ပြ၍၊ ပရာမာသ၏ အာရုံသာ ဖြစ်၍ ပရာမာသနှင့် မယှဉ်သောတရားတို့ကိုလည်း ပြပါ ?။

မဟန္တရဒုက်

၁။ မဟန္တရဒုက် ၁၄–ပါးကို အစဉ်တကျ ရေတွက်ပြ၍ စေတသိကာ ဓမ္မာ–၏ အရကို ခန္ဓာ အာယတန ဓာတ် သစ္စာ ဖွဲ့ပြပါ ?။

၂။ သာရမဏ, စိတ္တသံသဋ္ဌတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၃။ စိတ်နှင့်အတူတကွ ဖြစ်ကြပါလျက် အဘယ့်ကြောင့် စိတ္တဇရုပ်များ "စိတ္တသံသဋ္ဌ"ဟု မခေါ်ရပါသနည်း ?။

၄။ အဇ္ဈတ္တလေးပါးကိုပြ၍ အဇ္ဈတ္တိကာ ဓမ္မာ၌ အလိုရှိအပ်သော အဇ္ဈတ္တကိုလည်း ပြပါ ?။

၅။ အဇ္ဈတ္တာ ဓမ္မာ, အဇ္ဈတ္တိကာ ဓမ္မာ, ဗဟိဒ္ဓါ ဓမ္မာ, ဗာဟိယာ ဓမ္မာတို့၏ အရကို ကောက်ပြပါ ?။

၆။ မှီတတ်သောကြောင့် "ဥပါဒါ"ဟု ခေါ်ရပါလျှင် အချင်းချင်းမှီ၍ ဖြစ်ကြရသော မဟာဘုတ်များကို အဘယ့်ကြောင့် "ဥပါဒါ"ဟု မခေါ်ရပါသနည်း ?။

http://www.dhammadownload.com

၇။ (က) ဥပါဒါ ဓမ္မာ (ခ) နော ဥပါဒါ ဓမ္မာ (ဂ) ဥပါဒိန္နာ ဓမ္မာ
(ဃ) အနုပါဒိန္နာ ဓမ္မာတို့၏ အရကို အသီးအသီး ကောက်ပြပါ ?။
၈။ အဘယ့်ကြောင့် "မဟန္တရဒုက်"ဟု ခေါ်ရပါသနည်း ?။

ဥပါဒါနဂေါစ္ဆကာဒိ

၁။ ဥပါဒါန, ဥပါဒါနိယတို့၏ အဓိပ္ပာယ်ကို ပြပါ ?။
၂။ နော ဥပါဒါ ဓမ္မာနှင့် နော ဥပါဒါနာ ဓမ္မာတို့၏အရတို့ကို တိကျစွာ ကောက်ပြပါ ?။
၃။ ဥပါဒါန်လည်းမည် ဥပါဒါန်နှင့်လည်းယှဉ်သောတရား, ဥပါဒါန်သာမည်၍ ဥပါဒါန်နှင့် မယှဉ်သော တရားတို့ကို ပြပါ ?။
၄။ ဥပါဒါန်တရားကိုယ်များကို သမ္မယုတ်-ဝိပ္ပယုတ် ခွဲခြားပြပါ ?။
၅။ ကိလေသာ-ဟူသောပုဒ်၏ အဓိပ္ပာယ်ကို ရေးပြပါ ?။
၆။ ကိလေသာမည်၍ ကိလေသာနှင့်မယှဉ်သော တရားမျိုး အဘယ့်ကြောင့် မရှိရပါသနည်း ?။
၇။ သံကိလေသိကသာ မည်၍ အသံကိလိဋ္ဌ မမည်သောတရား,
အသံကိလိဋ္ဌသာ မည်၍ သံကိလေသိက မမည်သောတရား,
သံကိလေသိက အသံကိလိဋ္ဌ မည်သောတရား,
သံကိလေသိက အသံကိလိဋ္ဌ မမည်သောတရားတို့ကို ပြပါ ?။
၈။ ပိဋ္ဌဒုက် ၁၈-ပါးကို အစဉ်ကျအောင် ရေတွက်ပြ၍၊ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ, ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာတို့၏ အရကိုလည်း ကောက်ပြပါ ?။
၉။ နှ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာအရကို ကောက်ပြပါ ?။
၁၀။ အထက်မဂ်သုံးခု မပယ်အပ်သော တရားများကို တိကျစွာ ကောက်ပြပါ ?။
၁၁။ နှ သုခသဟဂတာ တရားတို့ကို ကောက်ပြ၍ ခန်, အာ, ဓာ, သစ်-တို့၏ သန္ဓိဂ္ဂါကို ပြပါ ?။
၁၂။ နိယတဒုက်၏ ပထမပဒနှင့် ဒုတိယပဒတို့၏အရကို အသီးအသီး ကောက်ပြပါ ?။
၁၃။ သဥတ္တရာ ဓမ္မာဒ္ဒ ဥတ္တရ, သဥတ္တရ-မည်သော တရားတို့ကို ပြပါ ?။
၁၄။ သရဏာ ဓမ္မာဒ္ဒ ရဏ-မည်သောတရား, သရဏ-မည်သောတရားတို့ကို ခွဲခြားပြပါ ?။
၁၅။ အဘယ်ကို "ပိဋ္ဌဒုက်"ဟု ခေါ်ပါသနည်း ?။
၁၆။ ဒုကမာတိကာဒ္ဒ ပါရှိသော သပ္ပဒေသဒုက်, နိပ္ပဒေသဒုက်များကို ရေတွက်ပြပါ ?။

ဒုကမာတိကာ
ပြီးပါပြီ။

http://www.dhammadownload.com

သုတ္တန္တိကမာတိကာ

ဒုက်စဉ်ကဗျာ

ဝိဇ္ဇာဘာ ဇူပမ၊ ဗာ, ကဏ္ဍ–တပနီယာ၊ ဓိ–နိ–ပ–နာမ်ရူပါရယ်၊ အဝိဇ္ဇာ–ဘဝ။ သသ်–အန်–ပုဗ်–အဟိရီ၊ နောက်ဟိရီ–ဒေါသောဝစ။ အာပတ္တိကုသလတာ၊ သမာ–ဓာ–အာယ။ ဌာ–အဇ်–ခန်–သာခလျှနှင့်၊ ဣဒ္ဓိယမုဠ်၊ သတိသမ်–သခ်ါနုပါတဲ့၊ သမထဝိပဿနံ၊ နိမိတ္တ–ပဂ္ဂါဟ်ငယ်၊ ဝိပတ်–သမ်–ဝိသုဒ္ဓိရယ်နဲ့၊ ဒိဋ္ဌိဝိ–သံဝေဓနီယာ၊ အသန္တုဋ္ဌိတာ၊ ဝိဇ္ဇာနှင့် ခယေဉာဏ်မှာ၊ သုတ္တန္တာဒ္ဓါစတ်တဲ့လေး။

၁။ဝိဇ္ဇာဘာဂီဒုက် ၂။ဝိဇ္ဇူပမဒုက် ၃။ဗာလဒုက် ၄။ကဏ္ဍဒုက် ၅။တပနီယဒုက် ၆။အဓိဝစနဒုက် ၇။နိရုတ္တိဒုက် ၈။ပဉ်တ္တိဒုက် ၉။နာမရူပဒုက် ၁၀။အဝိဇ္ဇာဒုက် ၁၁။ဘဝ ဒိဋ္ဌိဒုက် ၁၂။သသတဒိဋ္ဌိဒုတ် ၁၃။အန္တ ဝါဒိဋ္ဌိဒုတ် ၁၄။ပုဗ္ဗန္တ ဒိဋ္ဌိဒုတ် ၁၅။အဟိရီကဒုတ် ၁၆။ဟီရီဒုက် ၁၇။ဒေါဝစဿတာဒုက် ၁၈။သောဝစဿတာဒုက် ၁၉။အာပတ္တိကုသလတာဒုက် ၂၀။သမာပတ္တိကုသလတာဒုက် ၂၁။ဓာတုကုသလတာဒုက် ၂၂။အာယတနကုသလတာဒုက် ၂၃။ဌာနကုသလတာဒုက် ၂၄။အဇ္ဇဝဒုက် ၂၅။ခန္တီဒုက် ၂၆။သာခလျဒုက် ၂၇။ကျင်္ခြေယသုအဂုတ္တဒွါရတာဒုက် ၂၈။ကျင်္ခြေယသုဂုတ္တဒွါရတာဒုက် ၂၉။မုဋ္ဌဿစ္စဒုက် ၃၀။သတိသမ္ပဇညဒုတ် ၃၁။ပဋိသခ်ါနဒုက် ၃၂။သမထဝိပဿနဒုက် ၃၃။သမထနိမိတ္တဒုက် ၃၄။ပဂ္ဂါဟဒုက် ၃၅။သီလဝိပတ္တိဒုက် ၃၆။သီလသမ္ပဒါဒုက် ၃၇။သီလဝိသုဒ္ဓိဒုက် ၃၈။ဒိဋ္ဌိဝိသုဒ္ဓိခေါပနဒုက် ၃၉။သံဝေဓနီယဌာနဒုက် ၄၀။အသန္တုဋ္ဌိတာကုသလဓမ္မဒုက် ၄၁။ဝိဇ္ဇာဒုက် ၄၂။ခယေဉာဏဒုက် အားဖြင့် လေးဆယ့်နှစ်ပါး အပြားရှိ၏။ [ပေယျာလကို ဖော်၍စစ်ရန်။]

ဆိုရိုး

သုတ္တန္တိကမာတိကာကိုကား အဘိဓမ္မာကိုသင်သော မထေရ်တို့အား သုတ္တန်သို့ ရောက်လျှင် မပင်ပန်းစိမ့်သောငှာ အဂုံတွရနိကာယ်၌လာသော ဧကနိပါတ် ဒုကနိပါတ်ကို သင်္ဂီတိသုတ် ဒသုတ္တရသုတ်တို့နှင့် ပေါင်း၍ တရားစစ်သူကြီး ရှင်သာရိပုတ္တရာ ထားတော်မူသည်။

[ဧကုတ္တရိယံ ပန ဧကနိပါတဒုကနိပါတံ သင်္ဂီတိဒသုတ္တရသုတ္တန္တေ ဟိ သမောဓာနေတွာ အာဘိဓမ္မိကတ္ထေရာနံ သုတ္တန္တံ ပတွာ အကိလမနတ္ထံ ထပိတာ–ဟူသော အဋ္ဌသာလိနီ နိဒါနကထာနှင့်ညီ၍ (အရကောက်လာ) စာသွားကို အနည်းငယ် ပြင်ထားပါသည်။]

http://www.dhammadownload.com

ထိုသုတ္တန္တိကမာတိကာကို တစ်ခုသော နိက္ခေပကဏ္ဍ၌သာလျှင် အပြီးသို့ ရောက်စေ၍ အကျယ်ဝေဖန်သည်၊ ကြွင်းသော စိတ္တုပ္ပာဒကဏ္ဍ, ရူပကဏ္ဍ, အဋ္ဌကထာကဏ္ဍနှင့်တကွ အဘိဓမ္မာခုနစ်ကျမ်းတို့၌ မဝေဖန်၊ ကုသလာ ဓမ္မာ–အစ အရဏာ ဓမ္မာ–အဆုံးရှိသော အဘိဓမ္မာ မာတိကာကိုသာ ဝေဖန်သည်။

[တေ ပနေတေ ဇကသ္မိံ နိက္ခေပကဏ္ဍေယေဝ မတ္ထကံ ပါပေတွာ ဝိဘတ္တာ၊ သေသဋ္ဌာနေသု ယာဝသရဏာဒုကာ အဘိဓမ္မော ဝိဘတ္တော။ ၌။]

တရားစစ်သူကြီး ရှင်သာရိပုတ္တရာသည် ကိုယ်တိုင်ထုတ်ဖော် သိတတ်သော မိမိကိုယ်ပိုင်ဉာဏ်ဖြင့် မထား, ဘုရားဟောတော်မူသော အဂုံတွာရနိကာယ်မှယူ၍ ထားအပ်သော သုတ္တန္တိကဒုက်သည် ဝိဇ္ဇာဘာဂီဒုက် ။ပ။ ခယေဉာဏဒုက်အားဖြင့် လေးဆယ့်နှစ်ပါး အပြားရှိ၏။ [ဒုက်စဉ်ကဗျာကို ကျက်၍စစ်လေ။]

၁–ဝိဇ္ဇာဘာဂီဒုက်

ထိုလေးဆယ့်နှစ်ပါးသော ဒုက်တို့တွင် ဝိဇ္ဇာဘာဂီဒုက်ကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုဝိဇ္ဇာဘာဂီဒုက်သည်လည်း ပထမပဒ, ဒုတိယပဒအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ပထမပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား "ဝိဇ္ဇာဘာဂိနော ဓမ္မာ"ဟူသည်တည်း၊ ထို့နောင် ဒုတိယပဒကို ဟောတော်မူ၏၊ ဟောဟန်ကား "အဝိဇ္ဇာဘာဂိနော ဓမ္မာ"ဟူသည်တည်း။

ဝိဇ္ဇာဘာဂိနော–သမ္မယုတ်၏အစွမ်းဖြင့် ဝိဇ္ဇာရှစ်ပါးသို့ ဆည်းကပ်တတ်ကုန်သော၊ ဝါ–ဝိဇ္ဇာ*(ရှစ်ပါး)အစုဋ္ဌ ဖြစ်ကုန်သော၊ ဓမ္မာ(နိဿတ္တနိဇ္ဇီဝသဘာဝါ)။

ဝိဇ္ဇာဘာဂိနော [ဘဇန္တီတိ–ဘာဂိနော၊ ဝိဇ္ဇံ ဘာဂိနော–ဝိဇ္ဇာဘာဂိနော။] သမ္မယုတ်၏အစွမ်းအားဖြင့် ဝိဇ္ဇာသို့ကပ်ရောက်တတ်သော ယှဉ်ဖက်တရားများသည် "ဝိဇ္ဇာဘာဂီ"မည်၏၊ ဤနည်းအလို ယှဉ်ဖက်တရားများကိုသာ ယူရသည်၊ ဝိဇ္ဇာကို မယူရ၊ မကောက်ရ။

တစ်နည်း [ဝိဇ္ဇာယ ဘာဂေါ–ဝိဇ္ဇာဘာဂေါ၊ ဝိဇ္ဇာဘာဂေ ဝတ္တန္တီတိ–ဝိဇ္ဇာဘာဂိနော။] ဝိဇ္ဇာ၏အဖို့၌ဖြစ်သော (ဝိဇ္ဇာ၏အဖို့၌ ပါဝင်သော) ဝိဇ္ဇာဉာဏ်သည်ပင် "ဝိဇ္ဇာဘာဂီ"မည်၏၊ ဤနည်းအလို ဝိဇ္ဇာရှစ်ပါးကို တစ်ဖို့စီခွဲလိုက်က ရှစ်ဖို့ရ၏၊ ထိုတွင် တစ်ပါးတစ်ပါးသည် ဝိဇ္ဇာမည်၏၊ ကျန်ခုနစ်ပါးခုနစ်ပါးတို့သည် ဝိဇ္ဇာဘာဂီမည်၏၊ ထို့ကြောင့် ဝိဇ္ဇာဘာဂီ–အရ ဝိဇ္ဇာရှစ်ပါးပင် ရ၏၊ ဤနည်းအလို "ဝိဇ္ဇာဘာဂိနော–ဝိဇ္ဇာ၏အစုဋ္ဌ ဖြစ်ကုန်သော"ဟုသာ အနက်ပေးသင့်၏။

http://www.dhammadownload.com

အဝိဇ္ဇာဘာဂိနော–သမ္မယုတ်၏အစွမ်းဖြင့် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟလေးပါးသို့ ဆည်းကပ်တတ်ကုန်သော၊ ဝါ–သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟအစုခွဲ ဖြစ်ကုန်သော။

ပ–ကား ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ပရစိတ္တ ဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, ဒိဗ္ဗသောတဉာဏ်, အာသဝက္ခယဉာဏ်–တည်းဟူသော ဝိဇ္ဇာရုစ်ပါးတို့နှင့်ယှဉ်သော မဟာကုသိုလ်ဉာဏသမ္မယုတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်လေးခု, အဘိညာဉ်ဒွေး, အရဟတ္တမဂ်စိတ်တစ်ခု, အမောဟကြွင်သော စေတသိက်သတ္တတ္တိ သ ရ၏။

နှစ်နည်းပေါင်းလျှင် ဝိဇ္ဇာသမ္မယုတ္တဓမ္မ ဝိဇ္ဇာနှစ်မျိုးလုံးပင် ရ၏၊ သို့ရာတွင် နောက်နည်းကို ရသင့်သည်အလိုက် အတ္ထုဒ္ဓါရအနေအားဖြင့်သာ ပြသည်၊ အမှန်မှာ ဤဒုက်ခ်၌ ဝိဇ္ဇာဉာဏ်ကို မကောက်ရ၊ သမ္မယုတ္တဓမ္မကိုသာ ကောက်ရသည်၊ ထို့ကြောင့် အဋ္ဌကထာဆရာက "ဣဓ ပန သမ္မယုတ္တဓမ္မာဝ အဓိပ္ပေတာ"ဟူသော အတ္ထုဒ္ဒေသဝါကျကို မိန့်ဆိုထားပေသည်၊ နိက္ခေပကဏ္ဍပါဠိတော်၌လည်း "ကတမေ ဓမ္မာ ဝိဇ္ဇာဘာဂိနော၊ ဝိဇ္ဇာယ သမ္မယုတ္တာ ဓမ္မာ၊ ဣမေ ဓမ္မာ ဝိဇ္ဇာဘာဂိနော"ဟု ဟောတော်မူထားသည်။

အဝိဇ္ဇာဘာဂိနော [အဝိဇ္ဇံ ဘဇန္တီ တိ–အဝိဇ္ဇာဘာဂိနော။] သမ္မယုတ်၏အစွမ်းအားဖြင့် အဝိဇ္ဇာ(မောဟ)သို့ ကပ်ရောက်တတ်သော ယှဉ်ဖက်တရားများသည် "အဝိဇ္ဇာဘာဂိ"မည်၏။

တစ်နည်း [အဝိဇ္ဇာယ ဘာဂေါ–အဝိဇ္ဇာဘာဂေါ၊ အဝိဇ္ဇာဘာဂေ ဝတ္တန္တီ တိ–အဝိဇ္ဇာဘာဂိနော။] အဝိဇ္ဇာ၏အဖို့၌ဖြစ်သော အဝိဇ္ဇာသည်ပင်လျှင် "အဝိဇ္ဇာဘာဂိ"မည်၏။

ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သောမောဟ, သမုဒယသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ, နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ, မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ–အားဖြင့် အဝိဇ္ဇာလေးပါးရှိသည်၊ ၄င်းတို့ကို တစ်ခုစီခွဲလိုက်က လေးဖို့ပင် ရ၏၊ ထိုတွင် တစ်ပါးပါးသည် အဝိဇ္ဇာမည်၏၊ ကျန်သုံးပါးသုံးပါးတို့သည် အဝိဇ္ဇာဘာဂိမည်၏၊ ထို့ကြောင့် ဤနည်းအလိုအားဖြင့် အဝိဇ္ဇာဘာဂိ–အရ အဝိဇ္ဇာလေးပါးကိုပင် ရသည်၊ သို့ပင်ဖြစ်စေကာမူ ဆိုခဲ့ပြီးသည့်အတိုင်း သမ္မယုတ္တဓမ္မကိုသာ အရကောက်ရသည်။

ဝိဇ္ဇာရုစ်ပါး။ ။ဝိ–မနော, နှစ်ပါးသော ဉာဏ်တို့မှာ၊
ဣဒ္ဓိ–ဝိဓာ–ပုဗ္ဗေနိ, နှစ်ပါးရှိ ဒိဗ္ဗာ၊
အာသဝက်ဉာဏ်မဟာ, အဘိညာခြောက်ပါး၊
ရောနှောကာ ဝိဇ္ဇာရုစ်ကို, တွက်စစ်မှတ်သား။

http://www.dhammadownload.com

သစ္စာအားဖြင့်နှစ်ပါး-ဟူသော်ကား မဟာကုသိုလ် မဟာကြိယာဉာဏသမ္မယုတ်စိတ်, အဘိညာဉ်ဒွေး, စေတသိက်သတ္တတ္တိ သသည် ဒုက္ခသစ္စာမည်၏၊ အရဟတ္တမဂ်စိတ်၌ရှိသော သမ္မာသင်္ကပ္ပ ။ပ။ သမ္မာသမာဓိ-ဟု ဆိုအပ်သော အရဟတ္တမဂ် ခုနစ်ပါးခြောက်ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသောအရဟတ္တမဂ်စိတ္တုပ္ပာဒ် နှစ်ဆယ့်ကိုးခုသည် သစ္စာ-ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့်-တည်း။

ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်နှစ်ပါးနှင့် ဣဒ္ဓိဝိဓ, ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါသာနုဿတိ, ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, အာသဝက္ခယ-တည်းဟူသော အဘိညာဉ်ခြောက်ပါးကို ပေါင်းက ဝိဇ္ဇာဉာဏ်ရှစ်ပါးဖြစ်၏-ဟု ဆိုလိုသည်။

ဝိပဿနာဉာဏ် [ဝိသေသေန ပဿတီတိ-ဝိပဿနာ။] ထူးခြားသော အနိစ္စ-အစရှိသော အခြင်းအရာအားဖြင့် ရူတတ်သိမြင်တတ်သော မဟာကုသိုလ် မဟာကြိယာဉာဏသမ္မယုတ်၌ရှိသော ဉာဏ်သည် "ဝိပဿနာဉာဏ်"မည်၏။

မနောမယိဒ္ဓိ [မနသာ နိဗ္ဗတ္တာ-မနောမယာ၊ မနောမယာစ သာ ဣဒ္ဓိစာတိ-မနောမယိဒ္ဓိ။] စိတ်ကြောင့်ဖြစ်သောတန်ခိုးသည် မနောမယိဒ္ဓိမည်၏၊ သန်လျက်အိမ်အတွင်း၌ အိမ်နှင့်တူသော သန်လျက်ရှိသကဲ့သို့ ထို့အတူ ပကတိခန္ဓာကိုယ်အတွင်း၌ အလားတူကိုယ်တစ်မျိုး ဖန်ဆင်းနိုင်ခြင်းသည် "မနောမယိဒ္ဓိ"မည်၏။

ဤမနောမယိဒ္ဓိသည် ဣဒ္ဓိဝိဓအဘိညာဉ်၏ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်သည်၊ ထို့ကြောင့် မနောမယိဒ္ဓိ-အရ အဘိညာဉ်၌ရှိသော ဉာဏ်ကို ကောက်သင့်၏။

ဣဒ္ဓိဝိဓ [ဣဇ္ဈတီတိ-ဣဒ္ဓိ၊ ဣဒ္ဓိဝိဓော ယသ္သာတိ-ဣဒ္ဓိဝိဓံ။] ပြီးစီးအောင်မြင်တတ်သော တန်ခိုးအမျိုးမျိုးရှိသော ဉာဏ်(တန်ခိုးအမျိုးမျိုးကို ဖြစ်စေနိုင်သောဉာဏ်)သည် "ဣဒ္ဓိဝိဓ"မည်၏။

ပရစိတ္တဝိဇာနနာ [ပရေသံ စိတ္တံ-ပရစိတ္တံ၊ ပရစိတ္တံ ဝိဇာနာတီတိ-ပရစိတ္တဝိဇာနနာ။] သူတစ်ပါးစိတ်ကို သိနိုင်သော အသိဉာဏ်သည် "ပရစိတ္တဝိဇာနန"မည်၏၊ စေတောပရိယအဘိညာဉ်-ဟုလည်း ခေါ်သေး၏။

ပုဗ္ဗေနိဝါသာနုဿတိ [နိဝသီယိ သူတိ-နိဝါသာ၊ ပုဗ္ဗေ နိဝါသာ-ပုဗ္ဗေနိဝါသာ၊ ပုဗ္ဗေနိဝါသာနံ အနုဿတိ-ပုဗ္ဗေနိဝါသာနုဿတိ။] ရှေးဘဝနေအပ်ဖူးသော ခန္ဓာ၊ ထိုခန္ဓာနှင့် ဆက်သွယ်နေသော အာရုံအမျိုးမျိုးကို ပြန်ပြောင်းအောက်မေ့နိုင်သောသတိနှင့်ယှဉ်သော ဉာဏ်သည် "ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်" မည်၏။

http://www.dhammadownload.com

ဒု-ကား အကုသိလ်စိတ် ဒွါဒသ, မောဟကြဉ်သော စေတသိက် ဆဗ္ဗီသ ရဏ်။

အာဒိလဒ္ဓနာမဒုက် မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက်အားဖြင့် နှစ်ပါး တို့တွင် မဟာကုသိလ် မဟာကြိယာဉာဏသမ္မယုတ်, အဘိညာဉ်ဒွေး, အရဟတ္တမဂ် စိတ်မှတစ်ပါး ကုသိလ်စိတ် သောဠသ, ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်သောဠသ, စေတသိက်အဋ္ဌတ္တိံသ, မဟာကုသိလ် မဟာကြိယာဉာဏသမ္မယုတ်, အဘိညာဉ်ဒွေး, အရဟတ္တမဂ်စိတ်ဌ်ရှိသောအမောဟ, အကုသိလ်စိတ်ဒွါဒသဌ်ရှိသောမောဟ, ဝိပဿနာဉာဏ်ကိစ္စမတပ်ခိုက် မဟာကုသိလ် မဟာကြိယာဉာဏသမ္မယုတ် စိတ်, စေတသိက်အဋ္ဌတ္တိံသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်-ဟု ဆိုအပ်သော ကြွင်းသောပရမတ္ထ တရား ရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသဒုက်မည်၏။

၂-ဝိဇ္ဇူပမဒုက်

ဝိဇ္ဇူပမာ-လျှပ်စစ်ဥပမာရှိကုန်သော၊ ဝါ-လျှပ်စစ်နှင့်တူကုန်သော၊ ဓမ္မာ။-

ဝဇိရူပမာ-မိုးကြိုးစက်ဥပမာရှိကုန်သော၊ ဝါ-မိုးကြိုးစက်နှင့်တူကုန်သော၊ ဓမ္မာ။

ဒိဗ္ဗစက္ခု [ဒိဝိ ဘဝံ-ဒိဗ္ဗံ၊ ဒိဗ္ဗဥ္စ တံ စက္ခုစာတိ-ဒိဗ္ဗစက္ခု၊ ဒိဗ္ဗစက္ခုဝိယာတိ-ဒိဗ္ဗ စက္ခု။] နတ်တို့၏ မျက်စိကဲ့သို့ ဝေးသောအဆင်း, သေးငယ်သောအဆင်းကိုပင် ပကတိမျက်စိဖြင့် သိမြင်ရသကဲ့သို့ မြင်နိုင်သောအဘိညာဉ်သည် "ဒိဗ္ဗစက္ခု"မည်၏၊ စုတေခါနိုးသူ, ပဋိသန္ဓေတည်နေပြီးခါစသူတို့ကိုလည်း မြင်နိုင်သောကြောင့် "စုတူပပါတ ဉာဏ်"ဟုလည်း ခေါ်သေး၏။

ဒိဗ္ဗသောတ နတ်တို့၏ သောတပသာဒကဲ့သို့ ဝေးသောအသံ, တိုးတိုးအသံမျိုးကို သော်မှလည်း ကြားသိနိုင်သောအဘိညာဉ်သည် "ဒိဗ္ဗသောတ"မည်၏။

အာသဝက္ခယဉာဏ် [ခီယန္တိ ဧတ္ထာတိ-ခယံ၊ အာသဝါနံ ခယံ-အာသဝက္ခယံ။] အာသဝေါတရားတို့၏ ကုန်ကြောင်းဖြစ်သည့် အရဟတ္တမဂ်ဌ် ရှိသောဉာဏ်သည် "အာသဝက္ခယဉာဏ်"မည်၏။

ဝိဇ္ဇူပမာ [ဝိဇ္ဇု ဥပမာ ဧတေသန္တိ-ဝိဇ္ဇူပမာ။] နောက်ထပ် မလွှမ်းမိုးနိုင်အောင် ကိလေသာအမိုက်မှောင်ကို ဖျက်ဆီးနိုင်သောကြောင့် လျှပ်စစ်နှင့်တူကုန်သော သောတာပတ္တိမဂ်ဉာဏ် အစရှိသည်တို့သည် "ဝိဇ္ဇူပမာ"မည်၏။ [လျှပ်စစ်နှင့် တူပုံကို နိဂ္ဂေပကဏ္ဍ အဋ္ဌကထာဌ်ရှု။]

)(B)

http://www.dhammadownload.com

ပ–ကား အောက်မင်္ဂစိတ်သုံးခုဠ်ရှိသော ပညာရဏ်။
ဒု–ကား အရဟတ္တမင်္ဂစိတ်ဠ်ရှိသော ပညာရဏ်။

စိတ်တစ်ခုယုတ်ကိုးဆယ်, မင်္ဂစိတ်လေးခုဠ်ရှိသော ပညာကြဉ်သောစေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၃–ဗာလဒုက်

ဗာလာ–မိုက်ကုန်သော၊ ဝါ–သူမိုက်တို့ဠ်ဒတည်ကုန်သော။
ပဏ္ဍိတာ–ပညာရှိကုန်သော၊ ဝါ–ပညာရှိဠ်ဒတည်ကုန်သော။
ပ–ကား အကုသိုလ်စိတ်ဒွါဒသ, စေတသိက်သတ္တဝီသ ရဏ်။
ဒု–ကား ကုသိုလ်စိတ်ဧကဝီသ, စေတသိက်အဋ္ဌတ္တိ်သ ရဏ်။

ဝဇိရူပမာ [ဝဇိရံ ဥပမာ ဧတေသန္တိ –ဝဇိရူပမာ။] ကိလေသာအမိုက်မှောင်ကို အကြွင်းမဲ့ဖျက်ဆီးနိုင်သောကြောင့် ဝရဇိန်(မိုးကြိုး)နှင့်တူသော အရဟတ္တမင်္ဂဉာဏ်သည် "ဝဇိရူပမာ"မည်၏။ [မိုးကြိုးနှင့်တူပုံကို ဤဒုက်အဖွင့်ဋီကာ, နိက္ခေပ ကဏ္ဍအဋ္ဌကထာတို့ဠ် ရှုပါ။]

ဗာလာ [အဿာသိတပဿာသိတမတ္တေန ဗလတိ, ဇိဝတီတိ–ဗာလော။] အသိအလိမ္မာ ဉာဏ်ပညာမဖက် ထွက်သက်ဝင်သက် ရှူရှိုက်ရုံမျှဖြင့် အသက်ရှင်နေတတ်သော လူမိုက် လူအ လူန လူဖျင်းသည် "ဗာလ"မည်၏။

တစ်နည်း [ဒွေ အနတ္ထေ လာတိ ဂဏှာတီတိ–ဗာလာ။] ပစ္စုပ္ပန်အကျိုးမဲ့, တမလွန်အကျိုးမဲ့နှစ်ပါးကို ယူတတ်(လက်ရသိမ်းပိုက်တတ်)သော လူမိုက်သည်ပင် "ဗာလ"မည်၏။

ဆိုခဲ့ပြီးသော နည်းနှစ်မျိုးတို့ဖြင့်ပင် ထိုလူမိုက်လူအ–၏ သန္တာန်ဠ် အကုသိုလ်ဖြစ်နေကြောင်းမှာ သိသာထင်ရှား၏၊ ထိုအကုသိုလ်တရားများသည် လူမိုက်လူအ–၏ သန္တာန်ဠ် ဖြစ်တတ်, တည်နေတတ်သော ဌာနီ၊ လူမိုက်လူအ–ကား ထိုအကုသိုလ်တို့၏ဖြစ်ရာတည်ရာ ဌာနမည်၏၊ ထိုနှစ်မျိုးတို့တွင် လူမိုက်–ဟူသော အနက်ကိုသာ ဗာလသဒ္ဒါကဟောနိုင်သည်၊ အကုသိုလ်–ဟူသော အနက်ကိုမူ မဟောနိုင်ပါချေ။ သို့ပင်ဖြစ်သော်လည်း ဌာနဖြစ်သော လူမိုက်၏ "ဗာလ"ဟူသောအမည်ကို ဌာနီဖြစ်သော အကုသိုလ်ဠ် တင်စားသုံးနှုန်း ခေါ်ဝေါ်ရသော ဌာနူပစာရ်အားဖြင့် အကုသိုလ်ကိုလည်း "ဗာလ"ဟု ခေါ်ဝေါ်ခွင့် ရှိပြန်သည်၊ ထို့ကြောင့် "ဗာလာ ဓမ္မာ"အရ အကုသိုလ်စိတ်ဒွါဒသကို ကောက်ရသည်။ [ဗာလေသု ဠိတတ္တာ ယာတ္ထ ဠိတာ တဒုပစာရေန ဗာလာ။ ဌ။ အထက်ဠ်ပေးထားသော အနက်နှစ်ချက်တို့တွင် ပထမအနက်ကား ဥပစာရတ္ထ၊ ဒုတိယအနက်ကား မုချတ္ထတည်း။]

http://www.dhammadownload.com

ဝိပါက်စိတ်ဆတ္တိ်သ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတ္တိ်သ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၄-ကဏ္ဍဒုက်

ကဏ္ဍာ-မည်းညစ်ကုန်သော၊ ဝါ-အပါယ်ဆင်းရဲ ဘုန်းနည်းခြင်း-ဟု ဆိုအပ်သော မည်းညစ်သောဇောတ်၏ အကြောင်းဖြစ်ကုန်သော။

သုက္ကာ-ဖြူစင်ကုန်သော၊ ဝါ-သုဂတိချမ်းသာ ဘုန်းကြီးခြင်း-ဟု ဆိုအပ်သော ဖြူစင်သောဇောတ်၏ အကြောင်းဖြစ်ကုန်သော။

ပ-ကား အကုသိုလ်ဒွါဒသ, စေတသိက်သတ္တဝီသ ရ၏။

ဒု-ကား ကုသိုလ်စိတ်ဧကဝီသ, စေတသိက်အဋ္ဌတ္တိ်သ ရ၏။

ဝိပါက်စိတ်ဆတ္တိ်သ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတ္တိ်သ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

ပဏ္ဍိတာ [ဂမ္ဘီရဉာဏေသု ပဏ္ဍတိ ဂစ္ဆတီတိ-ပဏ္ဍာ၊ ပညာ။ ပဏ္ဍာယ ဣတော ဂတောတိ-ပဏ္ဍိတော။] ပညာဖြင့်ဖြစ်တတ်သောပုဂ္ဂိုလ် (ပညာရှိသော ပုဂ္ဂိုလ်)သည် "ပဏ္ဍိတ"မည်၏။

တစ်နည်း [ဥဘောသု အတ္ထေသု ဉာဏဂတိယာ ပဏ္ဍတိ ဂစ္ဆတီတိ-ပဏ္ဍိတော။] ပစ္စုပ္ပန်အကျိုးစီးပွား, တမလွန်အကျိုးစီးပွား နှစ်ပါးလုံး၌ ဉာဏဂတိဖြင့် ဖြစ်တတ်သောပုဂ္ဂိုလ်သည် "ပဏ္ဍိတ"မည်၏။

ဤ၌လည်း နည်းနှစ်မျိုးလုံးပင် ပညာရှိပုဂ္ဂိုလ်၏သန္တာန်၌ ကုသိုလ်ဖြစ်နေကြောင်းမှာ သိသာထင်ရှား၏၊ သို့ဖြစ်ရကား ဌာနဖြစ်သော ပညာရှိ၏ "ပဏ္ဍိတ"ဟူသော အမည်ကို ဌာနီဖြစ်သော ကုသိုလ်ပေါ်၌ တင်စား၍ ကုသိုလ်တရားများကိုလည်း "ပဏ္ဍိတ"ဟု ဆိုနိုင်တော့သည်သာ၊ ထို့ကြောင့်ပင် ပဏ္ဍိတာ ဓမ္မာ-အရ ကုသိုလ်တရားများကို ကောက်ရသည်။

တစ်နည်း [ပဏ္ဍိတံ ပဏ္ဍိတဘာဝံ ကရောန္တီတိ-ပဏ္ဍိတာ။] ပညာရှိဖြစ်အောင် ပြုလုပ်ပေးတတ်သော ကုသိုလ်တရားများသည် "ပဏ္ဍိတ"မည်၏၊ ဤနည်းအလို "ပဏ္ဍိတာ-ပညာရှိ၏အဖြစ်ကို ပြုလုပ်တတ်ကုန်သော"ဟု အနက်ပေးပါ။

ကဏ္ဍာ [ကသတီတိ-ကဏ္ဍော။] ညှဉ်းဆဲတတ်သည့် မည်းညစ်မိုက်မဲသော အကုသိုလ်တရားတို့သည် "ကဏ္ဍ"မည်၏။ [ကုယတေ ကုစ္ဆိယတေတိ-ကဏ္ဍော။] ကဲ့ရဲ့အပ်သည့် မည်းညစ်မိုက်မဲသော တရားတို့သည် "ကဏ္ဍ"မည်၏။

http://www.dhammadownload.com

၅-တပနီယဒုက်

တပနီယာ-ပစ္စုပ္ပန်သံသရာနှစ်ပါး၌ ပူပန်စေတတ် ဆင်းရဲစေတတ်သော အကုသိုလ်-ဟု ဆိုအပ်ကုန်သော။

အတပနီယာ-ပစ္စုပ္ပန်သံသရာနှစ်ပါး၌ မပူပန်စေတတ်ချမ်းသာစေတတ်သော ကုသိုလ်-ဟု ဆိုအပ်ကုန်သော။

ပ-ကား အကုသိုလ်ဒွါဒသ, စေတသိက်သတ္တဝီသ ရှိ၏။

ဒု-ကား ကုသိုလ်ဧကဝီသ, စေတသိက်အဋ္ဌတ္တိံသ ရှိ၏။

ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတ္တိံသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

တစ်နည်း အပါယ်လေးဘုံသားတို့၏ အမျိုးဇာတ်သည် မည်းညစ်အောက်တန်းကျသောကြောင့် "ကဏှာဘိဇာတိ"မည်၏၊ လူတို့ဝယ် ဘုန်းကံမရှိသော အနုံအမွဲ အဆင်းရဲမျိုးသည်လည်း ကဏှာဘိဇာတိပင် မည်၏၊ အကုသိုလ်တရားတို့မူထိုကဏှာမည်သော အဘိဇာတိ၏ အကြောင်းဖြစ်၏၊ ထို့ကြောင့် အကျိုးအဘိဇာတိ၏ "ကဏှာ"ဟူသော အမည်ကို အကြောင်းအကုသိုလ်တရား၌ တင်စားသော ဖလူပစာရ်အားဖြင့် အကုသိုလ်တရားတို့ကိုလည်း "ကဏှာ"ဟုပင် ခေါ်ဆိုရလေသည်။ [ကဏှာဘိဇာတိ ဟေတုတောဝါ ကဏှာ။ ၌။ ကဏှာဘိဇာတီတိ-အပါယာ ဝုစ္စန္တိ မနုဿေသု ဒေါသဂ္ဂိယံ။ ဋီ။]

သုက္ကာ [သုစ္စတီတိ-သုက္ကော။] ဖြူဆွတ်စင်ကြယ်သော, စိတ်ကိုပြိုးပြိုးပြက် အရောင်ထွက်အောင် ပြုတတ်သော ကုသိုလ်တရားတို့သည် "သုက္က"မည်၏။

တစ်နည်း လူတို့၌ ဘုန်းကံကြီးမား ရုပ်ဆင်းခန-စသောအားဖြင့် အထက်တန်းကျသောအမျိုးနှင့် နတ်ဗြဟ္မာမျိုးတို့သည် "သုက္ကာဘိဇာတိ"မည်၏၊ ကုသိုလ်တရားတို့မူကား ထိုသုက္ကမည်သော အဘိဇာတိ၏အကြောင်း ဖြစ်ပေသည်၊ ထို့ကြောင့် အကျိုးအဘိဇာတိ၏ "သုက္က"ဟူသော အမည်ကို အကြောင်းဖြစ်သော ကုသိုလ်၌ တင်စားသော ဖလူပစာရ်အားဖြင့်ပင် ကုသိုလ်တရားများကိုလည်း "သုက္က"ဟူ၍ ခေါ်ဆိုရလေသည်။ [သုက္ကာဘိဇာတိဟေတုတော သုက္ကာ။ ၌။]

တပနီယာ [တာပေန္တီတိ-တပနီ ယာ။] မျက်မှောက်တမလွန် နှစ်တန်သောဘဝတို့၌ ပူပန်စေတတ်, ဆင်းရဲစေတတ်သော အကုသိုလ်တရားများသည် "တပနီယ"မည်၏။

တစ်နည်း [တာပေတီတိ-တပနံ၊ တပနဿ ဟိတာ-တပနီယာ။] မိမိဖြစ်ရာသတ္တဝါကို ပူလောင်စေတတ်သော ဒုက္ခ၏အစီးအပွားဖြစ်သော တရားတို့သည် "တပနီယ"မည်၏။ ဋီ။

http://www.dhammadownload.com

၆-အဓိဝစနဒုက်

အဓိဝစနာ-သဒ္ဒါမျှကိုသာ အကြီးအမှူးပြု၍ဖြစ်သော သဒ္ဒပညတ်-ဟု ဆိုအပ်ကုန်သော၊ ဝါ-နာမ, နာမကမ္မ, နာမဓေယျ, နာမနိရုတ္တိ, နာမဗျဉ္ဇန, နာမာဘိလာပ-တည်းဟူသော သဒ္ဒပညတ်-ဟု ဆိုအပ်ကုန်သော၊ ဝါ-အနက်၌ညွတ်တတ်သော အမည်-ဟု ဆိုအပ်သောနာမ, အနက်၌ညွတ်သည်ဖြစ်၍ပြုအပ်သော နာမကမ္မ, အနက်၌ညွတ်သည်ဖြစ်၍ ထားအပ်သည်-ဟု ဆိုအပ်သော နာမဓေယျ, အနက်၌ညွတ်သည်ဖြစ်၍ ထုတ်၍ဆိုအပ်သော နာမနိရုတ္တိ, အနက်၌ညွတ်သည်ဖြစ်၍ ပြတတ်သောဝါကျ-ဟု ဆိုအပ်သော နာမဗျဉ္ဇန, အနက်၌ညွတ်သည်ဖြစ်၍ ရှေးရှုဟောတတ်သော သဒ္ဒါ-ဟု ဆိုအပ်သော နာမာဘိလာပ-တည်းဟူသော သဒ္ဒပညတ်-ဟု ဆိုအပ်ကုန်သော။

အတပနီယာ [န တပနီယာ-အတပနီယာ။။] ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝတို့၌ မပူပန်စေတတ် မဆင်းရဲစေတတ်သော ကုသိုလ် တရားများသည် "အတပနီယ"မည်၏။

တစ်နည်း မိမိဖြစ်ရာ သတ္တဝါကို ပူလောင်စေတတ်သော ဒုက္ခ၏အစီးအပွားမဟုတ်သော တရားတို့သည် "အတပနီယ"မည်၏။

အဓိဝစနာ [ဝစနံ အဓိကိစ္စ ပဝတ္တာတိ-အဓိဝစနာ။] သဒ္ဒါမျှကိုသာ စွဲမှီရည်စူး၍ ဖြစ်သော (နာမည်ကောင်းရုံ, နာမည်လှရုံမျှကိုသာ ရည်ရွယ်၍ မှည့်ခေါ်ထားသော) သိရိဝမုက, ဓနဝမုက-စသော သဒ္ဒါတို့သည် "အဓိဝစန"မည်၏။

ကျွန်တစ်ဦးတစ်ယောက်ကို မှည့်ခေါ်ထားသော သိရိဝမုက-စသောသဒ္ဒါမျိုး, သူဆင်းရဲတစ်ဦးတစ်ယောက်ကို မှည့်ခေါ်ထားသော ဓနဝမုက-စသော သဒ္ဒါမျိုးသည် "အဓိဝစန"မည်၏-ဟု ဆိုလိုသည်။

သို့ပင်ဖြစ်စေကာမူ အခြားသဒ္ဒါများသည်လည်း အနက်မှန်ကို ဟောသည်ဖြစ်စေ, မဟောသည်ဖြစ်စေ ထိုသိရိဝမုက-စသော သဒ္ဒါမျိုးနှင့် အနက်ကို ထင်ရှားအောင်ပြုတတ်သော သဒ္ဒါချင်းတူသောကြောင့် သဒိသူပစာရ်အားဖြင့် "အဓိဝစန"မည်ကြသည်သာ၊ [သဗ္ဗဉ္စ ဝစနံ အဓိဝစနာဒိဘာဝံ ဘဇတိ။ ဍီ။] ဆိုခဲ့ပြီးသော စကားများအရ သဒ္ဒပညတ်ကိုသာ ရသေး၏၊ ပရမတ္ထတရားများကို မရသေး၊ ထို့ကြောင့် အရကောက်၌ "ထိုသဒ္ဒပညတ်-ဟူသည် အစိတ်သဒ္ဒါနှင့် မကင်းရကား သဝိညတ္တိကဝစီဘေဒသဒ္ဒတည်း"ဟု ပရမတ္ထတရား ပေါ်ထွက်အောင် ဝိညတ်နှင့်သဒ္ဒတို့ကို ထပ်ဆင့်ကောက်ရပေသည်။

တစ်နည်း [ဥပရိ ဝစနံ-အဓိဝစနံ။။] ထင်ရှားပြထိုက်သောအနက်၏ အထက်၌ဟောသော သဒ္ဒါသည် "အဓိဝစန"မည်၏။ ဍီ။

http://www.dhammadownload.com

အဓိဝစနပထာ–သဒ္ဒါမျှကိုသာ အကြီးအမှူးပြု၍ဖြစ်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်ကုန်သော။

ပ–ကား သုဏန္တ ပုဂ္ဂိုလ်တို့၏ အသိဉာဏ်အားတပ်သော သဒ္ဒပညတ် ရ၏၊ ထိုသဒ္ဒပညတ်–ဟူသည် အစိတ်သဒ္ဒါနှင့် မကင်းရကား သဝိညတ္တိကဝစီဘေဒ သဒ္ဒါတည်း၊ *ရူပက္ခန္ဓာ, သဒ္ဒါယတန ဓမ္မာယတန, သဒ္ဒဓာတ် ဓမ္မဓာတ်, ဒုက္ခသစ္စာမည်၏။

တစ်နည်း [အဓိနံ ဝစနံ–အဓိဝစနံ။] အနက်နှင့်စပ်သော သဒ္ဒါသည် "အဓိဝစန" မည်၏။ ဋီ။

အဓိဝစနပထာ [အဓိဝစနာနံ ပထာ–အဓိဝစနပထာ။] သဒ္ဒါမျှကိုသာ စွဲမှီရည်စူး၍ ဖြစ်သောသဒ္ဒါ (နာမပညတ်)တို့၏အကြောင်းဖြစ်သော အနက်(အတ္ထပညတ်)တို့သည် "အဓိဝစနပထ"မည်၏။

ဤမျှဖြင့် ပရမတ္ထတရား မပေါ်လွင် မထင်ရှားသေး၊ ထို့ကြောင့် "ထိုအတ္ထပညတ်–ဟူသည် အကြောင်းအနက်နှင့် မကင်းရကား စိတ်တစ်ခုယုတ်ကိုးဆယ်, ။ပ။ နိဗ္ဗာန်တည်း–ဟု ထပ်ဆင့်၍ အရကောက်ပြထားသည်။

"သဗ္ဗေပိ ဓမ္မာ အဓိဝစနပထာ"ဟူ၍ နိက္ခေပကဏ္ဍပါဠိတော်၌ ဟောတော်မူထားသောကြောင့် အဓိဝစနပထ–မမည်သော တရားဟူ၍ မရှိ၊ ထို့ကြောင့် ပရမတ္ထတရား လေးပါးလုံးကိုပင် ကောက်ပြထားရသည်။

အနက်ပေး ရှင်းလင်းချက် ပထမပဒ၏ နောက်အနက်များမှာ "ပညာပနတော ပညတ္တိ ပန နာမ နာမကမ္မာဒိနာမေန ပရိဒီပိတာ" ဟူသော အဘိဓမ္မတ္ထသင်္ဂဟစကား, "နာမံ နာမကမ္မံ နာမဓေယ္ယံ နိရုတ္တိ ဗျဉ္ဇနံ အဘိ လာပေါ"ဟူသော နိက္ခေပကဏ္ဍပါဠိတော်များကို အထောက်အထားပြု၍ ပေးထားသော အနက်များဖြစ်ပေသည်။

ဆောင်။ ။နာမ်–ကံ–ဓေ–နိ, ဗျဉ်–အဘိ, ရှေ့ရှိနာမာ–နောက်ငါးမှာ။

နာမ [အတ္ထေ နမတီတိ–နာမံ၊ အတ္ထနိ အတ္ထေ နာမေတီတိ–နာမံ။] အနက်သို့ ညွတ်တတ်, မိမိသို့ အနက်တို့ကို ညွတ်စေတတ်သော နာမ–ဟု ပေးသင့်၏။

သာမညနာမ်, ဂုဏနာမ်, ကိတ္တိမနာမ်, သြပပါတိကနာမ်–ဟူသော နာမ်လေးမျိုးလုံးကိုပင် နာမ–အရ ယူသင့်၏။ ဌ။ [ထိုနာမ်လေးမျိုးတို့၏ အဓိပ္ပာယ်ကို နာမ်ပုဒ်စစ်–စသည်၌ ရှုပါ။]

ဆောင်။ ။သာမဉ် ဂုဏ, ကိတ္တိမ, သြပပါတိနာမ်။

http://www.dhammadownload.com

ဒု-ကား ဝဒန္တ ပုဂ္ဂိုလ်တို့၏ အသိဉာဏ်အားတပ်သော အတ္ထပညတ်ရ၏၊ ထိုအတ္ထပညတ်-ဟူသည် အကြောင်းအနက်နှင့်မကင်းရကား စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တည်း။ [ခန္ဓာ-စသည်ဖွဲ့ပါ။]

၇-နိရုတ္တိဒုက်

နိရုတ္တိ-ထုတ်၍ဆိုအပ်သော သဒ္ဒပညတ်-ဟု ဆိုအပ်ကုန်သော၊ ဝါ-ကုန်သော၊ ဝါ-နာမာဘိလာပ-တည်းဟူသော သဒ္ဒပညတ်-ဟု ဆိုအပ်ကုန်သော။

နိရုတ္တိပထာ-ထုတ်၍ဆိုအပ်သော သဒ္ဒပညတ်တို့၏အကြောင်းဖြစ်ကုန်သော။

နာမကမ္မ [ကရီယတီတိ-ကမ္မံ၊ နာမမေဝ ကမ္မံ-နာမကမ္မံ။] အနက်သို့ညွတ်တတ်, မိမိသို့ အနက်များကို ညွတ်စေတတ်သည်သာဖြစ်၍ ရှေးပညာရှိတို့ပြုအပ်သော နာမကမ္မ,

နာမဓေယ္ယ [ဓီယတိ ဌပီယတီတိ-ဓေယ္ယံ၊ နာမမေဝ ဓေယ္ယံ-နာမဓေယ္ယံ။] အနက်များသို့ညွတ်တတ်, မိမိသို့ အနက်များကို ညွတ်စေတတ်သည်သာဖြစ်၍ ရှေးပညာရှိတို့ ထားအပ်သောနာမဓေယ္ယ,

နာမနိရုတ္တိ [ဥစ္စတေတိ-ဥတ္တိ၊ နိဟရိတွာ ဥတ္တိ-နိရုတ္တိ၊ နာမမေဝ နိရုတ္တိ-နာမနိရုတ္တိ။] အနက်များသို့ညွတ်တတ် မိမိသို့ အနက်များကို ညွတ်စေတတ်သည်သာဖြစ်၍ ထုတ်ဆိုအပ်သော နာမနိရုတ္တိ,

နာမဗျဉ္ဇန [အတ္ထံ ဗျဉ္ဇယတိ ပကာသေတီတိ-ဗျဉ္ဇနံ၊ နာမမေဝ ဗျဉ္ဇနံ-နာမဗျဉ္ဇနံ။] အနက်များသို့ညွတ်တတ် မိမိသို့ အနက်များကို ညွတ်စေတတ်သည်သာဖြစ်၍ အနက်ကို ထင်ရှားပြတတ်သော နာမဗျဉ္ဇန,

နာမာဘိလာပ [အဘိလပ္ပတီတိ-အဘိလာပေါ၊ နာမမေဝ အဘိလာပေါ-နာမာဘိလာပေါ။] အနက်တို့သို့ညွတ်တတ် မိမိသို့ အနက်များကို ညွတ်စေတတ်သည်သာဖြစ်၍ ရှေ့ရှုရွတ်ဆိုအပ်သော နာမာဘိလာပ၊ ဤသို့ ဆိုင်ရာဝိဂြိဟ်ဝါကျအားလျော်စွာ အနက်ပေးသင့်၏။

တစ်နည်း "ဝါ-အနက်သို့ညွတ်တတ် မိမိသို့ အနက်များကို ညွတ်စေတတ်သောနာမ,
မှည့်အပ်သောအမည်-ဟူသော နာမကမ္မ,
ထားအပ်သောအမည်-ဟူသော နာမဓေယ္ယ,
ထုတ်ဆိုအပ်သောအမည်-ဟူသော နာမနိရုတ္တိ,
အနက်ကိုထင်ရှားပြတတ်သောအမည်-ဟူသော နာမဗျဉ္ဇန,
ရှေ့ရှုဆိုအပ်သောအမည်-ဟူသော နာမာဘိလာပ-တည်းဟူသော သဒ္ဒပညတ်-ဟု ဆိုအပ်ကုန်သော"ဟူ၍ အနက်ပေးသင့်၏။

နိရုတ္တိ [နိဟရိတွာ ဥစ္စန္တေတိ-နိရုတ္တိ။] ထုတ်ဖော်၍ အကြောင်းနှင့်တကွ ဟောအပ်သော သဒ္ဒါတို့သည် "နိရုတ္တိ"မည်၏။

http://www.dhammadownload.com

၈-ပညတ္တိ

ပညတ္တိ-အပြားအားဖြင့်သိစေတတ်သော သဒ္ဒပညတ်-ဟုဆိုအပ်ကုန်သော၊ ဝါ-ကုန်သော၊ ဝါ....နာမာဘိလာပ-တည်းဟူသော သဒ္ဒပညတ်-ဟု ဆိုအပ်ကုန်သော။

ပညတ္တိပထာ-အပြားအားဖြင့်သိစေတတ်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်ကုန်သော။ [နှစ်ဒုက်လုံးကိုပင် အဓိဝစနဒုက်ကဲ့သို့ ကောက်။]

၉-နာမရူပဒုက်

နာမဥ္စ-ညွတ်ခြင်းကိုပြုတတ်သော တရားသည်လည်း၊ ဝါ-ညွတ်တတ်သော တရားသည်လည်း၊ ဝါ-ညွတ်စေတတ်သော တရားသည်လည်း၊ အတ္ထိ-ရှိ၏။

အကြောင်းနှင့်တကွ အနက်ကို ထုတ်ပြခြင်းမရှိသော သဒ္ဒါတို့သည်လည်း အနက်ကို ထင်ရှားပြခြင်း (အတ္ထပကာသန)အားဖြင့် တူကြသောကြောင့် သဒိသူပစာရ်အားဖြင့် "နိရုတ္တိ"ဟူသော အမည်ကို ရယူနိုင်ကြသည်။

တစ်နည်း [နိစ္ဆိတာ ဥတ္တိ-နိရုတ္တိ။] အနက်ကို ထင်ရှားပြခြင်း၌ ဆုံးဖြတ်အပ်ပြီးသော သဒ္ဒါတို့သည် "နိရုတ္တိ"မည်၏။ ဦ။

တစ်နည်း [နိယတာ ဥတ္တိ-နိရုတ္တိ။] အနက်ကို ထင်ရှားပြခြင်း၌ မြဲသောသဒ္ဒါတို့သည် "နိရုတ္တိ"မည်၏။ ဦ။

နိရုတ္တိပထာ [နိရုတ္တိနံ ပထာ-နိရုတ္တိပထာ။] ထုတ်၍ဆိုအပ်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်သော အနက်(အတ္ထပညတ်)တို့သည် "နိရုတ္တိပထ"မည်၏။

ပညတ္တိ [ပကာရေန ဉာပေတီတိ-ပညတ္တိ။] အနက်တစ်ခုတည်းကိုပင် အမျိုးမျိုး အဖုံဖုံအားဖြင့် သိစေတတ်သော "တက္ကော, ဝိတက္ကော, သင်္ကပ္ပော"စသော သဒ္ဒါတို့သည် "ပညတ္တိ"မည်၏၊ ထိုသို့ အမျိုးမျိုး အဖုံဖုံဖြင့် မသိစေအပ် တစ်ပုဒ်တည်းဖြင့် တစ်နက်တည်းကိုသာ ပြတတ်သော သဒ္ဒါ-စသည်တို့သည်လည်း အနက်ကိုထင်ရှားပြခြင်းအားဖြင့် တူသောကြောင့် သဒိသူပစာရ်အားဖြင့် "ပညတ္တိ"မည်ကြသည်သာ။

ပညတ္တိပထာ [ပညတ္တိနံ ပထာ-ပညတ္တိပထာ။] အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်သော အတ္ထပညတ်တို့သည် "ပညတ္တိပထ"မည်၏။

နာမ [နာမံ ကရောတီတိ-နာမံ။] "နာမကရဏ"ဟု ဆိုလိုလျက် "ကရဏ"ဟူသော နောက်ပုဒ် ကျေနေသည်၊ မိမိတို့အမည်ကို မိမိတို့ကိုယ်တိုင် ပြုလုပ်တတ်သော နာမကွန္ဓာလေးပါးနှင့် နိဗ္ဗာန်တို့သည် "နာမ"မည်၏၊ တွေ့ထိခြင်းသဘော, ခံစားခြင်း

http://www.dhammadownload.com

ရူပဥ္စ–ဖောက်ပြန်တတ်သောတရားသည်လည်း၊ ဝါ–အချမ်းအပူ–စသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်းသို့ရောက်တတ်သော တရားသည်လည်း၊ ဝါ–အချမ်းအပူ–စသော ဆန့်ကျင်ဘက်အကြောင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်စေအပ်သော တရားသည်လည်း၊ အတ္ထိ–ရှိ၏။

ပ–ကား စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, နိဗ္ဗာန် ရ၏။
ဒု–ကား ရုပ်အဋ္ဌဝီသ ရ၏။ [သဗ္ဗလဒ္ဓနာမဒုက်မည်၏၊ နိပ္ပဒေသဒုက်မည်၏။]

သဘော–စသည် ရှိသော ဖဿ, ဝေဒနာ–စသည်တို့သည် မိမိတို့သဘောအလျောက်ပင် ဖဿ, ဝေဒနာ–စသော အမည်ကို ရကြပေ၏၊ ထို့ကြောင့် "နာမ"ဟူသောအမည်ကို ရကြလေသည်။

အမည်ကို ပြုတတ်သောကြောင့် နာမ်–ဟု ခေါ်ရပါလျှင် ပထဝီ–စသော ရုပ်တရားများကို နာမ်မခေါ်ဘဲ နာမက္ခန္ဓာလေးပါးနှင့် နိဗ္ဗာန်တို့ကိုသာ အဘယ့်ကြောင့် "နာမ်"ဟု ခေါ်ရပါသနည်း။

ပထဝီ–စသော ရုပ်တရားတို့သည် မိမိတို့၏သဘောအလျောက် ရထားသောအမည် အပြင် ကေသ(ဆံပင်), ကုမ္ဘ(အိုး)–စသော အခြားသင့်လျော်သော အမည်အမျိုးမျိုးကိုလည်း ရရှိနိုင်သေး၏၊ နာမ်တရားတို့မူကား ထိုကဲ့သို့ မရရှိနိုင်ကြချေ၊ မိမိတို့ ရထားပြီးသော အမည်ဖြင့်ပင် အမြဲတမ်း ထင်ရှားနေကြပေသည်၊ ထို့ကြောင့် ပထဝီ–စသော ရုပ်တရားများကို နာမ–ဟု မခေါ်ဘဲ ဖဿ–စသည်တို့ကိုသာ နာမ–ဟုခေါ်သည်။ ဋီ–ကိုမှီ။

ဆောင်။ ။မိမိရထား, အမည်များပြင်, အခြားသင့်ရာ, မည်ရလာ,
ရုပ်မှာ နာမ်မမည်။

တစ်နည်း [နမတိတိ–နာမံ။] အာရုံသို့ ညွတ်တတ်သောကြောင့် နာမက္ခန္ဓာလေးပါးကို "နာမ်"ဟု ခေါ်ရသည်၊ အာရုံပြုတတ်သော အာရမဏိကတရားများသည် "နာမ်"မည်၏–ဟု ဆိုလိုသည်၊ နာမက္ခန္ဓာလေးပါးတို့သည် အာရုံတို့နှင့်ကင်း၍ မည်သည့် အခါမှ မဖြစ်ကြ၊ အာရုံရှိမှသာ ဖြစ်ကြရသည်၊ ထိုသို့ဖြစ်ကြရသည့် သဘောကိုပင်" အာရုံသို့ညွတ်သည်–ဟု ဆိုလိုသည်။

တစ်နည်း [အတ္တနိ အာရမဏိကဓမ္မေ နာမေတိတိ–နာမံ။] မိမိသို့ အာရမဏိကတရားများကို ညွတ်စေတတ်သော နာမက္ခန္ဓာလေးပါးနှင့် နိဗ္ဗာန်တို့သည် "နာမ်"မည်၏၊ အာရမဏိကတရားများ၏ အာရုံဖြစ်သော တရားများသည် "နာမ်"မည်၏–ဟု ဆိုလိုသည်။

ရူပ [သီတုဏှာဒိဝိရောဓိပစ္စယေဟိ ရုပ္ပတီတိ–ရူပံ။] အအေးအပူ–စသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သော သဘောတရားသည် "ရူပ"မည်၏။

http://www.dhammadownload.com

၁၀-အဝိဇ္ဇာဒုက်

အဝိဇ္ဇာစ-သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟသည်လည်း၊ ဝါ-သစ္စာလေးပါးကို မသိခြင်း မောဟသည်လည်း၊ ဝါ-သိအပ်သည်ကို မသိတတ်သော မောဟသည်လည်း၊ ဝါ-မသိအပ်သည်ကို သိတတ်သောမောဟသည်လည်း၊ အတ္ထိ-ရှိ၏။

ဘဝတဏှာစ-ဘဝကိုတောင့်တတတ်သော လောဘသည်လည်း၊ ဝါ-ဘဝတို့၌ တပ်မက်သော လောဘသည်လည်း၊ အတ္ထိ-ရှိ၏။

ပ-ကား သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟရ၏။

ဒု-ကား ဘဝကိုတပ်မက်သော လောဘရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, အဝိဇ္ဇာ ဘဝတဏှာကြဉ်သော စေတသိက် ဇက ပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

တစ်နည်း အအေးအပူ-စသော ဆန့်ကျင်ဘက် အကြောင်းတရားတို့သည် ဖောက်ပြန်စေအပ်သော တရားများသည် "ရူပ"မည်၏။ [သုဒ္ဓကတ္တုသာဓန ဟေတု ကမ္မသာဓန နှစ်ချက်သင့်။]

အဝိဇ္ဇာ [ဝိဒတိ ဇာနာတီတိ-ဝိဇ္ဇာ၊ န ဝိဇ္ဇာ-အဝိဇ္ဇာ။] သိတတ်သောဉာဏ်သည် "ဝိဇ္ဇာ"မည်၏၊ ထိုသိတတ်သောဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သော မောဟသည် "အဝိဇ္ဇာ"မည်၏၊ ပထမပေးထားသော အနက်မှာ အဓိပ္ပာယတ္ထသာ၊ ဒုတိယအနက်ကား ဝိဂြိဟ်အားလျော်စွာ ပေးထားသောအနက် ဖြစ်ပါသည်။

[ဝိန္ဒတိ ပဋိလဘတီတိ-ဝိဇ္ဇာ၊ န ဝိဇ္ဇာ-အဝိဇ္ဇာ။] မရဏင့်သော ကာယဒုစရိုက်-စသည်ကို မရဘဲ ရဏင့်သော ကာယသုစရိုက်-စသည်ကို ရတတ်သော ဉာဏ်သည် "ဝိဇ္ဇာ"မည်၏၊ ထိုဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သော မောဟသည် "အဝိဇ္ဇာ"မည်၏၊ မရဏင့်သော ကာယဒုစရိုက်-စသည်ကို ရတတ်သော မောဟ, ရဏင့်သော ကာယသုစရိုက်-စသည်ကို မရတတ်သော မောဟသည် "အဝိဇ္ဇာ"မည်၏-ဟု ဆိုလိုသည်။

[အန္တ ဝိရဟိတေ ဇဝါပေတီတိ-အဝိဇ္ဇာ။] အဆုံးမရှိသော သံသရာ၌ သတ္တဝါတို့ကို ပြေးသွားကျင်လည်စေတတ်သော မောဟသည် "အဝိဇ္ဇာ"မည်၏၊ " အန္တ+ဝိရဟိတ+ဇဝ-ဟု ဆိုလိုလျက် "အ-ဝိ-ဇ"တို့ကို ချန်ထား၍ အကြွင်းကိုချေ၊ ဇ-ကို ဒွေးဘော်ပြု၊ အာ-ပစ္စည်းသက်၍ "အဝိဇ္ဇာ"ဟု ဖြစ်သည်။ မဟာဋီ။]

[အဝိဇ္ဇမာနေသု ဇဝတီတိ-အဝိဇ္ဇာ။] ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ကျတ္ထိ, ပုရိသ-စသည်တို့၌ သွားရောက်တတ် ဖြစ်တတ်သော မောဟသည် "အဝိဇ္ဇာ"မည်၏၊ ပရမတ္ထအစစ်အမှန်အားဖြင့် မမြင်မူ၍ ကျတ္ထိ, ပုရိသ-စသည်ထင်အောင် လှည့်ပတ်

http://www.dhammadownload.com

၁၁-ဘဝဒိဋ္ဌဒုက်

ဘဝဒိဋ္ဌစ-မြဲသည်၏အစွမ်းဖြင့်ဖြစ်သော မိစ္ဆာအယူသည်လည်း၊ ဝါ-မိမိကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း ဖြစ်လတ္တံ့-ဟု ဖောက်ပြန်သော အယူသည်လည်း၊ အတ္ထိ-ရှိ၏။

ဝိဘဝဒိဋ္ဌစ-ပြတ်သည်၏အစွမ်းဖြင့်ဖြစ်သော မိစ္ဆာအယူသည်လည်း၊ ဝါ-မိမိကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း မဖြစ်လတ္တံ့-ဟု ဖောက်ပြန်သော အယူသည်လည်း၊ အတ္ထိ-ရှိ၏။

ပ-ကား ဘဝဒိဋ္ဌိ ရ၏။

ဒု-ကား ဝိဘဝဒိဋ္ဌိ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, ဘဝဒိဋ္ဌိ ဝိဘဝဒိဋ္ဌိကြဉ်သော စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝိသ, နိဗ္ဗာန်ကား ဒုက်မုတ်။ [ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိ-ဆိုရုံမျှဖြင့် ဒိဋ္ဌိမကုန်သောကြောင့် ၄င်းတို့ကိုကြဉ်သော်လည်း စေတသိက်အရေအတွက် မလျော့။]

သွေးဆောင်တတ်သော မောဟသည် "အဝိဇ္ဇာ"မည်၏-ဟု ဆိုလိုပါသည်။ ["အဝိဇ္ဇမာန ဇဝ"ဟု ဆိုလိုလျက် "အ-ဝိ-ဇ"တို့ကို ချန်ထား၍ အကြွင်းကိုချေ၊ ဇ-ကို ဒွေးဘော်ဆင့်၊ အာ-ပစ္စည်းသက်၍ "အဝိဇ္ဇာ"ဟု ပုဒ်ပြီးသည်။]

[ဝိဇ္ဇမာနေသု နဇဝတီတိ-အဝိဇ္ဇာ။] ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ-စသည်တို့၌ မသွားရောက်တတ် မဖြစ်တတ် မသိတတ်သော မောဟသည် "အဝိဇ္ဇာ"မည်၏၊ "ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ-စသည်ကို မသိတတ်သောမောဟ"ဟု ဆိုလိုသည်။ [ဤ၌လည်း ဝိဇ္ဇမာနအဇဝ"ဟု ဆိုလိုလျက် "ဝိ-အ-ဇ"တို့ကို ချန်ထား၍ အကြွင်းကိုချေ၊ ဝိနှင့်အ-ကို ရှေ့နောက်ပြန်၊ ဇ-ကို ဒွေးဘော်ဆင့်၊ အာ-ပစ္စည်းသက်၍ "အဝိဇ္ဇာ"ဟု ပုဒ်ပြီးသည်။]

ဘဝတဏှာ [တသတီတိ-တဏှာ၊ ဘဝံ တဏှာ-ဘဝတဏှာ။] မိမိဖြစ်ရာဘုံဘဝကို တပ်မက်မောတတ်သော လောဘသည် "ဘဝတဏှာ"မည်၏။

တစ်နည်း [ဘဝေသု တဏှာ-ဘဝတဏှာ။] ထိုထိုဘုံဘဝတို့၌ တပ်မက်မောတတ်သော လောဘသည် "ဘဝတဏှာ"မည်၏။

စေတသိက်ကေပညာသ ဘဝတဏှာမည်သော လောဘအပြင် အခြားလောဘအမျိုးမျိုးကျန်နေသေး၏၊ ထို့ကြောင့် အဝိဇ္ဇာဆိုက မောဟအကုန် ပါဝင်သွားသကဲ့သို့ ဘဝတဏှာ-ဆိုရုံမျှဖြင့် လောဘအကုန်လုံး ပါဝင်မသွားရကား "အဝိဇ္ဇာ,ဘဝတဏှာကြဉ်သော စေတသိက် ၈ကပညာသ"ဟု ဆိုရပေသည်။

ဘဝဒိဋ္ဌိ [ဘဝတီတိ-ဘဝေါ၊ ဘဝေါ ဣတိ ပဝတ္တာ ဒိဋ္ဌိ-ဘဝဒိဋ္ဌိ။] "အတ္တလောက အခါခပ်သိမ်း ထင်ရှားရှိ၏၊ မြဲ၏"ဟု ယူသော မိစ္ဆာအယူမျိုးသည် "ဘဝဒိဋ္ဌိ"မည်၏။

http://www.dhammadownload.com

၁၂-သဿတဒိဋ္ဌဒုက်

သဿတဒိဋ္ဌိစ-မိမိကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း မြဲ၏-ဟုဖြစ်သော မိစ္ဆာအယူသည်လည်း၊ အတ္ထိ-။

ဥစ္ဆေဒဒိဋ္ဌိစ-မိမိကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း ပြတ်လတ္တံ့-ဟုဖြစ်သော မိစ္ဆာအယူသည်လည်း၊ အတ္ထိ။

ပ-ကား သဿတဒိဋ္ဌိ ရ၏။

ဒု-ကား ဥစ္ဆေဒဒိဋ္ဌိ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိကြဉ်သော စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၁၃-အန္တဝါဒိဋ္ဌဒုက်

အန္တဝါဒိဋ္ဌိစ-မိမိကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း အဆုံးရှိ၏-ဟု ဖြစ်သော မိစ္ဆာအယူသည်လည်း၊ အတ္ထိ။

အနန္တဝါဒိဋ္ဌိစ-မိမိကိုယ်သည်လည်းကောင်း, လောကသည်လည်းကောင်း အဆုံးမရှိ-ဟု ဖြစ်သော မိစ္ဆာအယူသည်လည်း၊ အတ္ထိ။

ပ-ကား အန္တဝါဒိဋ္ဌိ ရ၏။

ဒု-ကား အနန္တဝါဒိဋ္ဌိ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, အန္တဝါဒိဋ္ဌိ အနန္တဝါဒိဋ္ဌိကြဉ်သော စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

ဝိဘဝဒိဋ္ဌိ [နာ ဘဝတိတိ-ဝိဘဝေါ၊ ဝိဘဝေါကျတိ ပဝတ္တာ ဒိဋ္ဌိ-ဝိဘဝဒိဋ္ဌိ။] "အတ္တ လောက အမြဲဆက်၍မဖြစ်တတ် သေလျှင်ပြတ်၏-ဟူ၍ ယူသော မိစ္ဆာအယူမျိုးသည် "ဝိဘဝဒိဋ္ဌိ"မည်၏။

သဿတဒိဋ္ဌိ [သဒါ သတံ-သဿတံ၊ သဿတန္တိ ပဝတ္တာ ဒိဋ္ဌိ-သဿတဒိဋ္ဌိ။] "အတ္တ လောက အခါခပ်သိမ်း ထင်ရှားရှိ၏၊ မြဲ၏"ဟု ဖြစ်သော မိစ္ဆာအယူသည် "သဿတဒိဋ္ဌိ"မည်၏။

ဥစ္ဆေဒဒိဋ္ဌိ [ဥစ္ဆိဇ္ဇိဿတီတိ-ဥစ္ဆေဒေါ၊ ဥစ္ဆေဒေါကျတိ ပဝတ္တာ ဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ။] "အတ္တ, လောက ပြတ်လတ္တံ့"ဟု ဖြစ်သော မိစ္ဆာအယူသည် "ဥစ္ဆေဒဒိဋ္ဌိ" မည်၏။

အန္တဝါဒိဋ္ဌိ [အန္တော အဿ အတ္ထီတိ-အန္တဝါ၊ အန္တဝါကျတိ ပဝတ္တာ ဒိဋ္ဌိ-အန္တဝါဒိဋ္ဌိ။] "အတ္တ,လောက အဆုံးအပိုင်းအခြား ရှိ၏"ဟု ဖြစ်သော မိစ္ဆာအယူသည် "အန္တဝါဒိဋ္ဌိ"မည်၏။

http://www.dhammadownload.com

၁၄-ပုဗ္ဗန္တာနုဒိဋ္ဌဒုက်

ပုဗ္ဗန္တာနုဒိဋ္ဌစ-ရှေ့အဖို့သို့ အစဉ်လိုက်သော မိစ္ဆာအယူသည်လည်း၊ ဝါ-ရှေ့အဖို့ကို အာရုံပြု၍ဖြစ်သော မိစ္ဆာအယူသည်လည်း၊ အတ္ထိ။

အပရန္တာနုဒိဋ္ဌစ-နောက်အဖို့သို့ အစဉ်လိုက်သော မိစ္ဆာအယူသည်လည်း၊ ဝါ-နောက်အဖို့ကို အာရုံပြု၍ဖြစ်သော မိစ္ဆာအယူသည်လည်း၊ အတ္ထိ။

ပ-ကား ပုဗ္ဗန္တာနုဒိဋ္ဌ ရ၏။

ဒု-ကား အပရန္တာနုဒိဋ္ဌ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, ပုဗ္ဗန္တာနုဒိဋ္ဌ အပရန္တာနုဒိဋ္ဌကြဉ်သော စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၁၅-အဟိရိကဒုက်

အဟိရိကဥ္စ-စက်ဆုပ်အပ်သော ကာယဒုစရိုက်-စသည်ကို မစက်ဆုပ်တတ်သော သဘောတရားသည်လည်း၊ ဝါ-ရှက်အပ်သော ကာယဒုစရိုက်-စသည်မှ မရှက်တတ်သော သဘောတရားသည်လည်း၊ အတ္ထိ။

အနန္တဝါဒိဋ္ဌိ [နံ အန္တ ဝါ-အနန္တ ဝါ၊ အနန္တ ဝါဣတိ ပဝတ္တာ ဒိဋ္ဌိ-အနန္တ ဝါဒိဋ္ဌိ။] "အတ္တ,လောက အဆုံးအပိုင်းအခြားမရှိ"ဟု ဖြစ်သော မိစ္ဆာအယူသည် "အနန္တ ဝါဒိဋ္ဌိ"မည်၏။

ပုဗ္ဗန္တာနုဒိဋ္ဌိ [ပုဗ္ဗန္တံ အနုဂတာ ဒိဋ္ဌိ-ပုဗ္ဗန္တာနုဒိဋ္ဌိ။] ရှေးအတိတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်သို့ အစဉ်လိုက်သော မိစ္ဆာအယူသည် "ပုဗ္ဗန္တာနုဒိဋ္ဌိ" မည်၏။

အပရန္တာနုဒိဋ္ဌိ [အပရန္တံ အနုဂတာ ဒိဋ္ဌိ-အပရန္တာနုဒိဋ္ဌိ။] နောက်အနာဂတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်-အဖို့သို့ အစဉ်လိုက်သော မိစ္ဆာအယူသည် "အပရန္တာနုဒိဋ္ဌိ"မည်၏။

ဤမိစ္ဆာအယူများနှင့် ပတ်သက်သော အနက်အဓိပ္ပာယ်များကို သိလက္ခန္ဓဝဂ္ဂပါဠိ, အဋ္ဌကထာတို့၌ ရှုပါ၊ သဿတဒိဋ္ဌိဒုက်, အန္တ ဝါဒိဋ္ဌိဒုက်, ပုဗ္ဗန္တာနုဒိဋ္ဌိဒုက်, ဝိဇ္ဇူပမဒုက်, တပနီယဒုက်, အဓိဝစနဒုက်, နိရုတ္တိဒုက်, ပညတ္တိဒုက်တို့ကို အဂုံတွရနိကာယ် ဧကနိပါတ် ဒုကနိပါတ်နှင့် သင်္ဂီတိသုတ်, ဒသုတ္တရသုတ်တို့၌ မတွေ့ရှိရပါပေ။

အဟိရိက [နံ ဟိရိယတိ, ဟိရိယိတဗ္ဗောတိ-အဟိရိကံ။] ရှက်ထိုက်သော ကာယဒုစရိုက်-စသည်ကို မရှက်တတ်သော သဘောတရားသည် "အဟိရိက" မည်၏။

http://www.dhammadownload.com

အနောတ္တပ္ပဒု-လန့်အပ်သော ကာယဒုစရိုက်-စသည်မှ မလန့်တတ်သော သဘောတရားသည်လည်း၊ အတ္ထိ။

ပ-ကား အဟိရိက ရ၏။

ဒု-ကား အနောတ္တပ္ပ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, အဟိရိက အနောတ္တပ္ပကြဉ်သော စေတသိက် ပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၁၆-ဟိရီဒုက်

ဟိရီစ-စက်ဆုပ်အပ်သော ကာယဒုစရိုက်-စသည်ကို စက်ဆုပ်တတ်သော သဘောတရားသည်လည်း၊ ဝါ-ရှက်အပ်သော ကာယဒုစရိုက်-စသည်မှ ရှက်တတ်သော သဘောတရားသည်လည်း၊ အတ္ထိ။

သြတ္တပ္ပဒု-လန့်အပ်သော ကာယဒုစရိုက်-စသည်မှ လန့်တတ်သော သဘောတရားသည်လည်း၊ အတ္ထိ။

ပ-ကား ဟိရီ ရ၏။

ဒု-ကား သြတ္တပ္ပ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, ဟိရီ သြတ္တပ္ပကြဉ်သော စေတသိက်ပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၁၇-ဒေါဝစဿတာဒုက်

ဒေါဝစဿတာစ-ဆိုဆုံးမခက်သောစကားရှိသောသူ၏ အမှု၏အဖြစ်သည်လည်း၊ အတ္ထိ။

တစ်နည်း [နဟိရိယတိ, ဟိရိယိတမ္မေနာတိ-အဟိရိကော၊ အဟိရိကဿ ဘာဝေါ-အဟိရိကံ။] ရှက်ထိုက်သော ကာယဒုစရိုက်-စသည်တို့ကို မရှက်တတ်သော ပုဂ္ဂိုလ်၏ (သမ္မယုတ်တရားအပေါင်း၏)ဖြစ်ကြောင်း သဘောတရားသည် "အဟိရိက"မည်၏။

အနောတ္တပ္ပ [နသြတ္တပ္ပတိ သြတပ္ပိတမ္မေနာတိ-အနောတ္တပ္ပံ။] ကြောက်လန့်ထိုက်သော ကာယဒုစရိုက်-စသည်ကြောင့် မကြောက်လန့်တတ်သော သဘောတရားသည် "အနောတ္တပ္ပ"မည်၏။

ဟိရီ [ဟိရိယတိ, ဟိရိယိတမ္မေနာတိ-ဟိရီ။] ရှက်ထိုက်သော ကာယဒုစရိုက်-စသည်ကို ရှက်တတ်သော သဘောတရားသည် "ဟိရီ"မည်၏။

သြတ္တပ္ပ [သြတ္တပ္ပတီတိ-သြတ္တပ္ပံ။] ကြောက်လန့်ထိုက်သော ကာယဒုစရိုက်-စသည်ကြောင့် ကြောက်လန့်တတ်သော သဘောတရားသည် "သြတ္တပ္ပ" မည်၏။

ဒေါဝစဿတာ [ဒုက္ခံ ဝစော ဧတသ္မိံတိ-ဒုဗ္ဘစော၊ ဒုဗ္ဘစဿ ကမ္မံ-ဒေါဝစဿံ၊ ဒေါဝစဿဿ ဘာဝေါ-ဒေါဝစဿတာ။] ခက်ခဲသော ပြောဆို

http://www.dhammadownload.com

ပါပမိတ္တတာစ–ယုတ်မာသောအဆွေခင်ပွန်းရှိသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ပ–ကား ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရိမသေပြုသောအခါ ဒေါသမူဌေး, စေတသိက်ဗာဝီသ ရ၏။

ဒု–ကား အဆွေခင်ပွန်းယုတ်ကို ဆည်းကပ်သောအခါ လောဘမူစိတ်ရှစ်ခု, မောဟမူဌေး, စေတသိက်တေဝီသ ရ၏။

ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်တော်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရိမသေပြုသောအခါ ဒေါသမူဌေး၊ အဆွေခင်ပွန်းယုတ်ကို ဆည်းကပ်သောအခါ လောဘမူ မောဟမူမှတစ်ပါး စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဌေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၁၈–သောဝစဿတာဒုက်

သောဝစဿတာစ–ဆိုဆုံးမလွယ်သောစကားရှိသောသူ၏ အမှု၏အဖြစ်သည်လည်း၊ အတ္ထိ။

ကလျာဏမိတ္တတာစ–ကောင်းသောအဆွေခင်ပွန်းရှိသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ပ–ကား ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် ရိုသေစွာ နားထောင်သောအခါ မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာစိတ်ရှစ်ခု, ဝိရတိ အပွမညာကြဉ်သော စေတသိက်တေတ္တိ်သ ရ၏။

အပ်သောစကားရှိသူ၏ (သူများကို ကန့်လန့်ပြောခြင်း, ဂွတိုက်ခြင်း)အလုပ်၏ဖြစ်ကြောင်း အကုသိုလ်စိတ္တုပ္ပာဒ်သည် "ဒေါဝစဿတာ"မည်၏။

ပါပမိတ္တတာ [ပါပါမိတ္တာ ဇေတဿာတိ–ပါပမိတ္တော၊ ပါပမိတ္တဿ ဘာဝေါ–ပါပမိတ္တတာ။] ယုတ်မာသောမိတ်ဆွေရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပာဒ် (ယုတ်မာသောမိတ်ဆွေတို့နှင့် ပေါင်းသင်းလိုသော အကုသိုလ်စိတ္တုပ္ပာဒ်)သည် "ပါပမိတ္တတာ"မည်၏။

သောဝစဿတာ [သုခံ ဝစော ဧတေသ္မိ န္တိ–သုဝစော၊ သုဝစဿ ကမ္မံ–သောဝ စဿံ၊ သောဝစဿ ဘာဝေါ–သောဝစဿတာ။] လွယ်ကူသက်သာ ပြောဆိုအပ်သော စကားရှိသောသူ (အပြောရ အဆိုရ လွယ်ကူသောသူ)၏ (ရိုသေ လေးစားစွာ လိုက်နာခြင်း)အလုပ်၏ဖြစ်ကြောင်း မဟာကုသိုလ်ကြိယာစိတ္တုပ္ပာဒ်သည် "သောဝစဿတာ" မည်၏။

ကလျာဏမိတ္တတာ [ကလျာဏာ မိတ္တာ ဇေတဿာတိ–ကလျာဏမိတ္တော၊ ကလျာဏမိတ္တဿ ဘာဝေါ–ကလျာဏမိတ္တတာ။] ကောင်းသောမိတ်ဆွေရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ (ကောင်းသောမိတ်ဆွေတို့နှင့် ပေါင်းသင်းလိုသော) မဟာကုသိုလ်ကြိယာစိတ္တုပ္ပာဒ်သည် "ကလျာဏမိတ္တတာ"မည်၏။

http://www.dhammadownload.com

ဒု-ကား အဆွေခင်ပွန်းကောင်းကို ဆည်းကပ်သောအခါ မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာစိတ်ရှစ်ခု, ဝိရတိ အပွမညာကြဉ်သော စေတသိက်တေတ္တိ်သ ရ၏။

ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်တော်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် ရှိသေစွာနားထောင်သောအခါ, အဆွေခင်ပွန်းကောင်းကို ဆည်းကပ်သောအခါ မဟာကုသိုလ် မဟာကြိယာမှတစ်ပါး စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၁၉-အာပတ္တိကုသလတာဒုက်

အာပတ္တိကုသလတာစ-အာပတ်၌လိမ္မာသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

အာပတ္တိဝုဋ္ဌာနကုသလတာစ-အာပတ်မှထခြင်း၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ပ-ကား အာပတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု၌ရှိသော ပညာ ရ၏။

ဒု-ကား အာပတ်မှထခြင်းကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု၌ရှိသော ပညာ ရ၏။

အာပတ်, အာပတ်မှထခြင်းနှစ်ပါးကို သိစွမ်းနိုင်သော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္မယုတ်စိတ်၌ရှိသော ပညာမှတစ်ပါး စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

အာပတ္တိကုသလတာ [အာပတ္တိသု ကုသလော-အာပတ္တိကုသလော၊ အာပတ္တိကုသလဿ ဘာဝေါ-အာပတ္တိကုသလတာ။] မာတိကာ၌လာသော "ပါရာဇိက, သံဃာဒိသေသ်, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်"ဟူသော အာပတ်ငါးပုံ၊ ပဒဘာဇနီနှင့် ခန္ဓကဋ္ဌလာသော "ပါရာဇိက, သံဃာဒိသေသ်, ထုလ္လစ္စဋ်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိ"ဟူသော အာပတ်ခုနစ်ပုံတို့၌ လိမ္မာသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ (အကြောင်းဝတ္ထုနှင့်တကွ ထိုအာပတ်တို့ကို ပိုင်းခြားသိမြင်တတ်သောဉာဏ်)ပညာသည် "အာပတ္တိကုသလတာ"မည်၏။

အာပတ္တိဝုဋ္ဌာနကုသလတာ [အာပတ္တိဟိ ဝုဋ္ဌာနံ-အာပတ္တိဝုဋ္ဌာနံ၊ အာပတ္တိဝုဋ္ဌာနေ ကုသလော-အာပတ္တိဝုဋ္ဌာနကုသလော၊ အာပတ္တိဝုဋ္ဌာနကုသလဿ ဘာဝေါ-အာပတ္တိဝုဋ္ဌာနကုသလတာ။] ဆိုအပ်ပြီးသော အာပတ်တို့မှ ထခြင်း၌ လိမ္မာသောပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာ (ကမ္မဝါစာနှင့်တကွ အာပတ်မှ ထခြင်းကို ပိုင်းခြားသိမြင်တတ်သောဉာဏ်)ပညာသည် "အာပတ္တိဝုဋ္ဌာနကုသလတာ"မည်၏။

http://www.dhammadownload.com

၂၀–သမာပတ္တိကုသလတာဒုက်

သမာပတ္တိကုသလတာစ–ရူပစျာန် အရူပစျာန်–တည်းဟူသော သမာပတ်ရှစ်ပါး သမာပတ်ကိုးပါးတို့၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

သမာပတ္တိဝုဋ္ဌာနကုသလတာစ–သမာပတ်မှထခြင်း၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ပ–ကား သမာပတ်ကို သိစွမ်းနိုင်သော မဟာကုသိလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု၌ရှိသော ပညာ ရ၏။

ဒု–ကား သမာပတ်မှထခြင်းကို သိစွမ်းနိုင်သော မဟာကုသိလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု၌ရှိသော ပညာ ရ၏။

သမာပတ်, သမာပတ်မှထခြင်းနှစ်ပါးကို သိစွမ်းနိုင်သော မဟာကုသိလ် မဟာကြိယာဉာဏသမ္မယုတ်စိတ်၌ရှိသော ပညာမှတစ်ပါး စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၂၁–ဓာတုကုသလတာဒုက်

ဓာတုကုသလတာစ–တစ်ဆယ့်ရှစ်ပါးသောဓာတ်တို့၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

မနသိကာရကုသလတာစ–တစ်ဆယ့်ရှစ်ပါးသောဓာတ်တို့ကို နှလုံးသွင်းခြင်း၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

သမာပတ္တိ [သမာပဇ္ဇိတဗ္ဗာ–သမာပတ္တိ။] ကောင်းစွာရောက်အပ် ဝင်စားအပ်သော ရူပစျာန်နှင့် အရူပစျာန်တို့ကို "သမာပတ်"ဟု ခေါ်သည်၊ ရူပစျာန်ကို စတုက္ကနည်းအားဖြင့် လေးပါးယူက သမာပတ်ရှစ်ပါး၊ ပဉ္စကနည်းအားဖြင့် ငါးပါးယူက သမာပတ်ကိုးပါး ဖြစ်၏။

သမာပတ္တိကုသလတာ [သမာပတ္တီသု ကုသလော–သမာပတ္တိကုသလော၊ သမာပတ္တိကုသလဿ ဘာဝေါ–သမာပတ္တိကုသလတာ။] သမာပတ်တို့၌ လိမ္မာသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ (ပရိကမ်နှင့်တကွ အပွနာအပိုင်းအခြားကို သိမြင်နားလည်သော)ပညာသည် "သမာပတ္တိကုသလတာ"မည်၏။

သမာပတ္တိဝုဋ္ဌာနကုသလတာ [သမာပတ္တီယာ ဝုဋ္ဌာနံ–သမာပတ္တိဝုဋ္ဌာနံ၊ သမာပတ္တိဝုဋ္ဌာနေ ကုသလော–သမာပတ္တိဝုဋ္ဌာနကုသလော၊ သမာပတ္တိဝုဋ္ဌာနကုသလဿ ဘာဝေါ–သမာပတ္တိဝုဋ္ဌာနကုသလတာ။] သတ်မှတ်ထားသော အချိန်၌ အတိအကျပင်လျှင် စျာန်သမာပတ်မှထခြင်း၌ လိမ္မာသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်ပညာသည် "သမာပတ္တိဝုဋ္ဌာနကုသလတာ"မည်၏။

ဓာတုကုသလတာ [ဓာတူသု ကုသလော–ဓာတုကုသလော၊ ဓာတုကုသလဿ ဘာဝေါ–ဓာတုကုသလတာ။] ဓာတ်တို့၌ လိမ္မာသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်ပညာသည် "ဓာတုကုသလတာ"မည်၏။

http://www.dhammadownload.com

ပ–ကား တစ်ဆယ့်ရှစ်ပါးသောမာတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု, အဘိညာဉ်ဒွေး, မဂ်စိတ်လေးခုဥ်ရှိသော ပညာရဂ်။

ဒု–ကား တစ်ဆယ့်ရှစ်ပါးသောမာတ်ကို နှလုံးသွင်းနိုင်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု, အဘိညာဉ်ဒွေး, မဂ်စိတ်လေးခုဥ်ရှိသော ပညာရဂ်။

တစ်ဆယ့်ရှစ်ပါးသောမာတ်ကို သိစွမ်းနိုင် နှလုံးသွင်းနိုင်သော မဟာကုသိုလ် မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု, အဘိညာဉ်ဒွေး, မဂ်စိတ်လေးခုဥ်ရှိသော ပညာမှတစ်ပါး စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၂၂–အာယတနကုသလတာဒုက်

အာယတနကုသလတာစ–တစ်ဆယ့်နှစ်ပါးသော အာယတနတို့ဥ် လိမ္မာသော သူဂ်၏ အဖြစ်သည်လည်း၊ အတ္ထိ။

မာတ်တစ်ဆယ့်ရှစ်ပါးတို့ကို သင်ယူသိမြင်သောပညာ, သင်ယူထားပြီးသည်ကို ပြန်၍ နှလုံးသွင်းဆင်ခြင် သိမြင်သောပညာ, မာတ်၏ အနက်သဘောကို ကြားနာသင်ယူသောပညာ, သဒ္ဒါအနက်အားဖြင့် ဆောင်ရွက်မှတ်သားသောပညာ, သဘောအားဖြင့် ဖြစ်စေ အရေအတွက်အားဖြင့်ဖြစ်စေ ပိုင်းခြားသိမြင်တတ်သောပညာသည် "မာတုကုသလတာ" မည်၏။

မနသိကာရကုသလတာ [မနသိကာရေ ကုသလော–မနသိကာရကုသလော၊ မနသိကာရကုသလဿ ဘာဝေါ–မနသိကာရကုသလတာ။] မာတ်တို့ကို နှလုံးသွင်းခြင်းဥ် လိမ္မာသောပညာသည် "မနသိကာရကုသလတာ"မည်၏။

စက္ခု–စသော မာတ်တို့၏ လက္ခဏာ–စသည်နှင့် အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောတို့ကို သင်ယူသောပညာ, နှလုံးသွင်းဆင်ခြင်သောပညာသည် "မနသိကာရကုသလတာ"မည်၏။

ထို့ကြောင့်ပင် မဟာကုသိုလ် မဟာကြိယာဉာဏသမ္မယုတ်, အဘိညာဉ်ဒွေး, မဂ်စိတ်လေးခုဥ်ရှိသော ပညာတို့ကို ကောက်ရပေသည်။

အာယတနကုသလတာ [အာယတနေသု ကုသလော–အာယတနကုသလော၊ အာယတနကုသလဿ ဘာဝေါ–အာယတနကုသလတာ။] တစ်ဆယ့်နှစ်ပါးသော အာယတနတို့ဥ် လိမ္မာသောသူဂ်၏ ဖြစ်ကြောင်းဖြစ်ရာ ပညာသည် "အာယတနကုသလတာ"မည်၏။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပာဒကုသလတာစ–တစ်ဆယ့်နှစ်ပါးသော အင်္ဂါရှိသော ပဋိစ္စသမုပ္ပာဒ်၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ပ–ကား တစ်ဆယ့်နှစ်ပါးသောအာယတနကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု, အဘိညာဉ်ဒွေး, မဂ်စိတ်လေးခု၌ရှိသော ပညာရဂ်၏။

ဒု–ကား တစ်ဆယ့်နှစ်ပါးသော အင်္ဂါရှိသော ပဋိစ္စသမုပ္ပာဒ်ကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု, အဘိညာဉ်ဒွေး, မဂ်စိတ်လေးခု၌ရှိသော ပညာရဂ်၏။

အာယတနတစ်ဆယ့်နှစ်ပါး ပဋိစ္စသမုပ္ပာဒ်တစ်ဆယ့်နှစ်ပါးကို သိစွမ်းနိုင်သော မဟာကုသိုလ် မဟာကြိယာဉာဏသမ္မယုတ်, အဘိညာဉ်ဒွေး, မဂ်စိတ်လေးခု၌ရှိသော ပညာမှတစ်ပါး စိတ်တစ်ခုယုတ်ကိုးဆယ့်, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၂၃–ဌာနကုသလတာဒုက်

ဌာနကုသလတာစ–အကြောင်းဟုတ်သည်၌ လိမ္မာသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

အဌာနကုသလတာစ–အကြောင်းမဟုတ်သည်၌ လိမ္မာသူ၏အဖြစ်သည်လည်း၊ အတ္ထိ။

ဓာတုကုသလတာ–စသည်တို့တွင် "ဥဂ္ဂဟ–သင်ယူသောပညာ၊ မနသိကာရ–နှလုံးသွင်းသောပညာ၊ သဝန–နာသောပညာ၊ သမ္မသန–သုံးသပ်သောပညာ၊ ပဋိဝေဓ–ထိုးထွင်းသောပညာ၊ ပစ္စဝေက္ခဏာ–ဆင်ခြင်သောပညာ"ဟု ဆိုအပ်သော ၆–မျိုးလုံးကိုပင် ရအပ်၏၊ ထို ၆–မျိုးတို့တွင် သဝန, ဥဂ္ဂဟ, ပစ္စဝေက္ခဏာတို့သည် လောကီတည်း၊ ပဋိဝေဓ–ကား လောကုတ္တရာတည်း၊ သမ္မသန, မနသိကာရတို့ကား လောကီလောကုတ္တရာ ရောနှောကုန်၏။ နိက္ခေ–၌။

ပဋိစ္စသမုပ္ပာဒကုသလတာ [ပဋိစ္စသမုပ္ပာဒေ ကုသလော–ပဋိစ္စသမုပ္ပာဒကုသလော၊ ပဋိစ္စသမုပ္ပာဒကုသလဿ ဘာဝေါ–ပဋိစ္စသမုပ္ပာဒကုသလတာ။] ပဋိစ္စသမုပ္ပာဒ်အကြောင်းအကျိုး၌ လိမ္မာသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်ပညာသည် "ပဋိစ္စသမုပ္ပာဒကုသလတာ"မည်၏။

ဌာနကုသလတာ [ဖလံ တိဋ္ဌတိ ဧတ္ထာတိ–ဌာနံ၊ ဌာနေ ကုသလော–ဌာနကုသလော၊ ဌာနကုသလဿ ဘာဝေါ–ဌာနကုသလတာ။] ထိုထိုအကြောင်းအရာ၌ လိမ္မာသောသူ၏ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်ပညာသည် "ဌာနကုသလတာ"မည်၏။

(B)

http://www.dhammadownload.com

ပ–ကား စက္ခုပသာဒသည် စက္ခုဝိညာဉ်၏ အကြောင်းတည်း၊ သရက်စေ့သည် သရက်ပင်၏ အကြောင်းတည်း–စသည်ဖြင့် အကြောင်းဟုတ်သည်ကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု, အဘိညာဉ်ဒွေးဥ်ရှိသော ပညာရဏ်။

ဒု–ကား စက္ခုပသာဒသည် သောတဝိညာဉ်၏ အကြောင်းမဟုတ်၊ သရက်စေ့သည် ထန်းပင်၏ အကြောင်းမဟုတ်–စသည်ဖြင့် အကြောင်းမဟုတ်သည်ကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု, အဘိညာဉ်ဒွေးဥ်ရှိသော ပညာရဏ်။

အကြောင်းဟုတ်သည် မဟုတ်သည်ကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ်လေးခု, မဟာကြိယာဉာဏသမ္မယုတ်စိတ်လေးခု, အဘိညာဉ်ဒွေးဥ်ရှိသော ပညာမှတစ်ပါး စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, ရုပ် အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၂၄–အဇ္ဈဝဒုက်

အဇ္ဈဝေါစ–ဖြောင့်မတ်သောသူ၏ အဖြစ်သည်လည်း၊ ဝါ–ဖြောင့်မတ်သော စိတ်၏ အဖြစ်သည်လည်း၊ အတ္ထိ။

မဒ္ဒဝေါစ–နူးညံ့သောသူ၏ အဖြစ်သည်လည်း၊ ဝါ–နူးညံ့သောစိတ်၏အဖြစ် သည်လည်း၊ အတ္ထိ။

စက္ခုပသာဒသည် ရူပါရုံကို အာရုံပြု၍ဖြစ်ရသော စက္ခုဝိညာဉ်၏အကြောင်း ဖြစ်၏ –စသည်ဖြင့်လည်းကောင်း, သရက်စေ့သည် သရက်ပင်၏အကြောင်း ဖြစ်၏–စသည် ဖြင့်လည်းကောင်း သိမြင်နားလည်တတ်သော မဟာကုသိုလ် မဟာကြိယာ အဘိညာဉ် ဒွေးဥ်ရှိသော ပညာသည် "ဌာနကုသလတာ"မည်၏–ဟူလို။

အဌာနကုသလတာ [နဌာနံ–အဌာနံ၊ အဌာနေ ကုသလော၊ အဌာနကုသလော၊ အဌာန ကုသလဿ ဘာဝေါ–အဌာနကုသလတာ။] အကြောင်း မဟုတ်သည်၌ လိမ္မာသူ၏ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်ပညာသည် "အဌာနကုသလတာ" မည်၏

စက္ခုပသာဒသည် သဒ္ဒါရုံကို အာရုံပြု၍ဖြစ်ရသော သောတဝိညာဉ်၏အကြောင်း မဟုတ်–စသည်ဖြင့်လည်းကောင်း, သရက်စေ့သည် ထန်းပင်၏အကြောင်းမဟုတ်–စသည် ဖြင့်လည်းကောင်း သိမြင်တတ်သော မဟာကုသိုလ် မဟာကြိယာ အဘိညာဉ်ဒွေးဥ်ရှိသော ပညာပင်တည်း။

အဇ္ဈဝေါ [ဥဇုနော ဘာဝေါ–အဇ္ဈဝေါ။] ဖြောင့်မတ်သော ကာယစိတ္တတို့၏ ဖြစ်ကြောင်း ဖြစ်ရာ ကာယုဇုကတာ စိတ္တုဇုကတာ စေတသိက်တို့သည် "အဇ္ဈဝ"မည်၏။

http://www.dhammadownload.com

ပ–ကား ကာယုဇုကတာ စိတ္တုဇုကတာ ရဏ်။

ဒု–ကား ကာယမုဒုတာ စိတ္တမုဒုတာ ရဏ်။

စိတ်တစ်ခုယုတ်ကိုးဆယ်, ကာယုဇုကတာ စိတ္တုဇုကတာ ကာယမုဒုတာ စိတ္တမုဒုတာကြဉ်သော စေတသိက်အဋ္ဌစတ္တာလီသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၂၅–ခန္တီဒုက်

ခန္တီ စ–သည်းခံခြင်းသည်လည်း၊ အတ္ထိ။

သောရစ္စဉ္စ–ကောင်းသောအမှုဌ် မွေ့လျော်သောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ပ–ကား သည်းခံခြင်း အဒေါသပြဋ္ဌာန်းသော မဟာကုသိုလ်ရှစ်ခု, မဟာကြိယာရှစ်ခု, စေတသိက်အဋ္ဌတ္တိ်သ ရဏ်။

ဒု–ကား သီလစေတနာပြဋ္ဌာန်းသော မဟာကုသိုလ်ရှစ်ခု, မဟာကြိယာရှစ်ခု, လောကုတ္တရာစိတ်ရှစ်ခု, အပွမညာကြဉ်သော စေတသိက်ဆတ္တိ်သ ရဏ်။

သည်းခံခြင်းအဒေါသ သီလစေတနာပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာမှတစ်ပါး လောကီစိတ်ဇကာသီတိ, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၂၆–သာဓလျဒုက်

သာဓလျဉ္စ–နူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားရှိသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

မဒ္ဒဝ [မုဒုနော ဘာဝေါ–မဒ္ဒဝေါ။] နူးညံ့သော ကာယစိတ္တတို့၏ ဖြစ်ကြောင်းဖြစ်ရာ ကာယမုဒုတာ စိတ္တမုဒုတာစေတသိက်တို့သည် "မဒ္ဒဝ"မည်၏။

ခန္တီ [ခမနံ–ခန္တီ။] သည်းခံခြင်းသည် "ခန္တီ"မည်၏၊ သူတစ်ပါး ပြုမူသမျှ ပြောဆိုသမျှ ပုတ်ခတ်စွပ်စွဲသမျှကို ပြန်လှန်ပြုလုပ်ပြောဆိုခြင်း မပြုဘဲ မိမိအပေါ်၌ တည်နေစေခြင်း, မိမိသာ အနာခံခြင်းမျိုးပေတည်း၊ တရားကိုယ်အားဖြင့် အဒေါသပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာစိတ္တုပ္ပာဒ်တည်း။

သောရစ္စ [သုရတဿ ဘာဝေါ–သောရစ္စံ။] တင့်တယ်ကောင်းမြတ်သော ကာယသုစရိုက်အမှု ဝစီသုစရိုက်အမှု မနောသုစရိုက်အမှုတို့၌ မွေ့လျော်ပျော်ပိုက်သောသူ၏ ဖြစ်ကြောင်းဖြစ်ရာ မဟာကုသိုလ် မဟာကြိယာ လောကုတ္တရာစိတ္တုပ္ပာဒ်သည် "သောရစ္စ"မည်၏၊ သန့်စင်သော သီလနှင့်ပြည့်စုံမှုသည် "သောရစ္စ"မည်၏–ဟူလို။

သာဓလျ [သဓိလဿ ဘာဝေါ–သာဓလျံ။] နားဝင်ချိုသာအောင် ကြားရသူတို့ ဝမ်းမြောက်ဝမ်းသာရှိအောင် စိတ်ချမ်းသာကျေနပ်အောင် နူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ မဟာကုသိုလ် မဟာကြိယာစိတ္တုပ္ပာဒ်သည် "သာဓလျ"မည်၏။ [ယာ တတ္ထ သဏှဝါစတာ သဓိလဝါစတာ၊ အဖရုသဝါစတာ ကွဒ် ဝုစ္စတိ သာဓလျံ။ ပါ။]

http://www.dhammadownload.com

ပဋိသန္ဓာရောစ–အာမိသပဋိသန္ဓာရ ဓမ္မပဋိသန္ဓာရတို့ဖြင့် ပျူငှာလောကဝတ် အစေ့အစပ်ပြုခြင်းသည်လည်း၊ အတ္ထိ။

ပ–ကား ချစ်ဖွယ်သောစကားကို ဆိုသောအခါ မဟာကုသိုလ်ရှစ်ခု, မဟာ ကြိယာရှစ်ခု, စေတသိက်အဋ္ဌတ္တိံသ ရ၏။

ဒု–ကား ပျူငှာလောကဝတ် အစေ့အစပ်ပြုသောအခါ မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာစိတ်ရှစ်ခု, စေတသိက်အဋ္ဌတ္တိံသ ရ၏။

ချစ်ဖွယ်သောစကားကို ဆိုသောအခါ, ပျူငှာလောကဝတ် အစေ့အစပ်ပြုသော အခါ မဟာကုသိုလ် မဟာကြိယာမှတစ်ပါး စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၂၇–ဣန္ဒြိယေသု အဂုတ္တဒွါရတာဒုက်

ဣန္ဒြိယေသု–ဣန္ဒြေခြောက်ပါးတို့၌၊ အဂုတ္တဒွါရတာစ–မစောင့်အပ်သောတံခါး ရှိသောသူ၏ အဖြစ်သည်လည်း၊ ဝါ–တံခါးကို မစောင့်သောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ပဋိသန္ဓာရ [ပဋိသန္ဓ ရဏံ–ပဋိသန္ဓာရော။] လူတစ်ဖက်သားနှင့် မိမိတို့၏ အကြားမှာ အပေါက်အကြားမထင်အောင် ဓမ္မ,အာမိသတို့ဖြင့် ပိတ်ဆို့ဖာထေးထားခြင်းသည် "ပဋိသန္ဓာရ"မည်၏။

ဤနေရာ၌ ပိဋကတ်စာပေကို "ဓမ္မ"ဟု ခေါ်၏၊ သင်္ကန်း,ဆွမ်း–စသော ပစ္စည်းများကို "အာမိသ"ဟု ခေါ်၏၊ စာတတ်လိုသော တပည့်အား စာသင်မပေးခဲ့ပါလျှင် တပည့်က ကျေနပ်မည်မဟုတ်၊ အကျိုးကို မလိုလားသူတို့က ဆရာနှင့်တပည့် ကင်းကွာသွားအောင် လှုံ့ဆော်ခွင့်, ခြေထိုးခွင့် ရလာ၏၊ ဆရာနှင့်တပည့်တို့၏ အကြားမှာ အပေါက်အကြား ထင်လာ၏၊ ဆရာနှင့်တပည့် ရင်ကြားမစေ့တော့ချေ၊ သင်္ကန်းလိုနေသော တပည့်အား မိမိမှာ ပေါပေါများများ ရှိပါလျက် မပေးပြန်လျှင်လည်း တပည့်က ကျေနပ်နှစ်သိမ့်နိုင်မည် မဟုတ်၊ တပည့်က စိတ်ထားမြင့်မြတ်သူဖြစ်၍ နှစ်သက်ကျေနပ်နေစေကာမူ ဆရာ့ဝတ္တရား ပျက်ကွက်၏၊ ဆရာနှင့်တပည့်တို့၏အကြား မလိုလားသူတို့ ခြေထိုးခွင့် ရလာ၏၊ အပေါက်အကြား ထင်လာ၏။

ထိုသို့ အပေါက်အကြား မထင်ရအောင် စာတတ်လိုသော တပည့်အား စာဝါစီစဉ်ပေးမှု, တတ်နိုင်က ကိုယ်တိုင်ပို့ချပေးမှုသည် ဓမ္မဖြင့် ပိတ်ဆို့ဖာထေးပေးသည်မည်၏၊ သင်္ကန်းလိုသူအား သင်္ကန်းချီးမြှင့်ပေးကမ်းမှုသည် အာမိသဖြင့် ပိတ်ဆို့ဖာထေးပေးသည်မည်၏၊ ဤသို့–စသည်ဖြင့် ချဲ့ထွင်သိမြင်ပါစေ၊ ဤတရားနှင့်ပြည့်စုံက ဘေးမကင်းရာ အရပ်၌ပင် ဘေးမတွေ့နိုင်။

ဣန္ဒြိယေသု အဂုတ္တဒွါရတာ [ဂေါဝိယတေတိ–ဂုတ္တံ၊ န ဂုတ္တံ–အဂုတ္တံ၊ အဂုတ္တံ ဒွါရံ ယဿာတိ–အဂုတ္တဒွါရော၊ အဂုတ္တဒွါရဿ ဘာဝေါ–အဂုတ္တဒွါရတာ။] "စက္ခု သောတ ဃာန ဇိဝှါ ကာယ မန"ဟု ဆိုအပ်သော ဣန္ဒြေ

http://www.dhammadownload.com

ဘောဇနေ–ဘောဇဉ်၌၊ အမတ္တညုတာစ–အတိုင်းအရှည်ကို မသိသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ပ–ကား လောဘမူစိတ်ရှစ်ခု, ဒေါသမူဒွေး, စေတသိက်ဆဋ္ဌိသ ရှိ၏။

ဒု–ကား လောဘမူစိတ်ရှစ်ခု, မောဟမူဒွေး, စေတသိက်တေဝီသ ရှိ၏။

ကုသိုလ်စိတ်ဧကဝီသ, ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက် အဋ္ဌတ္တိံသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၂၈–ဣန္ဒြိယေသု ဂုတ္တဒွါရတာဒုက်

ဣန္ဒြိယေသု–ဣန္ဒြေခြောက်ပါး တို့၌၊ ဂုတ္တဒွါရတာစ–စောင့်အပ်သောတံခါး ရှိသောသူ၏ အဖြစ်သည်လည်း၊ ဝါ–တံခါးကို စောင့်သောသူ၏ အဖြစ်သည်လည်း၊ ဝါ–ပိတ်အပ်သောတံခါးရှိသောသူ၏ အဖြစ်သည်လည်း၊ ဝါ–တံခါးကို ပိတ်သော သူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ဘောဇနေ–ဘောဇဉ်၌၊ မတ္တညုတာစ–အတိုင်းအရှည်ကို သိသောသူ၏ အဖြစ် သည်လည်း၊ အတ္ထိ။

ခြောက်ပါးကို မစောင့်စည်းမှု (စက္ခု–စသည်တို့နှင့် ပတ်သက်၍ အကုသိုလ်တရား မဖြစ်ပွားရအောင် သတိမထားမှု) ဣန္ဒြိယသံဝရသီလ ပျက်မှုသည် "ဣန္ဒြိယေသု အဂုတ္တ ဒွါရတာ"မည်၏၊ "ယတ္ထာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာသဝေယျုံ၊ တဿ သံဝရာယ နံ ပဋိပဇ္ဇတိ၊ နံ ရက္ခတိ စက္ခုန္ဒြိယံ"စသည်ဖြင့် ဟောတော်မူထားသောကြောင့် လောဘမူကိုသာ မကောက်မူ၍ ဒေါသမူကိုပါ ကောက်သင့်သည်–ဟု အရကောက်ဆရာ ယူဆ၏၊ မောဟ မူပါ ထည့်သွင်း၍ အကုသိုလ်ဒွါဒသကို ကောက်သင့်မည် ထင်ပေသည်။

ဘောဇနေ အမတ္တညုတာ [မတ္တံ ဇာနာတီတိ–မတ္တညူ၊ နံ မတ္တညူ–အမတ္တညူ၊ အမတ္တ ညုနော ဘာဝေါ–အမတ္တညုတာ။] ဘောဇဉ်၌ (အသုံးအဆောင်ပစ္စည်းများ၌) ခံယူစဉ်အခါမှာ အတိုင်းအရှည်ကို မသိမှု, မိမိနှင့် သင့်တော်ရုံ မျှတရုံသာ မခံယူမှု, ခံယူပြီးသည့်နောက် သုံးစွဲသည့်အခါမှာလည်း အတိုင်းအရှည်ကို မသိမှု, အဆင်အခြင်ကင်းမဲ့စွာ သုံးစွဲမှု, ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးစွဲမှုသည် "ဘောဇနေ အမတ္တညုတာ"မည်၏။

ဣန္ဒြိယေသု ဂုတ္တဒွါရတာ [ဂုတ္တံ ဒွါရံ ယေနာတိ–ဂုတ္တဒွါရော၊ ဂုတ္တဒွါရဿ ဘာဝေါ–ဂုတ္တဒွါရတာ။] စက္ခု–စသော ဣန္ဒြေခြောက်ပါးကို စောင့်စည်း မှု(စက္ခု–စသည်နှင့်ပတ်သက်၍ အကုသိုလ်တရားများ မဖြစ်ပွားရအောင် သတိထားမှု) ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံမှုသည် "ဣန္ဒြိယေသု ဂုတ္တဒွါရတာ"မည်၏။

"ပါတိမောက္ခသံဝရတောပိ စ မဂ္ဂဖလသမ္ဘယုတ္တမေဝ သီလံ–အဓိသီလံ"ဟူသော ပါရာဇိကဏ်အဋ္ဌကထာကို အထောက်အထားပြု၍ လောကုတ္တရာစိတ်ပါ ကောက်ထား၏၊ "စေတသိက်အဋ္ဌတ္တိံသ"ဟု အပွမညာပါ ထည့်သွင်းကောက်ထားသည်၊ မပါသင့်၊ ကြဉ်သင့်၏။

http://www.dhammadownload.com

ပ–ကား မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာစိတ်ရှစ်ခု, လောကုတ္တရာစိတ်ရှစ်ခု, စေတသိက်အဋ္ဌတ္တိ်သ ရ၏။

ဒု–ကား ဘောဇ္ဈင်္ကို ဆင်ခြင်၍သုံးဆောင်သောအခါ မဟာကုသိုလ်စိတ်ရှစ်ခု, မဟာကြိယာစိတ်ရှစ်ခု, ဝိရတိ အပွမညာကြဉ်သော စေတသိက်တေတ္တိ်သရ၏။

မဟာကုသိုလ် မဟာကြိယာမှတစ်ပါး လောကီစိတ် ခြောက်ဆယ့်ငါးခု, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၂၉–မုဋ္ဌသစ္စဒုက်

မုဋ္ဌသစ္စဋ္ဌ–လွတ်သောသတိ ရှိသောသူ၏အဖြစ်သည်လည်း၊ အတ္ထိ။

အသမ္မဇညဋ္ဌ–ကောင်းစွာအပြားအားဖြင့် သိတတ်သောပညာ မရှိသောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ပ–ကား သတိ၏ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်စိတ်ဒွါဒသ, စေတသိက် သတ္တဝီသ ရ၏။

ဒု–ကား ပညာ၏ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်စိတ်ဒွါဒသ, စေတသိက် သတ္တဝီသ ရ၏။

ကုသိုလ်စိတ်ဧကဝီသ, ဝိပါက်စိတ်ဆတ္တိ်သ, ကြိယာစိတ်ဝီသ, စေတသိက် အဋ္ဌတ္တိ်သ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၃၀–သတိသမ္မဇညဒုက်

သတိစ–အောက်မေ့တတ်သောသတိသည်လည်း၊ အတ္ထိ။

သမ္မဇညဋ္ဌ–ကောင်းစွာ အပြားအားဖြင့်သိတတ်သော ပညာသည်လည်း၊ အတ္ထိ။

ဘောဇနေ မတ္တညုတာ [မတ္တံ ဇာနာတီတိ–မတ္တညူ၊ မတ္တညုနော ဘာဝေါ–မတ္တညုတာ။] ဘောဇဉ်၌(အသုံးအဆောင်ပစ္စည်းများ၌) ခံယူစဉ်အခါမှာလည်း အတိုင်းအရှည်ကို သိမှု, (သင့်တော်ရုံမျှ ခံယူမှု), ခံယူပြီးနောက် သုံးစွဲသည့်အခါမှာလည်း အတိုင်းအရှည်ကို သိမှု, မျှတရုံသုံးဆောင်မှု, ဆင်ခြင်တိုင်းထွာ၍ သုံးစွဲမှု, ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးစွဲမှုမျိုးသည် "ဘောဇနေ မတ္တညုတာ"မည်၏။

မုဋ္ဌသစ္စ [မုသတိ ပမုသတိတိ–မုဋ္ဌာ၊ မုဋ္ဌာ သတိ ဧတဿာတိ–မုဋ္ဌသတိ၊ မုဋ္ဌသတိနော ဘာဝေါ–မုဋ္ဌသစ္စံ။] ပျောက်ကင်းသော သတိရှိသူ (သတိနှင့်ကင်းနေသူ, သတိကင်းလွတ်သူ)၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပာဒ်သည် "မုဋ္ဌသစ္စ"မည်၏။

အသမ္မဇည [သမ္မဇာနာတီတိ–သမ္မဇာနော၊ နဿ သမ္မဇာနော–အသမ္မဇာနော၊ အသမ္မဇာနဿ ဘာဝေါ–အသမ္မဇညံ။] ကောင်းစွာ အပြားအားဖြင့် မသိတတ်သောသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပာဒ်သည် "အသမ္မဇည"မည်၏။

သတိ [သရတီတိ–သတိ။] အမှတ်ရတတ်, အောက်မေ့တတ်သော တရားသည် "သတိ"မည်၏။

http://www.dhammadownload.com

ပ–ကား သတိ ရ၏။

ဒု–ကား ပညာ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, သတိ ပညာကြဉ်သော စေတသိက်ပညာသ, ရုပ်အဋ္ဌဝိသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၃၁–ပဋိသန်ဓိနဗလဒုက်

ပဋိသန်ဓိနဗလဋ္ဌ–ဆင်ခြင်ခြင်း၌ မတုန်မလှုပ်သည်ဖြစ်၍ ဆင်ခြင်သော ပညာသည်လည်း၊ အတ္ထိ။

ဘာဝနာဗလဋ္ဌ–ဝိရိယကို အရင်းမူသဖြင့် ဗောဇ္ဈင်ခုနစ်ပါးကို ပွားစေသော ပုဂ္ဂိုလ်အားဖြစ်သော မတုန်မလှုပ်ခြင်းသည်လည်း၊ အတ္ထိ။

ပ–ကား ပညာ ရ၏။

ဒု–ကား ကုသိုလ်စိတ်ဧကဝိသ, စေတသိက်အဋ္ဌတ္တိ်သ ရ၏။

အကုသိုလ်ဒွါဒသ, ဝိပါက်စိတ်ဆတ္တိ်သ, ကြိယာစိတ်ဝိသ, ပညာကြဉ်သော စေတသိက်ဧကပညာသ, ရုပ်အဋ္ဌဝိသ, နိဗ္ဗာန်ကား ဒုက်မုတ်။

သမ္မဇည [သမ္မဇာနာတီတိ–သမ္မဇည်။] ကောင်းစွာအပြားအားဖြင့် သိတတ်သော သဘောတရားသည် "သမ္မဇည"မည်၏။

တစ်နည်း [သမ္မဇာနာတီတိ–သမ္မဇာနော၊ သမ္မဇာနဿ ဘာဝေါ–သမ္မဇည်။] ကောင်းစွာအပြားအားဖြင့် သိတတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာဉာဏ်သည် "သမ္မဇည"မည်၏။ [ဉာဏ်လည်း ကောင်းစွာအပြားအားဖြင့် သိတတ်သော တရားမျိုးပင်ဖြစ်သောကြောင့် ရှေးကတ္တုသာဓန လဟုကဝိဂြိဟ်ကို အဋ္ဌကထာဆရာ ပြဆိုထားရသည်။ မူ–ဋီ။]

ပဋိသန်ဓိနဗလ [ပဋိသန်ဓိနသန်ဓိတံ ဗလံ–ပဋိသန်ဓိနဗလံ။] အသင့်အားဖြင့် ရှုတတ်သော ဉာဏ်–ဟု ဆိုအပ်သော အားသည် "ပဋိသန်ဓိနဗလ"မည်၏၊ ထိုပဋိသန်ဓိနမည်သော ဉာဏ်သည် အသင့်အားဖြင့်မရှုတတ်သော မောဟကြောင့် မတုန်လှုပ် မယိမ်းယိုင်ပါပေ၊ ထို့ကြောင့် ဗလသဒ္ဒါနှင့်တွဲဖက်၍ "ပဋိသန်ဓိနဗလ"ဟု ဆိုထားရပေသည်။

ဘာဝနာဗလ [ဘာဝနာသန်ဓိတံ ဗလံ–ဘာဝနာဗလံ။] ကုသိုလ်တရားတို့ကို ဖြစ်စေခြင်း, တိုးပွားစေခြင်း–ဟု ဆိုအပ်သော အားသည် (ဝိရိယကို အဦးပြုသဖြင့် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဖြစ်ပွားစေခြင်း–ဟု ဆိုအပ်သောအားသည်) "ဘာဝနာဗလ"မည်၏၊ အရကောက်၌ ပေးထားသော အနက်များကို ဆင်ခြင်စဉ်းစားသင့်၏။

http://www.dhammadownload.com

၃၂-သမထဝိပဿနာဒုက်

သမထောစ-ဆန့်ကျင်ဘက်အကုသိုလ်တရားတို့ကို ငြိမ်းစေတတ်သော သမာဓိသည်လည်း၊ အတ္ထိ။

ဝိပဿနာစ-သင်္ခါရတရားတို့ကို အနိစ္စ-စသည်၏ အစွမ်းဖြင့် အထူးထူးသော အခြင်းအရာဖြင့် ရှုတတ်သောပညာသည်လည်း၊ အတ္ထိ။

ပ-ကား သမ္မာသမာဓိ ရ၏။

ဒု-ကား ပညာ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, *သောဘနစိတ်၌ ယှဉ်သော ဇကဂ္ဂတာ ပညာကြဉ်သော စေတသိက်ဇကပညာသ, ရုပ်အဋ္ဌဝိသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၃၃-သမထနိမိတ္တဒုက်

သမထနိမိတ္တဥ္စ-ရှေးသမထသည်ပင် နောက်သမထ၏အကြောင်းသည်လည်း၊ ဝါ-နောက်သမထ၏အကြောင်းဖြစ်သော ရှေးသမထသည်လည်း၊ အတ္ထိ။

ပဂ္ဂါဟနိမိတ္တဥ္စ-ရှေးလုံ့လသည်ပင် နောက်လုံ့လ၏အကြောင်းသည်လည်း၊ ဝါ-နောက်လုံ့လ၏အကြောင်းဖြစ်သော ရှေးလုံ့လသည်လည်း၊ အတ္ထိ။

ပ-ကား နောက်နောက်သောသမထ၏ အကြောင်းဖြစ်သော ရှေးရှေးသော သမထ-ဟု ဆိုအပ်သော သမ္မာသမာဓိ ရ၏။

ဒု-ကား နောက်နောက်သောလုံ့လ၏အကြောင်းဖြစ်သော ရှေးရှေးသောလုံ့လ-ဟု ဆိုအပ်သော သမ္မာဝါယာမ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, သမ္မာသမာဓိ သမ္မာဝါယာမကြဉ်သော စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝိသ, နိဗ္ဗာန်ကား ဒုက်မုတ်။

သမထ [ပစ္စနိကဓမ္မေ သမေတီတိ-သမထော။] ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေတတ်သော သမာဓိသည် "သမထ"မည်၏။

ဝိပဿနာ [ဝိဝိဓေန အာကာရေန ပဿတီတိ-ဝိပဿနာ။] အနိစ္စ ဒုက္ခ အနတ္တ အသုဘ-စသော အမျိုးမျိုးသော အခြင်းအရာအားဖြင့် ရှုတတ်သော ဉာဏ်သည် "ဝိပဿနာ"မည်၏။

သမထနိမိတ္တ [သမထောဇေ နိမိတ္တံ-သမထနိမိတ္တံ။] ရှေးရှေးသော သမထသည်ပင် နောက်နောက်သော သမထ၏ အမှတ်အသား၊ မှတ်သားထိုက်သော အခြင်းအရာကို ယူ၍ တစ်ဖန်ဖြစ်စေသင့်သော နောက်နောက်သော သမထ၏ အမှတ်အသား အနေဖြင့်ဖြစ်သော ရှေးရှေးသောသမထသည်ပင် "သမထနိမိတ္တ"မည်၏။

http://www.dhammadownload.com

၃၄-ပဂ္ဂါဟဒုက်

ပဂ္ဂါဟောစ–သမ္မယုတ်တရားတို့ကို ချီးမြှောက်တတ်သော လုံ့လသည်လည်း၊ အတ္ထိ။

အဝိက္ခေပေါစ–မပျံ့လွင့် တည်ကြည်သောသမာဓိသည်လည်း၊ အတ္ထိ။

ပ–ကား သမ္မာဝါယာမ ရ၏။

ဒု–ကား သမ္မာသမာဓိ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, သမ္မာဝါယာမ သမ္မာသမာဓိကြဉ်သော စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၃၅-သီလဝိပတ္တိဒုက်

သီလဝိပတ္တိစ–သီလ၏ ပျက်စီးခြင်းသည်လည်း၊ အတ္ထိ။

ဒိဋ္ဌိဝိပတ္တိစ–ကောင်းသောအယူ၏ ပျက်စီးခြင်းသည်လည်း၊ အတ္ထိ။

ပ–ကား အကုသိုလ်စိတ်ဒွါဒသ, စေတသိက်သတ္တဝီသ ရ၏။

ဒု–ကား မိစ္ဆာဒိဋ္ဌိ ရ၏။

ကုသိုလ်ဇကဝီသ, ဝိပါက်ဆတ္တိ်သ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတ္တိ်သ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

ပဂ္ဂါဟနိမိတ္တ [ပဂ္ဂါဟောဝ နိမိတ္တံ–ပဂ္ဂါဟနိမိတ္တံ။] မှတ်သားသင့်သော အခြင်းအရာကို ယူ၍ တစ်ဖန်ဖြစ်စေထိုက်သော နောက်နောက်သော ဝီရိယ၏ အမှတ်အသား အနေဖြင့်ဖြစ်သော ရှေးရှေးသော ဝီရိယသည်ပင် "ပဂ္ဂါဟနိမိတ္တ"မည်၏၊ အရကောက်အနက်ကို စဉ်းစားပါ။

ပဂ္ဂါဟ [သမ္မယုတ္တဓမ္မေ ပဂ္ဂဏှာတီတိ–ပဂ္ဂါဟော။] သမ္မယုတ်တရားတို့ကို ချီးမြှောက်တတ်သော သဘောတရားသည် "ပဂ္ဂါဟ"မည်၏။

အဝိက္ခေပ [စိတ္တံ ဝိက္ခိပတီတိ–ဝိက္ခေပေါ၊ န ဝိက္ခေပေါ–အဝိက္ခေပေါ။] စိတ်ကို အထူးထူး အပြားပြား ပစ်လွှင့်တတ်သော ဥဒ္ဓစ္စသည် "ဝိက္ခေပ"မည်၏၊ ထိုဥဒ္ဓစ္စကဲ့သို့ စိတ်ကို အထူးထူး အပြားပြား ပစ်လွှင့်တတ်သည် မဟုတ်သော သဘောတရားသည် "အဝိက္ခေပ"မည်၏။

သီလဝိပတ္တိ [သီလဿ ဝိပတ္တိ–သီလဝိပတ္တိ။] သီလ၏ပျက်စီးခြင်းသည် "သီလဝိပတ္တိ"မည်၏၊ ထိုသီလ၏ပျက်စီးခြင်း–ဟူသည်မှာလည်း သီလကို ဖျက်ဆီးတတ်သော မစောင့်စည်းမှု (အသံဝရ–တည်းဟူသော အကုသိုလ်စိတ္တုပ္ပာဒ်) ပင်တည်း။

http://www.dhammadownload.com

၃၆-သီလသမ္မဒါဒုက်

သီလသမ္မဒါစ-သီလ၏ပြည့်စုံခြင်းသည်လည်း၊ အတ္ထိ။

ဒိဋ္ဌိသမ္မဒါစ-အယူ၏ပြည့်စုံခြင်းသည်လည်း၊ အတ္ထိ။

ပ-ကား မဟာကုသိုလ်စိတ်ရုစ်ခု, မဟာကြိယာစိတ်ရုစ်ခု, စေတသိက်အဋ္ဌတ္တိ်သ ရ၏။

ဒု-ကား သမ္မာဒိဋ္ဌိ ရ၏။

အကုသိုလ်ဒွါဒသ, အဟိတ်စိတ်အဋ္ဌာရသ, မဟာဝိပါက်ရုစ်ခု, မဟဂ္ဂုတ် လောကုတ္တရာစိတ်ပဉ္စတ္တိ်သ, ပညာကြဉ်သော စေတသိက်ဧကပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

ဒိဋ္ဌိဝိပတ္တိ [ဒိဋ္ဌိယာ ဝိပတ္တိ-ဒိဋ္ဌိဝိပတ္တိ။] သမ္မာဒိဋ္ဌိ၏ ပျက်စီးခြင်း၊ ထိုသမ္မာဒိဋ္ဌိ၏ ပျက်စီးခြင်း-ဟူသည်မှာလည်း အယူမှန်ကို ဖျက်ဆီးတတ်သော မိစ္ဆာဒိဋ္ဌိပင်တည်း။

သီလသမ္မဒါ [သမ္မဇ္ဇတိ ဧတောယာတိ-သမ္မဒါ၊ သီလဿ သမ္မဒါ-သီလသမ္မဒါ။] နောက်နောက် အကျိုးသီလ၏ ပြည့်စုံကြောင်းဖြစ်သော ရှေးရှေးသော အကြောင်းသီလသည်လည်းကောင်း, ရှေးရှေးအကြောင်းသီလ၏ ပြည့်စုံကြောင်းဖြစ်သော နောက်နောက် အကျိုးသီလသည်လည်းကောင်း "သီလသမ္မဒါ"မည်၏။

အကျိုးသီလ ရှိမှုကြောင့်သော အကြောင်းသီလ ရှိနိုင်သည်၊ အကျိုးသီလ မရှိက အကြောင်းသီလ-ဟု ရှိနိုင်မည် မဟုတ်ချေ၊ ထို့ကြောင့် အကျိုးသီလကိုလည်း အကြောင်းသီလ၏ အကြောင်းအနေဖြင့် ထားရပေသည်။

ထို့ပြင် အကျိုးသီလ အကြောင်းသီလတို့၏ သီလသမ္မဒါ-ဟူသော အမည်ကို အပေါင်း၌ တင်စားခေါ်ဝေါ်သော ဧကဒေသုပစာရ်အားဖြင့် သီလအကုန်လုံးပင် သီလသမ္မဒါ မည်၏။ [သီလသမ္မဒါတိ ကာရဏသီလမို့ ဖလသီလမို့ သမ္မန္နသမုဒါယဿ ဧကဒေသေန ဝုတ္တံ။ ဋီ။]

ထို့ကြောင့် သီလသမ္မဒါ၏-အရကို သောရစ္စနှင့်အတူ လောကုတ္တရာသီလကိုပါ ထည့်ကောက်သင့်၏။ [သောရစ္စမေဝ သီလဿ သမ္မဒါနတော သီလပရိပူရဏတော သီလဿ သမ္မဒါတိ-သီလသမ္မဒါ။ ဋ။]

ဒိဋ္ဌိသမ္မဒါ [သမ္မဇ္ဇတေ-သမ္မဒါ၊ ဒိဋ္ဌိယာ သမ္မဒါ-ဒိဋ္ဌိသမ္မဒါ။] သမ္မာဒိဋ္ဌိ၏ ပြည့်စုံလုံလောက်ခြင်း (ပြည့်စုံလုံလောက်သော သမ္မာဒိဋ္ဌိ)သည် "ဒိဋ္ဌိသမ္မဒါ" မည်၏။ [ဒိဋ္ဌိပါရိပူရိဘူတံ ဉာဏံ ဒိဋ္ဌိယာ သမ္မဒါတိ-ဒိဋ္ဌိသမ္မဒါ။ ဋ။]

http://www.dhammadownload.com

၃၇-သီလဝိသုဒ္ဓိဒုက်

သီလဝိသုဒ္ဓိစ-သီလ၏ အထူးစင်ကြယ်ခြင်းသည်လည်း၊ ဝါ-အထူးသဖြင့် စင်ကြယ်သော သီလသည်လည်း၊ အတ္ထိ။

ဒိဋ္ဌိဝိသုဒ္ဓိစ-အယူ၏ အထူးသဖြင့်စင်ကြယ်ခြင်းသည်လည်း၊ ဝါ-အထူးသဖြင့် စင်ကြယ်သော အယူသည်လည်း၊ အတ္ထိ။

ပ-ကား လောကုတ္တရာစိတ်ရစ်ခု, စေတသိက်ဆတ္တိံသ ရ၏။

ဒု-ကား ကမ္မဿကတာဉာဏ်, သစ္စာနုလောမိက-ဟု ဆိုအပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ၏။

လောကီစိတ်ဧကာသီတိ, ကမ္မဿကတာဉာဏ်, သစ္စာနုလောမိက-ဟု ဆိုအပ်သော ဝိပဿနာဉာဏ်ကြဉ်သော စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၃၈-ဒိဋ္ဌိဝိသုဒ္ဓိခေါပနဒုက်

ဒိဋ္ဌိဝိသုဒ္ဓိခေါပန-အယူ၏ အထူးသဖြင့် စင်ကြယ်ခြင်းသည်လည်း၊ ဝါ-အထူးသဖြင့် စင်ကြယ်သော အယူသည်လည်း၊ အတ္ထိ။

သီလဝိသုဒ္ဓိ [သီလဿ ဝိသုဒ္ဓိ-သီလဝိသုဒ္ဓိ။] သီလ၏ စင်ကြယ်ခြင်း (အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော သီလ)သည် "သီလဝိသုဒ္ဓိ"မည်၏။ [ဝိသုဒ္ဓိဘာဝံ သမ္ပတ္တာ သီလဿခံါတာ သီလဿ ဝိသုဒ္ဓိ-သီလဝိသုဒ္ဓိ။ ၆။]

"သဗ္ဗောပိ သီလသံဝရော သီလသမ္မဒါ"ဟုလည်းကောင်း, "သဗ္ဗောပိ သီလသံဝရော သီလဝိသုဒ္ဓိ"ဟုလည်းကောင်း နိက္ခေပကဏ္ဍပါဠိတော်၌ လာရှိသောကြောင့် "သီလသမ္မဒါ, သီလဝိသုဒ္ဓိ"ဟူသော ဒုက်ပုဒ်နှစ်ပုဒ်လုံး၏အရကို မဟာကုသိုလ် မဟာကြိယာ လောကုတ္တရာစိတ္တုပ္ပာဒ်ကို ကောက်သင့်၏၊ သို့ပင် ကောက်သင့်စေကာမူ သီလဝိသုဒ္ဓိနိဒ္ဒေသော ကိဉ္စာပိ သီလသမ္မဒါနိဒ္ဒေသေန သမာနော၊ တတ္ထ ပန ဝိသုဒ္ဓိသမ္မာပက် ပါတိမောက္ခသံဝရသီလံ ကထိတံ၊ ဣဓ ဝိသုဒ္ဓိပ္ပတ္တံ သီလံ"ဟူသော နိက္ခေပကဏ္ဍအဋ္ဌကထာ။ "ဝိသုဒ္ဓိပ္ပတ္တန္တိ မဂ္ဂဖလသီလံ ဝုစ္စတိ"ဟူသော မူလဋီကာတို့ကို အထောက်အထားပြု၍ သီလသမ္မဒါ-အရ လောကီသီလကိုလည်းကောင်း, သီလဝိသုဒ္ဓိ-အရ လောကုတ္တရာသီလကိုလည်းကောင်း ခွဲခြားကောက်ထားရပေသည်။

ဒိဋ္ဌိဝိသုဒ္ဓိ [ဒိဋ္ဌိယာ ဝိသုဒ္ဓိ-ဒိဋ္ဌိဝိသုဒ္ဓိ။] ဉာဏ်အမြင်၏ စင်ကြယ်မှု (အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော နိဗ္ဗာန်တိုင်အောင် ရောက်စေနိုင်သည့် သိတတ်မြင်တတ်သောဉာဏ်)သည် "ဒိဋ္ဌိဝိသုဒ္ဓိ"မည်၏။

ကမ္မဿကတာဉာဏ် "ဤကံသည် ကိုယ့်ဥစ္စာ ဟုတ်၏၊ ဤကံသည် ကိုယ့်ဥစ္စာ မဟုတ်"ဟု ပိုင်းခြားသိမြင်တတ်သော ဉာဏ်ပညာသည် "ကမ္မဿကတာဉာဏ်"မည်၏။

http://www.dhammadownload.com

ယထာဒိဋ္ဌိသစပမာနံ–အထူးသဖြင့် စင်ကြယ်သောဉာဏ်အား လျော်သော လုံ့လသည်လည်း၊ အတ္ထိ။

ပ–ကား ကမ္မသကာတာဉာဏ်, သစ္စာနုလောမိက–ဟု ဆိုအပ်သော ဝိပဿနာ ဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ၏။

ဒု–ကား ထိုဉာဏ်လေးပါးတို့နှင့်ယှဉ်သော မဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ်, လောကုတ္တရာစိတ်ရှစ်ခုဌ်ရှိသော ဝိရိယ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, နှစ်ပုဒ်–အရ ဉာဏ် ဝိရိယကြဉ်သော စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝိသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၃၉–သံဝေဇနိယဋ္ဌာနဒုက်

သံဝေဇနိယေသု ဋ္ဌာနေသု–ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော ဇာတိ ဇရာ ဗျာဓိ မရဏ–တည်းဟူသော အကြောင်းတို့ကြောင့်၊ ဝါ–တို့မှ၊ သံဝေဂေါစ–ထိတ်လန့်ခြင်းသည်လည်း၊ အတ္ထိ။

ကိုယ်တိုင် ပြုအပ်သည်မူလည်းဖြစ်စေ သူတစ်ပါး ပြုအပ်သည်မူလည်းဖြစ်စေ အကုသိုလ်ကံအားလုံးသည် အကျိုးစီးပွားကို ဖျက်ဆီးတတ်သောကြောင့်လည်းကောင်း, အကျိုးမဲ့ကို ဖြစ်စေတတ်သောကြောင့်လည်းကောင်း, ကိုယ့်ဥစ္စာ မဟုတ်ချေ၊ ကုသိုလ်ကံမူကား အကျိုးမဲ့ကို ဖျက်ဆီးတတ်သောကြောင့်လည်းကောင်း, အကျိုးစီးပွားကို ဖြစ်စေတတ်သောကြောင့်လည်းကောင်း "ကိုယ့်ဥစ္စာ"မည်၏။

ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော ယောကျ်ားတစ်ယောက်သည် ခရီးရှည်သွားရင်း ရောက်ရှိသွားသော မြို့ရွာများ၌ နက္ခတ်ပွဲလမ်းသဘင် ဆင်ယင်ကျင်းပနေသည်ကို တွေ့ရှိလတ်သော် "ငါကား ဧည့်သည် အာဂန္တုကမျှသာ ဖြစ်၏၊ ဘယ်သူ့ကို အကြောင်းပြု၍ ပါဝင်ဆင်နွှဲရပါမည်နည်း"ဟု စဉ်းစားတွေးတောမနေဘဲ မိမိနှစ်သက်ရာနည်းလမ်းဖြင့် ပါဝင်ဆင်ဆင်နွှဲလျက် သက်သာလွယ်ကူစွာဖြင့်ပင် သွားနေသော လမ်းခရီးကို လွန်မြောက်၍ အလိုရှိရာ အရပ်သို့ ရောက်နိုင်သကဲ့သို့ ထို့အတူပင်လျှင် ဤကမ္မသကတာဉာဏ်၌ တည်ကြလျက် များစွာသော ဝဋ္ဋဂါမိကုသိုလ်ကံများကို ပြုလုပ်အားထုတ်ကြ၍ ချမ်းသာအမျိုးမျိုးကို ခံစားကြလျက် အရဟတ္တဖိုလ်ကို ဆိုက်ရောက်သွားသော ပုဂ္ဂိုလ်တို့၏ အရေအတွက်မှာ မရေမတွက်နိုင်လောက်အောင် များပြားလှပေသည်။ ဌ။

[ကြွင်းသောဉာဏ်တို့၏ သဘောမှာ သိသာထင်ရှားပါပြီ။]

ယထာဒိဋ္ဌိသစ ပမာနံ [အနုရူပါ ဒိဋ္ဌိ ယဿာတိ–ယထာဒိဋ္ဌိ။] ဝိရိယအား လျောက်ပတ်သော ဉာဏ်ရှိသောသူ (ကောင်းသောဉာဏ်ရှိသောသူ)၏ ထိုဉာဏ်နှင့်ယှဉ်သော အားထုတ်ကြောင်း လုံ့လသည် "ယထာဒိဋ္ဌိသစပမာန"မည်၏။ [ပထမပုဒ်မှာ ဆိုခဲ့ပြီးသည့်အတိုင်းပင် ဖြစ်သည်။]

သံဝေဂေါစ သံဝေဇနိယေသု ဋ္ဌာနေသု [သံဝိဇ္ဇတိ ဧတေနာတိ–သံဝေဂေါ။] ထိတ်လန့်စေတတ်သော ဇာတိ–စသောအကြောင်းကြောင့်

http://www.dhammadownload.com

သံဝိဂ္ဂသ–ဇာတိဇရာ ဗျာဓိမရဏတို့မှ ထိတ်လန့်သောပုဂ္ဂိုလ်၏၊ ယောနိသော ပဓာနဋ္ဌ–အသင့်အားဖြင့် လုံ့လပြုခြင်းသည်လည်း၊ အတ္ထိ။

ပ–ကား ဇာတိဇရာ ဗျာဓိမရဏ–စသည်တို့မှ ထိတ်လန့်သောအခါ မဟာကုသိုလ်ဉာဏသမ္ပယုတ်၌ရှိသော ပညာ ရ၏။

ဒု–ကား ကုသိုလ်ဇကဝိသ, ဖိုလ်လေးခု၌ရှိသော သမ္မာဝါယာမ ရ၏။

စိတ်တစ်ခုယုတ်ကိုးဆယ်, သံဝေဂပညာ ကုသိုလ်ဇကဝိသ ဖိုလ်လေးခု၌ရှိသော သမ္မာဝါယာမကြဉ်သော စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝိသ, နိဗ္ဗာန်ကား ဒုက်မုတ်။

ထိတ်လန့်ကြောင်း သဟောတ္တပ္ပဉာဏ်သည် "သံဝေဂ"မည်၏၊ တစ်နည်းအားဖြင့် သြတ္တပ္ပသည်ပင် "သံဝေဂ"မည်၏။ [သံဝေဂေါတိ–သဟောတ္တပ္ပံ ဉာဏံ, သြတ္တပ္ပမေဝဝါ။ ဋီ။]

ဉာဏ်နှင့် မယှဉ်သော ဉာဏဝိပ္ပယုတ် သြတ္တပ္ပမျိုးလည်း ရှိသေးသောကြောင့် "သြတ္တပ္ပမေဝ ဝါ"ဟု တစ်နည်းထပ်ဆင့်၍ ဋီကာဆရာ ဖွင့်ဆိုပြန်သည်။

ဤသံဝေဂ–ဟူသည် ဇာတိ–စသည်ကို ကြောက်စရာ လန့်စရာ အနေအားဖြင့် တွေ့တတ် မြင်တတ် သိတတ်သော ဉာဏ်ပင်တည်း၊ ရန်သူကို ကြောက်ရွံ့မှု–စသည်တို့မှာ သံဝေဂ မဟုတ်၊ ဒေါသ, ဒေါမနဿတို့သာ ဖြစ်သည်။

[သံဝေဇေတီတိ–သံဝေဇနံ၊ သံဝေဇနမေဝ–သံဝေဇနိယံ။] ထိတ်လန့်စေတတ်သော ဇာတိ–စသည်သည် "သံဝေဇနိယ"မည်၏၊ ဆိုခဲ့ပြီးသည့်အတိုင်း ဤနေရာ၌လည်း ဌာနသဒ္ဒါသည် "အကြောင်း"ဟူသော အနက်ကိုပင် ဟော၏။

ထိတ်လန့်စေတတ်သော ဇာတိ–စသော အကြောင်းတို့ကြောင့် ထိတ်လန့်ကြောင်း သဟောတ္တပ္ပဉာဏ်သည် "သံဝေဂေါစ သံဝေဇနိယေသု ဌာနေသု"မည်၏။

သံဝိဂ္ဂဿစ ယောနိသော ပဓာနံ [သံဝေဇေတီတိ–သံဝိဂ္ဂေါ။] ဇာတိ–စသည်ကြောင့် ထိတ်လန့်တတ်သောသူသည် "သံဝိဂ္ဂ"မည်၏။

[ပဒဟန်္တိ ဧတေနာတိ–ပဓာနံ။] အားထုတ်ကြောင်းလုံ့လသည် "ပဓာန"မည်၏၊ ယောနိ–သဒ္ဒါသည် "သင့်သောအကြောင်း"ဟူသော အနက်ကို ဟော၏။

ဇာတိ–စသည်တို့ကို ကြောက်လန့်တတ်သောသူ၏ သင့်သောအကြောင်းအားဖြင့် အားထုတ်ကြောင်းလုံ့လသည် "သံဝိဂ္ဂဿစ ယောနိသော ပဓာန"မည်၏။

အချို့အချို့သောသူများက ကြောက်လန့်သောအခါ မတရားအားထုတ်၍ သေကြောင်းကြံစည်မှု–စသည်ကို ပြုတတ်သောကြောင့် "ယောနိသော"ဟူသော စကားကို ထည့်သွင်းဟောကြားထားပေသည်။

http://www.dhammadownload.com

၄၀-အသန္တ္ဂုဏ်တာကုသလဓမ္မဒုက်

ကုသလေသု ဓမ္မေသု-ကုသိုလ်တရားတို့၌၊ အသန္တ္ဂုဏ်တာစ-မရောင့်ရဲသော သူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ပမာနသ္မိံ-ကုသိုလ်တရားကို တိုးပွားစေခြင်းငှာ အားထုတ်ခြင်း၌၊ အပွဠိဝါနိတာစ-မဆုတ်နစ်သောသူ၏ အဖြစ်သည်လည်း၊ အတ္ထိ။

ပ-ကား ကုသိုလ်ဇကဝိသ, စေတသိက် အဋ္ဌတ္တိံသ ရ၏။

ဒု-ကား ကုသိုလ်စိတ်ဇကဝိသဉ်ရှိသော သမ္မာဝါယာမ ရ၏။

အကုသိုလ်ဒွါဒသ, ဝိပါက်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

၄၁-ဝိဇ္ဇာဒုက်

ဝိဇ္ဇာစ-မောဟကို ဖျက်ဆီး၍ ထင်စွာပြုတတ်သော ပညာသည်လည်း၊ အတ္ထိ။

ဝိမုတ္တိစ-ဆန့်ကျင်ဘက်နိဝရဏတို့မှ ကောင်းစွာလွတ်သော သမာပတ်ရှစ်ပါး သည်လည်း၊ ဝါ-အလုံးစုံသောကိလေသာတို့မှ စင်စစ်လွတ်သော နိဗ္ဗာန်သည်လည်း၊ အတ္ထိ။

အသန္တ္ဂုဏ်တာစ ကုသလေသု ဓမ္မေသု တုဿနံ-တုဋ္ဌိ၊ သမ္မာ တုဋ္ဌိ-သန္တုဋ္ဌိ၊ နတ္ထိ သန္တုဋ္ဌိ ဧတေဿာတိ-အသန္တုဋ္ဌိ၊အသန္တုဋ္ဌိဿ ဘာဝေါ-အသန္တုဋ္ဌိတာ။] ကုသိုလ်တရားတို့၌ မတင်းတိမ်နိုင် အားမရနိုင်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ကုသိုလ်စိတ္တုပ္ပာဒ်သည် "အသန္တုဋ္ဌိတာစ ကုသလေသု ဓမ္မေသု"မည်၏။

အပွဠိဝါနိတာစ ပမာနသ္မိံ [ပဠိဝနိယတေ-ပဠိဝါနော၊ ပဠိဝါနော အဿ အတ္ထီတိ-ပဠိဝါနီ၊ နဿ ပဠိဝါနီ-အပွဠိဝါနီ၊ အပွဠိဝါနိနော ဘာဝေါ-အပွဠိဝါနိတာ၊ ဝနုဓာတ်သည် ဗျာပါရအနက်ကို ဟော၏၊ ဝန(ဘူ)-ဗျာပါရေ၊ ဓာတွတ္ထသင်္ဂဟ၊ ပဠိဝနိယတေ-ပြောင်းပြန်အားထုတ်ခြင်း၊ ဝါ-နောက်ဆုတ်ခြင်း။] ဝိရိယအလျဉ် တသွင်သွင် စီးသွားလျက်ရှိစဉ် အကြားဌ၌ ဝီရိယပြတ်၍ နောက်ဆုတ်တတ်ခြင်းမျိုးကို "ပဠိဝါန"ဟု ခေါ်သည်။

အရဟတ္တဖိုလ်သို့ မရောက်မချင်း ကမ္မဋ္ဌာန်းအားထုတ်မှုဌ၌ နောက်ဆုတ်ခြင်း မရှိသည်၏ ဖြစ်ကြောင်းဖြစ်ရာ သမ္မာဝါယာမသည် "အပွဠိဝါနိတာစ ပမာနသ္မိံ"မည်၏။

ဝိဇ္ဇာ [ဝိဒတိ ဇာနာတီတိ-ဝိဇ္ဇာ။] အထူးအားဖြင့် သိမြင်တတ်သော ဝိဇ္ဇာသုံးပါး သည် "ဝိဇ္ဇာ"မည်၏၊ ဝိဇ္ဇာသုံးပါး၏သဘောကို ဝိဇ္ဇာဘာဂိဒုက်၌ ပြခဲ့ပြီးပါပြီ။

ဝိမုတ္တိ [ဝိမုစ္စနံ-ဝိမုတ္တိ။] အာရုံ၌ သက်ဝင်ခြင်းသဘောတရားသည် "ဝိမုတ္တိ" မည်၏၊ တစ်နည်း= [ဝိမုစ္စတီတိ-ဝိမုတ္တိ။] ကိလေသာသခ်ါရတို့မှ လွတ်မြောက်တတ်သော သမာပတ်ရှစ်ပါးနှင့် နိဗ္ဗာန်တို့သည် "ဝိမုတ္တိ"မည်၏။

http://www.dhammadownload.com

ပ–ကား ပုဗ္ဗေနိဝါသညာဏ်, စုတူပပါတဉာဏ်, အာသဝက္ခယဉာဏ် ရ၏။

ဒု–ကား မဟဂ္ဂုတ်ကုသိုလ်ကိုးခု, ကြိယာကိုးခု, စေတသိက်ပဉ္စတ္တိံသ, နိဗ္ဗာန် ရ၏။

ကာမစိတ် စတုပညာသ, မဟဂ္ဂုတ်ဝိပါက်ကိုးခု, လောကုတ္တရာစိတ်ရှစ်ခု, ဝိဇ္ဇာသုံးပါးကြဉ်သော စေတသိက်ဒွေးပညာသ, ရုပ်အဋ္ဌဝီသကား ဒုက်မုတ်။

၄၂–ခယေဉာဏဒုက်

ခယေ–ကိလေသာတို့၏ကုန်ခြင်းကို ပြုတတ်သော အရိယမဂ်လေးခုဥ်၊ ဉာဏ်–ဉာဏ်သည်၊ အတ္ထိ။

အနုပ္ပာဒေ–ထိုထိုသို့သောမဂ်ဖြင့်ပယ်အပ်သော ကိလေသာတို့၏မဖြစ်ခြင်း အဆုံးရှိသော အရိယဖိုလ်လေးခုဥ်၊ ဉာဏ်–ဉာဏ်သည်၊ အတ္ထိ။

ပ–ကား မဂ်စိတ်လေးခုဥ်ရှိသော ပညာ ရ၏၊ ထိုပညာသည် သခ်ါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ် မဂ္ဂသစ္စာတည်း။

ဒု–ကား ဖိုလ်စိတ်လေးခုဥ်ရှိသော ပညာ ရ၏၊ ထိုပညာသည် သခ်ါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ် သစ္စဝိမုတ်တည်း။

စိတ်တစ်ခုယုတ်ကိုးဆယ်, မဂ်ဉာဏ် ဖိုလ်ဉာဏ်ကြဉ်သော စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ကား ဒုက်မုတ်။

ခယေဉာဏ် [ကိလေသာ ခီယန္တိ ဧတေနာတိ–ခယော။] ကိလေသာတို့၏ကုန်ကြောင်း အရဟတ္တမဂ်သည် "ခယ"မည်၏၊ ထိုကိလေသာကုန်ကြောင်း အရိယမဂ်ထဲ၌ ပါဝင်သော သမ္မာဒိဋ္ဌိမဂ္ဂင်သည် "ခယေဉာဏ"မည်၏။

အနုပ္ပာဒေ ဉာဏ် [ဥပ္ပဇ္ဇတိ ဧတေနာတိ–ဥပ္ပာဒေါ၊ န ဥပ္ပာဒေါ–အနုပ္ပာဒေါ။] မဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့၏ တစ်ဖန်ဆက်စပ်ခြင်း၏အစွမ်းဖြင့် မဖြစ်ကြောင်းဖြစ်သော အရိယဖိုလ်ဥပါဝင်သော သမ္မာဒိဋ္ဌိသည် "အနုပ္ပာဒေဉာဏ"မည်၏။

ဒုက်များကို စိစစ်ချက် ဆိုခဲ့ပြီးသော သုတ္တန္တိက လေးဆယ့်နှစ်ဒုက်တို့တွင် နာမရူပဒုက်, သတိသမ္ပဇညဒုက်, သမထဝိပဿနာဒုက်– ဤသုံးဒုက်သည် သဗ္ဗလဒ္ဓနာမဒုက်မည်၏၊ ကြွင်းသော သုံးဆယ့်ကိုးဒုက်ကား အာဒိလဒ္ဓနာမဒုက် မည်၏။

အဓိဝစနဒုက်, နိရုတ္တိဒုက်, ပဉတ္တိဒုက်, နာမရူပဒုက်–ဤလေးဒုက်သည် နိပ္ပဒေသဒုက် မည်၏၊ ကြွင်းသုံးဆယ့်ရှစ်ဒုက်ကား သပ္ပဒေသဒုက် မည်၏။

http://www.dhammadownload.com

ဆောင်။ ။နာ ဇေ့, သမထ ဝိပဿနာ၊
ဒုက်သုံးလီ မည်နာမ, သဗ္ဗလဒ္ဓါ၊
ဓိ နိ ပ နာမာ, မှတ်ပါလေ နိပ္ပ၊
အာ–သပ္ပဒေ, ဖြေမှန်ထွက်အောင်, တွက်စစ်သေသ။

သုတ္တန်တ်ကမာတိကာ
လေ့ကျင့်ခန်းမေးခွန်း

၁။ သုတ္တန်တ်ကမာတိကာ၌လာသော ဒုက် ၄၂–ပါးကို အစဉ်ကျအောင် ရေတွက်ပြပါ ?။
၂။ သုတ္တန်တ်ကမာတိကာကို အဘယ်အကျိုးငှာ အဘယ်ပုံ အဘယ်နည်းအားဖြင့် အဘယ်ပုဂ္ဂိုလ်က ထားခဲ့ပါသနည်း ?။
၃။ သုတ္တန်တ်ကမာတိကာကို အကျယ်ဝေဖန်ရာ ကဏ္ဍကိုလည်း ညွှန်ပြပါ ?။

ဝိဇ္ဇာဘာဂီ ဒုကာဒိပဥ္စက

၁။ ဝိဇ္ဇာ, ဝိဇ္ဇာဘာဂီ, အဝိဇ္ဇာ, အဝိဇ္ဇာဘာဂီတို့၏–အရကို အသီးအသီး ကောက်ပြပါ ?။
၂။ မောဟလေးပါးကို ရေတွက်ပြပါ ?။
၃။ ဝိဇ္ဇာရှစ်ပါးကို ရေတွက်ပြပါ ?။
၄။ အဘယ်ကို "ဝိပဿနာဉာဏ်"ဟု ခေါ်ပါသနည်း ?။
၅။ အဘယ်ကို "မနောမယိဒ္ဓိဉာဏ်"ခေါ်ကြောင်း ပြ၍ မနောမယိဒ္ဓိဉာဏ်–အရ ယူရမည့် တရားကိုလည်း ပြပါ ?။
၆။ အဘယ်ကို "ဣဒ္ဓိဝိဓဉာဏ်"ဟု ခေါ်ပါသနည်း ?။
၇။ အဘယ်ကို "ပရစိတ္တဝိဇာနနေ"ဟု ခေါ်ကြောင်း ပြ၍ ၄င်း၏အခြားအမည်တစ်မျိုးကိုလည်း အကြောင်းနှင့်တကွ ပြပါ ?။
၈။ အဘယ်ကို "ပုဗ္ဗေနိဝါသာနုဿတိအာဘိညာဉ်"ဟု ခေါ်ပါသနည်း ?၊
၉။ အဘယ်ကို "ဒိဗ္ဗစက္ခု"ခေါ်ကြောင်းပြ၍ ၄င်းကို အခြားမည်ကဲ့သို့ ခေါ်ဆိုနိုင်ပါသေးသနည်း၊ အကြောင်းနှင့်တကွ ပြပါ ?။
၁၀။ အဘယ်ကို "ဒိဗ္ဗသောတ"ဟု ခေါ်ပါသနည်း ?။
၁၁။ အဘယ်ကို "အာသဝက္ခယဉာဏ်"ဟု ခေါ်ပါသနည်း ?။
၁၂။ သောတာပတ္တိမဂ်ဉာဏ်–စသည်တို့သည် အဘယ့်ကြောင့် လျှပ်စစ်နှင့် တူရပါသနည်း ?။
၁၃။ အရဟတ္တမဂ်ဉာဏ်သည် အဘယ့်ကြောင့် ဝဇိရစိန်(မိုးကြိုး)နှင့် တူရပါသနည်း ?။
၁၄။ အဘယ်ကို "ဗာလ, ဗာလဓမ္မ"ခေါ်ပါသနည်း၊ သိသာရုံမျှ ရှင်းပြပါ ?။
၁၅။ အဘယ်ကို "ပဏ္ဍိတ, ပဏ္ဍိတဓမ္မ"ဟု ခေါ်ပါသနည်း၊ သိသာရုံမျှ ရှင်းပြပါ ?။

http://www.dhammadownload.com

၁၆။ အကုသိုလ်တရားတို့ကို အဘယ်နည်း အဘယ်ပုံ "ကဏ္ဍ"ဟု ခေါ်ရကြောင်းကို ရှင်းလင်းပြပါ ?။

၁၇။ ကုသိုလ်တရားများကို "သုက္က"ဟု ခေါ်ဆိုရပုံကို ဖြေရှင်းပြပါ ?။

၁၈။ တပနီယ, အတပနီယတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

အဓိဝစန ဒုကာဒိပဉ္စက

၁။ အဓိဝစနဒုက်၏ ပထမပဒကို အနက်ပေး အရကောက်၍ ခန္ဓာ-စသည် ဖွဲ့ပြပါ ?။

၂။ အဘယ်သဒ္ဒါမျိုးကို "အဓိဝစန"ခေါ်ရကြောင်း ပြည့်စုံအောင် ပြပါ ?။

၃။ အဘယ်ကို "အဓိဝစနပထ"ဟု ခေါ်ပါသနည်း ?။

၄။ နာမ်လေးမျိုးကို ရေတွက်ပြပါ ?။

၅။ သဒ္ဒပညတ် ၆-မျိုးတို့ကို လိုရင်းအဓိပ္ပာယ်နှင့် တွဲစပ်ပြပါ ?။

၆။ နိရုတ္တိ, နိရုတ္တိပထ, ပညတ္တိ, ပညတ္တိပထ-အမည်ရသော တရားတို့ကို ပြပါ ?။

၇။ အဘယ်တရားမျိုးသည် "နာမ်"မည်ပါသနည်း၊ အကြောင်းထည့်သွင်း ရှင်းပြပါ ?။

၈။ အမည်ကိုပြုတတ်သောကြောင့် "နာမ်"ဟု ခေါ်ရပါလျှင် ပထဝီ-စသောရုပ်များကို နာမ်မခေါ်ဘဲ စိတ်, စေတသိက်, နိဗ္ဗာန်တို့ကိုသာ အဘယ့်ကြောင့် "နာမ်"ဟု ခေါ်ရပါ သနည်း ?။

၉။ "အာရုံသို့ညွတ်သည်"ဟူသော စကားရပ်၏ သဘောအဓိပ္ပာယ်ကို သိသာရုံမျှ ပြပါ ?။

၁၀။ အဘယ်တရားမျိုးသည် "ရူပ"မည်သနည်း ?။

၁၁။ အဝိဇ္ဇာ၏အဓိပ္ပာယ်ကို ငါးမျိုးထက်မနည်း ရေးပြ၍ ဘဝတဏှာ၏ အဓိပ္ပာယ်ကိုလည်း ပြပါ ?။

ဘဝဒိဋ္ဌိ ဒုကာဒိပဉ္စက

၁။ ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိတို့၏ အဓိပ္ပာယ်ကိုပြပါ ?။

၂။ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အန္တဝါဒိဋ္ဌိ, အနန္တဝါဒိဋ္ဌိတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၃။ ပုဗ္ဗန္တာနုဒိဋ္ဌိ, အပရန္တာနုဒိဋ္ဌိတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၄။ အဟိရိက, အနောတ္တပ္ပတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

ဟိရီ ဒုကာဒိပဉ္စက

၁။ ဟိရီ, ဩတ္တပ္ပတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၂။ ဒေါဝစဿတာ, ပါပမိတ္တတာတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၃။ သောဝစဿတာ, ကလ္လာဏမိတ္တတာတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

၄။ မာတိကာဌ်လာသောအာပတ်, ပဒဘာဇနီနှင့်ခန္ဓကတို့ဌ်လာသော အာပတ်တို့ကို သရုပ်ထုတ်ရေတွက်ပြပါ ?။

B)

http://www.dhammadownload.com

၅။ အာပတ္တိကုသလတာ, အာပတ္တိဝုဋ္ဌာနကုသလတာတို့၏ အဓိပ္ပာယ်ကို ပြပါ ?။
၆။ သမာပတ္တိကုသလတာ၏ အရကိုကောက်၍ ခန္ဓာ-စသည် ဖွဲ့ပြပါ ?။
၇။ အဘယ်ကို "သမာပတ်"ခေါ်ကြောင်း ပြ၍ ထိုသမာပတ်တို့၏ အပြားကိုလည်း ပြပါ ?။
၈။ သမာပတ္တိကုသလတာ, သမာပတ္တိဝုဋ္ဌာနကုသလတာတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

ဓာတုကုသလတာ ဒုကာဒီပဉ္စက

၁။ ဓာတုကုသလတာ, မနသိကာရကုသလတာတို့၏ အဓိပ္ပာယ်ကို ပြပါ ?။
၂။ အာယတနကုသလတာ, ပဋိစ္စသမုပ္ပာဒကုသလတာတို့၏အဓိပ္ပာယ်ကို ပြပါ ?။
၃။ ဓာတုကုသလတာ-စသည်တို့၌ ရသင့်သော ပညာ ၆-မျိုးကို ပြ၍ ယင်းတို့ကို လောကီ, လောကုတ္တရာ ခွဲခြားပြပါ ?။
၄။ ဌာနကုသလတာ, အဌာနကုသလတာတို့၏ အဓိပ္ပာယ်ကို ပြပါ ?။
၅။ အဇ္ဇဝ, မဒ္ဒဝ, ခန္တီ, သောရစ္စ-တို့၏ အဓိပ္ပာယ်ကို ပြပါ ?။

သာဓလျ ဒုကာဒီပဉ္စက

၁။ သာဓလျ, ပဋိသန္ထာရတို့၏ အဓိပ္ပာယ်ကို ပြပါ ?။
၂။ အာမိသ, ဓမ္မတို့ဖြင့် အစေ့အစပ်ပြုပုံကို သိသာရုံမျှ ပြပါ ?။
၃။ ဣန္ဒြိယေသု အဂုတ္တဒွါရတာ၏ သဘောအဓိပ္ပာယ်ကို ပြ၍ ၄င်း၏အရ အဘယ် တရားများကို ကောက်သင့်ကြောင်းကိုလည်း အကြောင်းနှင့်တကွ ပြပါ ?။
၄။ ဘောဇနေ အမတ္တညုတာ၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။
၅။ ဣန္ဒြိယေသု ဂုတ္တဒွါရတာ, ဘောဇနေ မတ္တညုတာတို့၏ သဘောအဓိပ္ပာယ်နှင့် အရ ကောက်တို့ကို တိကျစွာ ပြပါ ?။
၆။ မုဋ္ဌသစ္စ, အသမ္ပဇည, သတိ, သမ္ပဇညတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

ပဋိသင်္ခါနဗလ ဒုကာဒီပဉ္စက

၁။ ပဋိသင်္ခါနဗလ, ဘာဝနာဗလတို့၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။
၂။ ပဋိသင်္ခါနဗလ၌ အဘယ်ကြောင့် ဗလသဒ္ဒါကို တွဲဖက်၍ ဟောတော်မူရပါသနည်း ?။
၃။ သမထ, ဝိပဿနာ, သမထနိမိတ္တ, ပဂ္ဂါဟနိမိတ္တတို့၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။
၄။ ပဂ္ဂါဟ, အဝိက္ခေပ, သီလဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိတို့၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။

သီလသမ္ပဒါ ဒုကာဒီသတ္တက

၁။ သီလသမ္ပဒါ, ဒိဋ္ဌိသမ္ပဒါတို့၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။
၂။ အကျိုးသီလကို အကြောင်းသီလ၏ အကြောင်းအနေဖြင့် ထားရပုံ, သီလအကုန်လုံးပင် သီလသမ္ပဒါအမည် ရပုံတို့ကို ပြပါ ?။
၃။ သီလဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိတို့၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။

http://www.dhammadownload.com

၄။ နိက္ခေပကဏ္ဍပါဠိတော်၌ အတူဖွင့်ဆိုထားပါလျက် သီလသမ္ပဒါ-အရ လောကီသီလ, သီလဝိသုဒ္ဓိအရ လောကုတ္တရာသီလတို့ကို ကောက်ယူရပုံကို ဖြေရှင်းပြပါ ?။

၅။ ကိုယ့်ဥစ္စာမဟုတ်သောက်, ကိုယ့်ဥစ္စာမည်သောက်တို့ကို အကြောင်းနှင့်တကွ ပြပါ ?။

၆။ "ယထာဒိဋ္ဌိသစ ပဓာန်"ဟူသော ပုဒ်၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။

၇။ "သံဝေဇနိယဋ္ဌာန, သံဝေဂ"ဟု အဘယ်ကိုခေါ်ရကြောင်း အသီးအသီး ပြပါ ?။

၈။ ရန်သူကို ကြောက်ရွံ့မှု-စသည်ကို "သံဝေဂ"ဟု ခေါ်ပါသလား၊ အဘယ်ကို "သံဝေဂ"ဟု ခေါ်ပါသနည်း ?။

၉။ သံဝိဂ္ဂသစ ယောနိသော ပဓာန်-၌ "သံဝိဂ္ဂ, ပဓာန"ဟု အဘယ်ကို ခေါ်ရပါသနည်း၊ အသီးအသီး ပြပါ ?။

၁၀။ သံဝိဂ္ဂသစ ယောနိသော ပဓာန်-၌ ယောနိသော သဒ္ဒါကို ထည့်သွင်းဟောထားရခြင်း၏ အကြောင်းကို ပြပါ ?။

၁၁။ "အသန္တုဋ္ဌိတာစ ကုသလေသု ဓမ္မေသု"ဟူသော ပုဒ်၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။

၁၂။ အပ္ပဋိဝါနိတာစ ပဓာနသ္မိ်-၌ "ပဋိဝါန"ဟု အဘယ်ကို ခေါ်ရကြောင်းပြ၍ တစ်ပုဒ်လုံး၏ အဓိပ္ပာယ်ကိုလည်း ပြပါ ?။

၁၃။ ဝိဇ္ဇာ, ဝိမုတ္တိတို့၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။

၁၄။ ခယေ ဉာဏ်-၌ ခယ, ခယေဉာဏတို့၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။

၁၅။ အနုပ္ပာဒေ ဉာဏ်-၌ အနုပ္ပာဒ, အနုပ္ပာဒေဉာဏတို့၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။

၁၆။ သုတ္တန္တိကမာတိကာ၌လာသော သဗ္ဗလဒ္ဓနာမဒုက်, အာဒိလဒ္ဓနာမဒုက်, နိပ္ပဒေသဒုက်, သပ္ပဒေသဒုက်တို့ကို စိစစ်ရေတွက်ပြပါ ?။

သုတ္တန္တိကမာတိကာ
ဖြေးပါဖြို့။

http://www.dhammadownload.com

ဓာတုကထာပန်းကုံး

ဥဒ္ဒေသ

ဝိဘင်းကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ဓာတုကထာကျမ်းကို ဟောတော် မူ၏၊ ထိုဓာတုကထာကျမ်းသည် ဥဒ္ဒေသ, နိဒ္ဒေသအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ဥဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။

ဓာတုကထာ [အတ္တနော သဘာဝံ ဓာရေန္တီတိ–ဓာတုယော၊ ကထီယန္တိ ဧတ္ထ, ဧတာယာတိ ဝါ–ကထာ၊ ဓာတူနံ ကထာ–ဓာတုကထာ။] မိမိသဘောကို ဆောင်တတ်သည့် ခန္ဓာ–အစ အရဏ–အဆုံးရှိသော တရားတို့ကို ဟောရာဟောကြောင်း ဖြစ်သောကြောင့် "ဓာတုကထာ"ခေါ်သည်။

ဓမ္မသင်္ဂဏီ–စသောကျမ်းတို့၌လည်း ခန္ဓာ–အစ အရဏ–အဆုံးရှိသော တရားတို့ကို ဟောကြားပါ၏၊ သို့ပင် ဟောကြားစေကာမူ ဤကျမ်း၌ကဲ့သို့ မဟောကြားခဲ့၊ ဤကျမ်း၌ကား တစ်ဆယ့်လေးနယတို့တွင် တစ်ခုတစ်ခုသော နယ၌ပင် ထိုခန္ဓာ–အစ အရဏ အဆုံးရှိသော တရားတို့ကို ထိုက်သည်အားလျော်စွာ ဟောထားပေသည်၊ ထိုသို့ သာတိသယနည်းအားဖြင့် ဟောကြားထားသောကြောင့် ဤကျမ်းကိုသာ "ဓာတုကထာ"ဟု ခေါ်ရသည်၊ ဓမ္မသင်္ဂဏီ–စသော တစ်ပါးသောကျမ်းတို့ကို "ဓာတုကထာ"ဟု မခေါ်ရ။

တစ်နည်း [ဓာတူဟိ ကထာ–ဓာတုကထာ။] ဓာတ်တို့ဖြင့် ဟောရာဟောကြောင်း ဖြစ်သောကြောင့် "ဓာတုကထာ"ခေါ်သည်။

ဤဓာတုကထာကျမ်း၌ ခန္ဓာ အာယတနတို့ဖြင့်လည်း ဟောကြားပါ၏၊ သို့ပင် ဟောကြားစေကာမူ အရေအတွက်အားဖြင့် ခန္ဓာငါးပါး အာယတနတစ်ဆယ့်နှစ်ပါး မျှသာ ရှိသည်၊ ဓာတ်မူကား တစ်ဆယ့်ရှစ်ပါးပင် ရှိသည်၊ သို့ဖြစ်၍ ဓာတ်ကသာ မဟာဝိသယဖြစ်၏၊ အရာကျယ်၏၊ ထိုသို့ မဟာဝိသယဖြစ်သော ဓာတ်ဖြင့်သတ်မှတ်၍ "ဓာတုကထာ"သာ ခေါ်ရသည်၊ ခန္ဓကထာ, အာယတနကထာ"မခေါ်ရ။

တစ်နည်း [ဓာတုယာ သဘာဝေန ကထာ–ဓာတုကထာ။] ပရမတ္ထသဘောအားဖြင့် ဟောရာဟောကြောင်းဖြစ်သောကြောင့် "ဓာတုကထာ"ခေါ်သည်။

http://www.dhammadownload.com

ထိုဥဒ္ဒေသသည် မာတိကာမည်၏၊ ထိုမာတိကာသည် နယမာတိကာ, အဗ္ဘန္တရမာတိကာ, နယမုခမာတိကာ, လက္ခဏာမာတိကာ, ဗာဟိယမာတိကာအားဖြင့် ငါးပါးအပြားရှိ၏။

အဘိဓမ္မာခုနစ်ကျမ်းလုံးပင် ပရမတ္ထသဘောအားဖြင့် ဟောရာဟောကြောင်း ဖြစ်သောကြောင့် မာတုကထာ မည်သင့်ပေ၏၊ သို့ရာတွင် ခန္ဓာ-အစ အရဏ-အဆုံးရှိသော တရားတို့ကို အလွန်အားဖြင့် ဟောရာဖြစ်သောကြောင့် သာတိသယနည်းဖြင့် ဤကျမ်းကိုသာ "မာတုကထာ"ခေါ်ရသည်၊ ကြွင်းသောကျမ်းတို့ကို မာတုကထာ မခေါ်ရ၊ မခေါ်သင့်။

ဆောင်။ ။စ-ခန္ဓာ အရဏ-ဆုံးပါတဲ့, ဓမ္မာအလုံးဟောရာ၊
တစ်မျိုးကြဲ ဟောပြန်လတ်, မာတ်တို့ဖြင့်သာ။
တစ်နည်းပြ ပရမ သဘာဝါ, ဟောရာတဲ့ ဟောကြောင်း၊
အမည်ပြု မာတုကထာတဲ့, ဝိဂ္ဂဟာ လုပ်ကာပြကြတယ်,
ဟုတ်လှပေတောင်း။

ဥဒ္ဒေသ အကျဉ်းညွှန်ပြအပ်သော စကားရပ်ကို "ဥဒ္ဒေသ"ခေါ်သည်၊ ထိုဥဒ္ဒေသကိုပင် အမိက သားကို ဖြစ်ပွားစေသည့်အလား အကျယ်နိဒ္ဒေသကို ဖြစ်ပွားစေတတ်သောကြောင့် "မာတိကာ"လည်း ခေါ်သေး၏။

နိဒ္ဒေသ အကျဉ်းညွှန်ပြအပ်ပြီးသော ဥဒ္ဒေသစကားရပ်ကို အကျယ်ချဲ့ထွင် ညွှန်ပြထားသော စကားရပ်သည် "နိဒ္ဒေသ"မည်၏။

နယမာတိကာ ခန္ဓာ-အစ အရဏ-အဆုံးရှိသော တရားတို့ကို သင်္ဂဟ-အသင်္ဂဟ အစရှိသော ၁၄-နည်းတို့ဖြင့် ဤမာတုကထာ-ကျမ်း၌ ဝေဖန်အပ်ကုန်၏-ဟု ပြရန်အလို့ငှာ ထားအပ်သော မာတိကာသည် "နယမာတိကာ"မည်၏၊ ၄င်းကိုပင် "မူလမာတိကာ"ဟုလည်း ခေါ်သေးသည်။

အဗ္ဘန္တရမာတိကာ တစ်ဆယ့်လေးနယတို့ဖြင့် ဝေဖန်အပ်သော တရားတို့ကို သရုပ်အားဖြင့် ပြလျက် မာတုကထာကျမ်း၏အတွင်း၌ ထားအပ်သောကြောင့် "အဗ္ဘန္တရမာတိကာ"ခေါ်သည်၊ "ပကိဏ္ဏကမာတိကာ"ဟုလည်း ခေါ်သေး၏။

နယမုခမာတိကာ သင်္ဂဟ အသင်္ဂဟ-စသည်တို့၏ နည်းအမြွက်ကို ပြဖို့ရန် ထားအပ်သော မာတိကာကို "နယမုခမာတိကာ"ခေါ်သည်။

လက္ခဏမာတိကာ သဘာဂ ဝိသဘာဂ-စသော လက္ခဏာ၏အစွမ်းအားဖြင့် သင်္ဂဟ အသင်္ဂဟ-စသည်တို့၏ လက္ခဏာကို ပြဖို့ရန် ထားအပ်သောကြောင့် "လက္ခဏမာတိကာ"ခေါ်သည်။

http://www.dhammadownload.com

နယမာတိကာ

ထိုငါးပါးတို့တွင် နယမာတိကာကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုနယမာတိကာသည်လည်း	နယ	ဟောဟန်ကား			ဤတို့ ဓာတုသို့ ပဒေသို့ နိဒ္ဒိဿ အသုံ နယမာတိကာ
	ပထမ	သင်္ဂဟော	အသင်္ဂဟော		
	ဒုတိယ	သင်္ဂဟိတေန	အသင်္ဂဟိတံ		
	တတိယ	အသင်္ဂဟိတေန	သင်္ဂဟိတံ		
	စတုတ္ထ	သင်္ဂဟိတေန	သင်္ဂဟိတံ		
	ပဉ္စမ	အသင်္ဂဟိတေန	အသင်္ဂဟိတံ		
	ဆဋ္ဌ	သမ္ပယောဂေါ	ဝိပ္ပယောဂေါ		
	သတ္တမ	သမ္ပယုတ္တေန	ဝိပ္ပယုတ္တံ		
	အဋ္ဌမ	ဝိပ္ပယုတ္တေန	သမ္ပယုတ္တံ		
	နဝမ	သမ္ပယုတ္တေန	သမ္ပယုတ္တံ		
	ဒသမ	ဝိပ္ပယုတ္တေန	ဝိပ္ပယုတ္တံ		
	ဧကာဒသမ	သင်္ဂဟိတေန	သမ္ပယုတ္တံ	ဝိပ္ပယုတ္တံ	
	ဒွါဒသမ	သမ္ပယုတ္တေန	သင်္ဂဟိတံ	အသင်္ဂဟိတံ	
	တေရသမ	အသင်္ဂဟိတေန	သမ္ပယုတ္တံ	ဝိပ္ပယုတ္တံ	
	စုဒ္ဒသမ	ဝိပ္ပယုတ္တေန	သင်္ဂဟိတံ	အသင်္ဂဟိတံ	

ဗာဟိယမာတိကာ ဓာတုကထာကျမ်းလာ မာတိကာမှ ပြင်ပဖြစ်သော ဓမ္မသင်္ဂဏီကျမ်း၌ ထားအပ်သောကြောင့် "ဗာဟိယမာတိကာ"ခေါ်သည်။

သင်္ဂဟ ။ ။သင်္ဂဟော အသင်္ဂဟော၌ သင်္ဂဟသည်–

(၁) ဧကတိသင်္ဂဟ= ဧကတ်တူအပေါင်း၊

(၂) သဥ္ဇာတိသင်္ဂဟ= ဖြစ်ရာတူအပေါင်း၊

(၃) ကြိယာသင်္ဂဟ= ကြိယာတူအပေါင်း၊

(၄) ဂဏသင်္ဂဟ= အရေအတွက်တူအပေါင်း–ဟူ၍ လေးပါး ရှိ၏။

ထိုလေးပါးသော သင်္ဂဟတို့တွင် ဤ၌ "ဂဏသင်္ဂဟ" တစ်မျိုးကိုသာ အလိုရှိအပ်၏။

ဆောင်။ ။ဧကတိ သဥ္ဇာ, ကြိ ဂဏာ–ဟု, လေးဖြာထဲမှ, ယူပါရ, ဂဏသင်္ဂဟ။

http://www.dhammadownload.com

(ပ) သင်္ဂဟော–အဘယ်မျှသောခန္ဓာ, အဘယ်မျှသောအာယတန, အဘယ်မျှသောဓာတ်တို့ဖြင့် ရေတွက်အပ်သနည်း ?၊ ဤမျှသောခန္ဓာ, ဤမျှသောအာယတန, ဤမျှသောဓာတ်တို့ဖြင့် ရေတွက်အပ်၏၊ အသင်္ဂဟော–အဘယ်မျှသောခန္ဓာ, အဘယ်မျှသောအာယတန, အဘယ်မျှသောဓာတ်တို့ဖြင့် မရေတွက်အပ်သနည်း ?၊ ဤမျှသောခန္ဓာ, ဤမျှသောအာယတန, ဤမျှသောဓာတ်တို့ဖြင့် မရေတွက်အပ်။

(ဒု) သင်္ဂဟိတေန–စက္ခာယတန အစရှိသည်သည် ခန္ဓာဖြင့်သာ ရေတွက်အပ်သည်ဖြစ်၍၊ အသင်္ဂဟိတံ–အာယတန, ဓာတ်တို့ဖြင့် မရေတွက်အပ်သော စက္ခာယတနကြဉ်သော ရုပ်သတ္တဝိသအစရှိသည်ကို၊ အသင်္ဂဟိတံ–အဘယ်မျှသောခန္ဓာ, အဘယ်မျှသောအာယတန, အဘယ်မျှသောဓာတ်တို့ဖြင့် မရေတွက်အပ်သနည်း ?၊ ဤမျှသော ခန္ဓာ, ဤမျှသောအာယတန, ဤမျှသောဓာတ်တို့ဖြင့် မရေတွက်အပ်။

တစ်နည်းကား သင်္ဂဟိတေန–စက္ခုဝိညာဏဓာတ် အစရှိသည်သည် ခန္ဓာအာယတနတို့ဖြင့်သာ ရေတွက်အပ်သည်ဖြစ်၍၊ အသင်္ဂဟိတံ–ဓာတ်ဖြင့်မရေတွက်အပ်သော စက္ခုဝိညာဏဓာတ်ကြဉ်သော ဆဝိညာဏဓာတ် အစရှိသည်ကို၊ အသင်္ဂဟိတံ–နည်း ?၊ ဤမျှ . . . . တို့ဖြင့် မရေတွက်အပ်။

နာဝိဘတ်နက် ဒုတိယနယ, တတိယနယ, ဧကာဒသမမှစုဒ္ဒသမတိုင်အောင်သော နယများ၌ ပါရှိသော တတိယာ နာ–ဝိဘတ်သည် ဝိသေသန အနက်၌ ဖြစ်၏၊ "ဝိသေသနေစ"သုတ်ဖြင့် သင်္ဂဟသည်၊ စတုတ္ထနယ, ပဉ္စမနယများ၌ ပါရှိသော နာ–ဝိဘတ်သည် ကတ္တားအနက်၌ ဖြစ်၏၊ "ကတ္တရိစ"သုတ်ဖြင့် သင်္ဂဟသည်၊ သတ္တမမှ–စ၍ ဒသမတိုင်အောင်သော နယများ၌ ပါရှိသော နာ–ဝိဘတ်သည် သဟတ္ထ၌ ဖြစ်၏၊ "သဟာဒိယောဂေစ"သုတ်ဖြင့် သင်္ဂဟသည်။ ဂဏ္ဌိ။

ဆောင်။ ။ဒုနှင့်တ–ဧကဒသ်မှ စုဒ်ထိမြင်၊
ရှေ့ပုဒ်ပါ နာ–ဝိဘတ်, ဝိသေသတ်တွင်။
စနှင့်ပဉ်–ယှဉ်လေတော့ ကတ္တား၊
သတ်အဋ္ဌာ နဝါဒသ်ငယ်, သဟတ်ထင်ရှား။

နှစ်ချက်ထပ်ကာ ယောဇနာ သင်္ဂဟိတေန အသင်္ဂဟိတံ၌ "သင်္ဂဟိတေန အသင်္ဂဟိတံ အသင်္ဂဟိတံ"ဟု ဆိုလိုလျက် အသင်္ဂဟိတံ–တစ်ပုဒ်ကို ချေထားသည်၊ ထို့ကြောင့် အနက်ယောဇနာသောအခါ ချေထားသော အသင်္ဂဟိတံကို ယူဆောင်၍ အနက်ယောဇနာရသည်၊ တစ်ပုဒ်တည်းဖြစ်လျက် နှစ်ထပ်ယောဇနာသည် မဟုတ်။

http://www.dhammadownload.com

(တ) အသင်္ဂဟိတေန–ဝေဒနာက္ခန္ဓာအစရှိသည်သည် ခန္ဓာဖြင့်သာ မရေတွက်အပ်သည်ဖြစ်၍၊ သင်္ဂဟိတ–အာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်သော သညာ, သင်္ခါရ, သုခုမရုပ်သောဋ္ဌသ, နိဗ္ဗာန်အစရှိသည်ကို၊ သင်္ဂဟိတ–အဘယ်မျှ .... ရေတွက်အပ်သနည်း ?၊ ဤမျှ .... ရေတွက်အပ်၏။

(စ) သင်္ဂဟိတေန–သမုဒယသစ္စာ အစရှိသည်သည် ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်သော သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ လေးဆယ့်ကိုးခု အစရှိသည်သည်၊ သင်္ဂဟိတ–ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်သော သမုဒယသစ္စာ အစရှိသည်ကို၊ သင်္ဂဟိတ .... နည်း ?၊ .... အပ်၏။

(ပဉ်) အသင်္ဂဟိတေန–ရူပက္ခန္ဓာ အစရှိသည်သည် ခန္ဓာ အာယတန ဓာတ်တို့ဖြင့် မရေတွက်အပ်သော ဝိညာဏက္ခန္ဓာ အစရှိသည်သည်၊ အသင်္ဂဟိတ–ခန္ဓာ အာယတန ဓာတ်တို့ဖြင့် မရေတွက်အပ်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်အစရှိသည်ကို၊ အသင်္ဂဟိတ .... နည်း ?၊ .... မရေတွက်အပ်။

တစ်နည်း အာဝုတ္တိနည်း, သိလေသနည်း, တန္တိနည်း, ဘိန္နသတ္တိသမဝေတနနည်း အားဖြင့် "အသင်္ဂဟိတ"ဟူသော တစ်ပုဒ်တည်းကိုပင် နှစ်ထပ် အနက်ယောဇနာရသည်။ [ဤနည်းတို့၏ အဓိပ္ပာယ်ကို နည်းစစ်၌ ရှုပါ။]

တစ်နည်း လူတို့ ရိုက်ခတ်အပ်သော ဂေါ်လီလုံးသည် တစ်ကြိမ်ခတ်က နှစ်ပတ် သုံးပတ်–စသည် လည်ဘိသကဲ့သို့ ဂေါဋ္ဌကာဝုတ္တိနည်းအားဖြင့် နှစ်နက်ယောဇနာပါသည်၊ တစ်ပုဒ်တည်းဖြစ်လျက် နှစ်ထပ်ယောဇနာရာ၌ ဤနည်းချည်းမှတ်။

ဆောင်။ ။ဒု တ စ–ပဉ္စမနယာ၊
တစ်ခုချေ ကျေသည့်ပုဒ်, ဆောင်ထုတ်၍သာ။
နက်အတ္ထ ယောဇနာ, ပုဒ်သုံးဖြာယူမှတ်၊
တစ်နည်းက သိလေသ နယာတဲ့, ဂေါဋ္ဌကာ–အာဝုတ္တိငယ်,
ပေးဘိနှစ်ထပ်။

ပုဒ်သုံးခုဖြင့် ပြအပ်သောအနက် ဒုတိယနယ၌ "သင်္ဂဟိတေန အသင်္ဂဟိတံ အသင်္ဂဟိတံ"ဟု ဆိုလိုလျက် အသင်္ဂဟိတံ–တစ်ပုဒ်ကို ချေ၍ "သင်္ဂဟိတေန အသင်္ဂဟိတံ"ဟု ဟောတော်မူသည်–ဟု ဆိုထားခဲ့ရာ–

(၁) သင်္ဂဟိတေန–ဟူသော ပထမပုဒ်ဖြင့် ဟောပုဒ်(ကတ္တား)နှင့် ယေ–အရ(ကံ) တရားတို့ ခန္ဓာအားဖြင့် တူသည်၏ အဖြစ်ကို ပြ၏၊ တစ်နည်းအားဖြင့် ခန္ဓာ အာယတနအားဖြင့် တူသည်၏ အဖြစ်ကို ပြ၏။

http://www.dhammadownload.com

(ဆ) သမ္မယောဂေါ–အဘယ်မျှသော ခန္ဓာ, အာယတန, ဓာတ်တို့နှင့်ယှဉ်သနည်း ?၊ ဤမျှ . . . . တို့နှင့် ယှဉ်၏။ ဝိပ္ပယောဂေါ . . . . မယှဉ်သနည်း ?၊ ဤမျှတို့နှင့်မယှဉ်။

(သ) သမ္မယုတ္တေန–ယှဉ်သောတရားနှင့်၊ ဝိပ္ပယုတ္တံ–မယှဉ်သောတရားသည်၊ ဝိပ္ပယုတ္တံ . . . . နည်း ?၊ ဤမျှ . . . . မယှဉ်။

(အဋ္ဌ) ဝိပ္ပယုတ္တေန–မယှဉ်သောတရားနှင့်၊ သမ္မယုတ္တံ–ယှဉ်သောတရားသည်၊ သမ္မယုတ္တံ . . . . နည်း ?၊ နတ္ထိ–ယှဉ်သောတရားကား မရှိ။

[နဝမ, ဒသမတို့ လွယ်ပြီ။]

---

(၂) အသင်္ခါတံ–ဟူသော ဒုတိယပုဒ်ဖြင့် အာယတန, ဓာတ်–ကွဲသည်၏ အဖြစ်ကို ပြ၏၊ တစ်နည်းအားဖြင့် ဓာတ်မျှသာ ကွဲသည်၏ အဖြစ်ကို ပြ၏။

(၃) ကျေလေသော အသင်္ခါတ–ဟူသော တတိယပုဒ်ဖြင့် ယေ, တေ–အရ တရားတို့ကို အသင်္ခါတဖြစ်သော ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့် ပုစ္ဆာ=ဝိဿဇ္ဇနာ ပြုရမည်၏ အဖြစ်ကို ပြ၏။

တတိယနယ၌လည်း "အသင်္ခါတေန သင်္ခါတံ သင်္ခါတံ"ဟု ဆိုလိုလျက် သင်္ခါတ–တစ်ပုဒ်ကို ချေ၍ "အသင်္ခါတေန သင်္ခါတံ"ဟု ဟောထားသည်၊ ထိုတွင်–

(၁) အသင်္ခါတေန–ဟူသော ပထမပုဒ်ဖြင့် ခန္ဓာမတူကြောင်းကို ပြ၏။

(၂) သင်္ခါတံ–ဟူသော ဒုတိယပုဒ်ဖြင့် အာယတန, ဓာတ်–တူကြောင်းကို ပြ၏။

(၃) ကျေလေသော သင်္ခါတံ–ဟူသော တတိယပုဒ်ဖြင့် ယေ, တေ–အရ တရားတို့ကို သင်္ခါတဖြစ်သော ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့် ပုစ္ဆာ=ဝိဿဇ္ဇနာ ပြုရမည်၏ အဖြစ်ကို ပြ၏။

စတုတ္ထနယ၌လည်း–

(၁) ပထမ "သင်္ခါတေန"ဟူသောပုဒ်ဖြင့် ဟောပုဒ်–အရ တရားနှင့် ယေ–အရ တရားတို့ ခန္ဓာ, အာယတန, ဓာတ်–သုံးပါးတူသည်၏ အဖြစ်ကို ပြ၏။

(၂) "သင်္ခါတံ"ဟူသော ဒုတိယပုဒ်ဖြင့် ကတ္တားပြန်ထားသော ပထမ ယေ–အရ တရားနှင့် ဒုတိယ ယေ–အရ တရားတို့ကို ခန္ဓာ, အာယတန, ဓာတ်–သုံးပါးတူသည်၏ အဖြစ်ကိုပင် ပြ၏။

(၃) ကျေလေသော "သင်္ခါတံ"ဟူသောပုဒ်ဖြင့် ဒုတိယ ယေ–အရ တရားတို့ကို သင်္ခါတဖြစ်သော ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့် ပုစ္ဆာ=ဝိဿဇ္ဇနာ ပြုရမည်၏ အဖြစ်ကို ပြအပ်၏။

http://www.dhammadownload.com

(ဧကာဒ) သင်္ဂဟိတေန–ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်သည်ဖြစ်၍၊ သမ္မယုတ္တံ····သနည်း ?၊····ယှဉ်၏၊ ဝိပ္ပယုတ္တံ····သနည်း ?၊····မယှဉ်။

(ဒွါဒ) သမ္မယုတ္တေန–ယှဉ်သည်ဖြစ်၍၊ သင်္ဂဟိတံ···သနည်း ?၊ ···အပ်၏၊ အသင်္ဂဟိတံ ····သနည်း ?၊ ····မရေတွက်အပ်။ [တေရသ, စုဒ္ဒမတို့မှာ သိလွယ်ပါပြီ။]

ဣတိ–ဤသို့၊ စုဒ္ဒသဟိ–တစ်ဆယ့်လေးပါးကုန်သော၊ ပဒေဟိ–ပုဒ်တို့ဖြင့်၊ နိက္ခိတ္တာ–ထားအပ်သော၊ အယံ–ဤမာတိကာသည်၊ နယမာတိကာ–နယမာတိကာမည်၏။

ပဋ္ဌမနယဋ္ဌလည်း–

(၁) "အသင်္ဂဟိတေန"ဟူသော ပထမပုဒ်ဖြင့် ဟောပုဒ်–အရုတရားနှင့် ပထမယေ–အရုတရားတို့ ခန္ဓာ အာယတန ဓာတ် မတူသည်၏ အဖြစ်ကို ပြအပ်၏။

(၂) ဒုတိယ"အသင်္ဂဟိတံ"ဟူသောပုဒ်ဖြင့် ကတ္တားပြန်ထားသော ပထမ ယေ–အရုတရားနှင့် ဒုတိယ ယေ–အရုတရားတို့ ခန္ဓာ အာယတန ဓာတ် မတူသည်၏ အဖြစ်ကိုပင် ပြ၏။

(၃) ကျွလေသော "အသင်္ဂဟိတံ"ဟူသောပုဒ်ဖြင့် ဒုတိယ ယေ–အရုတရားတို့ကို အသင်္ဂဟိတဖြစ်သော ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ပုစ္ဆာ=ဝိဿဇ္ဇနာ ပြုရမည်၏ အဖြစ်ကို ပြအပ်၏။

ဆောင်။ ။ပထမရယ်နှင့်, ဒုတိယပုဒ် နှစ်ဖြာ၊
တူ–မတူ ခန် အာ ဓာတ်တို့ကို, သတ်မှတ်ပြတာ။
ကျွလေရ တတိယပုဒ်တစ်ဖြာ, တေစွဲရာတရား၊
တွေးမနေ မေး–အဖြေ လုပ်မည့်ရေးကို, နည်းပေးညွှန်ကြား။

ပဒေဟိ ပုဒ်သည် အက္ခရာသမူဟပုဒ်, ပဒသမူဟပုဒ်–ဟု နှစ်မျိုး ရှိ၏၊ ထိုနှစ်မျိုးတို့တွင် "စုဒ္ဒသဟိ ပဒေဟိ"စသည်ဖြင့် ထားအပ်သောပုဒ်သည် "ပဒသမူဟပုဒ်"မျိုးသာ ဖြစ်၏၊ အက္ခရသမူဟပုဒ်မျိုးကား မဟုတ်ပေ။

ဆောင်။ ။အက္ခရ–သမူဟငယ်နှင့်, ပဒရယ်တဲ့ သမူဟာ၊
ပုဒ်နှစ်တန် ထုတ်ပြန်ကြတယ်, ဟုတ်မှန်လှပါ။
ပဒေဟိရယ်လို့ လာရှိသည့်အရာ, မာတိကာနောက်နား၊
ပဒသမူဟသာပ, ဆရာ့ဆရာ ယူကာပြကြတယ်, တူမျှမပြား။

http://www.dhammadownload.com

အဗ္ဘန္တရမာတိကာ

နယမာတိကာကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗ္ဘန္တရမာတိကာကို ဟောတော်မူ၏၊ ထိုအဗ္ဘန္တရမာတိကာသည်လည်း [ဇယားကို ကြည့်၍ ဆက်စစ်ပါလေ။]

စနှင့်ဥဒ္ဒေသ	ဥဒ္ဒေသ	ဟောဟန်ကား	သချိုင်္	ဤတို့ပဉ္စဒိသာဒိပေါင်းသော ဒသဝတ္ထုတရားတို့ကို အဗ္ဘန္တရမာတိကာဟူ၏
	၁-ခန္ဓ	ပဥ္စက္ခန္ဓာ	၅	
	၂-အာယတန	ဒွါဒသာယတနာနိ	၁၂	
	၃-ဓာတု	အဋ္ဌာရသ ဓာတုယော	၁၈	
	၄-သစ္စ	စတ္တာရိ သစ္စာနိ	၄	
	၅-ဣန္ဒြိယ	ဗာဝီသတိန္ဒြိယာနိ	၂၂	
	၆-ပဋိစ္စသမုပ္ပာဒ	ပဋိစ္စသမုပ္ပာဒေါ	၁၂	
	၇-သတိပဋ္ဌာန	စတ္တာရော သတိပဋ္ဌာနာ	၄	
	၈-သမ္မပ္ပဓာန	စတ္တာရော သမ္မပ္ပဓာနာ	၄	
	၉-ဣဒ္ဓိပါဒ	စတ္တာရော ဣဒ္ဓိပါဒါ	၄	
	၁၀-ဈာန	စတ္တာရိ ဈာနာနိ	၄	
	၁၁-အပ္ပမညာ	စတသ္သော အပ္ပမညာယော	၄	
	၁၂-ပဋိသမ္ဘိဒါ	ပဋိသမ္ဘိဒါနိ	၄	
	၁၃-ဗလ	ပဉ္စ ဗလာနိ	၅	
	၁၄-ဗောဇ္ဈင်္ဂ	သတ္တ ဗောဇ္ဈင်္ဂါ	၇	
	၁၅-မဂ္ဂ	အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ	၈	
ဖဿသတ္တကရာသိ ဥဒ္ဒေသ		ဖဿော, ဝေဒနာ, သညာ, စေတနာ, စိတ္တံ, အဓိမောက္ခော, မနသိကာရော	၇	
			၁၂၅	

ပဥ္စ-ငါးပါးကုန်သော၊ ခန္ဓာ-ခန္ဓာတို့လည်းကောင်း ။ပ။ သတ္တ-ခုနစ်ပါးကုန်သော၊ ဗောဇ္ဈင်္ဂါ-ဗောဇ္ဈင်တို့လည်းကောင်း၊ အရိယော-မြတ်သော၊ ဝါ-ဖြူစင်သော၊ ဝါ-ကိလေသာတည်းဟူသော အညစ်အကြေးမရှိသော၊ အဋ္ဌင်္ဂိကော-ရှစ်ပါးသော အင်္ဂါရှိသော၊ ဝါ-ရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံသော၊ မဂ္ဂေါ-မင်္ဂလာလည်းကောင်း၊ ဖဿော-ဖဿလည်းကောင်း၊ ဝေဒနာ-ဝေဒနာလည်းကောင်း ။ပ။ မနသိကာရော-မနသိကာရလည်းကောင်း။

http://www.dhammadownload.com

ကြတိ–ဤသို့၊ ပဋ္ဌဝိသာခိကေန–နှစ်ဆယ့်ငါးပုဒ်အလွန်ရှိသော၊ ပဒသတေန–ပုဒ်တစ်ရာဖြင့်၊ နိက္ခိတ္တာ–ထားအပ်သော၊ အယံ–ဤမာတိကာသည်၊ အဘ္ဘန္တရမာတိကာ–အဘ္ဘန္တရမာတိကာမည်၏။ [ပဒသတေဟိ–ဟု အရကောက်စာအုပ်များ၌ ရှိနေ၏၊ အဋ္ဌကထာနှင့်မညီ။]

နယမုခမာတိကာ

အဘ္ဘန္တရမာတိကာကို ။ပ။ နယမုခမာတိကာကို ဟောတော်မူ၏။

ဟောဟန်ကား– တီဟိ သင်္ဂဟော။ တီဟိ အသင်္ဂဟော။

စတူဟိ သမ္မယောဂေါ။ စတူဟိ ဝိပ္ပယောဂေါ–ဟူသည်တည်း။

တီဟိ–သုံးပါးကုန်သော ခန္ဓာ အာယတန ဓာတ်တို့ဖြင့်၊ သင်္ဂဟော–ရေတွက်အပ်သောနည်းလည်းကောင်း၊ တီဟိ–သုံးပါးကုန်သော ခန္ဓာ အာယတန ဓာတ်တို့ဖြင့်၊ အသင်္ဂဟော–မရေတွက်အပ်သောနည်းလည်းကောင်း၊ စတူဟိ–လေးပါးကုန်သော နာမက္ခန္ဓာတို့နှင့်၊ သမ္မယောဂေါ–ယှဉ်တတ်သော သဘောလည်းကောင်း၊ စတူဟိ–လေးပါးကုန်သော နာမက္ခန္ဓာတို့နှင့်၊ ဝိပ္ပယောဂေါ–မယှဉ်တတ်သော သဘောလည်းကောင်း။

ကြတိ–ဤသို့၊ စတူဟိ–လေးပါးကုန်သော၊ ပဒေဟိ–ပုဒ်တို့ဖြင့်၊ နိက္ခိတ္တာ–ထားအပ်သော၊ အယံ–ဤမာတိကာသည်၊ နယမုခမာတိကာ–နယမုခမာတိကာမည်၏။

လက္ခဏမာတိကာ

နယမုခမာတိကာကို ။ပ။ လက္ခဏမာတိကာကို ဟောတော်မူ၏။

ဟောဟန်ကား–သဘာဂေါ၊ ဝိသဘာဂေါ–ဟူသည်တည်း။

တီဟိ သင်္ဂဟော ခန္ဓာ အာယတန ဓာတ်တို့သာ သာဓာရဏဖြစ်ကြသည်၊ သစ္စာကား သာဓာရဏမဖြစ်နိုင်၊ ထို့ကြောင့် သစ္စာကိုပါ ကရိဏ်းထား၍ "စတူဟိ သင်္ဂဟော၊ စတူဟိ အသင်္ဂဟော"ဟု ဟောတော်မမူပါ၊ "တီဟိ သင်္ဂဟော၊ တီဟိ အသင်္ဂဟော"ဟူ၍သာ ဟောတော်မူရပါသည်။

စတူဟိ ဝိပ္ပယောဂေါ သမ္မယောဂကို နာမက္ခန္ဓာလေးပါးတို့၌သာ ရအပ်၏၊ ဝိပ္ပယောဂကိုမူကား နာမက္ခန္ဓာလေးပါး ရုပ်နိဗ္ဗာန်အားဖြင့် ခြောက်ပါးသော တရားတို့၌ ရအပ်၏၊ ထိုသို့ပင် ရအပ်ရသင့်စေကာမူ ထိုရုပ်နိဗ္ဗာန်တို့သည် နာမက္ခန္ဓာလေးပါးတို့နှင့်သာ ဝိပ္ပယုတ်ဖြစ်နိုင်ကြသည်၊ သူတို့ချင်း ဖြစ်နိုင်ကြသည်ကား မဟုတ်ပါပေ၊ ထို့ကြောင့် "ဆဟိ ဝိပ္ပယောဂေါ"ဟု ဟောတော်မမူဘဲ "စတူဟိ ဝိပ္ပယောဂေါ"ဟုသာ ဟောတော်မူရလေသည်။

http://www.dhammadownload.com

သဘာဂေါ–သမ္မယောဂနည်း သင်္ဂဟနည်းတို့နှင့် သင့်တင့်သော လက္ခဏာလည်းကောင်း။

ဝိသဘာဂေါ–သမ္မယောဂနည်း သင်္ဂဟနည်းတို့နှင့် မသင့်တင့်သော လက္ခဏာလည်းကောင်း။

ဣတိ–ဤသို့၊ ဒ္ဝိဟိ–နှစ်ပါးကုန်သော၊ ပဒေဟိ–ပုဒ်တို့ဖြင့်၊ နိက္ခိတ္တာ–ထားအပ်သော၊ အယံ–ဤမာတိကာသည်၊ လက္ခဏမာတိကာ–လက္ခဏမာတိကာ မည်၏။

ဗာဟိယမာတိကာ

လက္ခဏမာတိကာကို ။ပ။ ဗာဟိယမာတိကာကို ဟောတော်မူ၏၊ ဟောဟန်ကား–သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာ–ဟူသည်တည်း။

သဗ္ဗာပိ–အလုံးစုံလည်းဖြစ်သော၊ ဓမ္မသင်္ဂဏီ–ဓမ္မသင်္ဂဏီကျမ်း၌ ဟောတော်မူအပ်သော မာတိကာသည်၊ ဓာတုကထာယ–ဓာတုကထာကျမ်း၏၊ မာတိကာ–မာတိကာတည်း။

ဣတိ–ဤသို့၊ ဆသင်္ဂီတိကပဒါနိစ– ၆၆–ပါးသော တိက်ပုဒ်တို့ကိုလည်းကောင်း၊ ဒွေဒုကပဒသတာနိစ– ၂၀၀–သော ဒုက်ပုဒ်တို့ကိုလည်းကောင်း၊ သဒ္ဒံ ပိတွာ–ချုံး၍၊ နိက္ခိတ္တာ–ထားအပ်သော၊ အယံ–ဤမာတိကာသည်၊ ဗာဟိယမာတိကာ–ဗာဟိယမာတိကာမည်၏။

ဗာဟိယမာတိကာ တိက် ၂၂–ပါး, ဒုက် ၁၀၀–တို့ကို "သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာ"ဟူ၍ ဓာတုကထာကျမ်း၌ မာတိကာအဖြစ်ဖြင့် ဟောကြားတော်မူသည်ကား မှန်ပါပေ၏၊ သို့ပင်မှန်စေကာမူ အကျယ်အားဖြင့်သော်ကား ဓမ္မသင်္ဂဏီကျမ်း၌သာ ဟောတော်မူပါသည်၊ ထို့ကြောင့် ထိုတိက်,ဒုက်တို့သည် "အဇ္ဈတ္တ ရမာတိကာ" ဟူသော အမည်ကို မရသင့်၊ "ဗာဟိယမာတိကာ"ဟူသော အမည်ကိုသာ ရသင့်ရထိုက်ပေသည်။

အဇ္ဈတ္တ ရမာတိကာ၌ ခန္ဓာအစရှိသော တရားတို့ကိုပြလျှင် ကုသိုလ်အစရှိသော တရားတို့ ပါဝင်ပြီးဖြစ်သော်လည်း ထိုခန္ဓာအစရှိသော တရားတို့ကို ကုသိုလ်အစရှိသည်တို့ဖြင့် ဝေဖန်မှုကို ပြုခြင်းအကျိုးငှာ "သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာ"ဟု (ကုသိုလ်အစရှိသော တရားတို့ကို ထပ်၍) ဟောတော်မူရသည်။

မာတိကာငါး သဘောသွား အဆိုပါ မာတိကာငါး ပါးတို့တွင် အဇ္ဈတ္တ ရမာတိကာ, ဗာဟိယမာတိကာတို့ဖြင့် ၁၄–နယတို့၌ ထိုက်သည်အား လျော်စွာ ဟောရမည့်ပဒများကို ပြတော်မူ၏၊ ထို့ကြောင့် ဟောပုဒ်ထုတ်လိုက "အဇ္ဈတ္တ ရမာတိကာ, ဗာဟိယမာတိကာတို့အထဲမှ ထိုထိုနယအားလျော်စွာ ရွေးချယ်ထုတ်နုတ်ယူရမည်"ဟု မှတ်ပါလေ၊ နယမာတိကာဖြင့် ဟောပုံနည်းလမ်း စည်းကမ်းကို ပြတော်မူ၏၊ နယမုခမာတိကာဖြင့် နယမာတိကာ၌လာသော သင်္ဂဟိတ, အသင်္ဂဟိတ,

http://www.dhammadownload.com

အဘိန္ဟ ရမာတိကာဆိုရိုး

ပဋ္ဌာန်းနှစ်ခွါဒသာယတနာနိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အဘိန္ဟ ရမာတိကာ ပါဠိတော်မြတ် ပါဌ်အပေါင်းတို့တွင်–

ပါဌ်	ဘေဒ	တရားကိုယ်အရကောက်	သင်္ဂီတ		
			ဧ	အ	ဓ
ဒုကဝ	ရူပက္ခန္ဓာ	ရုပ်–၂၈	၁	၁၁	၁၁
	ဝေဒနာက္ခန္ဓာ	ဝေဒနာစေတသိက်	၁	၁	၁
	သညာက္ခန္ဓာ	သညာစေတသိက်	၁	၁	၁
	သင်္ခါရက္ခန္ဓာ	ဝေဒနာ သညာကြဉ် စေတသိက်–၅၀	၁	၁	၁
	ဝိညာဏက္ခန္ဓာ	စိတ်–၈၉	၁	၁	၇
ဒွါဒသကနိဒ္ဒေသ	စက္ခာယတန	စက္ခုပသာဒ	၁	၁	၁
	သောတာယတန	သောတပသာဒ	၁	၁	၁
	ဃာနာယတန	ဃာနပသာဒ	၁	၁	၁
	ဇိဝှါယတန	ဇိဝှါပသာဒ	၁	၁	၁
	ကာယာယတန	ကာယပသာဒ	၁	၁	၁
	ရူပါယတန	ရူပါရုံ	၁	၁	၁
	သဒ္ဒါယတန	သဒ္ဒါရုံ	၁	၁	၁
	ဂန္ဓာယတန	ဂန္ဓာရုံ	၁	၁	၁
	ရသာယတန	ရသာရုံ	၁	၁	၁
	ဖောဋ္ဌဗ္ဗာယတန	ပ–တေ–ဝါ–ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ	၁	၁	၁
	မနာယတန	စိတ်–၈၉	၁	၁	၇
	ဓမ္မာယတန	စေတသိက်၅၂၊ သုခုမရုပ်၁၆၊ နိဗ္ဗာန်	၄	၁	၁

သမ္မယောဂ, ဝိပ္ပယောဂတို့၏ သဘောလက္ခဏာကို အမြွက်အားဖြင့် ပြတော်မူ၏၊ လက္ခဏာမာတိကာဖြင့် "သင်္ဂီဟိတ, သမ္မယုတ္တာတို့–ဟူသည် သဘာဂပင်တည်း၊ အသင်္ဂီဟိတ, ဝိပ္ပယုတ္တာတို့–ဟူသည် ဝိသဘာဂပင်တည်း"ဟူသော သဘောလက္ခဏာကို ပြတော်မူ၏။

http://www.dhammadownload.com

[ခန္ဓာငါးပါးထဲမှ သင်္ခါရက္ခန္ဓာကို နုတ်က အသင်္ခါရိကတဏှာကျန်၏၊ ထို့အတူ အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါးတို့အထဲမှ အသီးအသီး သင်္ခါရိကတဏှာများကို နုတ်ယူလိုက်က အသင်္ခါရိကတဏှာကျန်၏၊ ထို့ကြောင့် ဇယားထဲ၌ သင်္ခါရိကတဏှာမျှကိုသာ ပြထားပါသည်၊ ဆိုရိုးကို ဆက်လက်၍ ရှုပါ။]

ပဋ္ဌာနာ-ဟူသောပါဠိ၌ ခန္ဓာငါးပါး-ဟူသော်ကား- ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-အားဖြင့် ငါးပါးတို့တည်း၊ ထိုငါးပါးတို့တွင် ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏၊ ထိုရူပက္ခန္ဓာကို ရူပက္ခန္ဓာ-ဟူသော ခန္ဓာတစ်ပါး၊ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတန-ဟူသော အာယတန ၁၁-ပါး၊ စက္ခုဓာတ် ။ပ။ ဓမ္မဓာတ်-ဟူသော ဓာတ် ၁၁-ပါးတို့ဖြင့် ရေတွက်အပ်၏။

ကြွင်းသော ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ-ဟူသော ခန္ဓာလေးပါး၊ မနာယတန-ဟူသော အာယတနတစ်ပါး၊ စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ် ဃာနဝိညာဏဓာတ် ဇိဝှါဝိညာဏဓာတ် ကာယဝိညာဏဓာတ် မနောဓာတ် မနောဝိညာဏဓာတ်-ဟူသော ၇-ပါးသော ဝိညာဏဓာတ်တို့ဖြင့် မရေတွက်အပ်။

ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏၊ ထိုဝေဒနာက္ခန္ဓာကို ဝေဒနာက္ခန္ဓာ-ဟူသော ခန္ဓာတစ်ပါး, ဓမ္မာယတန-ဟူသော အာယတနတစ်ပါး, ဓမ္မဓာတ်-ဟူသော ဓာတ်တစ်ပါးတို့ဖြင့် ရေတွက်အပ်၏၊ ကြွင်းသောခန္ဓာလေးပါး, အာယတန ၁၁-ပါး, ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

[ဤသို့ ဇယားရှိသည့်အတိုင်း ဆိုပါလေ၊ အပေါ်ခေါင်းစီး၌ သင်္ခါရိက-ဟူသည်ကား ရေတွက်အပ်သော ခန္ဓာ-စသည်တည်း၊ ထိုမှကြွင်းသမျှသော ခန္ဓာ, အာယတန, ဓာတ်တို့သည် အသင်္ခါရိကမည်၏၊ အာယတန-စသည်တို့အတွက် ဇယားမျှကိုသာ ပြတော့မည်၊ ဆိုခဲ့ပြီးသည်ကို နည်းမှီ၍ ပြည့်စုံအောင် ဆိုပါလေ။]

ဆောင်။ ။ဟောပုဒ်သာ ထုတ်ရာပြ, အဇ္ဈတ္တ ဇာဟိ၊
နယမှန် ဟောရန်လမ်းကို, ပြောညွှန်းတော့သည်။
နည်း-မုခ သင်္ဂါဟရယ်တဲ့ စသည်, ပြပြန်သည်အမြွက်၊
သင်+သမ်မှာ သဘာဂရယ်လို့, ဝိသဘာ အ+ဝိပ္ပတို့ကို
လက္ခဏာညွှန်းကာပြတော့တယ်, လမ်းစဖော်ချက်။

http://www.dhammadownload.com

ပါဠိ	ဘေဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ		
			ခ	အ	ဓ
ဥက္ခေပကဓမ္မတ္တိက	၁၀	(စက္ခာယတန-စသည်နှင့်တူ)	၁	၁	၁
	စက္ခုဝိညာဏာဓာတ်	စက္ခုဝိညာဉ်ဒွေး	၁	၁	၁
	သောတဝိညာဏာဓာတ်	သောတဝိညာဉ်ဒွေး	၁	၁	၁
	ဃာနဝိညာဏာဓာတ်	ဃာနဝိညာဉ်ဒွေး	၁	၁	၁
	ဇိဝှါဝိညာဏာဓာတ်	ဇိဝှါဝိညာဉ်ဒွေး	၁	၁	၁
	ကာယဝိညာဏာဓာတ်	ကာယဝိညာဉ်ဒွေး	၁	၁	၁
	မနောဓာတ်	ပဉ္စဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆိုင်းဒွေး	၁	၁	၁
	မနောဝိညာဏာဓာတ်	ဒွေးပဉ္စဝိညာဉ်-၁၀၊မနောဓာတ်-၃ကြွင်စိတ်-၇၆	၁	၁	၁
	ဓမ္မဓာတ်	စေတသိက်-၅၂၊ သုခုမရုပ်-၁၆၊နိဗ္ဗာန်	၄	၁	၁
နိဿိတ	ဒုက္ခသစ္စာ	ကို-၈၁၊ လောဘကြွင်စေ-၅၁၊ရုပ်-၂၈	၅	၁၂	၁၈
	သမုဒယသစ္စာနိ	လောဘစေတသိက်	၁	၁	၁
	နိရောဓသစ္စာနိ	နိဗ္ဗာန်	x	၁	၁
	မဂ္ဂသစ္စာနိ	မဂ်စိတ်လေးခုဥ်ရှိသော မဂ္ဂင်တရားကိုယ် ၈-ပါး	၁	၁	၁
ဓမ္မာယတနပရိယာပန္နဓမ္မ	၅	(စက္ခာယတန-စသည်နှင့်တူ)	၁	၁	၁
	ဣတ္ထိန္ဒြေ	ဣတ္ထိဘာဝရုပ်	၁	၁	၁
	ပုရိသိန္ဒြေ	ပုရိသဘာဝရုပ်	၁	၁	၁
	ဇီဝိတိန္ဒြေ	ရုပ်ဇီဝိတ, နာမ်ဇီဝိတ	၂	၁	၁
	မနိန္ဒြေ	စိတ်-၈၉	၁	၁	၇
	သုခိန္ဒြေ	သုခသဟဂုတ်ကာယဝိညာဉ်ဥ်ရှိသောဝေဒနာစေ	၁	၁	၁
	ဒုက္ခိန္ဒြေ	ဒုက္ခသဟဂုတ်ကာယဝိညာဉ်ဥ်ရှိသောဝေဒနာစေ	၁	၁	၁
	သောမနဿိန္ဒြေ	သောမနဿသဟဂုတ် ၆၂-ဥ်ရှိသော ဝေဒနာ	၁	၁	၁
	ဒေါမနဿိန္ဒြေ	ဒေါသမူဒွေးဥ်ရှိသော ဝေဒနာစေတသိက်	၁	၁	၁
	ဥပေက္ခိန္ဒြေ	ဥပေက္ခာသဟဂုတ်စိတ် ၅၅-ဥ်ရှိသော ဝေဒနာစေ	၁	၁	၁
	သဒ္ဓိန္ဒြေ	သောဘနစိတ် ၅၉-ခုဥ်ရှိသော သဒ္ဓါစေတသိက်	၁	၁	၁
	ဝီရိယိန္ဒြေ	ဒွေးဟ္ဝူဝိညာဉ်-၁၀၊မနောဓာတ်-၃၊သန္ဓိ-၃ ကြွင်စိတ်-၇၃-ဥ်ရှိသောဝီရိယ	၁	၁	၁
	သတိန္ဒြေ	သောဘနစိတ် ၅၉-ခုဥ်ရှိသော သတိစေတသိက်	၁	၁	၁
	သမာဓိန္ဒြေ	ဝိစိ၊ဒွေးဟ္ဝူဝိညာဉ်-၁၀၊မနောဓာတ်-၃၊သန္ဓိ-၃ ကြွင်စိတ် ၇၂-ဥ်ကဂ္ဂတာ	၁	၁	၁
	ပညိန္ဒြေ	ကိတိဟိတ်စိတ် ၃၉-ဥ်ရှိသော ပညာဆေသတိက်	၁	၁	၁
	အနညာတညဿာမီတိန္ဒြေ	သောတာပတ္တိမဂ်ဥ်ရှိသော ပညာစေတသိက်	၁	၁	၁
	အညိန္ဒြေ	အထက်-၃, အောက်ဖိုလ် ၃-ဥ်ရှိသော ပညာစေ	၁	၁	၁
	အညာတာဝိန္ဒြေ	အရဟတ္တဖိုလ်ဥ်ရှိသော ပညာစေတသိက်	၁	၁	၁

http://www.dhammadownload.com

ဗာဝီသတိန္ဒြိယာနိ–ဟူသောပုဒ်၌ ကာရန္ဒြေ ၂၂–ပါးဟူသော်ကား စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ကာတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ–အားဖြင့် ၂၂–ပါးတို့တည်း။

ထို ၂၂–ပါးတို့တွင် စက္ခုပသာဒရုပ်သည် စက္ခုန္ဒြေမည်၏၊ ထိုစက္ခုန္ဒြေကို ရူပက္ခန္ဓာ–ဟူသော ခန္ဓာတစ်ပါး၊ စက္ခာယတန–ဟူသော အာယတနတစ်ပါး၊ စက္ခုဓာတ်–ဟူသော ဓာတ်တစ်ပါးတို့ဖြင့် ရေတွက်အပ်၏၊ ကြွင်းသောခန္ဓာလေးပါး, အာယတနတစ်ဆယ့်တစ်ပါး, ဓာတ်တစ်ဆယ့်ခုနစ်ပါးတို့ဖြင့် မရေတွက်အပ် ။ပ။

ဝိစိကိစ္ဆာသဟဂုတ်, ဒွေးပဋ္ဌဝိညာဉ်–၁၀, မနောဓာတ် ၃–ခု, သန္တီရဏ ၃–ခု ကြဉ်သော စိတ် ၇၂–၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေ မည်၏။ [အကြွင်းကို ဧယားကို ကြည့်ဆိုပါ။]

သမာဓိန္ဒြေ "ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂင်္ဂြိယဗလဘာဝံ နာ ဂစ္ဆတိ"ဟူသော အဘိဓမ္မတ္ထသင်္ဂဟပါဠိ ရှိသည့်အတိုင်း သမာဓိန္ဒြေ၏ တရားကိုယ်ကို ကောက်ရပါလျှင် "ဝိစိကိစ္ဆာကြဉ်သော စိတ် ၈၈–ခု၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏"ဟု ကောက်ရပေလိမ့်မည်၊ အမှန်အားဖြင့် ထိုသို့ မကောက်သင့်ပါပေ။

ဓမ္မသင်္ဂဏီပါဠိတော်ဝယ် ဝီရိယမယှဉ်သောစိတ် ၁၆–ပါးတို့၌ "တီဏိ ကုသလိန္ဒြိယာနိ ဟောန္တိ"ဟု (၁–မနိန္ဒြေ၊ ၂–ဇီဝိတိန္ဒြေ၊ ၃–သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ တို့တွင် တစ်ပါးပါး၊ ဤသို့အားဖြင့်) ကုသလေ သုံးပါးစီသာ ယထာရဟ ဟောထားသည်၊ သမာဓိန္ဒြေကိုမူ မဟောကြားခဲ့ပါချေ၊ ထို့ကြောင့် ဝိစိကိစ္ဆာနှင့်ယှဉ်သော ဧကဂ္ဂတာမျှသာ မဟုတ်၊ ဝီရိယမဖြစ်သောစိတ် ၁၆–ပါးတို့နှင့်ယှဉ်သော ဧကဂ္ဂတာသည်လည်း သမာဓိန္ဒြေ မမည်ပါချေ။

သို့ဖြစ်၍ "ဝိစိကိစ္ဆာသဟဂုတ် ဒွေးပဋ္ဌဝိညာဉ်–၁၀ မနောဓာတ် ၃–ခု သန္တီရဏ ၃–ခုကြဉ်သော စိတ် ၇၂–ခု၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏" ဟု ဆိုရိုးပြုရပေသည်။

http://www.dhammadownload.com

ပဒ္ဓ	အဂါ-၁၂	ဘာဝ-၃၀	ဟောပုဒ်-၂၈			တရားကိုယ်အရကောက်	သင်္ကေတ ခ	အ	ဓ
၁၄ ၁၅ ၁၆ ၁၇ ၁၈ ၁၉ ၂၀ ၂၁ ၂၂ ၂၃ ၂၄ ၂၅ ၂၆ ၂၇ ၂၈	အဝိဇ္ဇာ					သစ္စာလေးပါးကိုဖုံးလွှမ်း . . . . အကု ၁၂-၌မောဟ	၁	၁	၁
	သင်္ခါရ					အကု-၁၂၊ ကိကု ၁၇-၌စေတနာ	၁	၁	၁
	ဝိညာဉ်					စိတ်-၈၉	၁	၁	၇
	နာမ်ရုပ်					စေတသိက်-၅၂၊ ရုပ်-၂၈	၄	၁၁	၁၁
	သဠာယတန					စိတ်-၈၉၊ ပသာဒရုပ်-၅	၂	၆	၁၂
	ဖဿ					စိတ် ၈၉-၌ဖဿ	၁	၁	၁
	ဝေဒနာ					စိတ် ၈၉-၌ဝေဒနာ	၁	၁	၁
	တဏှာ					လောဘမူစိတ် ၈-၌လောဘ	၁	၁	၁
	ဥပါဒါန်					လောဘမူစိတ် ၈-၌လောဘ၊ ဒိဿမ် ၄-၌ဒိဋ္ဌိ	၁	၁	၁
	ဘဝ		ကမ္မ			အကု-၁၂၊ ကိကု ၁၇-၌စေတနာ	၁	၁	၁
			ဥပ			ကိဝိ-၃၂၊ စေ-၃၅၊ ကမ္မဇရုပ်-၂၀	၅	၁၁	၁၇
			ဇာတိ . . . ဇရာမရဏ ဝိညာဉ်ဝတ္ထုဆဋ္ဌာယတနဖဿဝေဒနာတဏှာဥပါဒါန်ဘဝသင်္ခါရအဝိဇ္ဇာ	ကာမ		ကာဝိ-၂၃၊ စေ-၃၃၊ ကမ္မဇရုပ်-၂၀	၅	၁၁	၁၇
				ရူပ		ရူဝိ-၅၊ စက္ခု-၂၊ သော-၂၊ သမ်-၂၊ တိ-၃၊ စေ-၃၅၊ ဣတ္ထိဘော, ပုမ္ဘော, ဃာ, ဇီ, ကာကြွင်း ကမ္မဇ-၁၅	၅	၅	၈
				အရူပ		အရူဝိ-၄၊ စေ-၃၀	၄	၂	၂
				သညီ		နေဝကြွင်း ကိဝိ-၃၁၊ စေ-၃၅၊ ကမ္မဇရုပ်-၂၀	၅	၁၁	၁၇
				အသညီ		ဇီဝိတနဝကကလာပ်ရုပ်	၁	၂	၂
				နေဝသညီ		နေဝသညာနာသညာယတနဝိ-၁၊ စေတသိက်-၃၀	၄	၂	၂
				ဧကဝေါ		ဇီဝိတနဝကကလာပ်ရုပ်	၁	၂	၂
				စတုဝေါ		အရူဝိ-၄၊ စေတသိက်-၃၀	၄	၂	၂
				ပဉ္စဝေါ		ကာဝိ-၃၂၊ ရူဝိ-၅၊ စေတသိက်-၃၅၊ ကမ္မဇရုပ်-၂၀	၅	၁၁	၁၇
	ဇာတိ		ရူပ်၏			နိပ္ပန္နရူပ် ၁၈-တို့၏ဖြစ်ဆဲ	၂	၁	၁
			နာမ်၏			နာမ်ခန္ဓာလေးပါး-တို့၏ဖြစ်ဆဲ			
	ဇရာမရဏ		ရူပ်၏			နိပ္ပန္နရူပ် ၁၈-တို့၏ရင့်ဆဲ	၂	၁	၁
			နာမ်၏			နာမ်ခန္ဓာလေးပါး-တို့၏ရင့်ဆဲ			
			ရူပ်၏			နိပ္ပန္နရူပ် ၁၈-တို့၏ပျက်ဆဲ	၄	၂	၂
			နာမ်၏			နာမ်ခန္ဓာလေးပါး-တို့၏ပျက်ဆဲ			
		ဃောက				ဒေါသမူဇွေးဦးရှိသော ဝေဒနာစေတသိက်	၁	၁	၁
		ပရိဒေ				စိတ္တဇဝိပလ္လာသသဒ္ဒ	၁	၁	၁
		ဒုက္ခ				ဒုက္ခသဟဂုတ်ကာယဝိညာဉ်ဦးရှိသော ဝေဒနာစေတသိက်	၁	၁	၁
		ဒေါမန				ဒေါသမူဇွေးဦးရှိသော ဝေဒနာစေတသိက်	၁	၁	၁
		ဥပါ				ဒေါသမူဇွေးဦးရှိသော ဒေါသစေတသိက်	၁	၁	၁

http://www.dhammadownload.com

ပဋိစ္စသမုပ္ပာဒေါ-ဟူသောပုဒ်၌ ပဋိစ္စသမုပ္ပာဒ်သည် အင်္ဂါအားဖြင့် အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ-အားဖြင့် ၁၂-ပါးတို့တည်း။

ဘေဒအားဖြင့်သော်ကား အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-အားဖြင့် ၁၈-ပါးတို့တည်း။

ထို ၁၈-ပါးတို့တွင် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော အကုသိလ်စိတ် ၁၂-ခုဥ်ရှိသော မောဟစေတသိက်သည် အဝိဇ္ဇာမည်၏၊ အဝိဇ္ဇာကို သင်္ခါရကွန္ဓာ-ဟူသော ခန္ဓာတစ်ပါး၊ ဓမ္မာယတန-ဟူသော အာယတနတစ်ပါး၊ ဓမ္မဓာတ်-ဟူသော ဓာတ်တစ်ပါးတို့ဖြင့် ရေတွက်အပ်၏။ [စသည်ဆိုပါ။]

ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝ-အားဖြင့် နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် အကုသိလ်ဒွါဒသ, လောကီကုသိလ်သတ္တရသ၌ရှိသော စေတနာစေတသိက်သည် ကမ္မဘဝမည်၏၊ ထိုကမ္မဘဝကို ။ပ။

လောကီဝိပါက်ဖာတ္တိ်သ, စေတသိက်ပဉ္စတ္တိ်သ, ကမ္မဇရုပ်ဝီသသည် ဥပပတ္တိဘဝမည်၏၊ ထိုဥပပတ္တိဘဝကို ရူပကွန္ဓာ, ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ, ဝိညာဏကွန္ဓာ-ဟူသော ခန္ဓာငါးပါး-စသည်ဆို။ [အရကောက်စာအုပ်များ၌ ကျနေသည်။]

ထိုဥပပတ္တိဘဝသည်လည်း ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ-အားဖြင့် ကိုးပါးရှိ၏၊ ထိုကိုးပါးတို့တွင် ကာမဝိပါက်တေဝီသ, ဝိရတိအပွမညာကြဉ်သော စေတသိက်တေတ္တိ်သ, ကမ္မဇရုပ်ဝီသသည် ကာမဘဝမည်၏၊ ထိုကာမဘဝကို ။ပ။

အင်္ဂါ ၁၂-ပါး သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ဇရာမရဏ ကဲ့သို့ အလိုမရှိအပ်သော အကျိုးဖြစ်သောကြောင့်လည်းကောင်း, ထိုဇရာမရဏ-ဟူသော အကြောင်းရှိသော ဒုက္ခသဘောတရားအားဖြင့် ဇရာမရဏ၌ အတွင်းဝင်သောကြောင့်လည်းကောင်း ပဋိစ္စသမုပ္ပာဒ်၏ အင်္ဂါထဲ၌ အသီးအခြား မပါဝင်နိုင်ကြချေ၊ သို့ဖြစ်၍ ပဋိစ္စသမုပ္ပာဒ်အင်္ဂါ ၁၂-ပါးသာ ယူရသည်။

ရူပဘဝ ကာမရာဂ၌ တပ်ခြင်းကင်းသော (ကာမဝိရာဂ)ဘာဝနာ၏ စွမ်းအင်သတ္တိဖြင့် ရူပဗြဟ္မာတို့မှာ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့၌ တပ်မက်မှု မရှိရကား ၄င်းတို့၏ မိုရာပသာဒနှင့် ဘာဝရုပ်တို့၌လည်း တပ်မက်မောမှု မရှိနိုင်တော့ချေ၊ ထို့ကြောင့် ရူပဗြဟ္မာတို့၏ သန္တာန်၌ ဃာန ဇိဝှါ ကာယ ဣတ္ထိဘော ပုမ္ဘောတို့ကို မရနိုင်တော့ပေ။

A)

http://www.dhammadownload.com

ဇာတိသည် ရုပ်၏ဇာတိ, နာမ်၏ဇာတိ–အားဖြင့် နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် နိပ္ပန္နရုပ်အဋ္ဌာရသတို့၏ ဖြစ်ဆဲသည် ရုပ်၏ဇာတိမည်၏၊ နာမကွန္ဓာလေးပါးတို့၏ ဖြစ်ဆဲသည် နာမ်၏ဇာတိမည်၏၊ ထိုဇာတိကို ရူပကွန္ဓာ သခ်ၤါရကွန္ဓာ–ဟူသော ခန္ဓာနှစ်ပါး၊ ဓမ္မာယတန–ဟူသော အာယတနတစ်ပါး၊ ဓမ္မဓာတ်–ဟူသော ဓာတ်တစ်ပါးတို့ဖြင့် ရေတွက်အပ်၏။

ဆွေမျိုးတို့၏ ပျက်စီးခြင်းအစရှိသော အကြောင်းကြောင့် ငိုကြွေးမြည်တမ်းသော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တဇဝိပလ္လာသသဒ္ဒသည် ပရိဒေဝမည်၏၊ ထိုပရိဒေဝကို ။ပ။

ဉာတိဗျသနအစရှိသည်တို့ဖြင့် တွေ့သောသူအား လွန်စွာဖြစ်သော စိတ်၏ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာပင်ပန်းခြင်း၏အစွမ်းဖြင့်ဖြစ်သော ဒေါသမူဌေးဒ်ရှိသော ဒေါသစေတသိက်သည် ဥပါယာသမည်၏၊ ထို ။ပ။

ရူပဘဝ၏အရဋ္ဌ ဝဏ္ဏ ဂန္ဓ ရသ သြဇာ မဟာဘုတ်လေးပါး–ဟူသော အဋ္ဌကလာပ်ရုပ်ရှစ်ပါး အထင်အရှား ပါရှိနေ၏၊ သို့ပင် ပါရှိနေစေကာမူ ရူပဗြဟ္မာတို့၏သန္တာန်၌ ထိုဂန္ဓ–စသည်တို့၏ အာရမဏိကဖြစ်သော ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ်တို့ ဖြစ်ရိုးမရှိချေ၊ သို့ဖြစ်၍ ထိုဂန္ဓ–စသည်တို့သည် အာရုံအဖြစ်သို့ မရောက်နိုင်ကြ၊ ထို့ကြောင့်ပင် ဂန္ဓ ရသ အာပေါကြဉ်သော မဟာဘုတ်တို့ကို ဂန္ဓာယတန–စသည် မဖွဲ့ရတော့ချေ၊ ဓမ္မသဘောကို မကျော်လွန်နိုင်သောကြောင့် ထိုဂန္ဓ–စသည်တို့ကို ဓမ္မာယတန ဓမ္မဓာတ်သာ ဖွဲ့ရတော့သည်။

အသညီဘဝ ဝဏ္ဏသည် အသညသတ်ဘုံသား ဗြဟ္မာများ၏ အာရုံမဖြစ်နိုင်ရိုး မှန်ပေ၏၊ သို့ရာတွင် တစ်ပြင်တည်း၌ တည်နေသော ဝေဟပ္ဖိုလ်ဘုံသား ဗြဟ္မာများ၏ အာရုံအနေဖြင့် ဖြစ်သင့်ပေသေး၏၊ ထို့ကြောင့် အသညသတ်ဘုံ၌ဖြစ်သော ဝဏ္ဏကို ရူပါယတန ရူပဓာတ်ဖွဲ့ရသည်။

ဇာတိ ဇရာ မရဏ ရုပ်၏ဇာတိ–စသည်ကို ရူပကွန္ဓာ၊ နာမ်၏ဇာတိ–စသည်ကို သခ်ၤါရကွန္ဓာဖွဲ့ရသည်၊ နာမကွန္ဓာလေးပါး၏ ဇာတိ ဇရာ မရဏ ဖြစ်သော်လည်း နာမကွန္ဓာလေးပါး မဖွဲ့သင့်ချေ၊ ဇာတိ ဇရာ မရဏတို့–ဟူသည် အဝတ္ထာမျှသာ ဖြစ်ကြ၏၊ ကေန္တ ပရမတ္ထမဟုတ်ကြ၊ သို့ဖြစ်၍ ဝေဒိယနသဒ္ဒနန ဝိဇာနန–ဟူသော ကေန္တ ပရမတ္ထကိစ္စဖြင့် မယူအပ်၊ သခ်ၤာဘိသခ်ၤရဏ–ဟု ဆိုအပ်သော အနေကန္တ ပရမတ္ထကိစ္စဖြင့်သာ ယူအပ်ကုန်၏၊ ထို့ကြောင့် သခ်ၤါရကွန္ဓာ ဖွဲ့ရလေသည်၊ ဝေဒနာကွန္ဓာ–စသည် မဖွဲ့ရ။

ထို့ပြင် ခပ်သိမ်းသော အာယတန ဓာတ်တို့၏ အဝတ္ထာပင်ဖြစ်စေကာမူ နိဿတ္တတ္ထ အားဖြင့် ဓမ္မာယတန ဓမ္မဓာတ်တို့ဖြင့်သာ ရေတွက်အပ်သည်၊ ကေန္တ ပရမတ္ထကိစ္စဖြစ်သော စက္ခာယတန စက္ခုဓာတ်–စသည်တို့ဖြင့်မူကား မရေတွက်အပ်ပေ။

http://www.dhammadownload.com

ပါဠိ	ကိစ္စဘေဒ	တရားကိုယ်အရကောက်	သင်္ဂီတိ		
			ခ	အ	ဓ
ဇနကဓိတုဇဝိညာဏဓာတု	ကာယာနုပဿနာသတိပဋ္ဌာန်	လောကုတ်စိတ် ၈-၌ရှိသော သတိစေတသိက်	၁	၁	၁
	ဝေဒနာနုပဿနာသတိပဋ္ဌာန်				
	စိတ္တာနုပဿနာသတိပဋ္ဌာန်				
	ဓမ္မာနုပဿနာသတိပဋ္ဌာန်				
ဇနကဓိတုဇဝိညာဏဓာတု	ဖြစ်ကုန်ပြီးသော အကုသိုလ်တရား တို့ကို ပယ်ခြင်းငှာ လုံ့လပြုခြင်း	လောကုတ် ၈-၌ရှိသော ဝိရိယစေတသိက်	၁	၁	၁
	မဖြစ်သေးသောအကုသိုလ်တရား တို့ကို မဖြစ်စေခြင်းငှာ. . . .				
	မဖြစ်သေးသော ကုသိုလ်တရား တို့ကို ဖြစ်စေခြင်းငှာ. . . .				
	ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို လွန်စွာတိုးပွားစေခြင်းငှာ				
ဇနကဓိတုဇဝိညာဏဓာတု	ဆန္ဒိဒ္ဓိပါဒ်	လောကုတ် ၈-၌ရှိသော ဆန္ဒစေတသိက်	၁	၁	၁
	ဝီရိယိဒ္ဓိပါဒ်	။ ဝီရိယစေတသိက်			
	စိတ္တိဒ္ဓိပါဒ်	လောကုတ်စိတ်-၈			
	ဝီမံသိဒ္ဓိပါဒ်	လောကုတ် ၈-၌ရှိသော ပညာစေတသိက်			

စတ္တာရော သတိပဋ္ဌာနာ-ဟူသောပုဒ်၌ သတိပဋ္ဌာန်လေးပါး-ဟူသော်ကား ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်-ဟူ၍ ကိစ္စအားဖြင့်လေးပါးအပြားရှိ၏၊ တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော သတိစေတသိက်သာတည်း၊ ထိုသတိစေတသိက်သည် သတိပဋ္ဌာန် မည်၏၊ ထိုသတိပဋ္ဌာန်ကို သခ်ါရက္ခန္ဓာ-ဟူသော ခန္ဓာတစ်ပါး၊ ဓမ္မာယတန-ဟူသော အာယတနတစ်ပါး၊ ဓမ္မဓာတ်-ဟူသော ဓာတ်တစ်ပါးဖြင့် ရေတွက်အပ်၏၊ အကြွင်းဖြင့် မရေတွက်အပ်။

(A)

http://www.dhammadownload.com

ပါဠိ	ဘေဒ	တရားကိုယ်အရကောက်	သင်္ဂဟိတ		
			ခ	အ	ဝ
ခန္ဓပဉ္စက ဒွါဒသက	ပထမစျာန်	ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ	၂	၁	၁
	ဒုတိယစျာန်	ပီတိ, သုခ, ဧကဂ္ဂတာ			
	တတိယစျာန်	သုခ, ဧကဂ္ဂတာ			
	စတုတ္ထစျာန်	ဥပေက္ခာ, ဧကဂ္ဂတာ			
ဇာတိသမ္ပယုတ္တ ဒွါဒသက	မေတ္တာ	ရူပါဝစရပထမ, ဒု, တ, စစျာန်၌ အဒေါသစေတသိက်	၁	၁	၁
	ကရုဏာ	ရူပါဝစရပထမ, ဒု, တ, စစျာန်၌ ကရုဏာ ။			
	မုဒိတာ	ရူပါဝစရပထမ, ဒု, တ, စစျာန်၌ မုဒိတာ ။			
	ဥပေက္ခာ	ရူပါဝစရပဉ္စမစျာန်၌ တတြမဇ္ဈတ္တတာ ။			
ဣန္ဒြိယ ဒွါဒသက	သဒ္ဓိန္ဒြေ	လောကုတ် ၈-၌ရှိသော သဒ္ဓါစေတသိက်	၁	၁	၁
	ဝီရိယိန္ဒြေ	လောကုတ် ၈-၌ရှိသော ဝီရိယ ။			
	သတိန္ဒြေ	လောကုတ် ၈-၌ရှိသော သတိ ။			
	သမာဓိန္ဒြေ	လောကုတ် ၈-၌ရှိသော ဧကဂ္ဂတာ ။			
	ပညိန္ဒြေ	လောကုတ် ၈-၌ရှိသော ပညာ ။			
ဗလ ဒွါဒသက	သဒ္ဓါဗိုလ်	လောကုတ် ၈-၌ရှိသော သဒ္ဓါစေတသိက်	၁	၁	၁
	ဝီရိယဗိုလ်	လောကုတ် ၈-၌ရှိသော ဝီရိယ ။			
	သတိဗိုလ်	လောကုတ် ၈-၌ရှိသော သတိ ။			
	သမာဓိဗိုလ်	လောကုတ် ၈-၌ရှိသော ဧကဂ္ဂတာ ။			
	ပညာဗိုလ်	လောကုတ် ၈-၌ရှိသော ပညာ ။			
သမ္ပယုတ္တ ဒွါဒသက	သတိသမ္ဗောဇ္ဈင်	လောကုတ် ၈-၌ရှိသော သတိစေတသိက်	၁	၁	၁
	ဓမ္မဝိစယသမ္ဗောဇ္ဈင်	လောကုတ် ၈-၌ရှိသော ပညာ ။			
	ဝီရိယသမ္ဗောဇ္ဈင်	လောကုတ် ၈-၌ရှိသော ဝီရိယ ။			
	ပီတိသမ္ဗောဇ္ဈင်	လောကုတ် ၈-၌ရှိသော ပီတိ ။			
	ပဿဒ္ဓိသမ္ဗောဇ္ဈင်	လောကုတ် ၈-၌ရှိ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ ။			
	သမာဓိသမ္ဗောဇ္ဈင်	လောကုတ် ၈-၌ရှိသော ဧကဂ္ဂတာ ။			
	ဥပေက္ခာသမ္ဗောဇ္ဈင်	လောကုတ် ၈-၌ရှိသော တတြမဇ္ဈတ္တတာ ။			

စတ္တာရီ စျာနာနိ-ဟူသောပုဒ်၌ စျာန်လေးပါး-ဟူသော်ကား ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်အားဖြင့် လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် (မဟဂ္ဂုတ်, လောကုတ္တရာ၌ရှိသော) ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ-

http://www.dhammadownload.com

ပါဠိ	ဘေဒ	တရားကိုယ်အရကောက်	သင်္ဂီဟိတ		
			ခ	အ	ဓ
အဗျာကတဇဝဇ္ဇိတ	သမ္မာဒိဋ္ဌိ	လောကုတ် ၈-၌ရှိသော ပညာစေတသိက်	၁	၁	၁
	သမ္မာသင်္ကပ္ပ	လောကုတ် ၈-၌ရှိသော ဝိတက် ။			
	သမ္မာဝါစာ	လောကုတ် ၈-၌ရှိသော သမ္မာဝါစာ ။			
	သမ္မာကမ္မန္တ	လောကုတ် ၈-၌ရှိသော သမ္မာကမ္မန္တ ။			
	သမ္မာအာဇီဝ	လောကုတ် ၈-၌ရှိသော သမ္မာအာဇီဝ ။			
	သမ္မာဝါယာမ	လောကုတ် ၈-၌ရှိသော ဝီရိယ ။			
	သမ္မာသတိ	လောကုတ် ၈-၌ရှိသော သတိ ။			
	သမ္မာသမာဓိ	လောကုတ် ၈-၌ရှိသော ဧကဂ္ဂတာ ။			
သဗ္ဗသင်္ဂဟိက	ဖဿ	စိတ် ၈၉-၌ရှိသော ဖဿစေတသိက်	၁	၁	၁
	ဝေဒနာ	စိတ် ၈၉-၌ရှိသော ဝေဒနာ ။	၁	၁	၁
	သညာ	စိတ် ၈၉-၌ရှိသော သညာ ။	၁	၁	၁
	စေတနာ	စိတ် ၈၉-၌ရှိသော စေတနာ ။	၁	၁	၁
	စိတ္တ	စိတ်-၈၉	၁	၁	၇
	အဓိမောက္ခ	ဒွေးပဥ္စ-၁၀, ဝိစိကြွဲ့ စိတ် ၇၈-၌ရှိ အဓိမောက္ခ	၁	၁	၁
	မနသိကာရ	စိတ် ၈၉-၌ရှိသော မနသိကာရစေတသိက်	၁	၁	၁

တည်းဟူသော စျာန်အင်္ဂါငါးပါးသည် ပထမစျာန်မည်၏၊ ပီတိ သုခ ဧကဂ္ဂတာ-တည်းဟူသော စျာန်အင်္ဂါသုံးပါးသည် ဒုတိယစျာန်မည်၏၊ သုခ ဧကဂ္ဂတာ-တည်းဟူသော စျာန်အင်္ဂါနှစ်ပါးသည် တတိယစျာန်မည်၏၊ ဥပေက္ခာ ဧကဂ္ဂတာ-တည်းဟူသော စျာန်အင်္ဂါနှစ်ပါးသည် စတုတ္ထစျာန်မည်၏၊ ထိုလေးပါးသောစျာန်ကို ဝေဒနာက္ခန္ဓာ သင်္ခါရက္ခန္ဓာ-ဟူသော ခန္ဓာနှစ်ပါး၊ ဓမ္မာယတန-ဟူသော အာယတန တစ်ပါး၊ ဓမ္မဓာတ်-ဟူသော ဓာတ်တစ်ပါးဖြင့် ရေတွက်အပ်၏၊ အကြွင်းဖြင့် မရေတွက်အပ်။

ဇယားကိုရှုလျက် ဥဒ္ဒေသကို ကျေညက်အောင် လေ့လာအားထုတ်ပါ၊ ဥဒ္ဒေသ မကျေက နိဒ္ဒေသကို နားလည်နိုင်မည်မဟုတ်၊ တိကမာတိကာ ဒုကမာတိကာနှင့်တကွ ဥဒ္ဒေသကျေမှသာ နိဒ္ဒေသကို လွယ်ကူစွာ နားလည်သဘောပေါက်နိုင်ပေလိမ့်မည်။

ဥဒ္ဒေသ ပြီးပါပြီ။

http://www.dhammadownload.com

နိဒ္ဒေသ

၁၄-နယ ဟောပုဒ်

အကျဉ်းချုပ်

ဒုမို ရဏ္ဍါ နဒ္ဒာ တမို , စမို ဓူတာ သမာရာ ပေ၊
ဒေဝရာ ဆ နိမက္ခာဝါ , သဂ္ဂါ သမို ဝိရာဂါဒ္ဓ။
နဝါရိယာ ဒသာဒီသု , ကမာ ဆ စ နဝေသွိဝ၊
တေ နဂ္ဂိယာ ဘက္ခိလာ ဩ , သမ္ဘဟာ ပန ကောသလာ။

ဂါထာပါဠိ		နယ	ဟောပုဒ်-သင်္ချာ
ဒုမို	ရဏ္ဍါ	ဒုတိယ	၄၂
နဒ္ဒာ	တမို	တတိယ	၉၀
စမို	ဓူတာ	စတုတ္ထ	၆၉
သမာရာ	ပေ	ပဉ္စမ	၂၅၇
ဒေဝရာ	ဆ(နိမက္ခာဝါ)	ဆဋ္ဌ	၂၄၈-(၂၅၀-၎)
သဂ္ဂါ	သမို	သတ္တမ	၃၇
ဝိရာဂါ	အဒ္ဓ	အဋ္ဌမ	၃၂၄
နဝ	အရိယာ	နဝမ	၁၂၀
ဒသာဒီသု ကမာ	ဆ	ဒသမ	၂၄၈
	စ	ကောဒသမ	၆၉
	နဝေသုဉ္စဝ	ဧဂါဒသမ	၁၂၀
တေ	နဂ္ဂိယာ	တေရသမ	၁၃၀
ဘက္ခိလာ	ဩ	စုဒ္ဒသမ	၃၂၄
သမ္ဘဟာ ပန	ကောသလာ	(ပထမ)	၃၇၁

ဂါထာအနက် ဒုမို-ဒုတိယနယ၌၊ ရဏ္ဍါ-လေးဆယ့်နှစ်ပုဒ်တို့ကို၊ ဝုတ္တာ-ဟောတော်မူအပ်ကုန်၏၊ တမို-တတိယနယ၌၊ နဒ္ဒာ-ကိုးဆယ်သောပုဒ်တို့ကို၊ ဝုတ္တာ၊ စမို-စတုတ္ထနယ၌၊ ဓူတာ-ခြောက်ဆယ့်ကိုးပုဒ်တို့ကို၊ ဝုတ္တာ၊ ပေ-ပဉ္စမနယ၌၊ သမာရာ-နှစ်ရာ့ငါးဆယ့်ခုနစ်ပုဒ်တို့ကို၊ ဝုတ္တာ၊ ဆ-ဆဋ္ဌနယ၌၊ (ဝါ-အဋ္ဌကထာ၌လာသောနည်းအားဖြင့်၊) ဒေဝရာ-၂၄၈-ပုဒ်တို့ကို၊ ဝုတ္တာ၊ ဝါ-ဋီကာ၌

http://www.dhammadownload.com

လာသောနည်းဖြင့်၊ နိမက္ခာ–၂၅၀–သောပုဒ်တို့ကို၊ ဝုတ္တာ၊ သမို–သတ္တမနယဋ္ဌ၊ သဂ္ဂါ–၃၇–ပုဒ်တို့ကို၊ ဝုတ္တာ၊ အဋ္ဌ–အဋ္ဌမနယဋ္ဌ၊ ဝိရာဂါ–၃၂၄–ပုဒ်တို့ကို၊ ဝုတ္တာ၊ နဝ–နဝမနယဋ္ဌ၊ အရိယာ–၁၂၀–သောပုဒ်တို့ကို၊ ဝုတ္တာ၊ ဒသာဒီသု–ဒသမနယ အစရှိသည်တို့၌၊ ဝါ–ဒသမနယ, ဧကာဒသမနယ, ဒွါဒသမနယတို့၌၊ ကမာ–အစဉ် အတိုင်း၊ ဆစနဝေသွိဝ–ဆဋ္ဌနယ စတုတ္ထနယ နဝမနယတို့၌ကဲ့သို့၊ ဝုတ္တာ၊ တေ–တေရသမနယဋ္ဌ၊ နဂ္ဂိယာ–၁၃၀–သောပုဒ်တို့ကို၊ ဝုတ္တာ၊ သြ–သြသာနနယဋ္ဌ၊ ဝါ–အဆုံးဖြစ်သော စုဒ္ဒသမနယဋ္ဌ၊ ဘက္ခိလာ–၃၂၄–ပုဒ်တို့ကို၊ ဝုတ္တာ–ဟောအပ်ကုန်၏၊ သမ္ဗုဟာပန–ပထမနယဋ္ဌ ဟောတော်မူအပ်သော ပုဒ်အပေါင်းတို့သည်ကား၊ ကောသလာ–၃၇၁–ပုဒ်တို့သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

ဆောင်။ ။ ဒုတိဝယ် လေးဆယ့်နှစ်၊ တတိဖြစ်–ကိုးဆယ်၊ စတုတ်ဖြစ် စစ်ရွေးချယ်သော်၊ ပုဒ်ခြောက်ဆယ်ကိုးပါး၊ ပဉ်နှစ်ရာငါးဆယ့်ခွန်၊ ဆဋ္ဌ–ဋ္ဌညွန် နှစ်လေးရှစ်ပါး၊(၂၄၈–ဋ္ဌ)။ ဋီကာပြနှစ်ငါးဆယ်၊(၂၅၀)၊သတ်–သုံးဆယ်ခုနစ်ပါး။ အဋ္ဌသုံးရာနှစ်ဆယ်ထားပါလို့၊ နောက်လေးပါးထည့်ပါ၊ (၃၂၄)၊ န–တစ်ရာနှစ်ဆယ်ပ၊ တူအမျှ ယူကြရန်သာ။ ဒ=ဆ ဧ=စ ဒွါ= နဝါငယ်၊ တေရသ်တစ်ရာ သုံးဆယ်မှတ်လို့၊ စုဒ္ဒသ်=အဋ္ဌနည်းတူလာ၊ ပေါင်းလိုက်သောခါ၊ သုံးခွန်တစ်(၃၇၁) ဖြစ်လေပါတယ်၊ စစ်ဖွေရှာ ဟောရန်ကွဲ့လေး။

ရှင်းလင်းချက် ဒုတိယနယမှာ ၄၂–ပုဒ်၊ တတိယနယမှာ ၉၀–ပုဒ်၊ စတုတ္ထနယမှာ–၆၉–ပုဒ်၊ ပဉ္စမနယမှာ ၂၅၇–ပုဒ်၊ ဆဋ္ဌနယမှာ အဋ္ဌကထာအလို ၂၄၈–ပုဒ်၊ ဋီကာအလို ၂၅၀–ပုဒ်၊ သတ္တမနယမှာ ၃၇–ပုဒ်၊ အဋ္ဌမနယမှာ ၃၂၄–ပုဒ်၊ နဝမနယမှာ ၁၂၀–ပုဒ်၊ ဒသမနယမှာ ဆဋ္ဌနယကဲ့သို့ ၂၄၈–ပုဒ်၊ ဧကာဒသမနယမှာ စတုတ္ထနယကဲ့သို့ ၆၉–ပုဒ်၊ ဒွါဒသမနယမှာ နဝမနယကဲ့သို့ ၁၂၀–ပုဒ်၊ တေရသမနယမှာ ၁၃၀–ပုဒ်၊ စုဒ္ဒသမနယမှာ အဋ္ဌမနယကဲ့သို့ ၃၂၄–ပုဒ်၊ ဟောပုဒ်ပေါင်းမှာ ၃၇၁–ပုဒ် ဖြစ်၏–ဟု ဆိုလိုပါသည်။

သမ္ဗုဟာပန ကောသလာ ဟူသော ပါဠိဖြင့် "ဒုတိယနယမှ စ၍ စုဒ္ဒမ–တိုင် အောင်သော နယများ၌ ဟောထားသောပုဒ်တို့သည် အဗ္ဘန္တရမာတိကာ, ဗာဟိရမာတိကာတို့၌လာသော ဤ ၃၇၁–ပုဒ်တို့ပင်တည်း" ဟူသော အနက်အဓိပ္ပာယ်ကို ပြ၏။

http://www.dhammadownload.com

ထို့ပြင် "ပထမနယဒ္ဒ ဟောကြားထားသော ပုဒ်တို့သည် ဤ ၃၇၁-ပါး သော ပုဒ်တို့ပင် ဖြစ်ချေသည်"ဟူသော အဓိပ္ပာယ်ကိုလည်း ပြသေး၏။

အဋ္ဌကထာယူဆပုံနှင့် ကောသလာ-အရ ယူပုံတို့ကို နှိုင်းယှဉ်ချက်

အဋ္ဌန္ဓ ရမာတိကာနှင့်ဗာဟိယမာတိကာ ဟောပုဒ်တရား	ပဋ္ဌဝိသာခိကေန အဋ္ဌကထာနည်း	ကောသလာ ပါဠိတော်နည်း
ခန္ဓာ	၅	၅
အာယတန	၁၂	၁၂
ဓာတ်	၁၈	၁၈
သစ္စာ	၄	၄
ဣန္ဒြေ	၂၂	၂၂
ပဋိစ္စသမုပ္ပာဒ်	၁၂ (အင်္ဂါ)	၂၈ (ဟောပုဒ်)
သတိပဋ္ဌာန်	၄	၁
သမ္မပ္ပဓာန်	၄	၁
ဣဒ္ဓိပါဒ်	၄	၁
ဈာန်	၄	၁
အပ္ပမညာ	၄	၁
ပဋိဓ္ဒြေ	၅	၁
ဗိုလ်	၅	၁
ဗောဇ္ဈင်	၇	၁
မဂ္ဂင်	၈	၁
ဖဿသတ္တကရာသိ	၇	၇
အဋ္ဌန္ဓ ရမာတိကာပုဒ်ပေါင်း	၁၂၅	၁၀၅
တိက်ပုဒ်	၆၆	၆၆
ဒုက်ပုဒ်	၂၀၀	၂၀၀
စုစုပေါင်း	၃၉၁	၃၇၁(ကောသလာ)

http://www.dhammadownload.com

စောဒနာပွဲယ် ဥဒ္ဒေသဌ် ပဥ္စဝိသာခိကေန ပဒသတေန–(အဗ္ဘန္တရမာတိကာ ၁၂၅–ပုဒ် ရှိ၏)ဟု ဆိုထားခဲ့သည်၊ တိက်ပုဒ်–၆၆+ ဒုက်ပုဒ် ၂၀၀–တို့ကို ထည့်ပေါင်းကြည့်က ၃၉၁–ဖြစ်လာသည်၊ ကောသလာ(၃၇၁)ဟူသော စကားနှင့် မနိုးနော် မစပ်ဟပ်ပါချေ၊ ပထမနယ နိဒ္ဒေသပါဠိတော်မှာလည်း ၃၇၁–ပုဒ်ပင် ဟောထားပါသည်၊ သို့ဖြစ်၍ "ပဥ္စဝိသာခိကေန ပဒသတေန"ဟု မဆိုသင့်၊ "ပဥ္စာခိကေန ပဒသတေန"ဟုသာ ဆိုသင့်သည်၊ ဥဒ္ဒေသဌ် ထည့်သွင်းထားသော "ပဥ္စဝိသာခိကေန ပဒသတေန"ဟူသော အဋ္ဌကထာဆရာ၏ စကားသည် နိဒ္ဒေသပါဠိတော်နှင့် ဆန့်ကျင်ရာသည် မဟုတ်ပါလော။

မဆန့်ကျင်ပါ၊ နိဒ္ဒေသပါဠိတော်ဌ် ခန္ဓာ–စသည်တို့ကို သနှံ်ရှိတိုင်း ဘေဒ, အဘေဒအားဖြင့် ဟောတော်မူပြီးလျှင် ပဋိစ္စသမုပ္ပာဒ်ကိုလည်း ဖြစ်သင့်သမျှ ၂၈–ပါး ဟောပုဒ်ယူ၍ ဟောတော်မူသည်၊ သတိပဋ္ဌာန်–စသည်တို့ကိုမူကား သနှံ်ရှိတိုင်း ဘေဒအားဖြင့် ဟောတော်မမူဘဲ သတိပဋ္ဌာန်တစ်ပါး, သမ္မပ္ပဓာန်တစ်ပါး–စသည် ဟောပုဒ်ထား၍ အဘေဒ(အပေါင်း)အားဖြင့်သာ ဟောတော်မူသည်။

အဋ္ဌကထာဆရာမူကား ပဥ္စဝိသာခိကေန ပဒသတေန–ဟူသော ပါဌ်ဖြင့် "၂၈–ပါး ဟောပုဒ်အနေအားဖြင့် ပဋိစ္စသမုပ္ပာဒ်ကို ဘုရားရှင် ဟောကြားထားခဲ့စေကာမူ အင်္ဂါအားဖြင့်သော်ကား ၁၂–ပါးမျှသာ ဖြစ်ချေသည်"ဟူသော အနက်အဓိပ္ပာယ်ထူးကိုလည်းကောင်း, "သတိပဋ္ဌာန်–စသည်တို့ကို ခန္ဓာ–စသည်တို့ကဲ့သို့ တစ်ခုစီခွဲ၍ ဘေဒအားဖြင့်လည်း ဟောသင့်သေး၏"ဟူသော အနက်အဓိပ္ပာယ်ထူးကိုလည်းကောင်း ပြတော်မူလိုရင်း ဖြစ်ပေသည်၊ ထို့ကြောင့် ရှေ့ဥဒ္ဒေသဌ်ပါသော အဋ္ဌကထာဆရာ၏ စကားသည် နိဒ္ဒေသပါဠိတော်နှင့် သဘောသွားအားဖြင့် မဆန့်ကျင်ပါပေ။

အကျဉ်းမှတ်ရန် ပဋိစ္စသမုပ္ပာဒ်ကို အင်္ဂါ ၁၂–ပါးမျှသာ ယူ၍ အကြွင်းကို သနှံ်ရှိတိုင်း ပေါင်းယူရသည်ကား အဋ္ဌကထာနည်း၊ ကျန်နှစ်တိုင်အောင် သနှံ်ရှိတိုင်း ယူ၍ ပဋိစ္စသမုပ္ပာဒ်ကို ဥပပတ္တိဘဝ အပေါင်းအစိတ်နှင့်တကွ ၂၈–ပါး ယူပြီးလျှင် သတိပဋ္ဌာန်မှအထက်ကို တစ်ပါးစီ ရေတွက်လျက် ဖဿသတ္တက ရာသိ ၇–ပါးတို့နှင့် တိက်,ဒုက်ပါ ပေါင်းယူရသည်ကား ပါဠိတော်နည်း ကောသလာ–အရတည်း။

http://www.dhammadownload.com

မာတုကထာ ဟောရိုးကျမှာ

(၁) ပထမနယ, ကောသလကို, တူမျှမာတိကာ, ဟောရုံသာတည်း။ "ဒု"မှာ ရှုပ, အချို့မျှနှင့်, ချို့မျှစိတ္တာ, ရရာပဒ, ဟောပုဒ်ပြ၏၊ ရုပ်ကခန်ကို, စိတ်ကမူကား, မတူမာတ်သာ, ယေစွဲပါလော။ ဓမ္မာယတန, ချို့ဝက်ရသား, ပဒများကို, ဟောကြား "တ"မှာ၊ ယေစွဲရာဝယ်, ခန္ဓာကွဲစေ။ "စတုတ္ထေ"မှာ, ဝေ-သင်-သဒ္ဒ, သုခုမတို့, ချို့မျှရရာ, ယေနှစ်ဖြာမူ, သုံးသာတူမျှ။ "ပဥ္စမ"ဝယ်, ချို့မျှခန္ဓာ, သုခုမာနှင့်, ဝိညာတူကွ, မဆုံကမူ, ဟောပုဒ်ယူသင့်၊ မတူသုံးပါး, ယေစွဲထားလော၊ ကတ္တား ပြန်ကာ, ဟောသည့်ရာဝယ်, ဖြေမှာရှေ့ယေ, ရတိုင်းဖြေသည် . . . . မှတ်လေ ရှေးရိုးလမ်းစဉ်တည်း။

(၂) ဆဋ္ဌဟောရန်, ရုပ်နိဗ္ဗာန်နှင့်, နာမ်မရောရ, ရောပြန်ကလည်း, ဝိပ်ရသည့်ပုဒ်, ရွေးချယ်ထုတ်လေ၊ နိဗ်ရုပ်နှင့်နာမ်, ဝိပ်ဧကန်တည်း၊ သန္တာန်ဘူမိ, ဇာတိ ကာလ, ကွဲနာမကို, ဝိပွသမုတ်၊ တူ-"သမ်"ဟုတ်၏၊ နိဗ်ရုပ်ရူချင်း, ဝေ သဉ် ချင်းနှင့်, သင်ချင်းဝိညာ, ချင်းချင်းမှာလျှင်, နှစ်ဖြာမဟုတ်, သမ္မယုတ်ဖက်, "ကေဟိ"တွက်ကို, သုံးချက်သင် ဓမ်, လျော်စွာကြံလော၊ ဝိပ္ပံ ဓမ္မ, နှစ်ခုမျှသာ, ထုတ်ကြရာသည် . . . . ရှုကာ "သမ်+ဝိပ်"သဘောတည်း။

(၃) "သတ္တမ"မှာ, စိတ်သာရငြား, ပဒများနှင့်, နှစ်ပါးမနော, ဆက်ဆံနောလျက်, ယှဉ်သောစေတသိ, တံနိယုတ္တံ, နာမက္ခန်ကို, ဟောရန်ဖွေရှာ, ရှေ့ယေမှာမူ, ယှဉ်ရာစွဲထုတ်, ဟောပုဒ်စွက်လေ, သူ၏တေတည်း၊ နောက်ယေဝိပ္ပ။ "အဋ္ဌမ"ဝယ်, ဝိပ်ရတုံဘိ, ဟောပုဒ်သိလော၊ နတ္ထိဖြေကြ။ "နဝမ"ကား, သမ်ရနာမ်သာ, ယေနှစ်ဖြာကို, ယှဉ်ရာပြန်လှန်, စွဲသင့်တန်၏။ ဟောရန်ဒသ, ဆဋ္ဌတူမျှသား၊ နှစ်ဝယေမှာ, ဝိပ်ကိုသာတည်း။ ဧကာဒသမ, ဟောပဒကို, "စ"တိုင်းမှတ်ပါ၊ သုံးသာတူမျှ, ယေစွဲရရုံ့။ ဒွါဒ နဝမာ, နည်းတူလာ၏၊ ယေမှာသမ္မ။ "တေရသ"ဝယ်, ပဥ္စမနည်းထဲ, ယေ-စိတ်စွဲနှင့်, စွဲရ သြဠာ, ဟောတုံပါလော။ နောက်လာစုဒ္ဒ, အဋ္ဌမနှင့်, တူမျှဟောပုဒ်, ယေ-ဝိပ်ယုတ်သည် . . . . ဖြေထုတ်"ပ"နည်း သဘောတည်း။

http://www.dhammadownload.com

ပထမနယနိဒ္ဒေသ

(သင်္ဂဟ အသင်္ဂဟ)

"ပထမနယ, ကောသလကို, တူမျှမာတိကာ, ဟောရုံသာတည်း။"

ဟောပုဒ် ဤပထမနယနိဒ္ဒေသ၌ အဇ္ဈတ္တ ရမာတိကာ ဗာဟိယမာတိကာတို့၌ လာသမျှ (ကောသလာ-အရ) ခုဂ္ဂ-ပုဒ်ကို ဟောဏ်။

ဟောပုံ ထိုပုဒ်တို့ကို အဇ္ဈတ္တ ရမာတိကာ ဗာဟိယမာတိကာ ဆိုရိုး အရကောက်ဧယားတို့၌ ပြဆိုထားခဲ့သည့် သင်္ဂဟိတ-အသင်္ဂဟိတ သဘောသွား အတိုင်းပင် ဟောပါလေ။

ဤပထမနယနိဒ္ဒေသ၌ ခန္ဓာ-စသည်တို့ကို ဘေဒ,အဘေဒ-ဟု နှစ်မျိုးခွဲခြားဟောထားပါသည်၊ ထိုတွင် ဘေဒကိုလည်း သုဒ္ဒ,ဧကမူလာဒိ-ဟု ခွဲတော်မူပါသေးသည်။

သုဒ္ဒ ရူပက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ ဤသို့ ပုစ္ဆာထုတ်ပြီးလျှင် ဥဒ္ဒေသ-ဧယားမှာ သင်္ဂဟိတ အောက်က ပြထားသော ဂဏန်းသင်္ချာများအတိုင်း "ရူပက္ခန္ဓော ဧကေန ခန္ဓေန ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ သင်္ဂဟိတော"ဟု အဖြေဝိဿဇ္ဇနာထုတ်ပါ၊ အသင်္ဂဟိတ ပုစ္ဆာ-ဝိဿဇ္ဇနာများကိုလည်း ရသင့်သည်အားလျော်စွာထုတ်ပါ၊ ဝေဒနာက္ခန္ဓာ-စသည်ကိုလည်း ဤသဘောအတိုင်းပင် ဟောပါ။

ဧယားကွက်လပ် နေရာများနှင့် ဝိပွယုတ်ခန္ဓာကြွင်း-စသည် မရှိရာများ၌ "နကေဟိစိ ခန္ဓေဟိ, နကေဟိစိ အာယတနေဟိ, နကာဟိစိ ဓာတူဟိ"ဟု ယထာရဟ ဆိုရမည်၊ ထို့ပြင် ဟောပုဒ်ထဲမှာ နိဗ္ဗာန်ပါဝင်နေပါက သင်္ဂဟိတဘက်၌ ခန္ဓာနေရာဝယ် "အသင်္ခတံ ခန္ဓတော ထပေတွာ"ဟု ရှေ့က ထည့်သွင်း၍ ရသင့်သည့် ခန္ဓာ အာယတန ဓာတ်-အတိုင်းပင် အဖြေဝိဿဇ္ဇနာ ဆက်ထုတ်ရသည်၊ အသင်္ဂဟိတဘက်၌မူကား နိဗ္ဗာန်ပါသည်ဖြစ်စေ, မပါသည်ဖြစ်စေ အကြောင်းမထူး၊ မရေတွက်ရသော ခန္ဓာ-စသည်အားလျော်စွာ အဖြေဝိဿဇ္ဇနာပါဠိ ထုတ်ရုံမျှသာဖြစ်သည်။

ဧကမူလာဒိ ဧကမူလာဒိ-၌ ဧကမူ, ဒွိမူ, တိမူ, စတုမူ-ဟု မူလေးမျိုးရှိနိုင်သည်။ [အာယတန-စသည်၌မူ အရေအတွက်အားလျော်စွာ ၁၁-မျိုး-စသည် ဖြစ်ပါလိမ့်မည်။]

http://www.dhammadownload.com

ဧကမူဋ္ဌ ရူကို မူယူ၍ ကြွင်းလေးမျိုးကို အသီးအသီး တစ်ခုစီ မူလီသွတ်ပါ၊ လေးမျိုး ဖြစ်လာ၏၊ လေးမျိုးပင် ဟောရမည်။

ဒွိမူဋ္ဌ ရူ, ဝေ-ကို မူယူ၍ ကြွင်းသုံးပါးကို အသီးအသီး မူလီသွတ်ပါ၊ သုံးမျိုး ဖြစ်၏။

တိမူဋ္ဌ ရူ, ဝေ, သဉ်-ကို မူယူ၍ ကြွင်းနှစ်ပါးကို အသီးအသီး မူလီသွတ်ပါ၊ နှစ်မျိုးဖြစ်၏။

စတုမူဋ္ဌ ရူ, ဝေ, သဉ်, သင်-ကို မူယူ၍ ဝိညာဉ်ကို မူလီသွတ်ပါ၊ တစ်ပါး မျှသာ ဖြစ်တော့သည်။

ဧကမူလာဒိဋ္ဌ နောက်နောက်သော ပုဒ်တို့ကိုသာ မူလီသွတ်၍ ဟောသည်၊ ရှေ့ရှေ့ပုဒ်ကိုမူကား မူလီသွတ်၍ မဟောချေ၊ ထို့ပြင် အစ တစ်ခုစီမျှကိုသာ မူလုပ်၍ ဟောသည်၊ ရသင့်သည့်အတိုင်း မူလုပ်၍ မဟော၊ ထိုသို့ မဟောခြင်းမှာလည်း အနက်အဓိပ္ပာယ် မထူးခြားလှသောကြောင့်ပင် ဖြစ်ပါသည်။

စတုမူပါဠိ ရူပက္ခန္ဓော စ ဝေဒနာက္ခန္ဓော စ သညာက္ခန္ဓော စ သင်္ခါရက္ခန္ဓော စ ဝိညာဏက္ခန္ဓော စ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ရူပက္ခန္ဓော စ ။ပ။ ဝိညာဏက္ခန္ဓော ပဋ္ဌဟိ ခန္ဓေဟိ ဒွါဒသ ဟာယတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ နကေဟိစိ ခန္ဓေဟိ နကေဟိစိ အာယတနေဟိ နကာဟိစိ ဓာတူဟိ အသင်္ဂဟိတာ။

အဘေဒပါဠိ ပဋ္ဌက္ခန္ဓာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ၊ ပဋ္ဌက္ခန္ဓာ ပဋ္ဌဟိ ခန္ဓေဟိ-စသည်ဖြင့် ဆက်ဟောပါ။

ဧကမူလာဒိနှင့် အဘေဒကို ဟောရာ၌ ဧယားဖြင့် ဟော၍ မဖြစ်နိုင်၊ ဟောပုဒ်ထဲ၌ ပါဝင်သောတရားတို့ကို ခန္ဓာ အာယတန ဓာတ်-ဖွဲ့လျက် သဘောဉာဏ်ဖြင့် ဟောမှသာ ဖြစ်နိုင်ပါသည်။

အနက်ယောဇနာ ရူပက္ခန္ဓော-ရူပက္ခန္ဓာကို၊ ဝါ-ရုပ္ပနလက္ခဏာရှိသော ရုပ်အစုကို၊ ကတိဟိ-အဘယ်မျှကုန်သော၊ ခန္ဓေဟိ-ခန္ဓာတို့ဖြင့်၊ သင်္ဂဟိတော-ရေတွက်အပ်သနည်း၊ ရူပက္ခန္ဓော-ရူပက္ခန္ဓာကို၊ ဝါ-ကို၊ ကတိဟိ-ကုန်သော၊ အာယတနေဟိ-တို့ဖြင့်၊ သင်္ဂဟိတော-နည်း၊ ရူပက္ခန္ဓော-ကို၊ ဝါ-ကို၊ ကတိဟိ-ကုန်သော၊ ဓာတူဟိ-တို့ဖြင့်၊ သင်္ဂဟိတော-နည်း၊ ဣတိပုစ္ဆာယံ-

http://www.dhammadownload.com

ဤသို့သော အမေးတော်သည်၊ သတိ-ရှိသော်၊ ရူပက္ခန္ဓော-ကို၊ ဝါ-ကို၊ ဧကေန-တစ်ပါးသော၊ ခန္ဓေန-ရူပက္ခန္ဓာဖြင့်၊ သင်္ဂဟိတော-ရေတွက်အပ်၏၊ ဧကာဒသဟိ-တစ်ဆယ့်တစ်ပါးကုန်သော၊ အာယတနေဟိ-သြဠာရိကာယတနဆယ်ပါး ဓမ္မာယတနတို့ဖြင့်၊ သင်္ဂဟိတော-ရေတွက်အပ်၏၊ ဧကာဒသဟိ-ကုန်သော၊ ဓာတူဟိ-သြဠာရိကဓာတ်ဆယ်ပါး ဓမ္မဓာတ်တို့ဖြင့်၊ သင်္ဂဟိတော-ရေတွက်အပ်၏၊ ဣတိ ဝိဿဇ္ဇနံ-ဤသို့ ဖြေတော်မူသည်၊ ဟောတိ-ဖြစ်၏။

တစ်နည်းကား ရူပက္ခန္ဓော-ကို၊ ကတိဟိ-ကုန်သော၊ ခန္ဓေဟိ-ခန္ဓာ၏ အဖြစ်-ဟု ဆိုအပ်သော ရေတွက်ကြောင်း ခန္ဓာသဒ္ဒါ-ဟု ဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်၊ သင်္ဂဟိတော-နည်း၊ ရူပက္ခန္ဓော-ကို၊ ကတိဟိ-ကုန်သော၊ အာယတနေဟိ-အာယတန၏ အဖြစ်-ဟု ဆိုအပ်သော ရေတွက်ကြောင်း အာယတနသဒ္ဒါ-ဟု ဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်၊ သင်္ဂဟိတော-နည်း၊ ရူပက္ခန္ဓော-ကို၊ ကတိဟိ-ကုန်သော၊ ဓာတူဟိ-ဓာတ်၏ အဖြစ်-ဟု ဆိုအပ်သော ရေတွက်ကြောင်း ဓာတုသဒ္ဒါ-ဟု ဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်၊ သင်္ဂဟိတော-နည်း၊ ဣတိပုစ္ဆာယံ-သည်၊ သတိ-သော်၊ ရူပက္ခန္ဓော-ကို၊ ဧကေန-တစ်ပါးသော၊ ခန္ဓေန-ရူပက္ခန္ဓာ၏ အဖြစ်-ဟု ဆိုအပ်သော ရေတွက်ကြောင်း ရူပက္ခန္ဓသဒ္ဒါ-ဟု ဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်၊ သင်္ဂဟိတော-၏၊ ရူပက္ခန္ဓော-ကို၊ ဧကာဒသဟိ-ကုန်သော၊ အာယတနဟေ-သြဠာရိကာယတနဆယ်ပါး ဓမ္မာယတန၏ အဖြစ်-ဟု ဆိုအပ်သော ရေတွက်ကြောင်း သြဠာရိကာယတနဆယ်ပါး ဓမ္မာယတနသဒ္ဒါ-ဟု ဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်၊ သင်္ဂဟိတော-၏၊ ရူပက္ခန္ဓော-ကို၊ ဧကာဒသဟိ-ကုန်သော၊ ဓာတူဟိ-သြဠာရိကဓာတ်ဆယ်ပါး ဓမ္မဓာတ်၏ အဖြစ်-ဟု ဆိုအပ်သော ရေတွက်ကြောင်းသြဠာရိကဓာတ်ဆယ်ပါး ဓမ္မဓာတုသဒ္ဒါ-ဟု ဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်၊ သင်္ဂဟိတော-ရေတွက်အပ်၏၊ ဣတိ ဝိဿဇ္ဇနံ-ဤသို့ ဖြေတော်မူသည်၊ ဟောတိ-ဖြစ်၏။ [အကြွင်းကို နည်းမှီ၍ ယောဇနာပါ။]

သာမညတောတနာနှင့် ဝိသေသယောဇနာ ခန္ဓသင်္ဂဟေန အာယတနသင်္ဂဟေန ဓာတု သင်္ဂဟေန-ဟု သာမညအားဖြင့် ဟောထား စေကာမူ သာမညတောတနာ၏ ဝိသေသကို မှီသည်ဖြစ်၍ ဝိသေသကို ဆိုလိုသောသူသည် ဝိသေသနအနက်ကို ယှဉ်၍ ယောဇနာသင့်သောကြောင့် ခန္ဓာ အာယတန ဓာတ်တို့၏ သရုပ်ကို ဖော်၍ ဝိသေသအနက် ယောဇနာနိုင်သည်သာ မှတ်ပါလေ။

http://www.dhammadownload.com

ဒုတိယနယနိဒ္ဒေသ

ဥဒ္ဒါန်းစဉ်ဂါထာ

ဒသာယတနာ သတ္တရသဓာတုယော ,
သတ္တိန္ဒြိယာ အသညီဘဝေါ ဧကဝေါကာရဘဝေါ၊
ပရိဒေဝေါ သနိဒဿနသပ္ပဋိဃံ အနိဒဿနံ ,
ပုနဒေဝ သပ္ပဋိဃံ ဥပါဒါတိ။

ဒသ–ဆယ်ပါးကုန်သော၊ အာယတနာ–သြဠာရိကာယတနတို့လည်းကောင်း၊ သတ္တရသ–ကုန်သော၊ ဓာတုယောစ–သြဠာရိကဓာတ် သတ္တဝိညာဏဓာတ်တို့လည်းကောင်း၊ သတ္တ–ခုနစ်ပါးကုန်သော၊ ဣန္ဒြိယာစ–ရုပ်ဣန္ဒြေတို့လည်းကောင်း၊ အသညီဘဝေါ–အသညီဘဝလည်းကောင်း၊ ဧကဝေါကာရဘဝေါစ–ဧကဝေါကာရဘဝလည်းကောင်း၊ ပရိဒေဝေါစ–ပရိဒေဝလည်းကောင်း၊ သနိဒဿနသပ္ပဋိဃဥ္စ–လည်းကောင်း၊ အနိဒဿနဥ္စ–လည်းကောင်း၊ ပုနဒေဝ–သနိဒဿနလည်းကောင်း၊ သပ္ပဋိဃဥ္စ–လည်းကောင်း၊ ဥပါဒါ–ဥပါဒါဓမ္မလည်းကောင်း၊ (ဣတိ–ဤသို့၊ ဧတာနိ–ဤ ၄၂–ပုဒ်တို့ကို၊ ဘဂဝတာ–မြတ်စွာဘုရားသည်၊ ဝုတ္တာနိ–ဟောတော်မူအပ်ကုန်၏။)

ကံနှင့်ကရိဏီးအရ

ပထမနယနိဒ္ဒေသ၌ ရူပက္ခန္ဓာ–ဟူသော ကံနှင့် ခန္ဓေဟိ အာယတနေဟိ ဓာတူဟိ–ဟူသော ကရိဏီးသုံးခုတို့တွင် ရူပက္ခန္ဓော–ဟူသော ကံပုဒ်၏အရကား ရုပ်အဋ္ဌဝိသတည်း၊ ကရိဏီးသုံးခုတို့၏အရကား ရူပက္ခန္ဓသဘာဝ အာယတနသဘာဝ ဓာတုသဘာဝတို့ ဖြစ်၏၊ တစ်နည်းအားဖြင့် ရူပက္ခန္ဓသဒ္ဒါ အာယတနသဒ္ဒါ ဓာတုသဒ္ဒါတို့ ဖြစ်၏။

ထို့ကြောင့်ပင် ခန္ဓေဟိ–ခန္ဓာ၏အဖြစ်–ဟု ဆိုအပ်သော ရေတွက်ကြောင်း ခန္ဓသဒ္ဒါ–ဟု ဆိုအပ်သော ရေတွက်ခြင်းတို့ဖြင့်၊ သင်္ဂဟိတော–ရေတွက်အပ်သနည်း–စသည်ဖြင့် အနက်ယောဇနာထားပေသည်။

ဝိဿဇ္ဇနံ

" ကတ္တားအနက်, သက်သည့်ယုမှာ, သုံးလိင်သာ, ကြွင်းမှာနပုံးများသတည်း" ဟူသော နိယံများအရ "ဝိဿဇ္ဇနံ"ဟု နပုံလိင်ဖြင့် ထားပါသည်။

http://www.dhammadownload.com

သင်္ဂဟိတေန အသင်္ဂဟိတံ

အကျဉ်းအတွင်	အဗ္ဗောဟာရမာတိကာနိဒ္ဒေသ						ဟတိယမာတိကာ					ယေ ဓမ္မာ	အသင်္ဂဟိတာ		
							တိက်		ဒုက်						
	အာယတန	ဓာတု	ခန္ဓာ	အသညီဘဝ	စတုဝေါကာရဘဝ	ဝိညဉ္စဝ	ဒုကဒုကသမ္ပယုတ်	ဒုကဒုကဝိပ္ပယုတ်	တိကဒုကသမ္ပယုတ်	တိကဒုကဝိပ္ပယုတ်	ဥဘတောဝိမုတ်	ဓမ္မာ	ဓမ္မသင်္ဂဟ	အာရုံသင်္ဂဟ	ဇာတိသင်္ဂဟ
၁	၉	၉	၅			၁	၁		၁			၂၆	ရုပ်–၂၇	၄	၂	၈
ဖော	၁	၁										၂	ရုပ်–၂၅	၄	၂	၈
၁		၇										၇	ဆဝိညာဏဓာတ်	၄	၁၁	၁၂
ဥ			၂									၂	သြဠာရိကရုပ်–၁၂	၄	၂	၈
အ				၁	၁							၂	ရူကြဉ်သြဠာရိက–၁၁	၄	၃	၉
အ								၁				၁	ရူပါရုံ၊ သုခုမရုပ်–၁၆	၄	၁၀	၁၆
သ										၁		၁	သုခုမရုပ်–၁၆	၄	၁၁	၁၇
ဥ											၁	၁	အာပေါကြဉ်ဘုတ်–၃	၄	၁၁	၁၇
ဆေး	၁၀	၁၇	၇	၁	၁	၁	၁	၁	၁	၁	၁	၄၂				

" ဒု–မှာ ရူပ, အရိုမျှနှင့်, ရိုမျှစိတ္တာ, ရရာပဒ, ဟောပုဒ်ပြ၏ "

ဟောပုဒ် ဤဒုတိယနယနိဒ္ဒေသ၌ စေတသိက်ရသောပုဒ်များ၊ နာမက္ခန္ဓာနှစ်ပါး သုံးပါး–စသည်ရသောပုဒ်များ၊ နိဗ္ဗာန်ရသောပုဒ်များကို မဟောအပ်၊ ရုပ်ရသောပုဒ်များ, စိတ်အကုန်ရသောပုဒ်များတို့ကို ဟောအပ်၏။

သို့ပင် ဟောစေကာမူ ရူပက္ခန္ဓာ–စသော ရုပ်အကုန်ရသော ပုဒ်များ, ဝိညာဏက္ခန္ဓာ–စသော စိတ်အကုန်ရသော ပုဒ်များတို့ကို မဟောအပ်ကုန်။

စက္ခာယတန–စသည်တို့ကဲ့သို့ ရုပ်ချည်းသက်သက် အချို့အဝက်သာရသော ပုဒ်များ, စက္ခုဝိညာဏဓာတ်–စသည်တို့ကဲ့သို့ စိတ်ချည်းသက်သက် အချို့အဝက်သာ ရသော ပုဒ်များတို့ကို ဟောအပ်ကုန်၏။

ယာနိ ပန ပဒါနိ ရူပေကဒေသံ အရူပေန အသမ္မိဿံ ဝိညာဏေကဒေသဥ္စ အညေန အသမ္မိဿံ ဒီပေန္တိ၊ တာနိ ဣဓ ဂဟိတာနိ။ ဌ။

B)

http://www.dhammadownload.com

အဗ္ဘန္တရမာတိကာ ဗာဟိယမာတိကာထဲမှ ရွေးချယ်ထုတ်နုတ်ပါက ရုပ်တစ်စိတ်တစ်ဒေသရသောပုဒ် ၃၅-ပုဒ်, စိတ်တစ်စိတ်တစ်ဒေသရသောပုဒ် ၇-ပုဒ် ရရှိပါလိမ့်မည်၊ ၄င်းတို့သည်ပင် ဒုတိယနယဒ္ဒဟောသော ရဏ္ဍ(၄၂)အရ ဖြစ်သတည်း၊ ဥဒ္ဒါန်းစဉ်ဂါထာနှင့်လည်း ညှိနှိုင်းတိုက်ဆိုင် ကြည့်ရှုပါလေ၊ ဆိုခဲ့ပြီးသော သဘော သဘာဝအားလျော်စွာ အာယတန-စသည်တို့၏သရုပ်ကို ဖော်ထုတ်၍ ဥဒ္ဒါန်းစဉ် ဂါထာကို အနက်ယောဇနာထားသည်၊ ဇယားနှင့်လည်း ညှိနှိုင်းတိုက်ဆိုင်ကြည့်ရှုပါ၊ လွယ်ကူစွာပင် နားလည်သဘောပေါက်နိုင်ပါလိမ့်မည်၊ နောက်နယများ၌လည်း ဤသဘောအတိုင်းပင် ကြံစည်ကြည့်ရှု လေ့လာပါလေ။

"ရုပ်ကခန်တူ, စိတ်ကမူကား, မတူဓာတ်သာ, ယေစွဲပါလော။"

ရုပ်ယေစွဲ ဟောပုဒ်အရသည် ရုပ်ဖြစ်ပါက ထိုဟောပုဒ်၏အရနှင့် ခန္ဓာသာတူ၍ အာယတန ဓာတ်-မတူသော ရုပ်တရားများကို ယေစွဲရမည်၊ ထို့ကြောင့်-

(၁) သြဠာရိကရုပ် ဟောပုဒ်ဖြစ်လျှင် ဟောပုဒ်မှကြွင်းသမျှသော ရုပ်များသည် ယေ-အရ ဖြစ်၏။

(၂) သုခုမရုပ် ဟောပုဒ်ဖြစ်လျှင် သြဠာရိကရုပ်မျှသာ ယေ-အရ ဖြစ်၏။

(၃) သုခုမရုပ် သြဠာရိကရုပ် ရောနှောပါဝင်နေသော ဟောပုဒ်ဖြစ်လျှင် ကြွင်းသော သြဠာရိကရုပ်မျှသာ ယေ-အရ ဖြစ်သင့်၏၊ ဤသို့ သဘောသုံးချက် ပေါ်ထွက်လာ၏။

စ-အရ-၂၆ ဖောဋ္ဌဗ္ဗာယတနကြဉ် သြဠာရိကာယတန ၉-ပါး, ဖောဋ္ဌဗ္ဗဓာတ်ကြဉ် သြဠာရိကဓာတ် ၉-ပါး, ပသာဒိန္ဒြေ ၅-ပါး, ပရိဒေဝ ၁-ပါး, သနိဒဿန သပ္ပဋိဃ ၁-ပါး, သနိဒဿန ၁-ပါးအားဖြင့် ၂၆-ပုဒ်သည် "စ"၏-အရ ဖြစ်ပါသည်။

ဖော-အရ-၂ ဖောဋ္ဌဗ္ဗာယတန ဖောဋ္ဌဗ္ဗဓာတ်အားဖြင့် ၂-ပါးသည် "ဖော"၏-အရ ဖြစ်ပါသည်။

စ-အရ-၇ သတ္တဝိညာဏဓာတ်သည် "စ"၏-အရ ၇-ပုဒ်ဖြစ်ပါသည်။

ကာ-အရ-၂ ကာယိန္ဒြေ ပုရိသိန္ဒြေ-ဟူသော ကာယိန္ဒြေနှစ်ပါးတို့သည် "ကာ"အရ ဖြစ်၏။

http://www.dhammadownload.com

ထို့ကြောင့်ပင်–

"သြဋ္ဌာရိကာ, ဟောသောခါ, သေသာရုပ်ကုန်စွဲ။
ရုပ်သုခုမာ, ဟောသောခါ, သြဋ္ဌာရိကာတွင်၍စွဲ။
သုခုမောဋ္ဌာ, ရောသောခါ, သြဋ္ဌာရိကာတွင်၍စွဲ။"

ဤသို့ ရှေးဆရာများ မိန့်ဆိုထားခဲ့ကြပေသည်။

ထို့ပြင် ရုပ်ကခန်တူ–(ခန္ဓာသာတူ၍ အာယတန–ဓာတ် မတူစေရ)ဟူသော ဥပဒေသ, သင်္ဂီတေန အသင်္ဂီတံ–ဟူသော ဥဒ္ဒေသတို့ဖြင့်ပင်လျှင် "စက္ခာယတနေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂီတာ အာယတနသင်္ဂဟေန အသင်္ဂီတာ ဓာတုသင်္ဂဟေန အသင်္ဂီတာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂီတာ"ဟု အသင်္ဂီတပုစ္ဆာ ထုတ်သင့်ကြောင်းကိုလည်း နားလည်သိရှိထားရမည်၊ ဤ၌ သင်္ဂီတကို တူသည်၊ အသင်္ဂီတကို ကွဲသည်၊ မတူ–ဟု ဆိုလိုသည်။

အဖြေဝိဿဇ္ဇနာထုတ်လိုက ယေ–အရ တရား‌တို့ကို ခန္ဓာ အာယတန ဓာတ် ဖွဲ့ပါ၊ ထိုခန္ဓာ အာယတန ဓာတ်တို့ကို သင်္ဂီတ–ခေါ်သည်၊ ထိုမှကြွင်းသော ခန္ဓာ အာယတန ဓာတ်တို့ကား အသင်္ဂီတ ဖြစ်သည်၊ ထိုအသင်္ဂီတ–ဖြစ်သော ခန္ဓာ အာယတန ဓာတ်အား‌လျော်စွာ အဖြေဝိဿဇ္ဇနာ ထုတ်ပါ၊ ဇယား၌လည်း သင်္ကြာဖြင့် ပြထားသည်။

ယေစွဲ စိတ်ဟောပုဒ်ဖြစ်က ထိုဟောပုဒ်အရှန့် ခန္ဓာ အာယတနတို့သာ တူ၍ ဓာတ်အား‌ဖြင့် မတူသော ကြွင်းဆဝိညာဏဓာတ်တို့ကိုပင် ယေစွဲရမည်

အ–အရ–၂ အ–အရကား အသညီဘဝ ဧကဝေါကာရဘဝ–အား‌ဖြင့် နှစ်ပါး‌တည်း။

အ–အရ–၁ အ–အရကား အနိဒဿနသပ္ပဋိဃအား‌ဖြင့် တစ်ပါး‌သာတည်း။

သ–အရ–၁ သ–အရကား ဒုက်ခ သပ္ပဋိဃာ ဓမ္မာပုဒ် တစ်ပါး‌သာတည်း။

ဥ–အရ–၁ ဥ–အရကား ဒုက်ခ ဥပါဒါ ဓမ္မာပုဒ် တစ်ပါး‌သာတည်း။

ဇယား‌ထဲ၌ သွင်း‌ထား‌သော သင်္ကြာများကိုကြည့်၍ ကောက်ပါ၊ ဤပုဒ်များကို ပေါင်း‌လျှင် ရုပ္ပါ–အရ ၄၂–ပုဒ် ဖြစ်၏၊ ဇယား၌လည်း ပေါင်း‌ပြထား‌သည်။

A)

http://www.dhammadownload.com

ပုစ္ဆာပါဠိကိုလည်း ခန္ဓာ အာယတနတို့မှာ သင်္ဂဟိတ, ဓာတ်မှာ အသင်္ဂဟိတဖြင့် ထားရမည်၊ အကြောင်းမှာ ဆိုခဲ့သည့်အတိုင်းပင် ဖြစ်ပါသည်။

ရှေးဆရာများကလည်း "သတ္တဝိညာဏ်, ဟောတုံပြန်, ကြောင်းဆဝိညာဏ် အကုန်စွဲ"ဟု မိန့်ဆိုထားခဲ့ကြပေသည်။

ဇယားသဘော

ပထမ ဇယားရှေ့ပိုင်း အာယတန-စသော အပေါ်ခေါင်းစီးများမှာ ဥဒ္ဒါန်းစဉ်ဂါထာလာ သရုပ်ယူများ ဖြစ်ပါသည်၊ ၄င်းတို့အောက်၌ ပါရှိသော ဂဏန်းများမှာ သဘောတူရာ ပေါင်းစုပြထားသော သင်္ချာများ ဖြစ်ပါသည်၊ အောက်ဆုံးကွက်ရှိ ဂဏန်းများမှာ ဥဒ္ဒါန်းစဉ်ဂါထာလာ အပေါင်းသင်္ချာများ ဖြစ်ပါသည်၊ ဟောရိုးစစ်လိုက အပေါ်ခေါင်းစီးကိုကြည့်၍ စစ်ပါလေ၊ နောက်၌လည်း အမြွက်မျှ ပြဆိုထားပါသေးသည်၊ ဇယားနှင့် တိုက်ဆိုင်၍ လေ့လာပါ။

လက်ဝဲဘက်အစ အပေါ်နှင့်အောက် စီတန်းနေသော စ ဖော စ ဏ္ဍ-စသည်တို့မှာ အရကောက်စာအုပ်များ၌ ပြဆိုထားသော အကျဉ်းဆောင်ပုဒ်များ ဖြစ်ပါသည်၊ ၄င်းတို့နှင့် တစ်တန်းတည်း လက်ယာဘက်ရှိ ဂဏန်းများမှာ ထို စ ဖော စ ဏ္ဍ-စသည်တို့၏ အရကောက် ဖြစ်ပါသည်၊ အဆုံးရဏ္ဍ-စသည်တို့၏ အောက်၌ရှိသော သင်္ချာများကား အပေါင်းသင်္ချာ ဖြစ်ပါသည်၊ ၄င်းတို့အတိုင်းပင် စ ဖော စဏ္ဍ-စသည်တို့၏ အရကို ကောက်ယူရသည်၊ အောက်၌လည်း ကောက်ပြထားပါသည်။

ထို့ပြင် စ ဖော စ ဏ္ဍ-တို့နှင့် တစ်တန်းတည်း ယေခမ္မာ-အောက်ရှိ တရားများမှာ သက်ဆိုင်ရာ ပါဝင်သမျှပုဒ်တို့၏ ယေ-စွဲ ဖြစ်သည်၊ အသင်္ဂဟိတာအောက်ရှိ ဂဏန်းများမှာ အဖြေဝိဿဇ္ဇနာ ခန္ဓာ အာယတန ဓာတ်တို့၏ သင်္ချာဖြစ်သည်၊ နောက်နယများ၌လည်း ဤသဘောအတိုင်းပင် ဖြစ်သည်။

အနက်ပေးစည်းမျဉ်း

ရှေးဦးစွာ ဟောပုဒ်အရကို ခန္ဓာ အာယတန ဓာတ်-ဖွဲ့ထားပါ၊ သင်္ဂဟိတာ, အသင်္ဂဟိတာ-စသည်တို့၏ ရှေ့၌ပါရှိသော ခန္ဓသင်္ဂဟေန-စသောပုဒ်တို့ကို ထိုဖွဲ့ထားပြီးသော ခန္ဓာ-စသည်တို့၏ သရုပ်ပေါ်အောင် အနက်ယောဇနာပါ၊ ယေ-နှစ်ခု ရှိရာ၌ ကတ္တားပြန်ထားသော ပုဒ်ကို ဟောပုဒ်အတိုင်း သဘောထားပါ၊ ဆိုခဲ့ပြီးသော သဘောများနှင့် ညှိနှိုင်းတိုက်ဆိုင် ကြည့်ရှုကြစေရန် အစတစ်ပုဒ်မျှ ထုတ်နုတ်ရေးသားပြပါဦးမည်၊ အကြောင်းကို ဇယားဖြင့်ပင် နားလည်သဘောပေါက်အောင် ကြိုးစားကြစည်ကြပါ၊ ဇယားကို ကောင်းစွာ သဘောပေါက်က သက်သာလွယ်ကူစွာပင် ဟောရွတ်နိုင်လိမ့်မည်။

http://www.dhammadownload.com

ဟောရိုးစစ် ပထမနယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုတိယနယနိဒ္ဒေသကို ဟောတော်မူ၏၊ ထိုဒုတိယနယနိဒ္ဒေသသည်လည်း အဗ္ဘန္တရမာတိကာနိဒ္ဒေသ, ဗာဟိယမာတိကာနိဒ္ဒေသအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် အဗ္ဘန္တရမာတိကာနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုအဗ္ဘန္တရမာတိကာနိဒ္ဒေသသည်လည်း အာယတနနိဒ္ဒေသ, ဓာတုနိဒ္ဒေသ, ဣန္ဒြိယနိဒ္ဒေသ, ပဋိစ္စသမုပ္ပာဒနိဒ္ဒေသ–အားဖြင့် လေးပါးအပြား ရှိ၏၊ [ဇယားခေါင်းစီးထဲ၌ ပါရှိသော အသည် ဇကဝေါ ပရိဒေဝတို့မှာ ပဋိစ္စထဲမှဖြစ်ကြောင်း သတိပြုပါ၊] ထိုတွင် အာယတနနိဒ္ဒေသကို . . . . ၏၊ ထိုအာယတနနိဒ္ဒေသသည်လည်း စက္ခာယတနနိဒ္ဒေသ, သောတာယတနနိဒ္ဒေသ, ဃာနာယတနနိဒ္ဒေသ, ဇိဝှါယတနနိဒ္ဒေသ, ကာယာယတနနိဒ္ဒေသ, ရူပါယတနနိဒ္ဒေသ, သဒ္ဒါယတနနိဒ္ဒေသ, ဂန္ဓာယတနနိဒ္ဒေသ, ရသာယတနနိဒ္ဒေသ, ဖောဋ္ဌဗ္ဗာယတနနိဒ္ဒေသအားဖြင့် ဆယ်ပါးအပြားရှိ၏၊ ထိုဆယ်ပါးတို့တွင် စက္ခာယတနနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား စက္ခာယတနေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ အာယတနသင်္ဂဟေန အသင်္ဂဟိတာ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတာ၊ တေ ဓမ္မာ စတူဟိ ခန္ဓေဟိ ဒွီဟာယတနေဟိ အဋ္ဌဟိ ဓာတူဟိ အသင်္ဂဟိတာ–ဟူသည်တည်း။

စက္ခာယတနေန–စက္ခာယတနသည်၊ ယေ ဓမ္မာ–အကြင်စက္ခာယတနကြဉ်သော ရုပ်သတ္တဝိသတို့ကို၊ ခန္ဓသင်္ဂဟေန–ရူပက္ခန္ဓာ–ဟူသော ရေတွက်ခြင်းဖြင့်၊ ဝါ–ရူပက္ခန္ဓာ၏ အဖြစ်–ဟု ဆိုအပ်သော ရေတွက်ကြောင်းဖြင့်၊ သင်္ဂဟိတာ–ရေတွက်အပ်ကုန်၏၊ အာယတနသင်္ဂဟေန–စက္ခာယတန–ဟူသော ရေတွက်ခြင်းဖြင့်၊ ဝါ–စက္ခာယတန၏ အဖြစ်–ဟု ဆိုအပ်သော ရေတွက်ကြောင်းဖြင့်၊ အသင်္ဂဟိတာ–မရေတွက်အပ်ကုန်၊ ဓာတုသင်္ဂဟေန–စက္ခုဓာတ်–ဟူသော ရေတွက်ခြင်းဖြင့်၊ ဝါ–စက္ခုဓာတ်၏ အဖြစ်–ဟု ဆိုအပ်သော ရေတွက်ကြောင်းဖြင့်၊ အသင်္ဂဟိတာ–မရေတွက်အပ်ကုန်၊ တေ ဓမ္မာ–ထိုစက္ခာယတနကြဉ်သော ရုပ်သတ္တဝိသတို့ကို၊ စတူဟိ–လေးပါးကုန်သော၊ ခန္ဓေဟိ–နာမက္ခန္ဓာတို့ဖြင့်၊ ဒွီဟိ–နှစ်ပါးကုန်သော၊ အာယတနေဟိ–စက္ခာယတန မနာယတနတို့ဖြင့်၊ အဋ္ဌဟိ–ရှစ်ပါးကုန်သော၊ ဓာတူဟိ–စက္ခုဓာတ် သတ္တဝိညာဏဓာတ်တို့ဖြင့်၊ အသင်္ဂဟိတာ–မရေတွက်အပ်ကုန်၊ ဣတိ ဝိဿဇ္ဇနံ–ဟောတိ။

(A)

http://www.dhammadownload.com

တတိယနယနိဒ္ဒေသ

ဥဒ္ဒါန်းစဉ်ဂါထာ

တယော ခန္ဓာ တထာ သစ္စာ , ကုန္ဒြိယာနိစ သောဠသ၊
ပဒါနိ ပစ္စယာကာရေ , စုဒ္ဒသူပရိ စုဒ္ဒသ။
သမတ္တိံသ ပဒါ ဟောန္တိ , ဂေါစ္ဆကေသု ဒသသွထ၊
ဒုဝေ စူဠန္တရဒုကာ , အဋ္ဌ ဟောန္တိ မဟန္တရာ။

တယော–ကုန်သော၊ ခန္ဓာ–စေတသိက်ခန္ဓာတို့သည်လည်းကောင်း၊ တထာ–ထို့အတူ စေတသိက်ဖြစ်ကုန်သော၊ သစ္စာ–သမုဒယသစ္စာ, မဂ္ဂသစ္စာတို့သည်လည်းကောင်း၊ သောဠသ–ကုန်သော၊ ကုန္ဒြိယာနိစ–ပသာဒိန္ဒြေ, မနိန္ဒြေကြဉ်သော ကုန္ဒြေတို့သည်လည်းကောင်း၊ ပစ္စယာကာရေ–ပဋိစ္စသမုပ္ပာဒ်၌၊ စုဒ္ဒသ–ကုန်သော၊ ပဒါနိ–အဝိဇ္ဇာ သင်္ခါရ ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ ဇာတိ ဇရာ မရဏ သောက ဒုက္ခ ဒေါမနဿ ဥပါယာသပုဒ်တို့သည်လည်းကောင်း၊ ဥပရိ–အထက်၌၊ စုဒ္ဒသ–ကုန်သော၊ ပဒါနိ–ကုန္ဒြိပါဒ စိတ္တ ဣန္ဒြိစ်ပုဒ်တို့သည်ကြဉ်အပ်သော ပုဒ်တို့သည်လည်းကောင်း။

ဒသသု–ကုန်သော၊ ဂေါစ္ဆကေသု–ဂေါစ္ဆကတို့၌၊ သမတ္တိံသ–အတိအကျ သုံးဆယ်သော၊ ပဒါ–တရားကိုယ်သာ ရကောင်းသော ပုဒ်တို့သည်လည်းကောင်း၊ အထ–ထိုမှတစ်ပါး၊ စူဠန္တရဒုကာ–စူဠန္တရဒုက်မှ၊ ဒုဝေ–အပ္ပစ္စယ အသခ််တနှစ်ပုဒ်တို့သည်လည်းကောင်း၊ မဟန္တရာ–မဟန္တရဒုက်မှ၊ အဋ္ဌ–ကုန်သော၊ ပဒါ–စေတသိက်ကိုသာ ရကောင်းသောပုဒ်, စေတသိက်နှင့်တကွ ဝိညတ်ဒွေးကို ရသော ပုဒ်တို့သည်လည်းကောင်း၊ ဟောန္တိ –ဖြစ်ကုန်၏၊ ကွတိ–ဤသို့၊ ဝေဒိတဗ္ဗာ–သိအပ်ကုန်၏။

"ဓမ္မာယတန, ဆို့ဝက်ရသား, ပဒများကို, ဟောကြား တ–မှာ"

ဟောပုဒ် ဤတတိယနယ၌ ဝိညာဏကွန္ဓာ သြဠာရိကရုပ် ရသောပုဒ်တို့ကို မဟော၊ ဝိညာဉ် သြဠာရိကာရုပ်တို့နှင့် မရောနှောမူ၍ ဓမ္မာယတနအချို့အဝက်မျှ ရသောပုဒ်များကိုသာ ဟောသည်။

စေတသိက် သီးသန့်ရသောပုဒ်များ, သုခုမရုပ် သီးသန့်ရသောပုဒ်များ, နိဗ္ဗာန် သီးသန့်ရသော ပုဒ်များ, စေတသိက်နှင့် သုခုမရုပ်မျှသာရသော ပုဒ်များတို့ကိုသာ ဟောသည်။ [ဝိညာဉ်နှင့် သြဠာရိကရုပ်ပင် မပါရှိစေကာမူ ဓမ္မာယတန မမ္မဓာတ်တို့ကိုကား အချို့အဝက် မဟုတ်သောကြောင့် မဟော–ဟု ဆိုလိုသည်။]

http://www.dhammadownload.com

အသင်္ဂဟိတေန သင်္ဂဟိတံ

အက္ခရာဦးဆောင်	အဇ္ဈတ္တ ရမာတိကာ					ဗာဟိယမာတိကာ				ယေ ဓမ္မာ	သင်္ဂဟိတ		
	ခန္ဓ	သဒ္ဒ	ဣန္ဒြိယ	ဆဒ္ဒါ	ဥဒ္ဓ	ဂါဟ	ဒုဋ္ဌဿ	ဒေဝ	ပဉ္စ		ခန္ဓေန	ဣန္ဒြိယေန	ဓာတုယာ
ဓ	၁		၅	၄	၁				၁၁	သဉ် သင် သု နိ	၃	၁	၁
သဉ်	၁				၁				၂	ဓ သင် သု နိ	၃	၁	၁
သင်	၁	၂	၈	၇	၁၁	၃၀			၅၉	ဓ သဉ် သု နိ	၃	၁	၁
နိ		၁					၂		၃	ဓ သဉ် သင် သု	၄	၁	၁
ဣ			၂						၂	ဓ သဉ် သင် နိ	၃	၁	၁
ဆ			၁	၃					၄	ဓ သဉ် နိ	၂	၁	၁
ဗျာ					၁				၁	သဉ် သု နိ	၂	၁	၁
ဓ								၆	၆	သု နိ	၁	၁	၁
စ								၂	၂	နိ	x	၁	၁
ပေါင်း	၃	၃	၁၆	၁၄	၁၄	၃၀	၂	၈	၉၀				

အဇ္ဈတ္တ ရမာတိကာနှင့် ဗာဟိယမာတိကာထဲမှ နဒ္ဒာ(၉၀)အရ ရွေးချယ်ထုတ်နုတ်ပါ၊ ထိုသို့ထုတ်နုတ်၍ရသော ပုဒ်တို့ကို ဥဒ္ဒါန်းစဉ်ဂါထာနှင့် တိုက်ဆိုင်ကြည့်ရှုပါ၊ သူများကို အားမကိုးပါနှင့်၊ မိမိကိုယ်ပိုင်ဉာဏ်ကို အသုံးပြုပါ၊ သို့မှသာ သဘောဉာဏ် ရင့်သန်လာမည်၊ နားလည်လွယ်မည်။

ယာနိ ပန ပဒါနိ ဝိညာဏေနဝါ သြဋ္ဌာရိကေနဝါ အသမ္မိဿံ ဓမ္မာယတနေ ကဒေသံ ဒီပေန္တိ၊ တာနိ ဣဓ ဂဟိတာနိ။ ၌။

"ယေစွဲရာဝယ်, ခန္ဓာကွဲစေ"

ယေစွဲ ဟောပုဒ်တရားနှင့် ယေ–အရ တရားတို့သည် ခန္ဓာကွဲ၍ အာယတန ဓာတ်–အားဖြင့် တူမျှစေရမည်၊ သို့ဖြစ်၍ ယေစွဲကို တိကျစွာ နားလည် လိုပါက ဓမ္မာယတန ဖြစ်ထိုက်သမျှသော စေတသိက်ဒွေးပညာသ သုခုမရုပ်သောဋ္ဌသ

ဓေ–၁၁ ဓေ–အရကား ဝေဒနာကွန္ဓာတစ်ပါး၊ ဝေဒနိန္ဒြေါးပါး၊ ပဋိစ္စမှ ဝေဒနာ သောက ဒုက္ခ ဒေါမနဿ–အားဖြင့် လေးပါး၊ ဖဿသဋ္ဌကမှ ဝေဒနာ တစ်ပါးအားဖြင့် ၁၁–ပါး ဖြစ်သတည်း။

http://www.dhammadownload.com

နိဗ္ဗာန်တို့ကို ခန္ဓဘေဒအားဖြင့် ဝေဒနာ သညာ သင်္ခါရ သုခုမရုပ် နိဗ္ဗာန်–ဟု ငါးမျိုးခွဲထားပါ၊ ထိုငါးမျိုးတို့တွင် ဟောပုဒ်၌ ပါဝင်နေသော တရားကို ချန်ထား၍ ကြွင်းသမျှကို ယေခွဲရမည်၊ ဇယားဌ် စွဲပြထားသည်ကိုလည်း ကြည့်ပါ၊ ထိုယေ–အရ တရားများကို ခန္ဓာ အာယတန ဓာတ်–ဖွဲ့၍ အဖြေဝိဿဇ္ဇနာပါဠိ ထုတ်ရမည်။

အနက်ပေးရာ၌လည်း ဟောပုဒ်အရ ခန္ဓာ–စသည်ကို ခန္ဓသင်္ဂဟေန–စသော ပါဠိတို့၌ သရုပ်ဖော်ပေးရသည်။

[ဝေဒနာ သညာ သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်ရရာ, ဟောသောခါ, ချင်းတို့ချင်းသာ လည်၍စွဲ၊ နည်းတတိယ မခက်ခဲ။ ဂူကျောင်းဆရာတော်။]

ဤနယ၌လည်း ယေခွဲရာဝယ် ခန္ဓာကွဲစေ (ခန္ဓာကွဲ၍ အာယတန ဓာတ် တူမျှစေရမည်)ဟူသော စကားရပ်, အသင်္ခါတေန သင်္ခါတံ–ဟူသော ဥဒ္ဒေသ ပါဠိတို့ဖြင့်ပင် "ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ခါတာ အာယတန သင်္ဂဟေန သင်္ခါတာ ဓာတုသင်္ဂဟေန သင်္ခါတာ, တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ခါတာ"ဟု ပုစ္ဆာပါဠိ နေရမည်၏ အဖြစ်ကို သိရှိနားလည် သဘောပေါက်ပါစေ။

ဇယားကို ရှု၍ ဝေ–အစရှိသော အက္ခဉ်းဆောင်ပုဒ်တို့၏ အရကောက် ဟောရိုးစစ်၊ ခန္ဓာ–စသည် အရေအတွက်၊ ပုစ္ဆာဝိဿဇ္ဇနာပါဠိစုံ၊ အနက်ပေးတို့ကို လေ့လာပါ၊ သိသာလွယ်ကူလှပါ၏။

သဉ်–၂ သဉ်–အရကား သညာက္ခန္ဓာ, ဖဿသတ္တကမှ သညာအားဖြင့် နှစ်ပါး ဖြစ်သတည်း။

သင်–၅၉ သင်–အရကား သင်္ခါရက္ခန္ဓာတစ်ပါး၊ သမုဒယ မဂ္ဂအားဖြင့် သစ္စာနှစ်ပါး၊ သဒ္ဓါ–စသော အထက်ကွန်ဒြေ ရှစ်ပါး၊ အဝိဇ္ဇာ သင်္ခါရ ဖဿ တဏှာ ဥပါဒါန် ကမ္မဘဝ ဥပါယာသအားဖြင့် ပဋိစ္စမှ ခုနစ်ပါး၊ သတိ သမ္မ အပ္ပ ကုံ့ ဗိုလ် ဗော မဂ် ဖဿ စေတနာ အဓိ မနသိ–အားဖြင့် အထက်မှ ၁၁–ပါး၊ ဂေါစ္ဆကမှ တရားကိုယ်သာ ရသောပုဒ် ၃၀–အားဖြင့် ၅၉–ပါး ဖြစ်သတည်း။

နိ–၃ နိ–အရကား နိရောဓသစ္စာ, စူဠန္တရမှ အပ္ပစ္ဆယ အသခ်ံတအားဖြင့် နှစ်ပါး= ပေါင်း သုံးပါးဖြစ်၏။

ဣ–၂ ဣ–အရကား ဣတ္ထိန္ဒြေ ပုရိသိန္ဒြေအားဖြင့် နှစ်ပါးတည်း။

ဇီ–၄ ဇီ–အရကား ဇီဝိတိန္ဒြေ ဇာတိ ဇရာ မရဏအားဖြင့် လေးပါးတည်း။

ဗျာ–၁ ဗျာ–အရကား ဥပရိမှ ဗျာနတစ်ပါးသာတည်း။

စေ–၆ စေ–အရကား မဟန္တရမှ စေတသိကာ ဓမ္မာ–စသော စေတသိက်ရသည့်ပုဒ် ၆–ပါးတည်း။

စိ–၂ စိ–အရကား မဟန္တရမှ စိတ္တသဟဘူ, စိတ္တာနုပရိဝတ္တိအားဖြင့် နှစ်ပါးတည်း။

http://www.dhammadownload.com

စတုတ္ထနယနိဒ္ဒေသ

ဥဒ္ဒါန်းစဉ်ဂါထာ

ဒွေ သစ္စာ ပန္နရသိန္ဒြိယာ , ဇောဒသ ပဋိစ္စသမုပ္ပာဒါ၊
ဥဒ္ဒံ ပုန ဇောဒသ , ဂေါစ္ဆကပဒမေတ္ထ တိ ံသဝိဓံ။

ဒွေ–နှစ်ပါးကုန်သော၊ သစ္စာ–သမုဒယ မဂ္ဂသစ္စာတို့လည်းကောင်း၊ ပန္နရသ–ကုန်သော၊ ဣန္ဒြိယာ–ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ သုခိန္ဒြေ ဒုက္ခိန္ဒြေ ။ပ။ အညာတာဝိန္ဒြေတို့လည်းကောင်း၊ ဇောဒသ–ကုန်သော၊ ပဋိစ္စသမုပ္ပာဒါ–အဝိဇ္ဇာ သင်္ခါရ ဖဿ တဏှာ ဥပါဒါန် ကမ္မဘဝ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ–ဟု ဆိုအပ်သော ပဋိစ္စသမုပ္ပာဒ်တို့လည်းကောင်း၊ ပုန–တစ်ဖန်၊ ဥဒ္ဒံ–အထက်၌၊ ဇောဒသ–သတိပဋ္ဌာန် သမ္မပ္ပဓာန် အပ္ပမညာ ဣဒ္ဓိ ဗိုလ် ဈာဏင် မဂ္ဂင် ဖဿ စေတနာ အဓိမောက္ခ မနသိကာရ–ဟု ဆိုအပ်သော ၁၁–ပါးတို့လည်းကောင်း၊ တိ ံသဝိဓံ–သုံးဆယ်အပြားရှိသော၊ ဂေါစ္ဆကပဒံ–တရားကိုယ်သာ ရကောင်းသော ဂေါစ္ဆကပုဒ်လည်းကောင်း၊ (ဣတိ–ဤသို့၊ ဣမာနိ ပဒါနိ–ဤ ၆၉–ပုဒ်တို့ကို၊) ဇတ္ထ–ဤ စတုတ္ထနယနိဒ္ဒေသ၌၊ (ဘဂဝတာ–မြတ်စွာဘုရားသည်၊ ဝုတ္တာနိ–ဟောတော်မူအပ်ကုန်ပြီ။)

သင်္ဂီတေန သင်္ဂီတံ

အကျဉ်းဆောင်	အဿန္တရမာတိကာ				ဗာ		ယေ ဓမ္မာ	ယေ ဓမ္မာ	သင်္ဂီတာ		
	ဒသုတ္တရ	ဒုကတိက	တိကတိက	ဣဒ္ဓ	ဂါထာ	တွဲ			ဓမ္မသင်္ဂဟ	အနုသန္ဓိ	ဝိဘင်္ဂ
သ	၁	၃	၅	၄	၃၀	၄၃	သင်–၄၉	သမုဒယသစ္စာ	၁	၁	၁
ဓ	၁	၅	၂	၇		၁၅	သင်–၅၀	မဂ္ဂသစ္စာ	၁	၁	၁
ဣ		၂				၂	သုခ–၁၅	ဣတ္ထိန္ဒြေ	၁	၁	၁
သု		၅	၃			၈	ဝေဒနိန္ဒြေ–၄	သုခိန္ဒြေ	၁	၁	၁
ပ			၁			၁	အပရိဒေဝစိတ္တဇသဒ္ဒ ဥတုဇသဒ္ဒ	ပရိဒေဝစိတ္တဇ ဝိပလ္လာသသဒ္ဒ	၁	၁	၁
ဃေါင်း	၂	၁၅	၁၁	၁၁	၃၀	၆၉					

http://www.dhammadownload.com

စတုတ္ထေမှာ, ဓေ သင် သဒ္ဒ, သုခုမတို့, ချိုမျှရရာ”

ဟောပုဒ် ဤစတုတ္ထနယနိဒ္ဒေသ၌ကား ဝေဒနာ တစ်စိတ်တစ်ဒေသမျှသာ ရသောပုဒ်မျိုး, သင်္ခါရက္ခန္ဓာ တစ်စိတ်တစ်ဒေသသာ ရသောပုဒ်မျိုး, သဒ္ဒတစ်စိတ်တစ်ဒေသသာရသော ပုဒ်မျိုး, သုခုမရုပ် တစ်စိတ်တစ်ဒေသသာရသော ပုဒ်မျိုးတို့ကို ဟောသည်။

ဝေဒနာစေတသိက်သည် အမှန်အားဖြင့် တစ်ပါးတည်းသာ ဖြစ်၏၊ သို့ပင်ဖြစ်စေကာမူ အာရမဏာနုဘဝန ကျန္ဒြိယဘေဒတို့၏ အပြားအားဖြင့် သုခိန္ဒြေ ဒုက္ခိန္ဒြေ–စသည် ပြားနိုင်သေး၏၊ ထိုသုခိန္ဒြေ ဒုက္ခိန္ဒြေ–စသည်တို့သည် ဝေဒနာတစ်စိတ်သာရသောပုဒ်မျိုး မည်၏၊ ထိုပုဒ်မျိုးကိုသာ ဤနယ၌ ဟောသည်၊ ဝေဒနာက္ခန္ဓာ–စသည်တို့ကဲ့သို့ ဝေဒနာအကုန်ရသောပုဒ်မျိုးကို မဟောချေ။

သင်္ခါရသည်လည်း သမုဒယသစ္စာ–စသည်တို့၌ တစ်စိတ်တစ်ဒေသ ဖြစ်၏၊ ထိုသမုဒယသစ္စာ–စသည်တို့ကဲ့သို့ သင်္ခါရတစ်စိတ်တစ်ဒေသရသောပုဒ်မျိုးကိုသာ ဤနယ၌ ဟောသည်၊ သင်္ခါရက္ခန္ဓာ–စသည်တို့ကဲ့သို့ သင်္ခါရအပြည့်အစုံရသော ပုဒ်မျိုးကို မဟော။

သဒ္ဒသည်လည်း ငိုကြွေးမြည်တမ်းကြောင်းဖြစ်သော ဒေါသမူစိတ်ကြောင့် ဖြစ်သော ပရိဒေဝ စိတ္တဇဝိပလ္လာသသဒ္ဒ, ကြွင်းကျန်သောစိတ်များကြောင့်ဖြစ်သော အပရိဒေဝ စိတ္တဇသဒ္ဒ, ဥတုကြောင့်ဖြစ်သော ဥတုဇသဒ္ဒ–ဟု ကွဲပြားသေး၏၊ ထိုသို့

သ–၄၃ သ–အရကား သမုဒယသစ္စာတစ်ပါး၊ ကံမှ သဒ် ဝိ သတိ်–အားဖြင့် သုံးပါး၊ ပဋိစ္စမှ အ ဖ တဏှာ ဥပါဒါန် ဥပါယာသ–အားဖြင့် ငါးပါး၊ ဖဿသတ္တကမှ ဖဿ စေ အဓိ မနသိ–အားဖြင့် လေးပါး၊ ဂေါစ္ဆကမှ တရားကိုယ်သာ ရသောပုဒ် သုံးဆယ်အားဖြင့် ၄၃–ပါးတို့ပေတည်း။

မ–၁၅ မ–အရကား မဂ္ဂသစ္စာ၊ ကံမှ သမာဓိန္ဒြေ ပညိန္ဒြေ–စသော လေးပါးအားဖြင့် ငါးပါး၊ ပဋိစ္စမှ သင်္ခါရ ကမ္မဘဝအားဖြင့် နှစ်ပါး၊ အထက်မှ သတိ သမ်အပ် ပဉ် ဗိလ် ဗော မဂ်အားဖြင့် ၇–ပါး= ပေါင်း ၁၅–ပါး ဖြစ်၏။

က–၂ က–အရကား ကုတ္ထိန္ဒြေ ပုရိသိန္ဒြေအားဖြင့် နှစ်ပါး ဖြစ်၏။

သု–၈ သု–အရကား ဝေဒနိန္ဒြေငါးပါး၊ ပဋိစ္စမှ သောဏ ဒုက္ခ ဒေါမနဿအားဖြင့် သုံးပါး= ပေါင်း ရှစ်ပါးဖြစ်၏။

ပ–၁ ပ–အရကား ပရိဒေဝတစ်ပါးသာတည်း။

http://www.dhammadownload.com

ကွဲပြားနေကြသော သဒ္ဒတို့တွင် ပရိဒေဝ–ဟု ဆိုအပ်သော သဒ္ဒတစ်စိတ်ရသော ပုဒ်မျိုးကိုသာ ဟောသည်၊ သဒ္ဒါယတန–စသည်တို့ကဲ့သို့ သဒ္ဒအကုန်ရသော ပုဒ်မျိုးကို မဟော။

သုခုမရုပ်သည်လည်း ဣတ္ထိန္ဒြေ–စသည်တို့၌ တစ်စိတ်တစ်ဒေသ ဖြစ်၏၊ ထိုဣတ္ထိန္ဒြေ–စသည်တို့ကဲ့သို့ သုခုမရုပ် တစ်စိတ်ရသော ပုဒ်မျိုးကိုသာ ဟောသည်၊ အပြည့်အစုံရသောပုဒ်မျိုး, အပြည့်အစုံပင် မဟုတ်စေကာမူ အခြားတရားများ ရောနှော ပါဝင်နေသော ပုဒ်မျိုးတို့ကို မဟောပါချေ။

ယာနိ ပန ပဒါနိ သဒ်္ဒါရေကဒေသံ ဝါ အညေန အသမ္မိဿံ ဒီပေန္တိ ဝေဒနေကဒေသံ ဝါ သုခုမရူပံ ဝါ သဒ္ဒေကဒေသံ ဝါ၊ တာနိ ဣဓ ဂဟိတာနိ။ ၌။

“ ယေနစ်ဖြာမှာ, သုံးသာတူမျှ”

ယေစွဲ ဤစတုတ္ထနယ၌ ယေ–နစ်ခု ပါရှိ၏၊ ပထမယေကို ဟောပုဒ်နှင့် ခန္ဓာအာယတန ဓာတ် သုံးပါးတူမျှသော တရားတို့ကို စွဲရမည်၊ ဒုတိယယေကိုမူ ထိုပထမယေ–အရ တရားနှင့် ခန္ဓာ အာယတန ဓာတ် သုံးပါးတူမျှသော တရားကိုပင် စွဲရမည်၊ အကြောင်းမူကား ပထမယေ–အရကိုပင် “တေဟိ ဓမ္မေဟိ”ဟု ကတ္တားပြန် ဟောထားသောကြောင့် ဖြစ်သည်။

ဥပမာအားဖြင့် သုခိန္ဒြေ ဟောပုဒ်ဖြစ်အံ့၊ ပထမယေ–အရ တရားသည် ကြွင်းသော ဝေဒနိန္ဒြေလေးပါး ဖြစ်၍ ဒုတိယယေ–အရ တရားမှာ သုခိန္ဒြေပင် ဖြစ်ရမည်။

ဤသို့ ဝေဒနာချင်းချင်း သဒ်္ဒါရချင်းချင်း သဒ္ဒချင်းချင်း သုခုမရုပ်ချင်းချင်း အပြန်အလှန် ယေစွဲပါ၊ သို့မှသာ ခန္ဓာ အာယတန ဓာတ် သုံးပါးတူမျှနိုင်မည်၊ ထို့ကြောင့် ရှေးဆရာတို့ကလည်း–

> “ နျာစတုတ္ထ သုံးပါးလုံးတူရာ ယေစွဲကြ၊
> သုခ ဝေဒနာ ဟောသောခါ, ကြွင်းဝေဒနာ ရှေ့ယေစွဲ၊
> ဟောရင်း သုခဝေဒနာ–စသည်ကား နောက်ယေစွဲ။
> သမုဒယ စ–သည်သဒ်္ဒါရာ, ဟောတုံခါ, ကြွင်းသဒ်္ဒါရာ ရှေ့ယေစွဲ၊
> ဟောရင်း သမုဒယ–စသည်ကား နောက်ယေစွဲ။
> ဣတ္ထိန္ဒြိယ–စသည် သုခုမာ, ဟောသောခါ, ကြွင်းသုခုမာ ရှေ့ယေစွဲ၊
> ဟောရင်း ဣတ္ထိန္ဒြိယ–စသည်ကား နောက်ယေစွဲ။
> သဒ္ဒတစ်စိတ်ရရာ, ဟောသောခါ, ကြွင်းသဒ္ဒါ ရှေ့ယေစွဲ။”

ဤသို့ မိန့်ဆိုခဲ့ကြပေသည်။

http://www.dhammadownload.com

ဤသို့ ကတ္တားပြန်၍ဟောသော နယများ၌ အစ"ယေ"ကို ခန္ဓာ အာယတန ဓာတ် ဖွဲ့ထားပါ၊ ရသည့်အတိုင်းပင် အဖြေဝိဿဇ္ဇနာ ထုတ်ရသည်၊ ထို့ကြောင့် ကတ္တားပြန်ကာ, ဟောသည့်ရာဝယ်, ဖြေမှာ ရှေ့ယေ, ရတိုင်းဖြေ"ဟု ဆိုထားပေသည်၊ ဤနယ၌ကား ခန္ဓာ အာယတန ဓာတ် တစ်ပါးစီမျှသာ ရှိနိုင်သည်၊ အတိုးအဆုတ် မရှိနိုင်။

ယေနှစ်ဖြာမှာ, သုံးသာတူမျှ–ဟူသော ဥပဒေသ, သင်္ဂဟိတေန သင်္ဂဟိတံ–ဟူသော ဥဒ္ဒေသတို့ဖြင့်ပင် "သမုဒယသစ္စေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ အာယတနသင်္ဂဟေန သင်္ဂဟိတာ ဓာတုသင်္ဂဟေန သင်္ဂဟိတာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ခန္ဓ····ဓာတုသင်္ဂဟေန သင်္ဂဟိတာ၊ တေ ဓမ္မာ ကတိဟိ····သင်္ဂဟိတာ"ဟု ပုစ္ဆာပါဠိ နေသင့်ကြောင်းကိုလည်း သိမြင်နားလည်နိုင်လောက်ပါပြီ။

ပဋ္ဌမနယနိဒ္ဒေသ

ဥဒ္ဒါန်းစဉ်ဂါထာ

သဗ္ဗေ ခန္ဓာ တထာယတနာ , ဓာတုယော သစ္စတော တယော၊
ဣန္ဒြိယာနိပိ သဗ္ဘာနိ , တေဂိသတိ ပဋိစ္စတော။
ပရတော သောဠသ ပဒါ , တေစတ္တာလီသကံ တိကေ၊
ဂေါစ္ဆကေ သတ္တတိ ဒ္ဝေစ , သတ္တ စူဠန္တရေ ပဒါ။
မဟန္တရေ ပဒါ ဝုတ္တာ , အဋ္ဌာရသ တတော ပရံ၊
အဋ္ဌာရသေဝ ဉာတဗ္ဘာ , သေသာ ဣဓ န ဘာသိတာ။

သဗ္ဗေ–အလုံးစုံကုန်သော၊ ခန္ဓာ–ခန္ဓာတို့လည်းကောင်း၊ တထာ–ထို့အတူ အလုံးစုံကုန်သော၊ အာယတနာ–အာယတနတို့လည်းကောင်း၊ ဓာတုယော–ဓာတ်တို့လည်းကောင်း၊ သစ္စတော–သစ္စာမှ၊ တယော–သမုဒယ နိရောဓ မဂ္ဂသစ္စာ–ဟူကုန်သော သုံးပါးတို့လည်းကောင်း၊ သဗ္ဘာနိ–ကုန်သော၊ ဣန္ဒြိယာနိပိ–ဣန္ဒြေတို့လည်းကောင်း၊ ပဋိစ္စတော–ပဋိစ္စသမုပ္ပာဒ်မှ၊ တေဝီသတိ–ဥပပတ္တိဘဝ ကာမဘဝ ရူပဘဝ သညီဘဝ ပဉ္စဆေါကာရဘဝတို့မှတစ်ပါး ၂၃–ပါးသော ပုဒ်တို့လည်းကောင်း။

ပရတော–နောက်မှ၊ သောဠသပဒါ–သတိပဋ္ဌာန်အစ မနသိကာရအဆုံးရှိသော ၁၆–ပါးသော ပုဒ်တို့လည်းကောင်း၊ တိကေ–တိက်၌၊ ဆေစတ္တာလီသကံ–နာမကွန်ရှာ တစ်စိတ်သာရသောပုဒ်, နာမကွန်ရှာလေးပါးရသောပုဒ်, နာမကွန်ရှာလေးပါးနိဗ္ဗာန် ရသောပုဒ်, ရုပ်တစ်စိတ်ရသောပုဒ်–ဟု ဆိုအပ်ကုန်သော ၄၃–ပါးသော ပုဒ်တို့လည်းကောင်း၊ဝါ–ခန္ဓာတစ်ပါး သုံးပါး လေးပါးသာ ရသော ၄၃–ပုဒ်တို့

http://www.dhammadownload.com

လည်းကောင်း၊ ဂေါစ္ဆကေ–ဂေါစ္ဆကဒ္ဒါ၊ သတ္တတိဒ္ဒေစ–နာမကွန္ဓာတစ်စိတ်ရသောပုဒ်, နာမကွန္ဓာ လေးပါးရသောပုဒ်, နာမကွန္ဓာလေးပါးနိဗ္ဗာန်ရသောပုဒ်–ဟု ဆိုအပ်ကုန်သော ၇၂–ပါးသော ပုဒ်တို့လည်းကောင်း၊ စူဠန္တရေ–စူဠန္တရဒုက်ဒ္ဒါ၊ သတ္တ–ကုန်သော၊ ပဒါ–အပ္ပစ္ဆယ အသန်္ဒိတ သနိဒဿန သပ္ပဋိဃ ရူပီ အရူပီ လောကုတ္တရာ–ဟု ဆိုအပ်သော ပုဒ်တို့လည်းကောင်း။

မဟန္တရေ–မဟန္တရဒုက်ဒ္ဒါ၊ ဝုတ္တာ–ကုန်သော၊ အဒ္ဒါရသ–ကုန်သော၊ ပဒါ–နာမကွန္ဓာတစ်စိတ်ရသောပုဒ်, နာမကွန္ဓာလေးပါးရသောပုဒ် (ဝိညာဉ် သုခုမရုပ်မရောမူ၍) နာမ်ခန္ဓာ ရုပ် နိဗ္ဗာန်ရသော ပုဒ်တို့လည်းကောင်း၊ တတော–ထိုမဟန္တရဒုက်မှ၊ ပရံ–နောက်ဖြစ်သော ပိဋ္ဌဒုက်ဒ္ဒါ၊ ဝုတ္တာ–ကုန်သော၊ အဒ္ဒါရသေဝ–သာလျှင်ဖြစ်ကုန်သော၊ ပဒါ–နာမကွန္ဓာတစ်စိတ်ရသောပုဒ်, နာမကွန္ဓာလေးပါးရသောပုဒ်, နာမကွန္ဓာလေးပါး နိဗ္ဗာန်ရသောပုဒ်တို့လည်းကောင်း။

(ကတိ–ဤသို့၊ ကမာနိ–ဤ ၂၅၇–ပုဒ်တို့ကို၊) ကဓ–ဤပဋ္ဌမနယနိဒ္ဒေသဒ္ဒါ၊ ဘဂဝတာ–သည်၊ ဘာသိတာ–ဟောတော်မူအပ်ကုန်ပြီ၊ သေသာ–ကြွင်း ၁၁၄–ပုဒ်တို့ကို၊ န ဘာသိတာ–ကုန်၊ ကတိ–သို့၊ ဉာတဗ္ဘာ–သိအပ် သိသင့် သိထိုက်ကုန်၏။

" ပဋ္ဌမဝယ်, ချို့မျှခန္ဓာ, သုခုမာနှင့်, ဝိညာတူကွ, မဆုံကမူ, ဟောပုဒ်ယူသင့်"

ဟောပုဒ် ဤပဋ္ဌမနယဒ္ဒါမူကား ခန္ဓာတစ်ပါး နှစ်ပါး–စသည် အချို့အဝက်မျှသာ ရခြင်း, သုခုမရုပ်နှင့် စိတ်တို့ အတူတကွ မပါဝင်ခြင်း–ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပုဒ်မျိုးကိုသာ ဟောသည်။

ဒုကွသစ္စာ ကာမဘဝ–စသည်တို့ကဲ့သို့ ခန္ဓာငါးပါးရသောပုဒ်မျိုး, ခန္ဓာငါးပါးပင်း မရစေကာမူ အစေတသိကာ ဓမ္မာ–စသည်တို့ကဲ့သို့ စိတ်နှင့်သုခုမရုပ်တို့ အတူတကွ ပါဝင်သော ပုဒ်မျိုးကို မဟောပါချေ။

ယာနိ ပန ပဋ္ဌကွန္ဒေ ဝိညာဏဋ္ဌ သုခုမရူပေန သဒ္ဓိ ဧကတော န ဒီပေန္တိ၊ တာနိ ဣဓ ဂဟိတာနိ။ ၌။

" မတူသုံးပါး, ယေစွဲထားလော၊ ကတ္တားပြန်ကာ၊
ဟောသည့်ရာဝယ်၊ ဖြေမှာ ရှေ့ယေ, ရတိုင်းဖြေ။"

ယေစွဲ ဤပဋ္ဌမနယဒ္ဒါလည်း ယေ–နှစ်ခု ပါရှိ၏၊ ထိုတွင် ဟောပုဒ်နှင့် ခန္ဓာ အာယတန ဓာတ်–သုံးပါး မတူမျှသော တရားတို့ကို ရှေ့ယေ–အရ စွဲရမည်၊ ထိုရှေ့ယေ–အရတရားနှင့် ခန္ဓာ အာယတန ဓာတ်–သုံးပါး မတူမျှသော တရား–ဟူသမျှကိုပင် နောက်ယေ–အရ စွဲရမည်။

http://www.dhammadownload.com

အသင်္ဘင်္ဂဝေနှင့် အသင်္ဘင်္ဂစံ

| အကျဉ်းချုပ်အမည် | အသင်္ဘင်္ဂစံ | | |

http://www.dhammadownload.com

ယေစွဲရန် ဥပဒေသ

နံ	ဟောပုဒ်	ပထမ-ယေ	ဒုတိယ-ယေ
၁	သုခုမရုပ်ပါဝင်	ဝိညာဏကွန္ဓာ	ရုပ် ဝေ သဉ် သင် နိ
၂	သြဠာရိကရုပ်	နာမကွန္ဓာ-၄၊ နိဗ္ဗာန်	သြဠာရိကရုပ်-၁၂
၃	စေတသိက် (နိဗ္ဗာန်)	သြဠာရိကရုပ်-၁၂၊ ဝိ	ဝေ သဉ် သင် နိ
၄	စိတ်	ရုပ် ဝေ သဉ် သင် နိ	ဝိညာဏကွန္ဓာ
၅	စိတ်နှင့်သြဠာရိက	ဝေ သဉ် သင် နိ	သြဠာရိကရုပ်-၁၂၊ ဝိ
၆	နာမ်ခန် (နာမ်ခန်နှင့်နိ)	သြဠာရိကရုပ်-၁၂	နာမကွန္ဓာ-၄၊ နိဗ္ဗာန်

ရှင်းပြပါဦးမည်

၁။ သုခုမရုပ် ပါဝင်သော ဟောပုဒ်ဖြစ်က ရှေ့ယေ-အရ စိတ်တစ်ခုယုတ်ကိုးဆယ်ကို စွဲ၍ နောက်ယေ-အရ ရုပ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်တို့ကို စွဲရမည်။

၂။ သြဠာရိကရုပ်ရသော ဟောပုဒ်ဖြစ်က ရှေ့ယေ-အရ နာမကွန္ဓာလေးပါး နိဗ္ဗာန်ကို စွဲ၍ နောက်ယေ-အရ သြဠာရိကရုပ်ဒွါဒသကို စွဲရမည်။

၃။ စေတသိက်ရသောပုဒ် နိဗ္ဗာန်ရသောပုဒ်မျိုး ဖြစ်ပါက သြဠာရိကရုပ်ဒွါဒသနှင့် ဝိညာဏကွန္ဓာတို့ကို ရှေ့ယေ-အရ စွဲ၍ နောက်ယေ-အရ ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်တို့ကို စွဲရမည်။

ရှ-၂၂ ရှ-အရမှာ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဣန္ဒြေမှ ဣ ပု ဇီ-အားဖြင့် သုံးပါး၊ ပဋိစ္စမု နာမ် ရုပ် အသညီ ဧကဝေါ ဇာတိ ဇရာ မရဏ-အားဖြင့် ၆-ပါး၊ စူဠန္တရမှ ရူပီတစ်ပါး၊ မဟန္တရမှ အနာရမဏ နောစိတ္တ စိတ္တဝိပ္ပယုတ္တ နောစိတ္တသံသဋ္ဌ (ဓာတုကထာ-ပါဠိတော်၌ စိတ္တဝိသံသဋ္ဌ-ဟု ရှိသည်၊) စိတ္တသမုဋ္ဌာန စိတ္တသဟဘု စိတ္တာနုပရိဝတ္တိ ဗာဟိယ ဥပါဒါ-အားဖြင့် ၉-ပါး= စုစုပေါင်း ၂၂-ပါး ဖြစ်သည်။

http://www.dhammadownload.com

၄။ စိတ်(ဝိညာဉ်)သာ ရသောပုဒ် ဖြစ်ပါက ရှေ့ယေ-အရ ရုပ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်တို့ကို စွဲ၍ နောက်ယေ-အရ ဝိညာဏကွန္ဓာကို စွဲရမည်။

၅။ စိတ်နှင့်သြဠာရိကရုပ် ရောနှောနေသောပုဒ်ဖြစ်က ရှေ့ယေ-အရ ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်တို့ကို စွဲ၍ နောက်ယေ-အရ သြဠာရိကရုပ်ဒွါဒသ ဝိညာဏကွန္ဓာတို့ကို စွဲရမည်။

၆။ နာမကွန္ဓာရသော ဟောပုဒ်, နာမကွန္ဓာနှင့်နိဗ္ဗာန် ရောနှောနေသော ဟောပုဒ်မျိုး ဖြစ်ပါက ရှေ့ယေ-အရ သြဠာရိကရုပ်ဒွါဒသကို စွဲ၍ နောက်ယေ-အရ ဝေဒနာ သညာ သင်္ခါရ စိတ်တစ်ခုယုတ်ကိုးဆယ် နိဗ္ဗာန်တို့ကို စွဲရမည်-ဟု ဆိုလိုပါသည်။

ဝေ-၈၂ ဝေ-၏အရကား စေတသိက်ခန္ဓာ သုံးပါး၊ သစ္စာမှ သ နိ မ-အားဖြင့် သုံးပါး၊ သုခ-စသော အထက်ကွန်ဒြေ ၁၃-ပါး၊ ပဋိစ္စမှ အ သင် ဖ ဝေ တဏှာ ဥပါဒါန် ကမ္မဘဝ သောက ဒုက္ခ ဒေါမနဿ ဥပါယာသ-အားဖြင့် ၁၁-ပါး၊ ပရတောမှ ဣဠဝိပါဒ စိတ္တကြဉ် ၁၄-ပါး၊ ဂေါစ္ဆကမှ တရားကိုယ်သာ ရသောပုဒ်-၃၀၊ စူဠန္တ ရမှ အပ္ပစ္စယ အသင်္ခတ-အားဖြင့်နှစ်ပါး၊ မဟန္တ ရမှ စေတသိက်ကိုသာ ကောက်ရ သောပုဒ် ၆-ပါး၊ ပေါင်း ၈၂-ပါးပေတည်း။

ဝိ-၁၃ ဝိညာဏကွန္ဓာ မနာယတန သတ္တဝိညာဏဓာတ် မနိန္ဒြေ၊ ပဋိစ္စမှ ဝိညာဉ်၊ ပရတောမှ စိတ်၊ မဟန္တ ရမှ စိတ္တာ ဓမ္မာ-အားဖြင့် ၁၃-ပါးသော ပုဒ်တို့သည် ဝိ-၏အရ ဖြစ်ပေသည်။

စ-၃၀ သြဠာရိကာယတန ၁၀-ပါး၊ သြဠာရိကဓာတ် ၁၀-ပါး၊ ပသာဒိန္ဒြေ ၅-ပါး၊ ပဋိစ္စမှ ပရိဒေဝ တစ်ပါး၊ တိက်မှ သနိဒဿနသပ္ပဋိဃ, အနိဒဿနသပ္ပဋိဃ အားဖြင့် ၂-ပါး၊ စူဠန္တ ရမှ သနိဒဿန, သပ္ပဋိဃအားဖြင့် ၂-ပါး= ပေါင်း ၃၀-သော ပုဒ်တို့သည် စ-၏အရ ဖြစ်၏။

သ-၂ ပဋိစ္စမှ သဠာယတန, မဟန္တ ရမှ အဇ္ဈတ္တိကာ ဓမ္မာ-အားဖြင့် ၂-ပါးသော ပုဒ်တို့သည် သ-၏အရ ဖြစ်ကြ၏။

http://www.dhammadownload.com

ထို့ကြောင့်ပင် ရှေးဆရာတို့ကလည်း–

(၁) သုခုမရုပ်ပါရာ, ဟောသောခါ, ဝိညာဉ်ကိုသာ ရှေ့ယေ့စွဲ၊ ရုပ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်ကိုကား နောက်ယေ့စွဲ။

(၂) သြဠာရိကာ, ဟောသောခါ, ဝိညာဉ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်ကား ရှေ့ယေ့စွဲ၊ ဟောရင်း သြဠာရိကရုပ်ကား နောက်ယေ့စွဲ။

(၃) ဝေဒနာ သညာ သင်္ခါရထိုက်ရာ, ဟောသောခါ, သြဠာရိက ဝိညာဉ် ရှေ့ယေ့စွဲ၊ ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်တို့ကား နောက်ယေ့စွဲ။

(၄) ဝိညာဉ်ရရာ, ဟောသောခါ, ရုပ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်ကား ရှေ့ယေ့စွဲ၊ ဟောရင်းဝိညာဉ်ကား နောက်ယေ့စွဲ။

(၅) နာမကွန်ခွာလေးပါးရရာ, ဟောသောခါ, သြဠာရိကရုပ်ကား ရှေ့ယေ့စွဲ၊ ဟောရင်းနာမကွန်ခွာလေးပါး နိဗ္ဗာန်ကား နောက်ယေ့စွဲ၊–ဟု မိန့်ဆိုခဲ့ကြပေသည်။ [၁–နှင့် ၂–ကို အစဉ်ပြန်ထားသည်။]

အဖြေဝိဿဇ္ဇနာ ထုတ်လိုက ရှေ့ယေ–အရ တရားများကို ခန္ဓာ အာယတန ဓာတ် ဖွဲ့ကြည့်ပါ၊ ရသည့်အတိုင်းပင် အဖြေဝိဿဇ္ဇနာပါဠိ ထုတ်ရသည်။

မတူသုံးပါး, ယေ့စွဲထားလော၊ ကတ္တားပြန်ကာ–စသော ဥပဒေသ, အသင်္ခတံဟိ တေန အသင်္ခတံဟိတံ–ဟူသော ဥဒ္ဒေသတို့ဖြင့်ပင် "ရူပက္ခန္ဓေန ယေ ဓမ္မာ ခန္ဓသင်္ခဟေန အသင်္ခတံဟိတာ အာယတနသင်္ခဟေန အသင်္ခတံဟိတာ ဓာတုသင်္ခဟေန အသင်္ခတံဟိတာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ခန္ဓ . . . . ဓာတုသင်္ခဟေန အသင်္ခတံဟိတာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ခတံဟိတာ"ဟု ပုစ္ဆာပါဠိ ရှိသင့်ကြောင်း–ကိုလည်း နားလည်ပါစေ။

အ–၁၀၈ ပဋိစ္စမှ အရူပဘဝ, နေဝသညီနာသညီဘဝ, စတုဝေါကာရဘဝ–အားဖြင့် သုံးပါး၊ ပရတောမှ ကျွဒ္ဓိပါဒ၊ တိက်မှ နာမကွန်ခွာတစ်စိတ် နာမကွန်ခွာလေးပါး နာမကွန်ခွာလေးပါးနှင့် နိဗ္ဗာန်ရသောပုဒ် လေးဆယ့်တစ်ပါး၊ ဂေါစ္ဆကမှ အလားတူပုဒ်မျိုး လေးဆယ့်နှစ်ပါး၊ စူဠန္တရမှ အရူပိနော ဓမ္မာ လောကုတ္တရာ ဓမ္မာ–အားဖြင့် နှစ်ပါး၊ မဟန္တရမှ သာရမဏာ ဓမ္မာ တစ်ပါး၊ ပိဋ္ဌိမှ နာမကွန်ခွာနှင့်နိဗ္ဗာန်ရသောပုဒ် တစ်ဆယ့်ရှစ်ပါး အားဖြင့် ၁၀၈–ပါးသော ပုဒ်အပေါင်းသည် အ–အရ ဖြစ်၏။ [၄င်းတို့ကို ပေါင်းလျှင် ပဋ္ဌမနယ ဟောပုဒ်ပေါင်း သမာရာ(၂၅၇–ပုဒ်) ဖြစ်၏။]

http://www.dhammadownload.com

ဆဋ္ဌနယနိဒ္ဒေသ

ဥဒ္ဒါန်းစဉ်ဂါထာ

ဓမ္မာယတနံ ဓမ္မဓာတု , ဒုက္ခသစ္စဉ္စ ဇိဝိတံ၊
သဋ္ဌာယတနံ နာမရူပံ , စတ္တာရောစ မဟာဘဝါ။
ဇာတိ ဇရာစ မရဏံ , တိကေသွေကူနဝီသတိ၊
ဂေါစ္ဆကေသုစ ပညာသ , အဋ္ဌ စူဠန္တရေ ပဒါ။
မဟန္တရေ ပန္နရသ , အဋ္ဌာရသ တတော ပရေ၊
တေဝီသ ပဒသတံ ဇတံ , သမ္ပယောဂေ နံ လဇ္ဇတိ။

ဓမ္မာယတနံ–ဓမ္မာယတနလည်းကောင်း၊ ဓမ္မဓာတု–ဓမ္မဓာတ်လည်းကောင်း၊ ဒုက္ခသစ္စဉ္စ–ဒုက္ခသစ္စာလည်းကောင်း၊ ဇိဝိတံ–လည်းကောင်း၊ သဋ္ဌာယတနံ–လည်းကောင်း၊ နာမရူပံ–လည်းကောင်း၊ စတ္တာရော–ကုန်သော၊ မဟာဘဝါစ–ဥပပတ္တိဘဝ ကာမဘဝ သညီဘဝ ပဉ္စဝေါကာရဘဝတို့လည်းကောင်း။

ဇာတိ–လည်းကောင်း၊ ဇရာစ–လည်းကောင်း၊ မရဏံ–လည်းကောင်း၊ တိကေသု–တိုက်တို့၌၊ ဇကူနဝီသတိ–တစ်ခုယုတ်နှစ်ဆယ်သော၊ ပဒါနိ–ရုပ် နိဗ္ဗာန် နာမ်ခန်ရော၍ ဝိပွယောဂဖြစ်စရာ ဝိညာဏဓာတ်ကြွင်း မရနိုင်သော အဗျာကတာ ဓမ္မာ–အစရှိသော ပုဒ်တို့လည်းကောင်း၊ [ပဒါနိ–အဗျာကတာ အစရှိကုန်သော ခန္ဓာ အာယတန ဓာတ်–အကုန်ရသော ပုဒ်တို့လည်းကောင်း–ဟု ရှေးဆရာများ အနက်ပေးကြ၏၊ ထိုအနက်အား လျော်စွာ ယူပါက ဥပါဒိန္နုပါဒါနိယာ ဓမ္မာ, ဥပဂဒိနော ဓမ္မာ, အနိဒဿနအပ္ပဋိဃာ ဓမ္မာ–တို့သည် ခန္ဓာ အာယတန ဓာတ် အကုန်ရသောပုဒ်များ မဟုတ်သောကြောင့် ကြွင်းကျန်ခဲ့လေရာ၏၊ အမှန်မှာမူ မကျန်သင့်ပါပေ၊ ထို့ကြောင့် ပြင်ထားသည့်အတိုင်းသာ အနက်ပေးသင့်၏၊ နောက်၌လည်း ဤသဘောအတိုင်းပင် မှတ်ပါ။] ဂေါစ္ဆကေသု–ဂေါစ္ဆကတို့၌၊ ပညာသ–ငါးဆယ်သော၊ ပဒါနိစ–ရုပ် နိဗ္ဗာန် နာမ်ခန်ရော၍ ဝိပွယောဖြစ်စရာ ဝိညာဓာတ်ကြွင်း မရနိုင်သော နံ ဟောတူ–အစရှိသော ပုဒ်တို့လည်းကောင်း၊ စူဠန္တရေ–၌၊ အဋ္ဌ–ရှစ်ပါး ကုန်သော၊ ပဒါ–ဝိပွယုတ်ဖြစ်စရာ ဝိညာဏဓာတ်ကြွင်းမရှိသော သပွစွယ–အစရှိသော ပုဒ်တို့လည်းကောင်း။

မဟန္တရေ–၌၊ ပန္နရသ–ကုန်သော၊ ပဒါ–ရုပ်နိဗ္ဗာန် နာမ်ခန်ရော၍ ဝိပွယော ဖြစ်စရာ ဝိညာဏဓာတ်ကြွင်း မရနိုင်သော နော စိတ္တ–အစရှိသော ပုဒ်တို့လည်း ကောင်း၊ တတော–ထိုမဟန္တရဒုက်မှ၊ ပရေ–နောက်ဖြစ်သော ပိဋ္ဌိဒုက်၌၊ အဋ္ဌာရသ–

http://www.dhammadownload.com

ကုန်သော၊ ပဒါ–ရုပ်နိဗ္ဗာန် နာမ်ခန်ရော၍ ဝိပွယောဖြစ်စရာ ဝိညာဏာဓာတ်ကြွင်း မရှိသော နှ ဒဿနေန ပဟာတဗ္ဗ–အစရှိသော ပုဒ်တို့လည်းကောင်း၊ (ကွတိ–ဤသို့၊) ဧတံ တေဝိသပဒသတံ–ဤ ၁၂၃–ပုဒ်ကို၊ သမ္ဗယောဂေ–သမ္ဗယောဂ ဝိပွယောဂ နိဒ္ဒေသဋ္ဌ၊ ဝါ–ဆဋ္ဌနယနိဒ္ဒေသဋ္ဌ၊ နှ လဇ္ဇတိ–မရအပ်၊ ဝါ–ဟောတော် မမူအပ်။

"ဆဋ္ဌဟောရုန်, ရုပ်နိဗ္ဗာန်နှင့်, နာမ်မရောရ, ရောပြန်ကလည်း, ဝိပ်ရသည့်ပုဒ်, ရွေးချယ်ထုတ်လေ။"

ဟောပုဒ် ဤဆဋ္ဌနယဋ္ဌ ရူပက္ခန္ဓာ–စသည်တို့ကဲ့သို့ ရုပ်မျှသာ ရသောပုဒ်များ, နိရောဓသစ္စာ–စသည်တို့ကဲ့သို့ နိဗ္ဗာန်မျှသာ ရသောပုဒ်များ, အနာရမဏာ–စသည်တို့ကဲ့သို့ ရုပ် နိဗ္ဗာန်မျှသာ ရသောပုဒ်များ, ဝေဒနာက္ခန္ဓာ အရူပဘဝ–စသည်တို့ကဲ့သို့ နာမက္ခန္ဓာမျှသာ ရသောပုဒ်များ, ရုပ်နိဗ္ဗာန် နာမက္ခန္ဓာတို့ ရောနှော ပါရှိစေကာမူ ရူပဘဝ–စသည်တို့ကဲ့သို့ ဝိပွယုတ်ဖြစ်စရာ ဝိညာဏာဓာတ်ကြွင်းရှိသော ပုဒ်များတို့ကိုသာ ဟောသည်။

ဝိပွယုတ်ဖြစ်စရာ ဝိညာဏာဓာတ်ကြွင်း မရှိသော ရုပ် နိဗ္ဗာန် နာမက္ခန္ဓာ–တို့ ရောနှောနေသည့် ဓမ္မာယတန–စသော ပုဒ်များကိုကား မဟောပါချေ။

ယာနိ ပဒါနိ သတ္တသု ဝိညာဏာဓာတူသု ဧကာယပိ အဝိပွယုတ္တေ ရူပေန နိဗ္ဗာနေနဝါ မိဿကဓမ္မေ ဒီပေန္တိ၊ တာနိ သဗ္ဗထာပိ ဣဓ နှ ယုဇ္ဇန္တိ တိ နှ ဂဟိတာနိ။ ၌။

ဆိုခဲ့ပြီးသော သဘောလက္ခဏာ ငါးမျိုးတို့တွင် တစ်မျိုးမျိုးနှင့် ကိုက်ညီသော ပုဒ်များကို အဇ္ဈန္တ ရမာတိကာ ဗာဟိယမာတိကာတို့မှ ရွေးကောက်ရှာဖွေ ထုတ်နုတ်ပါ၊ ဆဋ္ဌနယနိဒ္ဒေသအတွက် ဟောပုဒ်များ ပေါ်ထွက်လာပါလိမ့်မည်။

" နိဗ်ရုပ်နှင့်နာမ်, ဝိပ်ဧကန်တည်း"

ဧကန်ဝိပွယုတ် ဤဆဋ္ဌနယကား "သမ္ဗယောဂေါ ဝိပွယောဂေါ"ဟု သမ္ဗယုတ် ဝိပွယုတ်ကို ဦးတည်၍လာသော နယ–ဖြစ်ပေသည်၊ သို့ဖြစ်၍ သမ္ဗယုတ် ဝိပွယုတ်သဘောကို ကြိုတင်သိရှိနားလည်ထားရမည်၊ သို့မှသာ ဟောပုဒ် ရွေးချယ်ထုတ်နုတ် ယူရပုံနှင့်တကွ အဖြေဝိသဇ္ဇနာ ထုတ်ရပုံ, အနက်ယောဇနာ ပုံတို့ကို အပြည့်အစုံ နားလည်သဘောပေါက်နိုင်ပေလိမ့်မည်၊ သို့ဖြစ်၍ သမ္ဗယုတ် ဝိပွယုတ်သဘောကို ကျေနပ်အားရ သဘောကျအောင် လေ့လာအားထုတ်သင့်ပေသည်။

http://www.dhammadownload.com

သမ္မယောဂေါ ဝိပ္ပယောဂေါ

အကျဉ်းဆောင်	အဘိဓမ္မာတိကာ							ဟာဟိယမာတိကာ					ဆန်မဲ့ဆောင်
	ခန္ဓာ	အာယတနာ	ဓာတု	သစ္စာ	ဣန္ဒြေ	ပဋိစ္စ	ဟေတု	တိတ္တိရ	ကါဠဂဏ္ဍ	ဇဋိလ	မဟာဇန	ဆိတို	
၈	၁	၁၀	၁၀	၁	၇	၃		၂		၅	၆		၃၄
၈	၃					၁	၂						၆
၈	၁	၁			၁	၁	၁			၁			၆
၈			၇										၇
၈				၂	၈	၆	၇		၃၀				၁၃
၈					၄	၃							၇
၈					၁								၁
၈						၁	၃						၄
၈						၁							၁
၈						၃		၂၃	၁၁			၆	၄၆
၈							၁						၁
၈							၁						၁
၈							၁						၁
၈								၃				၁	၄
၈								၂				၁	၂
၈								၂				၁	၄
၈								၆				၁	၇
၈								၄	၁၈	၁		၃	၂၆
၈								၃				၁	၄
၈								၂				၁	၄
၈								၂	၁၃			၂	၂
၈								၂					၂
၈								၁					၂
၈												၃	၃
၈													၁
၈													၁
၈													၁
၈								၃	၂၁			၂	၆
၈								၂	၂			၁	၅
၈								၂	၁၃			၂	၇
၈								၁					၂
၈								၂					၂
၈								၁					၂
၈													၃
၈													၃
၈													၁
၈													၁
၈													၁

http://www.dhammadownload.com

သမ္မယောဂါ ဝိပ္ပယောဂါ

အကျဉ်းဆောင်	သမ္မယုတ္တော				ဝိပ္ပယုတ္တော			
	ခန္ဓာပုဂ္ဂိုလ်	အာယတ-	ဓာတ္တုပုဂ္ဂိုလ်	ကေဟိစိ	ခန္ဓာပုဂ္ဂိုလ်	အာယတ-	ဓာတ္တုပုဂ္ဂိုလ်	ကေဟိစိ
၁					၄	၁	၇	စေ-၅၂
၂	၃	၁	၇	စေ-၅၁	၁	၁၀	၁၀	သု နိ
၃	၃			စေ-၅၂	၁	၁၀	၁၀	သု နိ
၄	၃			စေ- ၇	၁	၁၀	၁၆	သု နိ
၅	၃	၁	၁	စေ-၂၁	၁	၁၀	၁၆	သု နိ
၆	၃	၁	၁	စေ- ၆	၁	၁၀	၁၆	သု နိ
၇	၃	၁	၆	စေ-၄၆	၁	၁၀	၁၁	သု နိ
၈	၃	၁	၇	စေ-၅၁	၁	၁၀	၁၀	သု နိ
၉							၃	
၁၀					၁	၁၀	၁၆	သု နိ
၁၁	၂			စေ-၃၃	၁	၁၀	၁၆	သု နိ
၁၂	၂	၁	၁	စေ-၃၃	၁	၁၀	၁၆	သု နိ
၁၃	၃	၁	၂	စေ-၅၀	၁	၁၀	၁၅	သု နိ
၁၄	၁			သုဝေ-၆၃	၁	၁၀	၁၅	သု နိ
၁၅	၁			ဥဝေ-၅၅	၁	၁၀	၁၁	သု နိ
၁၆					၁	၁၀	၁၀	သု နိ
၁၇							၅	
၁၈							၆	
၁၉				ဝိ+ဝိစာ	၁	၁၀	၁၅	သု နိ
၂၀				ဝိစာ	၁	၁၀	၁၆	သု နိ
၂၁							၁	
၂၂	၁	၁	၇		၁	၁၀	၁၀	သု နိ

http://www.dhammadownload.com

၁-နိဗ္ဗာန်နှင့်နာမကမ္မဋ္ဌာ၊ ၂-ရုပ်နှင့်နာမကမ္မဋ္ဌာတို့သည် ဝိပဿုတ်ဧကန် ဖြစ်ကြ၏၊ ထိုတရားတို့၌ မည်သည့်အခါမှာမှ သမ္မယောဂသဘောကို မရနိုင်။

" သန္တာန်ဘူမိ, ဇာတိကာလ, ကွဲနာမကို, ဝိပဿမုတ်။"

အနေကန်ဝိပဿုတ် ထို့ပြင် နာမကမ္မဋ္ဌာအချင်းချင်းပင် ဖြစ်စေကာမူ-

၁။ သူ့သန္တာန် ငါ့သန္တာန်-စသည်ဖြင့် ဖြစ်ရာသန္တာန် ကွဲပြားခဲ့ပါလျှင် ဝိပဿုတ်ဖြစ်ကြသေး၏၊ ၄င်းကို သန္တာနဝိပဿုတ်-ဟု ခေါ်သည်။

၂။ ကာမ ရူပ-စသော ဘုံအားဖြင့် ကွဲပြားပြန်လျှင်လည်း ဝိပဿုတ်ဖြစ်သေး၏၊ ၄င်းကို ဘူမိဝိပဿုတ်-ဟု ခေါ်သည်။

၃။ ကုသိုလ် အကုသိုလ် သဟိတ် အဟိတ်-စသော ဇာတ်အားဖြင့် ကွဲပြားပြန်လျှင်လည်း ဝိပဿုတ်ဖြစ်သေး၏၊ ၄င်းကို ဇာတိဝိပဿုတ်-ဟု ခေါ်သည်။

၄။ ပစ္ဆုပ္ပန် အတိတ်-စသော ကာလအားဖြင့် ကွဲပြားပြန်လျှင်လည်း ဝိပဿုတ်ဖြစ်သေး၏၊ ၄င်းကို ကာလဝိပဿုတ်-ဟု ခေါ်သည်၊ ဤကား အနေကန်ဖြစ်သော ဝိပဿုတ်လေးပါး သဘောသွားပေတည်း။

ဤဝိပဿုတ်မျိုးကား ခန္ဓာ အာယတနတို့နှင့် မဆိုင်၊ ခန္ဓာ အာယတနတို့၌ ဤဝိပဿုတ်မျိုး မရှိနိုင်၊ မရနိုင်၊ ဓာတ်မှာသာ ရှိနိုင် ရနိုင်သည်၊ ဓာတ်တွင်လည်း သတ္တဝိညာဏဓာတ် အရာမှာသာရှိနိုင် ရနိုင်သည်၊ အခြားသောဓာတ်များမှာ မရှိနိုင် မရနိုင်ပါချေ၊ ဤအချက်ကို အထူးသတိပြုပါ၊ သဘောကျ နားလည်ခဲသည်။

ရူ-၄၃ ရူပက္ခန္ဓာတစ်ပါး၊ ဩဇဋ္ဌမကဃတန ၁၀-ပါး၊ ဩဇဋ္ဌမကဓာတ် ၁၀-ပါး၊ နိရောဓသမာပတ်ပါး၊ ရုပ်ကူးနှုန်း ၇-ပါး၊ ပဋိစ္စမှ အသညီ ဧကဝေါ ပရိဒေဝ အားဖြင့် ၃-ပါး၊ တိက်မှ သနိဒဿနသပ္ပဋိဃ အနိဒဿနသပ္ပဋိဃ-အားဖြင့် ၂-ပါး၊ ဖုဋ္ဌဿ ရမ္မ အပ္ပစ္စယ အသန်္တ သနိဒဿန သပ္ပဋိဃ ရူပီ-အားဖြင့် ၅-ပါး၊ မဟန္တ ရမ္မ အနာရမ္မဏ စိတ္တဝိပ္ပယုတ္တ စိတ္တဝိသံသဋ္ဌ ဥပါဒါ-အားဖြင့် ၄-ပါး= ပေါင်း ၄၃-ပါးသည် ရူ-အရ ဖြစ်ပါသည်။

ဝေ-၆ စေတသိက်ခန္ဓာ ၃-ပါး၊ ပဋိစ္စမှ ဝေဒနာတစ်ပါး၊ ပရတောမှ ဝေဒနာ သညာ-အားဖြင့် ၂-ပါး= ပေါင်း ၆-ပါးသည် ဝေ-အရ ဖြစ်ပါသည်။

ဝိ-၆ ဝိညာဏက္ခန္ဓာတစ်ပါး၊ မနာယတနတစ်ပါး၊ မနိန္ဒြေတစ်ပါး၊ ပဋိစ္စမှ ဝိညာဉ် တစ်ပါး၊ ပရတောမှ စိတ္တ တစ်ပါး၊ မဟန္တ ရမ္မ စိတ္တာ ဓမ္မာ တစ်ပါး= ပေါင်း ၆-ပါးသည် ဝိ-အရ ဖြစ်၏။

http://www.dhammadownload.com

" တူသမ်ဟုတ်၏၊ "

သမ္မယုတ် နာမကွန္ဓာလေးပါးတို့သည် အဆိုပါ သန္တာန်, ဘူမိ, ဇာတိ, ကာလ အားဖြင့် တူမျှကြ၍ သမ္မယောဂလက္ခဏာ လေးပါးနှင့် ညီညွတ်ပါက အချင်းချင်း အပြန်အလှန် သမ္မယုတ်ဖြစ်ကြ၏၊ ထို့ကြောင့် သမ္မယောဂသဘောကို နာမကွန္ဓာလေးပါးတို့၌သာ ရနိုင်သည်-ဟု မှတ်ပါ။

၁။ ဝေဒနာနှင့် ကြွင်းသော(သညာ သင်္ခါရ ဝိညာဉ်) နာမကွန္ဓာသုံးပါး,
၂။ သညာနှင့် ကြွင်းသော(ဝေဒနာ သင်္ခါရ ဝိညာဉ်) နာမကွန္ဓာသုံးပါး,
၃။ သင်္ခါရနှင့် ကြွင်းသော(ဝေဒနာ သညာ ဝိညာဉ်) နာမကွန္ဓာသုံးပါး,
၄။ ဝိညာဉ်နှင့် ကြွင်းသော(ဝေဒနာ သညာ သင်္ခါရ) နာမကွန္ဓာသုံးပါးတို့သည် အချင်းချင်း အပြန်အလှန် သမ္မယုတ်ဖြစ်နိုင်ကြ၏-ဟု ဆိုလိုသည်။

စ-၇ ဝိညာဏဓာတ် ၇-ပါးသည်ပင်လျှင် စ-၏အရ ဖြစ်၏။

သ-၅၃ သမုဒယ မဂ္ဂ-အားဖြင့် သစ္စာနှစ်ပါး၊ သဒ္ဓိန္ဒြေ-စသော အထက်ကွန္ဒြေ ၈-ပါး၊ ပဋိစ္စမှ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန ကမ္မဘဝ ဥပါယာသ အားဖြင့် ၆-ပါး၊ ပရတောမှ သတိ သမ္မ အပ္ပ ကုံ့ ဗိုလ် ဗော မ-အားဖြင့် ၇-ပါး၊ ဂေါစ္ဆကမှ တရားကိုယ်သာ ရသောပုဒ် ၃၀= ပေါင်း ၅၃-ပါးတို့သည် သ-၏အရ ဖြစ်၏။

သု-၇ ကွန္ဒြေမှ သု ဒု သော ဒေါ-အားဖြင့် ၄-ပါး၊ ပဋိစ္စမှ သောက ဒုက္ခ ဒေါမနဿ-အားဖြင့် ၃-ပါး= ပေါင်း သု-၏အရ ၇-ပါးဖြစ်၏။

ဥ-၁ ဥ-၏အရကား ဥပေက္ခိန္ဒြေတစ်ပါးသာ ဖြစ်၏။

ဖ-၄ ပဋိစ္စမှ ဖဿတစ်ပါး၊ ပရတောမှ ဖဿ စေတနာ မနသိကာရ ၃-ပါး= ပေါင်း ဖ-၏အရ ၄-ပါးဖြစ်၏။

ရူ-၁ ရူ-၏အရကား ရူပဘဝတစ်ပါးသာတည်း။

အ-၄၆ ပဋိစ္စမှ အရူပ နေဝ စတုဝေါကာရဘဝ-အားဖြင့် ၃-ပါး၊ တိက်မှ နာမ်ခန္ဓာ လေးပါး အပြည့်အဝရ၍ မနောဝိညာဏဓာတ်တစ်ပါးသာ ဖွဲ့ရသောပုဒ်မျိုး ၂၃-ပါး၊ ဂေါစ္ဆကမှ ထိုသို့သဘောရှိသောပုဒ်မျိုး ၁၀-ပါး၊ ပိဋ္ဌဒုက်မှ အလားတူပုဒ်မျိုး ၉-ပါး= ပေါင်း အ-၏အရ ၄၆-ပါး ဖြစ်၏။

နာမ်ခန္ဓာလေးပါး အပြည့်အဝရ၍ မနောဝိညာဏဓာတ်တစ်ပါးသာ ရသော တိက်ပုဒ်များမှာ ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ ဝိပါကဓမ္မဓမ္မာ၊ သံကိလိဋ္ဌသံကိလေသိကာ၊

http://www.dhammadownload.com

“ နိဗ္ဗုပ်ရူချင်း, ဝေသဉ်ချင်းနှင့်, သင်ချင်းဝိညာ,
ချင်းချင်းမှာလျှင်, နှစ်ဖြာမဟုတ် ”

နှစ်ဖြာမဟုတ်သော တရားများ ၁–နိဗ္ဗာန်နှင့်ရုပ်၊ ၂–ရုပ်အချင်းချင်း၊ ၃–ဝေဒနာအချင်းချင်း၊ ၄–သညာအချင်းချင်း၊ ၅–*သင်္ခါရအချင်းချင်း၊ ၆–*ဝိညာဉ်အချင်းချင်း၊ ဤတရားတို့သည် သမ္မယုတ် ဝိပ္ပယုတ် နှစ်ပါးလုံးပင် မဟုတ်ကြချေ။

*သင်္ခါရအချင်းချင်း သမ္မယုတ် ဝိပ္ပယုတ် နှစ်ပါးလုံးပင် မဟုတ်–ဟူသည်၌ သင်္ခါရကွန်ရာ အချင်းချင်းသည် သမ္မယုတ်–ဝိပ္ပယုတ် နှစ်ပါးလုံး မဟုတ်၊ သင်္ခါရကွန်ရာ ၅၀–တို့တွင် ဖဿအချင်းချင်း စေတနာအချင်းချင်း–စသည်တို့လည်း သမ္မယုတ် ဝိပ္ပယုတ် နှစ်ပါးလုံး မဟုတ်၊ ဖဿနှင့်စေတနာ ဖဿနှင့်ဇကဂ္ဂတာ–စသည်တို့မှာကား သမ္မယုတ် အရာလည်း ရှိ၏၊ ဝိပ္ပယုတ်အရာလည်း ရှိ၏၊ အရာဌာနအားလျော်စွာ ခွဲခြမ်းစိတ်ဖြာ၍ ယူရမည်။

*ဝိညာဉ်အချင်းချင်း သမ္မယုတ် ဝိပ္ပယုတ် နှစ်ပါးလုံး မဟုတ်–ဟူသည်၌လည်း စက္ခုဝိညာဉ်အချင်းချင်း သောတဝိညာဉ်အချင်းချင်း–စသည်တို့သာ နှစ်ပါးလုံး မဟုတ်ကြချေ၊ စက္ခုဝိညာဉ်နှင့် ကြွင်းသောဆဝိညာဉ်, သောတဝိညာဉ်နှင့် ကြွင်းသောဆဝိညာဉ်–စသည်တို့မူကား ဝိပ္ပယုတ် ဖြစ်ကြသေး၏၊ ဤဝိပ္ပယုတ်မျိုးကား ဓာတ်နှင့်သာ ဆိုင်သည်၊ ခန္ဓာ–စသည်တို့နှင့် မသက်ဆိုင်ချေ၊ ရှေ့ကလည်း ဆိုခဲ့ပြီးပါပြီ။

“ သမ္မယုတ်ဖက်, ကေဟိတွက်ကို, သုံးချက်သင်ဓမ်, လျော်စွာကြံလော၊ ဝိပ္ပံဓမ္မ,
နှစ်ခုမျှသာ, ထုတ်ကြရာသည်. . . . ရှုကာ သမ်–ဝိပ် သဘောတည်း။”

ကေဟိစိ ကေဟိစိ–သည် သမ္မယုတ်ဖက် ကေဟိစိ, ဝိပ္ပယုတ်ဖက် ကေဟိစိ–ဟု နှစ်မျိုး ရှိ၏၊ ထိုတွင် သမ္မယုတ်ကေဟိစိ–အရ စေတသိက်တို့ကိုသာ ထုတ်ရသည်၊ ယှဉ်ဖက်စေတသိက် မရှိက ကေဟိစိ ထုတ်ဖွယ်မလိုပါ။

ဒဿနေ ပဟာတဗ္ဗာ၊ ဘာဝနာယ ပဟာတဗ္ဗာ၊ ဒဿနေန ပဟာတဗ္ဗဟေတုကာ၊ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊ အာစယဂါမိနော၊ အပစယဂါမိနော၊ သေက္ခာ၊ အသေက္ခာ၊ မဟဂ္ဂတာ၊ မဟဂ္ဂတာရမဏာ၊ အပ္ပမာဏာရမဏာ၊ ဟီနာ၊ မိစ္ဆတ္တနိယတာ၊ သမ္မတ္တနိယတာ၊ မဂ္ဂါရမဏာတိက်ပုဒ်သုံးခု၊ အတီတာရမဏာ၊ အနာဂတာရမဏာတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ထိုသို့ ထုတ်ရာ၌ သန်ါရက္ခန္ဓာ တစ်စိတ်တစ်ဒေသသာ ရ(၍ ယှဉ်ဖက်သန်ါရ ရှိသော သမုဒယသစ္စာကဲ့သို့)သော ဟောပုဒ်, သန်ါရက္ခန္ဓာ တစ်စိတ်တစ်ဒေသနှင့် ရောနှောနေ(၍ ယှဉ်ဖက်သန်ါရလည်း ရှိသော ဣဒ္ဓိပါဒ အစရှိ)သော နာမက္ခန္ဓာ မျှကိုသာ ရသောဟောပုဒ်မျိုး ဖြစ်ပါက သန်ါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ်သုံးပါးကို (ဧကေန ဧကန္တေန, ဧကေနာယတနေန, ဧကာယ ဓာတုယာ ကေဟိစိ သမ္မယုတ္တံ–ဟု) ထုတ်ရသည်၊ သန်ါရက္ခန္ဓာ တစ်စိတ်တစ်ဒေသနှင့် ရောနှောနေသော နာမက္ခန္ဓာ မျှကို ရသော ဟောပုဒ်မျိုး ဖြစ်စေကာမူ (သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ အစရှိသော ပုဒ်တို့၌) ယှဉ်ဖက်တရားထဲမှာ သန်ါရက္ခန္ဓာထိုက်သော တရားမျိုး မပါဝင်သောကြောင့် ဓမ္မာယတနနှင့် ဓမ္မဓာတ်တို့ကိုသာ ကေဟိစိထုတ်ရသည်၊ ခန္ဓာကို မထုတ်ရတော့ချေ။

ထိုမှတစ်ပါးသော နာမက္ခန္ဓာရသောပုဒ်မျိုး ဖြစ်ပါက ဓမ္မာယတန ဓမ္မဓာတ် နှစ်ပါးမျှကိုသာ (ဧကေနာယတနေန ဧကာယ ဓာတုယာ ကေဟိစိ သမ္မယုတ္တော–ဟု) ထုတ်ရသည်၊ ခန္ဓာကို ထုတ်ဖွယ်မလို။

ဝိပ္ပယုတ်ကေဟိစိအတွက် ရုပ်ဟောပုဒ်ဖြစ်က စေတသိက်ကိုလည်းကောင်း, နာမက္ခန္ဓာဟောပုဒ်ဖြစ်က သုခုမရုပ် နိဗ္ဗာန်တို့ကိုလည်းကောင်း ဓမ္မာယတန ဓမ္မဓာတ် နှစ်ခုမျှသာ ထုတ်ရသည်၊ ဝိပ္ပယုတ်ဖက်၌ ခန္ဓာကေဟိစိ ဘယ်တော့မှ မရှိနိုင်ပါချေ။

ထိုသို့သဘောရှိသော ဂေါစ္ဆကပဒများမှာ သဟေတုကာ ဓမ္မာ၊ ဟေတုသမ္မယုတ္တာ ဓမ္မာ၊ အာသဝသမ္မယုတ္တာ၊ သံယောဇနသမ္မယုတ္တာ၊ ဂန္ထသမ္မယုတ္တာ၊ ဩဃသမ္မယုတ္တာ၊ ယောဂသမ္မယုတ္တာ၊ နီဝရဏသမ္မယုတ္တာ၊ ဥပါဒါနသမ္မယုတ္တာ၊ သံကိလိဋ္ဌာ၊ ကိလေသသမ္မယုတ္တာ–တို့ ဖြစ်၏။

အလားတူ ပိဋ္ဌိဒုက်များကား ဒဿနေန ပဟာတဗ္ဗာ၊ ဘာဝနာယ ပဟာတဗ္ဗာ၊ ဒဿနေန ပဟာတဗ္ဗဟေတုကာ၊ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊ ရူပါဝစရာ၊ အရူပါဝစရာ၊ နိယျာနိကာ၊ နိယတာ၊ သရဏာ ဓမ္မာ–တို့တည်း။

ဣ–၁ ဣ–အရကား ဣဒ္ဓိပါဒတစ်ပါးမျှသာ ဖြစ်သတည်း။

ဈာ–၁ ဈာ–အရလည်း ဈာနတစ်ပါးသာ ဖြစ်၏။

အ–၁ အ–အရလည်း အဓိမောက္ခတစ်ပါးသာ ဖြစ်၏။

http://www.dhammadownload.com

ဝိဿဇ္ဇနာပါဠိ အဖြေဝိဿဇ္ဇနာ ထုတ်လိုပါက ဟောပုဒ်နှင့် ယှဉ်သင့်သောတရား, မယှဉ်သင့်သော တရားတို့ကို ဦးစွာ ပိုင်းခြားဝေဖန်ထားပါ။

ထိုတွင် ယှဉ်သင့်သောတရား ရှိပါက မုချသမ္မယုတ် ကေဟိစိသမ္မယုတ် ထပ်ခွဲ၍ ခန္ဓာ အာယတန ဓာတ်-ဖွဲ့လျက် ရသင့်သည်အားလျော်စွာ ဝိဿဇ္ဇနာပါဠိ ထုတ်ပါ၊ ယှဉ်သင့်သောတရား မရှိက နတ္ထိ-ဟု ဝိဿဇ္ဇနာ ထုတ်ရမည်။

ရှင်းပြပါဦးမည်၊ သခ်ါရက္ခန္ဓာ တစ်စိတ်တစ်ဒေသရသောပုဒ်, သခ်ါရက္ခန္ဓာ တစ်စိတ်တစ်ဒေသနှင့် ရောနှောနေသော နာမက္ခန္ဓာဟောပုဒ်မျိုးဖြစ်ပါက သခ်ါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ်ထိုက်သော စေတသိက်မှတစ်ပါး ကြွင်းကျန်သော တရားများသည် မုချသမ္မယုတ်ဖြစ်သော တရားတို့ မည်၏၊ ယင်းတို့ကို ခန္ဓာ အာယတန ဓာတ် ဖွဲ့ပါ၊ ရသောသခ်ါအတိုင်း မုချသမ္မယုတ် ဝိဿဇ္ဇနာပါဠိ ထုတ်ရမည်၊ သခ်ါရက္ခန္ဓာ ဓမ္မာယတန ဓမ္မဓာတ်ထိုက်သော စေတသိက်တို့သည် ကေဟိစိ သမ္မယုတ်ဖြစ်သော တရားတို့ မည်၏၊ ယင်းတို့ကို "ဇကေန ခန္ဓေန, ဇကေနာယတနေန, ဇကာယ ဓာတုယာ, ကေဟိစိ သမ္မယုတ္တံ"ဟု ကေဟိစိ ဝိဿဇ္ဇနာပါဠိ ဆက်ထုတ်ရမည်။

သု-၄ တိက်မှ သုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ၊ ဒုက္ခာယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ၊ သုခသဟဂတာ-အားဖြင့် သုံးပါး၊ ပိဋ္ဌဒုက်မှ သုခသဟဂတာ တစ်ပါး= ပေါင်း သု-အရ လေးပါးဖြစ်၏။

အ-၃ တိက်မှ အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ၊ ဥပေက္ခာသဟဂတာ-အားဖြင့် ၂-ပါး၊ ပိဋ္ဌဒုက်မှ ဥပေက္ခာသဟဂတာတစ်ပါး= ပေါင်း အ-အရ သုံးပါးဖြစ်၏။

ဝိ-၇ တိက်မှ ဝိပါကာ၊ ပရိတ္တာရမဏာ၊ ပစ္စုပ္ပန္နာရမဏာ၊ အဇ္ဈတ္တာရမဏာ၊ ဗဟိဒ္ဓါရမဏာ၊ အဇ္ဈတ္တဗဟိဒ္ဓါရမဏာ-အားဖြင့် ၆-ပါး၊ မဟန္တ်ရမ္မ သာရမဏာ တစ်ပါး= ပေါင်း ၇-ပါးသည် ဝိ-၏အရ ဖြစ်၏။

နေ-၄ တိက်မှ နေဝဝိပါကနဝိပါကဓမ္မဓမ္မာ၊ အနုပါဒိန္နုပါဒါနိယာ ဓမ္မာ၊ အနုပ္ပန္နာ ဓမ္မာ-အားဖြင့် ၃-ပါး၊ မဟန္တ်ရမ္မ အနုပါဒိန္နာ ဓမ္မာ တစ်ပါး= ပေါင်း နေ-အရ ၄-ပါး ဖြစ်၏။

အ-၂၆ တိက်မှ အနုပါဒိန္နအနုပါဒါနိယာ၊ အသံကိလိဋ္ဌအသံကိလေသိကာ၊ အပ္ပမာဏာ၊ ပဏီတာ-အားဖြင့် ၄-ပါး၊ ဂေါစ္ဆကမှ လောကုတ္တရာစိတ္တုပ္ပာဒ်

http://www.dhammadownload.com

ထိုမှတစ်ပါးသော နာမကမ္မန္ဓာကိုရသောပုဒ်မျိုး ဖြစ်ပါက ခန္ဓာနှင့်စပ်လျဉ်း၍ မုချ, ကေဟိစိ ခွဲဖွယ်မလို၊ ယှဉ်သင့်သမျှသော တရားများသည်ပင် မုချသမ္မယုတ် ဖြစ်ကြသည်၊ သို့ဖြစ်၍ ယှဉ်သင့်သမျှသော တရားတို့ကို ခန္ဓာ-ဖွဲ့ထားခဲ့ပါ၊ အာယတန ဓာတ်တို့နှင့် စပ်လျဉ်း၍ စိတ်သည် မုချသမ္မယုတ်ဖြစ်သောတရား မည်၏၊ ယင်းကို အာယတန ဓာတ်-ဖွဲ့ပါ၊ ရသောသခ်ၤါအတိုင်း ခန္ဓာပါ ဆက်တွဲ၍ မုချသမ္မယုတ် ဝိဿဇ္ဇနာပါဠိထုတ်ပါ၊ စေတသိက်တို့မူကား ကေဟိစိသမ္မယုတ်ဖြစ်သော တရားတို့ မည်၏၊ ယင်းတို့ကို "ဧကေနာယတနေန, ဧကာယ ဓာတုယာ, ကေဟိစိ သမ္မယုတ္တာ"ဟု ကေဟိစိ ဝိဿဇ္ဇနာပါဠိ ဆက်ထုတ်ရမည်၊ ရံခါ မုချသမ္မယုတ်သည် ခန္ဓာမျှသာ ရှိတတ်သည်၊ သို့ဖြစ်ခဲ့ပါလျှင် ခန္ဓာမျှကိုသာ မုချသမ္မယုတ်ထုတ်၍ ကေဟိစိသမ္မယုတ်ကို ဆက်ထုတ်ရမည်၊ ကေဟိစိသမ္မယုတ် မရှိသင့်သော စေတ သိကာ ဓမ္မာ-စသော ဟောပုဒ်မျိုးလည်း ရှိသေး၏၊ ယင်းတို့အတွက် ကေဟိစိ ထုတ်ဖွယ်မလိုပါ။

နိဗ္ဗာန်ရသောပုဒ် ၁၈-ပါး၊ စူဠန္တရမှ လောကုတ္တရာ ဓမ္မာတစ်ပါး၊ ပိဋ္ဌဒုက်မှ နကာမာဝစရာ, အပရိယာပန္နာ, အနုတ္တရာ ဓမ္မာ-အားဖြင့် ၃-ပါး= ပေါင်း အ-အရ ၂၆-ပါး ဖြစ်၏။

သ-၃ တိက်မှ သဝိတက္ကသဝိစာရာ တစ်ပါး၊ ပိဋ္ဌဒုက်မှ သဝိတက္ကာ သဝိစာရာ အားဖြင့် ၂-ပါး= ပေါင်းသုံးပါးသည် သ-အရ ဖြစ်၏။

အ-၁၇ တိက်မှ အဝိတက္ကဝိစာရမတ္တာ ပီတိသဟဂတာ-အားဖြင့် ၂-ပါး၊ ဂေါစ္ဆကမှ တရားကိုယ်ကြဉ် နာမကမ္မန္ဓာလေးပါးရသောပုဒ် ၁၃-ပါး၊ ပိဋ္ဌဒုက်မှ သပ္ပိတိကာ ပီတိသဟဂတာ-အားဖြင့် ၂-ပါး= ပေါင်း ၁၇-ပါးသည် အ-အရဖြစ်၏။

အ-၃ တိက်မှ အဝိတက္ကအဝိစာရာ ဓမ္မာတစ်ပါး၊ ပိဋ္ဌဒုက်မှ အဝိတက္ကာ ဓမ္မာ အဝိစာရာ ဓမ္မာ-အားဖြင့် နှစ်ပါး= ပေါင်း ၃-ပါးသည် အ-အရ ဖြစ်၏။

စေ-၆ မဟန္တရဒုက်မှ စေတသိကာ ဓမ္မာ-အစရှိသော စေတသိက်ကိုသာ အရ ကောက်ရသော ၆-ပုဒ်သည် စေ-၏အရ ဖြစ်၏။

[ဋီကာနည်းအရ ပြဆိုထားသော ဟောပုဒ် ၂၅၀-မှ ပိဋ္ဌဒုက်လာ အဝိတက္ကာ ဓမ္မာ, အဝိစာရာ ဓမ္မာ နှစ်ပုဒ်ကို ပယ်နုတ်က အဋ္ဌကထာနည်းအရ ၂၄၈-ပုဒ် ဖြစ်၏။]

http://www.dhammadownload.com

မယှဉ်သင့်သော တရားများကိုလည်း မုချဝိပွယုတ်, ကေဟိစိဝိပွယုတ် ခွဲ၍ ခန္ဓာ အာယတန ဓာတ် ဖွဲ့လျက် ရသင့်သည်အားလျော်စွာ အဖြေဝိဿဇ္ဇနာပါဠိ ထုတ်ရမည်။

ဝိပွယုတ်ဖက်၌ ခန္ဓာမှာ ကေဟိစိ မရှိ၊ အာယတန ဓာတ်တို့မှာသာ ရှိသည်၊ ရုပ် နိဗ္ဗာန် ဟောပုဒ်ဖြစ်က စေတသိက်ကို ကေဟိစိ ထုတ်ရမည်၊ နာမက္ခန္ဓာ ဟောပုဒ်ဖြစ်က သုခုမရုပ် နိဗ္ဗာန်တို့ကို ကေဟိစိ ထုတ်ရမည်၊ ရုပ် နိဗ္ဗာန်နှင့် နာမက္ခန္ဓာ ရောနှောနေသော ပုဒ်မျိုးဖြစ်က ကေဟိစိ မထွက်တော့ချေ။

အနေကန်ဝိပွယုတ်ဖြစ်သော ဝိညာဏဓာတ်ဆိုင်ရာ တရားများကို ခန္ဓာ အာယတန ဖွဲ့၍ အဖြေဝိဿဇ္ဇနာထုတ်ရန် မလိုပါပေ၊ ဓာတ်မျှသာ ဖွဲ့၍ အဖြေဝိဿဇ္ဇနာပါဠိ ထုတ်ရမည်၊ သို့ရာတွင် ဟောပုဒ်ဆိုင်ရာ ဝိညာဏဓာတ်ကိုမူ အဖြေဝိဿဇ္ဇနာ မထုတ်ရ၊ ဟောပုဒ်နှင့် လုံးဝမသက်ဆိုင်သော ဝိညာဏဓာတ်ကိုသာ အဖြေဝိဿဇ္ဇနာ ထုတ်ရမည်။

ထို့ပြင် ခန္ဓာ အာယတနတို့၌ ဝိပွယုတ် မရမူ၍ ဓာတ်မျှ၌သာ ဝိပွယုတ်ရသော အရာမျိုးလည်း ရှိသေး၏၊ ထိုကဲ့သို့ နေရာမျိုး၌ နှ ကေဟိစိ ခန္ဓေဟိ နှ ကေဟိစိ အာယတနေဟိ" စသည်ဖြင့် ရှေ့ကခံပြီးလျှင် ရသင့်သော ဓာတ်အရေအတွက် အားလျော်စွာ အဖြေဝိဿဇ္ဇနာ ဆက်ထုတ်ရမည်။

သမွယုတ်ဘက်၌ နတ္ထိ–ဟု ထုတ်ရသကဲ့သို့ ဝိပွယုတ်ဘက်၌ နတ္ထိ–ဟု ထုတ်ရရိုး မရှိပေ၊ အကြောင်းမှာမူ ဝိပွယုတ်မရှိသော တရားများကို ဤဆဋ္ဌနယ၌ ဟောပုဒ်အနေဖြင့် မယူရသောကြောင့်ပင် ဖြစ်ပေသည်။

အနက်ယောဇနာ

သမွယုတ် ဝိပွယုတ်တို့၌ ခန္ဓာ အာယတန ဓာတ်တို့နှင့် စပ်လျဉ်းနေသော သန်ဿတို့၏ သဒ္ဒါယျကို ဖော်ထုတ်၍ အနက်ယောဇနာရမည်၊ ကေဟိစိ–ကိုလည်း "ကေဟိစိ–(သဒ်္ဒါရက္ခန္ဓာ) ဓမ္မာယတန ဓမ္မဓာတ်တို့၌ အကျုံးဝင်သော (စေတသိက်ဇကပညာသ–ဟု ဆိုအပ်သော) အချို့တို့နှင့်" စသည်ဖြင့် ထိုက်သည်အားလျော်စွာ အနက်ယောဇနာရမည်။

သမွယောဂနည်း သင်္ဂဟနည်း တဒုဘယမိဿကနည်း သရုပ်ခွဲကို သိနားလည်၍ အဆိုပါ စည်းမျဉ်းများကို ကျေနပ်အားရ သဘောကျအောင် လေ့လာကြပါမူ အများက ခက်သည်–ဟု အသိအမှတ်ပြုထားသော ဤဆဋ္ဌနယသည် အလွယ်ကူဆုံး ဖြစ်ကြောင်း ကိုယ်တွေ့ ကြုံရပေလိမ့်မည်။

http://www.dhammadownload.com

သတ္တမနယနိဒ္ဒေသ

ဥဒ္ဒါနဂါထာ

ခန္ဓာ စတုရော အာယတနဥ္စ မေကံ , ဓာတူသု သတ္တ ဒွေပိစ ဣန္ဒြိယတော၊
တယော ပဋိစ္စ တထရိဝ ဖဿပဉ္စမာ , အဓိမုစ္စနာ မနသိ တိကေသု တီဏိ၊
သတ္တန္တ ရာ ဒွေစ မနေန ယုတ္တာ , ဝိတက္ကဝိစာရဏာ ဥပေက္ခကာယစ။

စတုရော–လေးပါးကုန်သော၊ ခန္ဓာ–နာမက္ခန္ဓာတို့လည်းကောင်း၊ ဧကံ–တစ်ပါးသော၊ အာယတနဥ္စ–မနာယတနလည်းကောင်း၊ ဓာတူသု–ဓာတ်တို့တွင်၊ သတ္တ–ခုနစ်ပါးကုန်သော ဝိညာဏဓာတ်တို့လည်းကောင်း၊ ဣန္ဒြိယတော–ဣန္ဒြေမှ၊ ဒွေပိစ–နှစ်ပါးသော မနိန္ဒြေ ဥပေက္ခိန္ဒြေတို့လည်းကောင်း၊ ပဋိစ္စ(ပဋိစ္စာ)–ပဋိစ္စသမုပ္ပဒ်မှ၊ တယော–သုံးပါးသော ဝိညာဉ် ဖဿ ဝေဒနာတို့လည်းကောင်း၊ တထရိဝ–ထိုမှတစ်ပါး၊ ဖဿပဉ္စမာ–ဖဿလျှင်ငါးခုမြောက်ရှိသော ဖဿ ဝေဒနာ သညာ စေတနာ စိတ္တတို့လည်းကောင်း၊ [သောတာပတ္တိမဂ္ဂဉာန်ကို အဋ္ဌမက ဆိုသကဲ့သို့ ပဋိလောမသဒ္ဒါအားဖြင့် ဆိုထားသည်။] အဓိမုစ္စနာ–အဓိမောက္ခလည်းကောင်း၊ မနသိ–မနသိကာရလည်းကောင်း၊ တိကေသု–တိက်တို့၌၊ တီဏိ–သုံးပါးသော အဒုက္ခမသုခါဃ ဝေဒနာယ သမ္မယုတ္တ သဝိတက္က သဝိစာရ ဥပေက္ခာ သဟဂတပဒတို့လည်းကောင်း၊ အန္တ ရာ–မဟန္တ ရဒုက်မှ၊ သတ္တ–ခုနစ်ပါးသော စိတ္တနှင့် စေတသိက်ကိုသာ ရသော ပဒတို့လည်းကောင်း၊ မနေန–မနောဓာတ်နှင့်၊ ယုတ္တာ–ဧကန်ပင်ယှဉ်ကုန်သော၊ ဒွေ–နှစ်ပါးကုန်သော၊ ဝိတက္ကဝိစာရဏာစ–သဝိတက္က သဝိစာရပဒတို့လည်းကောင်း၊ ဥပေက္ခကာယစ–ဥပေက္ခာနှင့်တကွဖြစ်သော ဥပေက္ခာ သဟဂတပဒလည်းကောင်း၊ (ကတိ–ဤသို့၊ ကမာနိ–ဤ ၃၇–ပုဒ်တို့ကို၊ ကဓ–ဤသတ္တမနယနိဒ္ဒေသ၌၊ ဘဂဝတာ–မြတ်စွာဘုရားသည်၊ ဝုတ္တာနိ–ဟောတော်မူအပ်ကုန်ပြီ။)

“ သတ္တမမှာ, စိတ်သာရငြား, ပဒများနှင့်, နှစ်ပါးမနော, ဆက်ဆံနောလျက်,
ယှဉ်သောစေတသိ, တဲ့နိယုတ္တဲ့, နာမက္ခန်ကို, ဟောရန်ဖွေရှာ။ ”

ဟောပုဒ် ဤသတ္တမနယ၌ ၁–စိတ်သက်သက်သာ ရသောပုဒ်မျိုး၊ ၂–အယုတ်ဆုံးအားဖြင့် မနောဓာတ် မနောဝိညာဏဓာတ်နှစ်ပါးနှင့် ယှဉ်နိုင်သည့် စေတသိက်တို့ကိုသာ ရသောပုဒ်မျိုး၊ ၃–ထိုသို့သဘောရှိသော (အယုတ်ဆုံးအားဖြင့် မနောဓာတ် မနောဝိညာဏဓာတ် နှစ်ပါးနှင့် ယှဉ်နိုင်သော) စေတသိက်တို့ ယှဉ်တွဲပါဝင်သော နာမက္ခန္ဓာ သုံးပါး, လေးပါး ရသည့် (အဒုက္ခမသုခါဃ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာ, သဝိတက္ကသဝိစာရာ ဓမ္မာ–အစရှိသော) ပုဒ်မျိုးတို့ကို ဟောသည်။

http://www.dhammadownload.com

[ဤ၌ “မနေန ယုတ္တာ”ဟူသော ဥဒ္ဒါနဂါထာပါဠိနှင့် “မနောဓာတုယာ ဧကန္တ သမ္မယုတ္တာ”ဟူသော ဋီကာပါဠိတို့ကိုလည်းကောင်း မနောဓာတ်နှင့်ယှဉ်က မနောဝိညာဏဓာတ်နှင့် ယှဉ်နိုင်ကြောင်းမှာ ပြောဆိုဖွယ်ပင် မလိုတော့-ဟူသော သဘာဝကိုလည်းကောင်း အထောက်အထားပြု၍ “နှစ်ပါးမနော, ဆက်ဆံနှောလျက်” အစရှိသောစကားကို ပြဆိုထားပါသည်။]

အဝိတက္ကဝိစာရမတ္တာ ဓမ္မာ-စသော ပုဒ်မျိုးကို ဟောသေးသလား-ဟု ယုံမှားသံသယဖြစ်ဖွယ် မရှိ၊ ဝိစာရစေတသိက်သည် သူ့ချည်းသက်သက် နေပါက မနောဓာတ် မနောဝိညာဏဓာတ်တို့နှင့် အမှန်ပင် ယှဉ်နိုင်စေကာမူ အဝိတက္က-ဟူသော ဝိသေသန တွဲဖက်ပါရှိနေသောကြောင့် မနောဓာတ်နှင့် ယှဉ်ခွင့် မရှိတော့ချေ၊ ဒုတိယစျာန်-ဟူသော မနောဝိညာဏဓာတ်နှင့်သာ ယှဉ်ခွင့်ရှိတော့သည်၊ ထို့ကြောင့် အဝိတက္ကဝိစာရမတ္တာ-စသော ပုဒ်မျိုးကို မဟောကြောင်းမှာ သိသာထင်ရှားပါတော့သည်။

“ ရှေ့ယေမှာမူ, ယှဉ်လာစွဲထုတ်, ဟောပုဒ်စွက်လေ,
သူ၏တေတည်း၊ နောက်ယေ ဝိပ္ပ ”

ယေစွဲ တေစွဲ

ဤသတ္တမနယ၌ “ရှေ့ယေ, နောက်ယေ”ဟု ယေ-နှစ်ပါး ပါရှိ၏၊ ထိုနှစ်ပါးတို့တွင် ဟောပုဒ်နှင့် သမ္မယုတ်ဖြစ်သင့်သမျှ တရားတို့ကို ရှေ့ယေ-အရ စွဲရမည်၊ ထိုပထမယေ၏ တေ-ဟု ဆိုအပ်သော “တေဟိ ဓမ္မေဟိ”၏-အရကိုမူကား ပထမယေ-အရ တရားမှာ ဟောပုဒ်ပါ ရောစွက်၍ စွဲရမည်၊ အခြားနေရာ၌ ယေ၏အရနှင့် တေ၏အရတို့ (အနိယမ နိယမတို့) တူမျှစေကာမူ ဤနေရာ၌ မတူမျှကြောင်းကို သတိပြုပါ။

ထိုတေဟိ ဓမ္မေဟိ-အရ တရားနှင့် ဝိပ္ပယုတ်ဖြစ်သင့်သမျှသော တရားတို့ကို နောက်ယေအရ စွဲရမည်၊ တေ၏အရမူကား ယေ-အရနှင့် မကွဲပြားတော့ချေ။

ထိုဒုတိယယေ(တေ)၏အရဖြစ်သော တရားနှင့် ဝိပ္ပယုတ်ဖြစ်သင့်သော တရားများကို ဆဋ္ဌနယ၌ ဆိုခဲ့ပြီးသည့်အတိုင်း ခန္ဓာ အာယတန ဓာတ်-ဖွဲ့၍ မုချဝိပ္ပယုတ်, ကေဟိစိဝိပ္ပယုတ် ခွဲလျက် ရသင့်သည်အားလျော်စွာ (ပုစ္ဆာ)ဝိဿဇ္ဇနာ ထုတ်ရမည်၊ အသိဉာဏ်မရှင်းက ဆဋ္ဌနယ၌ ဆိုခဲ့ပြီးသည်ကို ပြန်လည်ကြည့်ရှု လေ့လာပါ၊ “ကတ္တားပြန်ကာ, ဟောသည့်ရာဝယ်, ဖြေမှာရှေ့ယေ, ရတိုင်းဖြေသည် မှတ်လေ ရှေးရိုး လမ်းစဉ်တည်း”ဟူသော စည်းမျဉ်းဥပဒေသကို ဤနယ၌ အသုံးမချသင့်။

http://www.dhammadownload.com

သမ္မယုတ္တေန ဝိပ္ပယုတ္တံ

အက္ခရာဆင်းသဏ္ဌာန်	အဿန္တရမာတိကာ						ဗာဟိယ				ယေ ဓမ္မာ	ယေ ဓမ္မာ	ဝိပ္ပယုတ္တာ			
	ခန္ဓ	အာယတန	ဓာတု	ဣန္ဒြိယ	ဇာတိ	ဥပ္ပါဒဝယဝန္တ	ဇာတိ	ဇရာ	ဓုဝ	ဣတ္ထတ္တ			ခန္ဓာ	အာယတန	ဓာတု	ဇာတိ
ဆ	၄	၁		၁	၃	၆		၇		၂၂	စိတ်၊စေ-၅၁	ရုပ်၊ နိ	၄	၁	၇	စေ-၅၂
စ			၇			၁	၁		၂	၁၁	စေ-၇	ဆဝိ ဟဒ်၊ရုပ်၊နိ			၁	
ဥ				၁			၂		၁	၄	ဥဝေကြဉ်-ဥ-ဟဒ်	သု,ဒု,သော,ဒေါ-ဟဒ်၊ ရုပ်၊ နိ			၅	
ဃါင်း	၄	၁	၇	၂	၃	၇	၃	၇	၃	၃၇						

ပုစ္ဆာဝိဿဇ္ဇနာ ရှေ့ယေမှာမူ, ယှဉ်လာစွဲထုတ်, ဟောပုဒ်စွက်လေ, သူ၏ တေတည်း၊ နောက်ယေဝိပ္ပ-ဟူသော ဥပဒေသ, သမ္မယုတ္တေန ဝိပ္ပယုတ္တံ-ဟူသော ဥဒ္ဒေသတို့ဖြင့်ပင် "ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ သမ္မယုတ္တာ၊

ဝေ-၂၂ နာမ်ခန္ဓာလေးပါး၊ မနာယတနတစ်ပါး၊ မနိန္ဒြေတစ်ပါး၊ ပဋိစ္စမှ ဝိညာဉ် ဖဿ ဝေဒနာ-အားဖြင့်သုံးပါး၊ ဖဿသတ္တကမှ အဓိမောက္ခကြဉ် ၆-ပါး၊ မဟန္တ ရမ္မ စိတ္တာ ဓမ္မာနှင့် စေတသိက်သာရသောပုဒ် ၆-ပါး-အားဖြင့် ၇-ပါး= ပေါင်း ဝေ၏အရ ၂၂-ပုဒ် ဖြစ်၏။

[အဓိမောက္ခ သဝိတက္ကသဝိစာရတို့သည် (စ)နှင့် ယေစွဲ တေစွဲ ထူးခြား၏၊ အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ ဓမ္မာလည်း (ဥ)နှင့် ယေစွဲ တေစွဲ ထူးခြား၏၊ ၄င်းတို့အတွက် အကျဉ်းဆောင်ပုဒ် သီးသန့် ထုတ်သင့်ပေသည်၊ ရှေးဆရာများ မထုတ်ခဲ့သောကြောင့် ဤကျမ်းဌာလည်း လျစ်လျူရှုရတော့သည်၊ သမ္မယုတ် ဝိပ္ပယုတ်သဘောကို စဉ်းစားဆင်ခြင်၍ ဟောပါလေ။]

စ-၁၁ ဝိညာဏာဓာတ် ၇-ပါး၊ ဖဿသတ္တကမှ အဓိမောက္ခတစ်ပါး၊ တိက်မှ သဝိတက္ကသဝိစာရတစ်ပါး၊ ပိဋ္ဌိမှ သဝိတက္ကာ သဝိစာရာ-အားဖြင့် ၂-ပါး= ပေါင်း စ-၏အရ ၁၁-ပါး ဖြစ်၏။

B)

http://www.dhammadownload.com

တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာ ယတနေဟိ ကတိဟိ ဓာတူဟိ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ စတူဟိ ခန္ဓေဟိ ဧကေနာ ယတနေန သတ္တဟိ ဓာတူဟိ ဝိပ္ပယုတ္တာ၊ ဧကေနာယတနေန ဧကာယ ဓာတုယာ ကေဟိစိ ဝိပ္ပယုတ္တာ"ဟု ပုစ္ဆာဝိဿဇ္ဇနာပါဠိအစုံ ဖြစ်ပေါ်လာပုံကိုလည်းကောင်း၊–

ဝေဒနာက္ခန္ဓေန–နှင့်၊ ယေ ဓမ္မာ–အကြင်စိတ်တစ်ခုယုတ်ကိုးဆယ် ဝေဒနာကြဉ်သော စေတသိက်ဧကပညာသတို့သည်၊ သမ္မယုတ္တာ–ကုန်၏၊ တေဟိ ဓမ္မေဟိ–ထိုစိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက်ဒွေးပညာသတို့နှင့်၊ [ဟောပုဒ် စွက်ထားသည်၊] ယေ ဓမ္မာ–အကြင်ရုပ်အဋ္ဌဝီသ နိဗ္ဗာန်တို့သည်၊ ဝိပ္ပယုတ္တာ–ကုန်၊ တေ ဓမ္မာ–ထိုရုပ်အဋ္ဌဝီသ နိဗ္ဗာန်တို့သည်၊ ကတိဟိ–ကုန်သော၊ ခန္ဓေဟိ–တို့နှင့်၊ ကတိဟိ–ကုန်သော၊ အာယတနေဟိ–တို့နှင့်၊ ကတိဟိ–ကုန်သော၊ ဓာတူဟိ–ဓာတ်တို့နှင့်၊ ဝိပ္ပယုတ္တာ–ကုန်သနည်း၊ တေ ဓမ္မာ–ထိုရုပ်အဋ္ဌဝီသ နိဗ္ဗာန် တို့သည်၊ စတူဟိ–ကုန်သော၊ ခန္ဓေဟိ–နာမက္ခန္ဓာတို့နှင့်၊ ဧကေန–သော၊ အာယတနေန–မနာယတနနှင့်၊ သတ္တဟိ–ကုန်သော၊ ဓာတူဟိ–သတ္တဝိညာဏဓာတ်တို့နှင့်၊ ဝိပ္ပယုတ္တာ–ကုန်၊ ဧကေန–သော၊ အာယတနေန–ဓမ္မာယတနနှင့်၊ ဧကာယ–သော၊ ဓာတုယာ–နှင့်၊ ကေဟိစိ–ဓမ္မာယတနဓမ္မဓာတ်၌ အကျုံးဝင်သော စေတသိက် ဒွေးပညာသ–ဟု ဆိုအပ်သော အချို့တို့နှင့်၊ ဝိပ္ပယုတ္တာ–ကုန်၊–ဟု အနက်ယောဇနာ ရပုံကိုလည်းကောင်း၊– သိမြင်နားလည်အောင် ကြံစည်အားထုတ်ကြပါလေ။

၉-၄ ဥပေက္ခိန္ဒြေတစ်ပါး၊ တိက်မှ အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာနှင့် ဥပေက္ခာသဟဂတာ–အားဖြင့် ၂–ပါး၊ ပိဋ္ဌိမှ ဥပေက္ခာသဟဂတာတစ်ပါး= ပေါင်း ဥ–အရ လေးပါး ဖြစ်၏။

နိယတ်–အနိယတ် မဆန့်ကျင် ဤသတ္တမနယဌ် တေဟိ ဓမ္မေဟိ–အစွဲကို ဟောပုဒ်ပါထည့်စွက်၍ စွဲခြင်းသည် နိယတ် အနိယတ် ဆန့်ကျင်သည်–ဟု မှတ်ထင်ဖွယ်ရှိ၏၊ ပါဠိတော်၌ ထိုသို့သော ပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာကို မြင်သဖြင့်လည်းကောင်း, "ဣမိနာ နယေန သဗ္ဗတ္ထ ပုစ္ဆာယ ဥဒ္ဒတပဒေန အတ္ထော ဝေဒိတဗ္ဗော" ဟူသော အဋ္ဌကထာပါဌ်ကို မြင်သဖြင့်လည်းကောင်း မဆန့်ကျင်သည့်အဖြစ်ကို သိအပ်၏။ [အရကောက်။]

ဟောပုဒ်စွက်ရခြင်း ပထမယေ–အရ တရားတို့သာ ရုပ်နိဗ္ဗာန်–စသည်တို့နှင့် ဝိပ္ပယုတ်ဖြစ်သည်မဟုတ်၊ ဟောပုဒ်–အရ တရားများလည်း ဝိပ္ပယုတ်ဖြစ်နိုင်သေး၏–ဟူသော အနက်အဓိပ္ပာယ်ထူးကို သိစေခြင်းငှာ တေဟိ ဓမ္မေဟိ–ဝယ် ဟောပုဒ်–အရ တရားများကိုလည်း ထည့်သွင်းစွဲယူရသည်။

http://www.dhammadownload.com

အဋ္ဌမနယနိဒ္ဒေသ

ဥဒ္ဒါနဂါထာ

ဓမ္မာယတနံ ဓမ္မဓာတု , အထ ဇိဝိတံ နာမရူပံ၊
သင်္ခာယတနံ ဇာတိ ဇရာ မတံ , ဒွေစ တိကေ နု လဇ္ဇရေ။
ပဋမန္တ ရေ သတ္တစ , ဂေါစ္ဆကေ ဒသ အပရန္တေ၊
စုဒ္ဒသ ဆစ မတ္ထကေ , ဣစ္စေတေ သတ္တစတ္တာလီသ ဓမ္မာ။
သမုဋ္ဌေဒေ နု လဇ္ဇန္တိ , မောဃပုစ္ဆကေနစ။

ဓမ္မာယတနံ-ကိုလည်းကောင်း၊ ဓမ္မဓာတု-ကိုလည်းကောင်း၊ အထ-ထိုမှတစ်ပါး၊ ဇိဝိတံ-ဇိဝိတန္ဒြေကိုလည်းကောင်း၊ နာမရူပံ-ကိုလည်းကောင်း၊ သင်္ခာယတနံ-ကိုလည်းကောင်း၊ ဇာတိ-ကိုလည်းကောင်း၊ ဇရာ-ကိုလည်းကောင်း၊ မတံ-မရဏာကိုလည်းကောင်း၊ တိကေ-တိက်၌၊ ဒွေစ-နှစ်ပါးသော အဋ္ဌတ္တဇဟိဒ္ဓပဒအနိဒဿနအပ္ပဋိဃပဒတို့ကိုလည်းကောင်း၊ နု လဇ္ဇရေ-မရအပ်ကုန်။

ပဋမန္တ ရေ-ရှေးဦးအစ ပထမဖြစ်သော စူဠန္တ ရဒုက်၌၊ သတ္တ-ခုနစ်ပါးသော သပ္ပစ္စယ သခ်ိတ အနိဒဿန အပ္ပဋိဃ အရူပီ ကေနစိဝိညေယျ နု ကေနစိဝိညေယျ ပဒတို့ကိုလည်းကောင်း၊ ဂေါစ္ဆကေ-ဂေါစ္ဆကဒ်၌၊ ဒသ-ဆယ်ပါးသော နု ဟေတူ-အစရှိသော ပထမဒုက်၏ ဒုတိယပုဒ်တို့ကိုလည်းကောင်း၊ အပရန္တေ-စူဠန္တ ရဒုက်မှတစ်ပါးသော မဟန္တ ရဒုက်၌၊ စုဒ္ဒသ-တစ်ဆယ့်လေးပါးသော နောစိတ္တ-အစရှိသော ဝိပ္ပယုတ်မရသင့်သော ပုဒ်တို့ကိုလည်းကောင်း၊ မတ္ထကေ-အထွတ်အထိပ်ဖြစ်သော ပိဋ္ဌိဒုက်၌၊ ဆစ-ခြောက်ပါးသော အဝိတက္က အဝိစာရ အပ္ပီတိက နု ပီတိသဟဂတ နု သုခသဟဂတ နု ဥပေက္ခာသဟဂတပဒတို့ကိုလည်းကောင်း၊ နု လဇ္ဇရေ-မရအပ်ကုန်။

ဣတိ-ဤသို့၊ သတ္တစတ္တာလီသ-၄၇-ပါးသော၊ ဧတေ ဓမ္မာ-ဤသဘောတရားတို့ကို၊ ဝါ-ဤပုဒ်တို့ကို၊ မောဃပုစ္ဆကေန-မောဃပုစ္ဆက အမည်ရသော အဋ္ဌမနယနှင့်၊ သဟ-တကွ၊ သမုဋ္ဌေဒေ-စုဒ္ဒမနယ၌၊ နု လဇ္ဇန္တိ-မရအပ်ကုန်။

" အဋ္ဌမဝယ်, ဝိပ်ရတုံဘိ, ဟောပုဒ်သိလော၊ နတ္ထိဖြေကြ "

ဟောပုဒ် ဤအဋ္ဌမနယ၌ ဝိပ္ပယုတ်ဧကန်ရကောင်းသော (ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ အစရှိသော)ပုဒ်မျိုး, ဘူမိဝိပ္ပယုတ် အစရှိသော အနေကန်ဝိပ္ပယုတ်ရကောင်းသော (ဒုက္ခသစ္စာ အဗျာကတာ ဓမ္မာ အစရှိသော)ပုဒ်မျိုး, ဧကန်ဝိပ္ပယုတ် အနေကန်ဝိပ္ပယုတ် နှစ်ပါးရကောင်းသော (ကုသလာ ဓမ္မာ-အစရှိသော)ပုဒ်မျိုးတို့သာ ဟောပုဒ်ဖြစ်နိုင်ကြ၏။

http://www.dhammadownload.com

ဝိပွယုတ္တေန သမ္မယုတ္တံ

အကျဉ်းချုပ်ဝေဒနာ	အဟ္သန္တု ရမာတိကာ							ဗာဟိယမာတိကာ					ဆိုရင်ငါ	ယေ ဓမ္မာ	ထိုဓမ္မာလည်း
	ခန္ဓာ	အာယတန	ဓာတု	သစ္စ	ဣန္ဒြိယ	ဈာန	သမ္ပယုတ်	ဖဿ	ဝေဒနာ	သညာ	စေတနာ	စိတ်			
ရူ	၁	၁၀	၁၀	၁	၇	၄		၁၆	၁၈	၆	၅	၃	၈၁	နာမက္ခန္ဓာ–၄	ထိုဓမ္မာ
ဝေ	၄	၁			၁	၃	၆					၈	၂၃	ရုပ်၊ နိ	
စ			၇				၁	၁					၁၁	ဆဝိ˙–ဟ္ဝ၅်၊ ရုပ်၊ နိ	
ဒု				၁				၉	၄၀	၁		၁၂	၆၃	လောကုတ်–၈၊ စေ–၃၆	
သ				၂	၁၂	၁၂	၉	၃၀	၅၄			၁၂	၁၃၁	ဒေါ,ဓော,ကု,ဝိ,ကြိ–ဟ္ဝ၅်၊ ရုပ်၊ နိ	
ဥ					၁			၃				၁	၅	သု,ဒု,သော,ဒေါ–ဟ္ဝ၅်၊ ရုပ်၊ နိ	
ဥ						၃		၂				၁	၆	ကု,အကု,ဖိုလ်,ကြိ–ဟ္ဝ၅်	
ကာ						၁							၁	စိတ်+စေ=ရူ,အရူဘဝ၊ကု–ဟ္ဝ၅်	
ဝ								၃					၃	မဟဂ္ဂ–အပ္ပ–ပညတ္တာရုမဏာ ရုပ်၊ နိ	
ဆိုင်း	၅	၁၁	၁၇	၄	၂၁	၂၃	၁၆	၆၄	၁၁၂	၇	၁၄	၃၀	၃၂၄		

ဝိပွယုတ်မရစကောင်းသော ဓမ္မာယတန ဓမ္မဓာတ် အစရှိသောပုဒ်များ, ဝိပွယုတ်လေးများတို့ဖြင့် ဝိပွယုတ်မဖြစ်သင့်သော အဏ္ဏတ္တဖဟိဒ္ဓါ ဓမ္မာ အစရှိသောပုဒ်များတို့ မူကား ဟောပုဒ်မဖြစ်နိုင်ကြချေ။

ယေစွဲ “ဝိပ်ရတုံဘိ, ဟောပုဒ်သိလော”ဟူသော စကားဖြင့်ပင် ဝိပွယုတ်ဖြစ်စကောင်းသော တရားများကို ယေစွဲသင့်ကြောင်းမှာ သိသာထင်ရှားပါပြီ၊ ထို့ကြောင့် ယေစွဲအတွက် သီးခြားဆိုဖွယ်မလို၊ အကျယ်သိလိုက ဆက်ရှုပါ။

ရူ–၈၁ ရူပက္ခန္ဓာ၊ သြဠာရိကာယတန ၁၀–ပါး၊ သြဠာရိကဓာတ် ၁၀–ပါး၊ နိရောဓသစ္စာ၊ ရုပ်ဇာန္ဒြေ ၇–ပါး၊ ပဋိစ္စမု ရူပ အသညီ ဇကဝေါကာရဘဝ ပရိဒေဝ–အားဖြင့် ၄–ပါး၊ တိက်မှ နေဝဝိပါက နဝိပါကခမ္မဓမ္မာ အနုပါဒိန္နုပါဒါနိယာ အနုပါဒိန္နအနုပါဒါနိယာ အသံကိလိဋ္ဌအသံကိလေသိကာ အပွမာဏာ ပဏီတာ ဥပ္ပန္နတိက်ပုဒ် သုံးပါး အတီတတိက်ပုဒ်သုံးပါး အဏ္ဏတ္တာ ဖဟိဒ္ဓါ သနိဒဿနသပ္ပဋိဃာ အနိဒဿန

http://www.dhammadownload.com

နိဗ္ဗာန်ကနေ၍ ယေစွဲသောအခါ ဝိပွယုတ်ဧကန်ဖြစ်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်(နာမက္ခန္ဓာလေးပါး)တို့ကိုစွဲ။

ရုပ်က ဟောပုဒ်နေသောအခါလည်း ဝိပွယုတ်ဧကန်ဖြစ်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ကိုပင်စွဲ။

ဝေဒနာ ဝိညာဏက္ခန္ဓာ-စသည် ဟောပုဒ်နေသောအခါ ဝိပွယုတ်ဧကန်ဖြစ်သော ရုပ်နိဗ္ဗာန်တို့ကိုစွဲ၊ (ဧကန်ဝိပွယုတ်။)

အဇ္ဈတ္တာ ဓမ္မာ-စသည် ဟောပုဒ်နေသောအခါ သန္တာန၀ိပွယုတ်ဖြစ်သော ဗဟိဒ္ဓါ ဓမ္မာ-စသည်ကို ယေစွဲပါ။

ကာမာဝစရာ-စသည် ဟောပုဒ်နေသောအခါ ဘူမိဝိပွယုတ်ဖြစ်သော ရူပ အရူပ လောကုတ္တရာ-စသည်ကို ယေစွဲပါ။

ကုသလာ ဓမ္မာ-စသည် ဟောပုဒ်နေသောအခါ ဇာတိဝိပွယုတ်ဖြစ်သော အကုသိလ်, အဗျာကတတို့ကို ယေစွဲပါ၊ အကုသလာ ဓမ္မာ ဟောပုဒ်နေသောအခါ ကုသိလ် အဗျာကတတို့ကို ယေစွဲပါ၊ အဗျာကတာ ဓမ္မာ ဟောပုဒ်နေသောအခါ ကုသိလ် အကုသိလ်တို့ကို ယေစွဲပါ။

သပ္ပဋိဃာ-အားဖြင့် ၁၆-ပါး၊ ဂေါစ္ဆကမှ လောကုတ္တရာစိတ္တုပ္ပာဒ် နိဗ္ဗာန်ရသောပုဒ် ၁၈-ပါး၊ စူဠန္တရမှ အပွစ္စယ အသင်္ခတ သနိဒဿန သပ္ပဋိဃ ရူပီ လောကုတ္တရာ-အားဖြင့် ၆-ပါး၊ မဟန္တရမှ အနာရမ္မဏာ စိတ္တဝိပွယုတ္တ နောစိတ္တသံသဋ္ဌ ဥပါဒါ အနုပါဒိန္နာ-အားဖြင့် ၅-ပါး၊ ပိဋ္ဌိမ နကာမာဝစရာ အပရိယာပန္နာ အနုတ္တရာ ဓမ္မာ-အားဖြင့် ၃-ပါး= ပေါင်း ၈၁-ပါးသည် ရူ-၏အရဖြစ်၏။

၀၀-၂၃ နာမ်ခန္ဓာလေးပါး၊ မနာယတန၊ မနိန္ဒြေ၊ ပဋိစ္စမှ ဝိညာဉ် ဖဿ ဝေဒနာ-အားဖြင့် ၃-ပါး၊ အဓိမောက္ခကြဉ်သော ဖဿသတ္တက ၆-ပါး၊ မဟန္တရမှ စိတ္တာ ဓမ္မာနှင့် စေတသိက်မျှသာရသောပုဒ် ၆-ပါး၊ သာရမဏာ-အားဖြင့် ၈-ပါး= ပေါင်း ၂၃-ပါးသည် ၀၀-၏အရဖြစ်၏။

၈-၁၁ ဝိညာဏာဓာတ် ၇-ပါး၊ ဥပရိမှ အဓိမောက္ခ၊ တိက်မှ သဝိတက္ကသဝိစာရာ၊ ပိဋ္ဌိမ သဝိတက္ကာ သဝိစာရာ-အားဖြင့် ၂-ပါး= ပေါင်း ၁၁-ပါးသည် ၈-၏အရဖြစ်၏။

၃-၆၃ ဒုက္ခသစ္စာ၊ တိက်မှ အဗျာကတာ, အသံကိလိဋ္ဌသံကိလေသိကာ, နေဝဒဿနေန နာ ဘာဝနာယ ပဟာတဗ္ဗာ, နေဝဒဿနေန နာ ဘာဝနာယ ပဟာတဗ္ဗ ဟေတုကာ, နေဝါစယဂါမိနာပစယ ဂါမိနော, နေဝသေက္ခာနာသေက္ခာ, ပရိတ္တာ,

http://www.dhammadownload.com

အတိတာ ဓမ္မာ-စသည် ဟောပုဒ်နေသောအခါ ကာလဝိပွယုတ်ဖြစ်သော အနာဂတ် ပစ္စုပ္ပန်တရားတို့ကို ယေစွဲပါ၊ (အနေကန်ဝိပွယုတ်။)

ပုဒ္ဓာဝိသဒ္ဓနာ ဝိပ်ရတုံဘိ, ဟောပုဒ်သိလော၊ နတ္ထိဖြေကြ-ဟူသော ဥပဒေသ, ဝိပွယုတ္တေန သမ္ပယုတ္တံ-ဟူသော ဥဒ္ဒေသတို့ဖြင့်ပင် "ရူပက္ခန္ဓေန ယေ ဓမ္မာ ဝိပွယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သမ္ပယုတ္တာတိ၊ နတ္ထိ"ဟု ပုဒ္ဓာဝိသဒ္ဓနာပါဠိ ဖြစ်ပေါ်လာပုံကိုလည်း သိမြင်နားလည်ပါစေ၊ အနက်ပေးမှာ သိသာထင်ရှားပါပြီ။

အထူး ဤနယနှင့် အလားတူနယများ၌ ဝိပွယုတ်ဖြစ်စရာတရား ရှိနေသည်ကို ယူရသည်၊ ဆဋ္ဌနယမှာကဲ့သို့ အဖြေဝိသဒ္ဓနာ ထုတ်ရာ၌ ဝိပွယုတ်ဖြစ်ရန် သတ္တဝိညာဏာဓာတ် ကျန်ရှိနေသည်မျှကိုသာ ယူရသည် မဟုတ်ချေ။

မဇ္ဈိမာ, အနိယတာ-အားဖြင့် ၉-ပါး၊ အဟေတုကာ ဓမ္မာ-အစရှိသော အချို့အဝက်သော နာမက္ခန္ဓာလေးပါးနှင့် ဝိပွယုတ်ဖြစ် စကောင်းသော ဂေါစ္ဆကပဒ ၄၀၊ စူဠန္တရမ လောကိယာ ဓမ္မာတစ်ပါး၊ ပိဋ္ဌိမှ အချို့ အဝက်သော နာမက္ခန္ဓာလေးပါးနှင့် ဝိပွယုတ်ဖြစ်စကောင်းသောပုဒ် ၁၂-ပါး= ပေါင်း ၆၃-ပါးသည် ဒု-၏အရဖြစ်သည်။

*အချို့အဝက်သော နာမက္ခန္ဓာလေးပါးနှင့် ဝိပွယုတ်ဖြစ်စကောင်းသော ဂေါစ္ဆက ပဒများမှာ အဟေတုကာ, ဟေတုဝိပွယုတ္တာ, နော ဟေတူ ခေါပန ဓမ္မာ အဟေတုကာပိ-ဟု ဆိုအပ်သော ဟေတုဂေါစ္ဆကမှ ၃-ပါး၊ အာသဝအစ ဥပါဒါနအဆုံးရှိသော ဂေါစ္ဆက ရှစ်ခုတို့၌ တစ်ခုတစ်ခုမှာ ဒုတိယဒုက်၏ပထမပဒ- တတိယ စတုတ္ထဒုက်တို့၏ဒုတိယ ပဒများ, အဆုံးဒုက်၏ပထမပဒ-ဟူကုန်သော လေးပါးစီအားဖြင့် (၈×၄)=၃၂-ပါး၊ ကိလေသဂေါစ္ဆကမှ သံကိလေသိကာ, အသံကိလိဋ္ဌာ, ကိလေသဝိပွယုတ္တာ, သံကိလေသိကာစေဝ ဓမ္မာ နောစ ကိလေသာ, ကိလေသဝိပွယုတ္တာ ခေါပန ဓမ္မာ သံကိလေသိကာပိ-ဟု ဆိုအပ်ကုန်သော ငါးပါး-အားဖြင့် ၄၀-ဖြစ်ပါသည်။

*နာမက္ခန္ဓာလေးပါးနှင့် ဝိပွယုတ်ဖြစ်ကောင်းသော ပိဋ္ဌိဒုက်များကား အစလေးဒုက်၏ ဒုတိယပဒလေးပါး၊ ကာမာဝစရာ နရူပါဝစရာ နအရူပါဝစရာ ပရိယာပန္နာ နနိယျာနိကာ အနိယတာ သဥတ္တရာ အရဏာ-အားဖြင့် ၈-ပါး= ပေါင်း ၁၂-ပါးတို့ပေတည်း။

သ-၁၃၁ သမုဒယ မဂ္ဂ-အားဖြင့် သစ္စာ ၂-ပါး၊ မနိန္ဒြေ ဥပေက္ခိန္ဒြေကြဉ် နာမ်ကျန္ဒြေ ၁၂-ပါး၊ ပဋိစ္စမှ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန, ကမ္မဘဝ, အရူပဘဝ, နေဝသညီနာသညီဘဝ, စတုဝေါကာရဘဝ, သောက, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-အားဖြင့် ၁၂-ပါး၊ ဥပရိမှ သတိပဋ္ဌာန်အစ မဂ္ဂင်အဆုံးရှိသော ၉-ပါး၊ တိက်မှ နာမက္ခန္ဓာသာရသော ၃၇-ပုဒ်တို့တွင် အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ

http://www.dhammadownload.com

ဝိပ္ပယုတ်အတွက် ရှင်းလင်းချက် ဒုက္ခသစ္စာနှင့် လောကုတ္တရာစိတ္တုပ္ပာဒ်တို့ကား ဘူမိဝိပ္ပယုတ်၊ ကာမဘဝ-စသော ဘဝသုံးပါး, သညီဘဝ-စသော ဘဝသုံးပါး, ဧကဝေါကာရ-စသော ဘဝသုံးပါးတို့လည်း ဘူမိဝိပ္ပယုတ်ပင်၊ ထိုဘဝကိုးပါးတို့တွင် ကိုယ့်အုပ်စုနှင့်ကိုယ်သာ အချင်းချင်း အပြန်အလှန် စွဲရသည်၊ သို့ပင် ဖြစ်စေကာမူ ဟောပုဒ်ထဲ၌ ရုပ်ပါရှိနေပါက ရုပ်အချင်းချင်း ဝိပ္ပယုတ်မဖြစ်နိုင်၍ နာမက္ခန္ဓာမျှကိုသာ စွဲရသည်။

သန္တာနဝိပ္ပယုတ် အစရှိသည်တို့သည် နာမက္ခန္ဓာတို့၌သာ ဖြစ်ကြ၏၊ ရုပ်နိဗ္ဗာန်တို့၌ မဖြစ်ကြ၊ ဆဋ္ဌနယ၌–

"ဤဝိပ္ပယုတ်မျိုးကား ခန္ဓာ အာယတနတို့နှင့် မဆိုင်၊ ခန္ဓာ အာယတနတို့၌ ဤဝိပ္ပယုတ်မျိုး မရှိနိုင် မရနိုင်၊ ဓာတ်မှာသာ ရှိနိုင် ရနိုင်သည်၊ ဓာတ်တွင်လည်း သတ္တဝိညာဏဓာတ် အရာမှာသာ ရှိနိုင် ရနိုင်သည်၊ အခြားသောဓာတ်များမှာ မရှိနိုင် မရနိုင်ပါချေ"ဟူသော စကားကို ခန္ဓာ အာယတန ဓာတ်ဖွဲ့၍ အဖြေဝိဿဇ္ဇနာထုတ်ရမှုနှင့် စပ်လျဉ်း၍သာ ဆိုထားခဲ့ရပါသည်၊ ဝိပ္ပယုတ်အရ ယေစွဲ တေစွဲနှင့် စပ်လျဉ်း၍ ဆိုထားခဲ့သည်မဟုတ်၊ ယေစွဲ တေစွဲရာ၌မူကား နာမက္ခန္ဓာလေးပါးလုံးကိုပင် စွဲသင့်၏၊ ထို့ကြောင့် ဆဝိညာဏစိတ္တုပ္ပာဒ် လောကုတ္တရာစိတ္တုပ္ပာဒ်-စသည်ဖြင့် စေတသိက်ကိုပါ ထည့်သွင်း၍ ပြဆိုထားရပါသည်။

ဓမ္မာ, ဥပေက္ခာသဟဂတာ, ဝိပါကာ, သဝိတက္ကသဝိစာရာ, ပရိတ္တာရမဏာ, ပစ္စုပ္ပန္နာရမဏာ, အဇ္ဈတ္တဗဟိဒ္ဓါရမဏာ-အားဖြင့် ၇-ပါးကြဉ် ၃၀၊ ဂေါစ္ဆကမှ နာမက္ခန္ဓာသာရသောပုဒ် ၅၄-ပါး၊ ပိဋ္ဌိမှ နာမက္ခန္ဓာသာရသော ၁၅-ပုဒ်တို့တွင် သဝိတက္ကာ သဝိစာရာ ဥပေက္ခာသဟဂတာကြဉ် ၁၂-ပါး= ပေါင်း သ-၏အရ ၁၃၁-ဖြစ်၏။

ဥ-၅ ဥပေက္ခိန္ဒြေတစ်ပါး၊ တိက်မှ အဒုက္ခမသုခါယ ဝေဒနာယ သမ္မယုတ္တာ, ဝိပါကာ, ဥပေက္ခာသဟဂတာ-အားဖြင့် ၃-ပါး၊ ပိဋ္ဌိမှ ဥပေက္ခာသဟဂတာတစ်ပါး= ပေါင်း ဥ-၏အရ ၅-ပါးဖြစ်၏။

ဥ-၆ ပဋိစ္စမှ ဥပပတ္တိဘဝ, သညီဘဝ, ပဥ္စဝေါကာရဘဝ-အားဖြင့် ၃-ပါး၊ တိက်မှ ဥပါဒိန္နုပါဒါနိယာ, အဝိတက္ကအဝိစာရာ-အားဖြင့် ၂-ပါး၊ မဟန္တရမှ ဥပါဒိန္နာဓမ္မာ ၁-ပါး= ပေါင်း ဥ-၏အရ ၆-ပါးဖြစ်၏။

ကာ-၁ ကာ-၏အရကား ကာမဘဝတစ်ပါးမျှသာတည်း။

ပ-၃ တိက်မှ ပရိတ္တာရမဏာ ဓမ္မာ, ပစ္စုပ္ပန္နာရမဏာ ဓမ္မာ, အဇ္ဈတ္တဗဟိဒ္ဓါရမဏာ ဓမ္မာ-အားဖြင့် ၃-ပါးသည် ပ-၏အရ ဖြစ်ပါသည်။

(A)

http://www.dhammadownload.com

နဝမနယနိဒ္ဒေသ

ဥဒ္ဒါနဂါထာ

အရူပက္ခန္ဓာ စတ္တာရော , မနာယတနမေဝစ၊
ဝိညာဏာဓာတုယော သတ္တ , ဒွေသစ္စာ စုဒ္ဒသိန္ဒြိယာ။
ပစ္စယေ ဒွါဒသ ပဒါ , တတော ဥပရိ သောဠသ၊
တိကေသု အဋ္ဌ ဂေါစ္ဆကေ , တေစတ္တာလီသမေဝစ။
မဟန္တ ရဒုကေ သတ္တ , ပဒါ ပိဋ္ဌဒုကေသု ဆ၊
နဝမဿ ပဒဿေတေ , နိဒ္ဒေသေ သင်္ဂဟံ ဂတာ။

စတ္တာရော–ကုန်သော၊ အရူပက္ခန္ဓာ–နာမက္ခန္ဓာတို့လည်းကောင်း၊ မနာယတနမေဝစ–မနာယတနလည်းကောင်း၊ သတ္တ–ကုန်သော၊ ဝိညာဏာဓာတုယော–ဝိညာဏာဓာတ်တို့လည်းကောင်း၊ ဒွေ–ကုန်သော၊ သစ္စာ–သမုဒယ မဂ္ဂသစ္စာတို့လည်းကောင်း၊ စုဒ္ဒသ–ကုန်သော၊ ဣန္ဒြိယာ–မနိန္ဒြေအစ အညာတာဝိန္ဒြေအဆုံးရှိသော ပုဒ်တို့လည်းကောင်း။

ပစ္စယေ–ပဋိစ္စသမုပ္ပဒ်၌၊ ဒွါဒသ–ကုန်သော၊ ပဒါ–အဝိဇ္ဇာ သင်္ခါရ ဝိညာဉ် ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ သောက ဒုက္ခ ဒေါမနဿ ဥပါယာသ ပဒတို့လည်းကောင်း၊ တတော–ထိုပဋိစ္စသမုပ္ပဒ်မှ၊ ဥပရိ–အထက်၌၊ သောဠသ–သတိပဋ္ဌာန်အစ မနသိကာရအဆုံးရှိသော ၁၆–ပုဒ်တို့လည်းကောင်း၊ တိကေသု–တိက်တို့၌၊ အဋ္ဌ–ဝေဒနာတိကပဒသုံးပါး ပထမပဒ ဒုတိယပဒ–အားဖြင့် ဝိတက် တိက်မှန်စ်ပါး ဝိတိတိကပဒသုံးပါး–အားဖြင့် ရှစ်ပါးသောပုဒ်တို့လည်းကောင်း၊ ဂေါစ္ဆကေ–၌၊ တေစတ္တာလီသမေဝစ–ဟေတု သဟေတုက အစရှိသော ယှဉ်ဖက် တရားရှိသော ၄၃–ပုဒ်တို့လည်းကောင်း။

မဟန္တ ရဒုကေ–၌၊ သတ္တ–စိတ္တာ ဓမ္မာ, စေတသိက်တို့သာ အရကောက်ရသော ပုဒ် ၆–ပါး–အားဖြင့် ၇–ပါးသောပုဒ်တို့လည်းကောင်း၊ ပိဋ္ဌဒုကေသု–တို့၌၊ ဆ–ကုန်သော၊ ပဒါ–သဝိတက္က သဝိစာရ သပ္ပီတိက ပီတိသဟဂတ သုခသဟဂတ ဥပေက္ခာသဟဂတပဒတို့လည်းကောင်း၊ ဣတိ–ဤသို့၊ ဧတေ–ဤ ၁၂၀–သော ပုဒ်တို့သည်၊ နဝမဿ–ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော၊ ပဒဿ–သမ္မယုတ္တေန သမ္မယုတ္တံ–ဟူသော ဥဒ္ဒေသပဒ၏၊ နိဒ္ဒေသေ–နိဒ္ဒေသ၌၊ သင်္ဂဟံ–ပေါင်းယူအပ်ကုန်သည်၏ အဖြစ်သို့၊ ဂတာ–ရောက်ကုန်၏။

http://www.dhammadownload.com

“ နဝမကား, သမ်ရနာမ်သာ ”

ဟောပုဒ် ဤနဝမနယဌ် သမ္မယုတ်ရကောင်း ရှိကောင်း ကြွင်းကောင်းသော (ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်မနာယတန သတ္တဝိညာဏဓာတ် အစရှိသော) နာမ်ကိုရသော ပုဒ်မျိုးတို့ကိုသာ ဟောပုဒ်ထုတ်ရ၏၊ နာမ်ကိုပင် အရ ကောက်ရစေကာမူ သမ္မယုတ်မရကောင်းသော နိရောဓသစ္စာကဲ့သို့သောပုဒ်မျိုး, သမ္မယုတ်တရားကြွင်းမရှိသော ကုသလာ ဓမ္မာ-အစရှိသော ပုဒ်မျိုးတို့ကို ဟောပုဒ် မထုတ်ရ။

“ ယေနှစ်ဖြာကို, ယှဉ်ရာပြန်လှန်, စွဲသင့်တန်၏။ ”

ယေစွဲ ဤနဝမနယဌ်လည်း ယေနှစ်ခု ပါရှိရာ ရှေ့ယေ-အရ ဟောပုဒ်နှင့် သမ္မယုတ်ဖြစ်ထိုက်သမျှသော တရားတို့ကို စွဲရမည်၊ နောက်ယေ၏ အရကိုမူ ရှေ့ယေ၏အရှန့် သမ္မယုတ်ဖြစ်သော (ဟောပုဒ်)တရားများကိုပင် ပြန်လှန် စွဲရမည်၊ စိတ်ယှဉ် စေတသိက်ယှဉ်ကို နားလည်ပြီးဖြစ်ပါက ဤနယ ယေစွဲအတွက် ခက်ခဲစရာ မရှိပါပေ။

ပုစ္ဆာဝိဿဇ္ဇနာ ယေနှစ်ဖြာကို, ယှဉ်ရာပြန်လှန်, စွဲသင့်တန်၏-ဟူသော ဥပ ဒေသ, သမ္မယုတ္တေန သမ္မယုတ္တံ-ဟူသော ဥဒ္ဒေသတို့အား လျော်စွာ ဝေဒနာကွန္ဓေန ယေ ဓမ္မာ သမ္မယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ သမ္မယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သမ္မယုတ္တာ-ဟု ပုစ္ဆာပါဠို ထုတ်ထားပါ။

ထို့နောက် “ကတ္တားပြန်ကာ, ဟောသည့်ရာဝယ်, ဖြေမှာရှေ့ယေ, ရတိုင်းဖြေ” ဟု ဆိုထားခဲ့သည့်အတိုင်း ရှေ့ယေ-အရကို မုချ-ကေဟိစိ ခွဲ၍ ခန္ဓာ အာယတန ဓာတ်ဖွဲ့လျက် ရသင့်သည်အား လျော်စွာ အဖြေဝိဿဇ္ဇနာ ဆက်ထုတ်က ပုစ္ဆာ ဝိဿဇ္ဇနာပါဠိအစုံ ဖြစ်လာပေလိမ့်မည်၊ အနက်ယောဇနာရာမှာလည်း ထိုခန္ဓာ-စသည်တို့၏ သရုပ်ကို ဖော်ထုတ်ယောဇနာရသည်။

ပြဆိုခဲ့ပြီးသည့်အတိုင်း လေ့ကျင့်သွားပါက သက်သာလွယ်ကူစွာဖြင့်ပင် နားလည်နိုင်ပေလိမ့်မည်၊ သဘော ပေါက်လာပါလိမ့်မည်၊ ကျက်စရာ မလိုပါ။

http://www.dhammadownload.com

အကျဉ်းဆောင်	အမ္ဘန္တရမာတိကာ							ဟာဟိယမာတိကာ				အကြိမ်အရေ
	ခန္ဓ	အာယတန	ဓာတု	သစ္စ	ဣန္ဒြိယ	ပဋိစ္စ	ဥပါဒ်	ဆိုင်	ဂါမဏ္ဍ	ဗလဿ ၇	ဆဗ္ဗ	
၈	၃					၁	၂					၆
၀	၁	၁			၁	၁	၁			၁		၆
၈			၇									၇
သ				၂	၈	၆	၇		၃၀			၅၃
သု					၄	၃						၇
ဥ					၁							၁
ဝ						၁	၃					၄
ဣ							၁					၁
ဗျာ							၁					၁
အ							၁					၁
သု								၅			၂	၇
သ								၃	၁၃		၄	၂၀
၈၈										၆		၆
ပေါင်း	၄	၁	၇	၂	၁၄	၁၂	၁၆	၈	၄၃	၇	၆	၁၂၀

၈၀-၆ စေတသိက်ခန္ဓာ ၃-ပါး၊ ပဋိစ္စမှ ဝေဒနာတစ်ပါး၊ ဥပရိမှ ဝေဒနာ သညာ-အားဖြင့် ၂-ပါး= ပေါင်း ၆-ပါးသည် ဝ၀-၏အရ ဖြစ်၏။

၀-၆ ဝိညာဏကွန္ဓာ၊ မနာယတန၊ မနိန္ဒြေ၊ ပဋိစ္စမှ ဝိညာဉ်၊ ဥပရိမှ စိတ္တ၊ မဟန္တရမှ စိတ္တာ ဓမ္မာ-အားဖြင့် ၆-ပါးသည် ဝ-အရ ဖြစ်၏။

၈-၇ ဝိညာဏဓာတ် ၇-ပါးသည်ပင်လျှင် ၈-၏အရ ဖြစ်၏။

သ-၅၃ သမုဒယ မဂ္ဂ-အားဖြင့် သစ္စာနှစ်ပါး၊ သဒ္ဓါ-စသော အထက်ကွန်ဒြေ ၈-ပါး၊ ပဋိစ္စမှ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝ ဥပါယာသအားဖြင့် ၆-ပါး၊ ဥပရိမှ သတိပဋ္ဌာန် သမ္မဓာန် အပ္ပမညာ ဈာန်ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်-အားဖြင့် ၇-ပါး၊ ဂေါစ္ဆကမှ တရားကိုယ်သာရသောပုဒ်-၃၀= ပေါင်း ၅၃-ပါးသည် သ-၏အရ ဖြစ်၏။

သု-၇ သု-ဒု-သော-ဒေါ-အားဖြင့် ဝေဒနိန္ဒြေ ၄-ပါး၊ ပဋိစ္စမှ သောက ဒုက္ခ ဒေါမနဿ-အားဖြင့် ၃-ပါး= ပေါင်း ၇-ပါးသည် သု-၏အရ ဖြစ်၏၊ [ဝိ-စသောငါးပါး တို့၏ အရကောက်မှာ ဆဋ္ဌနယက ဆိုခဲ့ပြီးသည့်အတိုင်းပင် ဖြစ်ပါသည်။]

ဥ-၁ ဥပေက္ခိန္ဒြေသည် ဥ-၏အရ ဖြစ်၏။

ဖ-၄ ပဋိစ္စမှ ဖဿတစ်ပါး၊ ဥပရိမှ ဖဿ စေတနာ မနသိကာရ-အားဖြင့် ၃-ပါး= ပေါင်း လေးပါးသောပုဒ်သည် ဖ-၏အရ ဖြစ်၏။

ဣ-၁ ဣဒ္ဓိပါဒသည် ဣ-အရ ဖြစ်၏။

http://www.dhammadownload.com

အက္ခရာဆုံးဖြတ်ပုံ	ယေ ဓမ္မာ	ယေ ဓမ္မာ	သမ္မယုတ္တာ			
			ဧကန္တိ	အနိယတ-	ဒေါသမူ	ကေဟိစိ
ဓေ	စိတ်-၈၉၊ စေ-၅၁	ဝေဒနာက္ခန္ဓာ	၃	၁	၇	စေ-၅၁
ဝိ	စေ-၅၂	ဝိညာဏက္ခန္ဓာ	၃			စေ-၅၂
စ	စေ-၇	စက္ခုဝိညာဏဓာတ်	၃			စေ-၇
သ	လောဘမူ-၈၊ စေ-၂၁	သမုဒယသစ္စာ	၃	၁	၁	စေ-၂၁
သု	သုကာဝိ်၊ စေ-၆	သုခိန္ဒြေ	၃	၁	၁	စေ-၆
ဥ	ဥ-၅၅၊ စေ-၄၆	ဥပေက္ခိန္ဒြေ	၃	၁	၆	စေ-၄၆
ဖ	စိတ်-၈၉၊ စေ-၅၁	ဖဿ	၃	၁	၇	စေ-၅၁
ဣ	စေတသိက်-၃၃	ဣဒ္ဓိပါဒ်	၂			စေ-၃၃
ဗျာ	ဂျုတ်-၂၇၊ လော-၈၊ စေ-၃၃	ဗျာန်	၂	၁	၁	စေ-၃၃
အ	စိတ်-၇၈၊ စေ-၅၀	အဓိမောက္ခ	၃	၁	၂	စေ-၅၀
သု	သုခဝေဒနာ	သု-၆၃၊ စေ-၄၆	၁			သုခဝေ
သ	ဝိတက်-ဝိစာရ	သဝိတက္ကသဝိစာရ				ဝိ+ဝိစာ
စေ	စိတ်-၈၉	စေတသိက်-၅၂	၁	၁	၇	

ဗျာ-၁ ဗျာနသည် ဗျာ-၏ အရဖြစ်၏။

အ-၁ အဓိမောက္ခသည် အ-၏ အရဖြစ်၏။

သု-၇ တိက်မှ ဝေဒနာတိက်ပုဒ် ၃-ပါး, သုခသဟဂတ, ဥပေက္ခာသဟဂတ-အားဖြင့် ၅-ပါး၊ ပိဋ္ဌဒုက်မှ သုခသဟဂတာ, ဥပေက္ခာသဟဂတာ-ဟူကုန်သော ၂-ပါး အားဖြင့်= ပေါင်း ၇-ပါးသည် သု-၏ အရဖြစ်၏။

သ-၂၀ တိက်မှ သဝိတက္ကသဝိစာရာ, အဝိတက္ကဝိစာရမတ္တာ, ပီတိသဟဂတာ-အားဖြင့် ၃-ပါး၊ *ဂေါစ္ဆကမှ တရားကိုယ်ကို ကြဉ်၍ကောက်ရသော နာမက္ခန္ဓာလေးပါးရသောပုဒ်-၁၃၊ ပိဋ္ဌိမှ သဝိတက္ကာ, သဝိစာရာ, သပ္ပီတိကာ, ပီတိသဟဂတာ-အားဖြင့် ၄-ပါး= ပေါင်း ၂၀-သောပုဒ်များသည် သ-၏ အရဖြစ်၏။

[ဟေတုဂေါစ္ဆကမှ သဟေတုကာစေဝ ဓမ္မာ နဝ ဟေတူ, ဟေတုသမ္မယုတ္တာစေဝ ဓမ္မာ နဝ ဟေတူ, နဟေတူဧေါပန ဓမ္မာ သဟေတုကာပိ-အားဖြင့် ၃-ပါး၊ အာသဝ-စသောဂေါစ္ဆကခုနစ်ခုမှ အာသဝသမ္မယုတ္တာစေဝ ဓမ္မာ နောစ အာသဝါနှင့် အလားတူ ၇-ပါး၊ ကိလေသဂေါစ္ဆကမှ သံကိလေသိကာစေဝ ဓမ္မာ နောစ ကိလေသာ, ကိလေသ သမ္မယုတ္တာစေဝ ဓမ္မာ နောစ ကိလေသာ-အားဖြင့် ၂-ပါး= ပေါင်း ၁၃-ပါးတို့သည် တရားကိုယ်ကြဉ်ကောက်ရသော နာမက္ခန္ဓာရသည့် ဂေါစ္ဆကပုဒ်များတည်း။]

စေ-၆ မဟန္တရမှ စေတသိက်သာရသော စေတသိကာ ဓမ္မာ-စသော ၆-ပုဒ်သည် စေ-၏ အရဖြစ်၏။

http://www.dhammadownload.com

ဒသမနယနိဒ္ဒေသ

ဥဒ္ဒါနဂါထာမှာ ဆဋ္ဌနယဥဒ္ဒါနဂါထာနှင့် တူပါပြီ၊ တစ်စုံတစ်ရာ ထူးခြားချက် မရှိပါ။

“ ဟောရန်ဒသ, ဆဋ္ဌံတူမျှသား။ ”

ဟောပုဒ် ဤဒသမနယဌာနလည်း ဆဋ္ဌနယမှာကဲ့သို့ ရုပ်မျှသာရသောပုဒ်မျိုး, နိဗ္ဗာန်မျှသာ ရသောပုဒ်မျိုး, ရုပ်နိဗ္ဗာန်မျှသာရသောပုဒ်မျိုး, နာမကွန်နှာ

ဝိပွယုတ္တေန ဝိပွယုတ္တံ

အပေါင်းဆောင်	အဗ္ဗန္တရာမတိကာ							ဗာဟိယမာတိကာ					ဒဿဝိဓ
	ခန္ဓ	အာယတန	ဓာတု	ဣန္ဒြိယ	သစ္စ	ဟေတု	ဝေဒနာ	ဖဿ	စေတနာ	ဇီဝိတ	မနသိကာရ	ဆန္ဒ	
၁	၁	၁၀	၁၀	၁	၇	၃		၂		၅	၄		၄၃
၈	၄	၁			၁	၃	၆				၇		၂၂
၉*			၇	၂	၁၂	၁၂	၉	၂၅	၁၄			၁၁	၁၃၂
၁*					၁			၂				၁	၄
၅						၁							၁
၅							၁	၄				၃	၈
၀								၆			၁		၇
၆								၃			၁		၄
၅								၄	၁၈	၁		၃	၂၆
၅								၁				၂	၃
ပေါင်း	၅	၁၁	၁၇	၃	၂၁	၁၉	၁၆	၄၇	၁၂	၆	၁၃	၂၀	၂၅၀

http://www.dhammadownload.com

မျှသာ ရသောပုဒ်မျိုး, ရပ်နိဗ္ဗာန်နှင့်နာမကမ္မန္ဓာတို့ပင် ရောနှောနေစေကာမူ ဝိပွယုတ် ဖြစ်စရာ ဝိညာဏာဓာတ်ကြွင်းရှိသော ပုဒ်မျိုးကိုသာ ဟောပါသည်။

" နှစ်ဝယေမှာ, ဝိပ်ကိုသာတည်း၊ "

ယေစွဲ ဤနယဋ္ဌလည်း ယေနှစ်ခု ပါရှိ၏၊ ပထမယေကို ဟောပုဒ်နှင့် ဝိပွယုတ် ဖြစ်သမျှသော တရားကို စွဲရမည်၊ ဒုတိယယေ-အရကိုမူ ပထမယေ-အရတရားနှင့် ဝိပွယုတ်ဖြစ်သမျှသော တရားတို့ကို စွဲရမည်၊ နဝမနယမှာကဲ့သို့ အပြန်အလှန် မစွဲရ။

ဝိပွယုတ္တေန ဝိပွယုတ္တံ

အကျဉ်းဆောင်ပုဒ်	ယေ ဓမ္မာ	ယေ ဓမ္မာ	ဝိပွယုတ္တာ			
			ခန္ဓာ	ဓာတ်	အာယ	ကေဟိစိ
ရူ	နာမကမ္မန္ဓာ-၄	ရုပ်၊ နိ	၄	၁	၇	စေ-၅၂
ဓေ	ရုပ်၊ နိ	နာမကမ္မန္ဓာ-၄	၁	၁၀	၁၀	သု၊ နိ
***စ**	ဆဝိ-ပ္ပဝဒ်၊ ရုပ်၊ နိ	စ-ပ္ပဝဒ်	၁	၁၀	၁၆	သု၊ နိ
***ဥ**	သု, ဒု, သော, ဒေါ-ပ္ပဝဒ်၊ရုပ်၊နိ	ဥ-ပ္ပဝဒ်	၁	၁၀	၁၁	သု၊ နိ
ရူ	ကာ, အရူ-ဘဝ-ဟု ဆိုအပ်သော စိ၊စေ၊ ကု,အကု,ဖိုလ်,ကြို-ပ္ပဝဒ်	ရူပဘဝ			၃	
အ	ဒွေး-၁၀၊ဝိစိ-ပ္ပဝဒ်၊ရုပ်၊နိ	အဓိဖြစ်-ပ္ပဝဒ်	၁	၁၀	၁၅	သု၊ နိ
ဝိ	ကု,အကု,ကြို-ပ္ပဝဒ်၊ရုပ်၊နိ	ဝိ-ပ္ပဝဒ်	၁	၁၀	၁၀	သု၊ နိ
နေ	ကု, အကု, ဝိ-ပ္ပဝဒ်	နေဝိ. . . . ဓမ္မ			၅	
အ	စိ,စေဖြစ်သော ပ+ဒု-ဓမ္မ	အနုပါ-အနု-ဓမ္မ			၆	
အ	သဝိတက္ကသဝိစာရ, အဝိတက္ကဝိစာရမတ္တဓမ္မ	အဝိတက္ကအဝိစာ -ဓမ္မ			၁	

http://www.dhammadownload.com

ပုစ္ဆာနှင့်ဝိဿဇ္ဇနာ နှစ်ဝယေမှာ, ဝိပ်ကိုသာတည်း-ဟူသော ဥပဒေသ, ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တံ-ဟူသော ဥဒ္ဒေသတို့အားလျော်စွာ "ရူပက္ခန္ဓေန ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ ဝိပ္ပယုတ္တာ"ဟု ပုစ္ဆာပါဠိထုတ်ရမည်။

ရူ-၄၃ ရူပက္ခန္ဓာတစ်ပါး၊ သြဠာရိကာယတန ၁၀-ပါး၊ သြဠာရိကဓာတ် ၁၀-ပါး၊ နိရောဓသစ္စာ ၁-ပါး၊ ရုပ်ကြွင်း ၇-ပါး၊ ပဋိစ္စမှ အသညီဘဝ ဧကဝေါကာရ ဘဝ ပရိဒေဝ-အားဖြင့် ၃-ပါး၊ တိက်မှ သနိဒဿနသပ္ပဋိဃ အနိဒဿနသပ္ပဋိဃ-အားဖြင့် ၂-ပါး၊ စူဠန္တရမှ အပစ္စယ အသခ်ံတ သနိဒဿန သပ္ပဋိဃ ရူပိ-အားဖြင့် ၅-ပါး၊ မဟန္တရမှ အနာရမ္မဏ စိတ္တဝိပ္ပယုတ္တ စိတ္တဝိသံသဋ္ဌ ဥပါဒါ-အားဖြင့် ၄-ပါး= ပေါင်း ရူ-အရ ၄၃-ပုဒ်ဖြစ်၏။ [ဆဋ္ဌ ရူ-အရနှင့် တူ၏။]

ဝေ-၂၂ နာမ်ခန္ဓာ ၄-ပါး၊ မနာယတနတစ်ပါး၊ မနိန္ဒြေတစ်ပါး၊ ပဋိစ္စမှ ဝိညာဉ် ဖဿ ဝေဒနာ-အားဖြင့် ၃-ပါး၊ ပရတောမှ အဓိမောက္ခကြဉ်သော ဖဿ သတ္တက ၆-ပါး၊ မဟန္တရမှ စိတ္တာ ဓမ္မာနှင့် စေတသိက်သာရသော ၆-ပဒ-အားဖြင့် ၇-ပါး= ပေါင်း ၂၂-ပါးသော ပုဒ်များသည် ဝေ-အရ ဖြစ်၏။ [ဆဋ္ဌဝေနှင့် အရ တူ၏။]

စ-၁၃၂ ဝိညာဏာဓာတ် ၇-ပါး၊ သမုဒယ မဂ္ဂ-အားဖြင့် သစ္စာ ၂-ပါး၊ ဥ-ကြဉ် ဝေဒနိန္ဒြေ ၄-ပါး၊ သဒ္ဓါ-စသော အထက်ကွန်ဒြေ ၈-ပါးအားဖြင့် ကွန်ဒြေ ၁၂-ပါး၊ ပဋိစ္စမှ အဝိဇ္ဇာ သခ်ါရ တဏှာ ဥပါဒါန် ကမ္မဘဝ အရူပဘဝ နေဝသညီ နာသညီဘဝ စတုဝေါကာရဘဝ သောက ဒုက္ခ ဒေါမနဿ ဥပါယာသ-အားဖြင့် ၁၂-ပါး၊ ပရတောမှ သတိပဋ္ဌာန်အစ မဂ္ဂင်အဆုံးရှိသော ၉-ပါး၊ နာမ်ခန္ဓာ ၄-ပါး၍ မနောဝိညာဏာဓာတ် တစ်ပါးသာ ပါရှိသောတိုက်ပုဒ် ၂၅-ပါး၊ ဂေါစ္ဆကမှ နာမက္ခန္ဓာသာ ရသောပုဒ် ၅၄-ပါး၊ နာမက္ခန္ဓာလေးပါး၍ မနောဝိညာဏာဓာတ်တစ်ပါးသာ ပါရှိသော ပိဋ္ဌဒုက်မှ ၁၁-ပါး= ပေါင်း စ-အရ ၁၃၂-ဖြစ်၏။

နာမ်ခန္ဓာလေးပါး၍ မနောဝိညာဏာဓာတ်တစ်ပါးသာ ပါရှိသော တိုက်ပုဒ်များမှာ ကုသလ, အကုသလ, ဝိပါကဓမ္မဓမ္မ, သဲကိလိဋ္ဌ, သဲကိလေသိက, အဝိတက္ကဝိစာရမတ္တ, ပီတိသဟဂတ, ဒဿနေန ပဟာတဗ္ဗ, ဘာဝနာယ ပဟာတဗ္ဗ, ဒဿနေန ပဟာတဗ္ဗ ဟေတုက, ဘာဝနာယ ပဟာတဗ္ဗဟေတုက, အာစယဂါမိ, အပစယဂါမိ, သေက္ခ,

http://www.dhammadownload.com

ထို့နောက် "ကတ္တားပြန်ကာ, ဟောသည့်ရာဝယ်, ဖြေမှာရှေ့ယေ, ရတိုင်းဖြေ"ဟု ဆိုခဲ့ပြီးသည်အားလျော်စွာ ပထမယေ-အရ တရားကို မုချ-ကေဟိစိ ခွဲ၍ ခန္ဓာအာယတန ဓာတ်-ဖွဲ့လျက် ရသင့်သည်အားလျော်စွာ ဝိဿဇ္ဇနာပါဠိ ထုတ်ရမည်၊ အနက်ယောဇနာရာဒ္ဓလည်း ထိုခန္ဓာ အာယတန ဓာတ်တို့၏ သရုပ်ကိုပင် ထိုက်သည့် အားလျော်စွာ ဖော်ထုတ် ယောဇနာရမည်။

အသေက္ခ, မဟဂ္ဂတ, မဟဂ္ဂတာရုမဏ, အပ္ပမာဏာရုမဏ, ဟီန, မိစ္ဆတ္တနိယတ, သမ္မတ္တနိယတ, မဂ္ဂါရုမဏတိက်ပုဒ် ၃-ပုဒ်, အတီတာရုမဏ, အနာဂတာရုမဏတို့ ဖြစ်ကြသည်။

နာမက္ခန္ဓာသာရသော ဂေါစ္ဆကပုဒ်များကား ဟေတုဂေါစ္ဆကမှ ၈-ပါး၊ အာသဝ-စသော ဂေါစ္ဆကခုနစ်ခုဌ် တစ်ခုတစ်ခုမှာ ငါးပါးငါးပါးစီအားဖြင့် ၃၅-ပါး၊ ပရာမာသ ဂေါစ္ဆကမှ ၃-ပါး၊ ကိလေသဂေါစ္ဆကမှ ရှစ်ပါး= ပေါင်း ၅၄-ပါးတို့တည်း။

ဥ-၄ ဥပေက္ခိန္ဒြေတစ်ပါး၊ တိက်မှ အဒုက္ခမသုခါယ ဝေဒနာယသမ္မယုတ္တ, ဥပေက္ခာသဟဂတ-အားဖြင့် ၂-ပါး၊ ပိဋ္ဌိမှ ဥပေက္ခာသဟဂတတစ်ပါး= ပေါင်း ဥ-အရ ၄-ပါးဖြစ်၏။

ရူ-၁ ရူပဘဝသည် ရူ-၏အရ ဖြစ်၏။

အ-၈ ပရတောမှ အဓိမောက္ခတစ်ပါး၊ တိက်မှ သုခါယဝေဒနာယ သမ္မယုတ္တ, ဒုက္ခာယ ဝေဒနာယ သမ္မယုတ္တ, သဝိတက္ကသဝိစာရ, သုခသဟဂတ-အားဖြင့် ၄-ပါး၊ ပိဋ္ဌိမှ သဝိတက္က, သဝိစာရ, သုခသဟဂတ-အားဖြင့် ၃-ပါး= ပေါင်း အ-အရ ၈-ပါးဖြစ်၏။

ဝိ-၇ တိက်မှ ဝိပါကာ, ပရိတ္တာရုမဏ, ပစ္စုပ္ပန္နာရုမဏ, အဇ္ဈတ္တာရုမဏ, ဗဟိဒ္ဓါရုမဏ, အဇ္ဈတ္တဗဟိဒ္ဓါရုမဏ-အားဖြင့် ၆-ပါး၊ မဟန္တ ရုမ္မ သာရုမဏတစ်ပါး= ပေါင်း ဝိ-အရ ၇-ပါးဖြစ်၏၊ ဆဋ္ဌနှင့်တူ၏။

နေ-၄ နေဝဝိပါကနဝိပါကဓမ္မဓမ္မာ, အနုပါဒိန္နုပါဒါနိယ, အနုပ္ပန္န-အားဖြင့် တိက်ပုဒ် ၃-ပါး၊ မဟန္တ ရုမ္မ အနုပါဒိန္နာတစ်ပါး= ပေါင်း နေ-အရ ၄-ပါး ဖြစ်၏။

အ-၂၆ တိက်မှ အနုပါဒိန္နအနုပါဒါနိယ, အသံကိလိဋ္ဌအသံကိလေသိက, အပ္ပမာဏ, ပဏီတ-အားဖြင့် ၄-ပါး၊ ဂေါစ္ဆကမှ လောကုတ္တရာစိတ္တုပ္ပာဒ် နိဗ္ဗာန်ရသောပုဒ်

http://www.dhammadownload.com

“ *စ”၌ ဒုတိယယေ-အရ စက္ခုဝိညာဏစိတ္တုပ္ပာဒ်နှင့် ဝိပွယုတ်ဖြစ်သော တရားများမှာ ရှေ့ယေ-အရ၌ ပါဝင်နေသော ဆဝိညာဏစိတ္တုပ္ပာဒ် ရုပ် နိဗ္ဗာန် တို့ပင် ဖြစ်သည်၊ ထိုတရားများကို ခန္ဓာ အာယတန ဖွဲ့ကြည့်က ခန္ဓာငါးပါး မုချအာယတန ၁၁-ပါး ရသည်၊ ထို့ကြောင့် ပဋ္ဌာဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ -ဟု ဝိဿဇ္ဇနာ ထုတ်သင့်သည်-ဟု ထင်မှတ်ဖွယ် ရှိ၏၊ အမှန်မှာ ထိုသို့ မမှတ် ထင်သင့်ပေ၊ ဆဝိညာဏစိတ္တုပ္ပာဒ်သည် ဆဋ္ဌနယ-က ပြဆိုခဲ့ပြီးသည့်အတိုင်း ဝိညာဏဓာတ်အရာ၌သာ ဝိပွယုတ်ဖြစ်၏၊ ခန္ဓာ အာယတနအရာ၌ ဝိပွယုတ် ဖြစ်သည်မဟုတ်၊ ထို့ကြောင့် ရူပက္ခန္ဓာတစ်ပါး၊ သြဋ္ဌာရိကာယတန ၁၀-ပါးသာ ဖြစ်ရသည်၊ အဋ္ဌမနယ၌ ပြဆိုထားသည်ကိုလည်း ပြန်ကြည့်ပါ။

“ *ဥ”၌လည်း ဒုတိယယေ-အရ ဖြစ်သော ဥပေက္ခာစိတ္တုပ္ပာဒ်နှင့် ဝိပွယုတ် ဖြစ်သော တရားများကိုသာ အလိုရှိအပ်ပေသည်၊ ထိုဥပေက္ခာစိတ္တုပ္ပာဒ်၌လည်း ကာယဝိညာဏဓာတ်မှ တစ်ပါးသော ဆဝိညာဏဓာတ် ပါဝင်နေသည်၊ သို့ဖြစ်၍ ထိုဆဝိညာဏဓာတ်နှင့် ဝိပွယုတ်ဖြစ်စရာ ကာယဝိညာဏဓာတ် တစ်ပါးသာ ရနိုင်သည်၊ မနောဝိညာဏဓာတ်မှာမူ သူတို့ချင်းချင်း သမွယုတ် ဝိပွယုတ် နှစ်ပါး လုံးပင် မဟုတ်နိုင်သောကြောင့် မရနိုင်တော့ချေ၊ သို့ဖြစ်၍ ကာယဝိညာဏဓာတ်နှင့် သြဋ္ဌာရိကဓာတ်-ဟု ဆိုအပ်သော ဓာတ် ၁၁-ပါးသာ အဖြေဝိဿဇ္ဇနာ ထွက်ရတော့သည်။

၁၈-ပါး၊ စူဠန္တရမှ လောကုတ္တရာ ဓမ္မာတစ်ပါး၊ ပိဋ္ဌိမှ နကာမာဝစရ, အပရိယာပန္နာ, အနုတ္တရ-အားဖြင့် ၃-ပါး= ပေါင်း အ-အရ ၂၆-ပါး ဖြစ်၏။

*အာသဝ-အစ ကိလေသ-အဆုံးရှိသော ဂေါစ္ဆက ၉-ခုတို့၌ ဒုတိယဒုက်၏ ဒုတိယပဒနှင့် အဆုံးဒုက်များ၏ ဒုတိယပဒ-ဟူ၍ ဂေါစ္ဆကတစ်ခုတစ်ခုမှာ နှစ်ပဒစီ နှစ်ပဒစီ ရှိကြရကား ၁၈-ပါးသော ပုဒ်တို့သည် လောကုတ္တရာစိတ္တုပ္ပာဒ်နှင့် နိဗ္ဗာန်ရသော ဂေါစ္ဆကပုဒ်များ ဖြစ်ကြ၏။

အ-၃ တိက်မှ အဝိတက္ကအဝိစာရတစ်ပါး၊ ပိဋ္ဌိမှ အဝိတက္ကာ, အဝိစာရာ-အားဖြင့် ၂-ပါး၊= ပေါင်း ၃-ပါးသောပုဒ်တို့သည် အ-၏အရ ဖြစ်ကြ၏။

http://www.dhammadownload.com

ဧကာဒသမနယနိဒ္ဒေသ

ဥဒ္ဒါနဂါထာမှာ စတုတ္ထနယနှင့် မထူးတော့ချေ။

သင်္ဂဟိတေန သမ္မယုတ္တဲ့ ဝိပ္ပယုတ္တဲ့

အကျဉ်းထောင်	အဖွဲ့နှံ့ ရမာတိကာ				ဗာ		ယေ ဓမ္မာ	သမ္မယုတ္တာ				ဝိပ္ပယုတ္တာ			
	သင်္ခ	ဝေဒ	သ	သင်	ဗာ	ဗဒ		ခန္ဓာ	ဝတ္ထု-	ဝ	ကေဟိစိ	ခန္ဓာ	ဝတ္ထု-	ဝ	ကေဟိစိ
သ	၁	၃	၅	၆	၃၀	၄၃	သင်-၄၉	၃	၁	၇	သမု,ဓေ,သဉ်	၁	၁၀	၁၀	သု-နိ
ဓ	၁	၅	၂	၇		၁၅	သင်-၅၀	၃	၁	၇	မဂ်,ဓေ,သဉ်	၁	၁၀	၁၀	သု-နိ
ဣ		၂				၂	သုခုမရုပ်-၁၅					၄	၁	၇	စေ-၅၂
သု		၄	၃			၇	ဝေဒနိန္ဒြေ-၄	၃	၁	၇	စေ-၅၁	၁	၁၀	၁၀	သု-နိ
ဥ		၁				၁	။	၃	၁	၂	စေ-၅၀	၁	၁၀	၁၅	သု-နိ
ပ			၁			၁	အပရိဒေဝ-စိတ္တဇသဒ္ဒ ဥတုဇသဒ္ဒ					၄	၁	၇	စေ-၅၂
ပေါင်း	၂	၁၅	၁၁	၁၁	၃၀	၆၃									

“ ဧကာဒသမ, ဟောပဒကို, စ-တိုင်းမှတ်ပါ၊ ”

ဟောပုဒ် ဤဧကာဒသမနယဒ္ဒေလည်း စတုတ္ထနယမှာကဲ့သို့ ဝေဒနာတစ်စိတ်တစ်ဒေသမျှရသော ပုဒ်မျိုး, သင်္ခါရတစ်စိတ်တစ်ဒေသမျှရသော ပုဒ်မျိုး, သဒ္ဒတစ်စိတ်တစ်ဒေသမျှရသော ပုဒ်မျိုး, သုခုမရုပ်တစ်စိတ်တစ်ဒေသမျှရသောပုဒ်မျိုးတို့ကိုသာ ဟောပုဒ် ထုတ်ရသည်။

ယေစွဲ ယေစွဲသောအခါလည်း စတုတ္ထနယ-၌ ဆိုခဲ့ပြီးသည့်အတိုင်း ခန္ဓာ အာယတန ဓာတ် -သုံးပါးတူအောင် ဝေဒနာအချင်းချင်း, သင်္ခါရအချင်းချင်း, သဒ္ဒအချင်းချင်း, သုခုမအချင်းချင်း ဟောပုဒ်မှ ကြွင်းသမျှကို စွဲရမည်။

ပုစ္ဆာဝိဿဇ္ဇနာ သုံးသာတူမျှ, ယေစွဲရရှင့်-ဟူသော ဥပဒေသ, သင်္ဂဟိတေန သမ္မယုတ္တဲ့ ဝိပ္ပယုတ္တဲ့-ဟူသော ဥဒ္ဒေသတို့အားလျော်စွာ “သမုဒယသစ္စေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ အာယတနသင်္ဂဟေန သင်္ဂဟိတာ ဓာတုသင်္ဂဟေန သင်္ဂဟိတာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာ

http://www.dhammadownload.com

ယတနေဟိ ကတိဟိ မာတူဟိ သမ္မယုတ္တာ"အစရှိသည်ဖြင့် ပုစ္ဆာထုတ်ထားရမည်၊ အဖြေထုတ်လိုက ထိုယေစွဲထားသော တရားများနှင့် ယှဉ်သောတရား မယှဉ်သော တရားတို့ကို ဆဋ္ဌနည်းသဘောသွားအတိုင်း ခွဲစိတ်ဓေဖန်၍ ထုတ်ပါ၊ စတုတ္ထနယနှင့် ဆဋ္ဌနယတို့ကို တွဲစပ်ဟောကြားထားရုံမျှသာ ဖြစ်၍ ဤနယအတွက် အထူး ညွှန်ကြားဖွယ် မလိုတော့ချေ။

မှတ်ချက် စတုတ္ထနယ၌ပြဆိုခဲ့သော သ-မ-ဣ-သု-ပ-ဟူသော အက္ခဉ်း ဆောင်ပုဒ် ငါးခုတို့တွင် သု-အရ ရှစ်ပါးမှ ဥပေက္ခိန္ဒြေကို သီးသန့် ထုတ်ယူထားသည်၊ ထို့ကြောင့် သု-အရ ၇-ပါး၊ ဥ-အရ ၁-ပါး ဖြစ်လာ၏၊ ကြွင်းကျန်သောပုဒ်တို့၏ အရကောက်မှာလည်း စတုတ္ထနယက ပြဆိုခဲ့သည့် အတိုင်းပင် ဖြစ်သည်။

ဒွါဒသမနယနိဒ္ဒေသ

ဥဒ္ဒါနဂါထာမှာ နဝမနယအတိုင်းပင် ဖြစ်သည်၊ ထူးခြားချက် မရှိ။

သမ္မယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ

အစ္ဆန္ဒ ရမာတိကာ							ဗာဟိယမာတိကာ				ဥဒ္ဒါန
ဖဿ	ဝေဒနာ	သညာ	စေတနာ	ဧကဂ္ဂတာ	ဇီဝိတ	မနသိကာရ	ဖဿ	ဝေဒနာ	သညာ	စေတနာ	
၈	၃					၁	၂					၆
၀	၁	၁	၇		၁	၁	၂			၁		၁၄
သ				၂	၈	၆	၇		၃၀			၅၃
သု					၄	၃	၁					၈
ဥ					၁							၁
ဖ						၁	၃					၄
အ							၁					၁
သု								၈	၁၃		၆	၂၇
၈၀										၆		၆
ပေါင်း	၄	၁	၇	၂	၁၄	၁၂	၁၆	၈	၄၃	၇	၆	၁၂၀

http://www.dhammadownload.com

" ဒွါဒနဝမာ, နည်းတူလာ၏။ "

ဟောပုဒ် ဤဒွါဒသမနယဒ္ဌလည်း နဝမနယမှာကဲ့သို့ သမ္မယုတ်ရကောင်း, ရှိကောင်း, ကြွင်းကောင်းသော နာမကွန္ဓာရသော ပုဒ်တို့ကိုသာ ဟောပါသည်။

" ယေမှာ သမ္မ "

ယေစွဲ ယေစွဲရာဌ်လည်း နဝမမှာကဲ့သို့ သမ္မယုတ်ဖြစ်ထိုက်သမျှသော တရားတို့ကို စွဲရမည်၊ ထိုယေစွဲထားသော တရားတို့ကို ပထမနယအတိုင်း သင်္ဂီတ အသင်္ဂီတဖြင့် ဝေဖန်၍ အဖြေဝိဿဇ္ဇနာထုတ်ရမည်၊ အနက်ယောဇနာရာဌ်လည်း ထိုခန္ဓာ-စသည်တို့ကိုပင် သရုပ်ဖော်၍ ယောဇနာရမည်။

ပုစ္ဆာ ယေမှာသမ္မ-ဟူသော ဥပဒေသ, သမ္မယုတ္တေန သင်္ဂီတိတံ အသင်္ဂီတိတံ-ဟူသော ဥဒ္ဒေသတို့အားလျော်စွာ "ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ သမ္မယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂီတာ" စသည်ဖြင့် ပုစ္ဆာပါဠိ ဖြစ်ပေါ်လာရပုံကိုလည်း နားလည်သဘောပေါက်ပါစေ။

သမ္မယုတ္တေန သင်္ဂီတိတံ အသင်္ဂီတိတံ

အကြောင်းပြုအဖွဲ့	ယေ ဓမ္မာ	သင်္ဂီတာ			အသင်္ဂီတာ		
		ခန္ဓာဒို့	အာယတန-ဒွါဒသင်္ဂ	ဓာတ်ဆယ်ရှစ်ပါး	ခန္ဓာဒို့	အာယတန-ဒွါဒသင်္ဂ	ဓာတ်ဆယ်ရှစ်ပါး
ဧ	စိတ်-၈၉၊ စေ-၅၁	၃	၂	၈	၂	၁၀	၁၀
ဒိ	စေ-၅၂	၃	၁	၁	၂	၁၁	၁၇
သ	လောဘမူ-၈၊ စေ-၂၁	၄	၂	၂	၁	၁၀	၁၆
သု	သုကာဝီ၊ စေ-၆	၃	၂	၂	၂	၁၀	၁၆
ဥ	ဥ-၅၅၊ စေ-၄၆	၃	၂	၇	၂	၁၀	၁၁
ဖ	စိတ်-၈၉၊ စေ-၅၁	၄	၂	၈	၁	၁၀	၁၀
အ	စိတ်-၇၈၊ စေ-၅၀	၄	၂	၃	၁	၁၀	၁၅
သု	သုခဝေဒနာ	၁	၁	၁	၄	၁၁	၁၇
ဧ	စိတ်-၈၉	၁	၁	၇	၄	၁၁	၁၁

http://www.dhammadownload.com

တေရသမနုယနိဒ္ဒေသ

ဥဒ္ဒါနဂါထာ

ရူပဥ္စ ဓမ္မာယတနံ ဓမ္မဓာတု , ဣတ္ထိပုမံ ဇီဝိတံ နာမရူပံ။
ဒွေ ဘဝါ ဇာတိ ဇရာ မစ္စု ရူပံ , အနာရမ္မဏာ နောစိတ္တံ စိတ္တေန ဝိပ္ပယုတ္တံ။
ဝိသံသဋ္ဌံ သမုဋ္ဌာနံ သဟဘု-အနုပရိဝတ္တိ ဇာဟိယံ ဥပါဒါ၊
ဒွေ ဝိသယော ဇသ နယော သုဗ္ဗဒွေါ။

ရူပဥ္စ-ရူပက္ခန္ဓာလည်းကောင်း၊ ဓမ္မာယတနံ-လည်းကောင်း၊ ဓမ္မဓာတု-လည်းကောင်း၊ ဣတ္ထိပုမံ-ဣတ္ထိန္ဒြေ ပုရိသိန္ဒြေလည်းကောင်း ဇီဝိတံ-ဇီဝိတိန္ဒြေ လည်းကောင်း၊ နာမရူပံ-နာမ်ရုပ်လည်းကောင်း၊ ဒွေ-ကုန်သော၊ ဘဝါ-အသညီဘဝ ဇကဝေါကာရဘဝတို့လည်းကောင်း၊ ဇာတိ-လည်းကောင်း၊ ဇရာ-လည်းကောင်း၊

ဝေ-၆ စေတသိက်ခန္ဓာ ၃-ပါး၊ ပဋိစ္စမှ ဝေဒနာတစ်ပါး၊ ဥပရိမှ ဝေဒနာ သညာ-အားဖြင့် ၂-ပါး= ပေါင်း ဝေ-၏အရ ၆-ပုဒ်ဖြစ်၏။

ဝိ-၁၄ ဝိညာဏက္ခန္ဓာတစ်ပါး၊ မနာယတနတစ်ပါး၊ ဝိညာဏဓာတ် ၇-ပါး၊ မနိန္ဒြေ တစ်ပါး၊ ပဋိစ္စမှ ဝိညာဉ်တစ်ပါး၊ ဥပရိမှ ဣန္ဒိပါဒ စိတ္တ-အားဖြင့် ၂-ပါး၊ မဟန္တရမှ စိတ္တာ ဓမ္မာတစ်ပါး= ပေါင်း ဝိ-အရ ၁၄-ဖြစ်၏။

သ-၅၃ သမုဒယ မဂ္ဂ-အားဖြင့် ၂-ပါး၊ သဒ္ဓါ-စသော အထက်ဣန္ဒြေ ၈-ပါး၊ ပဋိစ္စမှ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝ ဥပါယာသ-အားဖြင့် ၆-ပါး၊ ဥပရိမှ သတိ သမ္မ ဣလ် ဗော မ-အားဖြင့် ၇-ပါး၊ ဂေါစ္ဆကမှ တရားကိုယ် ရသောပုဒ် ၃၀= ပေါင်း သ-အရ ၅၃-ဖြစ်၏။

သု-၈ သု ဒု သော ဒေါ-အားဖြင့် ဝေဒနိန္ဒြေ ၄-ပါး၊ ပဋိစ္စမှ သောက ဒုက္ခ ဒေါမနဿ-အားဖြင့် ၃-ပါး၊ ဥပရိမှ စျာနတစ်ပါး= ပေါင်း သု-အရ ၈-ပုဒ် ဖြစ်၏။

ဥ-၁ ဥ-အရကား ဥပေက္ခိန္ဒြေ တစ်ပုဒ်သာတည်း။

ဖ-၄ ပဋိစ္စမှ ဖဿတစ်ပါး၊ ဥပရိမှ ဖဿ စေတနာ မနသိကာရ-အားဖြင့် ၃-ပါး= ပေါင်း ဖ-အရ ၄-ပုဒ်ဖြစ်၏။

အ-၁ အ-အရကား ဥပရိမှ အဓိမောက္ခတစ်ပါးသာတည်း။

သု-၂၇ ဝေဒနာတိက်ပုဒ် ၃-ခု, ဝိတက်တိက် ပထမ ဒုတိယဝဒ, ပီတိတိက်ပုဒ် ၃-ခု အားဖြင့် တိကဝဒရှစ်ပါး၊ ဂေါစ္ဆကမှ တရားကိုယ်ကြဉ်၍ကောက်ရသော နာမက္ခန္ဓာသာ ရသောပုဒ် ၁၃-ပါး၊ ပီဋ္ဌိမှ သဝိတက္ကာ သဝိစာရာ သပ္ပီတိကာ ပီတိ သဟဂတာ သုခသဟဂတာ ဥပေက္ခာသဟဂတာ-အားဖြင့် ၆-ပါး= ပေါင်း သု-အရ ၂၇-ဖြစ်၏။

စေ-၆ စေ-အရကား မဟန္တရမှ စေတသိက်သာရသော စေတသိကာ ဓမ္မာ-စသော ၆-ပုဒ်သာတည်း။

http://www.dhammadownload.com

မစ္ဆု–မရဏလည်းကောင်း၊ ရူပံ–ရူပိနော ဓမ္မာဟူသောပုဒ်လည်းကောင်း၊ အနာရမဏံ–လည်းကောင်း၊ နော စိတ္တံ–လည်းကောင်း၊ စိတ္တေန ဝိပ္ပယုတ္တံ–စိတ္တဝိပ္ပယုတ္တလည်းကောင်း။

စိတ္တေန ဝိသံသဋ္ဌံ–စိတ္တဝိသံသဋ္ဌလည်းကောင်း၊ စိတ္တေန သမုဋ္ဌာနံ–စိတ္တ သမုဋ္ဌာနလည်းကောင်း၊ စိတ္တေန သဟဘု–စိတ္တသဟဘုလည်းကောင်း၊ စိတ္တေန–(စိတ္တသ) အနုပရိဝတ္တိ–စိတ္တာနုပရိဝတ္တိလည်းကောင်း၊ ဗာဟိယံ–လည်းကောင်း၊ ဥပါဒါ–လည်းကောင်း၊ ဣတိ–ဤသို့၊ ဒွေဝိသယော–၂၂–ပုဒ်ရှိသော၊ ဧသ နယော–ဤနည်းသည်၊ သုဗ္ဗေါ–သိလွယ်ထင်ရှားပါ၏။

[ဤဂါထာ၌ ရူပက္ခန္ဓာနှင့်အလားတူ ၂၂–ပုဒ်သာ ပါရှိသည်၊ အရူပဘဝနှင့် အလားတူ ၁၀၈–ပုဒ်တို့ကား မပါရှိပါချေ။]

“ တေရသဝယ်, ပဋ္ဌမနည်းထဲ, ယေစိတ်စွဲနှင့်, စွဲရဿဒ္ဓာ, ဟောတုံပါလော”

ဟောပုဒ် ဤနယ၌ ပဋ္ဌမနယလာ စိတ်ကို ယေစွဲရသော ရူပက္ခန္ဓာ–အစရှိသော ၂၂–ပုဒ်, သဒ္ဓါရိကရုပ်ကို ယေစွဲရသော အရူပဘဝနှင့် အလားတူ ၁၀၈–ပုဒ်= ပေါင်း ၁၃၀–သော ပုဒ်တို့ကို ဟော၏။

အသင်္ခါတေန သမ္မယုတ္တံ ဝိပ္ပယုတ္တံ

အကျဉ်းဆောင်	အဿန္ဆ ရမာတိကာ						ဟာဟိယမာတိကာ					ဆဋ္ဌံ	ယေ ဓမ္မာ	သမ္မယုတ္တာ				ဝိပ္ပယုတ္တာ			
	ခန္ဓ	အာယတန	ဓာတု	ဣန္ဒြိယ	ဝိဒ္ဓိသင်္ခတ	ဣတ္ထိ	ထိနမိဒ္ဓ	ဝိစိကိစ္ဆာ	ဟာသ	ဟိရီ	ဩတ္တပ္ပ			ခန္ဓသင်္ဂဟ	ဓာတုသင်္ဂဟ	ဣန္ဒြိယသင်္ဂဟ	ကာမာဝစရ	ခန္ဓသင်္ဂဟ	ဓာတုသင်္ဂဟ	ဣန္ဒြိယသင်္ဂဟ	ကာမာဝစရ
ရူ	၁	၁	၁	၃	၆				၁	၉		၂၂	ဝိ-ခန်	၃			ဧကာ	၁	၁၀	၁၀	သုနိ
အ					၃	၁	၄၁	၄၂	၂	၁	၁၈	၁၀၈	သဒ္ဓါ-၁၂					၄	၁	၇	ဧကာ
ပေါင်း	၁	၁	၁	၃	၉	၁	၄၁	၄၂	၃	၁၀	၁၈	၁၃၀									

သုခုမရုပ်သာ ရသောပုဒ်များ, သုခုမရုပ်ရောနှောပါဝင်နေသော ပုဒ်များ, နာမက္ခန္ဓာရသောပုဒ်များ, နာမက္ခန္ဓာနှင့်နိဗ္ဗာန် ရောနှောနေသော ပုဒ်များတို့ကိုသာ ဟောသည်၊ ခန္ဓာငါးပါးရသောပုဒ်, သဒ္ဓါရိကရုပ်သာ ရသောပုဒ်, စေတသိက်သာရသောပုဒ်, နိဗ္ဗာန်မျှသာ ရသောပုဒ်, စိတ်သာရသောပုဒ်, စိတ်နှင့်သဒ္ဓါရိကရုပ်တို့ကိုသာရသော ပုဒ်များတို့ကို ဤနယ၌ မဟော–ဟု ဆိုလိုပါသည်။

ယေ ပဋ္ဌမေ အသင်္ခါတေန အသင်္ခါတပဒနိဒ္ဒေသေ ရူပက္ခန္ဓေန သဒိသပဉ္စ ဓမ္မာ၊ ယေစ အရူပဘဝေန သဒိသာ၊ တေယေဝ ဥဒ္ဒတာ။ ၌။

http://www.dhammadownload.com

ယေစွဲ-စသည် သုခုမရုပ်သာရသောပုဒ်မျိုး, သုခုမရုပ် ရောနှောပါဝင်နေသော ပုဒ်မျိုး ဟောပုဒ်ဖြစ်ပါက စိတ်ကို ယေစွဲပါ၊ နာမက္ခန္ဓာရသော ပုဒ်မျိုး, နာမက္ခန္ဓာနှင့်နိဗ္ဗာန် ရောနှောနေသောပုဒ်မျိုး ဟောပုဒ်ဖြစ်ပါက သြဠာရိကရုပ် ဒွါဒသကို ယေစွဲပါ။

ထိုယေစွဲထားသော တရားများကို အသင်္ခတေန သမ္မယုတ္တံ ဝိပ္ပယုတ္တံ-ဟူသော ဥဒ္ဒေသအားလျော်စွာ " ရူပက္ခန္ဓေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ခတာ အာယတနသင်္ဂဟေန အသင်္ခတာ ဓာတုသင်္ဂဟေန အသင်္ခတာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိဓာတူဟိ သမ္မယုတ္တာ" စသည်ဖြင့် ပုစ္ဆာထုတ်၍ ဆဋ္ဌနယသဘောသွားအတိုင်း သမ္မယုတ် ဝိပ္ပယုတ် ဝိဿဇ္ဇနာ ပြုလုပ်ပါ၊ လွယ်ပါပြီ။ [ရူ-၏အရမှာ ဥဒ္ဒါနဂါထာအတိုင်းပင်၊ ရူ-အ နှစ်ပါးလုံး၏အရကို ပဋ္ဌမနယကလည်း ပြခဲ့ပါပြီ။]

စုဒ္ဒသမနယနိဒ္ဒေသ

ဥဒ္ဒါနဂါထာမှာ အဋ္ဌမနယက ပြဆိုခဲ့ပြီးသည့်အတိုင်းပင် ဖြစ်သည်။

ဝိပ္ပယုတ္တေန သင်္ခတံ အသင်္ခတံ

အကျဉ်းဆောင်	အဇ္ဈတ္တ ရမာတိကာ							ဗာဟိယမာတိကာ					ဒသုတ္တရ
	ခန္ဓ	အာယတန	ဓာတု	ဣန္ဒြိယ	ဈာန	သမ္မာ	ဥ	တိက	ဓာတုတိက	ဓာတုဒုက	ဓာတုတိက	ဆက်	
ရူ	၁	၁၀	၁၀	၁	၇	၄		၁၆	၁၈	၆	၅	၃	၈၁
ဧ၀	၄	၁			၁	၃	၆				၈		၂၃
စ			၇				၁	၁				၂	၁၁
ဒု				၁				၉	၄၀	၁		၁၂	၆၃
သ				၂	၁၂	၁၂	၉	၃၀	၅၄			၁၂	၁၃၁
ဥ					၁			၃				၁	၅
ဥ						၃		၂			၁		၆
ကာ						၁							၁
ပ								၃					၃
လေးငါး	၅	၁၁	၁၇	၄	၂၁	၂၃	၁၆	၆၄	၁၁၂	၇	၁၄	၃၀	၃၂၄

http://www.dhammadownload.com

" နောက်လာစုဒ္ဒ, အဋ္ဌမနှင့်, တူမျှဟောပုဒ် "

ဟောပုဒ် ဤစုဒ္ဒသမနယဋ္ဌီလည်း အဋ္ဌမနယမှာကဲ့သို့ ဧကန်ဝိပွယုတ်ရကောင်းသော ပုဒ်မျိုး, ဧာတိဝိပွယုတ် အစရှိသော အနေကန်ဝိပွယုတ်ရကောင်းသော ပုဒ်မျိုးတို့ကိုသာ ဟောပုဒ်ထုတ်ရသည်။

ဝိပွယုတ်မရကောင်းသော ဓမ္မာယတန ဓမ္မဓာတ် အစရှိသောပုဒ်မျိုး, ဝိပွယုတ် လေးပါးတို့တွင် မည်သည့်ဝိပွယုတ်ကိုမျှ မရရှိသင့်သော အဏ္ဏတ္တဇဟိဒ္ဓါ ဓမ္မာ အစရှိသော ပုဒ်မျိုးတို့ကိုမူကား ဟောပုဒ်မထုတ်ရချေ။

ယေသံ ပဒါနံ ဝိပွယောဂေါ န ရုဟတိ၊ တာနိ ဣမသ္မိံ ဝါရေ န ဂဟိတာနိ။ ဌ။

" ယေဝိပ်ရုပ်သည် . . . . ဖြေထုတ်'ပ'နည်း သဘောတည်း။ "

ယေစွဲ ယေစွဲကိုလည်း အဋ္ဌမနယဋ္ဌ ပြဆိုခဲ့သည့်အတိုင်း ဟောပုဒ်နှင့် ဝိပွယုတ် ဖြစ်စကောင်းသော တရားတို့ကို စွဲရမည်၊ ဤနယကား ဟောပုဒ်နှင့်တကွ ယေစွဲပါ အဋ္ဌမနယနှင့် လုံးဝတူ၏။

ဝိပွယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ

အကျဉ်းထောင်	ယေ ဓမ္မာ	သင်္ဂဟိတာ			အသင်္ဂဟိတာ		
		ဓမ္မတ္တိ	အာယတ-	ခန္ဓတ္တိ	ဓမ္မတ္တိ	အာယတ-	ခန္ဓတ္တိ
ရူ	နာမက္ခန္ဓာ-၄	၄	၂	၈	၁	၁၀	၁၀
ဃ	ရုပ်၊ နိ	၁	၁၁	၁၁	၄	၁	၇
စ	ဆဝိ'-ပွာဒ်၊ ရုပ်၊နိ	၅	၁၂	၁၇			၁
ဒ	လောကုတ်-ပွာဒ်	၄	၂	၂	၁	၁၀	၁၆
သ	ဒေါ,မော,ကု,ဝိ,ကြို-ပွာဒ်၊ ရုပ်၊ နိ	၅	၁၂	၁၈			
ဥ	သု,ဒု,သော,ဒေါ-ပွာဒ်၊ ရုပ်၊ နိ	၅	၁၂	၁၃			၅
ဥ	ကု, အကု, ဖိုလ်, ကြို-ပွာဒ်	၄	၂	၃	၁	၁၀	၁၅
ကာ	စိ,စေ-ရူပ အရူပဘဝ ကု, အကု, ဖိုလ်, ကြို-ပွာဒ်	၄	၂	၅	၁	၁၀	၁၃
ပ	မဟဂ္ဂတ-အပ္ပမာဏ- ပညတ္တာရမ္မဏ၊ ရုပ်၊ နိ	၅	၁၂	၁၂			၆

http://www.dhammadownload.com

ပုစ္ဆာ ဝိဿဇ္ဇနာ ယေဝိပ်ယုတ်သည်-ဟူသော ဥပဒေသ, ဝိပွယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ-ဟူသော ဥဒ္ဒေသတို့အားလျော်စွာ " ရူပက္ခန္ဓေန ယေ ဓမ္မာ ဝိပွယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ"စသည်ဖြင့် ပုစ္ဆာပါဠိထုတ်လျက် ယေ-အရတရားတို့ကို ပထမနယအတိုင်း သင်္ဂဟိတ-ခန္ဓာ အာယတန ဓာတ်၊ အသင်္ဂဟိတ-ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ဝေဖန်၍ ဖြစ်သင့်သည်အားလျော်စွာ အဖြေဝိဿဇ္ဇနာပါဠိ ဆက်ထုတ်ရမည်၊ အနက်ယောဇနာရာဒ္ဓလည်း ဝေဖန်ထားသည့်အတိုင်းပင် သရုပ်ဖော် ယောဇနာရမည်၊ ဤနယကား အဋ္ဌမနယနှင့် ပထမနယကို ပေါင်းစပ်ထားရုံမျှသာ ဖြစ်သည်၊ အထူးမရှိ၊ လွယ်လှ၏။

" နယများကို စိစစ်ချက် "

ယေ ဓမ္မာ ပထမနယ ဆဋ္ဌနယတို့၌ "ယေ"တစ်ပါးမျှ မပါရှိပေ။

စတုတ္ထ, ပဉ္စမ, သတ္တမ, နဝမ, ဒသမနယများ၌ "ယေ"နှစ်ပါး ပါရှိ၏၊ သို့ဖြစ်၍ ထိုငါးနယမှာ ကတ္တားပြန်၍ ဟောရသည်။

"ဒုတိယ, တတိယ, အဋ္ဌမ, ဧကာဒသမ, ဒွါဒသမ, တေရသမ, စုဒ္ဒသမ နယ"ဟူသော ကြွင်းခုနစ်ပါးတို့၌ "ယေ"တစ်ခုသာ ပါရှိသည်။

ဆောင်။ ။ပနှင့်ဆဋ္ဌ ကင်းလွတ်ပါတဲ့ ယေ ဓမ္မာ၊
စနှင့်ပဉ် သတ် နော ဒသ်ငယ်, မှတ်ကြနှစ်ဖြာ။
ငါးနယာ, ပြန်ပါတော့ ကတ္တား၊
ယေ ဓမ္မာ တစ်သာသွင်းတယ်, ကြွင်းခုနစ်ပါး။

" ကေဟိစိ-ထုတ်ရသော နယများနှင့် ဥဒ္ဒါန်းစဉ်ဂါထာတူ နယများ "

ဆဋ္ဌနယ, သတ္တမနယ, နဝမနယ, ဒသမနယ, ဧကာဒသမနယ, တေရသမ နယများ၌ ကေဟိစိ-ထုတ်ရသည်။

စုတုတ္ထနယနှင့် ဧကာဒသမနယ၊
ဆဋ္ဌနယနှင့် ဒသမနယ၊
နဝမနယနှင့် ဒွါဒသမနယ၊
အဋ္ဌမနယနှင့် စုဒ္ဒသမနယတို့သည် ဥဒ္ဒါန်းစဉ်ဂါထာတူသော နယများ ဖြစ်ကြသည်။

ဆောင်။ ။ဆ သတ္တ, နဝရယ်တဲ့ ဒသမာ၊
ဧကာ တေ, ခြောက်အရှိမှာ, ကေဟိထုတ်ပါ။
စ=ဧကာ, ဆဋ္ဌာနှင့်=ဒသသ်၊
နဝ=ဒွါ, အဋ္ဌ-စုဒ္ဒါ ဥဒ္ဒါနငယ်, တူမျှမချွတ်။

ဓာတုကထာနိဒ္ဒေသ ပြီးပါပြီ။

http://www.dhammadownload.com

ဓာတုကထာ
လေ့ကျင့်ခန်းမေးခွန်း

ဓာတုကထာ ဥဒ္ဒေသ

၁။ အဘယ့်ကြောင့် ဓာတုကထာ–ဟု ခေါ်ပါသနည်း ?။

၂။ ဓမ္မသင်္ဂဏီ–စသောကျမ်းတို့၌ မိမိသဘောကို ဆောင်တတ်သည့် ခန္ဓာ–အစ အရဏ–အဆုံးရှိသော တရားတို့ကို ဟောကြားပါလျက် အဘယ့်ကြောင့် ဤကျမ်းကိုသာ "ဓာတုကထာ"ဟု ခေါ်ရပါသနည်း ?။

၃။ ခန္ဓာ အာယတန–တို့ဖြင့်လည်း ဟောကြားပါလျက် ဤကျမ်းကို " ခန္ဓကထာ, အာယတနကထာ"ဟု မခေါ်ဘဲ အဘယ်နည်း အဘယ်ပုံ "ဓာတုကထာ" ဟုသာ ခေါ်ရပါသနည်း ?။

၄။ ပရမတ္ထသဘောအားဖြင့် ဟောရာဖြစ်သောကြောင့် အဘိဓမ္မာခုကျမ်းလုံးကိုပင် "ဓာတုကထာ"ဟု ခေါ်သင့်ပါလျက် အဘယ်နည်းအားဖြင့် ဤကျမ်းကိုသာ "ဓာတုကထာ"ဟု ခေါ်ရပါသနည်း ?။

၅။ ဥဒ္ဒေသ, နိဒ္ဒေသတို့၏ သဘောအဓိပ္ပာယ်ကို ပြပါ ?။

၆။ နယဓာတိကာ–စသော ဓာတိကာငါးပါး သဘောသွားကို သီးခြားကန့်သတ်ပြပါ ?။

၇။ သင်္ဂဟာ အသင်္ဂဟာ၌ သင်္ဂဟအပြားနှင့် အလိုရှိအပ်သော သင်္ဂဟကိုလည်း ပြပါ ?။

၈။ နယဓာတိကာ၌လာသော နာဝိဘတ်များ၏ အနက်ကို ထိုထိုနယအားလျော်စွာ ပြပါ ?။

၉။ သင်္ဂဟိတေန အသင်္ဂဟိတံ၌ "အသင်္ဂဟိတံ"ဟူသော ပုဒ်ကို နှစ်ချက်ထပ်ကာ ယောဇနာရပုံကို စေ့စုံအောင် ပြပါ ?။

၁၀။ ဒု, တ, စ, ပဉ္စမနယတို့၌ သက်ဆိုင်ရာ ဓာတိကာပဒတို့ဖြင့် ပြအပ်သော အနက် အဓိပ္ပာယ်တို့ကို ဖြေဆိုခဲ့ပါ ?။

၁၁။ စုဒ္ဒသဟိ ပဒေဟိ–စသည်၌ ပဒဘေဒကို ပြ၍ အလိုရှိအပ် ယူအပ် ယူသင့်သော ပဒကိုလည်း ပြပါ ?။

၁၂။ သစ္စာပါ ကရိဏ်းထား၍ "စတူဟိ သင်္ဂဟော"စသည်ဖြင့် ဟောသင့်ပါလျက် အဘယ့်ကြောင့် "တီဟိ သင်္ဂဟော"စသည်ဖြင့် ဟောတော်မူရပါသနည်း ?။

၁၃။ နာမက္ခန္ဓာလေးပါး, ရုပ်, နိဗ္ဗာန်အားဖြင့် ဝိပ္ပယောဂတရား ခြောက်ပါးရှိပါလျက် အဘယ့်ကြောင့် "စတူဟိ ဝိပ္ပယောဂေါ"ဟူ၍သာ ဟောတော်မူရပါသနည်း ?။

၁၄။ "သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာ"ဟု ဓာတုကထာကျမ်း၌ မာတိကာ အနေဖြင့် ဟောကြားထားပါလျက် တိက်, ဒုတ်တို့ကို "အဇ္ဈတ္တိကရမာတိကာ" မခေါ်ဘဲ အဘယ့်ကြောင့် "ဗာဟိယမာတိကာ"ဟု ခေါ်ရပါသနည်း ?။

၁၅။ မာတိကာငါးပါး၏ သဘောသွားကို ပြပါ ?။

၁၆။ "စိတ် ၇၂–ခု၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏"ဟု အဘယ့်ကြောင့် ဆိုရပါသနည်း ?။

http://www.dhammadownload.com

၁၇။ သောက–စသည်တို့သည် ပဋိစ္စသမုပ္ပာဒ်၏ အင်္ဂါထဲ၌ အဘယ့်ကြောင့် အသီးအခြား မပါဝင်ကြပါသနည်း ?။

၁၈။ ရူပဗြဟ္မာများမှာ ဃာန, ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝတို့ကို အဘယ့်ကြောင့် မရပါသနည်း ?။

၁၉။ ရူပဗြဟ္မာတို့၏သန္တာန်၌ဖြစ်သော ဂန္ဓ, ရသ–စသည်တို့ကို ဂန္ဓာယတန–စသည် ဖွဲ့သင့် မဖွဲ့သင့် ဆုံးဖြတ်၍ အကယ်၍ မဖွဲ့သင့်ပါက အဘယ်အာယတနထဲ၌ ထည့်သွင်းရမည်နည်း၊ အကြောင်းနှင့်တကွ ပြပါ ?။

၂၀။ အသညသတ်ဘုံ၌ဖြစ်သော ဝဏ္ဏကို အဘယ်အာယတန, အဘယ်ဓာတ် ဖွဲ့သင့်ပါသနည်း၊ အကြောင်းထည့်သွင်း ရှင်းလင်းပြပါ ?။

၂၁။ နာမ်တို့၏ဇာတိ–စသည်ကို နာမကွန္ဓာလေးပါး ဖွဲ့သင့်ပါလျက် အဘယ့်ကြောင့် သခ်ါရကွန္ဓာမျှသာ ဖွဲ့ရပါသနည်း ?။

၂၃။ ရုပ်၏ဇာတိ–စသည်, နာမ်၏ဇာတိ–စသည်တို့ကို ဓမ္မာယတန, ဓမ္မဓာတ်မျှသာ ဖွဲ့ရခြင်း၏အကြောင်းကို ပြပါ ?။

ဓာတုကထာ နိဒ္ဒေသ

၁။ ဓာတုကထာ နိဒ္ဒေသ ၁၄–နယတို့၌ ဟောပုဒ်သခ်ါများကို အသီးအသီးပြပါ ?။

၂။ "သမူဟာ ပန ကောသလာ"ဟူသော ပါဠိဖြင့် ပြအပ်သော အဓိပ္ပာယ်ကို ရေးသားဖြေဆိုပါ ?။

၃။ "ပဥ္စဝိသာဓိကေန ပဒသတေန"ဟူသော အဋ္ဌကထာနည်း "ကောသလာ"အရပါဠိတော်နည်းတို့၏ ထူးခြားချက်ကို ပြပါ ?။

ပထမမှပဋ္ဌမနယထိ

၁။ ဧကမူလာဒိ၌ ရှေ့ရှေ့ပုဒ်တို့ကို မူလိသွတ်၍ မဟောခြင်း၊ ရသင့်သည့်အတိုင်း မူလုပ်၍ မဟောခြင်း၏အကြောင်းကို ပြပါ ?။

၂။ "ခန္ဓသင်္ဂဟေန, အာယတနသင်္ဂဟေန, ဓာတုသင်္ဂဟေန"ဟု သာမညအားဖြင့်သာ ဟောတော်မူထားပါလျက် အဘယ့်ကြောင့် ခန္ဓာ–စသည်တို့၏ သရုပ်ကိုဖော်၍ ဝိသေသအားဖြင့် အနက်ယောဇနာရပါသနည်း ?။

၃။ ပထမနယနိဒ္ဒေသ၌ "ရူပက္ခန္ဓာ"ဟူသော ကဲ့နှင့် "ခန္ဓေဟိ"စသောကရိဏ်းသုံးခုတို့၏အရကို ပြပါ ?။

၄။ ဒုတိယနယနိဒ္ဒေသ၌ အဘယ်ပုဒ်မျိုးကို ဟောပါသနည်း ?။

၅။ ဒုတိယနယ၌ ရုပ်ယေစွဲ, စိတ်ယေစွဲတို့၏ စည်းကမ်းများကို ပိုင်းခြားသတ်မှတ်ပြပါ ?။

၆။ စ, ဖော, စ, ဣ–စသော အက္ခဉ်းဆောင်ပုဒ်တို့၏ အရကို အသီးအသီး ကောက်ပြပါ ?။

၇။ တတိယနယ၌ အဘယ်ပုဒ်မျိုးကို ဟောပါသနည်း ?။

၈။ တတိယနယ၌ ယေစွဲရုပ်, အဖြေဝိဿဇ္ဇနာထုတ်ရုပ် စည်းကမ်းများကို သိသာရုံမျှ ပြပါ ?။

http://www.dhammadownload.com

၉။ စတုတ္ထနယ၌ အဘယ်ပုဒ်မျိုးကို ဟောပါသနည်း၊ အရေအတွက်နှင့်တကွ ပြပါ ?။
၁၀။ စတုတ္ထနယ၌ ယေစွဲရမည့်စည်းကမ်းများကို သတ်မှတ်ပြပါ ?။
၁၁။ ပဋ္ဌမနယ၌ အဘယ်ပုဒ်မျိုးကို ဟောပါသနည်း ?။
၁၂။ ပဋ္ဌမနယ၌ ယေစွဲ တေစွဲစည်းမျဉ်းများကို ပြပါ ?။
၁၃။ ပဋ္ဌမနယ၌ အဖြေဝိဿဇ္ဇနာပါဠိထုတ်ရပုံ စည်းကမ်းများကို ပြပါ ?။

ဆဋ္ဌနယ

၁။ ဆဋ္ဌနယ၌ ဟောသင့်သောပုဒ်မျိုးကို ပြပါ ?။
၂။ ဧကန်ဝိပွယုတ်ဖြစ်ကောင်းသော တရားများကို ယှဉ်တွဲစပ်ဟပ်ပြပါ ?။
၃။ အနေကန်ဝိပွယုတ်များကို ပြ၍ ဤဝိပွယုတ်မျိုးသည် အဘယ်နှင့်သာ သက်ဆိုင်ကြောင်းကိုလည်း ပြပါ ?။
၄။ သမ္မယုတ်ဖြစ်သော တရားများကို ထင်ရှားအောင်ပြပါ ?။
၅။ သမ္မယုတ်, ဝိပွယုတ် နှစ်မျိုးလုံး မဟုတ်သောတရားမျိုး ရှိပါက ထင်ရှားသိသာအောင် ပြပါ ?။
၆။ နာမ်ခန္ဓာ အပြည့်အဝ ရ၍ မနောဝိညာဏဓာတ် တစ်ပါးသာ ရသော တိက်ပုဒ်, ဂေါစ္ဆကပဒ, ပိဋ္ဌဒုက်များကို ရေတွက်ပြပါ ?။
၇။ သမ္မယုတ်ဘက်ကေဟိစိ, ဝိပွယုတ်ဘက်ကေဟိစိတို့၏ သဘောသွားကို ပိုင်းခြားသတ်မှတ်ပြပါ ?။
၈။ ဆဋ္ဌနယ၌ ဝိဿဇ္ဇနာပါဠိထုတ်ရပုံ စည်းကမ်းကို ညွှန်ပြပါ ?။
၉။ ဆဋ္ဌနယဝယ် သမ္မယုတ်ဘက်၌ "နတ္ထိ"ဟု ဝိဿဇ္ဇနာ ထုတ်ရသကဲ့သို့ ဝိပွယုတ်ဘက်၌ ထုတ်သင့်မထုတ်သင့် အကြောင်းပြဆုံးဖြတ်ပါ ?။

သတ္တမမူနဝမနယထိ

၁။ သတ္တမနယ၌ ဟောသင့်သောပုဒ်မျိုးကို အရေအတွက် သခ်ၤာနှင့်တကွ ပြပါ ?။
၂။ အဝိတက္က ဝိစာရမတ္တာကို သတ္တမနယ၌ ဟောသင့် မဟောသင့် စိစစ်ပြပါ ?။
၃။ သတ္တမနယအတွက် ယေစွဲ, တေစွဲစည်းမျဉ်းများကို သတ်မှတ်ပြပါ ?။
၄။ သတ္တမနယ၌ တေဟိ ဓမ္မေဟိ–အရကို ဟောပုဒ်စွက်၍ စွဲရခြင်းသည် ယေ ဓမ္မာ–အရနှင့် နိယမ, အနိယမ ဆန့်ကျင်–မဆန့်ကျင် ကောက်ချက်ချ၍ ဆုံးဖြတ်ပါ ?။
၅။ သတ္တမနယ၌ အဘယ်အကျိုးငှာ တေဟိ ဓမ္မေဟိ–ဝယ် ဟောပုဒ်ကို ထည့်သွင်း၍ စွဲရပါသနည်း ?။
၆။ အဋ္ဌမနယ၌ မည်သည့်ပုဒ်မျိုးကို ဟောပါသနည်း ?။
၇။ အဋ္ဌမနယ၌ ယေစွဲ တေစွဲစည်းမျဉ်းများကို သတ်မှတ်ပြပါ ?။
၈။ ဟောပုဒ်ထုတ်ရာ၌ ဆဋ္ဌနယနှင့် အဋ္ဌမနယတို့၏ ထူးခြားချက်ကို ပြပါ ?။
၉။ သန္တာနဝိပွယုတ်–စသည်တို့သည် အဘယ်မှာသာ ဖြစ်ရကြောင်းကိုပြ၍ ထိုဝိပွယုတ်မျိုး၏ အဖြေဝိဿဇ္ဇနာထုတ်ရာဌာန, ယေစွဲရာဌာနတို့၌ ထူးခြားချက်ကိုလည်း ပြပါ ?။

http://www.dhammadownload.com

၁၀။ နဝမနယ၌ အဘယ်ပုဒ်မျိုးကို ဟောပုဒ် ထုတ်ရမည်နည်း ?။
၁၁။ နဝမနယ၌ ယေစွဲ, တေစွဲ-စည်းကမ်းများနှင့် ပုစ္ဆာဝိဿဇ္ဇနာထုတ်ရပုံ-စည်းကမ်းကို ပြပါ ?။
၁၂။ တရားကိုယ်ကြည်ကောက်ရသော နာမကဒန္ဓာရသည့် ဂေါစ္ဆကပုဒ်များကို ပြပါ ?။

ဒသမမှစုဒ္ဒသမနယထိ

၁။ ဒသမနယ၌ အဘယ်ပုဒ်မျိုးကို ဟောပါသနည်း ?။
၂။ ဒသမနယ၌ ယေစွဲ, တေစွဲ-စည်းမျဉ်းနှင့် ပုစ္ဆာဝိဿဇ္ဇနာထုတ်ရပုံ-စည်းမျဉ်းတို့ကို ပြပါ ?။
၃။ ဒသမနယ "စ"ဟူသော အကျဉ်းဆောင်ပုဒ်၌ ဒုတိယ ယေ-အရ စကွဲဝိညာဏစိတ္တုပ္ပာဒ်နှင့် ဝိပွယုတ်ဖြစ်သော တရားများမှာ ဆဝိညာဏစိတ္တုပ္ပာဒ် ရုပ် နိဗ္ဗာန် ဖြစ်ပါလျက် အဘယ့်ကြောင့် "ဧကေန ခန္ဓေန ဒသဟာယတနေဟိ"စသည်ဖြင့် အဖြေဝိဿဇ္ဇနာထုတ်ရပါသနည်း ?။
၄။ နာမ်ခန္ဓာလေးပါးရ၍ မနောဝိညာဏဓာတ်တစ်ပါးသာ ပါရှိသော တိက်ပုဒ်များကို ရေတွက်ပြပါ ?။
၅။ ဒသမနယ "ဥ"ဟူသော အကျဉ်းဆောင်ပုဒ်၌ ဓာတ် ၁၁-ပါးသာ အဖြေဝိဿဇ္ဇနာ ထွက်ရပုံကို ရှင်းပြပါ ?။
၆။ လောကုတ္တရာစိတ္တုပ္ပာဒ်နှင့် နိဗ္ဗာန်ရသော ဂေါစ္ဆကပုဒ်များကို ရေတွက်ပြပါ ?။
၇။ ဧကာဒသမနယ၌ ဟောသောပုဒ်မျိုး, ယေစွဲရမည့်ဥပဒေသ, ပုစ္ဆာဝိဿဇ္ဇနာထုတ် ရပုံတို့ကို စေ့စုံအောင်ပြပါ ?။
၈။ ဒွါဒသမနယ၌ ဟောသောပုဒ်မျိုး, ယေစွဲရပုံဥပဒေသ, ပုစ္ဆာဝိဿဇ္ဇနာထုတ်ရပုံ စည်းမျဉ်းတို့ကို ပြပါ ?။
၉။ တေရသမနယ၌ ဟောသင့်သောပုဒ်မျိုးကို ပြပါ ?။
၁၀။ တေရသမနယ၌ ယေစွဲရပုံ-စည်းကမ်းကို သတ်မှတ်၍ ပြပါ ?။
၁၁။ စုဒ္ဒသမနယ၌ ဟောသင့်သော ပုဒ်မျိုးတို့ကို ပြပါ ?။
၁၂။ စုဒ္ဒသမနယ၌ ယေစွဲရပုံ, ပုစ္ဆာဝိဿဇ္ဇနာထုတ်ရပုံ စည်းမျဉ်းများကို ပြပါ ?။
၁၃။ မာတုကထာနိဒ္ဒေသ ၁၄-နယတို့တွင် ယေမပါသောနယ, ယေတစ်ခုသာပါသောနယ, ယေနှစ်ခုပါသောနယတို့ကို ပြပါ ?။
၁၄။ ကေဟိစိထုတ်ရသောနယနှင့် ဥဒ္ဒါန်းစဉ်ဂါထာတူသော နယတို့ကို ပြပါ ?။

မာတုကထာ ပြီးပါပြီ။

မာတိကာမာတုကထာပန်းကုံး
ပြီးပါပြီ။